www.burmeseclassic.com

အမှတ်၊ ၃၂၂၂-စက်တင်ဘာ၊ ၂၀၁၆

ဘုရားတရား

ရှမ်စုံမဂ္ဂဇင်း

BURMESE CLASSIC

တေးသံရှင် နန်းသူဇာ

ကာတ်ပုံ - ကိုလင်း(Studio-M)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လှိုင်စုံမွှေးငင်း

အမှတ်(၃၂၂)စက်တင်ဘာ၊ ၂၀၁၆

ဝင်းငြိမ်း ဒီဇင်္ဂဗာဥယျာဉ်သည်

ရွှေမင်းသား၊ ရွှေမင်းသမီး

ခင်ဇေးမြင့် ၄။

ကြယ်ပိုးရေစက်များ ကြားက

နှုန်းသူဇာ

မန်းသူ ၉၀။

မွေးနေ့ရောက်တိုင်း

စတ်ကရင်း လှူဒါန်းသည့်

စွမ်းဇာနည်

One Minute Interview

မန်းသူ ၁၂။

သားစိုး၊ ညီမင်းလွင်

ထွန်းထွန်း(Examplez)

ရွှေဂိတာ

မန်းသူ ၂၄။

ပရိသတ်

ပေးထားတဲ့နေရာကို

ကြီးမားကျယ်ပြန့်အောင်

တည်ဆောက်မယ်

လင်းနိုင်ဦး ၅၆။

အိပ်မက်ရင်း စောင့်ကို

အမေရိကားမှာ ရိုက်ခဲ့တဲ့

R ဇာနည်

ပူးငုံပွင့်သစ်

မန်းသူ ၃၀။

အသက်ရှိသလောက်

လုပ်သွားချင်တယ်

မန်းသူ ၃၄။

ဂီတနဲ့အသက်မွေးခွင့်

ရချင်တယ်

ရွှေရုပ်ရှင်

၁၀။ မိုးကျော်ထွန်း

မအေးပွင့်

မြင့်မြင့်စန်း

လမ်းသုံးဆယ်နဲ့

အေးမြတ်သူ

၃၀။ မိုးကျော်ထွန်း

ထာဝရအမေ

၆၀။ လင်းနိုင်ဦး

ဖက်ရှင် အက်ရှင်နဲ့

ကြည့်ရမယ့်

Reflection

၇၆။ လင်းနိုင်ဦး

မရဏကူးတို့သမား

သို့မဟုတ် Anubis

နိုင်ငံတကာစာမျက်နှာ

၄၄။ ရာပြည့်

မှောင်မိုက်တဲ့အတိတ်

ရွှေရောင်တောက်ပတဲ့

ပစ္စုပ္ပန်နဲ့

ရက်ပ်အဆိုတော် Future

၆၆။ ဇာနည်ညီမိုး

နိုင်ငံတကာ

အနုပညာစာမျက်နှာ

ရွှေအမှတ်တရ

၈၂။ မောင်မောင်သိန်းလှိုင်

ချစ်ဖို့အတွက်

မွေးဖွားလာတဲ့သူ

The Man Born To Love

www.burmeseclassic.com

www.burmeseclassic.com

ရွှေဝတ္ထုရှည်စဉ်/ဆုံး

မိမိ။ ၂၄၆။
အရိပ်...ဝေး

ရွှေဝတ္ထု

မိချမိုးဆဝ ၁၁၂။
မမျော်ရွှင်ခြင်းသစ်သီး

အောင်ဖြိုးကျော်၊ပဒုံးပေး ၁၂၂။
မပြိုး ကိုပြိုး သူ့အပြိုး

နန်းကေရီရှင် ၁၃၀။
ပြတ်တောက်သွားသော
လက်ကလေး

မင်းတွန်းမောင်မိမိလွင် ၁၃၈။
ပိုး

မေ၊လားရိုး ၁၄၄။
ပျောက်ဆုံးသွားသော...

ဆေ၊ဆောင်ဘန်းပြာ ၁၅၀။
သစ္စာမြေမှ အပြန်

အေးထူးအောင်၊အဏ္ဏဝါ ၁၇၀။
ပြောင်းခဲ့သော ဆောင်း

ရဲရင့်လုံ၊ဆေး-မန်း ၁၇၆။
ရေမျောထင်း

အယ်ကော် ၁၈၂။
ကရုဏာလေအပင့်
ကြွေလွင့်တဲ့ တိမ်

လူခါး ၁၉၀။
ဖိနပ်များ

လွန်းမောင်မောင် ၁၉၄။
ကိုတတ်ပ

မောင်သူတာ၊ဖြန်မာ ၂၀၂။
အတ္တသွေးခါး

မမြတ်မိုးမွန် ၂၀၈။
အိမ်

ဇွန်လ ၂၁၄။
သစ္စာရှင်းလင်းပွဲ

ရွှေနဲလုံးသား

မိုးခကျော်သွင်
နောက်ဆုံးမျက်ရည်

ရွှေဝတ္ထုများကို
ပြန်လည်တည်းဖေဒိုခြင်း

၁၀၄။ မန်းမော်ဖင်အောင်
ရန်ကုန်ကွက်သစ်

အက်ဆေးအခကြောင်း

အက်ဆေး

၁၅၈။ မောင်ရင်မာ၊ကျောင်းကုန်း
သစ်ညှိပင်နှင့်ခံတက်ဝင်

ရသစာတမ်း

၁၆၄။ ကြူးဝိလျမိုး
ဒဏ္ဍာရီထဲက ဒဏ်ရာ

ရွှေသူတော

၁၈၀။ မောင်သန်းဆွေ၊ကားဝယ်
ဟံသာဝတီဆင်ဖြူရှင်
ဘုရင့်နောင်အပေါ်
ထိုင်းလူမျိုးတို့၏
ထူးထူးခြားခြား
သတောထားနှင့်အခြင်

၁၃၄။ မင်းသစ်
ကျွန်တော်တို့ဘက်ကရော
တာဝန်ကျေရဲ့လား

ရွှေအသစ်

——— ၂၂၆။
——— ၂၃၂။
——— ၂၃၈။

အယ်ဒီတာအဖွဲ့ - တိုက် (၁၇)၊
အခန်း (၄-ဂ၁)၊ ၅၂ လမ်း၊
(အောက်ဘာလောက်) ဝိုလ်တထောင်ပြို့နယ်၊
ရန်ကုန်မြို့၊ ဝုန်း-၀၁-၉၀၁၅၁၁
Email :
nyeinfamily@gmail.com

မျက်နှာဖုံး မွေးလတ်ဆောင်နှင့်
အတွင်းပုံနှိပ်သူ - ဦးဘုန်းလိုင်(ထရုဝ)၊
ဝမ္မစာရပုံနှိပ်တိုက်
အမှတ် ၁၁၁၊ ဆူးတောင်ကြား ၅ လမ်း
မြဲ ရပ်ကွက်၊ စက်မှုန် တောင်ဒဂုံ၊ ရန်ကုန်မြို့၊
ဖြန့်ဝေသူ - ဦးဘုန်းလိုင်(ဝ၁၀၉၁)၊
အမှတ် ၁၃၃၊ လမ်း ၄၈၊ ကုန်သည်လမ်းနှင့်
ပဟာဝန်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖြန့်ဝေရေး - ဝမ္မစာရပုံနှိပ်တိုက်
အမှတ် ၁၃၃၊ လမ်း ၄၈၊ ကုန်သည်လမ်းနှင့်
ပဟာဝန်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဝုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail :
zabutalu@gmail.com
Available at : iTune Store



www.burmeseclassic.com

www.burmeseclassic.com

အချိန်မီးရောက်မှုံး ကြားက မိန်းကလေး

ခင်လေးမြင့်

ဓာတ်ပုံ - ကိုလင်း(Studio-K)

ဇူလိုင်လ ၁၉ ရက်မှာ မြန်မာနိုင်ငံရဲ့ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် မိုးအရမ်း မသည်းတောင် မိုးဖွဲဖွဲလေးကတော့ ရွာတတ်စမြဲပါပဲ။ အဲဒီလိုပဲ ဝါဆိုလပြည့်နေ့မှာလည်း မိုး ကတော့ အနည်းနဲ့အများ ရွာတတ်ပါသေးတယ်။ အဲဒီလို မိုးရွာတတ်တယ်ဆိုတဲ့ နေ့တွေ တိုက်ဆိုင်စွာ ဆုံတဲ့နေ့မှာပဲ ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးကို

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ဖြစ်ခဲ့တယ် ဆိုရင် မိုးရွာထဲမှာ ရိုက်တာလားလို့ မေးမိကြမယ် ထင်တယ်။ ဟုတ်တာပေါ့။ မနက် မိုးလင်းကတည်းက ရွာလိုက်တိတ်လိုက်ဖြစ်တဲ့နေ့မှာပဲ ရွေးအမြဲတေမဂ္ဂဇင်း မျက်နှာဖုံး ဓာတ်ပုံကို ရိုက်ဖြစ်ခဲ့ကြတာပါ။ မိုးတွေရွာပေမဲ့ နန်းသူဇာလည်း အားတဲ့အချိန်၊ အဆင်ပြေတဲ့အချိန်မှာပဲ မျော်စင်ကျွန်းထဲက The Public မှာ ရိုက်ဖြစ်ခဲ့ကြပါတယ်။

နန်းသူဇာအတွက် မိတ်ကပ်နဲ့ ဆံပင်တို့ကို ဝတ်တဲ့ဝတ်စုံတွေနဲ့ လိုက်ဖက်လုပစွာ ပြင်ဆင်ပေးဖို့ Hello မှ မခိုင်နဲ့ မချိုတို့ကလည်း ဓာတ်ပုံရိုက်တဲ့ နေရာထိ လိုက်လာပြီး ပြင်ဆင်ပေးခဲ့ကြတာပါ။ မျော်စင်ကျွန်းထဲမှာ အလုပ်ဝိတ်ရုက် လူအရမ်းများမှာစိုးတဲ့အတွက် မိုးတွေရွာနေပေမဲ့လည်း ဓာတ်ပုံများ ရိုက်ဖြစ်ခဲ့ကြပါတော့တယ်။

နန်းသူဇာက လတ်တလောမှာ Let's Go အဖွဲ့အတွက် ဥရောပ ၆ နိုင်ငံ ခရီးစဉ်ကနေ ပြန်လာထားသူတစ်ယောက်လည်း ဖြစ်ပါတယ်။

ဥရောပ ၆ နိုင်ငံက ပြန်လာပြီး မြန်မာနိုင်ငံက ရာသီဥတု အခြေအနေနဲ့ ဥရောပက ရာသီဥတု အခြေအနေ၊ အချိန် အပြောင်းအလဲတွေနဲ့ နေသားကျဖို့ လုပ်လိုက်ရသေးလား။

နန်းသူဇာတို့ သွားတဲ့ အချိန်က သူတို့ဆီမှာ Spring ကို ရောက်နေပြီဆိုတော့ သူတို့အတွက်တော့ ပူနေပြီ။ ကိုယ်တွေအတွက်တော့ နည်းနည်း နေနိုင်ပြီ။ ရေခဲတောင်မှာတော့ အေးတယ်။ ဆွစ်ဇာလန်မှာ နည်းနည်းအေးတယ်။ ကျန်တဲ့ နေရာတွေမှာတော့ သိပ်မအေးတော့ အရမ်း အပြောင်းအလဲတော့ မရှိခဲ့ဘူး။ အင်္ကျီအပါးနဲ့လည်း ရှိးထုတ်လို့ရတယ်။ အင်္ကျီအထူနဲ့လည်း ရှိးထုတ်လို့ရခဲ့တာပေါ့။

သွားခဲ့တဲ့ ပြည်ပခရီးတွေတိုင်းမှာ ဒီခရီးက ပိုပြီး အမှတ်ရစရာ ဖြစ်မှာပေါ့။

ဟုတ်တယ်။ Let's Go တိုင်းက အမှတ်တရပေါင်းစုံ၊ ပြဿနာပေါင်းစုံနဲ့ဆိုတော့ အခုသွားတဲ့ Let's Go မှာပါတဲ့သူ အားလုံး ပဲရစ်မြို့ကို အသွားချင်ကြဆုံး ဖြစ်မယ်ထင်တယ်။

စည်းစည်းလုံးလုံးဖြစ်ဖို့ ဘယ်လိုတွေ လုပ်ခဲ့ကြရသေးလဲ။

စည်းလုံးရတယ်။ နန်းသူဇာတို့အတွက်က အချိန်ပဲ။ မနက်အစောကြီးထ၊ ရတယ်။ ရိုက်ကူးရေးပါတဲ့သူတွေဖြစ်တော့ မိန်းကလေးလည်းဖြစ်တဲ့အတွက် မိတ်ကပ်တွေ ဘာတွေ လိမ်းရတယ်။ အစောကြီးထပြီး သူတို့လိုချင်တဲ့ အချိန် အတိုင်းသွားရတယ်။ သူတို့ဆီမှာက Europe တစ်ခုလုံးကားကို ရှစ်နာရီပဲ သုံးခွင့်ရှိတယ်။ ကားနဲ့သွားတော့ အချိန်နောက်ကျသွားရင်၊ အချိန်ကျော်သွားရင် ဒဏ်ငွေတွေ အများကြီး ဆောင်ရတယ်။ အဲဒီမှာ အချိန်က အရမ်း အရေးပါသွားတယ်။ မနက် ၈ နာရီသွား၊ ည ၈ နာရီ ကားသိမ်း၊ ၂ နာရီကား မောင်းပြီးရင်လည်း မနားမဖြစ် နားရတယ်။ Tour ကား

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ ကင်မရာတွေလည်း တပ်ထားသလို Record တွေလည်း ရှိတယ်။ အဲဒီလို အတီအကျမလုပ်ရင် ဒဏ်ငွေတွေ ဆောင်ရတာဆိုတော့ အတူတူ စည်းစည်းလုံးလုံးနဲ့ အချိန်မီဖို့ လုပ်ခဲ့ရတယ်။ Let's Go တစ်ဖွဲ့လုံးက ၆ ယောက် စလုံးက လူငယ်တွေချည်းပဲ။ အိပ်ချိန်က မှန်တဲ့သူတွေချည်းပဲ မဟုတ်ကြတော့ ကြိုးစားပြီး ထ,ခဲ့ရတယ်။

ဒီမှာနေတဲ့အချိန် မသိသာပေမဲ့ ခရီးသွားတော့ အချိန်အတိအကျနဲ့ လုပ်ရတော့ အချိန်တန်ဖိုး ပိုသိသွားတာပေါ့။

ဟုတ်တယ်။ ဒီမှာတော့ ထ,ချင်တဲ့အချိန်ထ၊ သွားချင်တဲ့အချိန်သွားလေ။ အလုပ်နဲ့ ပတ်သက်ပြီး အချိန်တန်ဖိုး ပိုသိလာတယ်။ နန်းသူဇာတို့က အချိန်နဲ့ ရုံးသွားရတဲ့သူ မဟုတ်ပေမဲ့ အချိန်ကို ပိုသိလာတယ်။ အခုနောက်ပိုင်းမှာတော့ အလုပ်ချိန် လျော့လာတယ်။ ဖြစ်နိုင်သရွေ့ အလုပ်ကို စောစော လုပ်ဖြစ်အောင် လုပ်တယ်။ ဒီနေ့တောင် နောက်ကျတယ်။ (ပြောပြီး ရယ်နေပါတယ်)။ အာဇာနည်နေ့ ဖြစ်နေလို့ပါ။(ရယ်နေပါသေးတယ်)

လူငယ်တစ်ယောက်အနေနဲ့ အချိန်နဲ့ ပိုင်းခြားပြီး လုပ်ရတာ၊ စိတ်ကျဉ်းကျပ်မလား။ အိပ်ချိန်မမှန်တဲ့ လူငယ်တွေအနေနဲ့ လူကြီးတွေနဲ့ အဆင်ပြေပိုင်ဖို့ ဉာဏ်ရတာရော အခက်အခဲရှိမလား။

အချိန်နဲ့ ပတ်သက်တဲ့ Stress ကတော့ လူတိုင်းမှာ ရှိမှာပဲ။ သူ့အလုပ်နဲ့သူတော့ ရှိကြမှာပဲလေ။ အဲဒီ Stress ရှိလို့လည်း လူတစ်ယောက်က ရှေ့ကို သွားနေတယ်လို့ ထင်ပါတယ်။ ကောင်းလည်း ကောင်းတယ်၊ မကောင်းလည်း မကောင်းဘူး။ အခုနန်းသူဇာတို့ ခေတ်မှာဆို ညဘက်ဆို မအိပ်ကြဘူး။ မနက်ဆို မထ,ချင်ကြဘူး။ အသက်ကြီးလာတဲ့ အချိန်ကျရင် နောက်တက်လာတဲ့ ကလေးတွေက အစောကြီး ထချင်ထကြမှာ၊ ပြောလို့ မရဘူးပေါ့။ နန်းသူဇာတို့ အသက်ကြီးလာတဲ့ အချိန်ကျရင် နားလည်လာမယ် ထင်တယ်။ အခုကျတော့ လူကြီးတွေ ပြောလည်း ပြောပေါ့။ ခိုးပြီး အိပ်ရာပေါ်မှာ ဂိမ်းဆော့ရင်ဆော့၊ မဆော့ရင် Facebook သုံး။ အဓိက,ကတော့ Social Media နဲ့ ဖုန်းတစ်လုံးနဲ့ ဒုက္ခရောက်ကြတာပေါ့။

တချို့ အနုပညာရှင်တွေက ညဘက်က တိတ်ဆိတ်လို့ အနုပညာဖန်တီးရတာကို သဘောကျကြတယ်။ နန်းသူဇာကျတော့ရော ဘယ်လို ခံစားမိလဲ။

နန်းသူဇာကဆို ရင်လည်း တစ်ခါတလေ သီချင်းသွင်းရင်း ညဘက် သွင်းတယ်။ ညဘက်ဆိုရင် အသံလည်း ငြိမ်တယ်။ ကားလည်း ရှင်းတယ်ဆိုပြီး ညဘက်မှာ သီချင်းသွင်းဖြစ်တယ်။ သီချင်းရေးတဲ့သူတွေလည်း ရှိကြမှာပါ၊ ညဘက်မှ ရေးကြတာ။ နန်းသူဇာကိုယ်တိုင်တောင်မှ သီချင်းရေးတတ်တဲ့အထဲ မပါပေမဲ့ တစ်ခါတလေ ညဘက်

www.burmeseclassic.com

www.burmeseclassic.com



ရေးဖြစ်တာတွေလည်း ရှိပါတယ်။

ကဲ . . . အခု တလောဘာတွေရေးဖြစ်လဲ။

စာတွေ၊ ခံစားချက်တွေပေါ့။ လျှောက်ရေးတာပေါ့။ (ဟီး . . . ဟီး)

လောလောဆယ် တစ်ကိုယ်တော်စီးရီး အခြေအနေလေး ပြောပြပေးဦး။

ဒီနှစ်ထဲမှာတော့ အမှတ်တရအနေနဲ့ စီးရီး ထွက်ချင်တယ်။ လုပ်တော့ လုပ်နေတာပဲ။ ထုံးစံအတိုင်း ကောက်ကာငင်ကာ ထ၊ လုပ်ပြီး ထွက်သွားရင်တော့ မသိဘူး။ သီချင်းတွေတော့ ရှာနေတယ်။ ဘယ်လောက်ပြီးပြီဆိုပြီး ရာခိုင်နှုန်းနဲ့တော့ ပြောလို့ မရသေးဘူး။ စ၊ တုန်းပဲ ရှိသေးတယ်။

နန်းသူဇာတို့ဆိုတဲ့ သီချင်းပုံစံလေးတွေက လူငယ်ဆန်၊ ချစ်စရာကောင်းတာတွေဆိုတော့ တစ်ကိုယ်တော်မှာရော ဘယ်လိုတွေ လုပ်ဖြစ်မလဲ။ အဲဒီပုံစံတွေထဲက ကွဲထွက်ပြီး လုပ်ချင်မလား။

ပရိသတ် လက်ခံတဲ့ ပုံစံမျိုးရော၊ နန်းသူဇာ လုပ်ချင်တဲ့ ပုံစံမျိုးရော ထည့်သွားမယ်။ နန်းသူဇာက သိပ်မCuteတော့ဘူး။ မCuteချင်တော့ဘူး။ အသက်ကြီးလာလို့လား မသိဘူး၊ ခပ်မိုက်မိုက် သွားချင်တယ်။

ခပ်မိုက်မိုက်ဆိုတာက ဘယ်လိုလဲ။

အခုဆိုရင် ပရိသတ်တွေက သီချင်းနားထောင်၊ နားထောင်ပြီးရင် MTV ကို လိုက်ကြတယ်။ အဲဒီလိုဆို တော့ သီချင်းရော၊ MTV ရော စဉ်းစားရတဲ့ခေတ်ကို ရောက်နေပြီ။ နောက်ပြီး MTV ကိုလည်း အပြိုင်အဆိုင် ရိုက်လာကြတာ ဆိုတော့ MTV ကိုလည်း အမိုက်စား ရိုက်လို့ရအောင်၊ သီချင်းကလည်း အမိုက်စား ဖြစ်ရမယ်။ Show မှာလည်း အမိုက်ဆိုလို့ရမယ့် သီချင်းမျိုး လုပ်ဖြစ်မယ်။

လုပ်ချင်တဲ့ သီချင်းတွေ၊ ဆိုချင်တဲ့ သီချင်းတွေ ရဖို့ ဘယ်သူတွေဆီက ရပြီးပြီလဲ။

အနီးဆုံးလူတွေဆီကပေါ့။ ကျော်ထွဋ်ဆွေ၊ သားသား၊ ဘန်နီတို့ဆီကပေါ့။ ဘန်နီ့ဆီကတော့ အခုထိ မရသေးပါဘူး။ သူတို့တွေဆီကတော့ ယူတော့ ယူထားတယ်။

ရထားတဲ့ သီချင်းတွေက စိတ်ကြိုက်တွေချည်းပဲလို့ ဆိုရမလား။

တစ်ခါတလေ သူတို့ဆီမှာ ရှိတာကို နားထောင်ပြီး ကြိုက်တာကို ယူတယ်။ တစ်ခါတလေ ကျတော့လည်း သီချင်းယူထားပြီး တီးလုံးနဲ့ ကိုယ်ဆိုတဲ့အပေါ် မူတည်ပြီး ပြောင်းချင်တာလေးတွေလည်း ရှိတယ်။ တချို့ယူထားတာတွေလည်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။
ကိုယ်ကြိုက်တာနဲ့
ပရိသတ်ကြိုက်တာ
သဟဇာတ မဖြစ်တာမျိုး
ဆိုရင်ရော...။
ဘယ်လိုမှတော့ မဖြစ်ပါဘူး။
ဒီသီချင်းပုံစံကို
ကိုယ်ကြိုက်တယ်ဆိုရင်တော့
ကိုယ့်အတွက်ပဲလုပ်တာပေါ့။
နောက်တစ်ခါဆိုရင်တော့
ပရိသတ်အကြိုက်
ထပ်လိုက် ပေါ့။
ကြော်ငြာသရုပ်ဆောင်၊
မော်ဒယ်လ်လုပ်၊
သီချင်းဆိုပေမဲ့
ရုပ်ရှင်မရိုက်ဘူးလား။
ရုပ်ရှင်က
မရိုက်ဖြစ်လောက်ဘူး။
ရုပ်ရှင်ရိုက်တာ
တော်တော်ပင်ပန်းမှာ။
ရုပ်ရှင်တစ်ကားပွက်လာရင်

ရှေ့က နန်းမြတ်နဲ့
နှစ်ယောက်တွဲအခွေနဲ့
ကွဲထွက်သွားဖို့
လုပ်ထားတာမျိုးရော
ရှိမလား။
အရမ်းကြီး
ကွဲထွက်သွားတာတော့
မရှိပါဘူး။
ပထမဦးဆုံးအနေနဲ့
မှတ်တိုင်လေး
ရအောင်တော့
ကြိုးစားမှာပါ။
ဒီဘက်ခေတ်မှာက
ဂီတနဲ့ ပတ်သက်ပြီး
ဘယ်လို ပဲဖြစ်ဖြစ်
လေ့လာရင်
လေ့လာသလောက်
ကျယ်ပြန့်နက်ရှိုင်းတော့
စူးစမ်းလေ့လာတဲ့
လူငယ်တွေကလည်း
များတယ်။ ကိုယ့်ဘက်က
ကြိုးစား အားထုတ်ရတာ
အရင်ကထက် ပိုမလား။
ကြိုးစားတာတော့ အမြဲ
တမ်း ပရိသတ်နဲ့ ထိတွေ့
အောင် ကိုယ့်ဘက်က တတ်
နိုင်သရွေ့ လုပ်သွားမယ်။ ပရိ
သတ် အားပေးမှ လည်း
ရမယ်။ ပရိသတ် အားပေး
အောင်လည်း နေရထိုင်ရ
သေးတယ်။ အဲဒီလိုပေါ့။
အပြိုင်အဆိုင်ကတော့ များ
တယ်။ ဒါပေမဲ့ Generation
လိုက်တော့ ကွာပါတယ်။
အပြိုင်အဆိုင်လည်း များ
တော့ အမြဲတမ်းတော့ ကိုယ့်
အကြိုက်ချည်းပဲ မဟုတ်ဘူး။
ကို ယ့် ပရိသတ်အကြိုက်၊
လူကြိုက်များမယ့် ပုံစံမျိုး
ဖန်တီးရတာမျိုးတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းတာတွေပျောက်တာ
တော့ ကြားတယ်။ ဒါပေမဲ့
နန်းသူဇာကတော့မရလောက်
ဘူးထင်တယ်။ ဆောက်ပြီး ခိုင်
ယောလော့ခ်လည်းအားနည်း
တယ်။ အဲဒါကြောင့် မရိုက်
ဖြစ်လောက်ဘူး။ ကိုယ့်
သီချင်းမှာတော့ သရုပ်ဆောင်
ထားပါတယ်။ ပြောရရင်
ကြော်ငြာမှာလည်း စကား
တွေ ကျက်ရပါတယ်။ ဝိုဆိုး
ပါတယ်။ တစ်ခါတလေ
တော့ ရုပ်ရှင်ဇာတ်ကားမှာ
သရုပ်ဆောင်ကြည့်ချင်စိတ်
တော့ ဖြစ်မိပါတယ်။ အခြေ
အနေအရပေါ့။ ကိုယ်နဲ့လိုက်
ဖက်မယ့်ဇာတ်ကောင်မျိုးတော့
ရှိချင် ရှိမှာပါ။ ရိုက်လည်း
ရိုက်ချင်တယ်၊ မရိုက်လည်း
မရိုက်ချင်ဘူး။ စိတ်နှစ်ခွပေါ့
နော်။ လုပ်ပြီဆိုရင်လည်း
ဆက်လုပ်မှ၊ စလုံးရေစဖို့ကို
အရမ်းကြောက်နေတာ။

ကျော်ထွဋ်ဆွေကများ

မရိုက်ခိုင်းတာလားမသိ။
သူက ရိုက်ခိုင်းတယ်။
နန်းသူဇာသဘောပဲ။
သူမကြိုက်တာ
လုပ်ရင်တော့
မကြိုက်ဘူးပြောမှာ။
အဲဒီလိုတော့ မရှိဘူး။
နန်းသူဇာနဲ့
ကျော်ထွဋ်ဆွေ
ညီမရတာ
ဘယ်လိုအပိုင်းတွေ
များလဲ။
ရှိပါတယ်။
အဝတ်အစားပေါ့။
နည်းနည်းပေါ်တာ
ဘာညာဆို
မကြိုက်ဘူး။
အခုဝတ်ထားတာဆို
တိုလိုတဲ့။ သူ
မကြိုက်တာတွေတော့
ပြောတယ်။
တစ်ခါတလေတော့
ခွင့်လွှတ်ပါတယ်။

အချစ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ချပ်နှောင်ခြင်းကို ကျေနပ်စွာ ခံယူနေသူပေါ့။

အင်းပေါ့၊ မကျေနပ်လို့လည်း မရဘူးပေါ့။ ကိုယ် ကျေနပ်တော့လည်း ခံပေါ့။

ချစ်သူသက်တမ်းကလည်း ကြာနေပြီ။ ကွဲတယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုပြီးလည်း ရှိတယ်။ အချစ်ဆိုတဲ့အပေါ် ဘယ်လိုပြောချင်သေးလဲ။

ရင့် ရင့် ကျက် ကျက် လေးပဲဖြေပါမယ်။ ကြာလာရင်တော့ ချစ်တယ်ဆိုတာထက် သံယောဇဉ်တစ်ခုလို့ပဲ ထင်တယ်။ မိသားစုဝင်တစ်ယောက်လို့ပဲ ထင်ပါတယ်။

မိုးတွေရွာလို့ ဓာတ်ပုံမရိုက်ခင်အချိန်လေးအတွင်းမှာ နန်းသူဇာနဲ့ မေးဖြစ်ပြောဖြစ်တာလေးများ ဖြစ်ပါတယ်။ မိုးရေတွေကြားထဲမှာ အချိန်ပေးရိုက်ကူးပေးခဲ့တဲ့ နန်းသူဇာ၊ ဆံပင်နဲ့မိတ်ကပ်ကို စိတ်ရှည်စွာနဲ့ အလှဆုံးပြင်ပေးတဲ့ Helloမှ မမခိုင်၊ မချို၊ အလှဆုံးပုံတွေရဖို့ ရတဲ့နေရာလေးမှာ အကောင်းဆုံး ပုံဖော်ရိုက်ကူးပေးတဲ့ ကိုလင်း(Studio-K) ရိုက်ကူးရေးနေရာ အတွက် ကူညီပေးတဲ့ The Public မှ တာဝန်ရှိသူများ အားလုံးအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါရစေ။

ဇူလိုင်မိုးရေစက်တွေကြားထဲမှာ ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးရိုက်ကူးမှုလေးက အမှတ်တရများစွာ ရှိနေလျက်ပါ။ ■

ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာတွေ မွေ့နေတဲ့အရာကို ပရိုဖိုးရှင်းဖြန်လုပ်မယ့် သားစိုး

မန်းသူ

သားစိုးက လတ်တလော တွင် ကျွန်ုပ်၌ ဖြန့်မည့် ရှောသမန္တေ တေးစီးရီး အတွက် လူပ်ရှားနေသည့် အပြင် ကျွန်ုပ် ဖျော်ဖြေရေး အစီအစဉ်လည်း ပါဝင်သည့် အတွက် ထိုကိစ္စအတွက်ပါ လုံးပန်းနေရသည်။ ထို့ပြင် သားစိုးက တရုတ်နိုင်ငံ၌ လည်း ဖျော်ဖြေရန် အစီအစဉ် ရှိသည်။ သားစိုးက ပြည်ပ ဖျော်ဖြေမှု၊ တင်ဆက်မှုများ အတွက် ထူးခြားပုံစံများနှင့် ပတ်သက်ပြီးပြောပြရာတွင်...

သားစိုးရဲ့ ကျွန်ုပ်နိုင်ငံမှာ လုပ်မယ့် အစီအစဉ်တွေ အတွက် ထူးခြားပုံစံလေးတွေ ရှိရင် ပြောပြပေးပါလား။

အရှ ကျွန်တော်က ကျွန်ုပ် အခွေအတွက်ပဲ စိတ်နှစ်ပြီး လုပ်နေတာပါ။ သီချင်းတွေက တော်တော်များများ ပြီးသွားပါပြီ။ အချောတွေ ပို့ဖို့ လုပ်နေပြီ။ ပြီးတော့ ကျွန်ုပ်က အခွေဖြန့်မယ့်အပြင် ဖျော်ဖြေရေး အစီအစဉ်လည်း ရှိနေတယ်။ နိဝင်ဘာ ၁၊ ၂၊ ၃ တိုကျွတ်မှာ ကျင်းပမယ့် ပွဲတော်မှာ ပါဝင်မှာပါ။ အဲဒီမှာက အာရှတိုက်မှာရှိတဲ့ မောင်းတွေကို ချိတ်ထားတာပေါ့။ အင်ဒိုနီးရှားမှာလည်း ရှိတယ်။ ကျွန်ုပ်မှာလည်း ရှိတယ်။ မြန်မာမှာလည်း ရှိတယ်။ ထိုင်းမှာလည်း ရှိတယ်။ အဲဒီမောင်းတွေနဲ့ ပတ်သက်တဲ့ ချိတ်ဆက်မှုကို ကျွန်တော်က တီးလုံးနဲ့ သရုပ်ဖော်ပေးရမှာပါ။ အဲဒီအတွက်လည်း လုပ်နေပါတယ်။ အဲဒါက ထူးခြားတာပေါ့။ ကျွန်တော့်ရဲ့တီးလုံးအပေါ်မှာ အင်စတော်လေးရှင်းအတ်ပေါ့။ ပြဇာတ်လို သရုပ်ဖော်ပြီး ကျွန်တော်နဲ့ လုပ်မှာပါ။ လောလောဆယ် အဲဒါလေးတွေ လုပ်နေပါတယ်။

အဲဒီသီချင်းတွေတုန်းက သားစိုးက ဖက်ရှင်ကအစ ဆန်းဆန်းပြားပြားတွေနဲ့ တင်ဆက်ခဲ့တာလေ။ အရှ ကျွန်ုပ်အတွက်ကော အရင်ပုံစံနဲ့ မတူအောင် စဉ်းစားထားတာတွေ ရှိလား။

ရှိပါတယ်။ ဖက်ရှင်က အစ ဒီဇိုင်းတွေရော၊ Production တွေရော အကုန် မတူအောင် လုပ်ထားပါတယ်။ အဝတ်အစားကအစ ကျွန်တော့်ထုံးစံအတိုင်းပေါ့နော်။ မြန်မာနဲ့ ရောထားတဲ့ ဟာပဲ ဖြစ်မှာပါ။

ဒီဇိုင်နာကရော ဘယ်သူ ဖြစ်မလဲ။ ကိုယ်ကိုယ်တိုင်လား။

ဒီဇိုင်နာကတော့ ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com

ကြိုရာဆိုရာ တစ်မိနစ်တာ

တက္ကသိုလ်က တချို့သောဒီဇိုင်းနဲ့ ပတ်သက်တဲ့ပညာရှင်တွေနဲ့ စကားပြောဖြစ်တယ်။ သူတို့ပဲ ချုပ်နိုင်မှာလေ။ အပြင်ဒီဇိုင်နာတွေက မြန်မာမှုနဲ့ နည်းနည်းဝေးတဲ့အခါကျတော့ မလုပ်နိုင်ဘူးလေ။ **အခုလို ဂျပန်မှာလုပ်တဲ့ပွဲမှာ မြန်မာအဆိုတော်သားစိုးရဲ့ သီချင်းတွေ၊ ဝတ်စုံတွေအပြင် သူတို့ကို ဘယ်လိုအရာတွေ ပေးထားခဲ့ချင်သေးလဲ။**

အဓိက၊ ကတော့ ကျွန်တော်တို့ရဲ့ မြန်မာဂီတ ကလည်း အင်မတန် အနှစ်သာရရှိပြီး နှစ်ပေါင်းများစွာ ကတည်းက ဖြစ်ထွန်းလာတဲ့ ဂီတတစ်ခုလေ။ ဒါကို ကျွန်တော် ပြချင်ပါတယ်။ ကိုယ့်စတိုင်လ်နဲ့၊ ကိုယ့်ဒီဇိုင်းနဲ့ နှစ်ပေါင်းများစွာ တည်ရှိလာတဲ့ အရာတစ်ခုကို အရမ်းတန်ဖိုးထားမယ်ဆိုရင်၊ ဂုဏ်ယူမယ်ဆိုရင် ဂုဏ်ယူစရာတွေချည်းပါ။ ဒါပေမဲ့ မြန်မာတွေ အတော်များများက မေ့နေကြတယ်။ ဒါကို ကျွန်တော်က Promote လုပ်တာပေါ့နော်။ ဂုဏ်ယူစရာဖြစ်အောင် ဖန်တီးပြမှာပါ။

သားစိုးရဲ့ ရောသမမွှေ သီချင်းတွေ စ၊ခဲ့တုန်းက လည်း အဲဒီခေတ်အရ ဂယက်တွေ ထ၊ခဲ့တယ်။ ပေါက်လည်း ပေါက်ခဲ့တယ်။ အခုအချိန် အဲဒီသီချင်းတွေကို ပြန်လုပ်ရတော့ ခံစားမှုကို ဘယ်လို ပြန်မွေးယူရလဲ။

ဒီအသက်အရွယ် ရောက်လာတော့၊ ဆယ်စုနှစ်တစ်စုလည်း ရောက်လာပြီဆိုတော့ ဘာမှကို မတုန်လှုပ်တော့ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို အခုလို နိုင်ငံတကာကနေ အခွေထုတ်ပေးဖို့ ကမ်းလှမ်းလာတော့ အင်မတန်ပျော်တယ်။ မြန်မာနိုင်ငံဂီတလောကမှာ ဒီလိုကိစ္စမျိုးက အင်မတန်ရှားပါးတဲ့ ကိစ္စ၊ ကမ်းလှမ်းတာကလည်း မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ကမ်းလှမ်းတဲ့အပြင် ထိုက်ထိုက်တန်တန်ပေါ့နော်။ တစ်ကမ္ဘာလုံးကို ဖြန့်ချိပေးမှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။

အစ်မ ဆိုလိုတာက လွန်ခဲ့တဲ့ ဆယ်စုနှစ် လူငယ်ဘဝက ဆိုခဲ့တဲ့ သီချင်းတွေကို အခု နိုင်ငံတကာ ပရိသတ်ရှေ့မှာ ပြန်ဖန်တီး သီဆိုတဲ့အခါ အဲဒီ ဆယ်နှစ်က ရင်ခုန်မှုမျိုး ပြန်ဖြစ်ရဲ့လား သီချင်တာ။

ဒါလေးက တစ်မျိုးတော့ ဖြစ်သွားတာပေါ့နော်။ ပိုဆိုးတာက နိုင်ငံတကာမှာ ကိုက ဖောလို့ မရဘူး။ အချိန်တစ်စက္ကန့်ကအစ လွဲလို့မရဘူးလေ။ အခုသီချင်းတွေဆို ပိုပြီး ဒီဇိုင်းတွေ မတူအောင်၊ ကိုယ့်စတိုင်လ်အသစ် ဖြစ်အောင် အများကြီးကြိုးစား အားထုတ်ရပါတယ်။ သားစိုးက ရောသမမွှေ တေးစီးရီးကိုနိုဝင်ဘာလတွင် ဂျပန်နိုင်ငံ၌လည်းကောင်း၊ ဒီဇင်ဘာလတွင်တရုတ်နိုင်ငံ၌လည်းကောင်း၊ ၂၀၁၇ ခုနှစ် မတ်လတွင် ပြင်သစ်၌လည်းကောင်း၊ ၂၀၁၇ ဇွန်လတွင် အမေရိကန်၌လည်းကောင်း ဖြန့်ချိဖြစ်မည်ဟု သိရသည်။

■ **မန်းသူ**

www.burmeseclassic.com

www.burmeseclassic.com

အိုပ်မက်ထဲက နတ်သမီးတစ်ပါးနဲ့ တွဲလျှောက်တော့မယ့် ဒါရိုက်တာ ညီမြင့်လွင်

မနိုးသူ

လူငယ်ဒါရိုက်တာ တစ်ဦးဖြစ်သူ ညီမြင့်လွင်က လူငယ်ကြိုက်ဇာတ်လမ်းများ တင်ဆက်ရာတွင် အတွေးပိုင်း ဆိုင်ရာ၊ သည်းထိတ်ရင်ဖို ဆိုင်ရာ၊ ထူးခြားဆန်းပြားမှု ဆိုင်ရာ ဇာတ်လမ်းများကို ရွေးချယ်တင်ဆက်လေ့ ရှိသည်။ ယခုနှစ်ထဲတွင် ဒါရိုက်တာ ညီမြင့်လွင်က မြန်မာနိုင်ငံတွင် ပထမဆုံးဟု မှတ်တမ်းတင်ရမည့် သိပ္ပံကားများကိုလည်း ရိုက်ကူးထားသည်။ ထို့ပြင် လျှို့ဝှက်ဆန်းကြယ် ဒဏ္ဍာရီဆန်ဆန် ဇာတ်ကားများကိုပါ တင်ဆက်ရန် စီစဉ်နေပြီဖြစ်သည့် ဒါရိုက်တာ ညီမြင့်လွင်နှင့် တွေ့ဆုံဖြစ်ခဲ့သည်။ စာရေးသူက မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေ၊ အသက် ၂၅ နှစ်ကျော် လူဦးရေ အားလုံးနီးပါး ဖတ်ထားခဲ့ဖူးပြီးသား စာအုပ်တစ်အုပ် ဖြစ်တယ်။ ဖတ်ပြီးတဲ့သူတိုင်းလည်း အဲဒီအရာကို အကြိမ်ကြိမ် အဖန်ဖန် စိတ်ကူးယဉ်ခဲ့ကြဖူးတယ်။ ဆိုတော့ ပြောရမယ်ဆိုရင် ဒီဇာတ်လမ်းဟာ တာဝန်အရမ်းကြီးပါတယ်။ **မနုစာရီ ဇာတ်လမ်းက ညီမြင်းလွင်ကို ဘာကြောင့် လွှမ်းမိုးထားခဲ့တာလဲ။ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကတည်းက ရုပ်ရှင်အဖြစ် ရိုက်ချင်စိတ်ဖြစ်စေချင်တဲ့ အကြောင်းအရာပေါ့။**

ကျွန်တော်က ဆရာကြီး မင်းသိခ်ရဲ့ ဝတ္ထုတွေ အားလုံးကို ကြိုက်တယ်။ အဲဒီထဲမှာမှ **မနုစာရီက** ကျွန်တော့်ကို ရသအစုံ ပေးနိုင်ခဲ့တယ်။ ဝတ္ထုထဲမှာ လက်ဖတင်နင်နန်းဝေ အချုပ်ခန်းထဲက ပျောက်သွားတဲ့ ကိစ္စဆိုတဲ့ အရာတွေက ကျွန်တော့်အတွက် စွဲလမ်းစရာတစ်ခု ဖြစ်ခဲ့တယ်။ နောက်တစ်ခုက ကျွန်တော် အရမ်းကြိုက်တဲ့ အခန်းက တရားသဘင် စီရင်ခန်းပေါ့။ **မနုစာရီနဲ့ ဘဒ္ဒကလျာ** မင်းသမီး ပြိုင်တဲ့အခန်း။ အဲဒီအခန်းကို အရမ်းကြိုက်တယ်။

ဆရာ မင်းသိခ်၏ တစ်ခေတ် တစ်ခါက အလွန်ကျော်ကြား ခဲ့သော **မနုစာရီ** ဝတ္ထုကို ဒါရိုက်တာ ညီမြင်းလွင်က ရိုက်ကူးရန် စီစဉ်နေပြီဖြစ်သည်။

မနုစာရီဇာတ်ကောင် အတွက် မင်းသမီးရွေးတဲ့ နေရာမှာ အခက်အခဲရှိနိုင်လား။

အဲဒီလို အခက်အခဲဆိုတာကတော့ ရှိတော့ ရှိနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ကာဝန်ကြီးတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်တယ်။ အဲဒီအချိန်တုန်းက **ဒီဇာတ်ကားကို ဘယ်တော့လောက်စဖို့ စီစဉ်ထားလဲ။**

နိဝင်ဘာ ၂၅ လောက်တော့ မှန်းထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြိုရာဆုံရာ တစ်မိနစ်တာ

အဲဒီမတိုင်ခင် သရုပ်ဆောင်ရွေးပွဲ ရှိဦးမလား။

သရုပ်ဆောင် ရွေးပွဲတော့ ရှိလာမယ်။ သေချာတာကတော့ မျက်နှာသစ် သရုပ်ဆောင်တော်တော်များများ ပါ,ပါလိမ့်မယ်။ ဆရာကြီး မင်းသိခ်ဝတ္ထုက ဇာတ်ကောင်စရိုက်နဲ့ အမှန်တကယ် ကိုက်ညီတဲ့ သူမှ ပိုကောင်းမှာပါ။ ဒါရိုက်တာ ညိုမင်းလွင်က ဆရာကြီး မင်းသိခ်၏ Fan ပီသစွာပင် မင်းသိခ်၏ ဝတ္ထုများကို စွဲလမ်းသူဖြစ်သည်။ **မနုစာရီ** နှင့်ပတ်သက်ပြီး ဒါရိုက်တာ ညိုမင်းလွင်က သူ၏ Page တွင် ဇွန်လ ၂၅ ရက်က 'ပရိသတ်များ အားလုံး မင်္ဂလာပါ။ ဇွန်လ ၂၅ရက်ဟာ ဆရာကြီး မင်းသိခ်ရဲ့ ၇၇ နှစ် မြောက် မွေးနေ့ပါ။ ကျွန်တော့် ရဲ့ ငယ်ဘဝတစ်ခုလုံးဟာ မင်းသိခ် စာအုပ်တွေနဲ့ ကြီးပျင်းလာခဲ့တယ်လို့ ပြောလို့ရပါတယ်။ သူ့ရဲ့ဇာတ်ကောင်တွေဟာ ကျွန်တော်ရဲ့ Hero တွေပါ။ ကျွန်တော် **မနု စာရီ** ကို ဒါရိုက်တာ အဖြစ် နဲ့ ရိုက်ကူးရတော့မယ့် အချိန်တွေဟာ အိပ်မက်ထဲက နတ်သမီးတစ်ပါးနဲ့ ရိုက်ကွင်းပေါ်မှာ အတူတူ လမ်းလျှောက်ထွက်ခွင့် ရတော့မလိုပါပဲ။ ပရိသတ်တွေ အားလုံးလည်း ရင်ခုန် စိတ်လှုပ်ရှားစွာနဲ့ ကျေနပ်ကြလိမ့်မယ် ထင်ပါတယ်။

ဒီနေ့ကို ရောက်ဖို့ စောင့်နေခဲ့ရတဲ့ နေ့ရက်တွေမှာ ပရိသတ်တွေကိုလည်း အံ့သြဝမ်းသာစေချင်လို့ **ညကျောင်း** ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ တတိယမြောက်ကားကို ပဟေဠိတစ်ခုအနေနဲ့ ဝှက်ပြီး Count Down လုပ်လာခဲ့တယ်။...'

စသည့် Post ကို ကြည့်ခြင်းအားဖြင့် သူ၏ **မနုစာရီ** အပေါ် စွဲလမ်းမှုကို သိသာနိုင်သည်။

ထို့ပြင် **မနုစာရီ** First Voting အဖြစ် ညိုမင်းလွင်က 'ပရိသတ်တွေရဲ့ အမြင်ကို သိချင်လို့ Voteလုပ်ကြည့်ပါ့မယ်။ **မနုစာရီ** နေရာမှာ သရုပ်ဆောင်ဖို့ သရုပ်ဆောင် အသစ်နဲ့ လက်ရှိမင်းသမီးတစ်ယောက်ဆိုရင် ဘယ်သူကို ပိုပြီး ဦးစားပေးစေချင်ပါသလဲ ဆိုသည့် Post ကို လည်း တင်ထားပြီး စတင် လှုပ်ရှားနေပြီ ဖြစ်သည်။ ■

မနုသူ

www.burmeseclassic.com

ထွန်းထွန်း(Examplez)က အားလုံးကို အရမ်းချစ်တယ်

မနီးသူ

"ဒီဇာတ်ကားကို စရိုက်ကတည်းက မင်းသား အင်အားများမယ်။ သရုပ်ဆောင် လေးယောက်ကို အဓိကအနေနဲ့ ခိုးဆိုးလုနှိုက် ပုံစံလေး ရိုက်မယ်။ ဒါရိုက်တာကိုစတီးလ်ရဲ့ အကြံဉာဏ်တွေ၊ Ideaတွေပေါ့နော်။ သူ့ Ideaကို ယုံကြည်ပြီးတော့ ရိုက်ကူးပေးတဲ့ မိုး ရုပ်ရှင် ထုတ်လုပ်ရေးက မမိုးဟောကို တို့ကိုလည်း ကျေးဇူး အများကြီး တင်ပါတယ်။ ဒီဇာတ်ကားကောင်းတွေကို ပရိသတ်တွေ လာကြည့်ကြတယ်။ အရသာရှိရှိ ကြည့်ရတဲ့ အတွက် နောက်ပိုင်း မြန်မာရုပ်ရှင်တွေ ဦးမော့လာမယ်။

တွေ့ရတာ နည်းသွားတယ်။ နိုင်ငံခြားကားတွေပဲ လွှမ်းမိုးနေတာလေ။ ဒီကားမှာ မြန်မာနိုင်ငံမှာလည်း တကယ်ရှိတဲ့ မိဘမဲ့နဲ့ လမ်းပေါ်က ကလေးတွေကို ရိုက်ပြထားတဲ့အတွက် ဒီကား ရိုက်နေတုန်းကရော၊ ခုချိန်ထိရော ရင်ထဲမှာ ဘယ်လို ရှိနေလဲ။ လူရယ်လို့ ဖြစ်လာရင် မွေးလာတဲ့ လူတိုင်းဟာ ကိုယ့်ဘဝကိုကိုယ် ရွေးချယ်ခွင့် မရှိဘဲ ရောက်လာကြတာပေါ့။ အခက်အခဲပဲဖြစ်ဖြစ်၊ ကောင်းတာပဲ၊ ဆိုးတာပဲ ဖြစ်ဖြစ်ပေါ့။ ဒါပေမဲ့ တကယ်တမ်းကတော့ ဘဝဆိုတာမှာ ခက်ခဲကြမ်းတမ်းမှုက ပိုပါတယ်။ တစ်ကမ္ဘာလုံး အနေအထားနဲ့ပဲ ယှဉ်ယှဉ်၊ မြန်မာနိုင်ငံ အနေအထားနဲ့ပဲ ယှဉ်ယှဉ်ပေါ့။ ဒီလူတွေရဲ့ ရင်ထဲမှာ ဖြစ်နေတဲ့ သောကတွေ၊ အနေအထားတွေ၊ ဘာကြောင့် ဘာဖြစ်တယ် ဆိုတာကို ပညာပေးအနေနဲ့ အမြင်လေးရှိအောင် ကြိုးစားပြီး ရိုက်ပြခြင်း ဖြစ်ပါတယ်။ ဆိုတော့ အခက်အခဲတွေ ဖြစ်နေတယ်။ ကျူးကျော်ရပ်ကွက်ထဲမှာ နေကြရတယ်။ လုပ်ငန်းကိုင်ငန်းလည်း မရှိကြဘူး။ ခိုး၊ ဆိုး၊ လု၊ နှိုက်

ခုထက်ပိုပြီး အစစအရာရာက တိုးတက်လာဦးမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားလိုက်သူက ထွန်းထွန်း(Examplez)ဖြစ်သည်။ **ခိုးဆိုးလုနှိုက်** ရုပ်ရှင်ကားကြိုးတွင် ပါဝင်သရုပ်ဆောင်ထားသည့် ထွန်းထွန်းက ပရိသတ် အားပေးမှုများစွာ ရရှိခဲ့သည့် အပေါ် အမြင်ကို မေးရာတွင် ခုလို ပြန်လည် ဖြေကြားခဲ့ခြင်း ဖြစ်သည်။ ဆက်လက် မေးမြန်းမိရာတွင်...

မြန်မာနိုင်ငံမှာ အက်ရှင်ကားကောင်းကို ရုပ်ရှင်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြိုရာဆုံရာ တစ်မိနစ်တာ

လုပ်ကြတယ်။ ခိုး၊ ဆိုး၊ လု၊ နှိုက် လုပ်တယ် ဆိုတာမျာ ဘယ်သူမှတော့ မလုပ်ချင်ပါဘူး။ ဘဝရပ်တည်ရေးအတွက် တစ်ခါတစ်ခါ အလွယ်လမ်း လိုက်ကြတဲ့ အမှားတွေ ရှိတယ်ပေါ့နော်။ မိဘတွေကသင်ပေးလိုက်တဲ့ အမှားတွေ၊ အလွဲတွေပေါ့။ အဓိက၊ကတော့ ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်တဲ့နေရာမှာ နည်းမှန်လမ်းမှန် ပြုစုပျိုးထောင်ရင် နိုင်ငံကြီး ကောင်းလာမယ်။ ဒါကို အဓိက ကျွန်တော်တို့ပြောချင်တာပါ။

ဒီကားကြီး စ,ရိုက်တော့ ရုပ်ရှင်အနေနဲ့ တွေ့ခဲတဲ့ ဇာတ်လည်းဖြစ်တော့ အခုလို ထိ ပေါက်သွားလိမ့်မယ်လို့ ယုံကြည်မှု ရှိခဲ့ရဲ့လား။

ကျွန်တော်တို့ အလုပ်တစ်ခု လုပ်လိုက်တယ်ဆိုတာ အကောင်းဆုံးပေါ့။ ဒီဇာတ်လမ်းနဲ့ပတ်သက်ပြီး အကောင်းဆုံး ကြိုးစားလိုက်တာပဲ ရှိပါတယ်။ ကျနော်တဲ့မျှော်လင့်ချက်တော့ အများကြီးမထားခဲ့ပါဘူး ခင်ဗျ။

နောက်ထပ်ရော ဘယ်လို ဇာတ်လမ်းမျိုးတွေ ရိုက်မလဲ။ ဒီလို ဇာတ်လမ်းက တစ်ဆင့် ဘယ်လိုအားတွေ ရသွားလဲ။

နောက်ထပ်တော့ ကျွန်တော်တို့ရိုက်ကူးတဲ့ ဇာတ်ကားတွေကို ဇာတ်လမ်းကောင်းအောင်၊ ရိုက်ချက်ကောင်းအောင် စုစုစည်းစည်းနဲ့ ပရိသတ်က ကြည့်တဲ့အခါမှာ အချိန်ပေးရကျိုး၊ ပိုက်ဆံ ပေးရကျိုးနပ်အောင် ကြိုးစားသွားဖို့ ရှိပါတယ်။ ပညာပေး ဇာတ်လမ်းပဲဖြစ်ဖြစ်၊ ချစ်ကြိုက်ကွဲညားပဲဖြစ်ဖြစ် ပညာပေးတစ်ခုခုကို ရုပ်ရှင်လောကမှာ အမြဲ ရိုက်နေကျအတိုင်း ကြိုးစားသွားမှာပါ။

'ကျွန်တော့်ရဲ့ We Love Tun Tun Fan တွေကို ရော၊ ရန်ကုန်၊ မန္တလေးနဲ့ အခြားမြို့ကြီးတွေ အများကြီးမှာရှိတဲ့ ပရိသတ်တွေ အားလုံးကို အရမ်းချစ်ပါတယ်လို့' လည်း ထွန်းထွန်းက ရွှေမှတစ်ဆင့် ပြောကြားခဲ့ပါကြောင်း...။

■

မန်းသူ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မငေးပွင့် ဖြင့်ဖြင့်စန်း လမ်းသုံးဆယ်နှင့် အေးမြတ်သူ

မိုးသော်ဇင်ထွန်း

ဖေ့စ်တွင်တစ်ခု ကြည့်နေရင်း မမျှော်လင့်ဘဲ ရုပ်ရှင်ကြော်ငြာတစ်ခု တွေ့လိုက်ရပါတယ်။ ရတနာကျော်စိုး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သီဟကျော်စိုး ရိုက်ကူးထားတဲ့ မငေး ပွင့် ဖြင့်ဖြင့်စန်း လမ်းသုံးဆယ် ရုပ်ရှင်ဇာတ်ကား နမူနာအပိုင်းအစလေးပါပဲ။ တစ်ခေတ်တစ်ခါက ရင်သိမ့်တုန်ဝတ္ထုများ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အများ ဆွေလှိုင်ဦး ဖန်တီးခဲ့တဲ့ လက်ရာများစွာ ထဲက ပရိသတ်ကြိုက်တဲ့ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ကိုသီဟက ဒီဝတ္ထုကို နေအောင်၊ ခင်သီတာထွန်း

www.burmeseclassic.com

www.burmeseclassic.com

တို့နဲ့ ရိုက်ကူးစဉ်ကလည်း
အောင်မြင်ခဲ့တဲ့
ရုပ်ရှင်ကားတစ်ကား
ဖြစ်ပါတယ်။
ဒီဘက်ခေတ်အတွက်
ပြန်လည်ဆန်းသစ်ရာမှာတော့
နေမင်းနဲ့ အေးမြတ်သူတို့
ပါဝင်သရုပ်ဆောင်ထားကြတာ
ဖြစ်ပါတယ်။
အက်ရှင်ကားတစ်ကား
ဖြစ်ပါတယ်။
အမျိုးသမီးအက်ရှင်ပေါ့။
ကိုသီဟက
အေးမြတ်သူနဲ့
ဂျက်မ ဆိုတဲ့
ရုပ်ရှင်ကားတစ်ကားလည်း
ရိုက်ခဲ့ပြီးဖြစ်ပါတယ်။
ဒါကလည်း နေအောင်၊
ခင်သန်းနုတို့နဲ့ သူ
ရိုက်ခဲ့ဖူးတဲ့ရုပ်ရှင်ကားကြီးကို
ပြန်လည်ဆန်းသစ်ခြင်းဖြစ်ပြီး
နေမင်း၊ အေးမြတ်သူတို့နဲ့ပဲ
ရိုက်ကူးခဲ့ခြင်း ဖြစ်ပါတယ်။
အေးမြတ်သူကို
ရုံမတင်ရသေးတဲ့
ခေါက်ထီးလေး မလုံတလုံ
ရုပ်ရှင်ဇာတ်ကားမှာ
ကြည့်ရတုန်းက
အလှအပမက်တဲ့
မိန်းကလေးတစ်ယောက်
ဘဝပျက်ရပုံကို
သူ သရုပ်ဆောင်ခဲ့ပါတယ်။
အဲဒီတုန်းကတော့
အေးမြတ်သူက
'မိန်းကလေးတစ်ယောက်
အလှမက်လို့ ဘဝပျက်ခဲ့ရ၊
ရောဂါရခဲ့ရတဲ့နေရာမှာ
သရုပ်ဆောင်ရတော့
ကားမပြီးမချင်း
အဲဒီဇာတ်ကောင်စရိုက်ကို
စိတ်ထဲမှာ စွဲဝင်နေအောင်
သွင်းထားရပါတယ်။
ရောဂါသည်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

မဖြုတ် မယယ်ဘဲ ထည့်သွင်းရိုက်ကူးထားတယ်လို့ ဆိုပါတယ်။

"ဆရာ ဆွေလှိုင်ဦးရဲ့ဝတ္ထုဖြစ်တဲ့အတွက် ကျွန်တော်က မိသားစုလည်းကြည့်လို့ရအောင်၊ ဝတ္ထုရဲ့အရသာလည်း မပျက်အောင်၊ ဆင်ဆာအဖွဲ့ကလည်း မျက်စိမနောက်အောင် ရိုက်ကူးပေးထားပါတယ်။ ဒါကတော့ ဝတ္ထုရသ မပျက်စေချင်လို့ပါ။ ဆင်ဆာအဖွဲ့ကလည်း လိုအပ်သလောက်သာ ရိုက်ကူးထားတာဖြစ်လို့ ခွင့်ပြုပေးထားပါတယ်" လို့ ဆိုပါတယ်။

ဒီဝတ္ထုမှာ အရေးပါတဲ့အခန်းတစ်ခန်းကတော့ တောတွင်းစခန်းကနေ ထွက်ပြေးလာတဲ့ မအေးပွင့် တောတွင်း တစ်နေရာမှာ ရေချိုးတဲ့အခန်းပါ။ သူ ရေချိုးနေတာကို ချောင်းနေတဲ့ သောင်းကျန်းသူရဲ့မြင်ကွင်းကို ပြရမှာပါ။ ဒီအခန်းကို ကိုသီဟတို့ ဘယ်လိုရိုက်ခဲ့ကြသလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။

"ကျွန်တော်တို့ သွားရိုက်တဲ့နေရာက ဇီးကုန်း ဟိုဘက် သရုပ်ဆောင်ရမှာဖြစ်လို့ ရောဂါသည်ပုံစံပေါက်အောင် ပိန်သွားဖို့အတွက် အချိန်ယူပြီး ဝိတ်ချခဲ့ရတယ်" လို့ ပြောဖူးပါတယ်။ သောင်းကျန်းသူများရဲ့ တောတွင်းစခန်းတစ်နေရာကနေ မအေးပွင့် ဆိုတဲ့ မိန်းကလေးတစ်ယောက် ထွက်ပြေးလွတ်မြောက်နိုင်ဖို့ ကြိုးပမ်းတဲ့နေရာမှာ ထွက်ပေါက် ၃၀ ရှိပါတယ်။ ဒီထွက်ပေါက် ၃၀ ကို အားကောင်းမောင်းသန် သောင်းကျန်းသူ လူ ၃၀ တို့က တစ်ယောက်ချင်းခွဲပြီး မအေးပွင့်ကို လိုက်ရှာကြမှာ ဖြစ်ပါတယ်။ တစ်ယောက်နဲ့ တွေ့တိုင်း မအေးပွင့်ရဲ့မာယာ၊ အကြံမ်းအရမ်းတို့နဲ့ ရင်ဆိုင်ရတာဖြစ်လို့ ဒီရုပ်ရှင်ကားဟာ မအေးပွင့်အဖြစ် သရုပ်ဆောင်တဲ့ အေးမြတ်သူ တစ်ကားလုံး ပင်ပန်းခဲ့ရတဲ့ ကားဆိုရင် မမှားပါဘူး။

"ဦးသီဟက ကျွန်တော့်ကို မရိုက်ခင်ကတည်းက ကြိုပြီး တိုက်ကွက်တွေကို သင်ပေးခိုင်းထားပါတယ်။ ရိုက်ကွင်းပေါ်ရောက်မှ သင်တာမျိုးမဟုတ်ဘဲ ကြိုတင်သင်ထားတဲ့အတွက် အလေ့အကျင့်ရပြီးလည်း ဖြစ်နေပါတယ်။ ရိုက်ကွင်းပေါ်ရောက်ပြီဆိုရင် ကိုယ်တိုင်ကိုက ထိုးချင်ကြိတ်ချင်ဖြစ်နေပြီ။ ဇာတ်ဝင်ခန်းတစ်ခန်းမှာဆိုရင် ဝါးလုံးပိုင်းတစ်ခုကို ကိုင်ပြီး ဖိုက်မှာဆိုတော့ သင်ကတည်းက တစ်ခါတည်း ဝါးလုံးနဲ့ သင်ပေးထားပါတယ်" လို့ အေးမြတ်သူက သူ့တိုက်ကွက်များနဲ့ ပတ်သက်ပြီး ပြောပြပါတယ်။

ဆရာ ဆွေလှိုင်ဦးရဲ့ဝတ္ထုကို ဖတ်ကြရစဉ်က လူငယ်များ သွေးဆူပွက်စေမယ့် ဇာတ်ဝင်ခန်းတွေ ပါပါတယ်။ ဒါကိုလည်း ဒါရိုက်တာ သီဟကျော်စိုးက

တော်တော်ခေါင်တဲ့နေရာပါ။ ရုပ်ရှင်ရိုက်နေတယ်ဆိုတာသိတော့ နွားလှည်းတွေ၊ ထော်လာကျီတွေနဲ့ လာကြည့်ကြတယ်။ တချို့ဆိုရင် ထမင်းချိုင့်နဲ့ ရောဘူးနဲ့ကို လာကြည့်ကြတာပါ။ အဲဒီနေရာမှာ ဖရဲသီးလာရောင်းတဲ့ မိန်းကလေးတောင် သူဌေးဖြစ်လောက်တယ်။

"ရေချိုးတဲ့အခန်းကို ရိုက်ဖို့က ဒီပရိသတ်နဲ့တော်တော်ခက်ပါတယ်။ ဒါကြောင့် နေရာထပ်ရှာတဲ့အခါ ရေတံခွန်လေးတစ်ခုနဲ့ တော်တော်လှတဲ့နေရာကို သွားတွေ့တယ်။ သွားရမှာတော်တော်ဝေးတယ်။ ဒါကြောင့် ကျွန်တော်တို့ မနက် ၅ နာရီကတည်းက အဲဒီနေရာကို လမ်းလျှောက်သွားကြရတယ်။ မင်းသမီးလည်း လျှောက်ပေါ့။ ဒီလောက်အစောကြီး သွားရိုက်တော့ ပရိသတ်က မသိသေးတဲ့အတွက် ရောက်မလာသေးပါဘူး။ ရိုက်ချင်တဲ့နေရာရောက်တော့ အေးမြတ်သူအတွက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရေမနစ်အောင် ရေကူးကျွမ်းကျင်တဲ့သူတွေ နေရာခွဲပြီး စောင့်ခိုင်းပြီးမှ ရိုက်ပါတယ်။ ဒါတောင် ကံကောင်းလို့ မနစ်တာ။ ကျွန်တော်တို့လည်း ရိုက်ပြီးရော ပရိသတ်တွေလည်း ရောက်လာကြရော။ တော်သေးတယ်။ ရိုက်ကူးရေးက ပြီးသွားလို့' လို့ ပြောပြ ပါတယ်။

မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ်ကို ဒါရိုက်တာ သီဟကျော်စိုး ရိုက်ခဲ့တာ ၂၀၁၃ ခုနှစ်ကတည်းကပါ။ စိတ်ရှည်ရှည်နဲ့ ရုံတင်ရက်ကို စောင့်နေခဲ့တာ ၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းလောက်မှာတော့ ရုံတင်ခွင့်ရတော့မယ်လို့ တန်းစီဇယားအရ သိရပါတယ်။ ဒါရိုက်တာ သီဟကျော်စိုးအတွက် အမောပြေစေမယ့်ကားတစ်ကားဖြစ်ပါလိမ့်မယ်။

ထိုနည်းအတူ အက်ရှင်ခန်းများကို ဘောင်းဘီဝတ်နဲ့ မဟုတ်ဘဲ ထဘီနဲ့သာ ရိုက်ရမယ်လို့ ဆိုတဲ့ ဒါရိုက်တာရဲ့အလိုကျ သရုပ်ဆောင်ပေးခဲ့တဲ့ အေးမြတ်သူအတွက်လည်း ပရိသတ် သဘောကျစေမယ့် ရုပ်ရှင်ကားတစ်ကားဖြစ်လာမယ် ထင်ပါတယ်။

"ဦးသီဟက မြင်းစီးတတ်ရမယ်ဆိုလို့ မြင်းစီးလည်း သင်ခဲ့ရတယ်။ ဇာတ်ဝင်ခန်းတစ်ခုမှာ မြင်းက ကျွန်တော့်ကို ခါချနေလို့ မြင်းစီးသင်ဆရာနန်းက ဆရာတွေသင်ပေးခဲ့တဲ့အတိုင်း ဇက်ကြိုးကို နာနာဆွဲပြီး ဒူးနှစ်ဖက်နဲ့ ညှပ်ထားနိုင်လို့သာ မြင်းပေါ်က မကျခဲ့တာ' လို့ အေးမြတ်သူက သူ့အတွေ့အကြုံကို ပြောပြခဲ့တာကြောင့် **မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ်**ဟာ အေးမြတ်သူအတွက် ထူးခြားစေမယ့် ကားတစ်ကားဖြစ်တယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

■ မိုးကျော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်ပေးထားတဲ့နေရာကို တည်ငြိမ်အောက်မေ့လိုသူ

မန်းသူ

ထိုသီချင်းကို
ဖန်တီးခဲ့သူက
'ကျုပ်က ဘော့ပင်၊
ဒါဆို ခင်ဗျားက စက္ကူစ၊
ပကာသန
ချွတ်ပစ်လိုက်ရင် G-Fatt၊
မဟုတ်ဘူး မြတ်သူက၊
ကဲတရားကို
ကပ်တိုး ငါ ညှဉ်ပြီး...
လာဘ်ထိုးစရာ မရှိ၊
ကျုပ်က
ခင်ဗျားခြေထောက်နဲ့
မတော်တဲ့...
ဖိန့်ပ်မျိုးပါ အမိ'
ဆိုသည့်
G-Fatt ပင် ဖြစ်သည်။
G-Fatt က
ဂျင် ဆိုသည့်
တစ်ကိုယ်တော်
တေးစီးရိုးကို
Audio CD အဖြစ်သာ
ထွက်ထားသော်လည်း
ပရိသတ်အားပေးမှုကို
အရုပ်မပါ၊
အသံနှင့်ပင်
ရရှိခဲ့ပြီး
စင်မြင့်ဖျော်ဖြေပွဲများတွင်
တစ်နေရာရရှိခဲ့သူ
ဖြစ်သည်။

'ဒီနိုင်ငံက နင်
ထွက်သွားတော့မယ်ဆို...
အပြည်ပြည်ဆိုင်ရာ
လေဆိပ်ကြီးထဲ ငိုလို့...
Bye Bye, Bye Bye'
သီချင်းလေးက
လူငယ်တွေကြားထဲ
လျင်လျင်မြန်မြန်
တိုးဝင်ပျံနှံ့ခဲ့သည့်
သီချင်းဖြစ်သည်။
ဆယ်ကျော်သက်
လူငယ်များ၏
ပါးစပ်ဖျား
ရေပန်းစားခဲ့သည့်
သီချင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

G-Fatt ကို စိုင်းစိုင်းခမ်းလှိုင်က Franzo ထုတ်လုပ်ရေးနှင့် လက်တွဲရန် ကမ်းလှမ်းခဲ့ပြီး စိုင်းစိုင်း၏ Music Tour များနှင့်အတူ G-Fatt ကို တွေ့ကြရတော့မည်ဖြစ်သည်။ G- Fatt ဂီတ၊ G-Fatt ဘဝ၊ G-Fatt သံစဉ်များကို အိမ်တိုင်ရာရောက် သွားရောက် နားဆင်ခဲ့သမျှ ပြောပြချင်ပါသည်။

❑

G-Fatt က ရွေးချယ်စရာ ဂီတတွေ အများကြီးထဲကမှ ဒီ Hip Hop ဂီတကို ဘာကြောင့်ရွေးချယ်ဖြစ်တာလဲ။ လူငယ်ဘို့လို့လား။

ဒီဂီတထဲမှာ G-Fatt စွဲလမ်းမိတဲ့အရာက...။

အဓိကကတော့ ဒီဂီတထဲမှာ ပွင့်ပွင့်လင်းလင်းနဲ့ အရာရာကို ဒဲ့(တဲ့တိုး) ပြောနိုင်တယ်။ လွတ်လပ်တယ်။ လူငယ်ဆန်တယ်ပေါ့နော်။ ကျွန်တော် သွယ်ဝိုက် ပြောနေစရာ မလိုဘူး။ ကျွန်တော်တို့ ပြောချင်တဲ့အရာကို သီချင်းထဲမှာ ထုတ်ဖော်ပြောနိုင်တယ်။ Hip Hop စပေါ်တဲ့ နိုင်ငံမှာလည်း အဲဒီလိုမျိုးပဲ။ အဲဒီအရာကို ကြိုက်တာပါ။ ကျွန်တော်တို့ ရင်ထဲမှာ ခံစားနေရတာ၊ ဒါမှမဟုတ် တခြားသူ ရင်ထဲမှာ ခံစားနေရတာကို ကျွန်တော်တို့က လိုက်ခံစားပြီး ပြန်ထုတ်ပေးနိုင်တယ်။ အဲလိုအပွင့်လင်းဆုံးပြောရတာကို ကြိုက်လို့ပါ။

ဒီဂီတက နိုင်ငံတကာက ဝင်လာတဲ့ ဂီတဖြစ်တယ်။

အခု G-Fatt သီဆိုတဲ့ Hip Hop သီချင်းတွေက နိုင်ငံတကာ စံနှုန်းမပါ၊ ကိုယ့်ဂီတနဲ့ပတ်သက်ပြီး ဘယ်လိုစိတ်နဲ့ ဖန်တီးခဲ့လဲ။

Hip Hop ကတော့ တခြားတိုင်းတစ်ပါးက ယဉ်ကျေးမှုကို ကျွန်တော်တို့က ပြန်ယူပြီး လုပ်တာကိုး။ ဒီတော့ သူတို့လိုမျိုး တစ်ပုံစံတည်းတော့ မဟုတ်ဘူး။ ကျွန်တော်ကတော့ မြန်မာပိုဆန်တယ်။ Rap ရွတ်တာမှာလည်း မြန်မာပိုဆန်တယ်။ နိုင်ငံတကာအဆင့်မီဖို့ မမီဖို့ ဆိုတာက ကျွန်တော်တို့အတွက် လိုပါသေးတယ်။ အများကြီး လိုပါသေးတယ်။ လေ့လာသင်ယူစရာတွေ အများကြီး ရှိပါတယ်။ ကျွန်တော်တို့ 'စံ' ထားတာကတော့ ကိုယ့်စိတ်ထဲက ခံစားချက်၊ တခြားသူတွေ ရင်ထဲက ခံစားချက်၊ ကျွန်တော်တို့ မျက်စိရှေ့မှာ မြင်နေရတဲ့ဘဝတွေကို ခေါင်းထဲက ထုတ်နိုင်တဲ့ စာသား၊ ကာရံ အယူအဆ၊ ကျွန်တော်တို့ ဖန်တီးနိုင်တဲ့ Instrumental ပိုင်းတွေနဲ့ အကောင်းဆုံးတွေကိုတော့ ကျွန်တော်တို့နိုင်ငံက ပရိသတ်တွေကို တင်ဆက်ပြနိုင်တယ်လို့ ထင်တယ်။

G-Fatt က နိုင်ငံတကာ Hip Hop အနုပညာရှင်တွေထဲမှာ ဘယ်သူ့သီချင်းတွေကို ကြိုက်လဲ၊ ဘယ်သူ့ဖက်ရှင်တွေကို နှစ်သက်လဲ။

ဖက်ရှင်ပိုင်း ဆိုရင်တော့ ကျွန်တော်က မက်ရှင်းကမ်းကလေကို ကြိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အရောရော ဘယ်လို
ဂီတခံယူချက်ထားလဲ။
ဂီတက ကျွန်တော့်အတွက်
မရှိမဖြစ်ပါပဲဗျ။
ကျွန်တော်က ဗုဒ္ဓဘာသာ
ကိုးကွယ်ရာ။
အဲဒါအပြင် ထပ်ပြီးတော့
အဲဒီအပြင် ကျွန်တော့်ရဲ့
စိတ်ခံစားမှုတွေ၊
စိတ်ဆင်းရဲမှုတွေ၊
ဝမ်းသာမှုတွေအားလုံးကို
ဖြေဖျောက်နိုင်မယ့်တစ်ခုလို့
ထပ်ပြောလို့ရပါတယ်။
ကျွန်တော့်အတွက်
ဂီတက မရှိမဖြစ်ပါ။
ဂျင် အတွက် VCD ကို
G-Fatt ပရိသတ်က
မျှော်လင့်နေကြပြီလို့
ထင်တယ်လေ။
အဲဒီအတွက်ရော
G- Fatt
ဘယ်လိုစဉ်းစားလဲ။
ပထမက တစ်ခွေလုံး
VCD ရိုက်ဖို့လည်း
ကျွန်တော်
စဉ်းစားပါတယ်။
ဒါပေမဲ့ အဲဒီလိုဆိုရင်
အချိန်တွေ အများကြီး
ပေးရမယ်။
ပြောရရင် ၆ လလောက်
သီချင်းတွေမလုပ်ဘဲ
VCD ပဲ
ထိုင်ရိုက်နေရမှာပေါ့နော်။
အဓိကကတော့
ကျွန်တော့်သီချင်း
အသစ်တွေလုပ်ချင်တယ်။
ဆက်တိုက်
ဆက်လုပ်ချင်တယ်။
အခု ဒုတိယအခွေပဲ
လုပ်မလား၊ ဂျင် ကိုပဲ
MTV ရိုက်မလား။
ဒါမှမဟုတ်
ဒုတိယအခွေနဲ့

Music ပိုင်းအရ၊ ကာရံအယူအဆအရ
ကြိုက်တဲ့သူဆိုရင်တော့ ဒက်လိုင်းကို အကြိုက်ဆုံးပါဗျ။
သူတို့နိုင်ငံက Hip Hop ကကျတော့ အတော်ပြင်းထန်တယ်နော်။
Hip Hop က အဲဒီလိုပေါ့။ ကိုယ်ပေါက်ဖွားရာ ဒေသနဲ့၊
ကိုယ်ကြီးပြင်းရာ ဒေသနဲ့ဆိုင်ပြီး ကိုယ့်စိတ်ထဲက ထွက်လာတဲ့ ဂီတပေါ့။
ဒီတော့ သူတို့ ရေမြေဒေသက ကျွန်တော်တို့နဲ့ မတူဘူး။ သူတို့က
အဖိအနှိပ်ခံရပြီးတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာအမြင်နဲ့ ကြည့်ရင်
အင်မတန် ရိုင်းစိုင်းတာမျိုး ရှိမယ်။ သူတို့ စာသားတွေက
ကြမ်းတမ်းနေတာမျိုး ရှိမယ်။ ကျွန်တော်တို့ဆီက အဲဒီလိုမျိုးမရှိဘူး။
ကျွန်တော်တို့ ဆင်းရဲချိန်မှာလည်း ဆင်းရဲတဲ့အကြောင်း ရေးခဲ့တာပဲ။
ကောင်မလေးတွေနဲ့တွေ့ပြီး ချစ်တဲ့အချိန်မှာလည်း ချစ်တဲ့အကြောင်း ရေးခဲ့တာပဲ။
စစ်သားတစ်ယောက်လိုပါပဲဗျာ။ ရှေ့တန်းထွက်တဲ့အချိန်မှာလည်း
ရန်သူကို ပစ်ရမှာပဲ။ အိမ်ပြန်ရောက်တော့လည်း သူမိသားစုနဲ့
ဖျော်ရွှင်စွာ နေတယ်။ ဖျော်ရွှင်ချိန်မှာ စစ်တိုက်ထွက်တုန်းကလို
မကြမ်းတမ်းရကောင်းလားလို့တော့ ပြောလို့မရဘူးလေ။
သီချင်းတွေကို ဘယ်အချိန်မှာ ပို့ရေးဖြစ်လဲ။ G-Fatt ရင်ထဲက
သံစဉ်စာသားတွေ ထွက်လာဖို့ ဘယ်အရာတွေက အထောက်ပံ့ကောင်းလဲ။
အဓိက,ကတော့ စာအုပ်တွေပေါ့နော်။ ပြီးတော့ ကျွန်တော်
ဆက်ဆံရတဲ့ပတ်ဝန်းကျင်။ ပြီးရင် အဲဒီပတ်ဝန်းကျင်ပေါ်မှာ
ကျွန်တော့်ရဲ့ခံစားတတ်တဲ့စိတ်က အဓိကပါပဲ။
ငယ်စဉ်ကတည်းက ဂီတအပေါ် G-Fatt ဘယ်လိုခံစားလဲ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဂျင် နဲ့ပေါင်း ပြီးတော့မှ ကောင်းတဲ့အလုပ်တွေပဲ ရွေးပြီး MTV လုပ်မလား။ ဒုတိယအခွေကို ထုတ်လိုက်ပြီး *ဂျင်* အတွက် အကောင်းဆုံး ၂ ပုဒ်၊ ၃ ပုဒ်လောက်ကို Online ပေါ် တင်ပေးလိုက်မလား ဆိုတာတွေကို ဆုံးဖြတ်ရခက်နေပါတယ်။

သီချင်းအသစ်တွေ အတွက် ကုန်ကြမ်းအသစ်တွေ ရနေပြီဆိုတဲ့ သဘောပေါ့။

ဟုတ်။ သီချင်းအသစ်အတွက် ကုန်ကြမ်းတွေ ရနေပါပြီ။ တချို့ကတော့လည်း အရပ်ကို ကြည့်ချင်သေးတာပေါ့နော်။ ဘယ်လိုလေးများ ရှိက်မလဲ၊ ဖန်တီးမလဲပေါ့။

ဒါဆို ရင် အရ ဆို Online မှာ တစ်ပုဒ်ကောင်း သေချာရိုက်ပြီး လွှင့်ကြတယ်။ G-Fatt စိတ်ထဲမှာရော ဘယ် သီချင်းကို လုပ်ချင်စိတ် အရှိဆုံးလဲ။

ကျွန်တော် 'ရူဝ်ကြယ်' ကို Documentary ဆန်ဆန် ရိုက်ပြီး လွှင့်ချင်ပါတယ်။ လုပ်ချင်တာပေါ့နော်။

အရက Frenzo နဲ့လည်း စာချုပ်အရ စီစဉ်နေရပြီဆိုတော့ တခြားShow တွေ အတွက် ဘယ်လိုလက်ခံလဲ။

Frenzo ကတော့ ကျွန်တော့်အဖွဲ့အစည်းလည်း ဖြစ်တဲ့အတွက် ပထမဦးစားပေးပါ။ နံပါတ်တစ် ဦးစားပေးပေါ့။ Frenzo နဲ့ မတိုက်တဲ့ ပွဲတွေ၊ ဥပမာ Frenzo ရန်ကုန်မှာ ဆို၊ တခြားနယ်ပွဲပေါ့ အဆင်ပြေရင် ပြေသလိုအားလုံးနဲ့ ပွဲစီစဉ်သူတွေနဲ့ အဆင်ပြေအောင် ပွဲကို မတိုက်အောင် စီစဉ်ပါတယ်။ Frenzo နဲ့ ပွဲတိုက်ရင် ရှောင်ပါတယ်။

အခုနောက်ပိုင်း အဆိုတော် အောင်မြင်လာရင် ရုပ်ရှင်ရိုက်တယ်၊ သရုပ်ဆောင် အောင်မြင်လာရင် သီချင်းဆိုတယ်။ အနုပညာနှစ်ခုကို ဖလှယ်ကြတယ်ပေါ့။ G-Fatt ကိုရော သရုပ်ဆောင်အဖြစ် မြင်တွေ့ရဖို့ ရှိသေးလား။

ဘယ်လိုပြောရမလဲ၊ ကျွန်တော်က ကိုယုန်လေးတို့နဲ့ **ကိုယ့်သမိုင်း ကိုယ်ရေးကြသူများ-** ၂ ဆိုပြီးတော့ ရိုက်ထားတယ်။ အဲဒီထဲမှာ ပါဝင်သရုပ်ဆောင်ထားတယ်။ သရုပ်ဆောင်ဖြစ်တယ်ဆိုတာလည်း သရုပ်ဆောင်လုပ်မယ်၊ မင်းသားလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ပါဘူး။ ကျွန်တော် ဂီတကိုပဲ ကျွမ်းကျင်တယ်။ ကျွန်တော့်ရဲ့ပင်မဂီတမှာပဲ ကျွန်တော် နေမှာပါ။ G-Fatt က 'ဒီနေ့ ဒီအချိန်မှာ G-Fatt ဆိုပြီးနေရာလေး တစ်နေရာရခဲ့တာက သူတို့ရဲ့ထောက်ခံမှုမပါဘဲ ကျွန်တော့်ရဲ့အရည်အချင်းကောင်းတွေချည်းပဲနဲ့ မရပါဘူး။ အဲဒီလိုထောက်ခံအားပေးမှု အများကြီးပေးခဲ့တဲ့ ကျွန်တော့်ပရိသတ်တစ်ယောက်ချင်းစီကို ကျေးဇူးအများကြီးတင်ပါတယ်။ ဒီထက်ပိုပြီး သူတို့ပေးတဲ့နေရာကို ကြီးမားကျယ်ပြန့်အောင် တည်ဆောက်ပါ့မယ်။ အဲဒီလိုတည်ဆောက်တဲ့ နေရာမှာလည်း သူတို့ ထောက်ပံ့ခွန်အား အများကြီး လိုပါတယ်။ ဆက်လက်ထောက်ခံအားပေးကြပါဦးလို့။ ကျွန်တော်လည်း ဒီထက် ပိုကြိုးစားသွားပါ့မယ်လို့။ ကျေးဇူးတင်ပါတယ်ခင်ဗျ' ဟု သူ၏ပရိသတ်ကြီးကို ရွှေအမြုတေကတစ်ဆင့် စကားလက်ဆောင် ပါးခဲ့သည်။

G-Fatt အိမ်က ပြန်လာချိန် နေ့အလင်းရောင် ပျောက်ကွယ်၊ လရောင်ကို လျှပ်စစ်မီးများက လွှမ်းမိုးသွားချိန်။ လမ်းထိပ်က မာကျူရီမီးအလှ ရောင်စုံ ထွန်းညှိထားသည့် Tea House မှ *'မင်းမှာ ဦးရှိသားနဲ့၊ မင်းမှာ ကွဲးရှိသားနဲ့၊ မင်းမှာ ဘဲရှိသားနဲ့၊ မိန်းကလေး မင်းက လာမကြောင်နဲ့...။ မွတ်နေတာ သူက ဂျင်လည်တာမျိုး။ ငါလာမိတ်ဆက်တော့ ခင်တွယ်စရာအချို့၊ တစ်ကိုယ်တည်း အပျိုကြီး။ Single ပါဆို။ ပြီးမှ မင်းကွဲးနဲ့ ငါမသိအောင် ချိန်းပြီး မမြင်ကွယ်ရာ ခိုး...။ ဦးစိုင်းကို အပြင်မှာတွေ့ရင် ဆွဲနမ်းမှာဆို...။ ကွဲး G-Fatt က သမီးတို့ရဲ့အသည်းတစ်ခြမ်းပါလို့...'* ဆိုသည့် စိုင်းစိုင်းခမ်းလှိုင်နှင့် G-Fatt ၏ *Single* လေးတွေ ရှိတ် သီချင်းက ရောင်စုံညအလှနှင့် အပြိုင် မြူးကြွနေပါ၏။

■

မန်းသူ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှိသလောက် လုပ်သွားချင်တယ်

မန်းသူ

ကျင်လည်ရင်း ယခုဆိုလျှင် သရုပ်ဆောင်ဘက်သို့ စတင်ခြေလှမ်းလာပြီဖြစ်သည့် ရုပ်ရှင်ဖူးငုံပွင့်သစ်ဟု ဆိုရမည်ဖြစ်သည်။ သြဘာ၏ ပွင့်သစ်အိပ်မက်များကို ဖတ်ကြည့်မိရာတွင်...

သြဘာရဲ့ ယော်အိပ်မက်တွေ ပြောင်းပြန်ဖြစ်သွားတဲ့ စိတ်ကူးက...

အိမ်သားတွေ အကုန်လုံးက ဝိုင်းတားတယ်လေ။ နှင့်ရုပ်နှင့်ရည်နဲ့သေချင်လို့လားပေါ့။ ကျွန်တော်က ယောကျ်ားဆန်ဆန် အတိုက်အခိုက်တွေကို သဘောကျတယ်။ ဒါပေမဲ့ နောက် တစ်ခုကကျတော့ ကျွန်တော် ငယ်ငယ်ကတည်းက သူများ ဖျော်ရွှင်အောင်အဖြေလုပ်ပေးတယ်။ သူများငိုတာ မမြင်ချင်ဘူးဗျာ။ သူများငိုရင် ရယ်အောင်လုပ်တယ်။ အဲဒီ ၃ တန်း၊ ၄ တန်းအရွယ်က စိတ်ဓာတ်က အခုတော့ အကောင်အထည်ပေါ်လာတာပေါ့။

အခု ကိုယ်ရွေးလိုက်တဲ့ လိုင်းကိုရော မှန်တယ်ထင်လား။

ကွက်တိကျတယ်လို့ပဲ ပြောရမယ်ခင်ဗျ။

ဒီလိုအနေအထား၊ မော်ဒယ်လ်ကို ဘယ်လိုပုံစံနဲ့ ဝင်ရောက်ခဲ့တာလဲ။

'ကျွန်တော် တကယ် ဖြစ်ချင်ခဲ့တာက စစ်သားဖြစ်ချင်တာ။ ဒါပေမဲ့ အကြောင်း အမျိုးမျိုးကြောင့် ပြောင်းပြန်တွေ ဖြစ်ကုန်တယ်' ဟု ပြောကြားလိုက်သူက *ဂယ်ဘဲ ဂယ်ဘဲ* သီချင်းတွင် ခပ်နွဲ့နွဲ့ဇာတ်ရုပ်ဖြင့် သရုပ်ဆောင်ထားသည့် သြဘာ ဖြစ်သည်။ သြဘာက မော်ဒယ်လ်လောကမှာ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





မော်ဒယ်လ်ပြိုင်ပွဲ စပြိုင်ရင်းနဲ့ ဒီလမ်းကြောင်းထဲ
ရောက်လာတာပါ။ ၂၀၁၃ ခုနှစ်မှာ ကိုဌေးမင်းထွန်းက
သူ့ဆီမှာ လူတွေက အိမ်ထောင်တွေကျကုန်တော့
မော်ဒယ်လ်တွေလိုတယ်လေ။ ကျွန်တော့်ကို မဆိုးဘူးဆိုပြီး
ခေါ်သုံးရင်းနဲ့ Face of Myanmar မှာ ဆုရတယ်။
ဒီလိုနဲ့ပဲ ဒီလောကထဲရောက်လာတာပါ။

**ပြိုင်ပွဲအတွေ့အကြုံတွေကရော ၃ နှစ်အတွင်း
ဘယ်လောက်ရှိလဲ။**

ပြိုင်ပွဲ ၁၄ ပွဲ ပြိုင်တယ်။ ဆုက ၁၈ ဆု ရခဲ့တယ်။
ပြိုင်ပွဲမဟုတ်တဲ့ Show ပွဲတွေကတော့ အများကြီးပဲဗျ၊
မမှတ်မိတော့ဘူး။

**မော်ဒယ်လ်ကနေ ဂယ်ဘဲ သီချင်းရိုက်တယ်။
အဲဒီကတစ်ဆင့် ရုပ်ရှင်ရိုက်တယ်။
ရုပ်ရှင်ရိုက်ဖြစ်တဲ့အကြောင်းက...**

ကျွန်တော်က ကြားထဲမှာ Air ကမ္ဘောဇလေယာဉ်မောင်
ကြော်ငြာ ရိုက်ဖြစ်တယ်။ ကျွန်တော့် facebook မှာ
အဲဒါတင်တော့ ရုပ်ရှင်ထုတ်လုပ်မယ်ဆိုတဲ့
တစ်ယောက်က သူလည်း စွန့်စားချင်တယ်ပေါ့နော်။
ကျွန်တော့်ရုပ်ကိုလည်း သူက ဖြစ်နိုင်တယ်၊ မဆိုးဘူး
ပေါ့။ ပြီးတော့ ကျွန်တော်က facebook မှာ အရာရာ
မိဘကျေးဇူးအကြောင်းအရာတွေပဲ၊ အမေကိုချစ်တဲ့
အကြောင်းအရာတွေပဲ တင်တာများတော့
မိဘကို သိတတ်တယ်ဆိုပြီး စင်တင်ပေးချင်တာပေါ့။

**ဒါရိုက်တာ ညီမင်းလွင်ရဲ့ 'လက်စားချေနတ်သမီး'
စာတ်ကားကနေ ဘာတွေရအောင်ယူခဲ့လဲ။ ဖြိုးဌေဖိုးတို့၊
သက်မွန်မြင့်တို့ကလည်း ဝါရင့်သရုပ်ဆောင်တွေဆိုတော့လေ။**

သူတို့ဆီက အားလုံး ရအောင်ယူတယ်။
စကားပြော အဖြတ်အတောက်က အစပေါ့။
ပြီးတော့ မျက်ရည်ဝဲရင် ဘယ်လိုဝဲရမလဲ ဆိုတာကအစ
ရလိုက်ပါတယ်။ သူတို့ကလည်း သင်ပေးတယ်။
ငါတို့က အသစ်ကနေ ဟောင်းလာတာတဲ့။
နင်လည်း မကြာခင် အသစ်ကနေ ဟောင်းလာမှာပါ။
ကိုယ်ချင်းစာတဲ့အတွက် လက်တွဲခေါ်ပါတယ်တဲ့။

**ဒီသရုပ်ဆောင်အနုပညာကို ဘယ်အထိရောက်အောင်
သွားချင်လဲ။**

ကျွန်တော်အသက်ရှိသလောက် လုပ်သွားချင်ပါတယ်။
ဒီအလုပ်ကို တကယ်လည်း ဝါသနာပါပြီး တကယ်လည်း
ချစ်နေပါပြီ။
သဘာဝက မိမိအနေနှင့်အသစ်တစ်ယောက်ဖြစ်သည့်အတွက်
အမှားဆိုတာတော့ ပါနေဦးမှာဖြစ်ကြောင်း၊ တဖြည်းဖြည်း
နှင့်ထိုအမှားများကို ကောင်းအောင်လုပ်ပြီး ပရိသတ်ချစ်လာ
အောင် ကြိုးစားပါမည်ဟုလည်း ပရိသတ်ကိုပြောကြားခဲ့သည်။

■ မန်းသူ

www.burmeseclassic.com

www.burmeseclassic.com

ဂီတနဲ့ အသက်မွေးခွင့် ရချင်တယ်

မနီးသူ



Myanmar Idol သီချင်းဆိုပြိုင်ပွဲတွင် Season-1 တွင် အကောင်းဆုံး ဆန်ခါတင် ၁၁ ဦးတွင် ပါဝင်ခဲ့ပြီး ပြိုင်ပွဲကာလတစ်လျှောက် ပရိသတ်အားပေးမှုအပြည့်နှင့် နောက်ဆုံး ၃ ယောက်ထဲတွင် ပါဝင်ခဲ့သည့် နင်ဇီမေက အကောင်းဆုံး ၁၁ ယောက် တွဲသီဆိုထားသည့် Acoustic Album အခွေတွင် ပါဝင်သီဆိုရင်း ပထမခြေလှမ်း စတင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် နင်ဇီမေက တစ်ကိုယ်တော် အခွေအတွက်လည်း အားယူနေသည်။ ဂီတလမ်းမပေါ်သို့ မည်ကဲ့သို့ ရောက်ရှိလာသည်ကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာတွင်...

Myanmar Idol ကို နင်ဇီမေ ဘယ်လိုသိပြီးတော့ ပါဝင်ဖြစ်ခဲ့တာလဲ။

အိမ်မှာ အမေက mntv အမြဲတမ်းကြည့်တယ်။ သူက mntv ရဲ့ပရိသတ်လေ။ အဲဒီမှာ ကြော်ငြာသွားတွေ့တယ်။ From သွားတွေ့တယ်။ Myanmar Idol ဆိုတာကို သွားတွေ့တယ်။ အဲဒီမှာ ဒါက ဘယ်က လာတာလဲဆိုတာ Facebook မှာ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သိတတ်စအရွယ်ကတည်းက
စ,ဆိုနေပြီ။ ဘုရား ကျောင်းမှာ အမြဲ
ဆိုရတာလေ။ တစ်ပတ်မှ မလွတ်ခဲ့ဘူး။
အဖေတို့၊ အမေတို့ဆီက ပိုးပါတယ်ပဲ
ပြောရမယ်။ အဖေနဲ့အမေက သီချင်း
အရမ်းကြိုက်တယ်။ သူတို့နှစ်ယောက်က
အနုပညာ သွေးတော့ မပါခဲ့ပေမဲ့ သူတို့ကော၊
ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံးကော
သီချင်းကို အရမ်းကြိုက်ခဲ့တာပါ။
**Myanmar Idol လက်ရွေးစင် ၁၁ ဦးထဲမှာ
ပါလာပြီဆိုတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို
ယုံကြည်မှု ဘယ်လောက်ရှိလဲ။**
နောက်ဆုံး ၃ ယောက်ထိ
တက်မယ်လို့ကော
မျှော်မှန်းထားလား။
အဲဒီလိုတော့
ကျွန်မ
မစဉ်းစားခဲ့ဖူးပါဘူး။

သွားကြည့်တယ်။ Myanmar Idol က
အမေရိကန်ကနေ ဖြစ်လာတယ်ဆိုတော့
နည်းနည်းစိတ်ဝင်စားသွားတယ်။
သဘောကျပြီး သွားပြိုင်ဖြစ်တယ်။
**Myanmar Idol က နင်ဇီမေရဲ့
ပထမဆုံး ပြိုင်ပွဲလား။ အရင်ကကော
ပြိုင်ပွဲတွေ ဝင်ပြိုင်ခဲ့ဖူးလား။**
ပြိုင်ပွဲက ဒီလို Offical မဟုတ်ဘဲနဲ့
ပြင်သစ်သံရုံးက လုပ်တဲ့
ပြိုင်ပွဲတို့၊ ကိုရီးယား
သီချင်းဆိုပြိုင်ပွဲတို့ စတဲ့
အဲဒီနှစ်ပွဲမှာတော့ ဝင်ပြိုင်ခဲ့ဖူးတယ်။
အဲဒါတွေကတော့ TV Channel တွေမှာ
မလွှင့်ခဲ့ဘူး။ သူတို့ကိုယ်ပိုင်
အစီအစဉ်လေးတွေဆိုတော့
ဒီလိုပဲ ပေါ့ပေါ့ပါးပါးပဲ။
ပြိုင်ပွဲကြီးအနေနဲ့ကတော့
Myanmar Idol က ပထမဆုံးပါ။
**ဂီတဆိုတာ ဘယ်အရွယ်လောက်
ကတည်းက စိတ်ဝင်စားပြီး
လေ့လာသင်ယူဖြစ်ခဲ့လဲ။**
သီချင်းကို ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဆိုချင်သလိုလည်း ဆိုခွင့်ရတယ်လေ။
ဒီပြိုင်ပွဲကနေ ဘယ်လိုအကျိုးရခဲ့လဲ။ ကိုယ့်အနေနဲ့ ဘယ်သီချင်းတွေ ဆိုနိုင်တယ်၊ ဘယ်ဂီတ ကိုယ်နဲ့ လိုက်ဖက်တယ်ဆိုတာကိုရော သေချာသိသွားလား။
ပြိုင်ပွဲရဲ့ အကျိုးကတော့ အဓိက ပရိသတ်ပေါ့နော်။ နှင်ဇီမေကို ပရိသတ်တွေ သိသွားတယ်။ ကိုယ့်ကို တကယ်ချစ်တဲ့သူတွေ ရခဲ့တယ်။ ကိုယ့်အသံကို နားထောင်ချင်တဲ့သူတွေ ရှိလာတယ်။ အဲဒါ အဓိကပေါ့နော်။ အနုပညာသမားတိုင်းအတွက် အဲဒါဟာ အဓိကပါ။ Fan မရှိရင် ဘာမှလုပ်လို့ မရပါဘူး။ ကိုယ့်ကို တကယ်ချစ်တဲ့သူတွေ ရှိခဲ့တာဟာ ကျွန်မတစ်ယောက်တည်းမှ မဟုတ်ပါဘူး။ ၁၁ ယောက်စလုံးအတွက် ကောင်းကျိုးလို့ ကျွန်မတော့ ခံစားမိတယ်။
အခုလို အနုပညာပရိသတ်တွေ ရလာပြီဆိုတော့ အနုပညာနဲ့ ဘဝခရီးဆက်ဖို့ အင်အားတွေ ရှိပြီလား။ ဆုံးဖြတ်ချက်ကော ချပြီးပြီလား။
ကျွန်မက အဲဒီလိုကြီးတော့ တစ်သမတ်တည်း မထားထားဘူး။ အဓိကတော့ ကျွန်မက ဒီ Music ကို လုပ်ချင်တယ်။ Music ကို လုပ်နိုင်သလောက်ထိတော့ လုပ်သွားမယ်။ နောက်ပိုင်းမှာတော့ ဘယ်လိုဖြစ်လာမယ်မသိဘူး။ စီးပွားရေးတွေလည်း ရှိချင်ရှိလာနိုင်မယ်။ ဒါပေမဲ့ ကျွန်မ တကယ်လုပ်ချင်တာကတော့ Music ပဲ။ Music နဲ့ အသက်မွေးလို့ရရင်လည်း အသက်မွေးဝမ်းကျောင်းအနေနဲ့ လုပ်ချင်ပါတယ်။နှင်ဇီမေက တစ်ကိုယ်တော်အခွေကို ကျိန်းသေလုပ်ဖြစ်မည်ဖြစ်ပြီး ပရိသတ်အတွက် အကောင်းဆုံးများကိုသာ ပေးချင်၍ ကြိုးစားနေကြောင်း၊ တကယ်ထွက်ချိန် ကျလျှင်လည်း အားပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

■ မန်းသူ

ဒါပေမဲ့ Finalist တော့ ဖြစ်ချင်တယ်ပေါ့နော်။ Top 11, Top 10 ထဲတော့ ပါချင်တယ်လို့ ပထမဆုံးဒိုင်တွေနဲ့ တွေ့ဆုံတုန်းမှာတော့ ပြောခဲ့ဖူးတယ်။ အဲဒီစိတ်တော့ ရှိခဲ့ဖူးတယ်။ ပြိုင်ရင်းနဲ့မှ ပရိသတ်ရဲ့ Voting အရ အမှတ်ရတာ ဆိုတော့ Top 3 ထိ ပါသွားခဲ့တော့ ဝမ်းသာပါတယ်။
အရှ ၁၁ ယောက် ထွက်ထားတဲ့ အခွေလေးမှာ ပြိုင်ပွဲတော့ မဟုတ်ပေမဲ့ သီချင်းသွင်းရတဲ့ အချိန်မှာ ဘယ်လိုပြင်ဆင်လေ့ကျင့်မှုတွေ ရှိခဲ့လဲ။
ပြိုင်ပွဲပြီးသွားတဲ့အချိန်ဆိုတော့ ပြိုင်ပွဲလိုတော့ စိတ်ဖိစီးမှုတွေ မရှိခဲ့ဘူး။ အသံသွင်းနေတဲ့ အချိန်မှာ ပေါ့ပေါ့ပါးပါးလေးနဲ့ လွတ်လွတ်လပ်လပ် သီဆိုလို့ရတယ်။ ခံစားလို့ ပိုကောင်းသွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဦးသွေးအေးတို့တေး ရုပ်စုံမဂ္ဂဇင်း စက်တင်ဘာ ၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

ထာဝရအမေ

မိုးကျော်ထွန်း

ကလျာမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ အမေဆောင်းပါးနဲ့ ပတ်သက်ပြီး
ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း (အသည်း)က နှုန်းဒေဝီစာပေမှ ထုတ်ဝေဖို့အတွက်
စာအုပ်မိတ်ဆက်ပွဲကျင်းပတဲ့နေ့က ပြောကြားရာမှာ စာရေးဆရာမကြီး ဒေါက်တာ
ထုတ်ဝေတဲ့ ကလျာမဂ္ဂဇင်းအတွက် သူထံက ဆောင်းပါးတောင်းခဲ့ခဲ့ကြောင်း၊
ကလျာမဂ္ဂဇင်းအတွက် မိခင်ဖြစ်သူနဲ့ပတ်သက်တဲ့ဆောင်းပါးတစ်ပုဒ်အဖြစ်နဲ့
အမေနဲ့ကျွန်တော် ကို ရေးသားပေးခဲ့ကြောင်း၊ အဲဒီကာလ
ဆက်တိုက်ရေးဖြစ်သွားခဲ့ကြောင်း၊ အမေ့အကြောင်း
နှုန်းဒေဝီစာပေမှ ဆရာမ နှုန်းအိအိတို့နဲ့ သခင်မ ဖရိုတို့က စီစဉ်ပြီး ပထမအကြိမ်
ထုတ်ဝေခဲ့ကြောင်း၊ ဒီစာအုပ်ကို စင်ရော်ရှပ်ရှင်ထုတ်လွှပ်ရေးမှူး
ဒေါ်ရိတ်တာ စင်ရော်မောင်စောင်က ရုပ်ရှင်ရိုက်ဖို့ စီစဉ်ထားခဲ့
ဆက်လက်ရေးဖို့ တိုက်တွန်းခဲ့တာကြောင့် အားလုံးကိုမှာ ရေးဖြစ်ခဲ့ကြောင်း

၂၀၁၆ စက်တင်ဘာ ရွှေအပြုံတော ရန်ကုန်မြို့ဝင်း ဘုံ

www.burmeseclassic.com

www.burmeseclassic.com

ထာဝရအမေ ဇာတ်ကားကနဦးပွဲပေးအခမ်းအနားမှာ
နေတိုးဝင်းဦးနဲ့ဇနီးသည်တို့နဲ့အတူ...

"ထာဝရအမေ" ဟူသောကားကန့်ကောက်ပွဲပေး
အခမ်းအနားမှာ ဒေါ်ခင်ဦးအောင်မောင်၊
ဦးသန်းဟောင်းအောင်နဲ့ ဒေါ်သန်းနု

ဇော်ကိုဟာ ခင်ဦးဝင်း(အသည်း)နဲ့
ဒါရိုက်ဟာ ခင်ဦးဦးအောင်မောင်

ဒါကြောင့် **အမေနဲ့ကျွန်တော်** ဒုတိယတွဲဖြစ်သွားခဲ့ပြီး နန်းဒေဝီ စာပေကပဲ ပထမတွဲနဲ့ ဒုတိယတွဲကို ပေါင်းပြီး ထုတ်ဝေခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အတ္ထုပ္ပတ္တိတစ်ခုဖြစ်တဲ့ **အမေနဲ့ကျွန်တော်** ကို ရေးသားရာမှာ ဆရာ ခင်မောင်ဝင်းက ခေတ်ကာလအခြေအနေတွေကိုပါ ထည့်သွင်းရေးသားသွားတာဖြစ်လို့ ဒါရိုက်တာ စင်ရော်မောင်မောင်က ဒီစာအုပ်ကို ရုပ်ရှင်အဖြစ် ဖန်တီးဖို့ စီစဉ်ရာမှာ အဲဒီခေတ်ကာလက အသုံးအဆောင်ပစ္စည်းများစွာ လိုအပ်လာပါတယ်။

လိုအပ်တဲ့ပစ္စည်းများ ငှားရမ်းကြဖို့ ဖေစ်ဘွတ်ခ်က တစ်ဆင့် အကူအညီတောင်းခံတာလည်း စာဖတ်ပရိသတ်များ သတိထားမိကြမှာပါ။ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးဖို့အတွက် မရိုက်ခင် ပြင်ဆင်ရသလို ရိုက်ကူးနေဆဲကာလ၊ ရိုက်ကူးပြီးစီးသွားတဲ့ကာလများမှာလည်း အာရုံစူးစိုက်လုပ်ဆောင်ရတာတွေ အများကြီး ရှိပါတယ်။ အထူးသဖြင့် အခုလို လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်ကို ပြောက်ခံထားတဲ့ဇာတ်တစ်ပုဒ်အတွက် ပြင်ဆင်ရတာ လက်ဝင်လှပါတယ်။

ဒါရိုက်တာ စင်ရော်မောင်မောင်က ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်ရဲ့ **တပြည်သူမရွှေထား** ဝတ္ထုကို ရိုက်ကူးစဉ်ကလည်း အခုလို ခေတ်ဟောင်းပြောက်ခံဇာတ်ဖြစ်တာကြောင့် သူမှာ အတွေ့အကြုံ တော်တော်ရှိပြီး ဖြစ်ပါတယ်။ မရိုက်ခင်မှာ ကြိုတင်ပြီး တော်တော် ပြင်ဆင်ထားပါတယ်။

ဇူလိုင်လ ၂၀ ရက်ကတော့ **အမေနဲ့ကျွန်တော်** ကို ရုပ်ရှင်ကားအဖြစ် ကန့်ကောက်ပွဲပေး အခမ်းအနား နိဂုံးတင်ပြီးတဲ့နောက်

www.burmeseclassic.com

www.burmeseclassic.com

ကျင်းပခဲ့ပါတယ်။ ဒေါက်တာ ခင်မောင်ဝင်းရဲ့မိခင်
ဒေါ်ခင်ခင်အဖြစ် အကယ်ဒမီများရှင်
မေသန်းနုက သရုပ်ဆောင်မှာဖြစ်ပြီး
ဒေါက်တာ ခင်မောင်ဝင်း နေရာမှာတော့
အကယ်ဒမီနေတိုးက သရုပ်ဆောင်မှာပါ။
ဒေါက်တာခင်မောင်ဝင်းရဲ့ချစ်သူ ဒေါက်တာ
ခင်လေးရီနေရာက သရုပ်ဆောင်မှာကတော့
အကယ်ဒမီ ဝတ်မှုဆွေရည် ဖြစ်ပါတယ်။
အဲဒါအပြင် ဒေါက်တာ ခင်မောင်ဝင်းမှာ
ညီအစ်ကိုတွေရှိတဲ့အတွက် အခြားသရုပ်ဆောင်များလည်း
များစွာ ပါဝင်ကြဦးမှာပါ။ ဒီနေ့ ကန်တော့ပွဲပေးမှာ
ထူးခြားချက်တစ်ခုကတော့ စင်မြင့်ထက်မှာ
ဒေါ်ခင်ခင်ပုံနဲ့ တူအောင် ပြင်ဆင်ရိုက်ကူးထားတဲ့
မေသန်းနု၊ ဒေါက်တာခင်မောင်ဝင်းပုံစံနဲ့ တူအောင်
ပြင်ဆင်ရိုက်ကူးထားတဲ့ နေတိုးပုံများကို
ဦးစားပေး ချိတ်ဆွဲထားပါတယ်။
ကန်တော့ပွဲအခမ်းအနားမှာ ဒေါက်တာ
ခင်မောင်ဝင်းက အမှတ်တရစကားပြောကြားရာ
အမေအတွက် ရည်စူးပြီး အလှူအတန်းများ





ပြုလုပ်ခဲ့ကြောင်း၊ ဒီရုပ်ရှင်ကားထုတ်လုပ်မှုကနေ
အမြတ်အစွန်းရရှိခဲ့ရင်လည်း အမေ့အတွက်
အလှူအတန်းများ လုပ်သွားဦးမှာဖြစ်ကြောင်း၊
အသက်အရွယ်ရလာတဲ့အတွက် အလှူအတန်းများဟာ
ဘာသာရေးဘက် ပိုများလာကြောင်း
ပြောကြားသွားပါတယ်။ **ထာဝရအမေ** အမည်နဲ့
ရိုက်ကူးမယ့်ရုပ်ရှင်ကားကို မိုးနဦးရာဒေသဖြစ်တဲ့
အညာဘက်မှာ ကြိုတင်စီစဉ်ထားတဲ့အတိုင်း
ကန်တော့ပွဲပေးပြီးနောက်တစ်နေ့မှာပဲ **ထာဝရအမေ**
အဖွဲ့သားများ ထွက်ခွာသွားကြပြီး ရိုက်ကူးနေပြီ
ဖြစ်ပါတယ်။ ခေတ်မီကင်မရာများ၊ အသုံးအဆောင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများနဲ့ ရိုက်ကူးနေရာသို့ ပရိသတ်များစွာတို့လည်း
လာရောက်ကြည့်ရှုနေကြတာ တွေ့ရပါတယ်။
အမေနဲ့ပတ်သက်တဲ့ ရုပ်ရှင်ကားများစွာတို့
ပရိသတ်ရင်ကို ထိမှန်စေခဲ့ဖူးပါတယ်။
ဥပမာ ဒါရိုက်တာကြီး ဦးသုခ ရိုက်ကူးခဲ့တဲ့
စကားပြောသောအသည်းနှလုံး၊
ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့ရဲ့ **အမေခြေရာ**
စသဖြင့် ရုပ်ရှင်ကားများစွာ ရှိခဲ့ဖူးပါတယ်။
အခု ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးနေတဲ့
ထာဝရအမေ ဟာလည်း ပရိသတ်ရင်ကို
ဆွဲကိုင်လှုပ်ရှားစေနိုင်မယ့် ရုပ်ရှင်ကားတစ်ကား
ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။
ဒီကားရိုက်ကူးရာမှာ ဒါရိုက်တာ စင်ရော်မောင်မောင်နဲ့အတူ
သားဖြစ်တဲ့ မင်းသန့်မောင်မောင်က တွဲဖက်ဒါရိုက်တာ
အဖြစ် ပါဝင်လှုပ်ရှားနေပါတယ်။ သူတို့မိသားစုကို
ချစ်ခင်ကြတဲ့ပရိသတ်များကတော့ **ထာဝရအမေ** ဟာ
သူတို့မိသားစုကို ပြန်လည်ပေါင်းစည်းစေလိမ့်မယ်လို့
မျှော်လင့်နေကြပါတယ်။

■ **မိုးကျော်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မှောင်မိုက်တဲ့ အတိတ် ရွှေရောင်တောက်ပတဲ့ ပစ္စုပ္ပန်နဲ့

ရက်ပ်အဆိုတော် Future

ရာဇာမြည့်



အခု အတွေ့လန်တာမြို့ရဲ့ နွေရာသီတစ်ညနေခင်းက အပြင်မှာ နေရောင်ကျန်ရှိနေဆဲဖြစ်ပြီး လူသွားလူလာ အထူထပ်ဆုံးအချိန်ဖြစ်နေပေမဲ့ အသံဖမ်း စတူဒီယိုတစ်ခုရဲ့ စက်ခန်းထဲမှာတော့ အဲဒီလိုအခြေအနေတွေကို မြင်တွေ့နိုင်မှာ မဟုတ်ပါဘူး။ စတူဒီယိုရဲ့စက်ခန်းက ပြတင်းပေါက်မရှိ၊ အလင်းရောင်ဆိုလို့ အခန်းမျက်နှာကြက်ပေါ်ကို အစိမ်းရောင်ကြယ်ပွင့်ပုံ ထိုးပေးထားတဲ့ ပရိုဂျက်တာအလင်းရောင်နဲ့ Pro Tools အသံဖမ်းကွန်ပျူတာ ဆော့ဖ်ဝဲဖွင့်ထားတဲ့ မိုနီတာဖန်သားပြင်က အလင်းရောင်ပဲ ရှိပါတယ်။ အခန်းထဲက လေကလည်း ကပ်ရှ်လို့ ခေါ်တဲ့ ဆေးခြောက်တစ်မျိုးရဲ့အနံ့တွေနဲ့ လွှိုင်နေပြီး အသက်ရှူလို့ ဝ,လောက်ရဲ့ အောက်ဆီဂျင်တော့ ရှိနေသေးပုံပါပဲ။ အခန်းထောင့် တစ်နေရာက စင်တစ်ခုပေါ်မှာတော့ Sprite, Pineapple, Sunkist, Strawberry Fanta စတဲ့ အချိုရည် လီတာဝင်ဘူးတွေ ထောင်ထားပါတယ်။ ကမ္ဘာကျော် ကာတွန်းဇာတ်ကောင် Homer Simpson ရဲ့ ရုပ်ပုံကို ပုလင်းပတ်ပေါ်မှာ ရိုက်နှိပ်ထားတဲ့ ကိုဒင်း ချောင်းဆိုးပျောက်ဆေးရည် ပုလင်းတစ်လုံးလည်း ရှိနေပါတယ်။ အဲဒီအချိုရည်တွေက ကိုဒင်းနဲ့ ရောသောက်ဖို့ပါ။ စတူဒီယိုက မြို့ထဲကနေ နှစ်မိုင်လောက် အကွာအဝေးက စက်မှုဇုန်လမ်းမပေါ်မှာပါ။ အဝင်ဝမှာ လုံခြုံရေးဂိတ်တစ်ခုထားထားတဲ့ စတူဒီယိုစက်ခန်းနဲ့ တစ်ဆက်တည်းမှာ အဆိုခန်း တစ်ခန်းရှိပါတယ်။ အဲဒီအဆိုခန်းဟာ အတွေ့လန်တာရဲ့ လက်ရှိ ဟစ်ပ်ဟော့ပ်ဘုရင် Future ရဲ့အလုပ်ခန်းပါပဲ။ Future က အရပ် ခြောက်ပေ သုံးလက်မမြင့်ပြီး ရှုပ်ထွေးလိမ်ကျစ်နေတဲ့ ဆံပင်အဖျားတွေကို ရွှေရောင်ဆိုးထားပြီး ပါးရိုးကားကားကလည်း ထင်ရှားပေါ်လွင်လှကာ အထက်တန်းကျောင်းသားဘဝက

www.burmeseclassic.com

Drake, Atalanta နဲ့ အတူတွေ့ရတဲ့ Future (သူတို့နှစ်ယောက် ပူးတွဲတင်ဆက်ခဲ့တဲ့ What a Time to be Alive အယ်လ်ဘမ်က ထိပ်ဆုံး ၄၀ စာရင်းမှာ ပါဝင်ခဲ့ပါတယ်)

အားကစားသမား ဖြစ်ခဲ့တာကို ထင်ထင်မြင်မြင် ရှိစေပါတယ်။ တကယ်တော့ Future က ရက်ပါတစ်ယောက် ဆိုတာထက် ရုပ်ရှင်မင်းသားတစ်ယောက်နဲ့ ပိုပြီးတူနေတာပါ။ Future အဖြစ်နဲ့ နာမည်မကျော်ကြားခင် ရုန်းကန်ခဲ့ရတဲ့အချိန်တွေတုန်းက ရဲစခန်းမှာ လူဆိုးမှတ်တမ်းအဖြစ် ရိုက်ကူးခဲ့ရတဲ့ ဓာတ်ပုံတွေ အွန်လိုင်းပေါ်မှာ ပြန်လည် ပျံ့နှံ့လာတာတောင်မှ အဲဒီပုံတွေက မဂ္ဂဇင်းတစ်အုပ်အတွက် အလှရိုက်ပေးထားတဲ့ ဓာတ်ပုံတွေ အလားပါပဲ။ သူမှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်တဲ့ အပြုံးတစ်ခုကို ပိုင်ဆိုင်ထားပြီး အဲဒီအပြုံးနဲ့ပဲ မိန်းကလေးတွေ သူ့ကို ကျခဲ့ရတာ ဖြစ်ပါတယ်။

Future က မူးယစ်ဆေးဝါးပါတဲ့ ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်း တစ်ဖက်ကလည်း တစ်ခါသုံး ဖော့ခွက်လေးနဲ့ ထည့် ထားတဲ့ အအေးတစ်မျိုးကို သောက်နေပါတယ်။ မူးယစ်ဆေးပါဝင်တဲ့ ဒီဖျော်ရည်ကို ဟစ်ပ်ဟော့ပ်ပရိသတ်တွေက Lean လို့လည်း ခေါ်သလို Drank ဒါမှမဟုတ် Sizzurp လို့လည်း ခေါ်ကြတယ်။ နောက်ပိုင်းမှာတော့



Decatur Georgia ခေါ် Meathead 2

Future က အဲဒီမူးယစ်ဆေး ရောထားတဲ့ ဖျော်ရည်ကို Dirty Sprite လို့ နာမည်တပ်လိုက်ပါတယ်။ သီချင်းစာသားတွေထဲမှာ Xanax, Codeine, Adderall နဲ့ Oxycontin စတဲ့ စိတ်ဝိဉာဉ်ဆေး နာမည်တွေကို ထည့်သွင်းရေးသားခဲ့တဲ့ Future ဟာ Big Pharma အမည်ရ ဆေးဝါးကုမ္ပဏီကြီးဆီက စပွန်ဆာရတဲ့ ပထမဆုံး ရက်ပ်အဆိုတော်လည်းဖြစ်ပါတယ်။ Future က သူ့ကိုယ်သူတော့ ရော့ခ်ဂီတသမားတစ်ယောက်လို့ ခံယူထားသူဖြစ်ပြီး ဝတ်စားဆင်ယင်ရာမှာလည်း ရော့ခ်ဂီတသမားတစ်ယောက်လိုပဲ အရောင်လွှင့်နေတဲ့ ဂျင်းဘောင်းဘီနဲ့ ကွက်ကျားအင်္ကျီကို ခါးအောက်မှာ ချည်ပြီး ဝတ်ဆင်တတ်သူပါ။ (နောက်တစ်နေ့မှာတော့ နာမည်ကြီး Enfants Riches Deprimes ကုမ္ပဏီက ထုတ်လုပ်တဲ့ ၄၃၅ ဒေါ်လာတန် တီရှပ်အင်္ကျီကို ဝတ်ဆင်လာတာ တွေ့ရပါတယ်။ ရင်ဘတ်ပေါ်မှာတော့ High Risk/ Children without a Conscience လို့ စာတန်းထိုးထားပါတယ်။)

ဒီညမှာ Future က သီချင်းလေးပုဒ်ကို အစကနေ အဆုံး တစ်ထိုင်တည်းနဲ့ အပြီး ရေးမှာပါ (*ကျွန်တော်ဟာ ဘယ်တော့မှ မတည်ငြိမ်ပါ*လို့ သီချင်းတစ်ပုဒ်မှာ Future က ထည့်သွင်း ရေးသားခဲ့ပါတယ်။ *မင်းရဲ့ တည်ငြိမ်မှုကို မဆုံးရှုံးပါစေနဲ့၊ ဆုံးရှုံးတာနဲ့ ပွဲပြီးသွားပြီ*လို့လည်း သူက ရေးသားခဲ့ပါသေးတယ်။)။ *Future ဟာ ကလပ်တွေမှာ ဖွင့်တဲ့ မြူးကြွပေ့ါဆိုတဲ့ သီချင်းအမျိုးမျိုးကို တစ်ညတည်းနဲ့ အလဲထိုးနိုင်တဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ်*လို့ ဂီတထုတ်လုပ်သူ Mike Will Made It က ပြောပြပါတယ်။ အဲဒီ အရည်အချင်းကပဲ ၂၀၁၄ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းမှာကတည်းက အရေအတွက်မှာရော၊ အရည်အသွေးမှာပါ တခြားသူတွေ မယှဉ်သာနိုင်အောင် ကောင်းခဲ့တဲ့ Future ရဲ့ ဖန်တီးမှုတွေကို အထောက်အကူ ဖြစ်စေခဲ့တာပဲ ဖြစ်ပါတယ်။ နှစ်နှစ်တာလောက် ကာလ အတွင်းမှာ Mixtapes လို့ခေါ်တဲ့ သီချင်းကောင်းတွေ ပြန်လည်စုစည်း ဆန်းသစ်ထားတဲ့ အယ်လ်ဘမ်လေးချပ်၊ တစ်ကိုယ်တော်အယ်လ်ဘမ် နှစ်ချပ်၊ အဆိုတော် Drake နဲ့ တွဲဖက်တင်ဆက်ထားတဲ့ *What a Time to Be Alive* အမည်ရ အယ်လ်ဘမ်တစ်ချပ်ကိုပါ ထုတ်လုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီစာရင်းထဲက နောက်ဆုံးအယ်လ်ဘမ် သုံးချပ်ဟာ ပွဲဦးထွက် သီတင်းပတ်တွေမှာ ရောင်းအားအကောင်းဆုံး နံပါတ်*တစ်*စာရင်း ဝင်ခဲ့ပါတယ်။

Future ရဲ့ တစ်စထက်တစ်ခု တိုးတက်ကောင်းမွန်လာတဲ့ အသံဟာ

www.burmeseclassic.com

www.burmeseclassic.com

တခြားသူတွေ အပေါ်မှာလည်း သြဇာသက်ရောက်မှု ရှိခဲ့ပါတယ်။ အခုနာမည်ကျော်နေတဲ့ အဆိုတော် Fetty Wap ဟာ Future ရဲ့ ၂၀၁၂ ခုနှစ်ထုတ် *Turn on the Lights* အမည်ရ သီချင်းသီဆိုဟန်ကို အပြည့်အဝ ယူထားပုံရသလို၊ *Panda* အမည်ရ သီချင်းနဲ့ ရေဒီယိုလိုင်းတွေပေါ်မှာ နာမည်ရတဲ့ အဆိုတော် Desiigner ရဲ့ သီဆိုဟန်ကို ကြားကြားချင်း အချိန်မှာ Future ရဲ့ သီချင်းထို့တောင် ထင်မှတ်မိခဲ့ရကြောင်း Mike Will က ပြောကြားခဲ့ပါတယ် (Future ကတော့ ဒီအကြောင်းကို ဘယ်တော့မှ ထုတ်ဖော် ပြောကြားခြင်း မရှိခဲ့သလို အဲဒီအတွက်လည်း စိတ်ထဲမှာ သောက ထောကြောင်း၊ ဆောင်းပါးထဲမှာတောင် အဲဒီအဆိုတော် နာမည်ကို ပါစေချင်တာ ဖယ်ထုတ်ကြောင်း Desiigner နဲ့ ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်)။ Future အစစ်က Drake နဲ့ Chance the Rapper တို့ရဲ့ အယ်လ်ဘမ်တွေမှာ ပါဝင်သီဆိုပေးထားတာ ဖြစ်ပါတယ်(တစ်ခါမှာတော့ Future က *Views* အမည်ရ အယ်လ်ဘမ်ထဲက *Grammys* အမည်ရ သီချင်းကို Drake ရဲ့ ဟန်မပါဘဲ ဆိုပြသွားခဲ့ပါတယ်)။ ပြီးတော့ Future က Drake နဲ့အတူ ဒီနှစ် နွေရာသီမှာ ဖျော်ဖြေရေးခရီးစဉ်တွေလိုက်ဖို့လည်း စီစဉ်ထားပါတယ်။

၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းမှာ R&B အဆိုတော် ဇနီးလောင်း Ciara နဲ့ လမ်းခွဲခဲ့ရတဲ့အဖြစ်ဟာ Future ရဲ့ဘဝကို လှုပ်ခတ်သွားစေခဲ့တဲ့ ဖြစ်ရပ်ပါပဲ။ Ciara ဟာ Future ရဲ့သားသမီး လေးယောက်ထဲက အငယ်ဆုံးကလေးရဲ့မိခင် ဖြစ်ပါတယ်။ Future ကတော့ လက်ရှိအနေအထားအတိုင်းပဲ ဆက်သွားဖို့ ဆုံးဖြတ်ပါတယ်။ "ကျွန်တော်ကတော့ ကိုယ်လုပ်နေတဲ့အလုပ်ကို ဆက်လုပ်နေမှာပဲ။ ဘယ်လောက် ခရီးပေါက်အောင် သွားနိုင်မယ်ဆိုတာ ကျွန်တော် ကြည့်မယ်။ ဘယ်နေရာမှာ ရပ်သွားမလဲ၊ ဘယ်လိုအဆုံးသတ်သွားမလဲဆိုတာ ကြည့်မယ်။ ဒီအချိန်အတန့်လေးကို ကြာနိုင်သမျှ ကြာအောင် ကျွန်တော် ဆွဲဆန့်ထားချင်တယ်။ တကယ်လို့ အဲဒီလို နေ့တစ်နေ့ကိုပြန်ပြီး လွမ်းဆွတ်စရာဖြစ်မယ်ဆိုရင် ကျွန်တော် ဓာတ်ပြားပေါ်မှာပါ လွမ်းနေမိမှာ စိုးတယ်"။

Future ရဲ့သီချင်းရေးနည်းကို အနီးကပ် လေ့လာကြည့်ရာမှာတောင် နားလည်ရခက်ခဲပါတယ်။ Future နဲ့ ကာလရှည်ကြာ လက်တွဲလာခဲ့တဲ့ အသံဖမ်းအင်ဂျင်နီယာ Seth Firkins က Future ကို "ဆေးဝါးလူသား" အဖြစ် နှိုင်းယှဉ်ပြောကြားပါတယ်။ Firkins က Pro Tools ဆော့ဖ်ဝဲ ဖွင့်ထားတဲ့ မိုနီတာရှေ့မှာ Futuer သဘောကျတဲ့ ဂီတထုတ်လုပ်သူတစ်ယောက်ရဲ့ဒရမ်စည်းချက်တစ်ခုကို ထပ်ကာထပ်ကာ ဖွင့်ကြည့်နေပါတယ်။ ဒီနေ့မှာတော့ Mike Will နဲ့ Metro Boomin တို့ရဲ့ သီချင်းတွေကိုလည်း ကြားကြရပါတယ်။ Futuer ကတော့ အသံဖမ်းစက်ခန်းထဲမှာ ဆေးခြောက်၅၂ရင်း မိမိနဲ့ နှပ်နေတာပါ။ သူက မိုက်ခရိုဖုန်းကို မကိုင်မချင်း ဘာသံမှမပေးဘဲ တိတ်ဆိတ်နေတတ်ပြီး တစ်ခါတလေဆို ၄၅ မိနစ်လောက်ကြာတဲ့အထိ စကားတစ်ခွန်းမှမဟဘဲ နေတတ်ပါတယ်။ နောက်ဆုံးမှာတော့ စကားတစ်ခွန်းမှမဆိုဘဲ အဆိုခန်းထဲကို Future ဝင်ရောက်သွားခဲ့ပါတယ်။ အဆိုခန်းရဲ့နံရံမှာ ကပ်ထားတဲ့အဆိုတော် Jay Z ရဲ့ ပိုစတာကားချပ်ရှေ့မှာ ရပ်ရင်း Futuer က ရက်ပ်သီချင်းကို စ၊ဆိုပါတော့တယ်။ နှစ်အတော်ကြာ လက်တွဲလုပ်ကိုင်လာပြီးတဲ့နောက်မှာ Futuer နဲ့ Firkins တို့ဟာ တစ်သား

၂၀၁၃ ခုနှစ်က စွဲစပ်ကြောင်းလမ်းထားသည့် Ciara နှင့်အတူ တွေ့ရစဉ်

Ciara ဒုတ်ကွဲသွားပေးသည့် သားနှင့်အတူ။ (ယခုနှစ် နွေရာသီက တွေ့ရပုံ)

www.burmeseclassic.com

www.burmeseclassic.com



တည်းလို ဖြစ်လာပြီး အပေးအယူ မျှလာကာ Future က ဘာမှ ပြောစရာမလိုဘဲနဲ့ Firkins က ဘယ်နေရာမှာ အချီပိုဒ် ပြန်ဝင်မယ်၊ ဘယ်နေရာမှာ သံပြိုင်ပိုဒ် ထပ်ကာထပ်ကာ ဝင်ရမယ် ဆိုတာက အစသိနေတဲ့သူ ဖြစ်ပါတယ်။

စတူဒီယိုအခန်းထဲမှာ အမြဲတမ်း ရှိနေကျဖြစ်တဲ့ ဓာတ်ပုံဆရာ Shootrr နဲ့ ဗီဒီယိုသမား Nyceတို့အပြင် တခြား စည်သည်တွေလည်း ရှိနေပါတယ် (Future ရဲ့ ကိုယ်ရေးလက်ထောက် အမျိုးသမီး Ebonieလည်း စတူဒီယိုထဲမှာ ရှိနေပါတယ်)။ Mexico Mark လို့ ခေါ်တဲ့ ရက်ပါတစ်ယောက်ကလည်း စတူဒီယိုကို လာရောက် လည်ပတ်နေကျပါ။ Future ရဲ့ ငယ်သူငယ်ချင်းလို့ သူ့ကိုယ်သူ မိတ်ဆက်လာတဲ့ သူတစ်ယောက်လည်း ရှိပါတယ်။ အဲဒီညက အင်္ဂါနေ့ညပါ။ အင်မတန် တိတ်ဆိတ်တဲ့ ညတစ်ညလည်းဖြစ်ပြီး အေးအေးဆေးဆေး နေလို့ရတဲ့ နေရာတစ်နေရာမှာ ရှာရခက်တဲ့ ညမျိုးပါပဲ။

သီချင်းဆိုတဲ့ အခန်းက စက်ခန်းထက်စာရင် အလင်းရောင် ပိုပြီး အားနည်းပါတယ်။ ပိန်းပိတ်အောင် မှောင်လုနီးပါးဖြစ်အောင် အလင်းရောင်ကို ချထားတာပါ။ အဲဒီအခန်းထဲက မိုက်ခရိုဖုန်းအရှေ့မှာ Future က သံစဉ်စည်းချက်အလိုက် ယိမ်းနွဲ့သီဆိုနေတဲ့ သီချင်းတစ်ပုဒ် ပျံ့လွင့် ထွက်ပေါ်နေပါတယ်။ Future က ပရိသတ်အာရုံ ဆွဲဆောင်နိုင်မယ့် သီချင်းတွေကို ကိုယ်တိုင်ရေးသား သီဆိုတာပါ။ Drake ခေတ်လွန်ကာလတွေမှာ ရက်ပါတွေ ကိုယ်တိုင် ရေးသား သီဆိုတာဟာ အသစ်အဆန်းတော့ မဟုတ်ပေမဲ့ Future ရဲ့ ဂီတသံစဉ်တွေ အပေါ် တိမ်းညွတ်မှုက သူ့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းကနေ ပေါ်ပေါက်လာခဲ့ရတာပါ။ သူ့ရဲ့ ဝမ်းကွဲဆွေမျိုးတစ်ယောက် ဖြစ်တဲ့ Rico Wade က Organized Noize အမည်ရ အတွဲလိုက်တာမြို့က ဂီတထုတ်လုပ်ရေးလုပ်ငန်းတစ်ခုကို ဦးစီးထူထောင်ခဲ့သူ ဖြစ်ပါတယ်။ Future က Wade ရဲ့ Dungeon အမည်ရ အသံဖမ်းစတူဒီယိုဆီကို သွားလည်တတ်ပါတယ်။ အဲဒီကိုသွားလည်ရင်းနဲ့ Outkast နဲ့ Cee-Lo စတဲ့ အဆိုတော်တွေဆီကနေ အတုယူစရာတွေ ရရှိခဲ့ပါတယ်။ အတွဲလိုက်တာမြို့ရဲ့ ဂီတသစ်တွေကို ဖန်တီးခဲ့တဲ့ Young Jeezy, Gucci Mane တို့ရဲ့ Organized Noize ထုတ်လုပ်ရေးလုပ်ငန်းအကြားမှာ Future က ကြားခံအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ပါသေးတယ်။

Future က သီချင်းဆိုတဲ့အခါမှာ စိုးရိမ်စိတ်လေးတော့ ရှိတတ်ပါတယ်။ ဒီညမှာတော့ သူ့ရဲ့ အကောင်းဆုံး၊ ဆွဲဆောင်နိုင်စွမ်းအရှိဆုံး သီချင်းစာသားတွေနဲ့ သူ့ရဲ့ အောင်မြင်မှုကို ပေါင်းစပ်စုစည်းပြီး ဘလူးစ်ဂီတဆန်တဲ့ သီချင်းတစ်ပုဒ် သီဆိုသွားပါတယ်။ 'I got it way gone, gone, gone' လို့ သီဆိုတဲ့နေရာမှာ Future က ဒီဇော Metro Boomin ရဲ့ စည်းချက်ကို နင်းပြီး 'gone' ဆိုတဲ့ နောက်ဆုံးစကားလုံးပေါ်မှာ လွမ်းမောဖွယ်ဖြစ်အောင် သီဆိုပြသွားခဲ့ပါတယ်။ "လိုချင်တာအကုန် ရ၊ ရစေမယ်။ လုံလောက်ပြီလို့တော့ မထင်သေးဘူး။ ငါ့ရဲ့ နာကျင်မှုကို မင်း ခံစားရစေမယ်။ အခုထိတော့ မပြီးသေးဘူး" စတဲ့အချီပိုဒ်က စာသားတွေကိုလည်း Future က လှလှပပ သီဆိုပြသွားခဲ့ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ကွန်ပျူတာမှတ်ဉာဏ် Hard Drive က ပျက်သွားလို့ တစ်ညလုံး ကြိုးစားပမ်းစား လုပ်ထားတာတွေ အကုန်ပစ်လိုက်ရကြောင်း နောက်ပိုင်းမှာ Future သိရှိရပါတယ်။ သီချင်း လေးပုဒ်စလုံးကို ပစ်လိုက်ရပြီပေါ့။ Future ကတော့ ပခုံးတွန့်ပြတယ်။ ဘာတတ်နိုင်မလဲပေါ့။ ဒါမျိုး သီချင်းတွေ အများကြီး ထပ်လာဦးမှာပါ။ ဖိအားတွေတော့ များလာတာပေါ့။

Future က ဒီစတူဒီယိုမှာ အသံသွင်းဖို့ လာခဲ့တဲ့ Ciara နဲ့ စတူဒီယိုရှေ့မှာ တစ်ရက်သား စတင်ဆုံတွေ့ဖြစ်ခဲ့ကြတာ ဆိုပါတော့ (ဒီစတူဒီယိုကို ဝါရင့် Pop/R&B အဆိုတော် Tricky Stewart က ပိုင်တာပါ)။ သူတို့နှစ်ယောက် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

ဓာတ် ပုံ တွေ လည်း အတူ ခွိုက်ဖြစ်ခဲ့ကြပါတယ်။ Ciara က သူ့ကို နာမည်ရင်းအတိုင်း Nayvadius လို့ပဲ စ, ခေါ်ခဲ့တာပါ။ Future ရဲ့ သူငယ်ချင်း တချို့ ပြန်လည် ပြောကြားချက်အရ ဓာတ်ပုံ တွဲရိုက်တဲ့အခါ ကိုယ်နေဟန်ထားကအစ ဘယ်လိုနေရမယ်ဆိုတာ Ciara က Future ကို သင်ပြပေးခဲ့ကြောင်းလည်း သိရပါတယ်။ အဲဒီနောက် တွဲသွားတွဲလာနဲ့ပဲ ချစ်သူတွေဘဝ ရောက်ခဲ့ကြပြီး Future က Ciara နဲ့အတူ နေရအောင်လို့ လော့စ်အိန်ဂျလိစ်ကို ပြောင်းရွှေ့လာခဲ့ပါတယ်။ ဂီတလောကမှာ အောင်မြင်မှု အရှိန်ရနေချိန်မှာ အတွဲလန်တာကို Future စွန့်ခွာခဲ့တာပါ။ အဲဒီနောက် အဆိုတော် Miley Cyrus နဲ့ ဆင်ဂဲလ်ဗီဒီယို သီချင်းတစ်ပုဒ်မှာ တွဲဇက် ပါဝင်ပေးခဲ့ပါတယ်။ ဗီဒီယိုထဲမှာ Future က အာကာသ သူရဲ့ကောင်းစတ်စုံ ဝတ်ဆင် သရုပ်ဆောင်ခဲ့ရပါတယ်။ အဲဒီနောက်မှာ Honest အမည်ရ အယ်လ်ဘမ်ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ လူသိများလာတဲ့ Future က ဆံပင်တွေကို ရွှေရောင်ဆိုးပြီး ကော်အေနီပေါ်မှာ လမ်းလျှောက်ဖက်ရှင်ပြပွဲတွေရဲ့ ရှေ့ဆုံးတန်းမှာထိုင်၊ ဓာတ်ပုံတွေထဲမှာ အမြဲပြုံးနေတတ်တဲ့ Future ဖြစ်လာနေပါပြီ။ 'သူက R&B အဆိုတော်မလေးနဲ့လေ။ ကျွန်တော် ပြောတာ သိတယ်မဟုတ်လား' လို့ Mike Will က ဆိုလာပါတယ်။ 'Ciara ဆိုတဲ့ မိန်းကလေးက ဆဲရေးတတ်တဲ့သူတွေကို နှစ်သက်လေ့ရှိတာ မဟုတ်ဘူး' လို့လည်း သူက ဆိုပါတယ်။ Ciara ဟာ Future ရဲ့မိတ်ဆွေအသိုင်းအဝိုင်းတွေအကြားမှာတော့ အဆင်ပြေလှသူ မဟုတ်ပါဘူး။ 'Ciara က ရှေးရိုးစွဲဆန်တယ်' လို့ Future ရဲ့သူငယ်ချင်းတစ်ယောက်က ဆိုပါတယ်။ Future နဲ့ Ciara တို့ဟာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းမှာ စေ့စပ်ကြောင်းလမ်းဖြစ်ခဲ့ကြပါတယ်။ စေ့စပ်ပြီး မကြာခင်မှာဘဲ Ciara က ကိုယ်ဝန်ဆောင်ထားရပြီဖြစ်ကြောင်း ထုတ်ဖော် ကြေညာလာခဲ့ပါတယ်။

ဒီလိုနဲ့ နောက်တစ်နှစ် နှစ်လယ်ပိုင်းလောက်ရောက်တော့ Future ရဲ့လိမ်လည်လှည့်ဖြားမှုတွေကြောင့် အိမ်တွင်းရေးပြဿနာတွေ တက်နေပြီဖြစ်ကြောင်း ကောလာဟလသတင်းစကားတွေ ထွက်ပေါ်လာခဲ့ပါတယ်(Future ကတော့ 'ကောလာဟလစကားတွေကို တုံ့ပြန်နေမှာ မဟုတ်ဘူး။ ငွေရလမ်းကိုပဲ လိုက်ရမှာ ဖြစ်တယ်' လို့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်)။ သူတို့နှစ်ဦးရဲ့သားလေး



www.burmeseclassic.com

www.burmeseclassic.com



Future Zahir Wilburn သုံးလသား အရွယ်အရမှာ ဒီလို သတင်းစကားတွေ ထွက်ပေါ်ခဲ့တာပါ။ အိမ်ထောင်ရေး အဆင်မပြေမှုတွေနဲ့ သူ့ရဲ့ Honest အမည်ရ အယ်လ်ဘမ်အပေါ် ပရိသတ် တုံ့ပြန်မှုက ဟက်ဟက်ပက်ပက်မရှိတဲ့ ခံစားချက်တွေ ပေါင်းဆုံသွားတဲ့အခါမှာ တော့ Future တစ်ယောက် ဘဝကို ရေရှုန်မျှောဖို့ ဖြစ်လာပါတယ်။ 'မင်္ဂလာဆောင်ဖို့ လက်တစ်ကမ်း အလိုမှာ လူသိရှင်ကြား အရှက်ခွဲခံလိုက်ရသလို ခံစားရတယ်။ ဒါဆို ကိုယ်သိတဲ့ ဂီတအလုပ်ကိုပဲ ပြန်လုပ်မလားဆိုတော့လဲ ပရိသတ်က ကိုယ့်ကို ပြန်ပြီး လက်မခံရင် ဘယ်လို လုပ်မလဲ။ နောက်ပြန် လန့်ကျနိုင်တယ်ဆိုတဲ့ အတွေး ဝင်လာတာနဲ့ပဲ အောင်မြင်မှုက ကိုယ့်နားကနေ ထွက်ခွာသွားပြီပေါ့။ ဒါဆို ပွဲပြီးပြီပဲလေ' လို့ Future က ဆိုပါတယ်။

အဲဒီလို လဲကျနေတဲ့ Future ရဲ့ ဘဝကို ပြန်လည် ထူပေးခဲ့သူက Magic City အမည်ရ အတွဲလန်တာ ကလပ်တစ်ခုမှာ Future ရဲ့ ဂီတဘဝအစကို Monday Night ဖျော်ဖြေပွဲတွေနဲ့ စင်တင်

ပေးခဲ့တဲ့ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် DJ Esco ပါပဲ။ Esco က Future ကို ဂီတနယ်ဘက် ပြန်ဝင်ဖြစ်အောင် တိုက်တွန်းအားပေးခဲ့ပါတယ်။ Future က အောက်ခြေလူတန်းစား အခြေပြုသီချင်းတွေ ပါဝင်တဲ့ Mixtape သီချင်းတွေနဲ့ ထင်ပေါ်လာခဲ့တာပါ။ 'အဲဒီလို သီချင်းတွေနဲ့ ဒီနေရာကို တို့တွေရောက်လာခဲ့တာ မဟုတ်ဘူး' လို့ ပြောခဲ့ရကြောင်း Esco က ပြောပြပါတယ်။ 'ဘယ်လိုဂီတမျိုးတွေ ဖန်တီးရမယ်ဆိုတာ မင်းကို သတိပေးပါရစေ' လို့လည်း Esco က ပြောခဲ့ရပါတယ်။ Esco က Future ရဲ့သီချင်းတွေမှာ သံပြိုင်ပိုဒ်လိုပဲ အချီပိုဒ်တွေကိုလည်း အလေးထားဖို့ကိုပါ သတိပေးခဲ့တာပါ။

'မင်း စတူဒီယိုထဲကို ပြန်ပြီး သီချင်းတွေဖန်တီးပါလို့ Esco က ပြောခဲ့တာကို ကျွန်တော် အမှတ်ရနေပါသေးတယ်' ။ Future က စကားဆက်ပါတယ်။ 'မင်းကို ဒုက္ခပေးနေတဲ့ အကြောင်းတွေကို ခေါင်းထဲကနေ မောင်းထုတ်ပစ်လိုက်ပါ။ ကိုယ်က ခရီးတွေ အများကြီး ပေါက်နေပြီပဲ။ ဒုက္ခတွေဘက်ကနေ ဂီတဘက်ကို ဦးလှည့်လိုက်စမ်းပါ။ ဒါဟာ မင်းအတွက် အကောင်းဆုံးဖြစ်စေလိမ့်မယ်' လို့လည်း Esco က ပြောခဲ့ပါတယ်။ Future စိတ်ညစ်ရင်လည်း စိတ်ညစ်စရာပါ။ အဲဒီအချိန်က သူ့အကြောင်းတွေပဲ မီဒီယာတွေက ရေးနေကြတာလေ။ အဲဒီအကြောင်းတွေက သူ့ရဲ့ ဂီတအောင်မြင်မှုထက်တောင် ကြီးကျယ်လာနေသလို Future စိတ်ထဲမှာ ခံစားလာခဲ့ရပါတယ်။ Euture က လူတကာရဲ့ ပါးစပ်ဖျားမှာ ပြက်လုံးတစ်ခု ဖြစ်နေမှာကို

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ပွဲနေမိခဲ့တာပေါ့။

အဆိုပါ သတင်းစကားများ၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ဒွတ်ပေါ်လာသည့် ရလဒ်က *Monster* အမည်ရှိ Future ၏ *Mixtape* သီချင်းအပေါ် တုံ့ပြန်ရိုက်ခတ်မှုများပင် ဖြစ်သည်။ 'သူတို့တစ်တွေ ကျွန်တော့်ကို နှိမ်ကြမယ်ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ အဲဒီအမုန်းတရားတွေကို ချစ်ခြင်းမေတ္တာအဖြစ် ကျွန်တော်က ပြောင်းသင်နေပါ' လို့ Future က ဆိုပါတယ်။ အခြားစဉ်သီချင်းဖြစ်တဲ့ *Monster* မှာ Future သူ့ရဲ့ ကိုဒင်းဆေးစွဲပုံနဲ့ မိန်းမ ဆိုက်စားပုံတွေအကြောင်း ထည့်သွင်း ရေးသားခဲ့သလို *Throw Away* အမည်ရှိ သီချင်းမှာလည်း Ciara အကြောင်း ရေးသားခဲ့ပါတယ်။

ဒီနောက်မှာ Future ဟာ အမေရိကန် လူမည်းလူငယ်တွေရဲ့ အားပေးမှုကို ပြန်လည် ရရှိလာပြီး မကြာခင်မှာဘဲ အတွေ့လန်တာကို ပြန်ပါတယ်။ 'ကြိုးစားသူတွေ ကျွန်တော့်ကို ပေါ်ပစ်တားတစ်ယောက် ဖြစ်စေခဲ့သလို *Monster* ကို လည်း ဖန်တီးပေးခဲ့ပါတယ်' လို့ *I Serve the Base* အမည်ရှိ သီချင်းမှာ Future က ရက်ပင်းတွေ နင်းပြီး ဆိုခဲ့ပါတယ်။ ဒီသီချင်းက ပြီးခဲ့တဲ့နှစ် ဇူလိုင်လအတွင်း ထွက်ရှိခဲ့တဲ့ *DS2* အမည်ရှိ အယ်လ်ဘမ်မှာ ပါဝင်တဲ့သီချင်း ဖြစ်ပါတယ်။ Future ရဲ့ တတိယမြောက် စတူဒီယို အယ်လ်ဘမ်လည်း ဖြစ်တဲ့အပြင် သူ့ရဲ့ ရောင်းအားအကောင်းဆုံး တစ်ကိုယ် တော်အယ်လ်ဘမ်လည်း ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ သူနဲ့ Ciara အကြားမှာတော့ စစ်ပွဲအရိပ်အယောင်တွေက သန်းနေပါပြီ။ သားလေး Future Jr. ကို လက်တွန်းလှည်းထဲ ထည့်ပြီး NFL ဘောလုံးသမား Russell Wilson နဲ့ Ciara တို့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို Future က လူသိရှင်ကြား ကန့်ကွက်ခဲ့ပါတယ်(အခုတော့ Wilson နဲ့ Ciara တို့ စေ့စပ်ကြောင်းလမ်းထားပြီးပါပြီ။)။ ဇန်နဝါရီလထဲမှာတော့ Ciara ပြဿနာတွေကို ထိန်းချုပ်ကိုင်တွယ်ထားသူဖြစ်ပြီး ကလေးရဲ့ နောင်ရေးအတွက် ရှေ့နေကနေတစ်ဆင့် စကားပြောရတော့မှာဖြစ်ကြောင်း၊ ကလေးစရိတ်အဖြစ် တစ်လ ဒေါ်လာတစ်သောင်းခွဲ တောင်းရမှာဖြစ်ကြောင်း Future က Twitter ထက်မှာ ရေးသားခဲ့ပါတယ်။ Ciara ကလည်း ချက်ချင်းလိုပဲ နှစ်နာမှုနဲ့ တန်ပြန်တရားစွဲခဲ့ပြီး Ciara ရဲ့သားလေး Future Jr. ကို တစ်ဦးတည်း အုပ်ထိန်းခွင့်တောင်းခံမှုကို မကြာသေးခင်ကပဲ တရားရုံးက ပယ်ချခဲ့ပေမဲ့ အမှုက မပြီးပြတ်သေးဘဲ ဆက်ဖြစ်နေတုန်းပါပဲ။

သားလေးအုပ်ထိန်းခွင့်ကိစ္စက Future ရဲ့ စိတ်ထဲမှာ လူးလာခတ်နေခဲ့ပါတယ်။ တစ်ရက်မှာ သူ့ရဲ့အနက်ရောင် ဖာရာရီကို အမြန်လမ်းမပေါ်မှာ နေ့လယ်ဘက် မောင်းနှင်ရင်း လက်တစ်ဖက်ကလည်း ဆေးခြောက်ပါတဲ့ ဆေးပြင်းလိပ်ကိုင်ထားတဲ့ Future က ၁၅ စက္ကန့်လောက်ကြာအောင် ခြောက်ကပ်ကပ်နဲ့ ရယ်နေပါတယ်။ Ciara နဲ့ တရားရုံးကိစ္စအပြီးမှာ ပထမဆုံး လက်ခံတာဖြစ်ပြီး တွေ့ဆုံခန်း ပြုလုပ်ဖို့ စာရေးသူက သတိပေးတဲ့အခါ Future က 'ကျွန်တော် မလုပ်နိုင်ဘူး။ စဉ်းတောင် မစဉ်းစားနိုင်ဘူး။ ကျွန်တော့်ဘဝဟာ တစ်နေ့မှာ ဒီလိုမျိုးဖြစ်လာမယ်လို့ တစ်ခါမှ မစဉ်းစားမိခဲ့ဘူး' လို့ ဆိုလာပါတယ်။ မျက်နှာက နေကာအရိပ်ထဲမှာ ကျနေလို့ အသေအချာတော့ မမြင်ရပါဘူး။ 'မင်းကို တရားပြန်စွဲပြီး ကလေးကို ရအောင် ပြန်ခေါ်မယ်' လို့လည်း သူက ဆိုပါတယ်။ အဲဒီနောက်မှာတော့ အသံဖမ်းစတူဒီယိုက သူ့ရဲ့ပုန်းခိုစရာ နေရာဖြစ်လာပါတော့တယ်။ 'ဒီလိုအခြေအနေမျိုးကို ဘယ်ကို ကိုင်တွယ်ရမလဲ ကျွန်တော် မသိပါဘူး။ ကျွန်တော် သိတာက ဓာတ်ပြားပဲ။ ဓာတ်ပြားပြီးတော့ ဓာတ်ပြားပဲ သိတာ' လို့ Future က ဆိုရှုပါတယ်။

Ciara နဲ့ နီးစပ်သူတစ်ဦးက Future ဟာ Ciara ကို ကျဆုံးစေချင်နေတာဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ Future က အဲဒီစွပ်စွဲချက်ကို ငြင်းဆိုပါတယ်။ 'အဲဒီလိုမျိုး ဘယ်တုန်းကမှ မဖြစ်စေချင်ခဲ့ဘူး' လို့ Future က ဆိုပါတယ်။ 'Ciara ရဲ့ အောင်မြင်မှုနဲ့ သူ့ရဲ့ဖျော်ရွှင်မှုဟာ ကျွန်တော့်ကို အထောက်အကူ ဖြစ်စေတယ်' လို့လည်း သူက ဆိုပါတယ်။ Future က တစ်ကြိမ်မှာ Ciara ကို တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ဦးတည် တုံ့ပြန် လာတာပါ။ 'ငါဟာ မင်းနဲ့တွဲ လျက် ပဲ ရှိ တယ်။ မင်းပျော် မယ် ဆို ရင် ငါ လည်း ပျော်တယ်။ မင်းက ဘဝတစ်သက်တာ လုံး ငါနဲ့ ချိတ်ဆက်နေရမှာပါ။ ဒီလို အသုံးမကျတဲ့အဖြစ်မျိုး မင်းကို ငါ အဖြစ်မခံစေချင်ဘူး။ သားလေးဆီကို ပြန်လာခဲ့ပါ။ မင်းကို ငါက အကောင်းဆုံး အခြေအနေမှာ ရှိနေစေချင်တာပါ' လို့ Future က ဆိုခဲ့ပါတယ်။

Wilson ကို သူသားနဲ့အတူ တွေ့ရတာက သူစိတ်ကို ဘယ်လိုထိခိုက်စေတဲ့အကြောင်း Future က ရှင်းပြပါတယ်။ ဘာကြောင့် ဒီလို ရှေ့ဆက်မဖြစ်စေချင်တာလဲဆိုတာကိုလည်း သူက ပြောပြပါတယ်။ 'ဒီကိစ္စက ကျွန်တော့်အတွက် အချိန်ထပ်ယူရမယ့်ကိစ္စပါ။ ဒါက ကလေးအဖေ လာလုပ်နေတဲ့ ဒီလူ့ အကြောင်း မဟုတ်ပါဘူး။ ဒါမျိုးကို စဉ်းတောင်မစဉ်းစားဘူး။ သားလေးဟာ ကျွန်တော့်ရဲ့ ထာဝရသားလေးပါပဲ။ ကျွန်တော့်သားက ဒီတွေ့ဆုံခန်းကို ဖတ်နိုင်ပါလိမ့်မယ်၊ ဒီဓာတ်ပုံတွေကိုလည်း ကြည့်နိုင်ပါလိမ့်မယ်။ သားလေးက သူ ဘာသာဆုံးဖြတ်နိုင်တဲ့နေ့ ရောက်လာပါလိမ့်မယ်။ ကျွန်တော်နဲ့ ယောကျ်ားချင်း မျက်နှာချင်းဆိုင် စကားပြောနိုင်တဲ့နေ့ ရောက်လာမှာပါ။ သားလေးက ကျွန်တော့်သွေးသားပါ။ သူက ကျွန်တော်ပါပဲ။ ကျွန်တော်က သူပါပဲ။ ကျွန်တော် တို့နှစ်ယောက်ဟာ ခွဲခြားလို့မရနိုင်တဲ့ နှစ်ကိုယ့်တစ်စိတ်ပါပဲ'

Future ရဲ့ နေအိမ်က အမေရိကန် ဒေါ်လာ နှစ်သန်းတန်ပြီး ဆေးနဲ့တောင် မပျောက်သေးတဲ့ အသစ်ကျပ်ချုတ် နေအိမ် ဖြစ်ပါတယ်။ အတွင်လန်တာမြို့ ဆင်ခြေဖုံးမှာရှိပြီး လုံခြုံရေးဂိတ်တွေ ဘာတွေနဲ့ဆိုတော့ အထက်တန်းလွှာ အိမ်တစ်လုံးလို့လည်း ဆိုနိုင်ပါတယ်။ မျက်နှာကြက်တွေက မြင့်မားလှပြီး အခန်းကျယ်ကြီးတစ်ခုမှာ ဘတ်စကက် ဘော ဂိုးသွင်းကျင့်တဲ့ ဂိုးတိုင်တစ်ခုကို နံရံမှာ ချိတ်ထားပါတယ်။ အဆောက် အဦက အရမ်းကို သန့်ရှင်းပါတယ်။ နံရံတွေတိုင်းမှာတော့ သူကလေးတွေရဲ့ ပုံတွေ ချိတ်ဆွဲထားပါတယ်။ နေအိမ်က အရမ်းကြီး မွမ်းမံပြင်ဆင်ထားတာ မဟုတ်လို့ အမြဲနေနေကျအိမ် ဟုတ်ပုံရပါဘူး။ စတူဒီယိုမှာ တစ်ညနဲ့ နောက်တစ်နေ့တာ အတူတွေ့ဆုံခဲ့ကြပြီး နောက်မှာ Future ရဲ့ အိမ်ကို လာဖြစ်ခဲ့ကြတာပါ။ လမ်းမှာ Future က မေလ ထဲမှာလုပ်မယ့် **Met Gala** ရန်ပုံငွေ ဖက်ရှင်ပွဲတက်ဖို့ လိုအပ်တဲ့ အဝတ်အစားတွေ Zegna စတိုးမှာ ဝင်ဝယ်ပါသေးတယ်။ ထုံးစံအတိုင်း သူ့ရဲ့ ဓာတ်ပုံဆရာနဲ့ ဗီဒီယိုသမားလည်း အိမ်ကို ပါလာတာပေါ့။ Future အိပ်ပျော်သွားမှပဲ ပြန်ကြမယ့်သူတွေပါ။

Future ရဲ့ နေအိမ်က အတွင်လန်တာ အရှေ့ခြမ်း Kirkwood အရပ်ကနေ မိနစ်ငါးဆယ်လောက် ကားစီးသွားရတာပါ။ Future က အတွင်လန်တာ အရှေ့ခြမ်းမှာ ကြီးပြင်းခဲ့သူပါ။ သူ့ရဲ့နာမည်ရင်းက Nayvadius Wilburn ဖြစ်ပါတယ်။ သူ့ရဲ့ နောက်ဆုံး နာမည်က အမေဖြစ်သူရဲ့ နာမည်ကို ယူထားတာပါ။ ဖခင်ဖြစ်သူကတော့ Future ရဲ့ ဘဝထဲကို ဝင်လိုက်ထွက်လိုက်နဲ့ပါပဲ။ ဖခင်ဖြစ်သူရဲ့ နာမည်ကိုတောင် Future ရဲ့ မွေးစာရင်းမှာ ဖော်ပြမထားခဲ့ပါဘူး။ Future ရဲ့ ကလေးဘဝနာမည်ပြောင်က Meathead လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'လူတိုင်းက သူ့ခေါင်း နည်းနည်းကြီးနေတာကို ပြောင်ကြနောက်ကြရင်း နာမည်တွင်ခဲ့တာပါ' လို့ Rico Wade က ပြောပြပါတယ်။ (Nayvadius ဟာ သူ့ရဲ့ ဂီတလုပ်ငန်းအစမှာ Meathead နာမည်နဲ့ စတင်ခဲ့တာဖြစ်ပြီး သိပ်မကြာခင်မှာပဲ ဒီထက်ကောင်းတဲ့ နာမည် စဉ်းစားရခဲ့ကြတာပါ။ Rico Wade ပြောတာကတော့ ဒီနာမည်ကို ဂီတထုတ်လုပ်သူတွေရဲ့ သီချင်းအကြောင်း စိတ်ကူးရာကနေ ရလာတဲ့ နာမည်ဖြစ်တယ်လို့ ပြောပေမဲ့ တချို့လူတွေကတော့ သူ့ကို Dungeon စတူဒီယိုမှာ ရက်ပ်ဂီတရဲ့ အနာဂတ်(The Future of Rap)လို့ ခေါ်ကြရာကနေ Future အမည်တွင်ခဲ့တာဖြစ်တယ်လို့ ဆိုကြပါတယ်။)

အိမ်ကိုရောက်တော့ Future က သူ့ရဲ့ လက်ကိုင်ဖုန်း သုံးလုံးကနေ အင်စတာဂရမ်စာမျက်နှာကို ထက်အောက် အပြန်အလှန်ရွေ့နေပါတော့တယ်။ ဖုန်း သုံးလုံးမှာ တစ်လုံးက လုပ်ငန်းသုံး၊ တစ်လုံးက ကိုယ်ရေးကိုယ်တာသုံးဖြစ်ပြီး နောက်တစ်လုံးကတော့ ဘယ်သူမှ မသိစေချင်တဲ့ အဆက်အသွယ်တွေလုပ်တဲ့ ဖုန်းပါ။ Future က သူ့ရဲ့ဆံပင်ကို ဆံပင်အလှဖန်တီးရှင် Shekinah Jo Anderson လျှော်ပေးနေတုန်း ဖုန်းကလေ နေတာပါ။ Shekinah က အရင်တုန်းက သရုပ်မှန် ရုပ်/သံအစီအစဉ်တွေမှာ ပါဝင် သရုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ အခုလည်း ဓာတ်ပုံရိုက်ဖို့ အစီအစဉ်တစ်ခုရှိနေလို့ Shekinah က ဆံပင်တွေလျှော်ပြီး ရှင်းပေးနေတာပါ။ Future ရဲ့ တပည့်ကျော်တွေကို ရုပ်/သံမှာလာနေတဲ့ The People Vs. O.J Simpson ရုပ်/သံအစီအစဉ်ကို အခန်းထောင့်တစ်နေရာမှာ စိတ်ဝင်တစားကြည့်နေကြပေမဲ့ Future ကတော့ တစ်ချက်ကလေးမှ တောင် လှမ်းကြည့်ဖော် မရပါဘူး။

Future ရဲ့ မိခင်က 911 အရေးပေါ် တယ်လီဖုန်းဌာနက ဖုန်းအော်ပရေတာတစ်ယောက်ပါ။ ဒါပေမဲ့ Future ငယ်စဉ်ဘဝက သူနေအိမ်မှာ ဝင်ထွက်သွားလာနေသူအားလုံးနီးပါးလောက်ဟာ ရာဇဝတ်မှုတွေ၊ မူးယစ်ဆေးဝါးမှုတွေနဲ့ မကင်းကြသူတွေပါ။ 'တချို့တွေကတော့ ချမ်းသာတဲ့မိသားစုအသိုင်းအဝိုင်းကပေါ့။ ကျွန်တော်ကတော့ မူးယစ်ဆေးဝါးနဲ့ မကင်းတဲ့မိသားစုကလာတာပါ' လို့ Future က ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်။ ဆင်းရဲမွဲတေမှုဆိုတာကြီးကို သူက နဖူးတွေ့၊ ဘူးတွေ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရဂျာတာပါ။ သူ့ရဲ့ သီချင်းတွေမှာ ဓာတ်ငွေ့မီးဖိုနဲ့ အိမ်ကို မီးရှို့ပစ်ခံရတာတို့၊ စည်သွတ်ဘူးထဲက စပါးဂေတီ ခေါက်ဆွဲကို မချက်မပြုတ်ရဘဲ ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com

အောက်စားလိုက်တာတို့တွေ ထည့်ရေး တတ်တာ သတိထားမိပါတယ်။

'ဘဝမှာ အဆိုးဆုံးကြုံတွေ့ခဲ့ရတာ ကတော့ အဘွားအိမ်မှာနေနေတုန်း ဓားပြ ဝင်တိုက်ခံရတာပါပဲ' Future က ခံစား ချက်မဲ့တဲ့လေသံနဲ့ ဆက်ပြောလာပါ တယ်။ 'ဓားပြတွေ တံခါးဆောင့်ကန်ပြီး ဝင်လာကြတာ' လို့လည်း သူက ဆိုပါ တယ်။ အဲဒီအချိန်က Future အသက် ခြောက်နှစ်၊ ခုနစ်နှစ်လောက်အရွယ်ပဲ ရှိသေးတယ်။ ဓားပြတွေက အိမ်ထဲက ယူတွေအားလုံးကို ကြိုးနဲ့ တုပ်ထား တယ်။ အဲဒီအချိန်တုန်းက ကျွန်တော့် စိတ်ထဲမှာ ဘာမှတော့မဖြစ်ခဲ့ဘူး။ ကျွန်တော်က အဲဒီလိုမိသားစုကနေ လာ တာလေ။ ဒါမျိုးကို ကျော်လွှားနိုင်ရမှာ ပေါ့'

Nayvadius ဟာ ငယ်စဉ်က အထက်တန်းကျောင်းသားဘဝမှာ ဘတ်စကက်ဘောသမားတစ်ယောက် ဖြစ်ခဲ့သူပါ။ ဒါပေမဲ့ သူက စာဘက်မှာ စိတ်ဝင်စားသူ မဟုတ်ဘူး။ သူက မူး ထစ်ဆေးဝါးအရောင်းအဝယ်လည်း ထုတ်ခဲ့ပါတယ်။ အပြင်မှာ ဝင်ငွေထွက်ရှာ နေသူဆိုတော့ ဆရာ၊ ဆရာမတွေရဲ့ စကားကို ဘာလို့နားထောင်ရမလဲဆိုတဲ့ မေးခွန်း ကိုယ့်ကိုယ်ကို ပြန်မေးတတ် ထာတယ်။ 'ကျွန်တော် လမ်းပေါ်မှာပဲ အချိန်ကုန်ခဲ့တယ်' Future က နောင်တ ရဟန်နဲ့ ဆိုပါတယ်။ 'အခုတော့ အရင် တုန်းကထက် ပိုပြီး စဉ်းစားတွေးခေါ် တတ်လာပါပြီ။ အခုလောက်သာ အဲဒီ တုန်းက တွေးတတ်မယ်ဆိုရင် အလုပ် တွေ ပိုပြီးရှာခဲ့မှာပဲ။ စာအုပ်တွေ ပိုပြီး ဖတ်ဖြစ်ခဲ့မှာပဲ။ စတူဒီယိုထဲမှာ အခုလို တစ်နေ့လုံး အလုပ်လုပ်နေရသလိုပေါ့။ ကျောင်းမှာလည်း အချိန်ပြည့်ကြိုးစား နေဖြစ်ခဲ့မှာပါပဲ'။ လက်တွေ့မှာတော့ စာကြိုးစားဖို့ အသိတရားမရခဲ့တဲ့ Future ဟာ အကြီးတန်းနှစ်တွေရောက် ထွမှ ကျောင်းကနေ နုတ်ထွက်ခဲ့ပါ တယ်။ အမေလုပ်သူနဲ့လည်း အဆက် အသွယ်ပြတ်ပြီး ဆွေမျိုးသားချင်းတွေဆီ

ပြေးနေရင်းနဲ့ လမ်းခုလပ်မှာ ရပ်တန့်လိုက်ရတာက တစ်နေရာမှာ အခြေချပြီး ကိုယ့်ရဲ့ ဂီတဖန်တီးမှုကို အမျိုးအစား ပြောင်းလိုက်တာမျိုးပဲလား ဒီလို အသွင်ကူးပြောင်းမှုမျိုးက အင်မတန်ကို ခက်ခဲမှာ ဖြစ်ပါတယ် ကျွန်တော့်ရဲ့ လုပ်ရပ်ကို လူတွေက ဂီတရောဇင် တစ်လျှောက်လုံးမှာ အကြီးအကျယ်ဆုံး တစ်ကျော့ပြန် ရှင်သန်မှုအဖြစ် စောင့်ကြည့်နေကြတာ

မှာ ကြုံရာဝင်အိပ်တတ်လာပါတယ်။ အဲဒီကာလတွေတုန်းကလည်း သူ့ကို သေနတ်နဲ့ ချိန်ပြီး ဓားပြတိုက်တာခံခဲ့ရ ဖူးပါတယ်။ Future က ဓားပြလက်က သေနတ်ကိုပြန်လုရင်း ကျည်ဆန်ထွက် သွားလို့ လက်ကိုမှန်ခဲ့တာ အမာရွတ် တောင် ကျန်နေပါသေးတယ်။

Future ဟာ အချုပ်ခန်းထဲကိုလည်း တစ်ကြိမ်မက ဝင်ခဲ့ရဖူးပါ တယ်။ 'အချုပ်ခံရတာတော့ ခဏခဏ ပါပဲ။ ဒါပေမဲ့ အဲဒီအကြောင်းတွေကို တော့ ကျွန်တော် သီချင်းထဲထည့်ရေး လေ့ မရှိဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာ ဘာပဲရောက်လာရောက်လာ အကုန် လိုက်လုပ်ပစ်လိုက်တာပါပဲ'။ ဒီလိုနဲ့ပဲ အသက် ၁၈ နှစ်အရွယ်မှာတင် Future ဟာ ကလေးအဖေဘဝကို ပထမဆုံး ရောက်ရှိခဲ့ပါတော့တယ်။

Nayvadius ရဲ့ ဘဝဦးတည်ရာက ဘယ်ဘက်မှာမှ ကောင်းတာမရှိခဲ့ပါ ဘူး။ ဒါပေမဲ့ သူ့အတွက် တခြားလမ်း ကြောင်းရွေးချယ်စရာတစ်ခု၊ အသင့် စောင့်ဆိုင်းနေတယ်ဆိုတာကို သူက စိတ် ထဲမှာ သိနေခဲ့သူပါ။ သူက ငယ်စဉ်ဘဝ ကတည်းက ကဗျာတွေရွတ်ဆိုခဲ့သူဖြစ် ပြီး တစ်နေ့ကျရင် ကျွမ်းကျင်တဲ့ ရက်ပါ တစ်ယောက်ဖြစ်မှာ အသေအချာသိနေ တာပါ။ ပြီးတော့ သူနဲ့ နှစ်စက်ပိုမိုးကွဲအမျိုး တော်စပ်သူတစ်ယောက်ဖြစ်က ဂီတ လောကမှာ အောင်မြင်တဲ့ လူတစ် ယောက် ဖြစ်နေတယ်ဆိုတာကိုလည်း သူက သိထားပါတယ်။ ဒါပေမဲ့ လူချင်း တော့ တွေ့ဖူးသေးတာ မဟုတ်ပါဘူး။ 'မိတ်ဆက်ပေးတာမျိုး ရှိတာ မဟုတ် ဘူးလေ' လို့ Future က ပြောပြခဲ့ပါ တယ်။

Wade ဘက်ကလည်း သူ့မှာ ရက်ပ်သီချင်းတွေဆိုတဲ့ ဝမ်းကွဲဆွေမျိုး တစ်ယောက်ရှိတယ်လို့ သူမိသားစုကနေ တစ်ဆင့် သိထားတာရှိပါတယ်။ 'ကျွန်တော့် စိတ်ထဲမှာတော့ ဒီလူနဲ့ တကယ်ရော အမျိုးတော်ရဲ့လားလို့ စဉ်းစားနေခဲ့တာ။ ဒါမှမဟုတ် အိမ်နီး နားချင်းတွေထဲကပဲ အရည်အချင်းရှိတဲ့ လူတစ်ယောက်လား စဉ်းစားနေခဲ့ရ တာ' လို့ Wade က ပြန်ပြောပြပါတယ်။ တစ်ရက်မှာ သူတို့နှစ်ယောက်လုံးနဲ့ သိ တဲ့ အမျိုးတစ်ယောက်က Meathead ကို Wade ရဲ့ စတူဒီယိုဆီ ခေါ်သွားပေး ပါတယ်။ ဒါပေမဲ့ Wade က တကယ်

www.burmeseclassic.com

www.burmeseclassic.com

အမျိုးတော်တယ်လို့ ယုံလို့ကိုမရသေးတာ။ ဒီလိုနဲ့ လအတော်ကြာတော့ ဆွေမျိုးတစ်ယောက် နာရေးအခမ်းအနားမှာ သူတို့နှစ်ယောက် ဆုံဖြစ်ကြပြန်တယ်။ အဲဒီကျမှ Meathead ရဲ့ ဘိုးအေက သူ့ရဲ့ ဦးလေးဖြစ်ကြောင်း Wade ကိုယ်တိုင် သိခဲ့ရတယ်။

အဲဒီကနေ သူတို့နှစ်ယောက် ခင်သွားကြပြီး Wade က Meathead ကို စတူဒီယိုဆီ ခေါ်သွားပါတယ်။ သူ့အိမ်ကိုလာဖို့လည်း ခေါ်ပါတယ်။ Wade ရဲ့ အိမ်ကို မြင်တွေ့ရပြီး အဲဒီမှာ လအနည်းငယ်လောက် လိုက်နေဖြစ်ပြီးတဲ့ နောက်မှာ သူ့ရဲ့ဘဝပေးအခြေအနေဟာ ပြောင်းလဲလာခဲ့ပါတယ်။ 'လူတစ်ယောက်ဟာ ဒီလိုမျိုးရှင်သန်နေထိုင်နိုင်မယ်လို့ ဘယ်တော့မှ တွေးမိမှာ မဟုတ်ဘူး' လို့ Future က ဆိုပါတယ်။ 'ပြီးတော့ သူက ဒီလိုနေထိုင်မှုအဆင့်အတန်းကို ဂီတတွေဖန်တီးရာကနေ ရလာခဲ့တာလေ။ ကျွန်တော်ကလည်း ကျောင်းကထွက်လာခါစလေ။ ကိုယ်က သာမန်ဘဝမှာပဲ ရှိနေတဲ့လူဆိုတော့ ဒီလိုမျိုး အဆင့်အတန်းနဲ့ နေထိုင်နိုင်ဖို့ အတွက် အလုပ်တွေ အများကြီးလုပ်ရဦးမယ် ဆိုတဲ့ ဖိအားတွေ ကျွန်တော့် အပေါ် သက်ရောက်လာခဲ့ပါတယ်။

ဒီလိုနဲ့ Meathead ဟာ Dungeon မိသားစုဝင်တစ်ယောက်ဖြစ်လာပြီး လက်ဖျံနှစ်ဖက်ပေါ်မှာ သူ့ရဲ့ ပထမဆုံး တက်တူးကို Dungeon အဖွဲ့သားအမည် အဖြစ် ရေးထိုးခဲ့ပါတော့တယ်။ Dungeon စတူဒီယိုမှာ သူဟာ ခဏချင်းမှာပဲ အောင်မြင်လာတယ်။ အဆိုတော် Ludacris အတွက် ၂၀၀၄ ခုနှစ်ထုတ် ဆင်ဂဲလ်သီချင်း *Blueberry Yum Yum* အမည်ရ သီချင်းကို ရေးပေးခဲ့ပါတယ်။ Wade က သူ့ကို Da Connect လို့ ခေါ်တဲ့ အဖွဲ့မှာ ပါဝင်ခွင့်ပေးပြီး အားပေးခဲ့ပါတယ်။ ဒါပေမဲ့ အဖွဲ့ရဲ့အောင်မြင်မှုက နှေးကွေးနေပြီး လမ်းပေါ်က ပွဲတွေက သူ့ကို မရိုးမရွဖြစ်လာစေရာကနေ သူဘာသာ ကိုယ်ပိုင်အလုပ်လုပ်လာတယ်။

Wade ခမျာလည်း အခွန်ပြဿနာတွေနဲ့ နောက်ဆုံးမှာ သူ့အိမ်ကို ချရောင်းလိုက်ရတယ်။ နောက်ပိုင်းမှာ Wade နဲ့ Future လည်း အနေနည်းနည်းဝေးသွားကြတယ်။ ဒါပေမဲ့ Future က Wade ကို သူ့ရဲ့ ဖခင်တစ်ယောက်လို၊ သူ့အပေါ် လွှမ်းမိုးထားတဲ့ အရိပ်ဩဇာတစ်ခုလို အမြဲ သဘောထားခဲ့ပါတယ်။ 'ကျွန်တော့်ရဲ့ အလားအလာတွေအားလုံးကို အထမြောက်အောင် မလုပ်နိုင်သေးပါဘူး။ Wade ဆီက သင်ယူလေ့လာခဲ့ရတာတွေရဲ့တစ်ဝက်ကိုတောင် ကျွန်တော် အသုံးမချရသေးပါဘူး' လို့လည်း Future က ပြောပြပါတယ်။

ဒီလိုနဲ့ သူ့ရဲ့ဘဝခရီးတစ်ကွေ့မှာ သူ့အတွက် ပျော်ရွှင်မှုပေးမယ့် မူးယစ်ဆေးဝါးကို Future တွေ့ခဲ့ရတာပဲ ဖြစ်ပါတယ်။ အဲဒီကနေပဲ သူ့ရဲ့ ၂၀၁၁ ခုနှစ်ထုတ် နာမည်ကျော် Mixtape သီချင်း *Dirty Sprite* ဆိုတာ ထွက်လာခဲ့ပါတယ်။ (၂၀၁၅ ခုနှစ်မှာလည်း *DS2* ဆိုတဲ့ နာမည်နဲ့ အယ်လ်ဘမ်တစ်ချပ် ထပ်ထွက်လာပါသေးတယ်။ *DS2* ဆိုတာက Dirty Sprite 2 လို့ ဆိုလိုတာဖြစ်ပြီး အချိုရည်ကုမ္ပဏီနဲ့ စကားပြောနေရမှာစိုးလို့ နာမည်ကို အတိုကောက်ပဲ ဖော်ပြခဲ့တာပါ။) 'ပထမတော့ အဲဒါမျိုးက ကျွန်တော် ကြိုက်တတ်တာမျိုး မဟုတ်ပါဘူး။ ကိုယ်ကြိုက်ရတဲ့ အကြောင်းရင်းကို မသိမချင်း အဲဒါကို ကျွန်တော် မကြိုက်ပါဘူး။ တချို့လူတွေက မူးယစ်ဆေးဝါးသုံးပေမဲ့ မူးယစ်ဆေးရဲ့ စည်းစိမ်ကို နားမလည်ဘူး။ သူတို့က အဲဒီစည်းစိမ်ခံစားချင်တာပဲ သိတာ'။

Future က Codeine မူးယစ်ဆေး အကြောင်း ဒီလိုဖွင့်ပါတယ်။ 'Codeine က ပထမတော့ လူရဲ့စိတ်ကို ပြေလျော့သွားစေပါတယ်။ တစ်ခါတလေမှာ ကြောင့်ကြစိတ်တွေဝင်လာတတ်ပြီး ဒါမျိုးကို ကျွန်တော်က နှစ်သက်တာပါ။ Codeine ကို အလွဲအသုံးပြုတယ်လို့ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို ဘယ်တော့မှ မထင်ဘူး။ ကျွန်တော့်ရဲ့ ခံစားမှုလိုအပ်ချက်အတွက်ပဲ ကျွန်တော် သုံးစွဲတာပါ'။

Future က သူ့ရဲ့ နောက်ဆုံးထုတ် အယ်လ်ဘမ်ကို *EVOL* လို့ အမည်ပေးပါတယ်။ LOVE ဆိုတဲ့ စကားလုံးကို ပြောင်းပြန်ရေးထားတာပါ။ မင်္ဂလာဆောင်လုဆဲဆဲမှာ ထုတ်တာဆိုတော့ သီချင်းခေါင်းစဉ်တွေက အချစ်ရန်တွေသင်းပျံ့ထုံအီနေတာပေါ့။ ဘဝကို အခြေချဖို့ နောက်တစ်ကြိမ် ပြန်ကြိုးစားရတာဟာ အရမ်းကို ကြောက်စရာကောင်းပြီး သူ့ရဲ့ အနုပညာဖန်တီးနိုင်စွမ်းကိုပါ ခြိမ်းခြောက်လာပါတယ်။ 'ကျွန်တော် အသည်းမကွဲသေးပါဘူး။ မယျက်စီးသေးတဲ့အရာတစ်ခုကို ဘာဖြစ်လို့ ပြုပြင်ရမှာလဲ။ တကယ်လို့ ကိုယ်က ဖျက်ဆီးလိုက်တာဆိုရင် ကျွန်တော် ပြုပြင်ဖို့ ကြိုးစားရမှာပေါ့။ အကောင်းအတိုင်းတော့ ပြန်မဖြစ်နိုင်တော့ပါဘူး။ အခုအချိန်မှာတော့ ကျွန်တော့်ရဲ့ ဂီတအမွေအနှစ်တွေ ထားခဲ့ဖို့ပဲ ကျွန်တော် ဖန်တီးနေပါတယ်' Future က Honest မှာ တုန်းက သူ ကြိုးစားခဲ့တဲ့ ဂီတပြောင်းလဲမှု ဖြစ်စဉ်တုန်းကလိုပဲ သတိကြီးကြီးထားပြီး ပြောခဲ့တာ ဖြစ်ပါတယ်။ 'ပြေးနေရင်းနဲ့ လမ်းခုလပ်မှာ ရပ်တန့်လိုက်ရတာက တစ်နေရာမှာ အခြေချပြီး ကိုယ့်ရဲ့ ဂီတဖန်တီးမှုကို အမျိုးအစားပြောင်းလိုက်တာမျိုးပဲလား။ ဒီလို အသွင်ကူးပြောင်းမှုမျိုးက အင်မတန်ကို ခက်ခဲမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်ရပ်ကို လူတွေက ဂီတရာဇဝင်တစ်လျှောက်လုံးမှာ အကြီးအကျယ်ဆုံးတစ်ကျော့ပြန် ရှင်သန်မှုအဖြစ် စောင့်ကြည့်နေကြတာ။ ဒါပေမဲ့ ဒါကို တတိယအကြိမ်မြောက်အဖြစ် လုပ်ရမှာတဲ့လား'။

သေချာတာကတော့ သူ့ဘဝမှာ အမျိုးသမီးတွေပါဝင်ပတ်သက်နေတယ်ဆိုတာပါပဲ။ Megna စတိုးမှာ အဝတ်အစားဝင်ဝယ်ကြတော့ Chanel ရေမွှေးဆိုင်မှာ ဝင်ပြီး ဒေါ်လာတစ်ထောင်တန်နှစ်ရွက်ကို ပိုက်ဆံအိတ်ထဲကနေ ဆွဲ

www.burmeseclassic.com

www.burmeseclassic.com

ဆုတ်ပေးလိုက်ပါတယ်။ ငွေလက်ခံသူ ဘ သတ်မှတ်ထားတဲ့ ပမာဏမဟုတ်ပါဘူး။

Future က မိုင်ယာမီလိုနေရာမျိုးမှာ အပျော်တွဲဖို့ မိန်းကလေးရှာတာ ထောင်မှ စနစ်တကျ သုံးသပ်လေ့လာတတ်တဲ့သူပါ။ မိုင်ယာမီမှာ အလှမယ်တွေ ဘယ်လိုအသက်အရွယ်ရှိပုံတွေ၊ ဘတ်စကက်ဘောသမား၊ ဘောလုံးသမားတွေလို ငွေကြေးတတ်နိုင်သူတွေ အပြိုင်ဈေးပေး ခေါ်ယူတတ်ကြပုံတွေကို Future က Mike Will ကို စတူဒီယိုမှာ တစ်ရက်က အသေးစိတ်ပြောပြနေတါသေးတယ်။

Future ဟာ ဖွန်လအတွင်းမှာ ဂျမေကာကျွန်းကို ခဏသွားနေဖို့လည်း စီစဉ်ထားပါသေးတယ်။ 'ဂျမေကာက အိမ်အကြီးကြီးတစ်လုံးမှာ နှစ်ပတ်လောက် သွားနေလိုက်ဦးမယ်'လို့ သူက ဆိုလာတာပါ။ အဲဒီအိမ်ကြီးမှာ အသံဖမ်းစက်ညှိနည်းကိရိယာတွေ၊ ရေကူးကန်နံဘေးတစ်ဆင့်ပြီး အတွဲတွေအတွဲတွေ အစုံထိုက်ဖိတ်ကြားကာ ပါတီပွဲတစ်ခု ကျင်းပဦးမယ့်အကြောင်းလည်း Future က အားရပါးရပြောပြပါသေးတယ်။

နောက်တစ်နေ့ နွေလယ်ဘက် ဓာတ်ပုံရိုက်ကွင်းက အပြန်လမ်းမှာ Future က ကလပ်နှစ်ခုကို ဝင်ကြည့်ခဲ့ပါတယ်။ Cheetah အမည်ရ အထက်တန်းလွှာကလပ်တစ်ခုကိုဝင်ကြည့်တော့ ၂၀၀ ပြည့်နှစ်လောက်က ရောခ်သီချင်းတွေနဲ့ပဲ ကခုန်နေကြပြီး ဟစ်ဟော့ပ် သီချင်းတွေ ဖွင့်တာမတွေ့ရပါဘူး။ ဒီကလပ်ကို ဝင်ဖို့ရွေးတာက စာရေးသူ အကြိုက်ရွေးပြီး ဝင်ပေးတာလို့ သူက ဆိုပါတယ်။ (ခင်ဗျားကြိုက်မှာပါလို့ သူက ဆိုပါတယ်။) ခဏနေတော့ စာရေးသူတို့စားပွဲ လာထိုင်တဲ့ ဆံပင်အနက်နဲ့ မိန်းကလေးတစ်ယောက်နဲ့ စကားလက်ဆုံကျနေပါတော့တယ်။ မိန်းကလေးရဲ့ လေယူလေသိမ်းကို နားထောင်ပြီး 'မင်းလေသံက လူမည်းလေသံပဲ'လို့ Future က ဆိုပါတယ်။ Future က ပြုံးရုံသာပြုံးပြပြီး ဘာမှဟုတ်တိုပတ်တီ မကြိုးပမ်းရဘဲနဲ့ မိန်းကလေးရဲ့ ဖုန်းနံပါတ်ကို ရလာပါတယ်။ အဲဒီနေ့ ညက စတူဒီယိုကို ဆံပင်အနက်နဲ့ မိန်းကလေး ရောက်လာတာတွေ့လိုက်ရပါတယ်။

နောက်ကလပ်တစ်ခုကတော့ Magic City ပါ။ မနက်လင်းအားကြီး အချိန်ဆိုတော့ လူရှင်းနေပါပြီ။ တရားမဝင် ကျူးကျော်ဆောက်လုပ်ထားတဲ့ ကွန်ကရစ်အဆောက်အဦဖြစ်ပြီး အပြင်ကမြင်ရတာထက် အထဲမှာက နေရာထိုင်ခင်း ဝိုကျဉ်းပါတယ်။ စင်မြင့်က ဆင်းလာတဲ့ လျှောက်လမ်းမှာ ခရမ်းရောင် နီယွန်မီးတွေတပ်ထားပြီး မျက်နှာကြက်မှာလည်း လိုက်ဖက်တဲ့ မီးအလှတွေ ဆင်ထားပါတယ်။ ပြီးတော့ ဘားကောင်တာနောက်ကျော နံရံမှာ Magic City အမှတ်တံဆိပ်ကို ပန်းရောင်စာတန်းနဲ့ ရေးဆွဲထားပါတယ်။ Vivian နဲ့ Aimee ဆိုတဲ့ ကချေသည်နှစ်ယောက်နဲ့ စကားစပြောဖြစ်တယ်ဆိုရင်ပဲ နောက်ခံဖွင့်ထားတဲ့ သီချင်းတွေကို Future ရဲ့ သီချင်းတွေနဲ့ ပြောင်းလဲဖွင့်ပေးလာပါတယ်။ စကားဝိုင်းက အရှိန်ရလာပြီး မိန်းကလေးနှစ်ယောက်လည်း သူတို့ဘဝတွေအကြောင်း ပြောပြကြပါတယ်။

Future က 'ဒီလို လောကကို ဝင်ပြီဆိုရင် ဘဝနှစ်ခု ထားရမယ်'လို့ ဆိုလာပါတယ်။ နောက်ခံဖွင့်ထားတဲ့ သူ့သီချင်းသံတွေကို လွှမ်းသွားအောင် Future က အသံကိုမြှင့်ပြီးပြောလာတာပါ။ 'မင်းတို့ဟာ မင်းတို့ရဲ့ ဒုတိယဘဝကို ဖန်တီးကြရမယ်။ ငါလည်း မွေးလာတုန်းကတော့ Nayvadius ပဲ။ ခုတော့ ငါက Future ဖြစ်နေပြီလေ။ Nayvadius ရဲ့ ဘဝထဲမှာပဲ ငါက နေသွားရမှာလား။ ဘဝကို တခြားအလှည့်အပြောင်းတစ်ခုခုနဲ့ ရင်ဆိုင်ဖို့ အခွင့်အရေးတစ်ခုကို ငါ ရခဲ့တယ်။ တကယ်တော့ ဘဝကို သမားရိုးကျကြီး ဖြတ်သန်းသွားဖို့ အကြောင်းပါမလာပါဘူး'။

'ဘဝမှာ အောင်မြင်မှုတွေပြည့်စုံလာတော့ ဘာတွေကို ထပ်ရှာဖွေဦးမှာလဲ'လို့ မိန်းကလေးတစ်ယောက်က မေးလာပါတယ်။

'ကိုယ့်ဘဝတည်ငြိမ်မှုနဲ့ အသက်ရှည်ရှည်နေနိုင်ဖို့ ရှာရမှာပေါ့'လို့ Future က ပြန်ဖြေပါတယ်။ 'ကိုယ့်ရဲ့ သားသမီးတွေအတွက် ကိုယ့်ဘဝရဲ့ တည်ငြိမ်မှုကို တကယ့်ကို ကြိုးပမ်းရှာဖွေတာပါ'

မိန်းကလေးတစ်ယောက်က ဘုရားရှိခိုးရင် ဘာဆုတောင်းလဲလို့ ထပ်မေးပါတယ်။ 'ခေါ်လာသန်းချီပြီး ပေးဖို့ ဆုမတောင်းနဲ့'လို့ Future က ဆိုပါတယ်။ 'အဲဒီအစား ကိုယ့်ကို ခေါ်လာသန်းချီဝင်အောင်လုပ်ပေးနိုင်မယ့်အရာ၊ ပြီးတော့ ကိုယ့်ရဲ့ကျန်းမာရေး၊ ကိုယ့်ရဲ့ အသိဉာဏ်၊ ကိုယ့်ရဲ့တွေးခေါ်သိမြင်မှုနဲ့ စင်ကြယ်မှု စတာတွေအတွက်ပဲ ဆုတောင်းပါ။ ဝင်ငွေသန်းချီပြီးရလာရင် ဘာလုပ်မယ်ဆိုတာ ပြင်ဆင်ထားပါ။ ရူးမသွားစေနဲ့၊ ကိုယ့်မိသားစုကို ကူညီနိုင်ဖို့ ဆုတောင်းပါ။ အိမ်ကြီးအကြီးကြီးတစ်လုံးတောင်း၊ ရလာတော့ မီးရှို့ဖျက်ဆီးပြီးမှ ဘုရားသခင် နောက်တစ်ခါပြန်ပေးပါဦးလို့ မင်းလည်း ဆုတောင်းချင်မှာ မဟုတ်ဘူးလေ'

Future က ခဏစကားပြောရပ်လိုက်ပြီးမှ ဘုရားသခင်ကပြောတဲ့ လေသံနဲ့ 'မင်း... တောင်းတုန်းက တောင်းပြီး ရလာတော့ မကိုင်တွယ်တတ်ဘူးလား'လို့ ပြောလာပါတယ်။ Future က ဘုရားရှိခိုးနည်း သင်ခန်းစာပို့ချအပြီးမှာတော့ Aimee နဲ့ Vivian တို့ဆီက ဖုန်းနံပါတ်တွေတောင်းပြီး အသင့်စောင့်နေတဲ့ Ferrari ကားဆီကို ထွက်သွားပါတော့တယ်။ စတူဒီယိုက စောင့်နေတယ် မဟုတ်ပါလား။

■

ရာပြည့်

Ref: The Dark Past and Glittering Present of Future by Brian Hiatt, Photograph by Theo Wenner Rolling Stone Magazine July 14-28, 2016.

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ရှင်စ ဓောင်ကို အာမေရိကားမှ ရိုက်ခွဲတဲ့ Rစာနည်

လင်းနိုင်ဦး

Rစာနည်က သူ့ရဲ့တစ်ကိုယ်တော် တေးစီးရီး *ကမ္ဘာသား* ကို လျှပ်စီးရည်ရွယ်ပြီး ဖြန့်ချိပေးပြီးတဲ့နောက် MTV ထွက်ရှိနိုင်ဖို့ စတင်ရိုက်ကူးနေပြီ ဆိုတာကြောင့် *ကမ္ဘာသား* နဲ့ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

ကမ္ဘာသားကို Audio CD အနေနဲ့ ဘယ်တုန်းက ဖြန့်ခဲ့တာလဲ၊ ဘာကြောင့် MTV ကို အခုမှရိုက်ဖြစ်တာလဲ။

ကျွန်တော်က *ကမ္ဘာသား* ကို ၂၀၁၆ ဖေဖော်ဝါရီတုန်းက ဖြန့်ခဲ့တာပါ။ အခုဆိုရင် လေး၊ ငါးလလောက် ကြာသွားပြီ။ ကြာလာတော့ ကျွန်တော့်အတွက် သိပ်မထူးဆန်းတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခွေထွက်ဖို့ လုပ်တာက လေး၊ ငါးနှစ် ကြာခဲ့တယ်။ ကြာသွားတာကလည်း ဒို့ပြင်အလုပ်တွေ ရှိသေးလို့ပါ။

ကမ္ဘာသား ကို ဖေဖော်ဝါရီမှာ ထွက်နိုင်ဖို့တောင် မနည်းကြိုးစားခဲ့ရတယ်။ ဖြန့်ပြီးတဲ့အခါ သက်ဆိုးရောက်လာတယ်။ ဒါနဲ့ သက်ဆိုးမှာဆိုဖို့ လုံးပန်းရတာ ဒါတောင် ကိုယ့်မိသားစုအရေး မပါသေးဘူး။ ပတ်ဝန်းကျင်အရေး အသိုင်းအဝိုင်းတွေ၊ အပေါင်းအသင်းတွေနဲ့ ဖြတ်သန်းနေရင်းနဲ့ အခုမှ စရိုက်ဖြစ်တာပါ။ ဒါပေမဲ့ ဘာပဲပြောပြော သီချင်း ၁၃ ပုဒ်မှာ ၃ ပုဒ် ရိုက်ပြီးပါပြီ။ **၃ ပုဒ်ကို ဘယ်သူတွေ ရိုက်ပေးထားတာလဲ။ ဘယ်မှာ ရိုက်ထားတာလဲ။**

အဲဒီထဲက တွတ်ပီ ရေးပေးထားတဲ့ *အိပ်မက်ရှင်၊ စောင့်* ကို ကျွန်တော်တို့ The Trees နဲ့ အမေရိကား သွားရင်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သုံးပေါင်ကိုပါခေါ်ပြီး အမေရိကားမှာ ရိုက်ဖြစ်ခဲ့တယ်။ ဒီသီချင်းကို ကျွန်တော်က အင်္ဂလိပ်ပေါမှာ တင်ပေးထားပြီးပါပြီ။ ကျွန်တော်တို့ ဖျော်ဖြေရေးသွားရင်း နယ်မြေအသစ်အဆန်း မြင်ကွင်းသစ်နဲ့ ပရိသတ်တွေ ကြည့်ခွင့်ရအောင် ရိုက်ခဲ့ကြတယ်။ ပြီးခဲ့တဲ့ရက်ကပဲ အောင်ကိုမြင့်ရဲ့ သီချင်း မင်းသာရှိရင် ရိုက်ပြီးသွားပြီ။ အခု ရိုက်နေတဲ့ သီချင်းက ကိုရဲဆေလ်ရဲ့ သီချင်း နင် ထားခဲ့တဲ့သည် ကို The Sun က ကိုခင်မောင်သန်းက ရိုက်ပေးတာပါ။ အခုလောလောဆယ် သုံးပုဒ်ပြီးသွားပြီပေါ့။

အဲဒါဆိုရင် ကမ္ဘာသား MTV ကို ဘယ်တော့လောက် ဖြန့်ဖို့ မှန်းထားတာလဲ။

အောက်တိုဘာမဟုတ်ရင် နိုဝင်ဘာမှာ ဖြန့်နိုင်ဖို့ ကျွန်တော်ကြိုးစားနေပါတယ်။

Rစနည်းက ကမ္ဘာသား ကို လူကြိုက် ထုတ်လုပ်ပြီးတဲ့ နောက် ဘယ်နေရာတွေမှာ ဘယ်လောက်လူကြိုက်သွားပြီလဲ။

ကျွန်တော်က အစတုန်းကတော့ ရည်ရွယ်ပြီးလုပ်ထားတာ မဟုတ်ပါဘူး။ လုပ်တာကိုက လေးနှစ်လောက်ကြာသွားတယ်။ လေးနှစ်ကြာပြီးထုတ်မယ်လုပ်တော့ ပရိသတ်ကို သီချင်းအသစ်ပေးချင်တယ်။ ပရိသတ်ကို ကောင်းကောင်းလေးနားထောင်စေချင်တယ်။ ကိုယ်လည်း ဆိုချင်တယ်ပေါ့။ အဲဒီလို စိတ်ကူးနဲ့ဝဲ လုပ်ခဲ့တာပါ။ ဒါပေမဲ့ ပြန်ကြည့်လိုက်တော့ ကျွန်တော့်ရဲ့ ဆိုသက်တ လည်း ၂၀၀၀ ပြည့်နှစ်က စ,ခဲ့တယ်ဆိုတော့ ဂီတသက်တမ်း ၁၆ နှစ်ပြည့်ပြီ။ ဒါကြောင့် ပရိသတ်နဲ့ ကျွန်တော်နဲ့ အမှတ်တရလေးတစ်ခုခု ရှိချင်တဲ့ဆန္ဒဖြစ်လာတယ်။ တိုင်းပြည်ကလည်း အပြောင်းအလဲတွေကြားထဲမှာမှ ဒုက္ခမျိုးစုံဖြစ်နေတဲ့သူတွေရှိသလို၊ သိပ်ပြီး အဆင်ပြေတဲ့လူနည်းစုလည်း ရှိပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ ကျွန်တော်ကလည်း လုပ်ရင်းကိုင်ရင်း အဆင်နည်းနည်းပြေလာတယ်။ အားလုံးကလည်း လုပ်ရင်းကိုင်ရင်း အဆင်ပြေနေကြတာပါပဲ။ အတိုင်းအတာချင်းသာ မတူတာပါ။ ကိုယ့်ထက်တတ်နိုင်တဲ့သူတွေကလည်း သူတို့အတိုင်းအတာနဲ့ လှူနေကြတဲ့ ခေတ်ကာလကြီးမှာ ကျွန်တော်ကလည်း ကိုယ့်အတိုင်းအတာနဲ့ လှူချင်တဲ့ စိတ်လေးဖြစ်လာလို့ အကောင်အထည်ဖော်လိုက်တာပါ။ ဒီအခွေရောင်းရတဲ့ ငွေတွေကို လိုအပ်တဲ့နေရာတွေမှာ လှူမယ်ပေါ့ဆိုပြီး လုပ်လိုက်တာ ဘယ်မှာလှူပြီးသွားပြီလဲဆိုတော့ ရောဝတီတိုင်းဘက်မှာ ရေတွင်းတွေ၊ အိမ်တွေ မြစ်ကမ်းပါးပြိုတော့ ဒုက္ခရောက်သွားတဲ့သူတွေအတွက် သိန်း ၁၀၀၊ ၁၂၀ လောက် လှူပြီးသွားပြီ။ ရေတွင်းတူးပေးတယ်။ အိမ်ဆောက်ပေးတယ်။ ဒုတိယအလှူကတော့ လိုင်သာယာဘက်က သီလရှင်ကျောင်းတစ်ကျောင်းမှာ လှူထားပါတယ်။ အဲဒီသီလရှင်ကျောင်းက စစ်ဘေးဒုက္ခသည်တွေကို ကူညီထားတဲ့ သီလရှင်ကျောင်းပါ။ ဒုစရာနေရာ

www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့အတွက် နေစရာနေရာကို ဆောက်တဲ့အပေါ်မှာ ကျွန်တော်တို့က သိန်း ၆၀ သုံးပြီးသားပါ။ အားလုံးကုန်ကျစရာက သိန်း ၁၂၀ လောက် ဖြစ်တော့ တဖြည်းဖြည်း ဆောင်းရင်းနဲ့ ကျွန်တော့်ဟာ ကျွန်တော် ဂိုက်လုပါမယ်။ သို့သော်ကံကဟာကတော့ သူနေလို့ရရဲ့ ဆောက်လုပ်ပေးထားတာပါ။ ဒါလုံးပြီးသွားတော့က ဖက်ရှင်လှလှပပလေးနဲ့ပါ ကြည့်ချင်ကြတော့ ဘယ်လိုဖက်ရှင်နဲ့ ရိုက်ကူးပေးသွားမှာလဲ။

ကျွန်တော့်မိန်းမနဲ့ ရိုက်ထားတဲ့ *မင်းသာရှိရင်* မှာတော့ ကျွန်တော့်ကို လှလှပပ ဖက်ရှင်ကျကျနဲ့ တွေ့ရမှာပါ။ *နင်ထားခဲ့တဲ့ည* မှာတော့ Rockerဆန်ဆန်နဲ့ပဲ တွေ့ရမှာပါ။

မယ့် ဂုံစံမျိုးရေးထားတာ *ကမ္ဘာသား* ထဲက ၁၃ ပုဒ်မှာ ဒီတစ်ပုဒ်ပဲပါတယ်။ ဒါကြောင့် ဝမ်းနဲ့အတူတူ အမှတ်တရသရုပ်ဆောင်ပြီး ရိုက်ဖြစ်တာပါ။

အဆိုတော်တစ်ယောက်က ဆိုရုံအပြင် ဖက်ရှင်ရော ဘယ်လောက်လိုတယ် ပြောမလဲ။

သီချင်းနဲ့ လိုက်ဖက်တဲ့ မြင်ရမလဲ။

ကျွန်တော်က ကျွန်တော်ရဲ့ ဘော်ဒါအဖွဲ့ The Trees ကိုလည်း ပုံစံတစ်မျိုးတည်းနဲ့ မြင်ရအောင် တီရုပ်အနက်လေးတွေ စီစဉ်ပေးထားပါတယ်။ ဒီလိုကျတော့လည်း တစ်ယောက်တစ်မျိုးဖြစ်နေဘဲ အားလုံး တစ်သားတည်း ပုံစံနဲ့ ပရိသတ်မြင်ရတာပေါ့။

ကိုယ့်ဟာကိုယ် သရုပ်ဆောင်လို့ရရဲ့သားနဲ့ The Trees အဖွဲ့ကို ဘာဖြစ်လို့ ထည့်ရိုက်ရတာလဲ။

ကျွန်တော့် ရဲ့ The Trees အဖွဲ့နဲ့လည်း အမှတ်တရရိုက်ချင်လို့ပါ။ ကျွန်တော်အကူအညီတောင်းတော့လည်း သူတို့ကလည်း မည်သည်မည်ဘဲ ရိုက်ကူးပေးကြတဲ့အတွက် ပရိသတ်က အဖွဲ့လိုက် ကြည့်ခွင့်ရမှာပေါ့-လို့ ပြောပြခဲ့ပါတယ်။

■ လင်းနိုင်

ရင်တော့ *ကမ္ဘာသား*ကနေ သိန်း ၂၀၀ ကျော် လှုဒါန်းနိုင်ခဲ့တဲ့သဘောပေါ့။ အခုတော့ ကိုယ့်ဟာကိုယ် စိုက်ပြီးလှူထားပါတယ်။

ကမ္ဘာသား ကို နောက်ထပ် ဘယ်ဒါရိုက်တာတွေက ရိုက်ပေးကြဦးမှာလဲ။

တော်တော်များများတော့ ပြောထားတယ်။ သေချာတာက ထကြီး၊ ဝင္ဆာခွန်း စသဖြင့်တော့ ပြောထားတယ်။

R-အနည်းကို ပရိသတ်

မင်းသာရှိရင် ကို ဘာဖြစ်လို့ ဝမ်းနဲ့ အထူတွဲပြီး ရိုက်ဖြစ်တာလဲ။

ဒီသီချင်းက မကွဲတဲ့သီချင်းပါ။ သီချင်းတော်တော်များများက အသည်းကွဲတယ်။ ကွဲပြကြတယ်ဆိုတာတွေကို အခြေခံပြီးရေးကြတာများတယ်။ တခြားပုံစံတွေလည်း ရှိတော့ရှိပါတယ်။ ကွဲပြတဲ့သီချင်းတွေကျတော့ မိန်းမနဲ့ မရိုက်ချင်သူးလေ။ *မင်းသာရှိရင်* အရာရာလှပနေ

ဖက်ရှင်တော့လိုမယ်လို့ ထင်ပါတယ်။ MTV ရိုက်တဲ့နေရာမှာ ဒါရိုက်တာက ဘယ်လို ပုံစံကိုလိုချင်သလဲ၊ ဘယ်လို ရည်ရွယ်လဲ ဆိုတဲ့ အပေါ်မှာ ဝတ်ရစားရတာ ရှိတယ်။ ပွဲတက်တဲ့အခါ ပွဲတက်တဲ့ အလျောက်၊ ရိုးပွဲမှာလည်း ရိုး အလျောက်၊ MTV မှာလည်း MTV အလျောက် ဖက်ရှင်ကျဖို့တော့ လိုတယ်ပေါ့။

အခုရိုက်နေတဲ့ သီချင်းမှာရော ဖက်ရှင်တွေ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဦး၊ အင်္ဂလာဦးနှင့် ကြည့်ရမယ့် Reflection

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီ အိန္ဒြာကျော်ငေါ်က သူကိုယ်တိုင်တည်ထောင်လိုက်တဲ့ ရုပ်ရှင်ထုတ်လုပ်ရေးကို **သုဒြာ** လို့ အမည်ပေးပြီး သုဒြာရုပ်ရှင် ထုတ်လုပ်ရေးကို မိတ်ဆက်တဲ့ အခမ်းအနားနဲ့ သုဒြာက ပထမဦးဆုံး ရိုက်ကူးထုတ်လုပ်သွားမယ့် **Reflection** ရုပ်ရှင်ဇာတ်ကား ကန်တော့ ပွဲပေးအခမ်းအနားကို ဩဂုတ် လ ၉ ရက် အင်္ဂါနေ့ မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ် Yangon Ballroom မှာ ကျင်းပခဲ့ပါတယ်။

Reflection ရုပ်ရှင်ဇာတ်ကားကို လူမင်းက ဒါရိုက်တာအဖြစ် ရိုက်ကူးပေးသွားမှာဖြစ်ပြီး အဓိက သရုပ်ဆောင်များ အဖြစ် ထွန်းအိန္ဒြာဗို့၊ အိန္ဒြာကျော်ငေါ်၊ ဝတ်မှုရွှေရည်နဲ့ ပက်ထရစ်ရှာတို့ ပါဝင်ကြမှာဖြစ်ပါတယ်။ လူမင်းက ပထမဦးဆုံး **ကျွန်စစ်မင်း** ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် တာဝန်ယူရှိက်ကူးခဲ့ပြီးနောက် **Anubis, နီဘီလူး၊ ကျတော်၀ူ၊ ယန်းတောင်း** ရုပ်ရှင်စာတ်ကားများကို ဒါရိုက်တာအဖြစ် ရိုက်ကူးဖြစ်ခဲ့ပါတယ်။ အဲဒီကားတွေမှာ လူမင်းက သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့တာဖြစ်ပြီး **Reflection** မှာ သရုပ်ဆောင်အဖြစ် မပါဘဲ ဒါရိုက်တာအဖြစ် ပထမဦးဆုံး ရိုက်ကူးတာ ဖြစ်ပါတယ်။

Reflection ကိုရိုက်ဖြစ်တာနဲ့ပတ်သက်ပြီး လူမင်းက 'ဒီစာတ်လမ်းက ကျွန်တော် တစ်ယောက်တည်း အကြိုက်လည်း မဟုတ်ပါဘူး။ ထို့အတူပဲ အခြားကျော်ဇင်တစ်ယောက်တည်း အကြိုက်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ စတင်ရွေးချယ်တာကတော့ ထုတ်လုပ်သူရဲ့ ရွေးချယ်မှုဖြစ်ပါတယ်။ သူတို့ရဲ့ ပွဲဦးထွက် ရုပ်ရှင်စာတ်ကားကို ဒီလိုပုံစံမျိုးနဲ့ ထူးထူးခြားခြား ရိုက်ချင်တယ်ဆိုပြီး ကျွန်တော့်ကို ကမ်းလှမ်းလာတာ ဖြစ်ပါတယ်။ ကျွန်တော်လည်း သဘောကျတယ်။ နောက် တစ်ခုက ကျွန်တော် သရုပ်ဆောင်မှုမပါဘဲ ဒါရိုက်တာသီးသန့် ပထမဦး ရိုက်တဲ့ကားလည်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အတွက်လည်း ကျွန်တော် စိန်ခေါ်မှုရှိတယ်။ ဒါကို သဘောကျလို့ လက်ခံရိုက်ဖြစ်တာပါ' လို့ ပြောပြခဲ့ပါတယ်။

ဒီကားမှာ မင်းသမီးလေးလက်ကို ဘယ်လိုပုံစံနဲ့ တွေ့ရမလဲ မေးကြည့်တဲ့အခါ 'ဒီကားမှာတော့ မင်းသမီးတွေကို အလန်းတွေနဲ့ တွေ့ရမှာပါ။ မင်းသား မပါတဲ့ စာတ်လမ်းဖြစ်လို့ စိတ်ဝင်စားမှုလည်း ရှိမှာပါ။ မင်းသမီးတွေကိုလည်း ပရိသတ်တွေ မြင်တွေ့နေကျပုံစံမဟုတ်တဲ့ မြင်ရမယ်။ ဒါကြောင့် ပရိသတ်အကြိုက် ဖြစ်မှာပါ။ မင်းသမီးတွေကို အက်ရှင်တွေနဲ့ မြင်ရမယ်။ သူတို့လုပ်နိုင်တဲ့ ဘောင်ထဲကနေ အက်ရှင်၊ ဖိုက်တင်တွေနဲ့ရဖို့ နည်းပညာ အကူအညီတွေ သုံးရမယ်။ လိုအပ်ရင် လူစားထိုးတာတွေလုပ်ပြီး မိုက်အောင် လုပ်မှာပါ။ နိုင်ငံခြား အမျိုးသမီး အက်ရှင်ကားတွေမှာ လည်းမင်းသမီးတွေက ကိုယ်တိုင်ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်ကြတာမျိုးမဟုတ်တဲ့ ဒါရိုက်တာရဲ့အိုင်ဒီယာနဲ့ လုပ်သွားကြတာတွေရှိတယ်။ အဲဒီပုံစံမျိုး ရိုက်ပြသွားမှာပါ။ နိုင်ငံတကာပုံစံမျိုး မရည်ရွယ်ပေမဲ့ မြန်မာနိုင်ငံအတွက်တော့ ထူးခြားတဲ့ ကားတစ်ကားဖြစ်အောင် ကြိုးစားပြီး ရိုက်သွားမှာပါ။ ရိုက်ရတာလည်း ခက်ခဲမှာပါ။ စိန်ခေါ်မှုတွေလည်း ရှိတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားလိုက်နိုင်အောင်ဖြင့်မှဆိုတာ တွေးပြီးဖြစ်ပါတယ်။ ဒါကြောင့် လည်း လုပ်ကြည့်တာပါ' လို့

www.burmeseclassic.com

www.burmeseclassic.com

ပြောပြခဲ့ပါတယ်။

ထုတ်လုပ်သူလည်းဖြစ်၊ သရုပ်ဆောင်အဖြစ်လည်း ပါဝင်မယ့် အိန္ဒြာဆွေစင်က "အုဝဲရဲ့သုခြာထုတ်ဆုပ်ရေးက ထူးထူးခြားခြားထားနဲ့ စပြီး ဖွင့်ချင်တယ်။ ဇင်းဆားမပါဘူး။ မင်းသမီးဆွေချည်း ဦးစားပေးထားတယ်။ နောက်ပြီးတော့ ဒီဇင်းသမီးတွေကို အက်ရှင်ဝဲခဲ့နဲ့သွားမယ်။ အချိုးသမီးဆွေဖြစ်လို့ ဖက်ရှင်နဲ့လည်း သွားမယ်။ သူများနဲ့မတူတဲ့ ထူးခြားမှုဖြစ်ချင်တယ်။ အုဝဲက ဖက်ရှင်ကိုရော၊ အက်ရှင်ကိုပါ စိတ်ဝင်စားတာလည်း ပါတယ်။ အခုရွေးထားတဲ့ မင်းသမီးတွေက သူနေရာနဲ့သူ လိုက်ဖက်တယ်။ ဒါက အုဝဲလုပ်ချင်တဲ့ပုံစံပါ။ ဖက်ရှင်ဆိုရင်လည်း မင်းသမီးတစ်ယောက်ချင်းစီအတွက် Stylist တွေစီစဉ်ပေးသွားမယ်။ ကိုလူမင်းကို ဒါရိုက်တာအဖြစ် ရွေးချယ်ရတာကလည်း အုဝဲရိုက်ချင်တဲ့ ဇာတ်လမ်းနဲ့ ကိုလူမင်းရဲ့ ရိုက်ချက်တွေလိုက်ဖက်လို့ပါ။ ကိုလူမင်းက ဒီဇာတ်ကို အရမ်းစိတ်ဝင်စားသလို၊ ဒါရိုက်တာအတတ်ပညာအပြည့်နဲ့ အာရုံစူးစိုက်မှုကောင်းလို့ ရွေးဖြစ်သွားတာပါ။ မခိုင်ကြီးဆိုရင်လည်း သူလုပ်နိုင်တာနဲ့ ကွက်တိပဲ။ နောက်တစ်ခုက ဝတ်မှုန်ရွေရည်နဲ့ ပက်ထရစ်ရှာဆိုရင်လည်း တကယ်လှတဲ့ မင်းသမီးတွေလေ။ ဝတ်မှုန်ရွေရည်က ဒီဇာတ်လမ်းထဲက ဇာတ်ရုပ်ကို သူကိုယ်တိုင်ရွေးတာပါ။ အက်ရှင်ပိုင်းမှာ သူတို့လုပ်နိုင်သလောက်လုပ်ကြမှာဖြစ်သလို ဖက်ရှင်အနေနဲ့လည်း လှနေမှာဖြစ်လို့ ပရိသတ် စိတ်ဝင်စားမှာပါ။ အက်ရှင်ချည်းပဲ သွားမယ်ဆိုရင် မင်းသမီးတွေက အဲဒီလောက် မပိုင်နိုင်ဘူး။ အဲဒါကြောင့် ဖက်ရှင်နဲ့ ပေါင်းရတာပါ။ ဇာတ်ဝင်ခန်းတစ်ခန်းမှာ ဒီမင်းသမီးရဲ့စတိုင်လ်က ဘယ်လိုလဲဆိုတာ ပရိသတ် အမြင်ဆန်းဆန်းလေး မြင်ရဖို့ Fashion Stylist တစ်ယောက်စီနဲ့ သွားမယ်။

"မခိုင်ကြီးက ဒီကားမှာ သူလိုချင်တာ၊ သူလုပ်ချင်တာကို လုပ်တတ်တဲ့ မိန်းမဖြစ်လို့ နည်းနည်းတော့ ကြမ်းတယ်။ ဝတ်မှုန်ရွေရည်၊ ပက်ထရစ်ရှာနဲ့ အုဝဲတို့က မခိုင်ကြီးကြောင့် ငယ်ငယ်ကတည်းက ဓိသားစုတွေ အကုန်လုံးတစ်စစီဖြိုကွဲပျက်စီးခဲ့ရတယ်။ ဒါကြောင့် မခိုင်ကြီးကို ပြန်ပြီး ကလဲ့စားချေကြတဲ့ ဇာတ်ပါ။ တန်ပြန်သက်ရောက်မှုလို့ ပြောရမှာပေါ့။ ဒီမှာတော့ **Reflection** လို့ အမည်ပေးထားတယ်။ ဇာတ်တော်ရှိုးက ဒီနာမည်နဲ့ အရမ်းလိုက်ဖက်တယ်။ မကောင်းတာလုပ်ထားတဲ့ သူတစ်ယောက်ဟာ သူလုပ်ထားတဲ့အတိုင်း မကောင်းတာ ပြန်ခံရမယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ တန်ပြန်သက်ရောက်မှုပုံစံနဲ့ လိုက်လို့ ဒီနာမည်ပေးဖြစ်တာပါ' လို့ အိန္ဒြာကျော်ဇင်က ပြောပြခဲ့ပါတယ်။

ထွန်းအိန္ဒြာဗို့က 'ဒီကားကိုလက်ခံဖြစ်တာ ကျွန်မလုပ်နေကျစောင်ရပ်မဟုတ်တဲ့အတွက်ကြောင့် ထူးခြားမှုရှိတယ်။ ဒါကြောင့် ကြိုးစားကြည့်ချင်တယ်။ ဒီစောင်ကားကို 'စိတ်ဝင်စားမှုအပြည့်ရှိတဲ့အတွက် စောင်ကို သေသေချာချာ ကျေညက်အောင် ဖော်ထားတယ်။ ဒါမှလည်း မုဒိက အပြည့်ရမှာမို့ပါ။ ဒါရိုက်တာ ကိုလူမင်းကတော့ ကျွန်မလုပ်နေကျ၊ သွားနေကျ မြင်နေကျပုံစံမဖြစ်အောင် သူက လိုချင်တယ်။ တစ်ခုရှိတာက အဲဒီလိုဆိုရင် ကျွန်မသရုပ်ဆောင်တာကို အနှောင့်အယှက်ဖြစ်မယ်ဆိုရင်တော့ အဲဒီအပြင်အဆင်များ လုပ်ဖြစ်မှာ မဟုတ်ဘူး။ ကျွန်မလုပ်နေကျမဟုတ်တဲ့ အပြင်အဆင်များလုပ်ရမှာကိုတော့ နည်းနည်းဝန်လေးပါတယ်။ ဒါကြောင့် ကိုလူမင်းနဲ့ ညှိပြီးလုပ်မယ်။ ကိုလူမင်းကတော့ ပရိသတ်ကို သရုပ်ဆောင်တဲ့သူအားလုံး တခြားကားနဲ့ မတူတဲ့ အပြင်အဆင်များ သူက ဖြစ်စေချင်တော့ ကြိုးစားနေပါတယ်။ ခါတိုင်း သရုပ်ဆောင်မှုတွေနဲ့ ကွဲနေတာကိုတော့ ပရိသတ် မြင်ရမှာပါ' လို့ ပြောပြခဲ့ပါတယ်။

ပက်ထရစ်ရှာကတော့ 'ဒီကားအတွက် Stylist ကို သီးခြားငှားထားတယ်။ ချုပ်သင့်တာလည်း ချုပ်မယ်။ ပွဲတက်လို့မျိုး စောင်ဝင်ခန်းတွေအတွက် လူငယ်ဒီဇိုင်နာမင်းခန့်က စီစဉ်ပေးမယ်။ Stylist တာဝန်တွေကိုတော့ စွမ်းက ယူထားပေးပါတယ်။ ကိုမင်းခန့်ရဲ့ ဖက်ရှင်တွေက အရမ်းမိုက်တယ်။ ဒီကားနဲ့ လိုက်ဖက်တာတွေကို သူ ရွေးပေးသွားမယ်။ စွမ်းနဲ့ မင်းခန့်တို့ပေါင်းပြီး အကောင်းဆုံးပုံဖော်ပေးကြမှာပေါ့။ ဒီကားမှာတော့ ပက်ထရစ်ရှာကို အရိပ်စောင်ကောင်အဖြစ် တွေ့ရမယ်။ ကာရိုက်တာကတော့ မကျေနပ်တဲ့သူကို ပြန်ပြီး ကလဲ့စားချေဖို့ ကြိုးစားနေပြီး လုပ်ကြံဖို့ အမြဲတမ်း ကြိုးစားနေတဲ့သူ ဖြစ်တယ်။ ဖိုက်တင်ခန်းလည်း များတယ်။ လုပ်ကွက်ကလည်း ကိုယ့်ထက်ကြီးတဲ့သူတွေနဲ့ လုပ်ပိုင်ခွင့် အတူတူပဲ။ ညီတူမျှတူ လုပ်ခွင့်ရမယ်။ အကလည်းနိုင် ပါတယ်။ အကအတွက်လည်း လေ့ကျင့်ရမယ်။ ဒီကားနဲ့ပတ်သက် ပြီးပြောချင်တာက မင်းသမီးလေးယောက်ချည်းပဲ။ မင်းသားလည်း မပါဘူး။ ဒါကြောင့် ထူးခြားတယ်။ ဂျက်မပုံစံများ သရုပ်ဆောင်ရမှာဖြစ်လို့ ပရိသတ်တွေ ကြိုက်ကြမယ့်ကားများဖြစ်တယ်' လို့ ပြောပြခဲ့ပါတယ်။ နောက်ထပ်ပါဝင်မယ့် သရုပ်

www.burmeseclassic.com

www.burmeseclassic.com

ဆောင် ဝတ်မှုရွေရည်
အတော့ ဒါရိုက်တာ
ဇင်ရော်မောင်မောင်
ခိုက်ကူးနေတဲ့ ထာဝရအမေ
နှယ်ရှင်စောတ်ကားကို
ခန်းတွင်း
သဘောဘက်မှာ
သွားရောက်ရိုက်ကူး
နေရတဲ့အတွက် ကန်တော့ပွဲ
ဆခမ်းအနားကို
ဆောက်မလာနိုင်ခဲ့ပါဘူး။
ဒီကားကို
ဩဂုတ်လလယ်ကစလို့
ရန်ကုန်နဲ့ နယ်မြို့များမှာ
သွားရောက်
ခိုက်ကူးသွားမယ်လို့
သိရပါတယ်။

■ လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပထမခင်ပွန်းသည် ဘရုစ် ဝီးလစ်၊ ဒုတိယခင်ပွန်းသည် အက်ရှ်တန်ကာရာ
သမီးနှစ်ယောက်နဲ့အတူ ဒယ်မီမိုး

သုံးခုလပ်ရဲ့ ရွှေမင်းသား

ဇာနည်ညိမ်း

ဟောလိဝုဒ်ရဲ့ဘုရင်မလို့ တင်စားခံခဲ့ရဖူးတဲ့
ရုပ်ရှင်မင်းသမီး ဒယ်မီမိုးဟာ ခင်ပွန်းဖြစ်သူ
အက်ရှ်တန်ကာရာနဲ့ ကွာရှင်းပြတ်စဲပြီးတဲ့နောက်
အချစ်သစ်မရှာတော့ဘဲ "တစ်နေ့တော့
ကျွန်မနဲ့ ထိုက်တန်တဲ့ ရွှေမင်းသား ရောက်လာမှာပါ"လို့
ဒဏ္ဍာရီထဲက စာတိုသိမ်းဆန်းဆန် ဆိုခဲ့ဖူးပါတယ်။
အခုတော့ ဒယ်မီအတွက် ရွှေမင်းသားတစ်ပါး
တကယ်ကို ဆိုက်ဆိုက်မြိုက်မြိုက် သူထံပါး
ရောက်ရှိလာခဲ့ပါပြီ။ အသက် ၅၃ နှစ်ရှိပြီဖြစ်တဲ့
ဒယ်မီအတွက် ရောက်ရှိလာတဲ့ ရွှေမင်းသားကတော့
ဗြိတိန်နိုင်ငံရဲ့ ပလေးဘွိုင်မင်းသားအဖြစ်
တင်စားခံရတဲ့ မင်းသား အင်ဒရူးပါပဲ။
အင်ဒရူးက ၅၆ နှစ်ရှိပြီ ဖြစ်ပါတယ်။
သူတို့နှစ်ယောက်ကို ဆုံစည်းပေးသူက
အင်ဒရူးရဲ့ဇနီးဟောင်းဖြစ်သူ ဆာရာဖာဂူဆန် လို့ဆိုရင်
အံ့သြစရာ ဖြစ်ကောင်းဖြစ်နေပါမယ်။ တကယ်ပဲ
ဆာရာက သူတို့နှစ်ဦးကို မိတ်ဆက်ပေးခဲ့တာပါ။
၂၀၁၆ ခုနှစ် မေလအတွင်းက လန်ဒန်မြို့မှာ
ကျင်းပတဲ့ RHS Chelsea Flower Show မှာ
မိတ်ဆက်ပေးခဲ့တာပါ။
ဖာဂီနဲ့ဒယ်မီတို့က မိတ်ဟောင်းဆွေဟောင်းများ
ဖြစ်ကြပြီး ဒယ်မီက ခင်ပွန်းဟောင်းဖြစ်သူ

၂၀၁၆ စက်တင်ဘာ ရွှေအမြုတေ ဂျပိစံမွှေလင်း ၆၇

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာအနုပညာစာမျက်နှာ

ရုပ်ရှင်သရုပ်ဆောင် ဘရုစ်ဝီးလစ်နဲ့ ပေါင်းသင်းနေထိုင်စဉ်က အင်္ဂလန်မှာ နေထိုင်ခဲ့ဖူးပြီး အဲဒီတုန်းက အင်ဒရူးကလည်း ဖာဂီနဲ့ ပေါင်းသင်းနေစဉ်ဖြစ်တာကြောင့် လူငယ်ဇနီးမောင်နှံနှစ်တွဲတို့ ရင်းနှီးခဲ့ကြပါတယ်။ ဒါပေမဲ့ ဒယ်မီနဲ့ အင်ဒရူးတို့ မတွေ့ကြတာ နှစ်ပေါင်းများစွာကြာပြီလို့ ဆိုပါတယ်။

ဖာဂီကိုယ်တိုင်က အင်ဒရူးအနေနဲ့ ဒယ်မီကို သဘောကျလိမ့်မယ်လို့ ယူဆတာကြောင့် ဒီပန်းပြဿနာမှာ မိတ်ဆက်ပေးခဲ့တာလို့ ဆိုပါတယ်။ သူတို့နှစ်ယောက် ပြန်တွေ့ကြချိန်မှာ အချစ်မီးတွေ စတင်တောက်လောင်တော့တာပဲလို့ အတွင်းသိတစ်ဦးက ဆိုပါတယ်။ နှစ်ဦးစလုံးက ကွာရှင်းပြတ်စဲထားတဲ့ လူလွတ်တွေဖြစ်နေကြပါတယ်။ ဒယ်မီရဲ့ ခင်ပွန်းဟောင်းဖြစ်သူ အက်ရှ်တန်က ဒယ်မီထက် အသက်ထက်ဝက်လောက် ငယ်သူ၊ အမျိုးသမီးတစ်ယောက်နဲ့ ဖောက်ပြန်သွားခဲ့သလို အင်ဒရူးရဲ့ ဇနီးဟောင်းကလည်း တခြားအမျိုးသားတစ်ဦးနဲ့ ဖောက်ပြန်နေခဲ့တာကို ဓာတ်ပုံများပေါ်ထွက်လာခြင်းကြောင့် ကွာရှင်းပြတ်စဲခဲ့ကြပါတယ်။

ဒီကာလအတွင်းမှာ အင်ဒရူးက ဗြိတိန် ရေသမီးတစ်လက်ဖြစ်ခဲ့တဲ့ ဒယ်မီမိုးမှာ သမီးများဖြစ်တဲ့ ရူမာ(အသက် ၂၇ နှစ်)၊ စကောက်(အသက် ၂၅ နှစ်)နဲ့ တော်လူလာဝီးလစ္စ(အသက် ၂၂ နှစ်)တို့ရှိပြီး အင်ဒရူးမှာတော့ သမီးများဖြစ်တဲ့ ဘီရာထရိုက်စ်(အသက် ၂၇ နှစ်)၊ ယူဂျင်း(အသက် ၂၆ နှစ်)တို့ရှိကြပြီး သမီးများကဖခင်ဖြစ်သူရဲ့ အချစ်ရေးနဲ့

အင်ဒရူးမင်းဆားနဲ့ သမီးတော်နှစ်ပါး

အချစ်တော် ငြိုငြင်နေတဲ့ မယ်တော် ဘုရင်မကြီး

တပ်မတော်မှာ တာဝန်ထမ်းဆောင်ပြီး ရောက်လေရာဆိပ်ကမ်းမြို့တိုင်းမှာ အမျိုးသမီးငယ်များနဲ့ ပတ်သက်လေ့ရှိပါတယ်။ ဒါကြောင့် သူကို ရင်းနှီးသူများက Randy Andy လို့ နာမည်ပြောင်ပေးထားကြပါတယ်။

အတွင်းသိတစ်ဦးက "ဒီတစ်ကြိမ်တော့ အင်ဒရူးခြေငြိမ်သွားမယ်ထင်ပါတယ်" လို့ ဆိုပါတယ်။ Ghost ဓာတ်ကားနဲ့ ကမ္ဘာကျော်မင်းပတ်သက်ပြီး ရင်ခုန်စိတ်ဝင်စားနေကြတယ်လို့ ဆိုပါတယ်။

မိတ်ဆွေတစ်ဦးက တော့ "အင်ဒရူး ဒီလိုပျော်နေတာကို ကျွန်တော်တို့ မမြင်ရတာ နှစ်တော်တော်ကြာနေပြီ" လို့ ဆိုပါတယ်။ "ပန်းပြဿနာကို သွားတုန်းကတော့ အချစ်တွေပွင့်လန်းလာလိမ့်မယ်လို့ သူမျှော်လင့်ခဲ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ တကယ်ကို အချစ်တွေနဲ့ ပျော်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပထမခင်ပွန်းသည်
ဘရုစ် ဝီးလစ်နဲ့...

ဒုတိယခင်ပွန်းသည်
အက်ရှ်တန်ကာချာနဲ့...

ဒယ်မီမိုးနဲ့ သမီး သုံးယောက်

အင်ဒရူးက ဒယ်မီကို
လက်ဆောင်ပစ္စည်းတွေ၊
ပန်းလက်ဆောင်တွေနဲ့
ပေးလို့မဝ ဖြစ်နေတယ်။
ဖာဂီနဲ့
ကွာရှင်းပြတ်စဲခဲ့တာကလည်း
နှစ်ပေါင်း ၂၀ ကျော်နေပြီ
ဆိုတော့ သူ့အနေနဲ့
အခြေတကျ
နေချင်ပြီထင်ပါရဲ့' လို့လည်း
သုံးသပ်ပါတယ်။
အသက် ၉၀ အရွယ်ရှိပြီး
အင်ဒရူးကို
အချစ်ဆုံးဖြစ်တဲ့
မယ်တော် အဲလစ်ဇာဘက်
ဘုရင်မကြီးကတော့
အင်ဒရူးနဲ့ဒယ်မီရဲ့
အချစ်ရေးကို
မကြည်ဖြူလှပါဘူး။
ဒယ်မီက
အိမ်ထောင်သုံးခွဲတက်
ရှိခဲ့ဖူးတဲ့အပြင်
မူးယစ်ဆေးဝါး
သုံးစွဲသူလို့လည်း
နာမည်ထွက်ပူးတာကြောင့်
မဟာဆီ မဟာသွေးထဲမှာ
ဒီလို မိန်းမတစ်ယောက်
ဝင်လာမှာကို မနှစ်မြို့ဘူး
ဖြစ်နေပါတယ်။
ဒါကြောင့် ဘုရင်မကြီးက
အင်ဒရူးကို အခြေတကျ
အိမ်ထောင်ပြုပြီး
မထင်မရှား
သာမန်လူတစ်ယောက်လို
နေစေချင်တယ်လို့
အဓိပ္ပာယ်ရှိထားပါတယ်။
ဒယ်မီရဲ့အချစ်ရေး
ပြေလည်မှုရှိမရှိဆိုတာကို
စောင့်ကြည့်ကြရဦးမှာပါ။

■

ကိုးကားသည့်အရင်းအမြစ်များ

Ref: Globe,
August 8 2016.

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာအနုပညာစာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



အသက် ၄၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့
လီယိုနာဒို

အသက် ၂၄ နှစ်အရွယ်
နီနာ အက်ရှ်ဒါလ်

မာလီဘူကမ်းခြေမှာ
ကြည်နူးနေကြတဲ့
လီယိုနဲ့နီနာ

လက်ထပ်ခေါင်းဆောင်သမျှား

ကြယ်ရောပမာယိုလီယိုနာဒို

ဇာနည်ညိမ်း

Titanic ရုပ်ရှင်ဇာတ်ကားကအစ
ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အမျိုးသမီးထုရဲ့နှလုံးသားကို
ဆွဲကိုင်လှုပ်ယမ်းနိုင်ခဲ့တဲ့ လီယိုနာဒို ဒီကာပရီယိုက
လူပျိုဘဝကို စွန့်လွှတ်ပြီး မကြာခင်မှာ
လက်ထပ်တော့မယ်လို့ သတင်းများ ပေါ်ထွက်လာပါတယ်။
လီယိုနာဒို့ရဲ့ချစ်သူကတော့ Victoria's Secret
အလှကုန်ပစ္စည်းရဲ့ မော်ဒယ်လ်မကလေးဖြစ်တဲ့
နီနာ အက်ရှ်ဒါလ် ဖြစ်ပါတယ်။
သတင်းရင်းမြစ်တစ်ဦးက လီယိုနာဒိုအနေနဲ့
ကမ္ဘာအချောဆုံးအလှဆုံး အမျိုးသမီးပေါင်းများစွာနဲ့
နှလုံးသားရေးရာ
ပတ်သက်မှုရှိခဲ့ပြီးတဲ့
နောက် သူအတွက်
အသင့်တော်ဆုံး
အမျိုးသမီးကို
ရွေးချယ်လိုက်နိုင်ပြီလို့
ဆိုပါတယ်။
အသက် ၄၁ နှစ်ရှိပြီး
Wolf of Wall Street
ဇာတ်ကားနဲ့
အောင်မြင်မှု
သရဖူဆောင်းထားတဲ့
လီယိုနာဒိုဟာ
ဆယ်စုနှစ်ပေါင်းများစွာ
အတွင်းမှာ
မိန်းမချောများဖြစ်တဲ့
ဂစ်စလီဘန်ချန်၊
ဘားရက်ဖ်လီ၊
ကယ်လီရိုဘာချန်၊
ရုပ်ရှင်မင်းသမီး
ဘလိတ်ခ်လိုက်ဗလီတို့
အပါအဝင်
မိန်းကလေးများစွာနဲ့
ပတ်သက်ခဲ့ဖူးပါတယ်။
ဒါပေမဲ့
အသက် ၂၄ နှစ်အရွယ်ရှိ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာအနုပညာစာမျက်နှာ

ဒီနှစ်မတ်ပြည်သူကလေးနဲ့
တွေ့လိုက်ချိန်မှာတော့
လီယိုနာဒို့တစ်ယောက်
အရည်ပျော်သွားခဲ့ရပါတယ်။
သူတို့နှစ်ယောက်တွဲနေခဲ့တာ
အချိန်ကာလအားဖြင့်
နှစ်နှစ်ရှိခဲ့ပြီး တစ်ကြိမ်သာ
စိတ်ဆိုးနေကြတဲ့အတွက်
ခေတ္တခဏ
ကွာဝေးနေခဲ့ဖူးပါတယ်။
အခု သူတို့နှစ်ယောက်
ပြန်လည်ဆုံစည်းကြပြီးနောက်
မကြာခင်မှာ
လက်ထပ်ကြတော့မယ်လို့
သတင်းများထွက်ပေါ်လာခြင်း
ဖြစ်ပါတယ်။
လက်ထပ်ကြတော့မယ်ဆိုတဲ့
သတင်းများကြောင့်
နီနာရဲ့အဘွားဖြစ်တဲ့
လော်နာက သူမှာ
ပျော်ရွှင်ရသုံးဖြစ်တဲ့အကြောင်း
သတင်းဌာနများသို့
ဖြေကြားခဲ့ပါတယ်။
"သူတို့နှစ်ဦး ချစ်သူဘဝ
စရောက်ကတည်းက
အဘွားဖြစ်သူက
ဟောလိဝုဒ်ရဲ့ ဒွန်ဂျွန်းလို့
နာမည်ကြီးတဲ့ လီယိုနာဒို့ကို
'မြေးမလေးကို မလှည့်စားပါနဲ့။
တကယ်လို့ လှည့်စားမယ်
ဆိုရင်တော့ အဘွားနဲ့
စာရင်းရှင်းရလိမ့်မယ်' လို့
သတိပေးခဲ့ဖူးပါသတဲ့။
လီယိုက နီနာကို
တကယ်ချစ်ခင်သွားပြီ
ဖြစ်တာကြောင့်
လက်ထပ်မယ့်ရက်ကို
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ
ကျရောက်မယ့်ချစ်သူများနေ့မှာ
ကျင်းပဖို့ ရွေးချယ်ထားတယ်လို့
အတွင်းသိများက
ဆိုပါတယ်။ ဒီရက်ကို
ရွေးချယ်ရခြင်းမှာ

နီနာရဲ့ရင်ခွင်မှာ နားခိုတော့မယ့် လီယို



www.burmeseclassic.com

www.burmeseclassic.com

ဟောလိဝုဒ်ရဲ့ နံပါတ်တစ် လူပျိုတစ်ဦးအဖြစ် ရပ်တည်ခဲ့တဲ့
လီယို့နာဒို့က လူပျိုဘဝကို ဖွန့်လွှတ်တော့မှာပါ

အဓိပ္ပာယ်
အများကြီးရှိပါတယ်။
ချစ်သူနှစ်ဦးအတွက်
အမှတ်တရဖြစ်စေတဲ့အပြင်
လီယို့ရဲ့မိခင်ဖြစ်သူ
အာမီလင်းရဲ့မွေးနေ့လည်း
ဖြစ်နေခြင်းကြောင့်ပါ။
အတွင်းသိများက
ပြောကြားရာမှာ
'လီယို့နဲ့ နီနာတို့ကတော့
မင်္ဂလာပွဲကျင်းပဖို့
အကောင်းဆုံးနေရာကို
ရှာဖွေနေကြပါပြီ။
နီနာကလည်း
သတို့သမီးဝတ်စုံအတွက်
ပြင်ဆင်နေပါပြီ။
နှစ်ဖက်မိသားစုဝင်များကလည်း
ချစ်သူနှစ်ဦးအတွက်
အတိုင်းမသိ ဝမ်းသာနေကြ
တယ်'လို့ ဆိုပါတယ်။
နီနာရဲ့ချစ်သူပေစောင်းဖြစ်တဲ့
မက်စ်ကျော့ချ်က
နီနာနဲ့ပတ်သက်ပြီး
ချစ်စရာအကောင်းဆုံးကတော့
သူ့ရဲ့ပင်ကိုရုပ်ရည်ပါပဲလို့
ဆိုပါတယ်။
မက်စ်ကျော့ချ်က
The Wanted အမည်ရှိ
အင်္ဂလိပ်တီးဝိုင်းက
အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။
နီနာကMaroon 5 တီးဝိုင်းမှ
အဖွဲ့သားတစ်ဦးလည်း
ဖြစ်၊ အဆိုနည်းပြ
တစ်ဦးလည်းဖြစ်တဲ့
အဒမ်လီဗိုင်းနဲ့လည်း
ချစ်ကျွမ်းဝင်ခဲ့ဖူးပါတယ်။
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ
လီယို့နာဒို့အတွက်
မင်္ဂလာခေါင်းလောင်းသံတွေကို
နားစွင့်ကြည့်ကြပါစို့။

■ စာနည်ညီမ်း

Ref: Globe,
August 8 2016.

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာအနုပညာစာမျက်နှာ

အဆိုတော်
သရုပ်ဆောင်
ဒေါလီပါတန်
ဘဝတစ်လျှောက်
ကြီးထွားလာ
သူ့ရင်သားအစုံ
ဂုဏ်ယူဝင့်ကြွားစ
ဖြစ်ခဲ့ပါတယ်
နှစ်ကြိမ်
ခွဲစိတ်ပြုပြင်ထား
အဲဒီရင်သားအစုံ
အခုအခါမှာတော့
ဒုက္ခပေးရော့
ပွင့်ထွက်တော့မ
ဖြစ်နေရ
အထဲမှာထည့်ထား
ဆီလီကွန်များ
ခန္ဓာကိုယ်အတွင်
ရောက်ရှိနေခြင်းကြော
မကြာခင်မှာ
အသက်
အန္တရာယ်ကိုတော

ရင်ပွင့်လေသာဒေါ်လီ

ဇာနည်ညိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာခံစားရခြင်းမှာ လိုအပ်တာထက်ပိုပြီး
ကြီးထွားထားတဲ့ ရင်သားကြောင့်ဖြစ်တဲ့အတွက်
ဆရာဝန်များက ရင်သားအရွယ်ကို လက်ရှိထက်
ထက်ဝက်လျှော့ချဖို့ အကြံပြုထားကြပါတယ်။
ဒါပေမဲ့ ဒေါ်လီကတော့ သူ့ရင်သားကို
သေးပစ်လိုက်ရင် သူ့ပရိသတ်တွေက
လက်ခံကြပါတော့မလားလို့ စိုးရိမ်နေကြောင်း
သတင်းရင်းမြစ်တစ်ဦးက ဆိုပါတယ်။
"သူ့အသံကောင်းတာ မှန်တယ်။ ဒါပေမဲ့ ပရိသတ်က
သူ့အသံနဲ့အတူ ရင်သားကြီးထွားမှုကိုလည်း
စိတ်ဝင်စားအားပေးကြတာဖြစ်လို့ သူ့အနေနဲ့
ရင်သားဆိုက်လျှော့ချဖို့ဆိုတာ
တော်တော်စဉ်းစားရခက်တဲ့
ပြဿနာတစ်ရပ်ဖြစ်နေပါတယ်" လို့ ဆိုပါတယ်။
ကိုယ်အလေးချိန် ၈၉ ပေါင်ရှိတဲ့ ဒေါ်လီဟာ
အသံကောင်းခြင်းအပြင် ကြီးထွားလှတဲ့
ရင်သားကွေကြောင့်လည်း အောင်မြင်မှုအရှိန်
အဟုန်မြင့်မားခဲ့ခြင်း ဖြစ်ပါတယ်။ ဒေါ်လီက
"ကျွန်မ ရင်သားတွေနဲ့ ပတ်သက်ပြီး ဂုဏ်ယူတယ်။
သူတို့ကြောင့် ကျွန်မ အောင်မြင်ချမ်းသာခဲ့ရတယ်။
သူတို့က ကျွန်မကို သယ်ဆောင်နေသလား၊
ကျွန်မက သူတို့ကို သယ်ဆောင်နေရသလား
ဆိုတာတောင် မပြောတတ်တော့ဘူး" လို့ ဆိုပါတယ်။
၁၉၉၂ ခုနှစ်တုန်းကလည်း ရင်သားတွေမှာ
ထည့်ထားတဲ့ ဆီလီကွန်များက နေသားတကျမရှိဘဲ
ခန္ဓာကိုယ်ရဲ့ တခြားနေရာများသို့ ရွှေ့သွားခြင်းကြောင့်
ခွဲစိတ်ကုသမှု တစ်ကြိမ် ခံယူခဲ့ရဖူးပါတယ်။
နယူးယောက်မြို့မှ နာမည်ကြီးဆရာဝန်တစ်ဦးဖြစ်တဲ့
ဒေါက်တာ စတီးဝပ်ဖစ်ရာက ဒီလို ရင်သားနေရာမှာ
ဆီလီကွန်များ ထည့်ထားခြင်းက
အန္တရာယ်များတယ်လို့ ဆိုပါတယ်။
ဆီလီကွန်တွေ နေရာရွှေ့ပြီး
တခြားနေရာကို ရောက်သွားရင်
အသက်အန္တရာယ်ရှိနိုင်တယ်လို့ ဆိုခဲ့ဖူးပါတယ်။
ခွဲစိတ်ကုသပြီး အရွယ်အစားလျှော့ချဖို့နဲ့
ပတ်သက်လို့ ဒေါ်လီက
"အဲဒီလိုလုပ်လိုက်ရင် ကျွန်မအောင်မြင်မှုကို
ကျွန်မ သတ်သလိုဖြစ်သွားမှာပေါ့။
သူတို့သာ မရှိဘူးဆိုရင် ကျွန်မ ဒေါ်လီ
ဖြစ်လာမှာ မဟုတ်ပါဘူး" လို့
ငြင်းဆိုနေကြောင်း သိရှိရပါတယ်။

■ ဇာနည်ညိမ်း

Ref: Globe, August 8 2016.

စိုးရိမ်ရတယ်လို့
ဟောလိဝုဒ်ရဲ့နာမည်ကြီး
ဆရာဝန်တစ်ဦးက
ဆိုလိုက်ပါတယ်။
ဒေါ်လီက
ဆယ်စုနှစ်ပေါင်းများစွာ
သူ့ရင်သားနဲ့ပတ်သက်ပြီး
ဝေဒနာခံစားခဲ့ရတာပါ။
ကြီးထွားလှတဲ့
သူ့ရင်သားတွေက
သူ့အတွက်
အောင်မြင်မှုပေးခဲ့သလို
ဝေဒနာကိုလည်း

ငယ်ရွယ်စဉ်က ဒေါ်လီရဲ့အလှ

ရစေခဲ့ပါတယ်။
အရပ် ၅ ပေ၊
၁ လက်မသာရှိပြီး
ဘရာစီယာဆိုက် ၃၈ ဒီဒီ
ဝတ်ရတဲ့ဒေါ်လီဟာ
အသက် ၇၀ ရှိပြီ
ဖြစ်တဲ့အတွက်
နောက်ကျော
နာကျင်တဲ့ဝေဒနာကို
ပြင်းပြင်းထန်ထန်
ခံစားနေရပြီ
ဖြစ်ပါတယ်။
နောက်ကျော

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဏာကူးတို့သမား

သိမဟုတ်

ANUBIS

လင်းနိုင်ဦး

လူမင်း ဒါရိုက်တာအဖြစ်
ရိုက်ကူးပေးထားတဲ့
Anubis ရုပ်ရှင်စာတိုက်ကား
ရိုက်ကွင်းကို လွန်ခဲ့တဲ့
နှစ်နှစ်လောက်က
ကျွန်တော်
ရောက်ဖြစ်ခဲ့တာပါ။
အမှုင့်ဆင်း(နှ)ကို
ရိုက်ကူးခဲ့တဲ့
နေရာကတော့

www.burmeseclassic.com

www.burmeseclassic.com



အခု Myanmar Idol ပြိုင်ပွဲကျင်းပနေတဲ့ နေရာ ဖြစ်ပါတယ်။ ညပိုင်းမှာ ရိုက်ကူးမှာဖြစ်လို့ ကျွန်တော်က ညနေ ၆ နာရီလောက် ရိုန်ပြီး သွားဖြစ်ခဲ့ပါတယ်။ အဲဒီရိုက်ကွင်းကို ရောက်တော့ ပြင်ဆင်နေကြတာတွေ တွေ့ရတဲ့အခါ အလွန်ပဲ စိတ်ဝင်စားစရာ ကောင်းပါတယ်။ နောက်ဆုံးပေါ် RED Camera ကို ပြင်ဆင်နေကြသလို ရိုက်ကွင်းအတွက် လိုအပ်မယ့်

ပြိုင်ကားတွေလည်း ကွင်းထဲကို တစ်စီးပြီးတစ်စီး ဝင်လာနေကြတာ စိတ်ဝင်စားစရာ အမိုက်စားကားတွေချည်းပါပဲ။ နောက်ဆုံးပေါ် ဈေးမြင့်တဲ့ ပြိုင်ကားအထိ ပါဝင်ပြီး ကိုလူမင်းရဲ့အကူအညီတောင်းမှုနဲ့ ပြိုင်ကားအစီး ၃၀ လောက် လာရောက်ပံ့ပိုး ကူညီပေးခဲ့ကြပါတယ်။ အဲဒီမှာ ရိုက်ခဲ့ကြတဲ့ စာတ်ဝင်ခန်းကတော့ အဲဒီနေ့ ပြိုင်ပွဲမှာ အဲဒီထဲက ပြိုင်ကားတစ်စီးက မှောက်တော့မယ်ဆိုတာကို ကြိုသိမြင်လို့ နေတိုးက လာပြီးတားတဲ့ စာတ်ဝင်ခန်းပါ။ ဒါပေမဲ့ ပွဲကျင်းပနေတာ Under Ground Party ဖြစ်နေတဲ့အတွက် သွေးဆူနေတဲ့ လူငယ်များက မယုံကြည်ကြတဲ့အပြင် နေတိုးကိုပါ ဝိုင်းရိုက်လိုက် ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် နေတိုးက
မတားလိုက်နိုင်ခဲ့ဘူး။
အဲဒီမှာ တကယ်ပဲ
ကားမောက်သွားတယ်။
မောက်သွားတဲ့ကားက
မြင့်မြတ်ရဲ့ကားပါ။
မြင့်မြတ်လည်း
သေဆုံးခဲ့ပါတယ်။
အဲဒီလိုနဲ့ဇာတ်ကို
ဖွင့်ထားပြီး
ရိုက်ကူးပေးထားတာ
ဖြစ်ပါတယ်။
Anubis မှာ
လူမင်းက သရုပ်ဆောင်၊
ဒါရိုက်တာအဖြစ် ပါဝင်ပြီး
နေတိုး၊ ဝတ်မှုံရွှေရည်၊
ရွှေမှုံရတီတို့က
အဓိကသရုပ်ဆောင်များ
ဖြစ်ပြီး ဧည့်သည်
သရုပ်ဆောင်များအဖြစ်
ရာဇာနေဝင်း၊ မြင့်မြတ်၊
နန်းခင်ဇေယျာတို့က
ပါဝင်ပေးထားကြပါတယ်။
Anubis ကို
ရိုက်ကူးဖြစ်တာနဲ့
ပတ်သက်ပြီး
လူမင်းက ' Anubis ကို
မရဏကူးတို့သမားလို့
မြန်မာလို ပြန်လို့ရပါတယ်။
ဒါလေးကို
အီဂျစ်ရိုးရာတစ်ခုက
ယူထားတာပါ။
ဒီကားရိုက်ဖြစ်ရတဲ့
အကြောင်းက ရှေ့မှာ
ကွန်တော် **ကား** လို့
အမည်ပေးထားတဲ့
ဗီဒီယိုကားတစ်ကား
ရိုက်ဖူးတယ်။
ဂျပန်ဝိညာဉ်ပူးနေတဲ့
ကားပေါ့။ အဲဒါပြီးတော့
ကား-၂ ရိုက်မယ်ဆိုပြီး
ပထမက
စဉ်းစားထားတဲ့ကားပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆောက်ဝိုင်းတော့
ဗီဒီယိုမလုပ်ဘဲ
ကားကြီးရိုက်မယ်ဆိုပြီး
ခမ်းခမ်းနားနား
လုပ်ကြမယ်ဆိုတဲ့
ရည်ရွယ်ချက်နဲ့
အောင်တိုင်းကျော်အတွက်
ရိုက်ကူးပေးဖြစ်တာပါ။
ခမ်းခမ်းနားနား
လို့ပြောရတာကလည်း
ပရိသတ်ကို
ကျွန်တော် တန်အောင်
ရိုက်ပြချင်လို့ပါ။
ရုပ်ရှင်ကားတစ်ကားကို
ကြည့်ပြီး
ဒါမျိုးမှ ရုပ်ရှင်ကွလို့
ပြောစေချင်တာ။
ရုပ်ရှင်ကားတစ်ကား

www.burmeseclassic.com

www.burmeseclassic.com



ဂီဂီသသဖြစ်ဖို့
အင်္ဂါရုပ်တွေ
အများကြီးရှိပါတယ်။
အဲဒီအင်္ဂါရုပ်တွေ
ပြည့်စုံဖို့လည်း
လိုအပ်တယ်လေ။
ဒီနေ့ ပရိသတ်က
ရုပ်ရှင်ကား
တစ်ကားကြည့်ဖို့
သူ့ရဲ့ စွန့်စားရင်းနှီးမှုက
ကြီးပါတယ်။
သွားစရိုတ်၊
လာစရိတ် ရှိတယ်။
အချိန်ပေးရတယ်။
ငွေကုန်တယ်။
ငွေသောင်းဂဏန်းမရှိရင်
ရုပ်ရှင်ကြည့်ဖို့ မလွယ်ဘူး၊
ဒါကြောင့်
အဲဒါနဲ့ ထိုက်တန်တဲ့
ခမ်းခမ်းနားနား
ဖြစ်သွားစေချင်တယ်။
ဥဂမာ
အိန္ဒိယကားတွေကို ကြည့်
တယ်လောက်
ခမ်းနားလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကို ဆိုလိုချင်တာ
ကျွန်တော် မဟုတ်ပါဘူး။
ဆိုလိုချင်တာပါ။ ရုပ်ရှင်ဆိုတာ
ဇာတ်လမ်းအရ အရပ်ရဲ့
တောကြိုအုံကြားမှာ စကားပြောရတယ်လေ။
ရိုက်တာက ခမ်းခမ်းနားနား
တစ်မျိုးပေါ့။ ပြနိုင်ရမယ်၊
ဒီမှာလည်း ပြောနိုင်ရမယ်၊
ဇာတ်အရလည်း တင်ဆက်နိုင်ရမယ်။
ခမ်းနားဖို့ ဒီလိုအင်္ဂါရုပ်တွေ
လိုတာပေါ့။ ညီစေချင်ပါတယ်လို့
ဟိုတယ်ကြီးတွေပေါ်မှာ လူမင်းက
ရိုက်ပြမှ ပြောပြခဲ့ပါတယ်။
ခမ်းနားတယ်လို့ Anubis မှာ
ကျွန်တော် လူမင်းရဲ့သမီးအဖြစ်
ရွှေမှုံရတီက
သရုပ်ဆောင်
ပေးထားပြီး
ရွှေမှုံရတီကို
မွေးနေ့လက်ဆောင်
ပေးတဲ့ ကားမှာ
Anubis က
ကပ်နေတာပါ။
အဲဒီ Anubis ကို
မြင်နိုင်တဲ့သူက
နေတိုးတစ်ယောက်ပဲ
ရှိတယ်။
ဒါကြောင့်
နေတိုးက
လိုက်သတိပေးဖို့
ကြိုးစားရင်း
ဖြစ်ပျက်ခဲ့တာတွေကို
လူမင်းက
စိတ်ဝင်စားပွယ်
ရိုက်ချက်များနဲ့
ခမ်းခမ်းနားနား
ရိုက်ကူးပေးထားပြီး
အောက်ကိုဘာ
လဆန်းဂိုင်းလောက်မှာ
ရုံတင်ပြသပေးမယ်လို့
သိရပါတယ်။

■

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ဩဂုတ်လ ၃၁ ရက်တွင် ကျရောက်သည့်
ကျော်သူ+ရွှေဇီးကွက်တို့၏ ၃၅ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အမှတ်တရ

၁။

"မိန်းမရေ...
ကောင်လေး ပြန်လာပြီ။
မင်္ဂလာဂါ ညီလေး" ဟူသော
ကိုကျော်သူနှင့် မရွှေဇီးကွက်တို့၏
နူတ်ဆက်စကားသံကို ကျွန်တော်
လက်ခံရရှိလိုက်သောအချိန်၌ -
သီပေါမင်းဆရာ ဒေါက်တာမုတ်၏
မန္တလေး ဇတာနာဝုံ
ရွှေနန်းတော်ကြီးနှင့်ပတ်သက်သော
စကားတစ်ခွန်းကို
သတိရမိဂါတော့သည်။
"ဤနေရာလေးသည်
နိဗ္ဗာန်မဟုတ်မှန်း
သိရှိလိုက်ရသော်လည်း
နိဗ္ဗာန်နှင့် အနီးဆုံးနေရာဟု
ဆိုသောနေရာသို့ ရောက်ရှိနေမှန်း
ကျွန်ုပ် သိလိုက်ရတော့သည်။"
ကျွန်တော့်အဖို့
ဒေါက်တာမုတ်၏စကားကို
လိုက်ဂါရွတ်ဆိုဖို့
မဖြစ်နိုင်သော်လည်း
ဒေါက်တာမုတ် ခံစားမှုအတိုင်း
ကိုကျော်သူတို့လင်မယားအား
ပြန်လည်တွေ့ဆုံလိုက်ရသောအချိန်၌ -
"ဤနေရာလေးသည်
ကွယ်လွန်သူ
မခင်ကြီးနှင့် မိုင်ကြီးအား
တစ်ပန်းတည်း တွေ့ဆုံလိုက်ရသည့်
ပဟုတ်သော်လည်း
ငေါကြီးနှင့်မိခင်ကြီးအား
အမီးဆုံးတွေ့ဆုံလိုက်ရသကဲ့သို့
ကျွန်ုပ် ခံစား
သိလိုက်ရဂါတော့သည်။" ဟု

ချစ်ဖို့အတွက်မွေးဖွားလာတဲ့သူ

THE MAN BORN TO LOVE

မောင်မောင်ဝင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တစ်ကိုယ်တည်း
သိုက်ပါ ရွှတ်ဆိုမိပါသည်။ ဤသည်ကလည်း
တစ်ကြိမ်တည်း မကတော့ဘဲ ကြိမ်ဖန်များစွာပင်
ရှိတော့မည်။ ကျွန်တော် ကိုကျော်သူတို့လင်မယားနှင့်
ခွဲခွာ၍ ခရီးသည်တစ်ဦးအသွင်ပြင်ဖြင့် ကမ္ဘာနေရာအနှံ့သို့
သွက်ခွာသွားပြီး၊ တစ်ဖန် ပြန်လည်တွေ့ဆုံလိုက်ချိန်၌
ကျွန်တော် ရွှတ်ဆိုနေခြင်းပင်။ ဟိုးအရင်၊ ဟိုးလွန်ခဲ့သောအချိန်များစွာက
ပြန်လည်တွေ့ဆုံသည့်အချိန်၌ ကျွန်တော် ဤကဲ့သို့ ရွှတ်ဆိုခြင်းမဆုံးခင်
မရွေးကွက်ထဲမှ မင်္ဂလာပါ ဟူသော နှုတ်ဆက်စကား ပြန်လည်မကြားရခင်-
ငါတော့ မပြောချင်တော့ပါဘူး ငါ့မောင်၊ နှင့်အစ်ကိုအကြောင်း။
အိမ်မရှိ၊ ယာမရှိတဲ့သူလေ။ ငါက အိမ်ပြန်ပြီး ထမင်းစားဖို့ ပြောတယ်။
အိမ်မပြန်ဘူး။ နင် စဉ်းစားကြည့်လေ၊ လင်မယားပဲ ကိုယ့်အိမ်၊

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ယာကလေးမှာ အေးအေးဆေး ထမင်းစားရင်း စကားပြောချင်တာပေါ့။ တိုင်ပင်စရာရှိလည်း အေးအေးဆေးဆေး တိုင်ပင်ချင်တာပေါ့။ အခု ဟာက နှင့်အစ်ကိုက ဒီနာရေးကူညီမှုအသင်းမှာပဲ နေနေတာ။ ဒီမှာပဲစား ဒီမှာပဲအိပ်၊ ဒီမှာပဲနေ။ အခုဆိုရင် အိမ်မပြန်တာ ၄ နှစ်ကျော်သွားပြီ။ အလုပ်တွေများတာ ငါ သိသားပဲ'

ကိုကျော်သူထံမှ ဘာတစ်ခုမျှ တုံ့ပြန်သံ မကြားရ။ မရွေးနိုးကွက် ကျွန်တော့်ကို ပြောရင်း-

'ငါ အိမ်ပြန်လိုက်ဦးမယ် ငါ့မောင်၊ နှင့်အစ်ကိုနဲ့ စကားပြောဦး။ ငါက အိမ်ရှိ ယာရှိတဲ့ လူဆိုတော့ အိမ်ပြန် အိပ်ရမှာပေါ့'

ပြောရင်း ကိုကျော်သူထံမှ ထမင်းဘူး ထည့်ထားသော ဆွဲခြင်းကလေး ဆွဲယူရင်း ထွက်သွားပါတော့သည်။

ကျွန်တော် အစ်ကိုကို ငေးကြည့်ရင်း-

'အစ်ကို အိမ်မပြန်တာ ၄ နှစ်ကျော်ပြီနော်'

'ဟုတ်တယ် ညီလေး၊ အစ်ကို အိမ်မပြန်တာ မင်းအစ်မ ပြောသလို ၄ နှစ်ကျော်သွားပြီ။ ဒီနာရေးကူညီမှုအသင်းရုံးမှာပဲအိပ်၊ ရုံးမှာပဲစား နေနေရတာ။ အလုပ်တွေကလည်း တအားများတယ်'

'ဟာ...အစ်ကိုကလည်း အစ်မပြောတာ သဘာဝကျတာပေါ့။ အစ်ကို တို့ လင်မယားက ငယ်ငယ်ကတည်းက တစ်ဦးကိုတစ်ဦး ချစ်လို့ ယူခဲ့တယ်။ ငယ်လင် ငယ်မယား။ သူလည်း အစ်ကို နဲ့ နှစ်ယောက်သား ကိုယ့်အိမ်၊ ကိုယ့်အိမ်၊ ကိုယ်ယာကလေးမှာ အေးအေးဆေးဆေး စကားပြောချင်တာပေါ့။ ရုံးက ဘယ်လောက် လွတ်လပ်မလဲ၊ လွတ်လပ်တယ် ဆိုတယ်ပဲထား ကိုယ့်အိမ်၊ ကိုယ့်အိမ်၊ ကိုယ့်ယာလေးလောက် ဘယ်အေးချမ်းမလဲ။ အစ်ကို အလုပ်များတာ ကျွန်တော် သိသားပဲ။ အလုပ်များတာ များတာပေါ့၊ ဒါပေမဲ့ အိမ်အတွက်

www.burmeseclassic.com

www.burmeseclassic.com

ညည်း အချိန်ပေးသင့်တာပေါ့။
ကျွန်တော်ပြောတာ သဘာဝကျပါတယ်
ဆိုး အစ်ကို အစ်မကို ချစ်ရလားဟင်'
ထွန်းတော့်စကားအဆုံး ကိုကျော်သူ
ညည်ငြိမ်စွာဖြင့် -

'အစ်ကို မင်းအစ်မကိုလည်း ချစ်
ဘဲဘယ်။ အစ်ကို့ဘဝကိုလည်း ချစ်ပါ
တယ်၊ လောကကိုလည်း ချစ်ပါတယ်။
ဘဝနဲ့လောကကိုလည်း တပေါင်းတ
စည်းတည်း ချစ်ပါတယ်။ အစ်ကို
အဲလုံးကို ချစ်ပါတယ် ညီလေး'

'ဟာ...အစ်ကို့စကားကြီးက
ညည်း ကျွန်တော် နားမလည်ပါဘူး'
ထို့နောက် အစ်ကိုကျော်သူ၊ မရွှေဇီး
ဖွက်တို့ လင်မယားနှင့် ဝေးကွာသွား
ခြင်းပါတော့သည်။ နောက်တစ်ဖန် ပြန်
လည်တွေ့ဆုံလိုက်ချိန်၌ -

'မိန်းမရေ...ကောင်လေး ပြန်လာ
ပြီ၊ မင်္ဂလာပါ ညီလေး'
ကိုကျော်သူ၏ နွေတ်ဆက်စကား

နှင့်အတူ ကျွန်တော် သီပေါမင်း၏ ဆရာ ဒေါက်တာမှတ်စ်စကားသံအတိုင်း
'ဤနေရာလေးသည်...'ဟု ရေရွတ်မဆုံးခင် မရွှေဇီးကွက်ထံမှ -

'ငါမောင် နင့်အစ်ကို အိမ်ပြန်အိပ်ပြီ၊ အရင်ကလို မဟုတ်တော့ဘူး။ လင်
မယားနှစ်ယောက် အေးအေးဆေးဆေး ထမင်းစားလို့ရပြီ၊ တိုင်ပင်လို့ရပြီ။ ဒါ ပေမဲ့
ငါတော့ မပြောချင်တော့ပါဘူး၊ နင့်အစ်ကိုအကြောင်း။ ငါက ပြောတယ်၊ သူ့ကို
ဝိပဿနာတရား ကျင့်ပါလို့။ တရားတော့ မကျင့်ဘူး၊ သူ ဘုရားတည်နေတယ်။
ငါကတော့ ဘုရားတည်တာ အားမပေးဘူး။ မြန်မာနိုင်ငံမှာ ဘုရားပြည့်နေတာ နင်
အသိပဲ။ ဒါပေမဲ့ ငါပြောတာက ဘုရားလည်းတည်ပါ၊ ဝိပဿနာတရားလည်း
ကျင့်ပါ။ ငါက နင့်အစ်ကိုကို သေတတ်ဖို့ ပြောနေတာ'

'ဟာ...အစ်မကလည်း ဘုရားတည်တာ ကောင်းပါတယ်။ အစ်မ ပြောတာ
လည်း ကျွန်တော် လက်ခံပါတယ်၊ မြန်မာတစ်နိုင်ငံလုံး လက်ညှိုးထိုးရာ နေရာမလွဲ
ဘုရားတွေချည်းပဲ။ နိုင်ငံခြားသားတွေကတောင် Island of Pagoda လို့တောင် တင်စား



www.burmeseclassic.com

www.burmeseclassic.com

သေးတာ။ ကဗျာဆရာ မောင်ပန်းမွေးက ရေးသေးတယ်။

ဟိမ္မ ပုထိုး… ဆုပြည့်နိုးနှင့်
ဆုမျိုးတစ်ရာ တောင်းခဲ့သည်။
ဒီမှ ပုထိုး…ဆုပြည့်နိုးနှင့်
ဆုမျိုးတစ်ရာ တောင်းခဲ့သည်။
ဆုတောင်းတိုင်းသာ
ပြည့်စုံပါလျှင်…
ဘယ်မှာမျက်ရည်
ရှိအံ့နည်း။။

'အစ်မပြောတာ မှန်ပါတယ်။ မြန်မာ့သမိုင်းမှာ ရှင်ဘုရင်တွေက အဖေကိုသတ်၊ မောင်နှမတွေကိုသတ်၊ အစ်ကိုကိုသတ်၊ ညီကိုသတ်၊ တစ်ဦးနဲ့တစ်ဦး ရာဇပလ္လင်ကို လုနေကြတာ။ ပြီးတော့ အများပြည်သူတွေရဲ့ ချွေးတွေ၊ သွေးတွေ၊ မျက်ရည်တွေက ရတဲ့ ပြည်သူ့ဘဏ္ဍာတွေနဲ့ ဘုရားတည်ပြီး အာပတ်ဖြေနေကြတာ။ အခု အစ်ကိုတည်တဲ့ ဘုရားက အများပြည်သူ ရဟန်းရှင်လူတွေရဲ့ နဖူးကချွေး ခြေမကျပြီး ရတဲ့ ချွေးနဲ့စာကလေးတွေနဲ့ မူးစု၊ ပဲစု၊ မတ်စုနဲ့ လှူပြီး တည်ထားတဲ့ဘုရား။ အစ်ကိုက သူ့ဘာသူဆိုပြီး တည်ထားတဲ့ ဘုရား။ ကျွန်တော်တော့ အစ်ကို့ကို အားပေးတယ်။ သစ္စာဆိုပြီး ဆုတောင်း၊ ကိုယ့်သစ္စာမှန်ရင် ဆုတောင်းပြည့်မယ့်ဘုရား'

'နင်က နင့်အစ်ကိုဘက်က အမြဲတမ်း ပါနေတာပဲ။ ငါပြောလည်း မောရဲ့ရှိမယ်။ ငါက နင့်အစ်ကိုကို သေတတ်ဖို့ အချိန်ကလေးရရင် ရသလို ဝိပဿနာတရား ကျင့်ခိုင်းတာ။ ငါတော့ သေတတ်ဖို့ ဝိပဿနာတရား သွားကျင့်လိုက်ဦးမယ်။ ငါလည်း မတတ်နိုင်ဘူး။ ငဲ့မောင်၊ ကဲ… ငါသွားလိုက်ဦးမယ်'

အစ်ကိုကျော်သူထံမှ ဘာတုံ့ပြန်သံမျှ မကြားရပါ။ အစ်မချွေးကွက် ထွက်သွားပုံအား ကြည့်ရင်း ပြုံးနေပါတော့သည်။

'အစ်ကို ဘုရားတည်တာ ပြီးတော့မှာလား'

'ပြီးတော့မယ် ညီလေး၊ အများတကာ ရဟန်းရှင်လူ ပြည်သူတွေရဲ့ ကောင်းမှုပေါ့'

'အစ်ကို ဘုရားတည်တာ မှန်ပါတယ်၊ သဘာဝလည်း ကျပါတယ်။ အစ်မ ပြောတာလည်း မှန်ပါတယ်။ အစ်မ ပြောသလို အချိန်ရရင် ရသလို တရားကျင့်သင့်တယ် အစ်ကို၊ သေတတ်ဖို့လေ။ ဒါကလည်း အရေးကြီးတာပဲ။ အစ်ကို အစ်မကို ချစ်ရဲလားဟင်'

ကျွန်တော့်စကားဆုံး၌ ကိုကျော်သူ တိုးတိတ် ညင်သာစွာဖြင့် -

'အစ်ကို မင်းအစ်မကိုလည်း ချစ်ပါတယ်။ အစ်ကို့ ဘဝကိုလည်း ချစ်ပါတယ်။ အစ်ကို လောကကိုလည်း ချစ်ပါတယ်။ ဘဝနဲ့ လောကကိုလည်း တပေါင်းတစည်းတည်း ချစ်ပါတယ်။ အစ်ကိုအားလုံးကို ချစ်ပါတယ် ညီလေး'

'ဟာ… အစ်ကို့ စကားကြီးကလည်း ကျွန်တော် နားမလည်ပါဘူး'

ထို့နောက် အစ်ကိုကျော်သူ၊ မချွေဇီးကွက်တို့ လင်မယားနှင့် ဝေးကွာသွားပြန်ပါတော့သည်။ နောက်တစ်ဖန် ပြန်လည် တွေ့ဆုံလိုက်ချိန်၌ -

'မိန်းမရေ… ကောင်လေး ပြန်လာပြီ၊ မင်္ဂလာပါ ညီလေး'

ကိုကျော်သူ၏ နှုတ်ဆက်စကား နှင့်အတူ ကျွန်တော် သီပေါမင်း၏ ဆရာ ဒေါက်တာမှတ်၏ စကားသံ အတိုင်း '*ဤနေရာကလေးသည်…*' ဟု ရေရွတ်မဆုံးခင် မချွေဇီးကွက်ထံမှ -

'ငဲ့မောင် နင့်အစ်ကို ဝိပဿနာတရားထိုင်နေပြီ၊ နင့်အစ်ကို သေတတ်ဖို့ ကျင့်နေပြီ။ ငါတော့ မပြောချင်တော့ပါဘူး ငဲ့မောင်ရာ နင့် အစ်ကိုအကြောင်း။ သူကတော့ သေတတ်ဖို့ ကြိုးစားနေပြီး ငါကတော့ ပြိတ္တာဖြစ်နေပြီ။ သူက သေရင် ကောင်းရာမွန်ရာ၊ ငါက သေရင် ပြိတ္တာ'

'ဟာ…အစ်မကလည်း ကြဲကြီးစည်ရာ'

'နင်က ဘာသိလို့တုံး ငဲ့မောင်၊ မနှစ်က နင့်အစ်ကို ပုဗ္ဗာမှာ ဝိညာဉ်စိမ်းဆိုတဲ့ ရုပ်ရှင်ကား သွားရိုက်တယ် မလား။ သူက ပြိတ္တာအခန်းက။ သူ ပြိတ္တာဖြစ်တာ ပိုက်ဆံရတယ်။ အဲဒီပြိတ္တာအခန်းက သရုပ်ဆောင်လို့ရတဲ့ ပိုက်ဆံကို အများပြည်သူကို လှူဖြစ်တယ်။ ငါက ပိုက်ဆံမရဘဲ ပြိတ္တာဖြစ်ရတာ။

'နင် စဉ်းစားကြည့်လေ၊ ငါတို့ တိုင်းပြည်ကလေးမှာ အပူလှိုင်းတွေခံရ၊ မိုးသီးတွေကြွေကျ၊ ရေတွေကြီးလို့ ရေဘေးဒုက္ခတွေခံရ၊ မြေတွေပြိုကျနဲ့ သဘာဝဘေးဒဏ်တွေကို တစ်နှစ်ထက် တစ်နှစ် ပိုပိုပြီး ခံလာရတယ်။ ငါတို့ နာရေးကူညီမှုအသင်းကလည်း အများပြည်သူရဲ့ ချွေးနဲ့စာကလေးတွေနဲ့ လှူထားတဲ့ ပိုက်ဆံတွေနဲ့ ကူညီရတာ။ သူတို့ လိုအပ်တဲ့ စားနပ်ရိက္ခာ၊ ဆေးဝါး၊ သောက်ရေ အစရှိသဖြင့် ငါတို့က လိုအပ်တဲ့ ပစ္စည်းတွေကို ဝယ်ရတာ။ ရောင်းတဲ့သူတွေကလည်း နာရေးကူညီမှု အသင်းကို အနည်းဆုံးဈေးနဲ့ အလကားနီးပါး ပေးပါတယ်။ ပေးတဲ့ ဈေးကလည်း မှန်ပါတယ်။ ဒါပေမဲ့ အများပြည်သူ ပိုက်ဆံဖြစ်နေတော့ ငါ့အနေနဲ့ ဈေးကို ရသလောက် ဆစ်ရမှာပဲ။ အလှူရှင်ရဲ့ မျက်နှာတွေကို ကြည့်ရမယ်လေ။ မကုန်သင့်တာ မကုန်အောင်၊ အလဟဿ မဖြစ်အောင်ပေါ့။ ငါက ဈေးမဆစ်ရင် တာဝန် ဘယ်ကျပါ့မလဲ။ ဝိနည်းအရ၊ တာဝန်အရ ဈေးဆစ်ရတာ။ အဲဒီမှာ နင့်အစ်ကိုက ဘာပြောသလဲ။ မိန်းမရာ ဒီလောက်လည်း ဈေးမဆစ်ပါနဲ့၊ သူတို့ ဘက်ကလည်း အတတ်နိုင်ဆုံး လိုက်လျောပေးတာပဲတဲ့။ နင့်အစ်ကိုကတော့ သူတော်ကောင်းကြီးပေါ့၊ ငါကတော့ ပြိတ္တာကြီးလုံးလုံး ဖြစ်နေပြီ။

'ကဲ… ငါ သွားလိုက်ဦးမယ် ငဲ့မောင်။ ဒီညနေ သဘာဝဘေးဒဏ်ခံရတဲ့ လူတွေအတွက် ရိက္ခာတွေ၊ ဆေးဝါးတွေ ပို့ရဦးမယ်။ ငါလည်း ဈေးဆစ်ရဦးမယ် မထူးတော့ပါဘူး ငဲ့မောင်ရဲ့ ပြိတ္တာဖြစ်မှတော့ ကြိုးကြီးဖြစ်တာပဲ ကောင်းတယ်'

www.burmeseclassic.com

အစ်ကိုကျော်သူထံမှ ဘာတုံ့ပြန်သံ ကြားရပါ။ ကျွန်တော်အစ်ကို့အား ပြောကြည့်ရင်း-

'အစ်ကိုကလည်း အစ်မပြောတာ နှစ်ခါပဲ။ အစ်မအကြောင်းလည်း အစ်ကို သိရဲ့သားနဲ့။ အစ်မက သူ့ဌေး သမီး သူအဖေက သူ့ကို သိပ်ချစ်တာ၊ အားလည်း ကိုးတယ်။ ငယ်ငယ် တုန်းက တက္ကသိုလ်ကို ရွှေခါးပတ် ဆော်ပြီး ကိုယ်တိုင်ကားမောင်းပြီး အတွင်းတက်တာ။ သူလိုချင်တဲ့ ပစ္စည်း ဘိုရင် ဈေးမဆစ်ဘဲ ဝယ်တာ၊ သူအဖေ လည်း သူ့သမီးအတွက်ဆို အားလုံး ဆောင်သင့်ပဲ။ အခု အစ်မ ဈေးဆစ် တယ်ဆိုတာက နှစ်ဦးနှစ်ဖက် အကျိုးရှိ အောင် သူ့အနေနဲ့ တာဝန်အရ ဝိုနည်း အရ ဈေးဆစ်ရတာ။ အစ်ကိုပြောတော့ ဦးကောင်းတာပေါ့။ အစ်ကို အစ်မကို ချစ်ရဲ့လားဟင်'

ကျွန်တော့် စကားအဆုံး၌ ကိုကျော်သူ တိုးတိတ် ညည်သာစွာဖြင့်-

'အစ်ကို မင်းအစ်မကိုလည်း ချစ် ပါတယ်။ အစ်ကို့ ဘဝကိုလည်း ချစ်ပါ တယ်။ အစ်ကို့ လောကကိုလည်း ချစ် ပါတယ်။ ဘဝနဲ့ လောကကိုလည်း တပေါင်းတစည်းတည်း ချစ်ပါတယ်။ အစ်ကို အားလုံးကို ချစ်ပါတယ် ညီလေး'

'ဟာ... အစ်ကို့စကားကြီးက လည်း ကျွန်တော် နားမလည်ပါဘူး'

❑

၂။

'တူမကြီးရေ ဘယ်သူတွေ သေဦး မလဲ မသိဘူး။ ကောင်လေး ခေါင်းရိုက် နေပြန်ပြီ။ သူ ခေါင်းရိုက်ပြီးရင် မကြာ ဘူး တစ်ယောက်ယောက်ကတော့ ဆုံး သွားတာချည်းပဲ'

နာရေးကူညီမှုအသင်း မော်တော် ကား စက်ပြင်အလုပ်ရုံမှ အဘ ဦးကျော် နိုင် ကျွန်တော်ရိုက်နေသော အခေါင်းကို ငေးကြည့်ရင်း အစ်မကြီး ရွှေဇီးကွက် အား တိုးတိုးလေး ပြောလိုက်တော့ သည်။

'အင်း...တစ်ခုတော့ ထူးဆန်း သား တူမကြီးရဲ့။ ဆုံးသွားတဲ့ သူတွေက အသက်ကြီးလို့ မီးစာကုန်ရေခန်း သက် တမ်းစေ့ နေထိုင်ခွင့်ရပြီး ဆုံးသွားရတာ။ ဒါပေမဲ့ နှမြောစရာကောင်းတာက သိပ် တန်ဖိုးရှိတဲ့ လူတွေ၊ လောက အလှဆင် တဲ့လူတွေ ဖြစ်နေတယ် တူမကြီးရယ်'

'အင်း... အဲဒါကိုလည်း ကျွန်မ ပြောမလို့ အဘရယ်။ တိုက်ဆိုင်တာ လား၊ ထူးဆန်းတာလား မသိဘူး'

အဘဦးကျော်ခိုင်နှင့် အစ်မ ရွှေဇီး ကွက်တို့၏စကားသံကို ကျွန်တော်ဘာမျှ တုံ့ပြန်ခြင်း မပြုဘဲ ရိုက်လက်စ ခေါင်း အား ဆက်ရိုက်ခြင်းကို ခဏနားရင်း အတွေးတို့ ကျွန်တော့်အား စိုးမိုးလာပါ တော့သည်။ အစ်မ ရွှေဇီးကွက် ကျွန်တော့်နားသို့ ရောက်လာရင်း-

'ဟဲ့...ငါ့မောင်၊ နင် ဘာတွေ တွေးနေတာလဲ။ နင့်ကို ငါပြောစရာရှိ လို့'

'ဘာလဲ အစ်မ'

'နင့်အစ်ကိုက ငါ့ကို ချစ်သားပဲ'

'ဟာ...အစ်မကလည်း အခုမှ သိတာကျနေတာပဲ။ အစ်ကိုက အစ်မ ကို ချစ်တာ တစ်ရွာလုံး၊ ပတ်ဝန်းကျင် တစ်ခုလုံး သိသားပဲ။ သားသမီးတွေ ရလို့ မြေးတောင် ရနေပြီ။ အခုမှ အိပ်ရာ က နိုးနေပြန်ပြီ'

'ဟဲ့... သားသမီးပဲ ရရ၊ မြေးပဲ ရရ၊ တီတို့၊ တွတ်တို့ပဲရရ။ အခုဟာက နင့် အစ်ကိုက ငါ့ကို တကယ်ချစ်တာ ငါ့မောင်။ ဒီနေ့မနက် နင့်အစ်ကိုက သူစာရေးလို့ရတဲ့ စာမူခ ပိုက်ဆံကလေး တွေ၊ သူစာအုပ် ရောင်းလို့ရတဲ့ ပိုက်ဆံ လေးတွေ ငါ့ကို ပေးရှာသား။ မိန်းမရာ မင်း တရားစခန်းဝင်ရင် သုံးဖို့တဲ့။ နင့် အစ်ကို ဟာလေ သူစာရေးလို့ရတဲ့ ပိုက်ဆံ၊ သူ အနုပညာကရတဲ့ ပိုက်ဆံကို သိပ်တန်ဖိုးထားတာ။ အဲဒီ ပိုက်ဆံကို သူတောင် မသုံးရက်ဘူး။ ဒါတော့ ငါ သိတယ်။ နောက်ပြီး မိန်းမရာ နောက် မင်း ဈေးမဆစ်ပါနဲ့တော့။ ငါပဲ ဈေး ဆစ်ပါ့မယ်။ မင်းလည်း ပင်ပန်းလှပါပြီ တဲ့။

'နင့်အစ်ကိုဆီက ဒီစကားလေး ကြားရတော့ ငါ့ ဘဝတစ်ခုလုံး မောခဲ့ သမျှ၊ ပန်းခဲ့သမျှ ဘယ်ရောက်သွားမှန်း မသိပါဘူး ငါ့မောင်ရယ်'

'အစ်မကသာ အစ်ကို့ကို အားမလို အားမရ ဖြစ်နေတာပါ။ အစ်ကိုက အရာရာကို ချစ်တတ်တဲ့သူဆိုတာ သိပြီး သားပါ။ ဘာပဲပြောပြော အစ်မတို့ လင် မယား နှစ်ယောက်စလုံးက လောကဓံရဲ့ အထုအထောင်းတွေကြား ဒဏ်ရာဒဏ် ချက်တွေနဲ့ ရစရာမရှိအောင်ဘဲ'

'ငါက ခံနိုင်ပါတယ် ငါ့မောင် ရယ်၊ နင့်အစ်ကိုအတွက် ငါက စိုးရိမ် တာ'

'အတူတူပါပဲ အစ်မရာ၊ အစ်ကို ပြောတော့လည်း...။

'ညီလေး အစ်ကို ခံနိုင်ပါတယ်၊ မင်းအစ်မအတွက် အစ်ကို စိုးရိမ်တာ'

'ဟုတ်တယ် ငါ့မောင်၊ ငါတို့ လင် မယားနှစ်ယောက်စလုံး မည်သည်ဥာဏ်ခဲ့ ဘူး။ ဒါနဲ့ နင့်ကို ငါ ပြောရဦးမယ်။ မင်း အဝေးကို ထွက်သွားတိုင်း နင့် အစ်ကိုက ငါ့ကို အမြဲမေးတယ်။

'ကောင်လေး ဘယ်ရောက်နေလဲ မသိဘူး၊ ညီလေး နေထိုင်မှု ကောင်းရဲ့ လား။ နင့်အတွက် စိတ်ပူသား။ ငါက တောင် ပြောရသေးတယ်၊ ရှင့်ညီက ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်ပါတယ် လို့။

'နင်နော်၊ နင့်အစ်ကို ကိုကျော်သူကို ငါ့ဘဝထဲက ခေါ်ထုတ်မသွားနဲ့နော်'

'ဟာ...အစ်မကလည်း အစ်ကို့ကို အစ်မဘဝထဲက ကျွန်တော် ခေါ်ထုတ် မသွားပါဘူး။ ကျွန်တော်ကသာ အစ်ကို သွားမယ့်လမ်းနောက် လိုက်ရမယ့်သူပါ'

❑

၃။

'မင်္ဂလာပါ သုဘရာဇာ ညီလေး'

www.burmeseclassic.com

'မင်္ဂလာပါ သုဘရာဇာ အစ်ကို ကြီး'

ကျွန်တော်နှင့် အစ်ကိုကျော်သူ တစ်ဦးကိုတစ်ဦး အပြန်အလှန် နှုတ်ဆက်လိုက်သောအချိန်၌ ကျွန်တော် ရိုက်နေသော အခေါင်းကို အစ်ကို ငေးကြည့်ရင်း...

'မင်းအစ်မ ပြောတယ်၊ ကောင်လေး အရင်တစ်ခေါက်တွေနဲ့ မတူတော့ဘူး။ တစ်ခုခုကို တအား တွေးနေပုံပဲတဲ့။ ညီလေး ဘာတွေများ အတွေးတွေ များနေတာလဲ'

'ကျွန်တော့် လုပ်ရပ်တွေကို ပြန်တွေးနေတာပါ အစ်ကိုရာ။ မှားများ မှားနေပြီလား မသိဘူး၊ စိတ်ပျက်စ ပြုလာပြီ။ ကျွန်တော် ကမ္ဘာအနှံ့ ခရီးအရှည်ကြီး ထွက်သွားလိုက်၊ ပြန်လာရင် မရှိနွမ်းပါးတဲ့ ကိုယ်ဝန်ဆောင် မိန်းကလေး တစ်ယောက်ရဲ့ မီးဖွားအမှုကို စလယ်ဆုံးသုံးပါး ကူညီထောက်ပံ့ လှူဒါန်းခဲ့တယ်။ သေဆုံးတဲ့ လူတစ်ယောက်ရဲ့ နောက်ဆုံးခရီး သင်္ဂြိုဟ်မှုမှာ ခေါင်းရိုက်ပြီး လှူဒါန်းတယ်။ လူဖြစ်ရတဲ့ ကံ၊ ပါရမီဟာ အတော်ကို ရခဲပါတယ် အစ်ကို။ ဒီတော့ လူသားဂုဏ်သိက္ခာကို တန်ဖိုးထားရမယ်လေ။ ဒါပေမဲ့ အချို့ လူတွေက မွေးဖွားခြင်းနဲ့ သေဆုံးခြင်း ကြားကာလ နေထိုင်သွားတဲ့ အချိန်ကလေးမှာ သူတို့ လုပ်ရပ်တွေကို ကျွန်တော် နားမလည်နိုင်တော့ဘူး အစ်ကို။ လုပ်ပိုင်ခွင့်ရှိတဲ့ လူတွေနဲ့ ပေါင်းပြီး သစ်ပင်တွေ၊ သစ်တောတွေကို အတားအဆီးမရှိ လောဘဇောတက်ပြီး ခုတ်ထစ် သတ်ဖြတ်ပြီးရောင်းကြ၊ သယ်ဇာတတွေကိုလည်း အတားအဆီးမရှိ စည်းမဲ့ကမ်းမဲ့ ထုတ်ကြ၊ စွန့်ပစ်ပစ္စည်းတွေကိုလည်း စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ကြ၊ အများပြည်သူပိုင်တဲ့ ဘိုးစဉ်ဘောင်ဆက် မြေတွေကို အခမဲ့လုယူပြီး သိမ်းကြ၊ လူတွေလည်း နေရာမဲ့၊ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး လုပ်ကိုင်စားသောက်ခဲ့တဲ့ မြေကို စွန့်ခွာရ၊ အလုပ်လက်မဲ့ ဘဝတွေ ပျက်ပြီး တစ်ဖက်နိုင်ငံကို ကျွန်အဖြစ် ရောင်းစားခံရ၊ ပြည့်တန်ဆာအဖြစ် ရောင်းစားခံရ၊ နေစရာမရှိတဲ့အဆုံး ကွင်းထဲမှာ၊ လမ်းပေါ်မှာ အမိုးအကာမဲ့ မိုးထဲ၊ ရေထဲ သေကြရ။

'ဒီလူတွေပါပဲ မတရား ပိုက်ဆံတွေကို နိုင်ငံခြားဘဏ်တွေမှာ ခိုးကြောင်ခိုးဝှက် အပ်ထားကြ၊ မဖြစ်စလောက် ပိုက်ဆံလေးနဲ့ လှူပြီး ဘုရားဒကာ၊ ကျောင်းဒကာ၊ ဆေးရုံဒကာ၊ တံတားဒကာ ဘွဲ့တွေနဲ့ အာပတ်ဖြေပြီး သူတော်ကောင်းဘွဲ့ခံကြ။ ဒီလူတွေရဲ့ လုပ်ရပ်ကြောင့် သဘာဝ ဂေဟစနစ်ကြီး ပျက်စီးပြီး ကျွန်တော်တို့နိုင်ငံမှာ ရေတွေကြီး၊ မုန်တိုင်းကျ၊ အပူလှိုင်းတွေဖြစ်၊ မိုးသီးတွေကြွေကျ၊ ငလျင်ဒဏ်တွေဖြစ်နဲ့ လူတွေ သေကြကျေကြ၊ ဘဝပျက်ကုန်ကြပြီ။ ဒီလူတွေက သိပ်ရက်စက်တဲ့သူတွေ၊ ကိုယ်ချင်းစာတရား ကင်းမဲ့တဲ့သူတွေ၊ အကြမ်းဖက်သမားတွေပေါ့။

'အဲဒီ ဒုက္ခရောက်နေတဲ့ လူတွေကို အစ်ကိုက တတ်နိုင်သလောက် အများပြည်သူနဲ့ ကူညီခဲ့တယ်။ လူတွေ ဘယ်လောက်ခံစားနေရသလဲဆိုတာ အစ်ကို အသိဆုံး၊ အစ်ကို့ဘဝလည်း အစ်ကို အသိဆုံး။

'အစ်ကို အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတယ်။ ရုပ်ရှင်ရိုက်ခွင့်ကို ပိတ်ပင်ခံရတယ်။ အစ်ကို့အကြောင်း သတင်း၊ ဓာတ်ပုံတွေကို ဘယ်မဂ္ဂဇင်း၊ ဘယ်စာစောင်မှ ထည့်ခွင့်မရအောင် ပိတ်ခံရတယ်။

'ပန်းချီဆွဲတော့လည်း တားဆီးခံရတယ်။ ကိုယ်ဆွဲတဲ့ ပန်းချီကားတွေကို အများပြည်သူကို ပြခွင့် မရဘူး။ ပိတ်ပင်ခံရတယ်။

'လူတကာရဲ့ နောက်ဆုံးခရီး သေခြင်းတရားမှာ အစ်ကိုက အများပြည်သူရဲ့ အပူသက်သာအောင် အခမဲ့ နာရေးကူညီမှုလုပ်တယ်။ အခမဲ့ သုဘရာဇာကြီးပေါ့။ ဒါကိုတောင် တားဆီးကြ၊ ပိတ်ပင်ကြ၊ နှောင့်ယှက်ကြ၊ ဟန့်တားကြ၊ တိုက်ခိုက်ကြနဲ့။

'နောက်ဆုံးလမ်းလျှောက် မေတ္တာပို့ အမျှဝေတဲ့၊ ဗုဒ္ဓသားတော်တွေဖြစ်တဲ့ ရဟန်းသံဃာတော်တွေကို အစ်ကိုက ဆွမ်း၊ ကွမ်း၊ ဆေးဝါး ကပ်လှူတော့ အစ်ကို ဖမ်းဆီးထိန်းသိမ်းအကျဉ်းကျခံရ။

'သစ်ပင်စိုက်၊ အမှိုက်တွေ ကောက်၊ ရေတွင်းတူး၊ သဘာဝထိန်းသိမ်းရေးတွေကို အများပြည်သူအတွက် ကျေးဇူးပြုတော့လည်း ဝိုင်းတားဆီးကြ။

'အစ်မ ရွှေဒီးကွက်ဆိုရင် ဘယ်လောက် ပူပင်နေရလဲ။ သူမှာ ရူးမတတ် ဘဲ ခံစားနေရတာ။ သားသမီးတွေကို မီရာလေယာဉ်နဲ့ မိုင်ပေါင်း သောင်းချီ ဝေးတဲ့ နိုင်ငံကို ပို့ရ၊ သားက တစ်နေရာ၊ သမီးက တစ်နေရာ။ သေကွဲမကွဲ၊ ရှင်ကွဲကွဲကြ၊ မိသားစု ဘဝပြိုပျက်ခဲ့ရတယ်။

'ဒီလိုလုပ်ခံရတာတောင် အစ်ကို ဟာ စိတ်မပျက်ခဲ့ဘူး။ စေတနာမပျက်ခဲ့ဘူး။ ဘာဖြစ်လို့ ခံနိုင်ရည် ရှိရတာလဲ။ အစ်ကို့မှာ ခိုင်လုံတဲ့ စိတ်အခြေခံ တွန်းအားတစ်ခု၊ အကြောင်းပြချက်တစ်ခုတော့ ရှိကို ရှိနေရမယ် အစ်ကို'

'ဟုတ်တယ် ညီလေး၊ အစ်ကို့ဘဝကို ချစ်တယ်။ လောကကိုလည်း ချစ်တယ်။ လောကနဲ့ ဘဝကို တပေါင်းတစည်းတည်း ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ အသက်ရှင်နေတာ။

'ညီလေး ကိုယ့်ဘဝကို ကိုယ်ချစ်တဲ့ သူဟာ အများဘဝကို ချစ်တယ်။

'ကိုယ့်မိသားစုဘဝကို ချစ်တဲ့သူဟာ အများမိသားစု ဘဝကို ချစ်တယ်။

'ကိုယ့်လောကကို ချစ်တဲ့သူဟာ အများလောကကို ချစ်တယ်။

'ဟာ... အစ်ကို့စကားကြီးကလည်း သစ်ပင်တွေခုတ်၊ သယ်ဇာတတွေကိုတူး၊ အများပိုင် မြေတွေကို အတင်းအခမဲ့ သိမ်းတဲ့ လူတွေဂလည်း ကိုယ့်ဘဝကို ချစ်နေတာပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ဘူး၊ သူတို့က တစ်ကိုယ်ဆောင်းသမားတွေ၊ မိမိကိုယ်ကို ဆောင်းစားဖို့ ချစ်ခြင်းတရား ကင်းမဲ့စွာ ခြင့် လုပ်နေကြတာ။ ဒီလူတွေဟာ သူတို့ ကိုယ်သူတို့ မချစ်တော့ သူများဘဝတွေ ကိုလည်း မချစ်တော့ဘူးပေါ့။ လောက ကိုလည်း မချစ်တော့ဘူးပေါ့။ သူတို့ ကြောင့် ငါတို့ပြည်သူတွေ မျက်ရည်တွေ နဲ့ ခုက္ခပင်လယ် ဘယ်လောက်ထိ ဝေခဲ့ ကြရလဲ။ သူတို့က အကြမ်းဖက်သမား ဆွေပါကွာ။ အစ်ကိုကလည်း ခုက္ခပင် သယ် ဝေနေတဲ့ ပြည်သူတွေ ကြားထဲ က လူတစ်ယောက်ပါပဲကွာ။ ဒါပေမဲ့ ဘိုးတ်ကြ၊ ခိုက်ကြ၊ တားဆီးကြ၊ ဟန့် တားကြ၊ ဝိတ်ဆို့ကြနဲ့ အစ်ကို ဘာရခဲ့ သလဲ ညီလေး သိလား။ အစ်ကို ပြန်ရ ခဲ့တာ ငြိမ်းချမ်းမှု'

'ဟင် ဒါဆို အစ်ကိုက လောကနဲ့ ဘဝကို တပေါင်းတစည်းတည်း ချစ်ဖို့ ရွေးဖွားလာသူ တစ်ယောက်ပေါ့'

'အစ်ကို ကြိုးစားနေတုန်းပါ ညီလေးရာ'

ခိုင်လုံသော အကြောင်းပြချက် တစ်ခုကို ကြားလိုက်ရစဉ် နာရေးကူညီမှု အသင်းမှ အသင်းသားလေး တစ်ဦးသည် အစ်ကို့ထံသို့ လှမ်းလာရင်း...

'အာ ဒီနေ့ ဗုဟုန ယာဉ်မောင်းတဲ့ သူက ခါးနာသွားလို့ မောင်းမယ့်လူစား လည်း မရှိဘူး။ အစ်မ ရွေဇီးကွက်က ပြောတယ်။ နှင့်အစ်ကို အားလား။ မအား ရင် သူကိုယ်တိုင် မောင်းပြီး ပို့မယ်ပြော တယ်'

'ငါ မောင်းပါ့မယ်ကွယ်၊ မင်းတို့ ကားကို အကုန်စစ်ထား။ ဆီ၊ ရေ၊ လေ၊ ဝိုင် အစပေါ့။ သွားရမယ့် လိပ်စာကို လည်း ငါ့ပေး။ မင်းတို့ အစ်မလည်း အလုပ်များတယ်ကွယ် သူ နားပါစေ'

နာရေးကူညီမှုအသင်းမှ ဝန်ထမ်း တလေးမှာ အစ်ကိုကျော်သူ စကား ကြောင့် စိတ်လက်ပေါ့ပါးစွာ ထွက် သွားရင်း...

'ညီလေး အခု အစ်ကိုလိုက်ပို့တဲ့ ဗုဟုနမှာ ပို့ပေးရမယ့်သူကို အစ်ကို မသိ ဘူး။ လောကကောင်းကျိုးကို လိုလား နှစ်ခြိုက်စွာနဲ့ လုပ်ဆောင်ခဲ့တဲ့ လူ တစ်ယောက်လည်း ဖြစ်နိုင်တယ်။ ဒါမှ မဟုတ် ညီလေးပြောတဲ့ ရက်စက်တဲ့သူ၊ ကိုယ်ချင်းစာတရား ကင်းမဲ့သူ၊ အကြမ်း ဖက်သမားလည်း ဖြစ်နိုင်တယ်။ အစ်ကို့ အနေနဲ့ အဲဒီဗုဟုန ပို့ဆောင်ခြင်းမှာ အဂတိတရား လေးပါးဆိုတဲ့ ချစ်၍၊ ကြောက်၍၊ မုန်း၍၊ အကျိုးလိုလား၍ ဆိုတဲ့ အကြောင်းတရားတွေကို ကင်း ရှင်းစွာနဲ့ ပို့ပေးတယ်။ အဲဒီလုပ်ရပ်ပေါ် မှာလည်း မြဟ္မစိုရ်တရား လေးပါးဆိုတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားလေးပါးနဲ့အညီ လုပ်တယ်။ ညီလေးကို အစ်ကိုပြောခဲ့တဲ့ စကား တစ်ခွန်း ရှိတယ် မဟုတ်လား။

'ကိုယ့်လမ်း... ကိုယ်သွား၊
ကိုယ့်အလုပ်... ကိုယ်လုပ်၊
ကိုယ့်တာဝန်.... ကိုယ်ကျေ၊
ကိုယ့်သီလ... ကိုယ်လုံ၊
ကိုယ့်သမ္မိုင်း... ကိုယ်ရေး၊
ဒါပါပဲ ညီလေးရယ်...။

'ကဲ... ညီလေး အစ်ကို ဗုဟုန သွားပို့လိုက်ဦးမယ်။ မင်းအစ်မကို ပြော လိုက်ဦးနော် ထမင်းစား နောက်ကျမယ်၊ အစ်ကို့ကို မစောင့်နဲ့ စားနှင့်တော့'

ကျွန်တော့်အား အစ်ကို နှုတ်ဆက် ၍ ဗုဟုနပို့ရန်အတွက် ဗုဟုနယာဉ်ကို ဖြည်းညင်းစွာ မောင်းနှင်သွားပါတော့ သည်။ အဝေးတစ်နေရာမှ ပျံ့လွင့်လာ သော C-C-R တေးဂီတအဖွဲ့မှ *Where are you going to brother?* သီချင်း၊ ဆရာ သုခမိန်လှိုင် ရေးသားပြီး ကိုကျော်ဟိန်း ပြန်ဆိုသည့် သီချင်း ကလေးသည် အစ်ကို ကျော်သူ နှင့် ကျွန်တော့်ကြား အစားထိုး ဝင်ရောက် လာပါတော့သည်။

ဗုဟုနယာဉ် မောင်းထွက်သွား သော ကိုကျော်သူကို ငေးကြည့်ရင်း...

'အစ်ကို ကျွန်တော့်ကို စောင့်ပါဦး၊ ကျွန်တော် လိုက်ခဲ့မလို့'

ကျွန်တော်၏ အော်သံကို အစ်ကို ကောင်းစွာ ကြားပါလိမ့်မည်။ အစ်ကို့ နောက်သို့ ကျွန်တော် ပြေးလိုက်သွားစဉ် သီချင်းသံကလေးသည် ကျွန်တော်နှင့် အစ်ကို့ကြား နေရာလပ်မရှိအောင် နေရာ ယူထားဆဲ...။

Where are you going to brother?

'မေးခွန်းကလေး... ကြားရဲ့လား၊ ရည်ရွယ်တာတွေ ခြေဦးတည့်ရာ... ဘယ်ကိုသွားမလဲ။ တွေးမရတုန်းကို မင်းသွားတဲ့လမ်း ကောင်းရင် ငါလည်း လိုက်မလို့၊ မင်း နည်းနည်း လောက် ပြောခဲ့ဦး။

တစ်ခါတစ်ရံ ငါလည်း ခံစားဆဲမှ မင်းသွားတော့မယ်... ဟိုး အဝေး... အဝေး... အဝေး... အဝေး... ဘယ် ကိုလဲ အစ်ကို့ရေ၊ ပြောသွားဦး... မင်း သွားတော့မယ်... ဟိုအဝေး...

ဟာ... ဟာ... ဟာ... ဟာ...

စဉ်းစားဦး... လမ်း ဘယ်ကိုလဲ၊ အကောင်းဆုံး တွေးကြည့်လိုက်ဦး။ ငါ တကယ်တွေဝေ မင်းပဲတွေးဦးကွာ၊ မင်း သွားတော့မယ်။ ဟို...အစေး...

အစ်ကို့ရေ စဉ်းစားလို့... လမ်း ရွေးကွာ ငါတကယ် အားနည်းလို့... စဉ်းစားတုန်း... ခွမ်းအားနည်း... ခွမ်း အားနည်း။တွေးရင်း လမ်းပျောက် သွား...ဟို အဝေး။ အဝေး... အဝေး... အဝေး...

သွေးတိုးစမ်း... လမ်းရွေးချယ် မောတော့ အားကောင်းတယ်... လမ်း လှမ်းပြဦး။ တကယ်ပါပဲ...အစ်ကို ရေ... ပြောထားဦး...မင်းသွားတော့ မယ်... ဟို...အဝေး...

ခြေသံတွေ...လမ်းမှားဘဲနဲ့ သွား ကွာ၊ သာယာစွာ... လမ်းအဆင်းများ မရောက်ခင်... မောချင်လည်း မောပါ စေ။ မင်းသွားတော့မယ် ဟိုအဝေး... အဝေး... အဝေး... ဟို... အဝေး...

ဘယ်ကိုလဲ အစ်ကို့ရေ ပြောသွား ဦး။

မင်းသွားတော့ မယ်... ဟို အဝေး... အဝေး... အဝေး...' ■

မောင်မောင်သိန်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မွေးနေ့ရောက်တိုင်း ကတ်ကရင်းလှုဒါန်းသည့် စွမ်းဇာနည်

မန်းသူ

မွေးနေ့ရက် ရောက်တိုင်း ကိုယ်တတ်ထားသည့် အနုပညာဖြင့် တင်ဆက်ပြီး ထိုအနုပညာ တင်ဆက်မှုမှ ရရှိလာသည့် ငွေကြေးများအားလုံးကို လှုဒါန်းသည့် မွန်မြတ်သောဒါနကို သဘင်နှင့် သရုပ်ဆောင် စွမ်းဇာနည်က နှစ်စဉ် ပြုလုပ်နေသူ ဖြစ်သည်။ ယခုနှစ် ဩဂုတ်လ ၃ ရက်တွင်ကျရောက်သည့် သူ၏မွေးနေ့အတွက်လည်း စွမ်းဇာနည်က မန္တလေးမြို့တွင် ၃ ရက်တိုင်တိုင် ဇာတ် က,၅ ရှိသည့် ငွေကြေးများကို လှုဒါန်းခဲ့သည်။ နှစ်စဉ်မပျက် ပြုလုပ်သည့် စွမ်း၏မွန်မြတ်သော ဒါနအလှူအတွက် လေလိုင်းမှ တစ်ဆင့် အင်တာဗျူးဖြေဆို ပေးခဲ့သော စွမ်းကိုလည်း ကျေးဇူးတင်ရပါသည်။ စွမ်းက မွေးနေ့ညတွင် ကပြတင်ဆက်မည့် အစီအစဉ်များအတွက် နေ့လယ် ဇာတ်တိုက်နေသည့်ကြားမှ ခဏနားပြီး ဖြေဆိုပေးခဲ့ခြင်း ဖြစ်သည်။ "Happy Birthday ပါ

www.burmeseclassic.com

www.burmeseclassic.com

စွမ်းဇာနည်ပါ။

စွမ်းက မွေးနေ့ရောက်တိုင်း အခုလို ကပြီး အလှူ ဒါနတွေ လုပ်တယ်ဆိုတော့ ဒီအစီအစဉ်ကို ဘယ်လို ကြောင့် လုပ်ဖြစ်တယ်၊ ပြီးတော့ မွေးနေ့အတွက် တခြား ဘယ်လိုအစီအစဉ်တွေ လုပ်ဦးမလဲဆိုတာ သိချင်တယ်။

မွေးနေ့ကတော့ နှစ်တိုင်းလုပ်ဖြစ်ပါတယ်။ အရင် နှစ်တွေကဆို မန္တလေး အမျိုးသားကဇာတ်ရုံတို့၊ ရန်ကုန် အမျိုးသားကဇာတ်ရုံ ငွိပေါ့။ အဲဒီမှာလုပ်ပြီးရင် ပရိသတ်က အားပေးတဲ့ ပိုက်ဆံတွေနဲ့ မနှစ်ကဆိုရင် ၃၃၇ သိန်းရှိတဲ့ ဒေသတွေမှာ လိုက်လှူလိုက်တယ်။ ဟိုးတစ်နှစ်က ဆိုရင်လည်း ကျပ်သိန်း ၁၀၀ ကျော် ရတာကို ရေရှားပါးတဲ့ နေရာတွေမှာ ရေတွင်းတူးဖော်ပေးခဲ့တယ်။ ဒီနှစ်ကျတော့ မိဘမဲ့ကလေးတွေနဲ့ ရေကြီးနေတဲ့ နေရာတွေကို လှူမယ်။ ကျွန်တော်က ပွဲကပြီးရတဲ့ ငွေတွေအားလုံးကို ပြန်လှူတာပါ။

မွေးနေ့ရောက်တိုင်း အဲဒီလို လုပ်တယ်ဆိုတော့ မွေးနေ့ဆိုတာနဲ့ ပတ်သက်လို့ စွမ်းရဲ့ ခံစားမှုက...။

တကယ် ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မွေးနေ့ဆိုတာက အဓိက မကျပါဘူး။ ကျွန်တော် မွေးနေ့လုပ်ချင်လို့လည်း မဟုတ်ပါဘူး။ အမှန်အတိုင်း ပြောရရင် ဒီမွေးနေ့ ဆိုတာကို ခေါင်းစဉ်တပ်ပြီး တစ်နိုင်ငံလုံးက ပရိသတ်တွေစုဝေးတဲ့ သဘောပါပဲ။ ကျွန်တော်နဲ့ ကျွန်တော့် ပရိသတ် တူတူ ရလာတဲ့ အကျိုးအမြတ် အားလုံးကို ဒုက္ခရောက်နေတဲ့ လူတွေကို ပြန်လှူဒါန်းတာဆိုတော့ ပရဟိတပွဲ သဘောမျိုးပဲ လုပ်တာပါ။ မွေးနေ့ကတော့ အဓိကမကျပါဘူး။ တစ်နှစ်တစ်ခါ လုပ်ဖြစ်တဲ့ပုံစံပါ။ မွေးနေ့နဲ့တိုက်ပြီး လုပ်တဲ့ သဘောပါပဲ။

ဒီပွဲက တခြားကတဲ့ ပွဲတွေနဲ့ အစီအစဉ် တူတူပဲလား။ တင်ဆက်မှုပိုင်းရော ဘယ်လို ဖန်တီးထားလဲ။

တင်ဆက်မှုပိုင်းတွေရော၊ ဖန်တီးမှုပိုင်းတွေရော အားလုံး ပြင်ဆင်ထားတယ်။ ဒီပွဲက တစ်နှစ်တစ်ခါဆိုတော့ အခြားပွဲတွေနဲ့ကို မတူဘူး။ နည်းနည်း ထူးခြားတဲ့ တင်ဆက်မှု၊ ထူးခြားတဲ့ Dance တွေနဲ့ လုပ်ထားပါတယ်။ ပြီးတော့ မန္တလေးက အမျိုးသား ဇာတ်ရုံမှာ မကဘဲ မန္တလေးတောင်ခြေမှာပဲ ကျွန်တော့်ရဲ့ အလူမိနီယံ ကိုယ်ပိုင်ဇာတ်ရုံနဲ့ ခမ်းခမ်းနားနား လုပ်တယ်။ ဈေးနှုန်းကိုလည်း လူတမ်းစေ့ကြည့်နိုင်အောင် အများကြီး မလုပ်ဘဲနဲ့ ရုံဝင်ခကိုလည်း ကျပ် ၃၀၀၀၊ ဖျာလက်မှတ်ကို ကျပ် ၃၀၀၀၀ အဲလောက်ပဲ သတ်မှတ်ခဲ့တယ်။

ထူးခြားတဲ့ အစီအစဉ်ဆိုတဲ့ နေရာမှာ ပြဇာတ်၊ စတိတ်ရှိုး၊ နှစ်ပါးခွင် ဘယ်အပိုင်းကို ဖန်တီးမှု ပိုလုပ်ခဲ့လဲ။

ဟုတ်ကဲ့။ မွေးနေ့သည်က ကိုယ်တိုင်ကတော့ ငြိမ်းချမ်းရေး အော်ပရာ ပုံစံမျိုးလေးပါ။ ညောင်ပင်ကြီးတစ်ပင် အရမ်း ကြီးထွားလာတဲ့အခါ ဒီညောင်ပင်ကြီးကို ဝိုင်းလှဲကြတယ်။ ကျားတွေ၊ ဆင်တွေ၊ မြောက်တွေပေါ့။ အဲဒီမှာ ပညာရှိတဲ့ ခါရုက်ကလေးက ဒီအပင်ဟာ တကယ်တော့ သူ စိုက်ခဲ့တာပါ။ ဒီအပင်ကို အားလုံးက ဝိုင်းမလှဲကြဘဲနဲ့ ဒီအပင်တစ်ပင်သည် အားလုံးနဲ့ သက်ဆိုင်တယ်ဆိုတဲ့ ပုံစံမျိုးပါ။ ပညာပေးအော်ပရာလေးတွေကတော့ ၃ ရက်လုံး ပါတယ်။ မြန်မာမှုဇာတ်သဘင်ဖြစ်တဲ့အတွက် မြန်မာမှုတွေပဲ ပြတာပါ။ စတိတ်ရှိုးကိုတော့ အဲဒီလောက်ကြီး မလုပ်ထားဘဲနဲ့ နှစ်ပါးခွင်နဲ့ အော်ပရာကိုသာ သေချာလုပ်ပါတယ်။

အဲဒီ ပညာပေး အော်ပရာလေးကကော ဘယ်သူ့ ဇာတ်လမ်းလဲ။

ဒီဝတ္ထုက ဦးနန်းဝင်း ဝတ္ထုပါ။

စွမ်းမွေးနေ့ရှိတဲ့ ဒီလက မျှားသောအားဖြင့် ဇာတ်ပွဲတွေ နားတဲ့အချိန် မိုးရာသီဖြစ်နေတာလေ။ ဒီလိုကာလမှာ စွမ်းက မွေးနေ့အတွက် ပွဲကတယ်။ နောက်ပွဲခွင်အတွက်ကိုလည်း စွမ်း ဘာအစီအစဉ်တွေ စဉ်းစားထားပြီးပြီလဲ။

ကျွန်တော်ကတော့ ဒီရာသီမှာ ဒီမွေးနေ့မှာမှ စ,ကတာ မဟုတ်ပါဘူး။ ကျွန်တော်က မွေးနေ့မတိုင်ခင်ကတည်းက မန္တလေးနားက၊ မိတ္ထီလာနားက ဝမ်းတွင်း၊ တောင်သာမြစ်သားတို့မှာ ကခဲ့ပြီးသားပါ။ ဒီမန္တလေး မွေးနေ့ပွဲ ပြီးရင်လည်း တခြားနေရာတွေမှာ ဆက်က,ဦးမှာပါ။ ပွဲနားရက်တော့ မရှိပါဘူး။

ဒါဆို စွမ်းတို့ ဇာတ်သဘင်က မိုးရာသီပွဲ မနားဘူးပေါ့။ ဒီစိတ်ကူးက ဘာကြောင့်လဲ စွမ်း။

မနားဘူး အစ်မ။ မိုးတွင်း နားကြတယ်ဆိုတာက မိုးလေဝသကြောက်လို့လေ။ ပရိသတ် မထွက်မှာတို့၊ မလာမှာတို့ ကြောက်လို့။ ကျွန်တော်ကတော့ ပရိသတ်တအားကြီး မရှိလည်းနေပါစေ၊ ကျွန်တော့်အဖွဲ့သားတွေ စားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရှိအောင်လို့ က, ပေးတာပါ။ ကျွန်တော် ရှုံးတဲ့ ပွဲရှိလို့ မြတ်တဲ့ပွဲလည်း ရှိတာပဲ။ ရှုံးရှုံးမြတ်မြတ် ဖွဲ့သားတွေ

www.burmeseclassic.com

www.burmeseclassic.com

ားတ်နေရေးအတွက် က
ားတာပါ။

ဒါဆိုရင် စွမ်းက တစ်နှစ်နဲ့တစ်နှစ် ပိုထူးခြားအောင် ဘာနေရင်းနဲ့ စဉ်းစားဖန်တီးနေရတဲ့ သဘောပေါ့။

စဉ်းစားရတယ် အစ်မ။ တစ်နှစ်နဲ့တစ်နှစ်ကို ကျွန်တော့် ဘဝယောက်တည်း ပြောတာဘဲနဲ့ ဇာတ်ထဲမှာဆိုရင် ခြံမေမှုဆိုရင်လည်း ပန်တျာကျွင်းက ဆရာတစ်ဦးကို ဘဝနှစ်တာအတွက် ခေါ်သားတယ်။ ပြဇာတ် စာရေးဆရာဆိုရင် ဇာတ်ထဲမှာ တစ်နှစ်လုံးစာ ခေါ်ထားတယ်။ ဒီတော့ ခေတ်ပေါ် ဝါဒီယော် ဒီဝင်းဆိုရင်လည်း Life & ... က ကိုမင်းမင်းထွဏ်းက ကျွန်တော့်ကို အမြဲတမ်း သာစီစဉ်ပေးတယ်။ အမြဲတမ်းအသစ်တွေချည်းပဲ စီစဉ်ပြီး သွားနေတာပါ။ ပွဲမနားဘူး ဆိုပေမဲ့ အစီအစဉ်တွေ ဆင်ပါဘူး။ တင်ဆက်မှုတွေလည်း မထပ်အောင် လုပ်တယ်။

ဒါဆိုရင် သရုပ်ဆောင်ဘက်ကိုရော ဘယ်လိုလုပ်နေလဲ။ ရိုက်ကူးရေးရော ရှိလား။

ဇာတ်ကားကတော့ ရိုက်ဖြစ်ပါတယ်။ ကားရိုက်တွေကတော့ တစ်လမှ တစ်ကားလောက်ပဲ၊ တစ်ခါတလေ နှစ်လမှ တစ်ကားလောက်ပဲ ရိုက်ဖြစ်ပါတယ်။

အဲဒါကရော အနုပညာအရပေါ့။

အဲဒါက အနုပညာအရဆိုတာထက် တချို့ပရိသတ်တွေက ဇာတ်သဘင်ကို အားပေးနိုင်တဲ့ ပရိသတ်တွေရှိတော့ အခွေထွက်မှ ကြည့်ရတဲ့သူတွေရှိတယ်။ အဲဒီပရိသတ်တွေအတွက်ကို အခွေလေးလည်း ရိုက်ပေးတာပါ။

အခုဆိုရင် မြန်မာဇာတ်သဘင်ဆိုတာကို နယ်ပရိသတ်သာမက ရန်ကုန်ပရိသတ်လည်း လက်ခံကြတယ်။ နောက်ပိုင်း စွမ်းတို့လို လူငယ် ဇာတ်မင်းသားလေးတွေကို အားပေးကြတယ်။ အဲဒီအတွက် ဇာတ်သဘင်မတိမ်မြုပ်အောင် စွမ်းတို့ဘက်က ဘယ်လိုတွေ အားဖြည့် ကြိုးစားကြရလဲ။

ကြိုးစားရတယ် အစ်မ။ ဒီသဘင်ကြီး မပျောက်အောင် ကျွန်တော်တို့က ပိုက်ဆံ ရတာ၊ မရတာထက် ဥပမာ- ပဲခူးပွဲတော်လိုမျိုးဆို အကျိုးအမြတ်ဆိုတာထက် သဘင်ဆိုတာ ဘာ...ဆိုတာမျိုး အများသိအောင် အိတ်ထဲကနေ စိုက်ပြီး လုပ်ပြရတာမျိုးတွေ အများကြီးရှိပါတယ်။ အဲဒီအတွက်လည်း ဒီသဘင်ကို အားလုံးက သိကြတယ်။ မပျောက်ကွယ်သွားဘူး။ သဘင်ကို ဂိုမို အထင်ကြီးလာတယ်။ ကျွန်တော်ဆိုလည်း အခုဆို ရုပ်ရှင်အသိုင်းအဝိုင်း၊ ဗီဒီယိုအသိုင်းအဝိုင်းထဲကပါပဲ။ ဒါပေမဲ့ ရုပ်ရှင်၊ ဗီဒီယို အသိုင်းအဝိုင်းကပါ အခုဆိုရင် သဘင်ကို အထင်မသေးတော့ဘဲနဲ့ တကူးတကလာအားပေးတဲ့ အခြေအနေအထိ ရောက်လာအောင် ကျွန်တော်တို့ လူငယ်တွေမှာ အများကြီး ကြိုးစားခဲ့ရပါတယ်။

စွမ်းက သရုပ်ဆောင် ပရိသတ်လည်းရှိတော့ ဒီနှစ်ထဲမှာ သရုပ်ဆောင်နဲ့ ပတ်သက်ပြီး ဦးမနေလားလို့။

ကြိုးစားမှာပါ။ အခုလောလောဆယ် သဘင်က အဖွဲ့သား အယောက်တစ်ရာလောက်ကို တာဝန်ယူထားရတဲ့ ဇာတ်ဆရာဖြစ်သွားတော့ အဖွဲ့သားတွေ မျက်နှာထောက်နေရတာနဲ့ ဇာတ်ကားသိပ်မရိုက်ဖြစ်တာပါ။ သရုပ်ဆောင်ပိုင်းကိုလည်း ဖိဖိစီးစီးနဲ့ သဘင်ကိုလုပ်သလို ပြန်လုပ်ဦးမှာပါ။

စွမ်းဇာနည်က သူ၏ မွေးနေ့ဖြစ်သည့် ဩဂုတ်လ ၃ ရက်မှစကာ ၅ ရက်၊ ၆ ရက် သုံးရက်တိုင်တိုင် မန္တလေး ပရိသတ်နှင့်အတူ ရှိနေခဲ့ခြင်းဖြစ်သည်။ စွမ်းက 'ကျွန်တော် အမြဲတမ်း ပရိသတ်တွေအတွက် ထာဝရ ကြိုးစားသွားပါ့မယ်' ဟုလည်း ရွေးအမြဲတမေ မဂ္ဂဇင်းမှတစ်ဆင့် ပြောကြားလိုက်ပါသည်။ ■

မန်းသူ

www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်သံတစ်ခု၏
လှိုက်ဖြာနွေးထွေးမှုက
အချစ် ဆိုသော
ယိုးပင်လေးကို
အလွယ်တကူ
ရှင်သန် ကြီးထွားလာ
စေနိုင်လောက်အောင်
အထိ ညှို့ငင်နိုင်စွမ်း
ပြင်းထန်
တတ်သည်လား။
တစ်ခါတလေမှာ
အချစ်မဟုတ်ဘဲ
ခဏတာ
တွယ်ငြိခြင်းဟူသော
ခံစားချက်
တစ်မျိုးကိုလည်း
ရင်ခုန်ခြင်းက
ပေးစွမ်းပြီး အစွမ်းကုန်
လှည့်စားတတ်သေး
သည်လေ။ ဒါဆိုလျှင်
သူ့အကြောင်းတွေ
အတွေးထဲ
ရောက်လာသော
အချိန်တိုင်းမှာ
အေးချမ်းမှုတွေ
ပြုဆင်းလာသလို
ချိုမြိန်စွာ
စီးဆင်းနေတတ်သည့်
ကျွန်မနှလုံးသားထက်က
ရင်ခုန်သံ
စမ်းချောင်းလေးက
မရေရာသော
တွယ်ငြိမှုတစ်ခု၏
လှည့်ဖြားမှုကြောင့်
ကျယ်လောင်
လာတာလား။
သို့မဟုတ်
အချစ်တစ်ခုကို

အမှတ် ၃၂၂၊ စက်တင်ဘာ၊ ၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖြူဖြူနွဲ့နွဲ့ ကိုရီးယား မင်းသားတွေကို သဘော မကျတတ်သော ကျွန်မအတွက် အသားညှိညှို အရပ်ရှည်ရှည်နှင့် သူပုံစံကို ကြည့်ကောင်း သည်ဟု သတ်မှတ် လိုက်ရန် အသင့် ဖြစ်နေခဲ့သည်

ဖိတ်ခေါ်ရန် အသင့်ဖြစ်နေခဲ့သောကြောင့် မြန်ဆန်လာတတ်တာလား။ ကိုယ့်ရင်ထဲက ခံစားချက်တစ်မျိုးကို အမည်နာမတစ်ခုနှင့် ခေါ်ဆိုသတ်မှတ်ရန် ကိုယ်တိုင်တောင် ဝေခွဲမရ ဖြစ်နေမိသည့် ကျွန်မအဖြစ်က တခြားသူ အမြင်မှာ စိတ်ပျက်စရာကောင်းနေမည်လားတော့ ကျွန်မ မတွေးတတ်။ တစ်ခါတစ်ရံ တွေဝေမှုတွေကြားကနေ သက်ပြင်းတို့ကို လေးလေးပင်ပင်ချရင်း ကျော်ဖြတ်နေရသော နေ့ရက်များထဲမှာ ကျွန်မ နေသားကျနေတတ်ပြီလေ။

❑

၁။

သူနှင့် ကျွန်မ၏ ဆုံတွေ့မှုက အရမ်းသမားရိုးကျဆန်ပါသည်။ ကျွန်မ နှစ်ခြိုက်မြတ်နိုးစွာ ဖတ်ရှုနေမိခဲ့သော စာရေးဆရာတချို့၏စာတိုကောင်များလို 'မှတ်မှတ်ရရ ထိုနေ့က...'ဟု ဒိုင်ယာရီထဲ ရေးမှတ်ထားချင်မိလောက်အောင်အထိ ကျွန်မတို့၏ ဆုံတွေ့မှုက ဆန်းပြားမနေခဲ့ပါ။ သူငယ်ချင်း သုံးရာလောက် ရှိနေသော ကျွန်မ၏ ဖေ့စ်ဘွတ်ခ်အကောင့်ထဲကို သူငယ်ချင်းအဖြစ် သူ ရောက်လာသည့်နေ့အား ကျွန်မ စိတ်ထဲ စွဲစွဲထင်ထင်ရှိနေခြင်းက ထူးခြားမှုတစ်ခု မဟုတ်ဘူးလားဟု တစ်ယောက်ယောက်က ဆိုလာလျှင်တော့ ကျွန်မ တွေဝေမနေဘဲ လွယ်လွယ်ကူကူ ငြင်းဆန်မိပါလိမ့်မည်။ ဟုတ်သည်လေ။ ဖတ်ဖူးထားသမျှ စာအုပ်ကောင်းလေးတွေကို ဖေ့စ်ဘွတ်ခ် သူငယ်ချင်းတွေအား ပြန်လည်ဝေမျှနေသော ကျွန်မနှင့် မဂ္ဂဇင်း စာမျက်နှာတွေထက်မှာ ကဗျာကလောင်သွေးနေသည့် သူ၏ခင်မင်မှုက ဘယ်လို ဆန်းကြယ်မှုမျိုးကို ဖိတ်ခေါ်နိုင်ပါ့မည်လဲ။

ဖြူဖြူနွဲ့နွဲ့ ကိုရီးယားမင်းသားတွေကို သဘောမကျတတ်သော ကျွန်မအတွက် အသားညှိညှို အရပ်ရှည်ရှည်နှင့် သူပုံစံကို ကြည့်ကောင်းသည်ဟု သတ်မှတ်လိုက်ရန် အသင့်ဖြစ်နေခဲ့သည်။ ထိုအချိန်ကတော့ ကျွန်မအတွေးထဲတွင် သူ ရှိမနေသေးပါ။ တစ်ခါတစ်ရံတော့ ကျွန်မအတွေးတွေကို နယ်ကျွံခွင့် ပေးထားလိုက်သည်။ ကဗျာတစ်ပုဒ်၏ ဆွဲငင်အားကြောင့်သာမဟုတ်လျှင် ကျွန်မ အာရုံထဲမှာ သူ ရှိမှ ရှိနေပါမည်လားဟုလေ။ နိုင်ငံရေးအကြောင်းတို့ကိုသာ အသားပေးဖော်ပြတတ်သော မဂ္ဂဇင်းတစ်အုပ်၏ စာမျက်နှာထက်တွင် သူကဗျာလေးတစ်ပုဒ်ကို ကျွန်မ အမှတ်မထင် တွေ့ခဲ့ရပြီးနောက်ပိုင်း တွေဝေစိတ်တို့က ကျွန်မရင်ခွင်ကို အနှောင့်အယှက်ပြုမည်မှန်းကြိုသိခဲ့လျှင် ဖတ်ကြည့်ရန်နှင့် မဖတ်ဘဲနေရန်လည်း ကျွန်မ ဝေခွဲမရဖြစ်နေဦးမည်ထင်၏။

သူ၏ ကဗျာအရေးအသားက သစ်လွင်လွန်းနေခြင်းကြောင့်လား၊ ကဗျာနှင့် ပတ်သက်လျှင် အတွေးနယ်နိမိတ်ကျဉ်းမြောင်းလွန်းသည့် ကျွန်မ၏ စိတ်အစဉ်ကြောင့်လားတော့မသိ။ သူ့ကဗျာလေးကို စဉ်းစားပုံဖော်ရန် ကျွန်မ အတွေးတိမ်နေမိခဲ့သည်။ အကြိမ်ကြိမ်ဖတ်ကြည့်မှ ကျောင်းသားသပိတ်အကြောင်းရေးထားသည်ကို ခပ်ရေးရေးသဘောပေါက်လာရသည်။ သူ့ကဗျာတွင် ဆွဲဆောင်မှုတစ်ခုရှိသည်။ ထိုအရာမှာ သူ့ကဗျာလေးကို ဖတ်နေမိသည့်အချိန်အတွင်း အရာအားလုံးကို မေ့လျော့နေရခြင်းပင် ဖြစ်၏။ တစ်ကြိမ်ဖတ်လိုက်တိုင်း နှလုံးသားတံခါးကို တစ်ခါ လာရောက်ရိုက်ခတ်နေသည့် ခံစားချက်ဆန်းတစ်မျိုးက အေးမြလတ်ဆတ်လွန်းသည်။ သူပြောပြလိုသော ဆိုလိုရင်းကို သဘောပေါက်လာသောအချိန်တွင် အမှန်တရားဘက်မှ လူငယ်တချို့ကို ထောက်ခံချင်စိတ်တွေ ရုန်းကြွလာခြင်းက သူ၏ ဆန်းကြယ်သော ကဗျာမှော်တစ်မျိုးကြောင့်သာ ဖြစ်လိမ့်မည်။

ကဗျာတစ်ပုဒ်ကို အကြောင်းခံပြီး လူတစ်ယောက်ကို အတွေးထဲ နေရာပေးလိုက်ခြင်းဆိုတာက လုံလောက်မှုအားနည်းသော အကြောင်းပြချက်တစ်မျိုးဖြစ်နေမည်လားတော့ ကျွန်မမသိ။ ကျွန်မ သေချာပြောပြနိုင်တာတစ်ခုကတော့ ထိုအချိန်ကတည်းက ကျွန်မ၏ အတွေးအာရုံထဲကို တစစနှင့် သူ ချင်းနင်းဝင်ရောက်လာခဲ့သည်ဆိုတာပင်။

❑

၂။

သူက ပြာလဲ့လဲ့ကောင်းကင်ပြင်ကြီးကို ကင်းဗတ်စတစ်ခုလို သဘောထားပြီး တိမ်တွေနှင့် ပန်းချီဆွဲလိုစိတ်ရှိသူတစ်ယောက် ဖြစ်သည်။ ခေတ်ကာလ၏ ယဉ်ကျေးမှုအပေါ် သူ ရှုမြင်ပုံက စိတ်ကူးယဉ်ဆန်လွန်းသည်။ ထို့ကြောင့်လည်း သူ၏တချို့ကဗျာတွေက ကျွန်မအတွက်တော့ နားလည်နိုင်ရန် မလွယ်ကူ။ သို့သော် နားမလည်နိုင်ခြင်းတွေနှင့် ရောထွေးပြီး သစ်လွင်လွန်းသော အရေးအဖွဲ့ လှိုင်းလုံးကြီးတွေအောက်တွင် ကျွန်မ နစ်မျောမှော်ဝင်နေရခြင်းက တစ်ခါတစ်ရံတော့လည်း ရင်ဖိုချင်စရာ

ကျွန်မ၏ရင်းမှ ကဗျာတွေကို ချစ်မြတ်နိုးမိ

www.burmeseclassic.com

www.burmeseclassic.com

သည် နှလုံးသားလေးကြောင့် ကျွန်မဖုန်းထဲက Note Book ထဲတွင် သူကဗျာလေးတွေ နေရာယူမှု များပြားလာခဲ့သည်။ ကဗျာလေးတွေကို ကူးယူထားမိတာက ကျွန်မ စိတ်ကို ဖျော်ရွှင်စေပေမဲ့ သူ၏ဓာတ်ပုံလေးတွေကိုပါ သူနာမည်နှင့် ဖိုင်တစ်ခုဖွင့်ပြီး သိမ်းဆည်းထားမိနေတာကို တော့ စဉ်းစားမိတိုင်း ကျွန်မ မလုံမလဲ ဖြစ်မိသည်။ ကြောက်ရွံ့စရာကောင်းလောက်အောင် သရုပ်ဆောင်ပိုင်နိုင်သော The Theory of Everything ရုပ်ရှင်ဇာတ်ကားထဲမှ မင်းသား Eddie Redmayne ၏ ဓာတ်ပုံလေးတွေကိုလည်း သူ၏အနုပညာကို လေးစားလွန်းသော စိတ်နှင့် ကျွန်မဖုန်းထဲတွင် သိမ်းဆည်းထားသေးသည်ပဲလေ။ သူ့ပုံလေးတွေကို ကျွန်မ သိမ်းဆည်းထားမိခြင်းကလည်း သူ၏ ကဗျာရေးဖွဲ့မှုစွမ်းရည်ကို လေးစားမိခြင်းမှလွဲ၍ တခြားမဟုတ်နိုင်ဘူးမဟုတ်လား။ ယခုလို တိတိပပ စဉ်းစားမိပေမဲ့လည်း မလုံမလဲဖြစ်မိသည့်စိတ်က ကျွန်မရင်တွင်းမှ အဝေးတစ်နေရာသို့ ထွက်ခွာမသွားနိုင်။ သူနှင့် ပတ်သက်ပြီး ရိုးသားခြင်းကင်းမဲ့လာသောစိတ်ကြောင့် ကျွန်မ ယခုလို ခံစားနေရသည်လား။

တွေးတောလိုက်မိတိုင်း သင်မထားဖူးသော ပုစ္ဆာတစ်ပုဒ်ကို စာမေးပွဲခန်းထဲတွင် တွေ့လိုက်ရသလိုမျိုး ကျွန်မ ရင်ထဲတင်းကျပ်လာခဲ့သည်။ ရင်ဖွင့်တိုင်ပင်ချင်သောစိတ်ကို ဘယ်လိုမှ ကြိုးစားမွေးမြူ၍ မရတာကြောင့် လည်း ကျွန်မ ခံစားချက်တွေက ပိုမိုဆိုးဝါးနေရတာ ထင်သည်။ ဘယ်သူ့ကိုမှ ကျွန်မ ရင်မဖွင့်ချင်။ ကိုယ်တိုင်တောင် သေချာနားမလည်နိုင်သော ခံစားချက်တွေကို တစ်ဖတ်သတ်တွေ တွေးပြီး ကျွန်မကို အထင်သေးနိုင်မည့် သူငယ်ချင်းတွေကို ရင်ဖွင့်မိမှာ ကျွန်မ သေလောက်အောင် စိုးထိတ်မိသည်။

ရင်နှင့်မဆံ့အောင် ခံစားနေရသော စိုးထိတ်မှုတွေကြောင့် မက်ဆေ့ဘောက်စ်(Message Box)မှ တစ်ဆင့် သူ့ထံသို့ ပေးပို့မည့် စာလေးတွေကို 'မဂီလာပါ' ဟူသော အဆင့်နှင့်ပင် ဖျက်ပစ်မိခဲ့ပေါင်း များနေခဲ့ပြီ။

အို...ငါက ရိုးရိုးသားသား သူကဗျာလေးတွေကို နှစ်သက်မိတဲ့အကြောင်းပဲ ပြောမှာလေ။ ဘာစိုးရိမ်စရာရှိလို့လဲ' ဟူသော အတွေးက အကောင်အထည်ဖော်ချင်မိလောက်အောင်အထိ အင်အားပြင်းထန်မနေခဲ့ပါ။ ကျွန်မ၏ ရိုးသားမှုကို သူ တစ်မျိုးထင်သွားမှာက ကျွန်မအတွက် လက်ခံချင်စရာအကြောင်း အရာတစ်ခုမဟုတ်။ နောက်တစ်ခုက သူ၏အရေးအသားတွေကြောင့် ခန့်မှန်းရခက်ခဲနိုင်သည့် သူ့စိတ်ဓာတ်ကိုလည်း ကျွန်မ အနည်းငယ် ကြောက်ရွံ့နေမိသည်။ သည်လိုနှင့်ပဲ ကျော်ဖြတ်လာခဲ့ရသောနေ့ရက်တွေက တဖြည်းဖြည်းများပြားလာခဲ့ပြီ။

တစ်ခါတလေ ကျွန်မ စဉ်းစားနေမိတာတစ်ခု ရှိသည်။ ကျွန်မ၏အာရုံထဲမှာသာ သူက မင်းမူစိုးမိုးနေခဲ့တာ သူကတော့ ကျွန်မကို သတိတောင်မှ ထားမိပါ့မည်လားလို့လေ။

❑

၃။

မနေ့ညက ကျွန်မအိပ်မက်ထဲကို သူရောက်လာခဲ့သည်။ အိပ်မက်ထဲမှ သူ့ပုံစံက သူ့ဓာတ်ပုံလေးတွေထဲက အတိုင်းရိုးရိုးရှင်းရှင်း။ ကျွန်မ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော သူ့အပြုံးတို့က ကြည်စင် လတ်ဆတ်လွန်းသည်။ ကျွန်မတို့နှစ်ယောက်က အရမ်းရင်းနှီးလွန်းသော သူငယ်ချင်းတွေမဟုတ်ဘူး ဟူသောအသိကြောင့် အိပ်မက်ထဲမှာတောင်မှ တွေးချင်ရာတွေလျှောက်တွေးပြီး စိုးထိတ်နေမိသေးသည့် ကျွန်မအဖြစ်က ပြန်တွေးမိတိုင်း ရယ်ချင်စရာ။

သူ့မွေးနေ့ပွဲလေးကို ကျင်းပရန် စားသောက်ဆိုင်တစ်ခု၏ စားပွဲတစ်ဝိုင်းတွင် ကျွန်မတို့နှစ်ယောက် အတူရှိနေကြသည်။ ကျွန်မတို့၏ နှလုံးသားတွေဖြစ်သည့် စာအုပ်တွေအကြောင်းပြောရင်း ရင်ဘတ်တွင် အင်္ကျီလိပ်စာတန်းလေးများစွာပါရှိသော အဝါရောင်တီရှပ်တစ်ထည်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးလိုက်တော့ သူက 'ကျေးဇူး' ဟု ခပ်တိုးတိုးဆိုသည်။ သူ့အသံက ကျွန်မ အခုတစ်လော နှစ်သက်နေမိသော အဆိုတော် The Weeknd ၏ အသံလို ဆွဲဆောင်မှုအပြည့်။

ကျွန်မနှစ်သက်သည့် ဆရာ လက်ဘရည်ကျော်၏ ဝတ္ထုတွေအကြောင်းနှင့် သူ လေးစားသည့် ဆရာမ ဂျွူး ၏ ဝတ္ထုလေးတွေအကြောင်း ဖလှယ်ပြောဆိုမိကြသည်။ ဆရာနှင့် ဆရာမက အရေးအသားပုံစံချင်းမတူသည့် အကြောင်း သူကပြောတော့ 'ဆရာဝန်ချင်းတော့ တူပါတယ်' ဟု ပြန်ပြောလိုက်မိသည့် ကျွန်မ စကားထဲတွင် ရယ်စရာတစ်ခုမှ မပါပေမဲ့ ကျွန်မတို့နှစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောမိသေးသည်။ စကားတွေပြောကြရင်း ကျွန်မ၏လက်ဆောင်လေးကို ခဏခဏ ကြည့်နေသည့် သူ့မျက်ဝန်းတွေထဲတွင် သဘောကျရိပ်တို့က ယှက်သန်းလို့။

ဆရာမ မစန္ဒာ၏ အရိပ်ဆိုသော ဝတ္ထုလေးတွင် ကျွန်မတို့နှစ်ယောက်လုံး၏ တူညီသော နှစ်သက်မှုတွေရှိ နေကြောင်း ထိုရိုးရှင်းပြီးသည့် နောက်ပိုင်းမှာ ကျွန်မကို သူ တစ်ခုခုပြောချင်နေသည့် အရိပ်အယောင်မျိုး ပေါ်လာသည်။ သူ ဘာများပြောချင်နေပါလိမ့်။ ခပ်ဟဟ ပွင့်လာသော သူ့နှုတ်ဖျားက ဘာစကားတစ်ခွန်းမျှ ထွက်ကျမလာခဲ့ပေမဲ့ သူ တစ်ခုခုပြောချင်နေတာကို ကျွန်မ သတိထားမိသည်။ နောက်တော့ သူက တစ်ချက်ရယ်လိုက်ရင်း-

'ကျွန်တော်က ကတ္တီပါဖိနပ်လေးတစ်ရန် လက်ဆောင်ပေးလာမယ်ထင်နေတာ' ဟု ပြောလာသည်။

ဘယ်လို သတ်မှတ်လိုက်ရမှန်း မသိသည့် အိပ်မက်နိုးလာတော့ ကျွန်မ ရယ်ချလိုက်ရတော့မလို့၊ ငိုင်

www.burmeseclassic.com

စိတ်တို့ကို ကျွန်မနလုံးသားထဲသို့ ထည့်သွင်းမိနိုင်သည်။ ခဏတာတွယ်ငြိမိခဲ့သည်ဆိုလျှင်တော့ စိတ်ကူးယဉ်ဆန်ရူးမိုက်မိခဲ့သော အချိန်တစ်ခုအကြောင်း ပြန်တွေးမိပြီး ကျွန်မ ရှက်ရွံ့နေမိလိမ့်မည်။ သို့ပေမဲ့ ကျွန်မနလုံးသားထဲတွင် ယခုပေါ်ပေါက်နေသော ခံစားချက်တစ်မျိုးက ထူးဆန်းလွန်းသည်။ နာကျင်ခါးသီးစိတ်နှင့် ရှက်ရွံ့စိတ်တို့ ဘာတစ်ခုမှ မဟုတ်ဘဲ ထုံပေပေဖြစ်နေသည့် ခံစားချက်တစ်မျိုးက ကျွန်မနလုံးသားကို အပြင်းအထန် အလဲထိုးနေကြသည်။ သည်းသည်းထန်ထန် ငိုကြွေးရန် မဖြစ်နိုင်သလို ဟက်ဟက်ပက်ပက် လှောင်ရယ်ပစ်ရန်လည်း မတတ်နိုင်သည့် ခံစားချက်တစ်ခုကြောင့် ကျွန်မစိတ်တို့ ရှုပ်ထွေးနေရသည်။

သူကို ကျွန်မ မချစ်ခဲ့ဘူးဟုတော့ထင်မိသည်။ ချစ်ခဲ့မိလျှင် ကျွန်မသည်လောက်ထိ သွေးအေးနေမိမည် မဟုတ်။ ကျွန်မအိပ်မက်ထဲမှ သူမွေးနေ့နှင့် အပြင်က သူမွေးနေ့တို့၏ မမျှော်လင့်ဘဲ တိုက်ဆိုင်မှုတို့တွင် သူအလိုချင်ဆုံးလက်ဆောင်က အဝါရောင် တီရှပ်တစ်ထည် မဟုတ်သလို ကတ္တီပါဖိနပ်တစ်ရန်လည်း မဟုတ်တာကိုတော့ ကျွန်မစိတ်မကောင်းဖြစ်မိပါသည်။

❑

၄။

စှေစပ်ပွဲတစ်ခုက ဘာမှမဟုတ်ဘဲနှင့် အရမ်းအလုပ်ရှုပ်တတ်သော အရာတစ်ခုဆိုတာကိုသိပေမဲ့ အခုလောက်ထိ ရှုပ်ထွေးလိမ့်မည်ဟု ဝင်ကြည့်လိုက်သည့်အချိန်တွင် ကျွန်မမျက်စိတို့ ပြာဝေသွားရသည်။ ဒိန်းခနဲ ကျယ်လောင်စွာမြည်ဟည်းသွားသည့် ကျွန်မ၏ နှလုံးခုန်သံကို ကျွန်မ ပြန်ကြားလိုက်ရသလို။ ကျွန်မ စဉ်းစားကြည့်ရန် မေ့လျော့နေခဲ့မိသော အကြောင်းအရာတစ်ခုက ကျွန်မ၏ဘဝထဲကို တိုးဝှေ့ဝင်ရောက်လာခဲ့ပြီ။

"မွေးနေ့မှာ တန်ဖိုးအရှိဆုံးအဖြစ်ကားလေးကို လက်ဆောင်ပေးလာတဲ့ ညီ့ကို ကျေးဇူးပါ။ အရမ်း..." ဆိုသော စာသားလေးနှင့် အတူ တက်လာသော စုံတွဲပုံလေးတစ်ပုံ။ သဘောကျစရာတစ်ခုနှင့် ကြုံတွေ့နေပုံရသော ကောင်မလေးကို ခပ်ပြုံးပြုံးစိုက်ကြည့်နေသည့် သူ၏အကြည့်တို့က ကြည်လင်တောက်ပနေသည်။ ဒီမိုင်းခပ်ဆန်းဆန်းထွင်ထားသော မြန်မာဝတ်စုံလေးနှင့် ညီ့ ဆိုသော မိန်းကလေးကလည်း ချစ်ဖို့ကောင်းသည်။ ကြည်နူးစရာကောင်းလှသော သူတို့စုံတွဲပုံလေးကို ငေးရင်း ကျွန်မ ခဏလောက် ငြိမ်သက်နေမိသည်။

အခု အချိန်လောက် ကျွန်မ၏ ရင်ခုန်သံအမိပ္ပာယ်ကို ဆန်းစစ်ရန်ကောင်းလှသောအချိန်မရှိ ဟူသော အတွေးက ကျွန်မ၏ သွေးကြောတွေထဲ စိမ့်ဝင်လာတော့မှ ကျွန်မ အင်တာနက်ကို ပိတ်လိုက်သည်။ ယခု ကျွန်မ ရင်ထဲ မည်ကဲ့သို့ ခံစားနေရသည်လဲ။

သူကို ကျွန်မ ချစ်နေခဲ့မိလျှင်တော့ ဝမ်းနည်းနာကျင်ကာမျှော်တစ်ပုဒ်ကို အကြောင်းခံပြီး လူတစ်ယောက်ကို အတွေးထဲနေရာပေးလိုက်ခြင်း ဆိုတာက လုံလောက်မှု အားနည်းသော အကြောင်းပြချက်တစ်မျိုး ဖြစ်နေမည်လားတော့ ကျွန်မ မသိ

ထားကွဲလွဲမှုတို့ကြားတွင် ကျွန်မ ရူးသွပ်မသွားချင်သေးပေ။ သို့ပေမဲ့ ထိုကဲ့သို့သော အခြေအနေကို ကျွန်မ ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်သည်မှာ သေချာနေသည်။

အတွေးတို့၏ ခြိမ်းခြောက်မှုကို ခံစားနေရရင်းနှင့်ပဲ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ကို ကျွန်မ ရောက်သွားရပြန်သည်။ အိပ်မက်ထဲအထိ ရောက်လာသော ဦးဝိန်တံတားပေါ်က သူ့ပုံလေးကိုလည်း ကျွန်မ သိမ်းဆည်းထားသင့်သည်မဟုတ်လား။

သူ့ Timeline ထဲသို့ မက်ကိုပဲ အတိတ်နိမိတ်ကောက်လိုက်ရတော့မလိုနှင့် ကြောင်အ၊ နေမိသေးသည်။ နောက်တော့မှ ကျွန်မ သတိရလာတာတစ်ခုက မနေ့ညနေလောက်က ဖေ့စ်ဘွတ်ခ်ပေါ်ကို သူတင်လိုက်သည့် ဓာတ်ပုံတစ်ပုံကိုပါ။ တီရှပ်အဝါရောင် လေးဝတ်ထားပြီး ဦးဝိန်တံတားပေါ်တွင် ခြေနှစ်ချောင်းကို တွဲလောင်းချထိုင်နေသည့်သူ့ပုံလေး။ သူထိုင်နေသည့်ဘေးတွင် ချွတ်ထားသော သူ၏ ခပ်နှမ်းနှမ်း ကတ္တီပါဖိနပ်တစ်ရန်ကို ကျွန်မ သတိထားခဲ့မိသည်။ ထိုဓာတ်ပုံလေးကို စိတ်ထဲ စွဲထင်ပြီး မြင်မက်မိသော အိပ်မက်တစ်ခုနှင့် ကျွန်မ ကြုံတွေ့ခဲ့ရခြင်းပဲ။

အိပ်မက်မြင်မက်ရခြင်း၏အကြောင်းရင်းကို သိတော့မှ ရင်ခွင်ထဲက နွေးထွေးနေသောခံစားချက်တစ်မျိုးကို ကျွန်မ သတိထားမိလိုက်သည်။ ဘုရားသခင်။ ကျွန်မ ဖိုးထိတ်ခဲ့ရသော ခံစားချက်များဖြစ်နေသည်လား။ အိပ်မက်ထဲထိအောင် ရောက်လာခဲ့သည်ဆိုတော့ တော်ရုံ နွေးထွေးစွာခုန်လှုပ်သော ရင်ခုန်သံတစ်ခုကြောင့်တော့ မဟုတ်နိုင်။ ကျွန်မ ဘာလုပ်သင့်သည်လဲ။

သူကို ချစ်နေခဲ့သည်ဆိုလျှင်တော့ မချစ်ဘဲနေရန် နှလုံးသားကို အတင်းအကျပ် စေခိုင်း၍ မရနိုင်။ တစ်ဖက်သတ်ရစ်နွယ်နေမှုကြောင့် ဘယ်လိုမှမဖြစ်နိုင်သည်ကို သိနေသော ဦးနှောက်နှင့် ရှေ့သို့ ဇွတ်တိုးချင်နေသော နှလုံးသား၏ လွတ်လပ်စွာသဘော

www.burmeseclassic.com

www.burmeseclassic.com

အား ကျွန်မ မတွေးထားမိ။ နောင်ထွေးတို့ဘက်က အစစ အရာရာကို တာဝန်ယူဆောင် ရွက်ခဲ့ ၍သာ ကျွန်မတို့ သားစု၏ ရှုပ်ထွေးမှုက အနည်းငယ်လောက် သက် သာခဲ့ရသည်။ အရမ်းအလုပ် များနေပုံရသော နောင်ထွေး ဖုန်းနှာက ဖျော်ရွှင်စိတ်တို့ ကြောင့် နှမ်းနယ်နေပုံ ပေါက်။ သို့ပေမဲ့ နောင်ထွေး သည်း စိတ်ကော လူပါ အရမ်းပင်ပန်းနေသည်ကို ကျွန်မ ရိပ်မိသည်။ နောင် ထွေး၏အဖေက ဖြို့မျက်နှာ နီးလိုဖြစ်နေတာကြောင့်ရော၊ နောင်ထွေး၏ အောင်မြင်နေ သောလုပ်ငန်းကြောင့်ပါ ဧည့် သည်တွေကများလွန်းသည်။ ဆောင်မှတ်အောင်များပြား ထာသည့် ဧည့်သည်တွေ ကြောင့် ဧစုပ်ပွဲတစ်ခုနှင့်ပင် တူညီဘဲ မွှဲ်လာဆောင် တစ်ခုလိုဖြစ်သွားသောကြောင့် အကျွေးအမွေးတွေ မလုံ လောက်တော့လို့ ထပ်မှာရ တာတွေဘာတွေနှင့် အရမ်းကို အလုပ်ရှုပ်သည်။

နောင်ထွေး၏ ကမ်း လှမ်းမှုကို ငယ်သူငယ်ချင်း သံယောဇဉ် ကြောင့် သာ ကျွန်မ လက်ခံဖြစ်ခဲ့ပေမဲ့ သူ ကတော့ ကျွန်မအပေါ် ခံစား ချက် လေးနက်လွန်းသည်။ 'ချစ်တယ်' ဆိုခြင်းထက် မြတ်နိုးခြင်းတွေ ပိုမိုများပြား နေရသော နောင်ထွေး၏ အကြည့်တွေက ဟန်ဆောင်မှု တစ်ခုမဟုတ်ကြောင်း ကျွန်မ ယုံကြည်သည်။ ကျွန်မမိဘ တွေကလည်း ကြည်ဖြူထား သူ တစ် ယောက် ဆို တော့ နောင်ထွေးကို ကျွန်မ ဘယ် လိုသံသယမျိုးမှမရှိ။ နောင် ထွေးနှင့် ကျွန်မ အတွေးတူ ပေမဲ့ ကျွန်မလို အရာရာကို စိတ်ကူးယဉ်နေသူတစ်ယောက် မဟုတ်တော့ အောင်မြင်မှုတွေ က နောင်ထွေးအတွက်သာ ဖြစ်နေခဲ့သည်။ ယခုလည်း မင်္ဂလာပွဲမလုပ်တော့ဘဲ ထို အတွက် ကုန်ကျမည့်ငွေကို ရေဘေးသင့် ဒေသတွေကို လှူဒါန်းရန် ကျွန်မတို့နှစ် ယောက် အတွေးတူနေခဲ့မိပြန် သည်။

ဧစုပ်ပွဲအပြီးတွင် ဟန် မဆောင်နိုင်တော့လောက် အောင်ထိ ခေါင်းတွေ နောက် လာရတာကြောင့် အခန်းထဲသို့ ကျွန်မ ခဏဝင်လဲနေမိသည်။ လှလှပပလေးပြင် ဆင်ပြီး ငြိမ်ငြိမ်လေးထိုင်နေခဲ့ရတာကို ကျွန်မက ဘာကြောင့် ခေါင်း တွေနောက်နေရသည်လဲမသိ။ အိပ်ရာလေးပေါ်တွင် ခပ် စောင်းစောင်းလဲ့နေရင်း စားပွဲ ပေါ်တွင် တင် ထား သော လက်ဆောင်ထုပ်လေးကို ကျွန်မ သတိရလိုက်မိသည်။ ယနေ့မနက်က ကျွန်မကို နောင် ထွေး ပေးလာသော လက်ဆောင်ထုပ်လေး။

လှလှပပထုပ်ပိုးထား သော လက်ဆောင်ထုပ်လေး ကို အသာဖွင့်ကြည့်လိုက် တော့ အရမ်းစျေးကြီးပုံရ သော ဟန်ချိန်းလေးတစ်ခု နှင့် ဆရာမ ခင်ခင်ထူး၏ **တောမင်းသမီး** စာအုပ်လေး ကို တွေ့ရသည်။ စာအုပ်တစ် အုပ်တည်းပဲပေးလျှင်လည်း သူ့လက်ဆောင်က ကျွန်မ အတွက် တန်ဖိုးရှိပါသည်။ သို့ပေမဲ့ စျေးကြီးမှ တန်ဖိုးရှိ သည်ထင်တတ်သော လူတို့ စိတ်မနောသဘောကြောင့် ဟန်း ချိန်းလေးကိုပါ နောင်ထွေး ထည့်ပေးသည်ထင်၏။ ထိုမှ မဟုတ် ဖန်စီဟန်းချိန်းလေး တွေကို ထည်လဲဝတ်တတ် သော ကျွန်မအကြောင်းကို သိနေသောကြောင့် လည်း ဖြစ်နိုင်၏။

တန်ဖိုးရှိသောလက် ဆောင်ဆိုသော အသိတစ်ခု က ကျွန်မအာရုံထဲ တိုးဝင် လာသည်နှင့်တစ်ပြိုင်နက် ကျွန်မအကြည့်တို့က ဗီရို လေးအောက်ကို ရောက်သွား ရသည်။ သူ၏ မွေးနေ့ အကြောင်းကို အိပ်မက်မက် ပြီးသည့်နေ့က ဘယ်လိုစိတ် ရူးထခြင်းမျိုးနှင့် ဝယ်လိုက်မိ မှန်းမသိသည့် အမျိုးသားစီး ကတ်တို့ပါဖိနပ်လေးတစ်ရန်က ဗီရိုအောက်ကနေ ကျွန်မကို လှောင်ရယ်နေသလို။ သူ အတွက် တန်ဖိုးရှိသောလက် ဆောင်တစ်ခု မဖြစ်ခဲ့ရသော ဖိနပ်လေးကိုကြည့်ရင်း ကျွန်မ ရင်ထဲ ဆွေးလျှလာမိသည်။

ဘုရားသခင်...။ ဘယ်လိုခံစားချက်ကြီးက ကျွန်မ၏နှလုံးသားတံခါးကို လာခေါက်နေရသည်လဲ။ ချက်ချင်းဆို့နစ်နာကျင်လာ သော ရင်ခွင်တစ်ခုကို ပိုက် ထွေးရင်း ကျွန်မ သည်း သည်းထန်ထန် ငိုကြွေးချင် လာသည်။ မဟုတ်သေးပါ ဘူး။ အခုလိုအချိန်ထိရောက် မှ သည်လိုခံစားချက်တွေကို ကျွန်မရင်ထဲ သိမ်းဆည်း ထားနေလို့ မရဘူးလေ။ သို့ပေမဲ့ ကျွန်မ၏အသိစိတ် ကို ခံစားချက်တို့က အနိုင်ယူ လာကြပြီ။

ကျွန်မ သဘောပေါက် သွားပါပြီ။ ဘယ်လိုမှမဖြစ် နိုင်တော့ဘူးဆိုသည်ကို သိ လိုက်ရသည့်အချိန်ရောက်မှ ထုံ ပေပေခံစားချက်တို့က နာကျင်မှုအသွင်ဖြောင်းပြီး ကျွန်မကို တိုက်ခိုက်လာခဲ့ သည်ကို ကျွန်မ ရှင်းလင်း သွားခဲ့ပြီ။ အချိန်တိုင်း မသိ စိတ်ထဲတွင်သာ နေရာယူနေခဲ့ သော ချစ်စိတ်တို့က ကျွန်မ နှလုံးသားကို ဖုံခြွေလှိုက်စား နေကြသည်။ သူ့ကို ကျွန်မ ဘယ်အချိန်ကတည်းကများ ချစ်မိနေခဲ့သည်လဲ။ ထို အတွေးတို့ကို ဆက်လက်ဆင့် ပွားလာစေရန် ကျွန်မကိုယ် ကျွန်မ ခွင့်မပြုနိုင်။ ယခု အချိန်ရောက်မှ ဘာတွေကို စဉ်းစားနေရဦးမည်လဲ။ ပြီး ဆုံးသွားခဲ့ပြီလေ။

ပါးပြင်တစ်ဖျော့ကျော် စီး ဆင်းလာခဲ့သော မျက်ရည်ပူ တို့ကို ကျွန်မ မဖယ်ရှားမိ။ ကျွန်မတစ်ယောက်တည်းသိ သည့် မရေရာသောချစ်စိတ် တို့ကြောင့် ကျွန်မ ခံစားရလျှင် လည်း ခဏတာပဲပေါ့။ ဟိုး အရင်ကတည်းက မသိစိတ် ထဲမှ မသိမသာပေါ် ထွက် လာခဲ့သော ချစ်စိတ်တို့ကို စိုးထိတ်ခြင်းတွေနှင့် ပုံးလွှမ်း ပြီး နောက်ပိုးဘဝအထိ မရောက်နိုင်အောင် ကျွန်မ ကိုယ်ကျွန်မ ထိန်းသိမ်းနိုင်ခဲ့ သည်ဆိုသောအသိဖြင့် နောင် ထွေးရှေ့တွင်ရော၊ သူကဗျာ လေးတွေကို ဖတ်နေမိသည့် အချိန်တွေမှာပါ ကျွန်မ စိတ် နှလုံးတစ်ခုလုံး လိပ်ပြာလုံနိုင် အောင် အခု ကျွန်မ သည်း သည်းထန်ထန် ငိုကြွေးလိုက် ဦးမည်လေ။ ■

မိုးခကျော်ဘွဲ့

www.burmeseclassic.com

စာရေးသူသည် ၁၉၅၇ ခုနှစ်ကတည်းက
ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့
စတင်ရောက်ဖူးပါသည်။ ထိုစဉ်က စာရေးသူ၏အသက်မှာ
၁၅ နှစ်သာ ရှိသေးသည်။ အစ်မဝမ်းကွဲများနှင့်အတူ
လိုက်သွားခြင်းဖြစ်သည်။ အယုဒ္ဓယသို့လည်း
ရောက်ခဲ့သည်။ ထိုအချိန်က ဘန်ကောက်မြို့တွင်
ထိုင်းရိုးရာ လက်မှုပညာပစ္စည်းများနှင့် ရွှေသာလျှင်
ဝယ်စရာ ရှိသည်။ ထိုင်းတို့က မြန်မာနိုင်ငံ ရန်ကုန်မြို့၊
ဗိုလ်ချုပ်အောင်ဆန်းစျေးသို့ စျေးလာဝယ်နေရသော
အချိန်ဖြစ်၏။ ၁၉၉၈ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အထိ
၁၇ နှစ်အတွင်းမှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့
အကြိမ်ကြိမ် ထပ်မံ ရောက်ရှိခဲ့ရသည်။ အခြားနိုင်ငံများသို့
သွားရင်း ဝင်ရောက်ခြင်းလည်းပါ၏။
အထူးသဖြင့် စာတမ်းဖတ်ပွဲများကို
ဖိတ်ကြား၍ သွားရောက်ခဲ့ခြင်း၊ ကိုယ်တိုင်
စာတမ်းများဖတ်ကြားခြင်းတို့အတွက် ဖြစ်သည်။
၁၉၉၆–၁၉၉၉ ခုနှစ်လောက်တွင် ထိုင်းနိုင်ငံ၌
'ဆုပန်ကလျာ' အကြောင်း ခေတ်စားလာသည်။
သူ့ပုံပါသော ပြက္ခဒိန်များ၊ ပို့စကတ်ပုံများ၊
ဓာတ်ပုံများ၊ အထိမ်းအမှတ်ဒဂံုးများ၊ ရုပ်တုများ၊
အမှတ်တရပစ္စည်းများ၊ ကက်ဆက်ခွေ၊ ဗီဒီယိုခွေများ၊
သမိုင်းနောက်ခံ ဝတ္ထုများဖြင့် လူပ်လူပ်ရှားရှား

မောင်သန်းဆွေ(ထားဝယ်)

ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်အပေါ်
ထိုင်းလူမျိုးတို့၏
ထူးထူးခြားခြားသဘောထားနှင့် အမြင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်နေသဖြင့် စာရေးသူကလည်း စိတ် ဝင်တစား ရှိခဲ့သည်။ (ဆုပန်ကလျာ နှင့် ပတ်သက်၍ သီးခြားဆောင်းပါး ရေးပါမည်။)

စာရေးသူ အကြိမ်ကြိမ် ဘန်ကောက်မြို့သို့ရောက်ရာတွင် ဆုပန်ကလျာအကြောင်းကို လေ့လာရင်းဖြင့် ဟံသာဝတီ ဆင်ဖြူရှင်ဘုရင့်နောင်အပေါ် ထိုင်းလူမျိုးတို့၏ ထူးထူးခြားခြား သဘောထားနှင့် အမြင်ကို အံ့သြစွာ သိခဲ့ရသည်။

တောင်ငူဘုရင် မင်းတရားရွှေထီး နတ်ပြည်စံပြီးနောက် ဘုရင့်နောင်မင်းတရားကြီး နန်းတက်လာပါသည်။ တောင်ငူခေတ်တွင် ယိုးဒယား(ထိုင်း)နှင့် ဆက်ဆံရေးမှာ မင်းတရားရွှေထီးလက်ထက်တွင် စတင်ခဲ့သည်ဟု ဆိုရမည်။ မင်းတရားရွှေထီးလက်ထက်တွင် မြန်မာနိုင်ငံ တောင်ဘက်ရှိ မွန်တို့ဒေသများကို သိမ်းသွင်းရာ မုတ္တမ ယခု မော်လမြိုင်၊ ထားဝယ် စသော ဆိပ်ကမ်းမြို့များကိုပါ သိမ်းပိုက်သည့်အချိန်မှ စ၍ ယိုးဒယား(ထိုင်း)- မြန်မာဆက်ဆံရေး စတင်သည်ဟု ဆိုနိုင်သည်။ ယခု မော်လမြိုင်၊ ထားဝယ် စသော ဆိပ်ကမ်းများကို မြန်မာတို့သိမ်းပိုက်ရာ ယိုးဒယား(ထိုင်း)တို့အနေနှင့် မြန်မာတို့က ၄င်းတို့ပိုင်နယ်မြေအတွင်းသို့ ကျူးကျော်သည်ဟု မှတ်ယူသည်။ ထိုဒေသများကို ယိုးဒယား(ထိုင်း)တို့က ၁၃ ရာစုကတည်းကပင် သူတို့လက်အောက်ခံအဖြစ် သတ်မှတ်ထားသည်ဟု ဆိုသည်။

ယိုးဒယား(ထိုင်း)တို့ တနင်္သာရီဆိပ်ကမ်းများကို လာရောက်ထိပါးသောအခါတွင်မူ မင်းတရားရွှေထီးသည် ခရစ်နှစ် ၁၅၄၈ ခုနှစ် နိဝင်္ဘာလ ၁၃ ရက်တွင် အယုဒ္ဓယသို့ ချီတက်လာသည်။ သို့သော် အယုဒ္ဓယကို သိမ်းပိုက်နိုင်ခြင်း မရှိပါ။ တိုက်ပွဲတစ်ရပ်တွင် ယိုးဒယား(ထိုင်း)ဘုရင်၏ ညီတော်၊ သားတော်နှင့် သမက်တို့ကို မြန်မာတို့က ဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် ထိုမင်းသားသုံးပါးကို ပြန်လွှတ်ပါရန် တစ်နှစ်လျှင် လက်ဆောင်ပဏ္ဏာအဖြစ် ဆင်အစီး ၃၀၊ ငွေ သုံးရာအပြင် တနင်္သာရီဆိပ်ကမ်းမှ ရရှိသော အခွန်တော်များကို ဆက်သပါမည်ဟု ကမ်းလှမ်းသည်။ ကမ်းလှမ်းချက်ကို မင်းတရားရွှေထီးက လက်ခံလိုက်သည်။ ထိုအချိန်မှစပြီး အယုဒ္ဓယသည် မြန်မာမင်းသို့ ပဏ္ဏာဆက်နိုင်ငံ ဖြစ်လာသည်။

မင်းတရားရွှေထီး နတ်ပြည်စံပြီးနောက် ဘုရင့်နောင်မင်းတရားကြီး နန်းတက်လာပါသည်။ 'သီရိတြိဘဝနာဒိတျာပဝရဏ္ဍာတသုခမ္မရာဇာ မဟာဓိပတိ' ဘွဲ့ခံ ဟံသာဝတီ ဆင်ဖြူရှင် လက်ထက်တော်၌ မြန်မာမင်း၏ ပိုင်နက်အကျယ်အဝန်းနှင့်ပတ်သက်၍ ခရစ်နှစ် ၁၅၉၃ ခုနှစ် ထိုး ကျောက်စာတွင်-

မဟာနဂရတိုင်း၊ ခေမာဝရတိုင်း၊
ဇင်ဂုံတိုင်း
တမလိတ္တာတိုင်း၊ အယုဒယတိုင်း၊
သုနာပရံတိုင်း
တမ္မဒီပတိုင်း၊ ကမ္ဗောဝတိုင်း၊
ကလေ၊ကသည်၊
မိုင်ညင်၊ မိုင်ကောင်၊ မိုင်စင်၊
ခံတီ၊ မိုင်ဝန်၊
ခွေလုံ၊ မိုင်နှာ၊ စန္ဒာ၊ မိုင်လည်၊
မိုင်တီ၊ မိုင်ခွန်၊
ဗန်မော်၊ မိုင်မိတ်၊ သီပေါ၊
သေးဉီ၊ မိုင်နယ်၊
ညောင်ရွေ၊ ပတ်ကျိုး၊... စိန်တိုင်၊
ဤသို့မျှားစွာသော အရံရှိသော
ရာမညတိုင်း ဟံသာဝတီပြည်

(မူရင်းသတ်ပုံအတိုင်း)

ဟူ၍ တွေ့ရှိရပါသည်။ ဟံသာဝတီမင်း၏ လက်အောက်ခံနယ်ပယ်များတွင် အယုဒယ(အယုဒ္ဓယ)ဟူသော အမည်ပါရှိသည်ကို တွေ့ရသည်။

ဘုရင့်နောင်မင်းတရားကြီး နန်းတက်လာသောအခါ ယိုးဒယား(ထိုင်း)မင်း၌ ဆင်ဖြူတော် ၄ စီး ရှိသည်ကို ဘုရင့်နောင်မင်းတရားကြီးက တစ်စီးတောင်းသည်။ ပဏ္ဏာဆက်နိုင်ငံဖြစ်ခဲ့သော ယိုးဒယား(ထိုင်း)က ငြင်းဆိုသည်။ ထို့ကြောင့် ခရစ်နှစ် ၁၅၆၃ ခုနှစ်တွင် ဘုရင် နောင်မင်းတရားကြီး ယိုးဒယား(ထိုင်း)သို့ ချီတက်တိုက်ခိုက်သည်။ ယိုးဒယား(ထိုင်း)တို့ မခံနိုင်၍ မြန်မာတို့နှင့် စေ့စပ်ခဲ့ရာ ယိုးဒယား(ထိုင်း)ဘုရင် ချက္ကရာဖတ်နှင့် သားတော်၊ သမီးတော်များ ဆင်ဖြူတော် ၄ စီးကိုပါ ယူဆောင်ပြီး ဟံသာဝတီသို့ ပြန်ခဲ့သည်။

ခရစ်နှစ် ၁၅၆၆ ခုနှစ်တွင် ရဟန်းဝတ်နေသော ယိုးဒယား(ထိုင်း)ဘုရင်က ဘုရားဖူးရန်ခွင့်တောင်းသဖြင့် အယုဒ္ဓယသို့ ပြန်ခွင့်ပြုသည်။ အယုဒ္ဓယသို့ ရောက်သည်နှင့် ယိုးဒယား(ထိုင်း)ဘုရင်သည် သားတော် ဗြမဟိန်နှင့် ပူးပေါင်း၍ မြန်မာတို့ကို ပုန်ကန်ခြားနားသည်။ ဘုရင့်နောင်မင်းတရားကြီးသည် ခရစ်နှစ် ၁၅၆၈ ခုနှစ်တွင် အယုဒ္ဓယသို့ ဒုတိယအကြိမ် ချီရပြန်သည်။ မြန်မာတို့ အယုဒ္ဓယကို ရရှိသည်။ ယိုးဒယား(ထိုင်း)နိုင်ငံ ထီးနန်းတွင် ဘုရင်၏ သမက်တော် ဗြမဟာဓမ္မရာဇာ(ဗြနရစ်၏ ခမည်းတော်)ကို နန်းတင်ခဲ့သည်။

မြန်မာ့သမိုင်းတွင် ဘုရင့်နောင်မင်းတရားကြီး၏ ဂုဏ်သတင်းသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သူအဖြစ် ကျော်စောထင်ရှားခဲ့သည်။ ဘုရင့်နောင်ကို ထိုင်းလူအဖွဲ့အစည်းကလည်း စက္ကဝတေးမင်းအဖြစ် လက်ခံခဲ့ကြသည်။ ၁၇၆၇ ခုနှစ်တွင် အယုဒ္ဓယနေပြည်တော် ကျဆုံးပြီးနောက် ပြုစုခဲ့သော အယုဒ္ဓယရာဇဝင်များတွင် ၁၅၆၃ နှင့် ၁၅၆၉ ခုနှစ်များ၌ အယုဒ္ဓယကို သိမ်းပိုက်ရန် ကြိုးပမ်းသည့် စစ်ပွဲများအား 'အရပ်ဆယ်မျက်နှာကို အောင်နိုင်သည့်ဘုရင်က စစ်ဆင်သော စစ်ပွဲများ' ဟု ဖော်ပြခဲ့သည်။ ယိုးဒယား(ထိုင်း)ပြည်သူများလည်း ဘုရင့်နောင်အား အစွမ်းထက်သည့်စစ်သားကောင်းကြီးတစ်ဦးအဖြစ် နားလည်ခဲ့ကြသည်။ ဤသို့ နားလည်အောင်လည်း Yazabo ဆိုသူ ထိုင်းစာရေးဆရာတစ်ဦးက **Who Gained Victory in Ten**

www.burmeseclassic.com

Direction အမည်ရသည့် ဝတ္ထုတစ်ပုဒ်ဖြင့် ရေးသားဖော်ပြခဲ့သည်။

ချက္ကရီမင်းဆက်ကို တည်ထောင်သည့် ပထမမြောက် ရာမမင်းလက်ထက် ၁၇၉၅ ခုနှစ်တွင် ပြုပြင်ထုတ်ဝေသည့် PHRA RATCHAPONG SAWADAN Krung SRI Ayudhya ခေါ် အယုဒ္ဓယရာဇဝင်နှင့် အခြား ခေတ်ပြိုင်ရာဇဝင်များတွင် ဟံသာဝတီဘုရင် ဘုရင့်နောင်အား အလွန် ဘုန်းကြီးသောင်းအဖြစ် ဖော်ပြခဲ့ကြသည်။ ထို့အပြင် ထိုင်းရာဇဝင်ဆရာများသည် ဘုရင့်နောင်၏ ဆင်ဖြူတော် ပိုင်ဆိုင်ရေးတွင် ဆင်ခွဲသော ဆင်ဖြူတော်စစ်ပွဲသည် တရားသော စစ်ပွဲဖြစ်ကြောင်း၊ ဘုရင့်နောင်ကဲ့သို့သော စကြဝတေးမင်းအဖို့ ဆင်ဖြူရတနာသည် မရှိမဖြစ်လိုအပ်သော ရတနာတစ်ပါးဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်မှာ ထူးခြားသည်ဟု ဆိုနိုင်သည်။ အယုဒ္ဓယဘုရင်နှင့် ဘုရင့်နောင်တို့ ယှဉ်ပြိုင်တိုက်ခိုက်သော စစ်ပွဲသည် စစ်ရေးအရ ပြိုင်ဆိုင်မှုသာမကဘဲ ထေရဝါဒ ဗုဒ္ဓဘာသာဘုရင်များ၏ နိုင်ငံရေးနှင့်ဘာသာရေး ယှဉ်ပြိုင်ပွဲဖြစ်သည်ဟုလည်း ဆိုပါသည်။ ဘုရင့်နောင်က အနိုင်ရခြင်းမှာ ဘုရင့်နောင်သည် ယိုးဒယားဘုရင် ချက္ကရဖတ်ထက် ပို၍ ဘုန်းကြီးသောကြောင့် ဖြစ်သည်ဟုလည်း ဘန်ကောက်သမိုင်းရာဇဝင်ဆရာများက စိတ်ဝင်စားဖွယ် ဖော်ပြခဲ့ကြသည်။

ဘုရင့်နောင်အား စကြဝတေးမင်းအဖြစ် မွန်ရာဇဝင်တစ်စောင်တွင်လည်း ဖော်ပြခဲ့သည်။ မွန်ရာဇဝင်ကို ဘန်ကောက်မှ မောင်ကွတ်ဘုရင်၏ အမိန့်တော်ဖြင့် ထိုင်းဘာသာဖြင့် ပြန်ဆိုခဲ့သည်။ ယင်း မွန်ရာဇဝင်တွင် ဘုရင့်နောင်အား Phraehao Farangmantri အမည်ပေးခဲ့သည်။ ဘုရင့်နောင်သည် ဘုန်းတန်ခိုးအလွန်ကြီးကြောင်း၊ ဆင်ဖြူများနှင့် ကျောက်သံပတ္တမြား၊ ရွှေတွင်း၊ ငွေတွင်းများကို ပိုင်ဆိုင်ထားကြောင်းလည်း ဖော်ပြထားသည်။ သို့ဖြစ်၍ ရာမညတိုင်းသားတို့က ဘုရင့်နောင်အား 'အရပ်ဆယ်မျက်နှာကို အောင်နိုင်သူမင်းကြီး' ဟူသော ဘွဲ့ကို ပေးအပ်ခဲ့သည်။

ဘုရင့်နောင်၏ စစ်ရေးစွမ်းပကားနှင့် ဘာသာရေးကိုင်းရှိုင်းမှုများ အကြောင်းနှင့် ပတ်သက်၍ အယုဒ္ဓယမြို့သူမြို့သားများက စိတ်ဝင်တစားမှတ်တမ်းတင်ခဲ့ကြသည်။ ၁၇၆၇ ခုနှစ် ဖြစ်ပွားသော အယုဒ္ဓယစစ်ပွဲတွင် အရေးနိမ့်သဖြင့် မြန်မာနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ထိုင်းနိုင်ငံသားများက ဘုရင့်နောင်သည် ဗုဒ္ဓဘာသာကို လွန်စွာ ကိုင်းရှိုင်းသူဖြစ်ကြောင်း၊ အယုဒ္ဓယနေပြည်တော်ရှိ နန်းတော်တွင် ထားရှိသော ကြေးဆင်းတုတော်များကို ရခိုင်ရှိ မဟာမုနိဘုရားစံကျောင်းကို ပေးလှူခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

မြန်မာသမိုင်းတွင် ဟံသာဝတီဆင်ဖြူရှင်နှင့် ကုန်းဘောင်ခေတ် ဆင်ဖြူရှင် ဟူ၍ အမည်တူ မင်းနှစ်ပါးရှိခဲ့ရာ ယိုးဒယားရာဇဝင်များက အမည်ချင်းတူငြားသော်လည်း သဘာဝချင်း မတူညီကြောင်း ရေးသားခဲ့သည်။ ဥပမာ အားဖြင့် မင်းသားကြီး Damrong ရေးသားခဲ့သည့် Our Wars with the Burmese စာအုပ်တွင် ဟံသာဝတီဘုရင့်နောင်နှင့် အဝဘုရင်ဆင်ဖြူရှင်တို့ လက်ထက် ဖြစ်ပွားခဲ့သော စစ်ပွဲများမှာ သဘောသဘာဝအားဖြင့် ကွဲပြားခြားနားကြောင်း၊ ဘုရင့်နောင်လက်ထက် အယုဒ္ဓယသို့ တိုက်ခိုက်ရသည့် ရည်ရွယ်ချက်မှာ ထိုင်းတို့အား မြန်မာလက်အောက်ခံဖြစ်စေရန်အတွက်လည်းကောင်း၊ ရာဇာမိရာဇာမင်း မင်းတကာတို့၏ မင်းဖြစ်စေရန် နိုင်ငံတော်ကို ချဲ့ထွင်လိုခြင်းကြောင့်ဖြစ်ကြောင်း၊ အင်းဝဆင်ဖြူရှင်မှာမူ ယိုးဒယားနေပြည်တော်ကို တိုက်ခိုက်လုယက်ရန်နှင့် သံ့ပန်းများ ဖမ်းဆီးခေါ်ဆောင်သွားရန်အတွက်ဖြစ်ကြောင်း ဟု ရေးသားခဲ့သည်။

၁၇၆၇ ခုတွင် အယုဒ္ဓယနေပြည်တော် ပျက်စီးသွားပြီးနောက် Thonburi နှင့် ဘန်ကောက်ကို အုပ်စိုးသူများသည် မိမိတို့၏ စစ်ရေးစွမ်းရည်ကို ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်လာခဲ့ကြသလို မိမိတို့၏ခေါင်းဆောင်မှုကို အများပြည်သူ လက်ခံလာစေရန် မွေရာဇာ၊ ဗောဓိသတ္တဘုရားလောင်းနှင့် စကြဝတေးမင်း ဟူသော အယူအဆများကိုလက်ခံလာကြသည်။ ဘုရင့်နောင်ကဲ့သို့ပင် Thonburi နှင့် ဘန်ကောက်မင်းဆက်များကို တည်ထောင်ကြသူများသည် မင်းသွေးပါသူများမဟုတ်ကြသဖြင့် မိမိတို့၏ ခေါင်းဆောင်မှုကို တရားဝင်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဘုရင့်နောင်ကို စံနမူနာထားခဲ့ကြသည်။

သို့ဖြစ်၍ ဘုရင့်နောင်အား စကြဝတေးမင်းအဖြစ် ထိုင်းရာဇဝင်အရေးအသားများတွင် ဖော်ပြခဲ့ခြင်းမှာ တိုက်ဆိုင်မှုမဟုတ်၊ တမင်ရည်ရွယ်၍ လုပ်ဆောင်ခြင်းသာ ဖြစ်သည်ဟု ဆိုရမည်။ ထိုင်းနိုင်ငံတွင် ဘုရင့်နောင်အား စကြဝတေးမင်းအဖြစ် ထားရှိသော သဘောထားသည် တစ်ရာစုသာ ခံပါသည်။ ထိုင်းနိုင်ငံ၏ အချုပ်အခြာအာဏာကို နိုင်ငံခြားသားတို့ ထိပါးလာမည့် အန္တရာယ်နှင့် ရင်ဆိုင်ရသော ၁၉ ရာစုတွင်မူ ထိုင်းဘုရင်သည် ဘုရင့်နောင်အပေါ် သဘောထားအမြင်ပြောင်းလဲလာသည်။ ဘုရင့်နောင်အား နယ်ချဲ့ဝါဒီတစ်ဦးအဖြစ်လည်းကောင်း၊ ထိုင်းအမျိုးသားတို့၏ ရန်သူအဖြစ်လည်းကောင်း အမြင်ပြောင်းလာသည်။ သို့ရာတွင် နောက်ပိုင်း၌ ဘုရင့်နောင်အား စစ်ရေးထူးချွန်သည့် ဗိုလ်ချုပ်ကြီးတစ်ဦးအဖြစ်လည်းကောင်း၊ အထူးသဖြင့် ထိုင်းအမျိုးသမီးများကြား မျက်နှာပွင့်သူအဖြစ်လည်းကောင်း ထိုင်းတို့က သဘောထားလာကြသည်။

■

မောင်သန်းဆွေ၊ထားဝယ်၊
ကိုးကားချက်-

ပါမောက္ခ ဒေါက်တာကျော်ဝင်း၏ **ဘုရင့်နောင်၊ ဗြန္နရစ်နှင့် ဆုပန်ကလျာတို့၏ ပုံရိပ်များ။**

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ

ကိုဒုဗဟုစေ့

ရွေးဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

ရန်ကုန်ကွက်သစ်

ပန်းမော်တင်အောင်

စာရေးဆရာ ပန်းမော်တင်အောင် ရေးသားပြီး
၁၉၅၇ ခုနှစ်၊ မေလထုတ် ရွှမဝဂ္ဂစေ်းတွင်
စတင်ဖြာပါရှိခဲ့သည့် 'ရန်ကုန်ကွက်သစ်' ဝတ္ထုကို
ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ နိုင်ငံတော် အစိုးရမင်းများသည်
အခြေခံအကြောင်းရင်းဖြစ်သော တိုင်းပြည်၏ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်မီ
တောမှ စစ်ပြေးဒုက္ခိတ ပြည်ထောင်စုသားများကို နေရာ မချထားပေးနိုင်မီ
ရန်ကုန်မြို့တော်အား မဟာရန်ကုန် မြို့တော်ကြီးအဖြစ် တည်ဆောက်ရန်
အပ္ပိက်သရိုက်များကို ရှင်းလင်းနေပေသည်

၁။

အကျဉ်းထောင်မှ လွတ်လာခဲ့ပြီးနောက် လေး,ငါးရက်ခန့် အကြာတွင် ရန်ကုန်ကွက်သစ်တစ်ခုခွင် နေထိုင်လျက်ရှိသော ကျွန်တော်၏ မိတ်ဆွေ အလုပ်သမား ဦးဘမိုးနှင့် ၄င်း၏ဇနီး ဒေါ်ငြိမ်းမယ်တို့က ၄င်းတို့၏နေအိမ်သို့ လာရောက် ထမင်းစားသောက်ရန် ဖိတ်ကြားသဖြင့် ကျွန်တော်သည် ၄င်းတို့ ကွက်သစ်ဘက်သို့ ဆိုက်ကားဖြင့်ထွက်လာခဲ့သည်။ ဆိုက်ကားထက်မှ ဆင်း၍ ကွက်သစ်၏ လမ်းထိပ်သို့ ဝင်မိလျှင်ပင်-

'ဟဲ့...မအေသေရာ ကောင်ကလေး... နင် ဒါလောက် တောင် ငတ်ရသလားဟင်၊ ဟဲ့...သေခြင်းဆိုး၊ မလှတမကလေး...'

ဟူသော တဲငယ်တစ်ခုအတွင်းမှ မိန်းမတစ်ဦး၏ အသံကို ရုံးရုံးဝါးဝါးနှင့် နားမသက်သာဖွယ်ရာ ကြားလိုက်ရပြီးနောက် အဝတ်အစားဆို၍ နဲငယ်ဝိုင်းကလေးတစ်ခုသာ ပတ်ထားသော အသက် ဆယ်နှစ်သာသာခန့် ကလေးတစ်ယောက်သည် တဲအတွင်းမှ ကွက်သစ်လမ်းမပေါ်သို့ ကတိုက်ကရိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်လာသည်။

ကျွန်တော်၏ ခြေလှမ်းများသည် ရပ်တန့်၍ သွားကြပြီးလျှင် ကျွန်တော်၏ မျက်လုံးများသည်လည်း တဲအတွင်းဘက်သို့ ရောက်ရှိသွားလေသည်။

အချိန်မှာ ညနေ ၆ နာရီသာသာခန့်ဖြစ်၍ မှောင်စပျိုးနေပြီ ဖြစ်သော်လည်း တဲအတွင်း၌ မီးထွန်းညှိခြင်း မရှိသေးပေ။ မှောင်နေသည်။

မှောင်နေသော တဲအတွင်းမှ အသက် သုံးဆယ်သာသာခန့် မိန်းမတစ်ယောက်သည် ဒေါသကြီးစွာဖြင့် တုတ်တစ်ချောင်းကို ကိုင်ဆွဲ၍ ထွက်လာသည်။ ထိုမိန်းမသည် အသက်အရွယ်နှင့် မမျှအောင် များစွာ ပိန်ချုံးအိုမင်းကာ ညစ်ပတ်ပေရေလျက် ရှိသည်။ မီးယပ်ရောဂါသည် တစ်ဦးပင် ဖြစ်မည်လော၊ အာဟာရ လုံလုံလောက်လောက် မရရှိ၍ ပိန်ချုံးနေခြင်းလော။ အမှန်ကို ကျွန်တော်သည် မသိရှိရသေးပေ။ ကျွန်တော် ရုတ်တရက် သိရှိထားသော အချက်မှာ ထိုမိန်းမသည် အလွန်တရာ ပိန်ချုံးလျက်၊ ထိုပိန်ချုံးနေသော မိန်းမသည် အလွန်တရာ ဒေါသထွက်နေသော ကိစ္စပင် ဖြစ်သည်။

'ဟဲ့ သေနာကောင်လေး၊ ဒါ နင် ဘယ်ကို ပြေးဦးမလို့လဲဟင်... လာခဲ့စမ်း'

ပိန်ချုံးနေသော မိန်းမသည် တဲအတွင်းမှ လမ်းမပေါ်သို့ ပြေးထွက်လာသော သူငယ်အား မိုးအောင် လိုက်နိုင်ဟန် မရှိ၍ တုတ်ကို မြှောက်၍ ပြရင်း သူထံသို့ ပြန်လှည့်လာရန် လှမ်းခေါ်နေသည်။

လမ်းမပေါ်သို့ ပြေးထွက်လာသော သူငယ်ကိုလည်း ကျွန်တော်သည် လှမ်း၍ ကြည့်လိုက်မိသည်။ ထိုသူငယ်သည်လည်း အလွန်တရာ ပိန်ချုံးပေရေလျက် လူသတ္တဝါကလေး တစ်ကောင်နှင့် မတူဘဲ ပုံပြင်များထဲမှ တစ္ဆေ မှင်စာကလေးနှင့် တူနေသည်။ ၎င်း၏ အရိုးများသည် ငေါထွက်လျက် ဝမ်းဗိုက်သည်လည်း အဆမတန် ပူထွက်လျက် ရှိသည်။

သူငယ်အား အော်ဟစ် ခေါ်နေရာမှ သူငယ်က ၎င်း၏ ဩဇာကို နာခံခြင်း မရှိသောအခါ တဲတံခါးဝ၌ မောဟိုက်စွာ ရပ်နေသော မိန်းမသည် လမ်းမပေါ်သို့ ထွက်လိုက်လာပြန်သည်။

'ဟဲ့ ခွေးပုဲ၊ ဒါ နင် ဘယ်ပြေးဦးမလို့လဲ ဟင်၊ ငါ ခေါ်တုန်း လာရင်လာ၊ ငါလိုက်လို့ မိရင်တော့ နင့်ကို အသေသတ်မိလိမ့်မယ်'

ဟု အော်ကြီးဟစ်ကျယ် ပြောဆိုလိုက်ပြီးနောက် လမ်းမပေါ်တွင် ခပ်ကြောင်ကြောင် ရပ်နေသော သူငယ်ရှိရာသို့ အပြေးကလေး ထွက်လိုက်လာလေသည်။

၎င်းရှိရာသို့ တုတ်တစ်ချောင်း ကိုင်၍ မိန်းမတစ်ယောက် လိုက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူငယ်သည် ကျွန်တော် ကြောင်၍ ရပ်ကြည့်နေသော ဘက်သို့ ပြေးထွက်လာပြီးလျှင် ကျွန်တော့်အား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ ခြေသလုံးကို အတင်း ဝင်ရောက် ဖက်ထားလိုက်ပြီးလျှင်-

'ဦးလေးရယ်... ကျွန်တော့်ကို ကယ်နိုင်ရင် ကယ်ပါဦး ခင်ဗျာ။ အမေက ကျွန်တော့်ကို သတ်တော့မလို့ ထင်ပါရဲ့'

ဟု ကြောက်လန့်တကြား ပြောဆိုလိုက်လေသည်။ ထိုသူငယ်က ဤသို့ ပြောဆိုတော့မှပင် တုတ်တစ်ချောင်းနှင့် ပြေးလိုက်လာသော မိန်းမသည် ၎င်းသူငယ်နှင့် သားအမိတော်စပ်မှန်း ကျွန်တော်သည် သိရှိရပေသည်။

'ဟဲ့ ခွေးပုဲ၊ ဒါ နင် လမ်းက ဧည့်သည်ကို ဘာလို့ နှောင့်ယှက်နေရတာလဲ ဟင်'

ဟု ပြောပြောဆိုဆို ထိုတုတ်တစ်ချောင်းနှင့် မိန်းမသည် သူငယ်အား အတင်း ဆွဲခေါ်ခြင်း ပြုလေသည်။ သူငယ်သည် ၎င်းမိခင်အား အတင်း ရုန်းကန်လျက်ရှိရာမှ-

'အမေက သတ်တော့မှာကို ဒီလိုပဲ ကြည့်နေတော့မလို့လား ဦးလေးရဲ့။ ကျွန်တော့်ကို ကယ်နိုင်ရင် ကယ်ပါဦး'

ဟု ငိုယိုပြောဆိုလျက် ရှိပေသည်။

ကျွန်တော်သည် ထိုသားအမိနှစ်ဦး၏ ဖြစ်ထွေကို အဘယ်သို့မျှ မလုပ်တတ်၊ မကိုင်တတ်သေးဘဲ အငေးသားကြည့်ရှုနေမိစဉ် အလွန်တရာ ဒေါသထွက်နေဟန်ရှိသော တုတ်တစ်ချောင်းနှင့် မိန်းမသည် ၎င်း၏ တုတ်ကို သားငယ်ဖြစ်သူ၏ ကျောပြင်ပေါ်သို့ အသုံးပြုလိုက်လေတော့သတည်း။ ထိုမိန်းမသည် တစ်ချက်နှင့် အားမရသေး၍ နောက်တစ်ချက် ထပ်ချဦးမည် အလုပ်တွင် ကျွန်တော်သည် သတိရလာကာ ထိုမိန်းမ၏ လက်မှ တုတ်ကို ဖမ်းဆွဲထားလိုက်မိသည်။

'ကိုယ့်သားသမီးပဲ အစ်မကြီးရာ၊ ဒါလောက် ကျဲရိုက်၊ နွားရိုက် ရိုက်ဖို့ မတော်ပါဘူးဗျာ'

ဟုလည်း ကျွန်တော်သည် တောင်းပန်လိုက်မိသည်။

ကျောပြင်ကို ခပ်နာနာကလေး အချခံလိုက်ရသော သူငယ်သည် နာကျင်လှဟန် ရှိသောကြောင့် 'အမယ်လေးဗျ... အမယ်လေးဗျ...'ဟု စူးစူးဝါးဝါး အော်ဟစ် ငိုယိုလျက် ရှိပေသည်။

ဤသို့ လမ်းမပေါ်၌ အမေက သားအား ရိုက်၍ သားက အော်ကြီးဟစ်ကျယ် ငိုယိုနေခြင်းကား ဘာမျှ မဖြစ်လောက်သော အမှုအခင်း တစ်ရပ်ကဲ့သို့ အနီးအနားတစ်ဝိုက်၌ တဲများမှ တစ်စုံတစ်ယောက်မျှ ထွက်၍ မကြည့်ကြပေ။ ၎င်းတို့၏ ပတ်ဝန်းကျင်၌ ဤအဖြစ်မျိုးသည် ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ ဖြစ်ဟန် ရှိပေသည်။

သားဖြစ်သူသည် ခြေကြီးပေါ်၌သာ နာကျင်စွာ လူးလိမ့်ငိုယိုနေသည်ကို တွေ့ရပြန်သောအခါ စောစောက ဒေါသကြီးနှင့် ရိုက်နှက်လိုက်သော မိခင်သည် ၎င်း၏လက်တွင်းမှ တုတ်ကို ရုတ်တရက် လွှင့်ပစ်လိုက်ပြီးနောက် သူဘာသာသူငိုယိုလိုက်ပြန်လေသည်။

ကျွန်တော်သည် ထိုသားအမိနှစ်ဦး၏ ဖြစ်ထွေကို အဘယ်

www.burmeseclassic.com

www.burmeseclassic.com

သို့ နှစ်သိမ့်သက်သာစေနိုင်မည့် နည်းလမ်းကို ရှာဖွေ စဉ်းစားကြည့်မိသည်။ ရုတ်တရက်သော်ကား ဘာမျှ စဉ်းစား၍ မရပေ။

မိခင်သည် ဒေါသထွက်လောက်စရာ အကြောင်းတစ်ခုခုကြောင့် သားလုပ်သူအား ဒေါသအလျောက် ရိုက်နှက်လိုက်ပြီး နောက် သားငယ်၏ နာကျင်ငိုယိုရခြင်းကို မျက်စိအောက်၌ တွေ့မြင်နေရသောအခါတွင် သားကို ဤမျှ နာကျင်အောင် ရိုက်နှက်မိသည့်အတွက် ဝမ်းနည်း ငိုယိုခြင်း ဖြစ်လိမ့်မည် ထင်ရပေသည်။

အတန်ကြာမှ 'ဘယ်လိုဖြစ်တာလဲ အစ်မကြီးရယ်' ဟု ကျွန်တော်သည် မေးလိုက်နိုင်ပေသည်။ ဤသို့ မေးလိုက်သော အခါ သူငယ်၏ မိခင်သည် ပို၍ ဝမ်းနည်းလာဘိသကဲ့သို့ ရှိုက်၍ရှိုက်၍ ငိုနေလိုက်ပြီးမှ -

'မပြောပါရစေနဲ့ရှင်၊ ကျွန်မ သားကို ကျွန်မ ခုလို ရိုက်မိတဲ့အတွက် စိတ်မကောင်းလွန်းလို့ပါ' ဟုသာ ပြန်ပြောလေသည်။

ကျွန်တော်၏ မေးခွန်းကို ပြန်မပြောပါရစေနှင့်ဟု ဆိုလာသော သူငယ်၏ မိခင်အား နောက်ထပ်၍ ကျွန်တော်သည် ဘာမျှ မေးနေရန် အကြောင်းမရှိပေ။ ထို့ကြောင့် ကျွန်တော်သည် ထိုအရပ်ဒေသမှ ထွက်လာတော့မည်အပြု စောစောက မြေကြီးပေါ်၌ လူးလိမ့် ငိုယိုသော သူငယ်သည် ရုတ်တရက် ကျွန်တော်၏ ခြေသလုံးကို လှမ်း၍ ဖက်ထားလိုက်ပြန်ပြီး လျှင် -

'ဦးလေးရယ်... ကျွန်တော့်ကို အမေနဲ့ ထားမပစ်ခဲ့ပါနဲ့ဗျာ၊ ဦးလေးနဲ့သာ ခေါ်သွားပါ။ မဟုတ်ရင် အမေက ကျွန်တော့်ကို သတ်လိမ့်မယ် ထင်ပါရဲ့'

ဟု ငိုရှိုက်ရင်း တောင်းပန်နေပြန်သည်။

သားကို ဒေါသအလျောက် နာနာကျင်ကျင် ရိုက်နှက်မိတာ ဝမ်းနည်းငိုယိုလျက်ရှိသော မိခင်နှင့် မိခင်လုပ်သူ၏ ဝမ်းနည်းငိုယိုရခြင်းကို နားမလည်ဘဲ ငှင်းအား နောက်ထပ်၍ ခိုက်နှက်ဦးမည်ဟု လွန်စွာ ကြောက်ရွံ့လျက်ရှိနေသော သူငယ်တို့အား လမ်းပေါ်၌ ပစ်ထားခဲ့ပြီးလျှင် အဘယ်သို့ ကျွန်တော်သည် မိမိ၏ ခရီးလမ်းကို ဆက်လက် သွားနိုင်ပါ့မည်နည်း။

'ကိုယ့်သားသမီးကို ဘယ်မိဘက ရိုက်ချင်၊ နှက်ချင်ပါ့လေရှင်။ ဒါပေမဲ့ သူ့အဖေ အလုပ်သွားခါနီး ကျွေးလိုက်နိုင်ဖို့ သူများဆီက တောင်းထားရတဲ့ ကန်စွန်းရွက်ပြုတ်ကို ခိုးစားတော့ ကျွန်မလည်း စိတ်တိုပြီး ခုလို ရိုက်မိတာပါဝဲ'

သူငယ်၏ မိခင်သည် အားယူကာ ငှင်းဘာသာ ငှင်း၏ စာတ်ကြောင်းကို ပြောဆိုလာသည်။

'ကန်စွန်းရွက်ပြုတ် ခိုးစားတာနဲ့ ဒါလောက်တောင် ရိုက်ခဲ့ကတော့ မတော်ပါဘူးဗျာ'

ဟု ကျွန်တော်ကလည်း ကန်စွန်းရွက်ပြုတ် ခိုးစားသည့် သားလုပ်သူအား ကျွဲရိုက်၊ နွားရိုက် ရိုက်နှက်သော မိခင်ကို ပြန်ပြောလိုက်မိသည်။

'မနေ့ကရော၊ ကနေ့ တစ်နေ့လုံးရော ကျွန်တော် ဘာမှ မစားရလို့ သိပ်ဆာတာနဲ့ ခိုးစားတာပါ ဦးလေးရဲ့'

ဟု သူငယ်ကလည်း ငှင်းမိခင်၏ စွဲချက်ကို ပြန်လည် ချေပလေသည်။

ကျွန်တော်သည် နောက်ထပ် ဘာများ ပြောကြားလိမ့်ဦးမည် မသိရသေးသော သူငယ်၏ မိခင်လုပ်သူအား လှမ်း၍ ကြည့်လိုက်မိသည်။

'သူ့အဖေ နေထိုင်မကောင်းလို့ အလုပ်မဆင်းနိုင်တာ သုံးရက်ရှိပါပြီ။ ကနေ့ ညနေမှ နည်းနည်း နေကောင်းလို့ အလုပ်ဆင်းခါနီး ထမင်းကလေး ကျွေးလိုက်နိုင်အောင် ကျွန်မ ဟိုက လိုက်တောင်း၊ ဒီက လိုက်တောင်းနဲ့ ရလာတဲ့ ကန်စွန်းရွက်ပြုတ်နဲ့ ငါးပိဖုတ်ကို ထမင်းကြမ်းကလေး နည်းနည်းနဲ့ ကျွေးလိုက်မယ်လုပ်တုန်း ခွေးပုက သူ့အဖေ ထမင်းနဲ့စားရမယ့် ကန်စွန်းရွက်ပြုတ်တွေကို ခိုးစားသွားတော့ ထမင်းလည်း စားမသွားရဘူး။ အဲဒီတော့ စိတ်ကလည်း မကောင်း၊ ဒေါသကလည်း ထွက်လာလို့ ကျွန်မ အခုလို လိုက်ရိုက်မိတာပါဝဲရှင်'

ခွေးပု၏ မိခင်သည် ငှင်းတို့ သားအမိ၊ သားအဖ သုံးဦး၏ ဇာတ်ကြောင်းကို ပြန်လှန်ပြလျက် ရှိသည်။

ရန်ကုန်ကွက်သစ်တစ်ခု၏ အဝင်ဝ၌ ဤသားအမိ၊ သားအဖ သုံးဦးတို့၏ ရင်နာစရာ ကောင်းလှသော ဇာတ်ထုပ်ကို တွေ့ကြုံ ကြားနာခဲ့ရပြီးနောက် ကျွန်တော် သွားရဦးမည်ဖြစ်သော ဦးဘမိုးတို့ အိမ်ဘက်ဆီသို့ ဆက်လက်၍ လျှောက်လာခဲ့ရပေသည်။ နောက်ကွယ်၌ကား ခွေးပုတို့ သားအမိသည် အဘယ်သို့ ကျန်ရစ်ခဲ့ကြသည်ကို ကျွန်တော် မသိပေ။ ကျွန်တော်သည် ရင်ထဲ၌ကား တော်တော်ကြီး နာကျင်လျက် ရှိပေသည်။

❑

J"

ဦးဘမိုးတို့ အိမ်သို့ ရောက်သောအခါ အဘိုးကြီး၊ အဘွားကြီး လင်မယား နှစ်ဦးစလုံးကို မတွေ့ရပေ။ သို့ရာတွင် အိမ်တံခါးများကိုကား ဖွင့်ထားပေသည်။

ကျွန်တော်သည် အိမ်ပေါ်သို့ တက်လာခဲ့ပြီးနောက် အိမ်ဦးခန်းဘက်တွင် ဝင်၍ ထိုင်ကာ သတင်းစာအဟောင်းတစ်စောင်ကို ကောက်ယူ ဖတ်ရှုရင်း ဧည့်သည်တစ်ယောက်အား အိမ်သို့ ထမင်းစား ဖိတ်ကြားပြီးနောက် တစ်ယောက်မျှ အိမ်၌ မရှိကြသော အဘိုးကြီး၊ အဘွားကြီးများအကြောင်းကို စဉ်းစားနေမိသည်။ မည်ကဲ့သို့သော အရေးတကြီးကိစ္စ ပေါ်လာ၍များ အိမ်ကို ဟာလာဟင်းလင်း ဖွင့်ကာ ထွက်သွားကြသနည်း။

ဤသို့ တစ်ယောက်တည်း ထိုင်၍ နာရီဝက်နီးပါးခန့်မျှ ထိုင်စောင့်နေရစဉ် ကျွန်တော်သည် ကွက်သစ်အဝင်အဝ၌ တွေ့ကြုံ ကြားသိခဲ့ရသော ခွေးပုတို့ သားအမိ၊ သားအဖ သုံးဦး၏

www.burmeseclassic.com

ဇာတ်ကြောင်းကို ပြန်လှန် စဉ်းစားနေမိသည်။

သို့ရာတွင် ထိုဇာတ်ကြောင်းကို ကျွန်တော်သည် နောက်ထပ်၍ ခပ်ကြာကြာကလေး မစဉ်းစားနိုင်လောက်သော အကြောင်းအရာများသည် ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုသို့ ထွက်ပေါ်လာသော အကြောင်းအရာမှာ တခြားတော့ မဟုတ်ပေ။ ဦးဘမိုးတို့ အိမ်နှင့် ဘေးချင်းကပ် တဲကလေး တစ်ခုအတွင်းမှ လင်မယားနှစ်ယောက် ရုတ်တရက် ထ၍ ရန်ဖြစ်လိုက်ကြသော အကြောင်းပင် ဖြစ်လေသည်။

'ဟဲ့ ငါမ...'

'ဟဲ့ မအေ...'

ဤသို့ တစ်ဦးနှင့်တစ်ဦး နားမကြားဝံ့လောက်အောင် ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုကြသော အသံဗလံများနှင့် အိုးခွက်ပန်းကန်များ ကွဲသံ၊ ရိုက်သံ၊ နှက်သံများသည် ကာလ ပျက်တော့မလောက် ဆူညံ၍ သွားလေသည်။

ဤသို့ တဲအတွင်း၌ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဆူဆူညံညံ ဖြစ်နေရာမှ-

'အမယ်လေးတော့... ကိုဘိုးအောင် ကျုပ်ကို သတ်နေပါပြီ။ အရပ်ကတို့ ဝိုင်းကြည့်နေကြတော့မလို့လား'

ဟူသော မိန်းမလုပ်သူ အသံကို ကြားလိုက်ရသောအခါ ကျွန်တော်သည် ဦးဘမိုးတို့ အိမ်ပေါ်၌ ငြိမ်သက်စွာ ထိုင်နေ၍ မဖြစ်တော့သည့်အလျောက် ကမန်းကတန်း ထ,လာခဲ့ရပြီး လျှင် လင်မယား ရန်ဖြစ် ရိုက်နှက်နေကြသော တဲလေးအတွင်းသို့ ဝင်သွားမိပေသည်။

တဲကလေးအတွင်း၌ မီးရောင် မရှိပေ။ သို့ရာတွင် လင်မယား နှစ်ယောက် လုံးထွေးနေသော အသံဗလံကိုကား ကြားနေရသည်။ ကျွန်တော်သည် တဲအတွင်းသို့ တိုက်ရိုက်ဝင်၍ မသွားဝံ့သေးဘဲ တဲတံခါးဝတွင် ရပ်ကာ အကဲခတ်နေမိသည်။

'ဟဲ့ မအေ...'

'ဟဲ့ ငါ...'

လင်မယားနှစ်ယောက် လုံးထွေးနေရာမှ တစ်ဦးကို တစ်ဦးက ဆဲဆိုလျက်ရှိသော အသံများကိုကား မတိုးမကျယ် ကြားရသည်။

အတွင်းသို့ မဝင်သွားဖြစ်သေးဘဲ ကျွန်တော်သည် နောက်သို့ ပြန်လှည့်၍ ကြည့်မိသည်။ သို့ရာတွင် ဤလင်မယား ရန်ဖြစ်နေကြသော ကိစ္စကို ဘေးပတ်ဝန်းကျင်က လူများသည် ဘာမျှ အရေးထားလောက်စရာ မဟုတ်သည့်အလား ဘယ်သူ ကမှပင် ထွက်၍ ကြည့်ဖို့ မရကြပေ။ ဤသို့ လင်မယား ရန်ဖြစ် သတ်ဖြတ်ကြသော ကိစ္စသည် ဤအရပ်ဒေသ၌ ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ရပ်ကဲ့သို့ ဖြစ်နေရှာသလားလည်း မပြောတတ်ပေ။

အတန်ကြာသောအခါ တဲအတွင်း၌ ငြိမ်သက်သွားပြီး လျှင် အသက် သုံးဆယ်သာသာခန့် ယောကျ်ားတစ်ယောက် တည်း တဲအပြင်သို့ ထွက်လာသည်။ ထိုသူသည် လူစိမ်းတစ်ယောကျ်ားဖြစ်သော ကျွန်တော့်အား တစ်ချက်မျှ ကြည့်ရှုလိုက်ပြီးနောက်-

'အလုပ်အကိုင် အကြံအစည် အပေါက်အလမ်း မတည့်ရတဲ့အထဲ အိမ်ပြန်လာတိုင်း ဆူဆူပူပူ လုပ်လွန်းလို့ဗျာ'

ဟု ငှင်း၏ ဇာတ်ကြောင်းကို ပြန်လေသည်။ ကျွန်တော်က ဘာမျှ မမေး မမြန်းရဘဲ သူ့ဇာတ်ထုပ်ကို သူဘာသာသူ ပြောဆိုလျက်ရှိသော ထိုသူအား ကျွန်တော်သည် ငေးမောကြည့်ရှုနေမိသည်။

'အိမ်က မိန်းမ ဆူဆူပူပူ လုပ်တိုင်း ယောကျ်ားလုပ်တဲ့ လူဟာ ဘာမှ ကြိုလို့ စည်လို့ မဖြစ်တော့ဘူးဗျ'

ဟု ထိုသူသည် ငှင်း၏ အယူအဆ တစ်ရပ်ကိုလည်း သူ့အား ဘာမျှ မမေးမြန်းသော ကျွန်တော့်အား ရှင်းလင်း ပြောကြားလျက် ရှိသည်။ ကျွန်တော်သည် ဖူးရောင်လျက်ရှိသော ထိုသူ၏ နဖူးကို လှမ်း၍ ကြည့်ရှုရင်း ငြိမ်သက်စွာ နားထောင်နေမိသည်။

'ဝိုက်ဆံကလေး ပေးနိုင်ရင်တော့ တရွှင်ရွှင် တပြုံးပြုံးပဲဗျ။ အလုပ်အကိုင် အပေါက်အလမ်း မတည့်လို့ မပေးနိုင်တဲ့ တစ်နေ့ကျရင် ဆူဖို့ ပူဖို့လောက်ပဲ တတ်တယ်'

ထိုသူသည် သူ၏ လူလောက အတွေ့အကြုံကို ထပ်မံ တင်ပြလျက်ရှိတုန်း ဖြစ်သည်။ သို့ရာတွင် မိမိ၏ ထင်မြင်ချက်ကိုကား ကျွန်တော်သည် မပြောလိုက်သေးပေ။

ထိုအခိုက် ဆံပင်များ ဖိုးရိုးဖားရားနှင့် အသက်သုံးဆယ်ခန့် မိန်းမတစ်ယောက်သည် တဲအတွင်းမှ ထွက်လာသည်။ ငှင်း၏ မျက်နှာသည် ညိုမည်း၍ ဖူးရောင်လျက် ရှိသည်။

'လင်ယူတယ်ဆိုတာ အားကိုးရမလား၊ စားရသောက်ရ မလားဆိုပြီး ယူတာ။ ခုတော့ စားရဖို့၊ သောက်ရဖို့ နေနေသာသာ အရိက်အနှက်များတောင် ခံနေလိုက်ရတော့ ဒီလိုလင်မျိုး ဘာများ လုပ်ရဦးမလဲ'

မယားလုပ်သော သူကလည်း ငှင်း၏ အဘိဓမ္မာဖြင့် လောကတစ်ခုကို ထူထောင်ဦးမည့် စကားကို ပြောဆိုလျက် ရှိသည်။

လက်ရုံးအားကိုး တိုက်ပွဲကို နှစ်ဦးနှစ်ဖက် နားလည်မှုဖြင့် ရပ်စဲလိုက်ကြပြီးသည့်နောက် နှလုံးရည်တိုက်ပွဲကို ဆက်လက် ဆင်နွှဲရန် ဟန်ပြင်လျက်ရှိသော လင်မယား နှစ်ဦးတို့၏ အကြားတွင် ကြာရှည်နေ၍ မဖြစ်သေးသည့်အလျောက် ကျွန်တော်သည် ထိုလင်မယား နှစ်ဦးတို့ စစ်ခင်းလျက်ရှိသော တဲမှ ဂျုန္ဒြေရရ ထွက်ခွာလာခဲ့သည်။

❑

၃။

ဦးဘမိုးတို့ အိမ်သို့ ပြန်ရောက်သောအခါ ငှင်း၏ဇနီး ဒေါ်ငြိမ်းမယ်ကို အခန့်သင့် တွေ့ရလေသည်။

'ဟဲ့...မောင်တင်အောင်၊ မင်း ရောက်နေတာ ကြာပလား'

www.burmeseclassic.com

www.burmeseclassic.com

ဟု ဒေါ်ငြိမ်းမယ်က ဆီး၍ မေးသည်။

'ခုတင်ကပါပဲ ဒေါ်လေး၊ အိမ်မှာ ဘယ်သူ့ကိုမှ မတွေ့တာနဲ့ ထိုင်စောင့်နေတုန်း ဟိုဘက်တဲကာ လင်မယားနှစ်ယောက် ရန်ဖြစ်သံ ကြားတာနဲ့ သွားကြည့်မိတာပါ'

'အေးစိန်တို့၊ ဘလင်းတို့ လင်မယားလား။ သူတို့ လင်မယား ရန်ဖြစ်တာကတော့ ဘလင်း အလုပ်မရှိတဲ့နေ့က စပြီး နေ့တိုင်း ဖြစ်နေတာပါပဲကွယ်'

'လင်မယား နေ့တိုင်း ရန်ဖြစ်သတဲ့လား ဒေါ်လေးရဲ့'

'ဟာ... ဒီလင်မယားအကြောင်းတော့ ပြောမနေပါနဲ့တော့ကွယ်။ ဒါထက် မယ်ဉနဲ့ ကလေးတွေကော နေလို့ထိုင်လို့ များ ကောင်းကြရဲ့လား။ ငါလည်း မယ်ဉတို့ဆီ မရောက်တာ တော်တော် ကြာသွားပြီ'

'ကောင်းပါတယ်။ မောင်ဗဟိန်းတောင် ကျောင်းပို့ထားရပြီ ဒေါ်လေးရဲ့'

'အဲ့မယ်... ငါ့မြေးက ကျောင်းတွေ ဘာတွေတောင် သွားဖော် ရပါပကော။ ဒါထက် မင့်အမေ မစောမြိုင်ကော မင်းတို့နဲ့ အတူတူပဲလား'

'ဟုတ်ကဲ့... အမေကတော့ သူ့မြေးတွေနဲ့ ဒီလိုပါပဲ'

'ငါလည်း ကိုဘမိုး ရပ်ရွာကိစ္စတစ်ခုအတွက်နဲ့ ဖဆပလ လူကြီးအိမ်ဘက် ထွက်သွားလို့ မင်းကို စောင့်နေတုန်း ကိစ္စတစ်ခု ပေါ်လာတာနဲ့ ထ,သွားနေရတာကွဲ့'

'ကိစ္စတွေကလည်း များလှချေလား ဒေါ်လေးရဲ့'

'များဆို မပြောပါနဲ့တော့ကွယ်။ ငါဖြင့် ရန်ကုန်မှာ နေရတာကို ကြာလေ စိတ်ပျက်မိလေပဲ'

'ဒါဖြင့် တောပြန်နေကြဖို့များ စိတ်ကူးနေကြပလား'

'တိုင်းပြည်ကြီး ကနေ့ အေးရင် မနက်ဖြန်တောင် စောင့်မနေဘဲ ညတွင်းချင်း ငါတော့ ပြန်မှာပဲ။ မင်း ဦးလေး ကိုဘမိုး မလိုက်ရင်လည်း သူတစ်ယောက်တည်း နေရစ်ချင် နေရစ်ခဲ့ပါစေတော့'

'ဟုတ်တယ်... ဒေါ်လေး၊ တိုင်းပြည်ကြီး ငြိမ်းချမ်းရေး ရဖို့ အရေးဟာ လူတိုင်း လူတိုင်းအတွက် သေရေး ရှင်ရေးလို ဖြစ်နေပြီ။ အဲဒီ ငြိမ်းချမ်းရေး မရမချင်း ဘယ်သူမှ ဘာမှ လုပ်လို့ ကိုင်လို့ ရမှာတော့ မဟုတ်ဘူး'

'တို့ကွက်သစ်ထဲမှာ လူတစ်ရာမှာ ကိုးဆယ့်ငါးဦးလောက်ဟာ တောက လူတွေချည်းပဲကွဲ့။ တောဘက်မှာ အေးချမ်းလို့ ရန်ကုန်ကို ပြေးလာကြပြီးဖြစ်သလို လုပ်ကိုင်နေထိုင် စားသောက်နေကြရတာ။ တစ်နေ့ တိုင်းပြည်ကြီး အေးချမ်းသွားရင် မနက်ဖြန် ဒီကွက်သစ်ထဲ လူတစ်ရာမှာ ကိုးဆယ်လောက်တော့ တောကို ပြန်ကြမှာပဲ'

'ဟုတ်ပါတယ် ဒေါ်လေး၊ ဒါပေမဲ့ တိုင်းပြည်ကြီးက တော့ ငြိမ်းချမ်းရေး မရသေးဘူး။ သူပုန်တွေကလည်း တွေ့ဆုံဆွေးနွေးပြီးမှ ငြိမ်းချမ်းပါရစေလို့ ပြောနေကြတယ်။ နိုင်ငံတော် အစိုးရမင်းများကလည်း မတွေ့ဆုံနိုင်ဘူး၊ လက်နက်ချခဲ့ကြလို့ ပြောနေကြတယ်။ ဒီအတိုင်းသာ ဆိုရင်တော့ တော်တော်ကလေး ခက်နေလိမ့်ဦးမယ် ထင်တာပဲ'

'ဪ... ဒါထက် တစ်လောက မင်းတို့ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုယ်တိုင် တိုင်းပြည်ကြီး ငြိမ်းချမ်းရေး ရအောင် လုပ်နေတဲ့ ကိစ္စကကော ဘယ်လိုများလဲကွဲ့။ ကိုဘမိုး ပြောသံတော့ ကြားတယ်'

'အဘိုးကြီးခမျာလည်း အသက်အရွယ် အိုမင်းမစွမ်းရှိခါမှ ကိုယ်မွေးထားတဲ့ သရဲတွေ ကိုယ်မနိုင်တဲ့ မှော်ဆရာရဲ့ ဥပမာမျိုးလို ဖြစ်နေရတယ် ဒေါ်လေးရဲ့။ ဒါပေမဲ့ အဘိုးကြီး လုပ်နေတဲ့ ကိစ္စကိုတော့ သံဃာတော်တွေ အားလုံးကရော၊ တစ်တိုင်းတစ်ပြည်လုံးကရော ထောက်ခံလာကြပါပြီ'

'ဒီလိုဆိုရင် တိုင်းပြည်ကြီး အေးချမ်းသွားဖို့ မျှော်လင့်စရာတော့ ရှိသေးတယ်ပေါ့၊ ဟုတ်လားကွဲ့ မောင်တင်အောင်'

'အများကြီး ရှိပါတယ်'

'ဒီလိုဆိုရင်တော့ အားထားစရာ ရှိသေးတယ်လို့ ဆိုရဦးမှာပေါ့ကွယ်'

'အခုခေတ်ဟာ လူထုခေတ်ပဲ ဒေါ်လေးရဲ့။ လူတစ်စုလောက်က သူတို့လုပ်ချင်တာ လျှောက်လုပ်လို့ရတဲ့ခေတ် မဟုတ်တော့ပါဘူး။ လူထုက ညီညီညွတ်ညွတ်နဲ့ အုံကြွလာပြီး ဆန္ဒပြ တောင်းဆိုတဲ့ တစ်နေ့မှာ ရာဇပလ္လင်ပေါ်က ရှင်ဘုရင်တောင် သရဖူအပ်ပြီး ဆင်းပေးရသေးတာပဲ ဒေါ်လေးရဲ့'

'ငါကတော့ တိုင်းပြည်ကြီး မြန်မြန် အေးချမ်းဖို့နဲ့ တိုင်းပြည်ကြီး အေးသွားတဲ့ တစ်နေ့ကျရင် တောကို ပြန်ပြီး ငါ့ခြံကလေးနဲ့ ငါ လုပ်ကိုင်စားသောက်ဖို့လောက်ပဲ နေ့ရှိသရွေ့ ဘုရားမှာ ဆုတောင်းနေတာပါပဲကွယ်'

ကျွန်တော်နှင့် ဒေါ်ငြိမ်းမယ်တို့ တိုင်းရေးပြည်ရေး ကိစ္စကို ပြောဆိုနေကြသည့်အခိုက် ဦးဘမိုးသည် မျက်စိပျက်၊ မျက်နှာပျက်နှင့် အိမ်ပေါ်သို့ တက်လာသည်။

'ရောက်နေတာ ကြာပြီလားကွဲ့ မောင်တင်အောင်'

ဟု ဝတ္တရားအတိုင်း မေးမြန်းပြီးနောက် အတန်ကြာမျှ ထိုင်၍ ငိုင်နေသည်။

❑

၄။

ညစာ စားသောက်၍ ပြီးစီးကြသောအခါ ခပ်ငိုင်ငိုင် ဖြစ်နေသော ဦးဘမိုးအား ဒေါ်ငြိမ်းမယ်က မေးငေါ့၍ ပြရင်း-

'တော့်ကိစ္စက ဘယ်လိုများ ဖြစ်လာပြန်ပလဲ ကိုဘမိုးရဲ့'

ဟု မေးလိုက်သည်။

ဦးဘမိုးသည် ဆေးပေါ့လိပ်တို့ တစ်တိုက်ို မီးတိုင်တွင် မီးကူးရင်း-

'ငါတော့ ရန်ကုန်ဖြို့မှာ လူလုပ်ရမှာကို ကြောက်ကြောက် လာပါပြီကွာ'

ဟု ညည်းတွား ပြောဆိုလိုက်သည်။

www.burmeseclassic.com

'တော့်ကိစ္စက ဘယ်လို ဖြစ်လာရတယ်ဆိုတာလည်း နားလည်အောင် ပြောပြစမ်းပါဦး'

'ပြောနေလို့လည်း ထူးမှ မထူးတော့တာကွာ။ လေကုန်ခံပြီး ပြောမနေပါရစေနဲ့တော့'

ကြားမှ ငြိမ်သက်စွာ နားထောင်နေခဲ့ရသော ကျွန်တော်သည်လည်း မနေသာတော့သည့်အလျောက်-

'ဘယ်လိုကိစ္စနဲ့ ဘယ်လို အခက်အခဲတွေများ တွေ့နေကြလို့တုံး ဦးဘမိုးရဲ့'

ဟု ဝင်၍ မေးမြန်းလိုက်မိသည်။

ဦးဘမိုးသည် ကျွန်တော်၏ မေးခွန်းကို ရုတ်ခြည်း ပြန်၍ အဖြေမပေးသေးဘဲ ဆေးပေါ့လိပ်ကို မီးခိုးများ တအူအူ ထွက်လောက်အောင် သုံး,လေး,ငါးဖွာမျှ အားရပါးရ ဖွာနေသည်။ ဆေးလိပ်ကို အားရလောက်အောင် သောက်၍ ပြီးစီးတော့မှ-

'တို့ကွက်သစ်ကို ဖျက်ပေးရမယ့် ကိစ္စအတွက်ပဲ မောင်တင်အောင်ရဲ့'

ဟု တိုတိုတုတ်တုတ် ပြန်ပြောသည်။

'ကွက်သစ်ကို အဖျက်ခိုင်းတာတော့ ထားပါဦးလေ၊ ဒီကွက်သစ်က လူတွေကို ဘယ်လို နေရာချပေးမတဲ့လဲဗျ'

'လေးထောင့်ကန်ဘက်မှာတဲ့လေ'

'လေးထောင့်ကန်ကို ပို့မယ့်အစား ထောင်ထဲ ပို့ထားတာက ပိုကောင်းဦးမယ်။ ထောင်ထဲမှာဆိုရင် နေဖို့ ထိုင်ဖို့ရော၊ စားဖို့ သောက်ဖို့ရော ဘာမှ မပူမပင်ရတော့ဘူး မဟုတ်လား။ လေးထောင့်ကန်မှာဆိုတော့ ဘာလုပ်ကိုင် စားသောက်နိုင်မလဲ။ ရန်ကုန်မှာ ကျပန်း လုပ်ကိုင်စားနေကြရတဲ့ တို့ဆင်းရဲသားတွေ လေးထောင့်ကန်ကို ပို့လိုက်ရင် ငတ်သေရင်လည်း သေ၊ မသေရင်လည်း ဓားပြတိုက်စားရုံပဲ ရှိတော့မယ်။ အရင် လေးထောင့်ကန်ကို လိုက်နေကြရတဲ့ မင်းမနိုင်နဲ့ ကျားကူးကွက်သစ်က မိန်းကလေးတွေ အတော်များများ ဖာဖြစ်ကုန်ကြပါပကော'

ဟု ဒေါ်ငြိမ်းမယ်က ဝင်ရောက် ပြောဆိုလိုက်သည်။

ဦးဘမိုးသည် ခပ်စောစောက ချထားလိုက်သော ဆေးပေါ့လိပ်တိုကို ပြန်ကောက်ယူကာ မီးခိုးများ တလူလူ ထွက်အောင် ဖွာနေပြန်သည်။ သူ့ကို ကြည့်ရသည်မှာ အတော် စိတ်သောက ရောက်နေပုံရ၍မှန်း သိသာပေသည်။ သားထောက် သမီးခံဆို၍ တစ်ယောက်တလေမျှ မရှိသော ဦးဘမိုးနှင့် ဒေါ်ငြိမ်းမယ်တို့သည် အသက်အရွယ် အိုမင်းလျက်ရှိပြီဖြစ်သော အရွယ်ကာလ၌မှာပင် မိမိတို့ဘာသာ မိမိတို့ လုပ်ကိုင်စားသောက်နေကြရသော အဘိုးကြီး၊ အဘွားကြီး လင်မယားဖြစ်သည်။ ဤသို့ ရန်ကုန်ကွက်သစ်တစ်ခုခု မှီခိုကပ်ရပ်နေထိုင်လျက် ရရာကျပန်း အလုပ်ကလေးများကို ရှာဖွေလုပ်ကိုင်စားသောက်နေကြသော အဘိုးကြီး၊ အဘွားကြီး လင်မယားကို ရန်ကုန်မြို့တော်အား မဟာရန်ကုန်မြို့တော်တည်ဆောက်ရေး စီမံကိန်းအတွက်နှင့် ကွက်သစ်မှ ကန်ထုတ်ကာ မြို့ပြင်သို့ ပို့လိုက်မည်ဆိုလျှင် သောင်ပြင်လွှတ်သော ခွေးထက် ငှင်းတို့၏ အခြေအနေသည် ပိုမို ဆိုးဝါးသွားစရာ ရှိပေသည်။ ကျားကူးနှင့် မင်းမနိုင်ကွက်သစ်မှ မိန်းကလေးများ အသက်ငယ်ရွယ်ကြသေးသည့်အလျောက် မိမိတို့ ကာမကို ရောင်းချ၍ အသက်မွေးမြူနိုင်ကြ ပေသည်။ သို့ရာတွင် ဤအဘိုးကြီး၊ အဘွားကြီး လင်မယား နှစ်ယောက်သည် မြို့ပြင် အရပ်၌ အဘယ်အရင်းအနှီးဖြင့် အသက်မွေးမြူကြရမည်နည်း။

ဤအဘိုးကြီး၊ အဘွားကြီးလင်မယား၏ အကြောင်းကို စဉ်းစားရင်း ကွက်သစ်သို့ ဝင်လာခါစက ကျွန်တော် တွေ့ကြုံခဲ့ရသော ခွေးပုတို့ သားအမိ သားအဖတစ်တွေ၏ ကံကြမ္မာကိုလည်းကောင်း၊ နေ့ရှိသရွေ့ ရန်ဖြစ်နေကြသည်ဆိုသော ကိုဘလင်းနှင့်မအေးစိန်တို့ လင်မယားနှစ်ယောက်၏ ကံကြမ္မာကိုလည်းကောင်း၊ ဒေါ်ငြိမ်းမယ် ပြောဆိုသွားခဲ့သော ဤကွက်သစ်၌ တောအရပ်မှ ပြေးလွှားခိုလှုံလျက် ရှိကြသော စစ်ပြေးဒုက္ခိတကိုးဆယ့်ငါးရာခိုင်နှုန်း၏ ကံကြမ္မာကိုလည်းကောင်း ကျွန်တော်သည် ဆက်စပ်တွေးတောနေမိသည်။

'တို့ ကွက်သစ်ထဲက နိုင်ငံရေးခေါင်းဆောင်တွေကတော့ ဒီကွက်သစ်ကို မဖျက်ပေးရအောင် သူတို့အထက်က ခေါင်းဆောင်ကြီးတွေကို သွားပြောကြဦးမယ်လို့တော့ ဆိုတာပဲ။ ဒါပေမဲ့ မင်းမနိုင်တို့၊ ကျားကူးတို့ရဲ့ အဖြစ်ကို မြင်ခဲ့ကြားခဲ့ရလို့ ငါဖြင့် မထင်ပေါင်ကွာ။ သူတို့က အတင်းအကျပ် မဖျက်ခင် ကိုယ့်ဘာသာကိုယ် နေရာရှာဖို့သာ စဉ်းစားရမှာပါပဲလေ'

ဦးဘမိုးသည် သူ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းစကို စဉ်းစားပုမံလျက် ရှိပုံရသည်။ ကျွန်တော်မူကား ဦးဘမိုးကဲ့သို့ မသိပေ။ အဘယ်ကြောင့်ဆိုသော် ကျားကူးနှင့် မင်းမနိုင်ကွက်သစ်များ ရှင်းလင်းစဉ်က ကျွန်တော်သည် ရန်ကုန် ထောင်ကြီးအတွင်း၌ နိုင်ငံတော်အစိုးရ၏ စရိတ်ဖြင့် စာအုပ်များ ရေးသားခဲ့သောကြောင့် ဖြစ်လေသည်။

❑

၅။

ဦးဘမိုးတို့ ကွက်သစ်မှ အိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော်သည် ဦးဘမိုးတို့၏ ကွက်သစ်နှင့် ဆက်စပ်၍ ရန်ကုန်ကွက်သစ်များ အကြောင်းကို တသီတသန်းကြီး လျှောက်၍ စဉ်းစားနေမိသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံရမည်ဖြစ်သော ရန်ကုန် ရွှေမြို့တော်ကြီး၌ ကျက်သရေမင်္ဂလာနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကွက်သစ်များသည် အဘယ်ကြောင့် ဖြစ်ပေါ်လျက် ရှိနေရသနည်း။

မြို့တော်စည်ပင်သာယာရေး အတတ်ပညာရပ်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ အိုးအိမ် ဆောက်လုပ်ရေး အတတ်ပညာရပ်များနှင့် ပတ်သက်၍သော်လည်းကောင်း ကျွန်တော်သည် ဘာမျှ တတ်သိသော လူတစ်ဦး မဟုတ်သည့် အကြောင်းကိုကား ဝန်ခံလိုသည်။ သို့ရာတွင် လမ်းပေါ်မှ လူတစ်ယောက်အနေနှင့် ကျွန်တော် လေ့လာ သိမြင်ကားသော

www.burmeseclassic.com

www.burmeseclassic.com

အချက်အလက်များကား ရှိပေသည်။

ရန်ကုန် ကွက်သစ်များသည် သူ့အလိုအလျောက် ဖြစ်ပေါ်လာကြသည် မဟုတ်ပေ။ ဤသို့ ကွက်သစ်များ အရှပ်ဆိုးလောက်အောင် ပေါ်ပေါက်လာရသော အခြေခံအကြောင်းရင်းသည် အခြားမဟုတ်၊ စစ်မက်၏ ဒဏ်ရာဒဏ်ချက်ကြောင့် ဖြစ်သည်။ စစ်မက်၏ ရလဒ်ဟူ၍လည်းကောင်း၊ အမွေအနှစ်ဟူ၍လည်းကောင်း၊ ပြီးစီးခဲ့သော ဒုတိယကမ္ဘာစစ်ကြီးနှင့် လွတ်လပ်ရေးရပြီးနောက် ကိုးနှစ်ကျော်မျှ ဖြစ်ပွားလျက်ရှိနေသော ပြည်တွင်းစစ်မက် နှစ်ခုစလုံးကို ဆိုလိုရင်း မြောက်မြားစွာ ပျက်စီးခဲ့၊ ပျက်စီးရဆဲ ဖြစ်သည်။ အထူးသဖြင့်ကား ပြည်တွင်းစစ်မက်ကြောင့် တောဘက် အရပ်ဒေသများ၌ လုံခြုံမှုမရှိသဖြင့် တောမှ လူပေါင်း မြောက်မြားစွာတို့သည် ရန်ကုန်မြို့တော်သို့ ပြေးလွှား ခိုဝင်လာကြသည်။ အိုးအိမ် ပျက်စီး၍ မလုံမလောက် ဖြစ်နေရသည့် အချိန်တွင် နောက်ထပ်၍ တောမှ လူအများအပြား ခိုလှုံ ဝင်ရောက်လာကြပြန်သောအခါ ရန်ကုန်မြို့တော်သည် ထိုပြည်ထောင်စုသားများအား အဘယ်နည်း အဘယ်ပုံ နေရာချပေးနိုင်ပါ့မည်နည်း။ ပြည်တွင်းစစ်မက်ကို တိုက်ခိုက်နေရသော နိုင်ငံတော် အစိုးရမင်းများသည်လည်း လက်နက်ခဲယမ်း မီးကျောက်များကိုသာလျှင် ဝယ်ပြီးရင်း ဝယ်နေရသဖြင့်လည်းကောင်း၊ စစ်မက် တိုက်ခိုက်ရေးအတွက် အာရုံစူးစိုက်နေရသဖြင့်လည်းကောင်း စစ်ပြေး ဒုက္ခိတ ပြည်ထောင်စုသားများ အရေးကို ဂရုမပြုနိုင်အားပေ။ ထိုကာလ၌ စစ်ပြေး ဒုက္ခိတများသည် မိမိတို့ တွေ့ကရာ မြေကွက်လပ်များ၌ အိုးအိမ် ဆောက်လုပ်ကာ ဝင်ရောက် နေကြတော့သည်။ ဤအခြေခံ အကြောင်းများကြောင့် ရန်ကုန် ရွှေမြို့တော်၌ မြို့တော်၏ ကျက်သရေမင်္ဂလာကို ပျက်စေသော ကွက်သစ်များသည် မလွဲသာ ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။ ကျွန်းမာရေးနှင့် ဆန့်ကျင်သော လူအစုအဝေးများ၊ အဆောက်အအုံများ ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

ယခုအခါ နိုင်ငံတော် အစိုးရမင်းများသည် အခြေခံအကြောင်းရင်းဖြစ်သော တိုင်းပြည်၏ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်မီ၊ တောမှ စစ်ပြေးဒုက္ခိတ ပြည်ထောင်စုသားများကို နေရာ မချထားပေးနိုင်မီ ရန်ကုန်မြို့တော်အား မဟာရန်ကုန်မြို့တော်ကြီးအဖြစ် တည်ဆောက်ရန် အမှီကသရိုက်များကို ရှင်းလင်းနေပေသည်။ ရန်ကုန်မြို့တော်အား သာလွန်၍ ကောင်းမွန်သော မဟာရန်ကုန် မြို့တော်ကြီး တည်ဆောက်သော အလုပ်မှာ ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုရမည့် အလုပ်လည်း ဖြစ်သည်။ သို့ရာတွင် ရောဂါ၏ အမြစ်ကို မရှင်းလင်း မဖယ်ရှားနိုင်ဘဲ မည်သည့် ရောဂါကို မည်သည့် သမားကောင်း၊ သမားလိမ္မာသည် ကုစား၍ ရနိုင်ပါ့မည်နည်း။

❑

၆။

ညနာရီပြန် ၂ ချက်တီးသာသာခန့်လောက်တွင် ခင်ဦးက ကျွန်တော့်အား အိပ်ရာမှ အတင်း နှိုးသဖြင့် ကျွန်တော်လည်း အိပ်ချင်မူးတူးနှင့် လန့်၍ နိုးသည်။

'မီး...မီး...မီး' ဟူသော အသံဗလံများသည်လည်း ဆူညံလျက် ရှိသည်။

ထို့ကြောင့် ကျွန်တော်သည် အိပ်ရာမှ အလူးအလဲ ထလိုက်ရသည်။

'ဘယ်က မီးလဲဟင် ခင်ဦး' ဟုလည်း အလန့်တကြား မေးမြန်းလိုက်မိသည်။

'တော်တော်တော့ ဝေးပါတယ်၊ ကြည့်ရတာကတော့ ဦးဘမိုးတို့ ကွက်သစ်များ ဖြစ်နေမလား မပြောတတ်ဘူး'

ဟု ခင်ဦးက ပြန်ပြောဆိုသောအခါ ကျွန်တော်သည် များစွာ စိုးရိမ်ပူပန်သွားမိပေသည်။ ထို့ကြောင့် မျက်နှာသစ်၍ အဝတ်အစားများ ကတိုက်ကရိုက် လဲလှယ်ပြီးနောက် အိမ်ပေါ်မှ ဆင်းလာခဲ့မိသည်။ လမ်းမပေါ်၌ အခန့်သင့် တွေ့ရသော ဆိုက်ကားဆရာအား အမြန်ဆုံး ပို့ပေးရန် ပြောဆိုရသည်။

ဦးဘမိုးတို့ ကွက်သစ်သို့ ရောက်သောအခါ ကြီးမားလှသော မီးတောက်များအောက်၌ လူးလွန့်နေသော ကွက်သစ်ကလေးကို မချိမဆံ့ တွေ့မြင်ရ၊ မီးတောက်များ ပတ်ပတ်လည် ကယ်ပါ ယူပါ တစာစာ အသံများကို နားမချမ်းမြေ့ဖွယ်ရာလည်း ကြားနေရပေသည်။

ကျွန်တော်သည် ဦးဘမိုးတို့ လင်မယားကို လိုက်လံ ရှာဖွေကြည့်သည်။ သို့ရာတွင် ရှာဖွေ၍ကား မတွေ့။ အဘယ်သို့များ ပြေးလွှားလေပြီနည်း။ ကျွန်တော်သည် ခွေးပုတို့ သားအမိ သားအဖကိုလည်း ရှာဖွေကြည့်မိသေးသည်။ ကိုဘလင်းနှင့် မအေးစိန်တို့ လင်မယားကိုလည်း ရှာဖွေကြည့်မိသေးသည်။ သို့ရာတွင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။

ဘယ်အရပ်သို့များ ပြေးကုန်ကြပြီနည်း။

နံနက်လင်းသောအခါ မီးလည်း တစ်စထက် တစ်စ ငြိမ်းစ ပြုလာသည်။ ကျွန်တော်သည် မီးငြိမ်း၍ ပြာပုံများ ဖြစ်သည်အထိ ထိုကွက်သစ်ကလေးကို သံယောဇဉ် ငြိတွယ်ကာ တဝဲလည်လည် ဖြစ်နေမိသည်။ မီးများ လုံးဝ ငြိမ်းအေးသွားသော အချိန်ကျမှ ကျွန်တော်သည် အိမ်သို့ ပြန်ရန် သတိရလာသည်။

အိမ်သို့ ပြန်မည်အပြုတွင် ကျွန်တော်သည် မီးလောင်ပြင်ဖြစ်သွားသော ဦးဘမိုးတို့၏ ကွက်သစ်ကလေးကို တစ်ချက်မျှ ပြန်လှည့်၍ ကြည့်မိသေးသည်။

ဤမီးလောင်ပြင်မှ မဟာရန်ကုန် မြို့တော်ကြီးကို တည်ဆောက်ကြမည့် သူများသည် အဘယ်ပုံ အဘယ်နည်းများ တည်ဆောက်ကြမည်တော့ ကျွန်တော် မသိပါ ခင်ဗျား။

■

ဗန်းမော်တင်အောင်

မေလ ၁၉၅၇ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပါရမီးလေ

မပျော်ရွှင်ခြင်းသစ်သီး

ခါးဝတ်စအဟောင်းကို ရေဇလုံထဲနှစ်လိုက်စဉ်မှာပင် အောင်မြင်မြည်ဟိန်းသော အသံကြီး ထွက်ပေါ်လာတော့သည်။

'ကေသီတို့၊ ဒေဗီတို့၊ မာလာတို့၊ သုစန္ဒီတို့ မနိုကြမကပ်ကြနဲ့။ အလုပ်ကို အားသွန်ခွန်စိုက်လုပ်ကြ၊ စေတနာထားပြီးလုပ်ကြ'

သည်အသံကြားလျှင် ဆရာလေး မသုစန္ဒီ အကြောက်လွန်ပြီး တုန်တုန် သွားတတ်သည်။ ကြောက်ချေဆိုလည်း ကြောက်စရာ၊ ဒေါကြီးတုရားအသံက အလွန်အောင်သလို လူပုသလောက် ခြေလှမ်းက အလွန်မြန်သည်။ ပြီးလျှင် သူလက်စွဲတော် ကြိမ်သံ တဖြန်းဖြန်းကလည်း မသုစန္ဒီတို့လို ဆရာလေး အငယ်လေးတွေကို အကြောက်တရား ပိုမိုကြီး ထွားစေသည်။

ဆရာလေး မသုစန္ဒီသည် ခါးဝတ်စကို ရေထဲသို့ မြန်မြန်နှစ်လိုက်ပြီး ရေကို

www.burmeseclassic.com

www.burmeseclassic.com

အမေနဲ့ မနေချင်လို့ သီလရှင် လာဝတ်တာတဲ့ ဘုရား အံ့ရော... အံ့ရော တပည့်တော်များ အမေနဲ့ နေချင်လွန်းလို့ အမေများရှိလို့ ကတော့ သီလရှင်လာ မဝတ်သေးဘူး

မစင်တစင်ညစ်ကာ စကြီလမ်းသစ်ပြားပေါ် လက်ကလေးနှင့် ဖိတွန်းလိုက်သည်။ လူကြီးလက်တစ်ဝါးစာ သစ်ပြားများရိုက်ထားသော အိမ်သာနှင့် မီးဖိုကို ဆက်ထားသည့် စကြီလမ်းသည် တော်တော်ရှည်သည်။

ညနေ စာဝါသိမ်းခေါင်းလောင်းခေါက်သည်နှင့် မသုစန္ဒီသည် သူ တာဝန်ကျရာ စကြီလမ်းဆီသို့ အပြေးလာခဲ့သည်။ ခါးဝတ်ရေဆွတ်ကာ ထိုလက်တစ်ဝါးစာ အခင်းပြားကလေးပေါ် နာနာပွတ်ရသည်။

'မသုစန္ဒီ လက်ထဲကို အားထည့်ပြီးလုပ်နော်၊ ဒါမှ တစ်နေ့လုံး လူတွေနင်းလျှောက်ထားတာတွေ သန့်စင်သွားမယ်။ ဒါပြီးရင် အိမ်သာကြမ်းပြင်တွေကို အုန်းခွံအကြမ်းဖတ်နဲ့ နာနာတိုက်ရဦးမယ်။ သွက်သွက်လက်လက်လုပ်၊ စေတနာထားပြီးလုပ်။ ဒီဘဝမှာ ကိုယ်က အကျိုးပေးမကောင်းတော့ နောက်ဘဝ နတ်သမီးဖြစ်အောင်'

ဒေါ်ကြီးဘုရားက မီးဖိုဝ စကြီထိပ်မှရပ်ကာ အော်နေသည်။ ဒီဘဝမှာ ကိုယ်က အကျိုးပေးမကောင်းတော့... တဲ့။ အကျိုးပေးမကောင်း ဆိုသည့်စကား မသုစန္ဒီ သိပ်နားမလည်။ ကံမကောင်းတာကို ပြောတာလား။ သူနားလည်သည်မှာ သူ့အရွယ် မတိမ်းမယိမ်းဆရာလေးတွေ အများကြီးရှိတာ သူမှ စကြီလမ်းကို ဘာကြောင့် နေ့စဉ်ကြမ်းတိုက်နေရပါသလဲ။ ဘာကြောင့် နေ့စဉ် အိမ်သာဆေးနေရပါသလဲ။

တကယ်ဆို သူ စာသင်တိုက်ရောက်လာသည်မှာ ၂ နှစ်ခန့် ရှိပြီ။ ရောက်ကတည်းက စကြီလမ်းက မတက်သေး၊ နေရာမရွှေ့သေး။ ဆရာလေး မကေသီတို့၊ မဒေဝီတို့တောင် မီးဖိုဆောင်ထဲ ရောက်ကုန်ပြီ။ မီးဖိုဆောင်က စကြီလမ်းနှင့် စာလျှင် တော်သေးရဲ့မဟုတ်လား။ ဒီမှာ တစ်ပါးတည်း ငေါင်းစင်းကြမ်းတိုက်နေရတာနှင့် စာလျှင် ဆရာလေး မကေသီတို့လို မီးဖိုဆောင်မှာ အခြားဆရာလေးတွေနှင့်အတူ ပျော်ပျော်ကြီး အလုပ်လုပ်လိုက်ချင်သည်။

အများနှင့် ဆိုလျှင် ဒေါ်ကြီးဘုရားအလစ်မှာ စကားတွတ်ထိုးနိုင်သည်။ သူမှာရှိသည့် သကြားလုံး၊ ကိုယ့်မှာရှိသည့် ထန်းလျက်လုံး လဲလှယ်စားနိုင်သည်။ ဟိုသတင်း သည်သတင်း ဖလှယ်နိုင်သည်။ တိုက်သို့ ရောက်လာသော နေ့ခင်းက ဆံချသည့် ဆရာလေးအသစ် စက်စက်အကြောင်းဆိုလျှင် မသုစန္ဒီ တော်တော်သိချင်သည်။

မသုစန္ဒီက လူဝတ်ကြောင် ချောချောလှလှတွေဆို အလွန်စိတ်ဝင်စားသည်။ ထိုအစ်မ ချောချောလှလှ၊ ဆံပင်ဆိုလျှင် တင်ပါးအထိ ရှည်သောသူက ဘာဖြစ်လို့များ ဝတ်ကြောင်ကိုပယ်၊ ဆံကိုပယ်၍ သာသနာ့ဘောင် ဝင်လေသလဲ။ မသုစန္ဒီ တော်တော်သိချင်သည်။ အင်းလေ...ပြောပြမည့်သူမရှိတော့လည်း ရေချိုးချိန် ရေတွင်းရောက်မှပဲ မစန္ဒမာလာကို အားကိုးရတော့မှာပါပဲ။ မစန္ဒမာလာကား မသုစန္ဒီနှင့် ဆန့်ကျင်စွာ ဘယ်အရာကိုမှ မကြောက်၊ လူကြီးလူငယ်ကြား နှုံ့စပ်ကျွမ်းဝင်သူ ဖြစ်သည်။ အသားဖြူဖြူ မျက်နှာပြည့်ပြည့် အသက်ထက် လူကောင်က ထွားနေရာ ရေချိုးလျှင် ခါးဝတ်ထဘီကို ရင်ရှားနေရပြီဖြစ်သည်။ လူကြီးသူမတွေ ဘယ်သူ့ခိုင်းခိုင်း ခြေပေါ့လက်ပေါ့ ရှိလေရာ လူချစ်လူခင်ပေါလှပြီး သူထံမှာ သတင်းပလင်းစုံလှသည်။

မီးဖိုဝတွင် ဒေါ်ကြီးဘုရား ကွယ်သည်နှင့် မသုစန္ဒီ အလုပ်ကို မြန်မြန်လက်စသတ်လိုက်လေသည်။ ဒေါ်ကြီးဘုရား မရှိလျှင် ဘယ်သူက စကြီလမ်း ပြောင်၊ မပြောင် လာစစ်နေမည်နည်း။ အိမ်သာကိုရော စင်၊ မစင် လာကြည့်နေမည်နည်း။ စကြီလမ်း အခုပြောင်လည်း မကြာခင် သူများတွေနင်းလျှင် ပြန်လည် ဗွက်ထ,ဦးမည်။ အိမ်သာလည်း သူများတွေ တက်လျှင် ပြန်လည်ညစ်ပေဦးမည်။ သည်တော့ ပြောင်စင်ခြင်းသည် မပြောင်မစင်ခြင်းနှင့် ဘာမျှ သိပ်မထူးဟု မသုစန္ဒီ သည်လို တွေးသည်။

မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ပြီး အောက်ရေတွင်းဘက်ထွက်လာတော့ ဆရာလေး အပျိုပေါက်အုပ်စု ရေချိုးနေကြပြီ ဖြစ်သည်။ လူကြီးတွေက အပေါ်တွင်းမှာ ချိုးလေ့ရှိပြီး အပျိုပေါက်နှင့် ကလေးတွေမှာ အောက်တွင်းမှာ ချိုးလေ့ရှိရာ အောက်တွင်းသည်စကားသံများဖြင့် အစဉ်စီညံနေလေ့ရှိသည်။

တစ်နေ့လုံး စာအံနေရသဖြင့် ညနေ ရေချိုးချိန်တွင်မှ စကားပြောရလေရာ ဆရာလေးတွေမှာ စကားပြောဖို့ ဘယ်တော့မှ အာမခံသောင်းပေ။ အသံတွေက တိုးတိုးကနေ တဖြည်းဖြည်း ကျယ်လာတတ်ရာ လမ်းတစ်ခုခြားသော အခြားခြံဝင်းအတွင်းမှ စာသင်သားကိုယ်တော်တွေ အတွက် အနှောင့်အယှက်ဖြစ်တတ်သည်။ ကိုယ်တော်တို့ဆီမှ တိုင်စာရောက်လျှင် ဥပုသ်ည ဆရာကြီးဘုရား သြဝါဒပေးပွဲတွင် အောက်ကွင်း ရေချိုးသူ ဆရာလေးများ အဆူခံ

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်သည်။ ရေချိုးရင်း စကားမပြောရအမိန့် ဘယ်လို ဆုတ်ထုတ် အောက်တွင်းမှာ တော့ လက်ပံပင် ဆက်ရက် ကျဆဲ။

ရေချိုးလှည့်စောင့်နေသော မစန္ဒမာလာကို သပြုင်ရင်း၌ အခန့်သင့်တွေ့ရသည်။ မစန္ဒမာလာသည် ရင်ရှားကျင့်မရှိသေးသဖြင့် မမြသောခါးဝတ်ကို မကြာခဏ ဖြင်ဝတ်နေသည်။ မေးပင်မေးရသေး၊ သတင်းဦးကို သူက အလျင်ပြောချလိုက်သည်။

'နေ့လယ်က ဆဲချတဲ့ ဆရာလေးအသစ်ကလေး ဘွဲ့အမည်က မဓမ္မနန္ဒီ တဲ့။ ဟို ဝဝခန့်ခန့်က သူ့အမေ ကျောင်းအုပ်ဆရာမကြီးတဲ့။ ထောင်ထောင်မောင်းမောင်း လူကြီးက သူ့အဖေ ဘာအရာရှိကြီးဆိုလား။ သူတို့က သထုံက၊ ဆရာကြီးဘုရားတို့နဲ့ ရင်ဆွေရင်မျိုးတွေ။ တည်းတာတောင် အကြီးဘုရားဇရပ်မှာ တည်းတာ။ မျက်နှာကြီးတွေပေါ့ ဘုရား'

မျက်နှာကြီးတွေ...။ ထိုစကားကို မသုစန္ဒီ သိပ်နားမလည်ပါ။ ဘယ်လိုလူတွေကို မျက်နှာကြီးဟု ခေါ်လေသလဲ။ ပိုက်ဆံရှိသူတွေကို ခေါ်တာလား။ အကြီးဘုရား ဇရပ်မှာ တည်းတာဆိုတော့ တော်ရုံတော့ ဟုတ်ဟန်မတူ။ အကြီးဘုရားသည် ဆရာကြီးဘုရား၏ အစ်မအရင်းဖြစ်ပြီး သီးခြားဇရပ်နှင့်နေကာ ပစိုးစပ်များလှသော သက်ကြီးရွယ်အို ဆရာကြီးတစ်ပါးဖြစ်သည်။ တစ်ယောက်ယောက်များ အကြီးဘုရားဇရပ်သို့ခိုင်းလျှင် မသုစန္ဒီ ဘယ်တော့မှ မသွားချင်။ အကြီးဘုရားက နားလေးရသည့်အထဲ ခွေးတစီစီနှင့် နေသူ၊ မသုစန္ဒီတို့လို ဆရာလေးအငယ်လေးတွေကို အရောတဝင်မရှိသူ။ ရောက်သွားလျှင်လည်း တောက်တိုမည်ရ ခိုင်းလို့မဆုံးတော့။ ရေဆွဲပေးသွားဦး၊ ယာဂုအိုး မွှေပါဦး၊ ဆန်ကောထဲက ဆန်တွေ ပြာတီးပါဦး တစ်မျိုးပြီး တစ်မျိုး ခိုင်းတတ်သေးသည်။

ထို ခွတီးခွကျ ပစိုးပစပ်များသူ အကြီးဘုရားဇရပ်မှာ တောင် တည်းတာဆိုတော့ တော်ရုံတန်ရုံလူတွေမဟုတ်ဟု မသုစန္ဒီ သဘောပေါက်သည်။

'ဆရာလေး သူ၊ အဲဒီ အစ်မကလေ သူ့အမေ ကျောင်းအုပ်ဆရာမကြီးနဲ့ မတည့်လို့ သီလရှင်လာဝတ်တာတဲ့'

'မြတ်စွာဘုရား... ဘယ်လို'

'ဟုတ်တယ် ဘုရ့၊ မယုံမရှိနဲ့၊ မဝိဇ္ဇာကိုယ်တိုင် ပြောတာ ဘုရ့'

မဝိဇ္ဇာကိုတော့ မသုစန္ဒီ သိသည်။ သူက အကြီးဘုရား၏ လက်ကသုံး တောင်ဝှေးအဖြစ် အတူနေသူ။ မဝိဇ္ဇာပြောမှတော့ မှားစရာမရှိ။

'အမေနဲ့ မနေချင်လို့ သီလရှင်လာဝတ်တာတဲ့ ဘုရား၊ အံ့ရော...အံ့ရော။ တပည့်တော်များ အမေနဲ့နေချင်လွန်းလို့၊ အမေများရှိလို့ကတော့ သီလရှင်လာမဝတ်သေးဘူး'

ငယ်စဉ်ကတည်းက အမေမရှိတဲ့ အတွား သီလရှင်နှင့် ကြီးပြင်းလာရသော မစန္ဒမာလာက သူ့ခံစားချက်တွေ ဆက်ပြောနေသည်။ အမေနဲ့ မနေချင်လို့...အမေနဲ့ မနေချင်လို့...။ မသုစန္ဒီ အတွေးတွေ ရှုပ်ထွေးလာသည်။ လောကကြီးမှာ အမေနှင့် မနေချင်သူ ရှိသေးလား။

'ကျောင်းအုပ်ဆရာမကြီးက မျက်နှာထားတင်းတင်း၊ စည်းကမ်းကြီးကြီး၊ စကားပြောရင် အသံကျယ်ကျယ်၊ ဒေါ်ကြီးဘုရား ဝတုတ်လိုပဲ ကြိမ်ကိုင်ပြီး အရိုက်ကြမ်းသတဲ့။ ဒါကြောင့် လွတ်ရာကျွတ်ရာ စာသင်တိုက် ရောက်လာတာ နေမှာပေါ့ ဘုရား'

မစန္ဒမာလာ စကားတွေ ဆက်ပြောနေသော်လည်း မသုစန္ဒီသည် အလွန်ထူးဆန်းအံ့သြဖွယ်ရာ အမေနှင့်မနေချင်သော ဆရာလေးအသစ်ကိုပင် မျက်စိထဲ မြင်ယောင်နေတော့သည်။ ထိုနေ့ ညနေက ရေချိုးခြင်းအလုပ်ကို ဆက်လုပ်နေရသော်လည်း အတွေးတွေ ရှုပ်ထွေးနောက်ကျစွာ သံလွင်မြစ်ကမ်းနံဘေးက မြေနကျွန်းပေါ်တွင် ကျန်ခဲ့သော အမေ့ကို အထူးပင် သတိရနေတော့သည်။ ❑

'တပည့် တော်များ အမေနဲ့ နေချင်လွန်းလို့၊ အမေများ ရှိလို့ကတော့...'

ညနေက မစန္ဒမာလာ စကားသည် ဘုရားဝတ်တက်ချိန်၊ ဝတ်ရွတ်စဉ်များ ရွတ်ချိန်အထိ မသုစန္ဒီစိတ်ကို လွှမ်းမိုးထားသည်။ ဝတ်ရွတ်စဉ်များ အလွတ်ရနေသဖြင့် သံဖြိုင်လိုက်ဆိုနေရသော်လည်း သူ့စိတ်တွေက အဝေးကို ထွက်ပြေးနေသည်။ မြေနကျွန်းပေါ်တွင် ကျန်ခဲ့သော အမေ့ဆီ ထွက်ပြေးနေသည်။

စကား ပြော လျှင် မြိုင်... မြိုင်နှင့် သူ့ကိုယ်သူ နာမည်ထည့်ပြောလေ့ရှိသော အမေသည် မော်လမြိုင်ဇာတိဖြစ်သည်။ 'ဘော်ဒွေရောင်' ပရိဘောဂပိုင်ရှင် ဘွားရွှေဘော်၏ တစ်ဦးတည်းသော မြေးလေးလည်း ဖြစ်သည်။ ငယ်စဉ်ကပင် မိဘများကွယ်လွန်၍အဘွားက သမီးအဖြစ် ပြန်မွေးထားသော သူဌေးမြေးလည်းဖြစ်သည်။ မော်လမြိုင်မှာ ကျွန်းသာယာမှ ကျောင်းလာတက်သော အဖေနှင့် နီးစပ်ကာ အဖေက အမေ့ဝင်းမြိုင်ကို ခိုးပြေးတော့ အဘွား သူဌေးမကြီး ဆွေ့ဆွေ့ခုန်နေတော့သည်။

ကျွန်းသာယာမှာ ကြီးတော်ကြီးနှင့် နေသော မိဘမဲ့အဖေသည် အမေ့ကို ပြည့်စုံအောင် မထားနိုင်။ အဖေက လူပုံနဲ့နဲ့မို့ ကျွန်းသာယာမှာ ကြီးတော်ကြီး ကိုင်းအလုပ်နှင့် မကိုက်လှပေ။ သည်လိုနှင့် သီတာလေးမွေးပြီး ငါးနှစ်အကြာ အဘွားဆီမှာ မျက်နှာအောက်ကျိုပြီး မော်လမြိုင်အိမ် ပြန်ဝင်ရသည်။ မဝင့်လို့လည်းမဖြစ်။ အဖေက ဘာမပြော ဘာမဆို စစ်တပ်ထဲဝင်သွားတော့ နဂိုက အမြင်မကြည်လင်သော ကြီးတော်ကြီးနှင့် နေလို့ မဖြစ်တော့။ အဘွား ဒေါ်ရွှေဘော်ကား နဂိုက ဥစ္စာမာန်တက်တတ်သူဖြစ်လေရာ ဒုက္ခနှင့် ရောက်လာသော မြေး မဝင်းမြိုင်ကို

www.burmeseclassic.com

ပြန်မသိမ်းချင်ပါပေ။ သီတာလေးကိုလည်း မချစ်၊ ဆက်တီတွေပေါ် ထိုင်လျှင် ထိုင်ပြန်ပြီ၊ တိုင်မှီလျှင် မှီပြန်ပြီ အမြဲတမ်း မျက်ထောင့်နီနှင့် ငေါက်ငမ်းနေတတ်သည်။

မဝင်းမြိုင်ကိုယ်တိုင်လည်း ကိုယ့်အဘွားအိမ်မှာ အိမ်စေသာသာနေရ၊ ပရိဘောဂလုပ်သူ အလုပ်သမားတွေကို ချွေးတလုံးလုံး ချက်ပြုတ်ကျွေးရ။ အလွန်ကျဉ်းကျပ်စွာနေရသော အနေအထားမှာ အဖေ့ဆီက ရှားရှားပါးပါး အဆက်အသွယ်ရလာသည်။ မဝင်းမြိုင်တို့သားအမိ ကျွန်းသာယာမှာ ခဏ ပြန်နေကြ၊ သူ အဆင်ပြေသည့်နေ့ လာခေါ်မည်ဆိုသော စကားကြောင့် ကျွန်းသာယာမှ ကြီးတော်ကြီးအိမ်တစ်ကျော့ပြန်ရောက်ရပြန်သည်။ ကြီးတော်ကြီးသည် နဂိုက မကြည်ရသည့်အထဲ သူ့အိမ်ပေါ်ပြန်တက်လာသော မဝင်းမြိုင်တို့သားအမိအပေါ် နှိပ်စက်ကလူပြုတော့၏။

အဘွား ဒေါ်ရွှေဘော်လည်း မကောင်း၊ ကြီးတော်ကြီးလည်း မကောင်း။ ထိုတစ်ကျော့ပြန် ငရဲခန်းသည် တစ်လလည်း မဟုတ်၊ နှစ်လလည်း မဟုတ်။ နှစ်တစ်ပတ်လည်တော့မည်၊ ခင်ပွန်းသည်ဆီက အဆက်အသွယ် ထပ်မရသေး။ အဆင်ပြေသည့်နေ့ ဟူသည် ဘယ်နေ့မှန်း မသိ။ အဆိုးဆုံးမှာ မဝရေစာ စားရခြင်းပင်။ လုပ်အားဝင်ငွေမရရှိသော တူနှင့် စပ်မှ တူမတော်ရမည့် သူ့ကို ကြီးတော်ကြီး စေတနာမရှိစွာ အိုးသွန်ခွက်မှောက်ထားလေ

ဆရာလေး မသိရိသည် သဒ္ဓမ္မပါလ အသင်းအဖွဲ့ စာမေးပွဲတွင် တစ်နယ်လုံး၌ ပထမအဆင့်ဖြင့် အောင်ရာ ကတ္တီပါဖုံဖြင့် ထိုင်ပြီး ထီးဖြူ အဆောင်းခံရသူ အဖြစ် ထင်ရှားသည် မော်လမြိုင်မြို့သည် သာသနာ့ အာဏာနည်း သိလေရှင် ဆရာလေးများကို ထိုသို့ အလေးတယူ ဂုဏ်ပြုသော မြို့ဖြစ်သည်

ရှိသည်။ မနေနိုင်လျှင် ဆင်းသွားဆိုသောသဘောပင်။ မဝင်းမြိုင်ကား သွားစရာနေရာ မရှိပါပေ။ မဝင်းမြိုင် နောက်ဆုံးထွက်ပေါက်သည် ပတ်ဝန်းကျင်တွင်တစ်ခွင်လုံးကို အုတ်အော်သောင်းတင်း ဖြစ်စေသည်။

ထိုညနေ မှောင်ရီဖျိုးစကျွန်းတွေဆီမှ ရွာသို့ သီးနှံလာပို့ပြီး ပြန်သော သီးနှံတင်လေ့ပေါ်တွင် သားအမိနှစ်ယောက် ပါလာကြသည်။ မြေနကျွန်းကိုင်းပေါ်ရှိ တဲအိမ်ထဲရောက်မှ အမေ ချိုင်းထောက်နှင့် လူကြီးနောက်လိုက်လာမှန်း သိရတော့၏။ ချိုင်းထောက်နှင့်လူကြီးသည် သဘောမနောကောင်းသူ ဖြစ်သည်။ သီတာအပေါ်လည်း ချစ်ချစ်ခင်ခင် ရှိသည်။ မြေနကျွန်းပေါ်တွင် ကောင်းကင်က အကျယ်ကြီး၊ စိုက်ခင်းတွေက စိမ်းစိမ်းစိုစို။ ဟင်းမကောင်းသော်လည်း ကိုင်းထွက်သီးနှံများနှင့် ထမင်းကို ဝဝလင်လင် စားရသည်။ သီတာလည်း ကလေးပီပီ ပျော်သည်။ ကြာကြာမပျော်လိုက်ရ။ အဖေ ကျွန်းသာယာသို့ လိုက်လာသည်နှင့် မဝင်းမြိုင်နှင့် ကလေး ဘယ်မှာရှိသည်ကို သိသွားတော့သည်။

မဝင်းမြိုင် တစ်ယောက်လင်ငယ်နောက် လိုက်သည်ဆိုသော ပြစ်ချက်ဖြင့် ပတ်ဝန်းကျင်မှာ မျက်နှာမလှသလို ချိုင်းထောက်နှင့် လူကြီးလည်း တရားစွဲခံရတော့သည်။ အဖေသည် အမေ မဝင်းမြိုင် မျက်နှာကို မကြည့်၊ ကြီးတော်ကြီး မြှောက်ပေးသလောက် လုပ်တော့၏။ သီတာကိုပင် သမီးရယ်လို့ ချစ်ချစ်ခင်ခင် မရှိ။ ချိုင်းထောက်နှင့် လူကြီးထောင်ကျသွားတော့ သီတာတို့သားအမိ မြေနကျွန်းဆီ ပြန်လာခဲ့တော့သည်။ မဝင်းမြိုင်သည် ထဘီတိုတိုဝတ်ကာလယ်အလုပ်၊ ကိုင်းအလုပ်တွေ အားစိုက်လုပ်သည်။ နဂို ဖြူသောအသားသည် ညိုညစ်ညစ်ဖြစ်လာသည်။ ကိုင်းထဲမှာပင် နေရ၍ သီတာကိုလည်း ကျောင်းမထားနိုင်။ သီတာတစ်ယောက် အမေနောက် တကောက်ကောက် လိုက်ရင်း အချိန်တွေ ကြာမြင့်လာသည်။

တစ်ခုသော ဆောင်းဦးပေါက် မြေနကျွန်းပေါ်သို့ ဆွမ်းခြောက်ခံကြွလာသော ဆရာလေးတို့သည် ၈ နှစ်အရွယ် ကျောင်းမနေ၊ လိမ္မာရေးခြားနားမလည်၊ လူသူဝေးရာနေရာသို့ ရောက်နေသော ပေစုတ်စုတ် ကောင်မလေးကို တွေ့သွားတော့၏။ သည်လို နှင့် သီတာတစ်ယောက် စာသင်တိုက်ကို ပါလာကာ မသုစန္ဒီဘဝသို့ ရောက်ရတော့၏။ မဝင်းမြိုင်က ကလေးကို စာတတ်စေချင်သည်။ မြေနကျွန်းသည် ရွာမဟုတ်၊ လယ်တောကိုင်းပြင်သာ ဖြစ်သည်။ သည်မှာ ရေရှည်နေလျှင် သူ့သမီး ဖားရိုက်၊ ငါးရှာနှင့်ပင် အချိန်ကုန်သွားတော့မည်။ သည်တော့ သမီး ရှေ့ရေးအတွက် ဖွင့်နှစ်ပြီး သံယောဇဉ်ဖြတ်ကာ ဆရာလေးတွေနှင့် ထည့်လိုက်ခြင်း ဖြစ်သည်။

အကယ်စင်စစ် မသုစန္ဒီသည်သီလရှင်ဘဝနှင့် မဟော်ပါချေ။ စာသင်တိုက်မှာလည်း မနေချင်။ မြေနကျွန်းမှာ ပေါက်လွတ်ပဲစားနေခဲ့သလောက် စာသင်တိုက်စည်းကမ်းနှင့် လာတွေ့သော အခါ တော်ရုံနှင့် နေသားမကျပါချေ။ အိုးစားခေါင်းဆောင် ဆရာလေး မသီရိသည် ထူးချွန်ထက်မြက်သူပီပီ မသုစန္ဒီဘဝကို နားလည်ကာ လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် မည်သို့ ပြုစုပျိုးထောင်ရမည်ကို သိသည်။ ခက်ထန်နေသော မသုစန္ဒီ၏ စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းအောင် တဖြည်းဖြည်းပုံပြင်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com

"လူရယ်လို့ဖြစ်လာရင် ဆောင်းမှုတစ်ခု နေ့စဉ် ပြုရတယ် ဆရာလေးရဲ့။ ဘုရားတော်တက်ရင် ဘုရားရှင်ကို အာရုံပြု စိတ်ညွှတ်ပြီး ဆိုရတယ်။ ဆရာကြီးဘုရား အတွက် ချိုးရေတာဝန်ကျရင် ထိုယ့်ဆရာသမား ကျေးဇူးရှင် အတွက် ရေအလှူဒါန်းပြုတယ် ဆိုတဲ့ စိတ်နဲ့ ရေခပ်၊ ရေသယ်ရတယ်။ စာဝါသိမ်းသို့ ကြမ်းတိုက်ရင်လည်း အများသူငါ သန့်သန့်ရှင်းရှင်း နှင်းလျှောက်ပါစေ ဆိုတဲ့ စေတနာနဲ့ လုပ်ရတယ်။ ဒါမှ တူသောအကျိုးကို ရရှိမှာ ဖြစ်တယ်"

အိုးစားခေါင်းဆောင် ဆရာလေး မသီရိက စကားပြောလျှင် ညည်းညည်းသာသာ တိုးတိုးတိတ်တိတ် နားဝင်အောင်ပြောလေ့ ရှိသည်။ သူကိုယ်တိုင်က စာအလွန်ကြိုးစားသည်။ မသုစန္ဒီ စာသင်တိုက်သို့ မရောက်ခင်နှစ်က ဆရာလေး မသီရိသည် သဒ္ဒမဂဲလအသင်းအဖွဲ့စာမေးပွဲတွင် တစ်နယ်လုံး၌ ပထမအဆင့်ဖြင့် အောင်ရာ ကတ္တီပါဖုံဖြင့် ထိုင်ပြီး ထီးဖြူအဆောင်းခံရသူအဖြစ် ထင်ရှားသည်။ မော်လမြိုင်မြို့သည် သာသနာ့အာဏာနယ်သီလရှင်ဆရာလေးများကို ထိုသို့ အလေးတယူ ဂုဏ်ပြုသောမြို့ ဖြစ်သည်။

"တပည့်တော် စာတတ်ပုဂ္ဂိုလ်ဖြစ်ရင် နံရံပေါ်က စာတံုးထဲက ဆရာလေး မနီပေါလ်လို ကိုယ့်အရပ် ကိုယ့်ဒေသပြန်ပြီး သာသနာပြုမယ်"

ထိုစကားသည် မသီရိနှုတ်ဖျားမှ မကြာခဏ ထွက်ကျလာသောစကားဖြစ်သည်။ ရေလည်ခန်းနံရံပေါ်မှ စာတံုးကို မသုစန္ဒီလည်း သိသည်။ မျက်လုံးစူးစူး၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းပါးပါး နီပေါလ်လူမျိုး သီလရှင် ဘွဲ့အမည် မသုခမ္မဝတီကို မော်လမြိုင် တစ်မြို့လုံးက မနီပေါလ်ဟု ချစ်စနိုးခေါ်ကြသည်။

မဟာယာနကနေ ထေရဝါဒဆီ ကူးပြောင်းပြီး သီလရှင်ဘဝနှင့် ပရိယတ္တိစာပေကို သင်ကြားချင်လွန်းလို့ မြန်မာနိုင်ငံထဲ ကုန်းလမ်းကနေ စွန့်စားဝင်ရောက်လာသူ ထိုမနီပေါလ်အကြောင်းကတော့ ဖြင့် စာသင်တိုက်မှာ မပြယ် သောရန်အဖြစ် ထာဝရ သင်းပျံ့နေသည်။ ဥပုသ်ညလို ဆရာကြီးဘုရား ဟောသော တရားပွဲ၌ မနီပေါလ်အကြောင်း မပါလျှင်မပြီး။ မနီပေါလ်ကို ရဲတွေဖမ်းလိုက်ပုံ၊ သာသနာရေးကို လွှဲပေးပုံ၊ ထိုမှတစ်ဆင့် စာရော၊ စကားပါ သင်ကြားပေးနိုင်မည့် ဤစာသင်တိုက်သို့ ရောက်လာပုံ၊ ထက်မြက်ဉာဏ်ကောင်းပြီး သဒ္ဒါတရားရှေ့ဆောင်နေသဖြင့် စာမေးပွဲတွေ တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲအဆင့်ဆင့် ဖြတ်ကျော်ပုံ၊ နောက်ဆုံး ဓမ္မာစရိယ စာချတန်းအောင်တော့ နိပေါလ်နိုင်ငံ ပြန်ကာ စာသင်တိုက်ထူထောင်ပုံ အကြောင်းတွေကတော့ မသုစန္ဒီနားထဲမှာ နားရည်ဝ၊ နေပြီ ဖြစ်သည်။

ပါရမီရှင် မသီရိကား ထိုနီပေါလ်ဆရာလေးကို အားကျသူဖြစ်သည်။ ဇာတိမြေ အညာဒေသ ကျေးလက်ရွာကလေးမှာ စာသင်တိုက်တစ်တိုက် တည်ထောင်လို သောစိတ်ပြင်းပြသူဖြစ်သည်။ ထိုရည်ရွယ်ချက်အောင်ဖို့ သူစာကို အစွမ်းကုန်ကြိုးစားသည်။ ဆရာကြီးဘုရား၏ လုပ်ရည်ကိုင်ရည် အုပ်ချုပ်ပုံ စနစ်ကို အတုယူသည်။ ဒေါ်ကြီးဘုရား ကလေးတွေ အပေါ် ခပ်ကြမ်းကြမ်းကိုင် တွယ်မှုကိုတော့ သဘောမကျပေမဲ့ ဝေဖန်ထောက်ရှုခြင်း မပြု။ မကောင်းတာပယ်၊ ကောင်းတာသယ်ဆောင်ချင် သည်မှာ မသီရိ၏ အာသီသဖြစ်သည်။

"ဆရာလေး သူ၊ စာကြိုးစားနော်။ သီလရှင်ဘဝဆိုတာ စာတတ်ပုဂ္ဂိုလ်ဖြစ်မှ နောင်ရေး အေးတာ၊ လူရာဝင်တာ။ စာမတတ်ရင် ကြီးလာတဲ့အခါ ဇရပ်ကြို ဇရပ်ကြား၊ ကျောင်းကြို ကျောင်းကြားမှာ ခိုနားနေရတတ်တယ်။ တပည့်တော် အညာပြန်ပြီး စာသင်တိုက်ဖွင့်ရင် ဆရာလေး သုကိုပါ ခေါ်သွားမှာ။ လိုက်မယ် မဟုတ်လား၊ အဲဒီအတွက် စာတတ်အောင် သင်နော်"

မသီရိ ရည်ရွယ်ချက်ကြီးသလောက် မသုစန္ဒီ အတွေးထဲမှာ ဘာမျှမရှိ။ အသက်ငယ်သေးတာရော၊ အသိမကြွယ်သေးတာပါ ပေါင်းပြီး မပျော်သောဘဝတွင်ပင် တော်သလိုနေ၊ နေရသည်။ အမေက ဘာဖြစ်လို့များ သီလရှင်ဆရာလေးတွေနဲ့ထည့်လိုက်ရပါလိမ့်ဟု မသုစန္ဒီ မကြာခဏ တွေးနေမိသည်။ သူက အမေနှင့်ပဲ နေချင်သည်။ ကိုင်းထဲမှာ အမေ ဆေးရွက်ကြီးခူးလျှင် ခူး၊ ဆေးရွက်ကြီးလှန်းလျှင် လှန်း၊ ဖရဲပေါ်ချိန်ဆို ဘယ်လို ပျော်မှန်းမသိ။ တဲထဲရောက်လာသည့် ဖရဲသီးတွေ ခွန်းဖင်နှင့် လှည့်ဖောက်ကာ ချိုပေ့ဆိုသော အလုံးကိုမှ စားသည့်အရသာမျိုး ဘယ်မှာမှ မရနိုင်။ ဆောင်းဦးပေါက် ကိုင်းတောထဲ စာကလေးအုပ်ကြီး သောင်းချီကျလာလျှင် အမေတို့လူကြီးတွေနောက် လိုက်ကာ စာကလေးတွေ ပိုက်အုပ်ဖမ်းရတာ ပျော်ဖို့ အလွန်ကောင်းသည်။ စာကလေးတွေ ဈေးကောင်းရသော်လည်း အမေက သူ့ကိုတော့ ရာသီစာအဖြစ် ဝဝလင်လင် ကျွေးသည်။ ကိုင်းမှာ နေရတာ ကျောင်းမနေရ၊ ကိုးကျင်းကိုးကုန်း လျှောက်သွားသလို ဖြစ်နေတာက လွဲလျှင် ဘွားတော်ကြီးအိမ်၊ ကြီးတော်ကြီးအိမ် နှစ်အိမ်စလုံးမှာထက် ပျော်သည်။

ဒါနှင့်များ အမေက အဝေးကို အတင်းတွန်းလွှတ်လိုက်သည်။ မသုစန္ဒီ တစ်ခါတစ်ရံ အမေ့ကို စိတ်ဆိုးချင်သည်။ အဖေ့ကိုလည်း စိတ်ဆိုးချင်သည်။ အမေပြောပြသလောက် အဖေ လာမခေါ်သည့်ကိစ္စက အရင်းခံကာ နောက်ဆက်တွဲ အဆင်မပြေမှုတွေဖြစ်လာသည်ဆိုတော့…၊ အခုနေများ အဖေ ဘယ်ရောက်နေပါလိမ့်။

သူသမီး သီလရှင်ဝတ်သည့်ကိစ္စလည်း အဖေ သိမည်မဟုတ်။ ဒီတစ်သက် အဖေနှင့် ပြန်တွေ့ရပါတော့မလား။

"ဆိုကြနော်…ညီညီညာညာ ရွတ်ဆိုကြ။

www.burmeseclassic.com

အနောက်က ကလေးတွေ ဘာလို့ အသံတိုးနေတာလဲ၊ ကျယ်ကျယ်ဆိုစမ်း၊ အားထည့်ပြီးဆို၊ သန္ဓါတရားကောင်းကောင်းနဲ့ဆို၊ အိပ်ငိုက်မနေကြနဲ့'

မသုစန္ဒီ စိတ်ပျံ့လွင့်နေသဖြင့် ဝတ်ရွတ်စဉ် အသံမထွက်ဘဲဖြစ်နေရာ ဒေါ်ကြီးဘုရားအသံကြားမှပင် နီးရာက အမြန်လိုက်ရတော့သည်။

❑

ညနေ စာဝါသိမ်းခေါင်းလောင်းခေါက်လျှင် တာဝန်ကျရာနေရာသို့ မသွားသေးဘဲ စတိုခန်းရှေ့တွင် အုန်းခွံလှေနေသော ဆရာလေးများကို ငေးနေသည့် ဆရာလေးအသစ် မခမ္မနန္ဒီကို ထပ်ဆင့်ငေးနေသူမှာ မသုစန္ဒီ ဖြစ်သည်။ မခမ္မနန္ဒီသည် အုန်းခွံဝင်မလုဘဲ သူတစ်ပါး ရွေးကျလက်ကျန် အုန်းခွံကိုသာ ယူလျက် ဘုရားခန်းဆီသို့ ထွက်သွားလေသည်။

ဩော်...နောက်ရောက်လာတဲ့လူဖြစ်ပေမဲ့ ဆရာကြီးဘုရားတို့ ဒေသမှရပ်ဆွေရပ်မျိုးပေမို့ ဘုရားခန်းမှာ ဒေါ်ကြီးဘုရား တူမ မဝတ္ထွနှင့်အတူ တာဝန်ချထားခြင်းခံရသည့်ကုသိုလ်ကို ဆရာလေး မသုစန္ဒီ အားကျနေခြင်း ဖြစ်သည်။ သူမှာတော့ စကြိလမ်းက မတက်သေး၊ မီးဖိုဆောင်ပင်မရောက်သေး၊ ကြားမှာ ရေလည်ခန်းကျန်သေးသည်။ ပြီးတော့မှ ဘုရားခန်း။ ဘုရားခန်းက တစ်နေ့ နှစ်ခေါက် ဘုရားဝတ်ပြုချိန်မှ လူတွေရောက်တာဆိုတော့ တိုက်စရာပင်

ပရိယတ္တိစာပေကို သင်ကြားချင်လွန်းလို့ မြန်မာနိုင်ငံထဲ ကုန်းလမ်းကနေ စွန့်စား ဝင်ရောက်လာသူ ထို မနီပေါလ အကြောင်း ကတော့ဖြင့် စာသင်တိုက်မှာ မပြယ်သော ရနံ့အဖြစ် ထာဝရ သင်းပျံ့နေသည်

သိပ်မလိုအောင် ပြောင်သောနေရာ ဖြစ်သည်။

'ကြိုးစားကြနော်၊ မဝတ္ထွတို့ ဘုရားခန်း သွားကြည့်စမ်း၊ မှန်ကြည့်နေရသလို ပြောင်လက်နေတာ။ အဲဒီလိုဖြစ်အောင် ကြိုးစားတိုက်ကြ'

ဒေါ်ကြီးဘုရား သည်လိုပြောလျှင် မသုစန္ဒီသည် မည်သူမျှမမြင်အောင် မဲ့လေရှိသည်။ စိတ်ထဲမှလည်း 'ဟောဒီက မသုစန္ဒီကို တိုက်ခိုင်းလိုက်စမ်းပါ။ ဘုရားခန်းများ တိုက်ရလို့ကတော့...' ဟု ပြောနေလေရှိသည်။ ဆရာလေးအသစ်၏ ရေကန်အသင့်၊ ကြာအသင့်ကုသိုလ်ကိုလည်း အားကျမဆုံးတော့။ သူမှာတော့ မကောင်းလိုက်သည့်ကံက မော်လမြိုင်အိမ်ဘွားတော်ကြီးလက်ထဲမှာလည်း မကောင်း၊ ကျွန်းသာယာရွာ ကြီးတော်ကြီးလက်ထဲမှာလည်း မဟန်။ မြေနကျွန်းမှာ စာမတတ်၊ ပေမတတ် ဘဝနှင့် ဆွမ်းခြောက်ခံ ဆရာလေးတွေနှင့် ပါလာပြီးသည့်တိုင် ကံက မကောင်းသေး။

စာသင်တိုက်ရောက်သည့်နေ့မှာပင် သီလရှင်ဘဝသို့ ကူးပြောင်းပြီး ဆရာကြီးဘုရားကိုယ်တိုင် အိုးစားနေရာချပေးတော့၏။ ဆရာလေးအငယ်မရှိသော ဒေါ်ကဉ္စနနှင့် ဒေါ်ကေသာရီတို့ အိုးစားမှာ နေရာချပေးသည်။ ဒေါ်ကင်က အေးသလောက် ဒေါ်ကေက ခပ်စွာစွာနေတတ်သူဖြစ်သည်။ ပွစိပွစိနှင့် စကားများကာ ဘာမဆို စိတ်တိုင်းမကျဖြစ်နေတတ်သည်။

ဆန်ပြာတာ အချိုးမကျသော မသုစန္ဒီကို စိတ်ရှည်လက်ရှည်သင်ပေးခြင်း မရှိ။ ဒါလေးတောင် မတတ်ရကောင်းလား၊ တောကလာတယ်ဆိုပြီး...သည်လို ငြိုငြင်ချင်သူ ဖြစ်သည်။ မြေနကျွန်းမှာ ဆေးလှန်းချင်လှန်းရမည်၊ ဆန်တော့ တစ်ခါမှ မပြာစဖူး။ ဆေးလှန်းသည်မှာလည်း အမှေနောက် လိုက်ရှပ်ခြင်းမျှသာ၊ အရွယ်ကလည်း ကစားမက်သည့် အရွယ်။ ဒီရောက်တော့ မသုစန္ဒီ လူကြီးလေးလို တာဝန်တွေ ယူရသည်။ ညနေဘက် အောက်တွင်းမှ ရေချိုးတက်လာပြီးလျှင် မနက် အရုဏ်ဆွမ်းအတွက် ဆန်ကို ပြာတီးကာ စပါးလုံးရွေး၍ အဆင်သင့် အိုးထဲထည့်ထားရသည်။ မနက် ဒေါ်ကင်နှင့် ဒေါ်ကေ အဆင်သင့်ချက်နိုင်အောင် ဟင်းရွက်ခြွေထားရသည်။ ဘူးသီး၊ ခရမ်းသီးဆိုလျှင် တုံးတစ်ထားရသည်။

ထို ဆန်ပြာသည့်ကိစ္စကြောင့်ပင် ရောက်ပြီး နှစ်ရက်ပင်မကြာ ပြဿနာပေါ်တော့သည်။ ဆန်ပြာရန်၊ စပါးလုံးရွေးရန် ဆန်အိုးထဲ အမှတ်တမဲ့ ခပ်လိုက်စဉ် အထဲမှာ ဘယ်သူကိုမှ အသိမပေးဘဲ ထည့်ထားသော ဖောက်ပြီးသား နို့ဆီဘူးမှောက်သွားတော့သည်။ ဆန်ပုံးထဲ နို့ဆီဘူးမှောက်မှတော့ နို့ဆီလည်း ကုန်ဆုံး၊ ဆန်တွေလည်း သွားပြီပေါ့။

ဒေါ်ကေ၏ မိုးကြိုးရှစ်စိတ်ကွဲ အော်သံကြီးကြောင့် ဆရာလေးတွေ အုံကြွည့်နေစဉ်မှာပင် မသုစန္ဒီဆီမှ တရှပ်ရှပ် ငိုသံထွက်ပေါ်လာသည်။

'ကုန်ပါပြီ၊ ကုန်ပါပြီ ဘယ်လိုလုပ်လိုက်တာလဲ ဘုရား၊ ဆုံးကုန်ပါပြီ။ နည်းနည်းပါးပါး သတိကလေးနဲ့ လုပ်ဦးမှပေါ့။ ဒါတွေ အလကား ရထားတာ မဟုတ်ဘူး၊ ပိုက်ဆံပေးပြီး ဝယ်ထားရတာ။ ဒုက္ခပါပဲ၊ ဒုက္ခပါပဲ'

နို့ဆီပေလူးနေသော ဆန်များကို ကိုင်တွယ်ရွေ့တ်နေသော ဒေါ်ကေကိုကြည့်ကာ မသုစန္ဒီသည် ဘွားတော်ကြီးကိုလည်းကောင်း၊ ကြီးတော်ကြီးကိုလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

အမှတ်ရသွားကာ ဝမ်းပန်းတနည်း ရှိုက်ငိုမိလေသည်။ သည်အသံ၊ သည်ဟန်ပန်မျိုးပါပဲ၊ မသုစန္ဒီ ကြောက်သည့် ဟန်ပန်လေသံတွေ…။

နောက်ဆုံး အကျယ်အကျယ် မငြိမ်းဖွယ်ကိစ္စက ဆရာကြီးဘုရားနားသို့တိုင် ပေါက်သွားလေရာ မျက်နှာကို ဦးညွှတ်၍ မသုစန္ဒီကို အိုးစားပြောင်းပေးလိုက်တော့သည်။ ထိုအခါမှ စိတ်နလုံး နူးညံ့သိမ်မွေ့သော ဆရာလေးမသီရိနှင့် ရေစက်ဆုံရတော့သည်။ မသီရိက စကားပြောလျှင် ချိုသာပျော့ပျောင်းလေရာ မသုစန္ဒီအတွက် နားခိုရာ နေရာ အစစ်အမှန် ဖြစ်တော့သည်။

ယခုတော့လည်း စာသင်တိုက်မှာ မသုစန္ဒီအတော်ကလေး နေသားကျလာပါပြီ။ သူ့အရွယ် လူပျိုရမည့်အလုပ်များကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ပြီဖြစ်သည်။ ဆရာလေးအသစ် မခမ္မနန္ဒီ မီးဖိုမှာ မကျွမ်းကျင်သလောက် ပါဝင်ကူညီနိုင်ပြီဖြစ်သည်။ ဆရာလေး မခမ္မနန္ဒီက အိမ်မှာတုန်းက ဝတ်ကြောင်ဘဝဖြင့် ဘာမှလုပ်ခဲ့ရဟန် မတူ။ ဆန်လည်း မပြာတတ်၊ အိုးတိုက်တော့လည်း မစင်၊ ဟင်းရွက်ခြွေလျှင်ပင် ပုံမကျ။

'ဆရာလေး အရင်က ဒါတွေ မလုပ်ဖူးဘူးလား ဘုရာ'

'မလုပ်ဖူးပါဘူး၊ ဆရာလေးက အိမ်မှာတုန်းက ကျောင်းပဲတက်နေရတာလေ။ အိမ်အလုပ်တွေ မလုပ်ရဘူး။ ဒါကြောင့် အကျင့်မဖြစ်တာ ဘုရာ'

'အင်းပေါ့လေ၊ ဒါတွေက အိမ်တွေမှာ အမေကပဲ လုပ်တာဆိုတော့'

'မဟုတ်ဘူးဘုရာ့၊ တပည့်တော်အိမ်မှာတော့ အမေ မီးဖိုချောင် မဝင်ဘူးဘုရာ့၊ အဖေပဲဝင်တာ။ အဖေက ရုံးမသွားခင် အကုန်ချက်ပြုတ်သွားရတာဘုရာ့'

'ဘုရားရေ…ဗုဒ္ဓေါ'

မသုစန္ဒီ သည်လို ရေရွတ်လျှင် မခမ္မနန္ဒီက သဘောကျသလို ပြုံးလေ့ရှိသည်။ ဆရာလေးအသစ်ကလေး ပြုံးလျှင် တော်တော်ကြည့်ကောင်းသည်။ အဖြူ၊ အစိမ်းကျောင်းဝတ်စုံကလေးနှင့် ကျောင်းတက်လျှင် ဘယ်လောက်ကြည့်၍လှနေမည်မသိ။ ဘာကြောင့်များ အဖြူ၊ အစိမ်းကိုပယ်ကာ ဖန်ရည်စွန်းသည့်အဝတ်ကို ပြောင်းဝတ်လေသနည်း။

မခမ္မနန္ဒီသည် သူ့အကြောင်း၊ သူ့မိသားစုအကြောင်း သည်ထက်ပြောချင်ဟန် မရှိ။ သည်အဝတ်နှင့် အထာမကျသေးသလို ကိုယ်ရုံကို မကြာခဏ ပြင်ရုံနေသည်။ နှစ်ပတ်တစ်ကြိမ် ရိတ်ပယ်ရသော ဦးပြည်းကို မကြာခဏ ပွတ်နေတတ်သည်။

'အခု ဒီမှာပျော်သွားပြီလားဘုရာ့'

'အင်း…ပျော်တယ်လည်း မဟုတ်ပါဘူး၊ အဆင်ပြေပါတယ်။ အဆင်ပြေအောင် နေရမှာပေါ့။ ဆံပင်ရှည်လာလို့ ခေါင်းရိတ်ရင်တော့ နည်းနည်းပြဿနာရှိတယ် ဘုရာ့'

'ပြဿနာ…ဘာပြဿနာလဲ'

'ခေါင်းရိတ်တဲ့အခါ ဓားထိမှာကိုတော့ တပည့်တော် ကြောက်တယ်ဘုရား။ ဓားထိထားရင် စပ်ဖျင်းဖျင်းနဲ့ နေရခက်တာဘုရာ့၊ ဒါကြောင့် နှစ်ပတ်တစ်ကြိမ် ခေါင်းရိတ်တော့မယ်ဆို ဓားကိုင်ကျွမ်းတဲ့ ဒေါ်ဝိဇ္ဇာရံသီကိုစောင့်ရတာပေါ့၊ သူအားမှ ရိတ်ရတာ'

ဒေါ်ဝိဇ္ဇာရံသီကို မသုစန္ဒီ ကောင်းကောင်း သိသည်။ အကြီးဘုရားဇရပ်မှာ နေသော မဝိဇ္ဇာသီက အငယ်၊ အခု ဒေါ်ဝိဇ္ဇာရံသီက အကြီး တန်းတက်နေသူ၊ စိတ်ရင်းကောင်းပေမဲ့ မျက်နှာထားတည်တည်၊ စကားပြောပြတ်ပြတ်၊ အရယ်အပြုံးနည်းသူ၊ မာနကြီးသူဟုပင် ထင်ရလောက်သူ။ မသုစန္ဒီတော့ တစ်ခါမျှ ဒေါ်ဝိဇ္ဇာ ခေါင်းကိုင်တာ မခံစဖူး၊ ဆံပင်ရှည်လာလျှင် ကြံရာလူနှင့် ရိတ်လိုက်တာပါပဲ။ ဓားထိလည်း မည်သို့မျှမတတ်နိုင်။ မခမ္မနန္ဒီကတော့ သူ့ခေါင်း ဓားထိမှာ ကြောက်သူပါလား။

'ဆရာလေး မသုစန္ဒီရော ခေါင်းကို ဓားထိမှာ မကြောက်ဘူးလားဘုရား'

'ဟင့်အင်း မကြောက်ပါဘူး ဘုရား'

မသုစန္ဒီ ကြောက်စရာတွေများနေလို့ ခေါင်းကို သင်တုံးဓားထိမှာကိုတော့ မကြောက်ပါဟု ဆက်မပြောဖြစ်တော့ပေ။

❑

ဒီတစ်ပတ် မြို့ဖိတ်ဆန်ခံရက်သည် မသုစန္ဒီအတွက် ထူးခြားနေသည်။ အစ်မ မသီရိ သူမိခင်မကျန်းမာ၍ အညာဒေသကိုပြန်သွားသည်နှင့် တိုက်ဆိုင်နေသည်။ မသီရိမပါဘဲ ဆန်ခံလိုက်ရမှာကိုတော့ နည်းနည်းစိတ်လှုပ်ရှားသည်။

ဆန်ခံထွက်တော့မည်ဆို တိုက်မှာ ဆရာကြီးဘုရား၊ ဒေါ်ကြီးဘုရားနှင့် ဂိလာန ဆရာလေးတွေမှလွဲလျှင် အားလုံးလိုက်ကြရသည်။ မြို့ဖိတ်သည် ကမ်းနားဈေးကြီးဘက်ဖြစ်၍ တောဖိတ်သည် ဒိုက်ဝန်ကွင်းဘက် ဖြစ်သည်။

'ဆရာလေး မစန္ဒမာလာကို အပ်ပါတယ်နော်၊ မသုစန္ဒီက ငယ်သေးတော့ ဆန်ရောင်းတဲ့အခါ ပိုက်ဆံအပေးအယူ မှားမှာစိုးလို့ပါ။ မစန္ဒမာလာ ရောင်းတဲ့ဆိုင်မှာပဲ ရတဲ့ဈေးနဲ့ ရောင်းပေးပါဘုရား၊ အပြန်လည်း စောင့်ရှောက်ပြီး ခေါ်လာပါနော်၊ မိုင်တာကွင်းအဖြတ်မှာ တစ်ခါတစ်ရံ လူပြတ်တတ်လို့ပါ'

မသီရိက စိတ်မချစွာ မစန္ဒမာလာကို အပ်နေသည်။ တိုက်မှာရှိသမျှ ဆရာလေးတွေ အထွက်မှာ ညီညီညာညာ တန်းစီထွက်ကြပေမဲ့ ခရီးဆုံးတွင် ရသည့်ဆန်တစ်ဝက်ကို ဈေးဝိုးအတွက် ပြန်ရောင်းရာမှာတော့ ဆရာလေး အငယ်တွေအတွက် အဆင်မပြေဖြစ်တတ်သည်။ နားလည်သူနှင့် တွဲလုပ်ရသည်။ ဒါကို မသီရိက စိတ်မချစွာ မှာနေခြင်းဖြစ်သည်။

မသုစန္ဒီသည် မစန္ဒမာလာ စီစဉ်သည့်အတိုင်း ဆန်တစ်ဝက်ကို ရောင်းကာ၊ တစ်ဝက်ကိုပြန်သယ်ဖို့လုပ်သည်။ မသုစန္ဒီအရွယ်နှင့်ဆို ဆန်

www.burmeseclassic.com

ဇနီးရွက်၍ ခရီးဝေးပြန်ရမည့် ကိစ္စသည် အတန်ငယ်ပင်ပန်းမည်ဖြစ်သော်လည်း သူသူကိုယ်ကိုယ် ဆန့်ထုပ် ကိုယ်စီရွက်ပြန်ရမည်မို့ မည်သူမျှ မည်သူ့ကို မကူညီနိုင်ပေ။

အပြန်ခရီးသည် အလာကဲ့သို့ တန်းစီပြန်တာ မဟုတ်သော်လည်း နေ့ဆွမ်းစားအမီ တိုက်ကို ပြန်ရောက်ဖို့လိုသည်။ ကမ်းနားဈေးထဲ တောင်ဝေးမြောက်ဝေး လုပ်နေသော မသုစန္ဒီကို မစန္ဒမာလာက ဆော်ဩလိုက်လေသည်။

'ဆရာလေး သု၊ မြန်မြန်လျှောက်ပါဘုရာ့၊ တခြားဆရာလေးတွေ သွားနှင့်ကုန်ပြီ'

အစ်မ မသီရိ မရှိသဖြင့် ဆန့်ထုပ်လေးနေသော မသုစန္ဒီသည် မစန္ဒမာလာ ခြေလှမ်းကိုမီအောင် မနည်းပင် လိုက်နေရလေသည်။ ကမ်းနားဈေးကား ကုန်တင်ကုန်ချခရီးသည် အဝင်အထွက်နှင့် အလွန်စည်ကားလှသည်။ ရောင်းသူဝယ်သူ အသံတူနေသည်များက လည်း စီစီညံနေသည်။ မလှမ်းမကမ်းမှာ ကားဂိတ်ရှိ၍ 'မုဒုံကို...မုဒုံကို' ဟူသော ခရီးသည်ခေါ်သံများလည်း ဆူလှသည်။

ဆရာလေး မသုစန္ဒီ လမ်းဖြတ်ကူးမည်ကြံဆဲတွင် မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတွေရပ်သွားတော့သည်။ စစ်ကားကြီးတစ်စင်း စစ်သားတွေ ပစ္စည်းအတင်အချ အလုပ်ရှုပ်နေကြသည်။ ပစ္စည်းတွေမှ သေတ္တာလို ပစ္စည်းမျိုးတွေများသည်။ စစ်သားမြင်လျှင် အဖေ့ကို သတိရနေကျ၊ ငေးနေကျ မသုစန္ဒီတစ်ယောက်ခြေလှမ်းတွေရပ်ပြီး ငေးနေမိသည်။ ထိုသို့ငေးနေရင်း ထိတ်ခနဲရင် တုန်သွားလေသည်။ အရပ်ရှည်ကိုင်းကိုင်း၊ အသားညိုညိုစစ်သားကြီးတစ်ယောက်...အဖေ...အဖေများလား။

စစ်သားကြီးက လက်မှာ နှစ်ရစ်နှင့်။ အဖေ့မှာလည်း ဒီလိုအရစ်နှစ်ရစ်ပါသော အင်္ကျီမျိုး ရှိသည်။ အဖေ စစ်သားလိုဝတ်ထားလျှင် တော်တော်ကြည့်ကောင်းသည်။ မသုစန္ဒီ ရှေ့ကိုတိုးသွားလိုက်သည်။ စစ်သားကြီးက အခြားရဲဘော်တွေကို ညွှန်ကြားနေသည်။ ထိုသို့ညွှန်ကြားနေသဖြင့် အသံပါကြားနေရသည်။ ဟုတ်ပါပြီ၊ အဖေ... အဖေ။

မသုစန္ဒီ လမ်းဖြတ်ကူးနေဆဲ စစ်သားကြီးသည် ကားခေါင်းမှာ ဝင်ထိုင်လိုက်လေသည်။ ပြီးလျှင် အလွန်မောပန်းနေသည် အလားဦးထုပ်ကို ချွတ်ကာ ယပ်ခတ်နေတော့သည်။ ဦးထုပ်ချွတ်လိုက်သဖြင့် မျက်နှာပိုပေါ်လာကာ အဖေဆိုတာ သေချာသွားပြီ။

မသုစန္ဒီသည် ကားခေါင်းပြတင်းပေါက်မှာ ရပ်ကာ-

'ဒကာကြီး...ဒကာကြီး'

စစ်သားကြီးသည် စိတ်ပင်ပန်းနေသည့်အထဲ သီလရှင်ကို မြင်သောအခါ စိတ်တိုသွားလေသည်။

'ကန်တော့ဆန်ပါ ဆရာလေး'

စစ်သားကြီးဆီမှ အသံထွက်လာရာ မသုစန္ဒီ စိတ်ပျက်သွားလေသည်။ အဖေသူ့ကို မမှတ်မိပါလား။ သူ ပုံစံကလည်း မှတ်မိစရာမရှိ။

'မဟုတ်ဘူး... ဒကာကြီး...ဒကာကြီး၊ ဟိုဒင်း... ဆရာလေးက...'

'ဟာ...ကွာ...အလုပ်ရှုပ်ရတဲ့အထဲ အလျှုခံကလည်း တစ်မှောင့်၊ ကဲ...ကဲ...ရော့ရော့၊ ကားဆရာရေ မောင်းလို့ရပြီ မောင်း...မောင်း'

ကားသည် ရုတ်တရက် ဆောင့်ထွက်လေသည်။ စစ်သားကြီးအိတ်ထဲက ရှိက်ပေးလိုက်သော နှစ်ရာတန်ငွေစက္ကူချပ်ကလေးကား လေဟာပြင်ထဲ တလူလူလွင့်ဝဲခုန်ပေါက်နေသည်။ ဆရာလေး မသုစန္ဒီသည် လှိုက်ခနဲ တက်လာသော ဝမ်းနည်းစိတ်ကို မထိန်းနိုင်စွာ လမ်းလယ်ကောင်မှာပင် ဆန့်ထုပ်ကို ပစ်ချကာ ဟီးခနဲ ငိုချလိုက်တော့သည်။

မစန္ဒမာလာကတော့ လေးလံသော ဆန်အိတ်ကို ရွက်လျက် မသုစန္ဒီ၏အဖြစ်ကို မသိဘဲ ရှေ့မှ ခြေလှမ်းစိုက်စိုက်နှင့် သွားနေလေတော့သည်။

■

မိချမ်းဝေ

ဝန်ခံချက်။ ။
'မဖော်ရွှင်ခြင်းသစ်သီး' ခေါင်းစီးကို စာရေးဆရာ မိုးသက်ဟန်၏ ခွင့်ပြုချက်ဖြင့် 'မဖော်ရွှင်ခြင်း နိုင်ငံ' ဝတ္ထုတိုမှ ရယူအသုံးပြုပါသည်။

ခုပ်စုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
မိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၄
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ

၃၀၀၀ ကျပ်

၄၅၀၀ ကျပ်

၃၅၀၀ ကျပ်

၁၅၀၀ ကျပ်

၂၀၀၀ ကျပ်



၄၅၀၀ ကျပ်

ဖြန့်ချိရေး - လင်းလွန်းခင်စာပေ
ကန်ပန်းခြံရွေး၊ တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၂၀ ၁၅၃၀၊ ၀၉ ၄၂၁ ၅၁၉၅၁၂
ထွက်ပြီ
www.burmeseclassic.com

www.burmeseclassic.com

မပြုံး ကိုပြုံး ဘုကပြုံး
အောင်ပြုံးကျော်၊ ပခုက္ကူ

၁။

'ဆရာမကြီး ဖြို့ရုံးက ခေါ်စာဝင်ထားတယ်'
ဖုထစ်ထစ် ခပ်ငြေငြေ ကုန်းမော့လေးကို မောပန်း
တကြီးတက်ပြီး ရုံးခန်းထဲ ဆွဲခြင်းချရုံပဲရှိသေးတယ်။
ကျောင်းလုပ်သား ကောင်မလေးက ဆီးပြောတော့
ဟိုကိစ္စလား ဆိုပြီး ထိတ်ခနဲ ကျွန်မ ဖြစ်မိတော့တာပေါ့။
စာအိတ်ကို ချက်ချင်း မဖောက်ရဲသေးဘူး။
မဟုတ်ပါစေနဲ့လို့ ရှိသမျှ မိဆိုင်ဖဆိုင်နတ်တွေ
အရင်တိုင်တည်ရတယ်။ ဘုရားကိုလည်း အပူကပ်
ရတာပေါ့။ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေပေါ့။ အမှတ်မထင်
ဖြစ်သွားတာ သတိပေးချိန် မရလိုက်ဘူး။
ကောက်ကာငင်ကာ ဖြူန်းခနဲ ဒိုင်းခနဲ ဖြစ်သွားတာ။
ကိုယ့်သားအရွယ်လေးမို့ ချစ်လို့အလိုလိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထားတာလည်းပါမှာပေါ့။

ဒီအလုပ်ကို ဒီဘက်ခေတ်မှာ ဘယ်ယောကျ်ားမှ လုပ်ကြတာ မဟုတ်ဘူး။ ဒါတောင် ဒီဘက်ခေတ်မှ သင်းက ကိုယ့်ဆီလာဖြစ်တာ၊ မျိုးတုံးလုမတတ်ဖြစ်နေတဲ့ ငါးတွေလိုပဲ။ သင်းက ရှားပါးမျိုးစိတ်ထဲမှာ ပါတယ်။ တယုတယမွေးပါလျက်နဲ့။

သတိတစ်ချက် အလွတ်မှာ ထစ်ခနဲ ဖြစ်တော့တာ။

စားပွဲပေါ်က စာအိတ်ကို ကျွန်မ အကြာကြီးငေးနေမိတယ်။ ကြည့်ရင်းကြည့်ရင်း ကျောရိုးထဲ စိမ့်တက်လာတယ်။ ခြေဖျား လက်ဖျားတွေ အေးလာတယ်။ သွေးခုန်နှုန်းတွေ နှစ်ဆတိုးလာသလိုပဲ။ လက်က ဆတ်ဆတ်တုန်ချင်နေပြီ။ ကောက်ယူမိပေမဲ့ ချက်ချင်း မဖောက်ဖြစ်ဘူး။

အတော်ကြီး အားမွေးပြီးမှ ဖောက်လို့ရတယ်။ စာရွက်မဖြန့်ရဲသေးဘူး။ ကျွန်မမျက်လုံးတွေ သပိတ်လုံးလောက်ဖြစ်ပြီး ချာချာလည်နေမလား၊ နားရွက်တွေက ဆင်နားရွက်လောက် ကားနေမလား။ ဒုက္ခဆိုတာ ဒါမျိုးလား။ အသံတိတ် ကျွန်မအတွေးပူတွေနဲ့ အခန်းတစ်ခန်းလုံး အပ်ကျသံ ကြားမတတ် တိတ်နေဆိတ်နေတယ်။

ခုမှ ကိုယ်လည်း ကျောင်းသားပြန်ဖြစ်ပါပကော လို့လည်း တွေးမိရဲ့။ ၁၀ တန်းအောင်စာရင်းထွက်မယ့်နေ့က သွားကြည့်ရတဲ့ ခံစားချက်မျိုးလို့လည်း ငယ်ဘဝကို အမှတ်ရတယ်။ မကြည့်လို့လည်း မဖြစ်၊

ကျောင်းများ ဆရာ တစ်ယောက် ရောက်လာရင် ထိပေါက်သလိုပဲ ရှားပါးမျိုးစိတ်ကို ဒီကြားထဲ အကြောက်ဆုံး အရာက အိမ်ထောင်သည် ဆရာမတွေ ပြိုင်တူ ဗိုက်ပူလာမှာ အကြောက်ဆုံး အတန်းတင် စာမေးပွဲကြီးကနိုး သင်းတို့ ဗိုက်တွေ ပြိုင်တူ မွေးခါနီးမှာ အကြောက်ဆုံး

ကြည့် ရမှာလည်း ခပ်ကြောက်ကြောက်။ ကျွန်မ စာရွက်ကို ဖြန့်လိုက်မိတယ်။ ပြီးမှ···။

❑

၂။

အသက်ရှူတစ်ချက် ရပ်သွားသလိုဖြစ်ပြီးမှ စိတ်ကို မနည်းကြီးထိန်းရ၊ မှတ်ရတယ်။ စေးကပ်နေတဲ့ အခေါင်ကို မနည်းကြီးဖွင့်ပြီးမှ 'မဖြူရေ ဆရာပြုံးကို ငါ့ဆီခေါ်ခဲ့' လို့ ခြောက်ကပ်ကပ်အသံ ထွက်လို့ရတယ်။ သွားပြီပေါ့။

ထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်ရင်း ကိုယ့်ဘဝကို အစအဆုံး စိတ်ရှိလက်ရှိ တွေးမိတယ်။ ၁၀ တန်းအောင်စ ခင်ပြုံး၊ ဗမာပြည် အစွန်အဖျား နယ်စပ်ရွာလေးက ဆရာမလေး ခင်ပြုံး။ အဲဒီကနေ ပြည်မပြန်ရောက်တဲ့ မခင်ပြုံး။ တစ်ခါ ဟိုရောက်၊ ဒီရောက်၊ ဒီနေရာရောက်မှ ခြေငြိမ်သွားရတဲ့ ဆရာမကြီး ဒေါ်ခင်ပြုံး။

နာမည်ကသာ ခင်ပြုံး၊ ကျွန်မ ခု မပြုံးနိုင်တော့ဘူး။

မပြုံးနိုင်ရုံတင်မဟုတ်ဘူး။ လူတစ်ကိုယ်လုံး နုံးသွားတော့တာ။ ကြုံခဲ့ရတဲ့ ဆရာမဘဝ နေတစ်နေ့အစက စကတည်းက ယဉ်သလို ဆိုတာမျိုး။ မျက်စိသူငယ်၊ နားသူငယ်နဲ့ နယ်စပ်က တိုင်းရင်းသားရွာမှာ ဗမာစကား ပြောတတ်တာဆိုလို့ ရွာက သူကြီးအပါအဝင် လက်ချိုးရေရင်တောင် နှစ်ဖက်မပြည့်ဘူး။ အဲဒီအနေအထားမှာ နှပ်ချေးတွဲလောင်း၊ ဟို့လို့ဟောင်းလောင်းလေးတွေ ဝလုံးဝိုင်းဝိုင်းရေး၊ ကကြီး၊ ကခွေး သင်ပေးရတာ။

ကျောင်းစဖွင့်တဲ့နေ့ပေါ့။ စာစသင်တဲ့နေ့။

သိပ်မကြာသေးဘူး။ မဖြစ်စလောက် လက်တောက်လောက်လေးထဲက တစ်ယောက်ပေါ့။ လက်ညှိုးတစ်ချောင်းထောင်လာပြောတာ။ သူပြောတဲ့ တိုင်းရင်းသားစကားက နားလည်တာ မဟုတ်ဘူး။ အီးအီးပါ၊ ရှူးရှူးပေါက် ခွင့်တောင်းတယ်ထင်ပြီး ခေါင်းညိတ်လိုက်မိတယ်။

ကျေးဇူးရှင်လေးက ကျောင်းဆင်းခေါင်းလောင်းကြီး အားရပါးရ လှုပ်ချလိုက်တာ ဆရာမဘဝမှာ ပထမဆုံး လန့်သွားတဲ့နေ့။ ကြောက် သွားရတဲ့ နေ့။ လားအုပ်ကြီး ပြေးဆင်းသလို တစ်ကျောင်းလုံး ဝုန်းခနဲ ပြေးဆင်းသွားကြတာ 'ဟဲ့···ဟဲ့···နေကြဦး၊ ကျောင်းမဆင်းသေးဘူးလေ၊ ပြန်လာခဲ့၊ ပြန်လာခဲ့' လို့ ခေါ်ပေမဲ့···။

အဲဒီနေ့က ဘဝတစ်ခုအစ ကျောင်းပေါ်မှာ ဟီးချိုးအဖေရေလို့ တ,တပြီး ငိုရတဲ့နေ့။ ဩော်··· လုပ်သက်နှစ်သုံးဆယ်တောင် ပြည့်ခဲ့ပြီလေ။

'ဆရာမကြီး ကျွန်တော်ရောက်ပြီ'

အတွေးတွေက ဘယ်ထက်ရှည်ထွက်နေမှန်း မသိဘူး၊ သင်းက်တော့ ဆရာ ပြုံး ခေါ်တဲ့အတိုင်း ခပ်ပြုံးပြုံးပဲ။ ကိုယ့်မှာသာ ခင်ပြုံး ဆိုပြီး မပြုံးနိုင်တာ သူ့ကြောင့်ခေါ်တာ သင်းက သိ မထင်ဘူး။

'မြို့ရုံးက ခေါ်စာပဲ့မောင်ပြုံးရယ် နင့်နှယ်ဟယ် ကျားမြီးခွဲတာကိုး'

ကျွန်မစကားဆုံးတော့ မျက်မှောင်လေးတွန့်ပြီး နားမလည်တဲ့ ကလေးလေးပဲ့ ဆရာ ပြုံးက ကြည့်လို့ တော်တော် အပြစ်ကင်းတဲ့ မျက်နှာလေး၊ ရှိလှ သင်း အသက် ၂၀ ပေါ့။ အိမ်ကအကြီးဆုံးသားတော်မောင်းကြီးတစ်နှစ်၊ ငယ်တစ်နှစ်ပေါ့။

'ဟဲ့ ပြောလေ၊ နင့်ဟိုကိစ္စ တကယ်လုပ်ရဲလား'

ကျွန်မအသံတွေ

www.burmeseclassic.com

www.burmeseclassic.com

လာတဲ့အထိ သူက ပုံစံ မပြောင်းဘူး။

'ဆရာမကြီးပြောတာ ကျွန်တော် နားမလည်တာပါ။ ကျွန်တော်က ဘာကို စာကယ်လုပ်ခဲ့တယ်ဆိုတာ အရင်ပြောပါလား'

ပြောပုံက ပြောပုံက၊ လူကသာ ကျောင်းဆရာ၊ ကျွန်မရှေ့ ရပ်နေပုံက သူငယ်တန်းကျောင်းသားလို မျိုး။ ဒီအခြေအနေမှာ ဒီကိစ္စကြီးခဲ့(တည်)ပြောလို့ သင့်မသင့် ကျွန်မ အခြေအနေ သင်းသိသင့်တာပေါ့။

'ဟဲ့ ...ဟို ကိစ္စ ဟဲ့၊ ဟိုကိစ္စ'

ကျွန်မ မျက်လုံးပြူးအော်တော့ ခေါင်းလေးကုတ်ပြီး ငြိမ်လို့၊ ကုပ်လို့။ အဖြူ ဒီနေ့ ယူနီဖောင်းချွတ်၊ စကတ်ဆွဲ၊ ဂါဝန်တွေဝတ်ပြီး (ရွှေချောင်ဟန်ဆောင်မနေနဲ့၊ ရွှေချောင်ဟန်ဆောင်မနေနဲ့)လို့ သီချင်းဆို ဟစ်ပြချင်သလို သင်းကို ကြည့် ပြီး အူတွေ၊ အသည်းတွေ ယားလာတယ်။ ပြောရတော့မှာပေါ့။

'နင် ဟိုနေ့က လမ်းဆောက်တဲ့ကိစ္စ'

မနည်းကြီး ကျွန်မ အားချပြောလိုက်တာတောင် သင်းဆုံးတော့ သင်းက ပြုံးပြုံးပဲ။ 'သြော်... အဲဒါလား' တဲ့။ ကောင်းကြီးရဲ့လား အရပ်ကတို့ရယ်ပြီး တောင်ထိပ် ကျောင်းဆရာတိုင်နားကနေ ထွက်သွား ဟစ်ပစ်လိုက်ချင်တော့တယ်။

❑

၃။

သင်းက မေးသမျှဖြေ၊ မာန်သမျှ၊ ဆုံးမသမျှ နာခံ၊ ပြုံးပြုံးလေး ပြန်သွားပေမဲ့ မပြုံးနိုင်တာက ကျွန်မ၊ ဆရာမကြီးဆိုတဲ့ ခင်ပြုံး။ ဦလို့ဆုံးမှာ မဟုတ်တော့ဘူး။ ရှေ့ရေးကို မျှော်တွေးပြီး လုပ်နိုင်သမျှလုပ်ဖို့ ဆုံးဖြတ်ရတာပေါ့။

'မဖြူ ဆရာမတွေ အကုန် ရုံးခန်းထဲခေါ်ခဲ့'

စကားအဆုံးမှာ ရေတစ်ခွက် ဆတ်ခနဲ ထ၊ သောက်မိတယ်။

ခြေသံကြားလို့ လှည့်ကြည့်တော့ လက်ထောက်ဆရာမ ဒေါ်၊ ဗိုက်ကလေး ကော့ပြီး ဝင်ချလာတာ တစ်ယောက်ပြီး တစ်ယောက် ရောက်လာပြီး တန်းစီရပ်နေတဲ့ ဆရာမ ရှစ်ယောက်ကို ကျွန်မ မျက်နှာပဲကြည့်ရဲတယ်။ ဗိုက်ငဲ့ မကြည့်ရဲဘူး။ အိမ်ထောင်သည်က ဖ ယောက်။ အပျိုဆရာမက ၂ ယောက်ပါတာ၊ ကျောင်းဆရာ ရှားတဲ့ခေတ်။

ဆရာဆိုတာ ကျောင်းက ဆင်းရင် မသကာ မူးရဲ့ပေါ့။ ဒါလည်း လူတိုင်း မသောက်ပါဘူး။ ဆရာများများရှိတဲ့ကျောင်းဆို ကိုယ်က ခေါင်းမခဲရဘူး။ ပညာရေးမှူးဆိုတဲ့ မြို့ရုံးကို ဆရာသွားပါဦး လွှတ်လို့ရတယ်။ လစာကိစ္စ၊ စာအုပ်ထုတ်တဲ့ကိစ္စ၊ ဆရာရေ မြို့တစ်ခေါက် ဆိုလည်း ဒိုးဒိုးခေါက်ခေါက်ပဲ။ တစ်ယောက်တည်း လွှတ်လို့ရတယ်။

ဆရာမတွေဆိုရင်တော့ အနည်းဆုံး နှစ်ယောက်လွှတ်မှ တော်တာ။ အဲဒီလိုကွာတော့ ဆရာဆိုတာဘက်က အားသာတာပေါ့။ ကျောင်းများ ဆရာတစ်ယောက် ရောက်လာရင် ထီပေါက်သလိုပဲ။ ရှားပါးမျိုးစိတ်ကို။ ဒီကြားထဲ အကြောက်ဆုံး အရာက အိမ်ထောင်သည် ဆရာမတွေ ပြိုင်တူ ဗိုက်ပူလာမှာ အကြောက်ဆုံး။ အတန်းတင် စာမေးပွဲကြီးကနီး၊ သင်းတို့ ဗိုက်တွေ ပြိုင်တူ မွေးခါနီးမှာ အကြောက်ဆုံး။

မွေးဖွားခွင့်တွေ မဖြစ်မနေ အပြိုင်တင်လာရင် တစ်နှစ်စာ ကျောင်းအောင်ချက် အတွက် လစ်လပ်သွားတဲ့ အခန်းတွေအတွက် ကျောင်းအုပ်ကြီးက တစ်ခန်းဝင်၊ တစ်ခန်းထွက်ပဲ။ ကျွန်မသာ အသိဆုံး။ ပညာရေးမှူးလာတုန်းက ဒီကစ္စပြောဖြစ်တော့ ဆရာကြီးခမျာ မျက်နှာကိုရဲလို့။ ပြီးမှ-

'ရှိ့တစ်ထုတ်ပေါ့ ဆရာမရယ်၊ ကျောင်းမှ ဆရာမများ အတန်းတင်စာမေးပွဲနီးလျှင် ကလေးမမွေးရ၊ အိမ်ထောင်မပြုသေးသော ဆရာမများ ကျောင်းမှာနေသမျှ လင်မယူရ၊ အပျိုကြီး လုပ်ရမည်။ ပုံ ခင်ပြုံး၊ ကျောင်းအုပ်ဆရာမကြီးလို့လေ။ ကိုယ့် ကျောင်းမှာ ကိုယ်ဗိုလ်ပဲ'

အဲဒီတုန်းက အကုန်လုံး မပြုံးဘဲ ဝါးလုံးကွဲ ရယ်မိကြတယ်။ ပညာရေးမှူးက လူပျိုကြီး၊ အကြောင်းသိ၊ ဓာတ်သိဆိုတော့ ပြန်ခါနီးမှ ကျွန်မ စ၊ လိုက်မိတယ်။

'ဆရာရော ဒီလိုပဲနေတော့ မှာလား' ဆိုတော့ 'ကျွန်တော့်ကို ဗိုက်ပူအောင် မလုပ်ပါနဲ့ ဆရာမကြီးရယ်' တဲ့။ အဲဒါ ခင်ပြုံးတို့ဘဝ။

အဲဒါတွေကြောင့် ဆရာဆိုတာကို မက်ရေ စက်ရေ ရှိကြရတာ။ သက်ပြင်းက (ဟင်း)ခနဲ။

'မောင်ပြုံးရယ် နင့်ကို အားကိုးပါတယ်ဆိုမှ' ဆိုတဲ့ ကျွန်မ ညည်းညူသံက စာသင်ကျောင်းလေးထဲ ထွက်ကျသွားတယ်။ ပြီးမှ အမှတ်ရပြီး-

'ဟဲ့ မဖြူ ဆရာ ပြုံးကို ဘယ်မှာတွေ့ခဲ့တာတုံး'

'ကိုအာကျယ် လက်ဖက်ရည်ဆိုင်က တွေ့ခဲ့တာ ဆရာမကြီး'

ကျွန်မ ဟင်ခနဲပါပဲ။ ဒီလောက်ဖြစ်နေတာ သင်းက အဲဒီဆိုင် ဘာသွားလုပ်တာတုံး။ အာကျယ်က နိုင်ငံရေး သမားယောင်ယောင် ဘာယောင်ယောင်၊ အဲဒီမှာ စုကြတာတွေက သူ့လိုဟာမျိုးတွေက ခပ်များများ။ အတွေးတွေထဲမှာ ကျွန်မ ဆတ်ခနဲ လန့်သွားတယ်။

'ဟဲ့ မိဖြူ အဲဒီမှာ စာရေးဆရာ ဆိုတဲ့ လူရော တွေ့ခဲ့သေးလား'

ကျွန်မ အလျင်စလို မေးသံကို မိဖြူကတော့ ခပ်အေးအေးဖြေတယ်။

'တွေ့တာပေါ့ ဆရာမကြီးရယ်၊ အဲဒီမှာ ဆရာ ပြုံးနဲ့ စာရေးဆရာ စကားတွေ ပြောနေလိုက်တာ ဖောင်လို့'

သွားပြီ၊ သွားပါပြီတော်။ အဲဒီ စာရေးဆရာကို ကျွန်မ သိတယ်။ စကားလည်း ပြောဖူးတယ်။ တစ်ခါ ဆုံကြတုန်း-

'ကျွန်တော်က ဘာမှ မဟုတ်ပါဘူး ဆရာမရေ'

www.burmeseclassic.com

အနုပညာရှင်အစစ်ပါ။ ကျွန်တော်တို့ စာရေးဆရာဆိုတာ လူမှန်သမျှ ဘယ်သူကိုမှ မုန်းကြရတာမဟုတ်ဘူး။ စစ်မှန်တဲ့အနုပညာပစ္စည်းတစ်ခုရဖို့ ကျွန်တော်တို့မှာ အမုန်းတရားကင်းနေရတယ်။ နှလုံးသား နူးညံ့သိမ်မွေ့ရတယ်။ ကျွန်တော့်အတွက်တော့ သက်ရှိသက်မဲ့ အဖြစ်အပျက်မှန်သမျှ အားလုံးဟာ အနုပညာပစ္စည်းတွေပဲ။ ကျွန်တော့်ရင်ဘတ်က တစ်လောကလုံးကို စုပ်ယူနိုင်စွမ်းရှိတယ်' တဲ့လေ။

ဒီတစ်ခါ ဘုရား... ဘုရားလို့ ကျွန်မ အကျယ်ကြီး တ,မိတယ်။ ဟုတ်မှာပါ။

ငပြုံးရေ နင်တော့ လူပေါင်းမှားပြီ။ ငါတို့အကြောက်ရဆုံးက စာရေးဆရာ၊ ငါတို့အဖြစ်၊ နင့်အဖြစ်ကို ဝတ္ထုသာ လုပ်ပစ်ရင်တော့...။

အောင်မယ်လေး ငပြုံးရယ်...အဲ့ဟဲ့လို့သာ ငိုပစ်ချင်တော့တယ်။ ဒါပေမဲ့ ကျွန်မ အသံမထွက်ရဲဘူး။ သင်းကြောင့်...။

'ငပြုံးရယ် နင့်ကို အားကိုးပါတယ်ဆိုမှဟယ်'

❑

၄။

ဆရာမတွေ ပြန်ထွက်သွားတော့ ရုံးခန်းထဲမှာ ငြိမ်ကုပ်ပြီး ကျွန်မတို့ဘဝတွေ ဘက် အတွေးတွေက ရှည်ထွက်နေပြန်ရော။ ဆရာမ လုပ်သက် နှစ် ၂၀ ကျော် ဘက်မှာ လစာတွေ တိုးထွက်လာတော့ ဘဝမှာ ပထမဆုံး ပျော်မိတယ်။

ကိုအေးနဲ့ အိမ်ထောင်ရေးတစ်ထုတ်ပေါ် ဆရာမရေယ် ကျောင်းမှ ဆရာမများ အတန်းတင် စာမေးပွဲနီးလျှင် ကလေးမမွေးရ အိမ်ထောင် မပြုသေးသော ဆရာမများ ကျောင်းမှာနေသမျှ လင်မယူရ အပျိုကြီး လုပ်ရမည့် ပုံ ခင်ပြုံး ကျောင်းအုပ် ဆရာမကြီး လို့လေ

ဖက်၊ ကလေးသုံးယောက် ထွက်မှ ဦးဆုံးတိုးတဲ့ လခ။ အမျိုးသားက နာမည်နဲ့လိုက် အောင် အေးတယ်။ လူကသာ အေးတာ ဘဝက အေးလှတာ မဟုတ်ဘူး။ အပြောကျယ်တဲ့ ပင်လယ်မှာ လှေတစ်စီးနဲ့ ငါးဖမ်းထွက်ရှာတယ်။ အိမ်ထောင့်တာဝန်ကို သူထမ်းလို့သာပေါ့။

အဲဒီရက်က လှေနှားတဲ့ရက်။ ကျောင်းကနေ ခွဲခြင်းလေးကိုင် ကသုတ်ကယက် အိမ်ပေါ်တက်၊ အားတွေမာန်တွေတက်လို့။

'ကိုအေး ကျုပ်တို့လစာတွေ တိုးပြီတော့'

ရေခဲတုံးက မလှုပ်ဘူး။ ကျွန်မကို အရည်ပျော်အပြုံးတွေနဲ့ ကြည့်လို့။

'အေး...အေး' တဲ့။

ဒါပဲ။

တော် လှေမထွက်နဲ့လို့ ပြောနိုင်လောက်အောင် ကျွန်မတိုးတဲ့လစာကို ရေထဲက ငါးတွေလောက် စိတ်ဝင်စားပုံ မကျဘူး။

နောက် တော့ လည်း ကုန်ဈေးနှုန်းက ကျွန်မတို့ လစာတွေကို အားကျပုံကျတယ်။ မိတ်ဖက်၊ မာတ်ဖက်ငယ်ပေါင်းကြီးဖော်ကိုး။ ဒီတစ်ခေါက် လှေဝင်လာတော့ ကိုအေးကို လစာအကြောင်း စကားမစရဲဘူး။ ကျွန်မက အညာသူဆိုတော့ ရွာက စကားပုံတစ်ခု ပြေးအမှတ်ရတယ်။

'တို့အိမ်ကလူ လေးခု ကိုင်ပြီး တောထဲထွက်သွား ပါတယ်တော်၊ စားရပါရဲ့ ညောင်ရွက်' ဆိုတာမျိုး။ ဒီအကြောင်း ကိုအေးသိရင် (ကျွပ်မိန်းမ ခင်ပြုံး ခွဲခြင်းတစ်လုံးနဲ့ ကျောင်းပေါ်တက်ပါရဲ့၊ စားရပါရဲ့ မြေဖြူကျိုး) လို့ ပြောမှာ စိုးရိမ်လို့ ကျွန်မ အသာငြိမ်နေရတယ်။ ကိုအေးက အဲဒါတွေ အမှတ်ရ မထင်ပါဘူး။

စကားတစ်ခွန်းတော့ ပြောတယ်။

'ပင်လယ်ထဲမှာ ငါးတွေ ရှားလာပြီ ခင်ပြုံးရေ၊ ရေထဲက ငါးတွေက အကုန်လုံး ကုန်းပေါ်ရောက်ကုန်ပြီ' တဲ့။

ကျွန်မ အသက်ရှူရပ်သွားတယ်။ ကိုအေးမျက်နှာကို ငေးနေတာ အကြာကြီး၊ ဒီတစ်ခါ ကျွန်မအလှည့်ဖြစ်လေမလား။

'တို့အိမ်ကလူ လှေတစ်စီးနဲ့ ပင်လယ်ထဲ ထွက်သွားပါတယ်တော်၊ စားရပါရဲ့ ပိုက်စုတ်' ဆိုတာမျိုး။ ဘုရား...ဘုရား တ,မိတယ်။ အဲဒီအချိန်မရောက်ပါစေနဲ့လို့လည်း ဆုတောင်းမိတာပေါ့။

'ဆရာမကြီး...ဆရာမကြီး'

ခေါ်သံက အနားကပ်ပေါ်လာမှ ရှည်ထွက်နေတဲ့ အတွေးကရပ်တယ်။ 'ဟင်...အင်း...အင်း' လို့ ပြန်ဆက်ပြုဖြစ်တော့-

'ကျောင်းဆင်းပြီလေ ဆရာမကြီး။ ကလေးတွေရော၊ ဆရာမတွေရော ပြန်ကုန်ပြီ။ ကျွန်မ ဆရာမကြီးကို စောင့်နေတာ၊ ရုံးခန်းတံခါးတွေ ပိတ်မလို့'

'ဩော်...အေး...သမီး၊ ရပြီ ပိတ်...ပိတ်'

ကျွန်မ ဆတ်ခနဲထ,ရင်း ကျောင်းရှေ့ထွက် ဆရာ ပြုစာသင်တဲ့ အခန်းလေးကို အကြာကြီး ငေးနေမိတယ်။ စိုးရိမ်စိတ်က ဒီရေလို တရိပ်တက်လို့။

'မောင်ပြုံးရယ်၊ နင့်ကို အားကိုးပါတယ်ဆိုမှ ဖြစ်လေဟယ်'

❑

၅။

မနက်ကတည်းက ဆရာ ပြုံး စာကြောင့် ဆရာ ပြုံး ငြိတ်သွားတာက နေ့ဝက်ထိ ပြန်ပေါ်မလာဘူး။ စာသင်ခန်းမှာ ကလေးတွေ အသံတိတ်နေတယ်။ ဆရာတွေလည်း လုပ်ဖော်ကိုင်ဖက် ဆရာတစ်ယောက်အတွက်

www.burmeseclassic.com

www.burmeseclassic.com

သောကတွေဖက်လို့။ တစ်ကျောင်းလုံး အပူရောင်အောက်မှာ အရည်ပျော်လေမလားဘဲ။

ကျွန်မကသာ သူ့အတွက် သောကဖက်နေရတာ၊ ဆရာ ပြုံးကတော့ သူ့ပုံစံအတိုင်း ပြုံးပြုံးလေးဝင်လာတယ်။ ကိုအေးရေ ခင်ပြုံးရင်မအေးချက်တော့ ငါးဖမ်းပိုက်နဲ့ တစ်ချက်လောက် ဖမ်းကြည့်ဦးတော့ ဆိုပြီး အတွေးတစ်ချက်က လင်သားဘက်သည်ထွက်ပြန်ရော။

'ဘာတဲ့တုံး ငပြုံးရယ်'

ခရီးရောက်မဆိုက် ဆိုပေမဲ့ မအောင့်နိုင်ဘူး။

'ပါတီဝင်ထားသလားတဲ့'

'အဲဒီတော့...'

'ကျွန်တော်မှ မဝင်တာ၊ ဝင်ဘူးပေါ့ ဆရာမကြီးရယ်'

'နောက်တော့ရော...'

'လမ်းလျှောက်သလားဘဲ၊ ဓာတ်ပုံနဲ့တိုင်ထားတာငြင်းလို့ရမှာ မဟုတ်ဘူး။ ကျွန်တော်ကလည်း မငြင်းပါဘူး။ ဟုတ်တယ်လို့ ဝန်ခံလိုက်တယ်'

ပြောပုံက၊ ပြောပုံက သူ့မှာ ဘာမှ ပူပင်ဟန်မရှိဘူး၊ ကားဆက်က ပြတ်နေပြန်ရော။

'ဟဲ့ ဆက်ဦးလေ...'

'ဝန်ထမ်းဆိုတာ ပါတီနှင့်ငံရေး မလုပ်ရဘူးတဲ့'

ကျွန်မ ခေါင်းကြီးသွားတယ်။ ဟုတ်ပါပကော။ ဒါက တရားဝင်လိုက်နာရတာ။ ငပြုံးကတော့ အကြိုက်ပေါ့။ ကိုယ့်လစာကိုယ်ထုတ်၊ ကိုယ့်ဘောင်းကို ဖိုလ်လုပ်၊ ဘယ်သူ့ကိုမှ မပတ်သက်ရလေ ကြိုက်လေပဲ။

'ဒါ နိုင်ငံရေးလုပ်တာ မဟုတ်ဘူး။ ဆန္ဒပြတာလည်း မဟုတ်ဘူး။ သူကို ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းမှ မဝိုင်ဘူး။ မြန်မာနိုင်ငံက သန်း ၆၀ ကျော်လူထု ပိုင်တယ်။ သူက အများပိုင်ပစ္စည်း၊ အားလုံးနဲ့ဆိုင်တယ်။ အားလုံးရဲ့ဖခင်၊ ကျွန်တော် ကိုယ့်အဖေအတွက်၊ သူ့တစ်ယောက်အတွက် လျှောက်တာလို့ ပြောခဲ့တယ်'

ဒါလည်း ဟုတ်တယ်။ ကျွန်မလက်ခံတယ်။ ခက်နေတာက အကုန်လုံးက လက်မခံတာ၊ အဲ မဟုတ်သေးဘူး၊ လက်မခံရဲတာ။

'ဘာမှတော့ ဆုံးဖြတ်ချက်မပေးသေးပါဘူး။ ပြုတ်သွားလည်း ဘာအရေးလဲ ဆရာမကြီးရယ်၊ ထားဝယ်သားပဲ လှေပေါ်တက်လိုက်မှာပေါ့။ ခုရတဲ့လစာထက်တော့ မနည်းပါဘူး'

သူကတော့ ပြုံးပြုံးနဲ့ ပြောနေတာပါပဲ၊ မပြုံးနိုင်တာက ကျွန်မ။ ပူဖောင်းလာမယ့် ဗိုက်တွေ၊ တစ်လုံးပြီး တစ်လုံးဆုံမှာ ကြောက်နေရတာ။ ရှားပါးမျိုးစိတ်လေ၊ မျိုးတုံးမတတ်ရယ်၊ ဆရာပြုံး ထွက်သွားမှ ပင့်သက်ချမိတယ်။

'ငပြုံးရယ် နင့်ကို အားကိုးပါတယ်ဆိုမှဟယ်'

❑

၆။

ခါတိုင်း ကုန်းမြင့်ကို စပြီးတက်ပြီဆိုတာနဲ့ ကလေးတွေ စာအံသံကို ကြားရတယ်။ ခု ကျောင်းခြေကပ်တဲ့အထိ အသံက သိပ်မထွက်ချင်ဘူး။ ကျောင်းမှာ စာအံသံတွေ ပျောက်သွားသလိုပဲ။ ရွာထဲက အမနာပ သတင်းတွေက လူကြီးတွေဆီကနေ ကလေးတွေဆီ ပူးကပ်ပြီး ကျောင်းအထိ ပါလာတယ်။

'ဆရာမကြီး ဆရာ ပြုံးထောင်ကျတော့မှာဆို'

အိမ်နားက တာတီးက စပ်စပ်စုစု သူရဲကောင်းလုပ်ပြီး လာမေးတော့-

'နင့် ဘယ်သူပြောတုံး၊ သွား ကလေး၊ ကလေးလို နေ'

ကျွန်မ အသံက မာထွက်သွားတော့ တာတီး ကြောက်ကြောက်နဲ့ ပြေးထွက်သွားတာကြည့်ပြီး စားပွဲပေါ်မျက်နှာအပ်မိတယ်။ ကျွန်မ သိတာပေါ့။ ဒါမာန်ရမယ့် ကိစ္စ မဟုတ်ဘူး၊ မသိလို့မေးတဲ့ တပည့်အပေါ် သိအောင် ရှင်းပြရမှာ ကျွန်မ တာဝန်လေ။

ခုတော့...။ ကျွန်မ တာဝန်မကျေဘူးလား။ ကျွန်မက ဆရာမ မဟုတ်ဘူးလား။ ဒီသင်ခန်းစာတွေ ဘာလို့ သင်ပြခွင့်မရတာလဲ၊ ကျောင်းစာမဟုတ်လို့လား၊ ဘာတွေဆက်ဖြစ်ဦးမှာလဲ။

တစ်ကျောင်းလုံးမှာ ကြောက်စိတ်တွေ လွှမ်းနေသလိုပဲ။

ကလေးတွေ မျက်နှာက ဆရာ ပြုံးကို မြင်တိုင်း ကြောက်လန့်တုန်လှုပ်နေသလိုပဲ။ အို...ကျွန်မ ကလေးတွေ...။

'ဆရာမကြီး ဖုန်းလာနေတယ်၊ ကိုအေးဆီက'

ကျောင်းဘေးအိမ်က လှမ်းအသံပြုမှာ ကျွန်မ ဆတ်ခနဲ ထ,မိတယ်။ ရေထဲက လင်သား အားပေးစကားကြားချင်သလိုပဲ။ ဘဝခရီးဖော်ကိုး။

'ဟဲလို...ကို အေးလား၊ ကျွန်မ ခင်ပြုံး၊ ပြောပြော ကြားတယ်'

'ကလေးတွေ နေကောင်းရဲ့လား'

စ,လာပြီ၊ ကျွန်မများ တစ်ခါမှ အရင်မမေးဘူး။ သူ့သားသမီးတွေ အရင်မေးတယ်။

'အင်း...ကောင်းတယ်'

'အေး...ငါတို့ လှေပြန်ဝင်တော့မယ်၊ ဒါပေမဲ့...'

တီတီ တီတီ လေးချက်မြည်ပြီး ဖုန်းက ပြုတ်ကျသွားတယ်။

ဒီတစ်ခါတော့ M.P.T ကို ကျေးဇူးတင်ပါ့။ ဒါပေမဲ့နဲ့ တီတီတီနောက်ကွယ်က စကားလုံးတွေကို ကျွန်မ သိတယ်။ ပြောရတော့မယ် ထင်ပါ့။

'အိမ်ကလူ လှေတစ်စီးနဲ့ ပင်လယ်ထွက်ပါတယ်၊ စားရုပါရဲ့ ပိုက်စုတ်' ဆိုတာ မျိုး။ ဘာမှန်းမသိတဲ့ ကြောက်စိတ်တွေ ကျွန်မ တစ်ကိုယ်လုံး ဖုံးသွားတယ်။ ဒီတစ်ခါ ညည်းသံပြောင်းပြီပေါ့။

'ကိုအေးရယ် တော့်ကို အားကိုးပါတယ်ဆိုမှတော်'

❑

၇။

ဒီတစ်ခါ လှေ ရေဆိပ်အဝင်မှာ ကိုအေးကို ကျွန်မ ဆင်းမကြိုဖြစ်ဘူး။ ကလေးတွေပဲ သူတို့အဖေကို ကြိုကြတယ်။ ညဦးပိုင်းလည်း

www.burmeseclassic.com

စကားမပြောဖြစ်ဘူး။

သူ့မှာလည်း အလုပ်သမားလစာ၊ ရေခဲဖိုး၊ ဒီဇယ်ဖိုးတွေကတစ်ဖက်၊ ရတဲ့ငါးပိသာချိန်က တစ်ဖက် ချိန်ခွင် ဘောက်ချာစာရွက်ပေါ်တင်ပြီး စက်နေရတာ အကြာကြီး ည ၁ နာရီထိုးခါနီးမှ ပြီးတယ်။

'ပေါင်ပိတ် ခင်ဗျိုး ရေ' တဲ့။

ကိုအေးဆီက အသံတစ်ချက် ထွက်တယ်။ ချိန်ခွင်လျှာ ပေါင်ပိတ်ဆိုတာ ဟိုဘက် မပါ၊ ဒီဘက်မသာ။ အလယ်မှာရပ်နေတာ။ ဒါဆို အမြတ်လည်း မရှိ၊ အရှုံးလည်း မရှိတော့ဘူးပေါ့။

ပြီးမှ ကိုယ့်ကိစ္စပြောရတယ်။ ဆရာမကြီး ခင်ပြုံးအကြောင်း။ ဆရာ ပြုံးရဲ့ အဖြစ်။ အတွေးတွေစစ်သွားတော့မှ ကိုအေးက စကားတစ်ခွန်းပြောပြီးလွဲအိပ်တယ်။

'မိုးကြိုးတွေပစ်ကုန်တော့မှာပဲ' တဲ့။

'ပစ်လိုက်စမ်းပါ တော်၊ မကောင်းသူထိပဲ' လို့ပြောပြီး ဘေးဘီ အလန့်တကြား ကြည့်မိတယ်။ တော်ပါသေးရဲ့၊ ဘေးအိမ်တွေလည်း အိပ်ကုန်ပြီ၊ ဘယ်သူမှ မကြား လို့။

အပူတွေများလာတော့ လူသဘာဝ ဘုရားကို သတိရတယ်။ လူဆိုတာ တစ်စုတည်း တစ်စည်းတည်း အရောင်အသွေး မကွဲတဲ့ နေရပါလို့၏ဘုရားလို့ ဆုတောင်းရင်း ဦးချပြီး ခေါင်းပြန်အမော့မှာ...

ဘုရားစင်အောက်က စာတံပုံဆီ ဖျတ်ခနဲ အကြည့် ရောက်မိရဲ့။ ကျွန်မ အသက်ရှူရပ်သွားတယ်။ ပြီးတော့ ကြက်သီးတွေ ဖြန်းဖြန်းထလို့။ အို...ပြုံးလို့ပါလား၊ သူ့အပြုံး။

မြင်းပေါ်က လူကြီးလေ။ ကျွန်မကို ပြုံးပြုံးကြီး ကြည့်နေတယ်။ သူ့ဆီက အားပေးသံတစ်ချက် ကရုဏာသက်သံနဲ့ ထွက်လာသလိုပဲ။ သဲ့သဲ့လေး။ ဟို အဝေးကြီးက လာတဲ့ အသံမျိုး။

'သိပ်ကြောက်နေလား သမီး၊ အဖေက သမီးတို့ အတွက် ကြောက်စရာကြီး ဖြစ်နေပြီလား။ မကြောက်ပါနဲ့ သမီးရယ်' တဲ့။ ကျွန်မ အင့်ခနဲ ငိုလိုက်မိတယ်။

❑

၈။

ညတုန်းက အိပ်မက်ထဲမှာ ကျောင်းအုပ်ဆရာမကြီး ခင်ပြုံးက ဆရာ ပြုံးကို နောက်လုပ်ဦးမလားဆိုပြီး ကြိမ်တစ်ချောင်းနဲ့ ရိုက်နေတာ အကြာကြီး။ ရိုက်တဲ့လူက ငိုလို့၊ အရိုက်ခံရတဲ့လူက ပြုံးလို့။

အဖြစ်က ပြောင်းပြန်ကြီး။

မိုးလင်းတော့ ကိုအေးက ပြောတယ်။ ညက ကျွန်မ ခင်ပြုံးလေ၊ သူ့ကိုကြောက်တယ်လို့ ယောင်ယောင်အော်နေတယ်တဲ့။ ပြောသေးတယ် (မိုးကြိုးတွေတော့ ပစ်ကုန်တော့မှာပဲဟာ)တဲ့။

ကိုအေးရယ် တော့်ကို အားကိုးပါတယ်ဆိုမှတော်---

နောက်နေ့မှာ ကလေးတွေကို ပုံပြင်ပြောဖို့ ဆုံးဖြတ်တယ်။ ဘုရားရှင်လက်ထက်က အဖေကိုသတ်မိတဲ့ အစ်တသတ် အကြောင်း။ ဒီလောက်တော့ ကျွန်မ သင်္ဘာရှိရမှာပေါ့။ ■

အောင်ဖြိုးကျော်၊ပခုက္ကူ

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် ဓလေ့ထုံး

ကွန်ပျူတာသုံးခြင်း

မှာ

အပ်နှံမှု စိတ်ချရမယ်။ ပုန်းတစ်ချက်သာ ဆက်လိုက်ပါ

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်တြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်

(နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဗိုလ်ဗိုလ် (နာမကျရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထပ်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၅၅၊ ၀၉-၇၃၁၇၇၇၃၁၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး–၃၀၀၀ကျပ်

တန်ဖိုး–၄၀၀၀ကျပ်

တန်ဖိုး–၅၀၀၀ကျပ်

တန်ဖိုး–၆၀၀၀ကျပ်

ထုတ်လုပ်ဖြန့်ချိရေး
အလင်းသစ်စာပေတိုက်

www.burmeseclassic.com

ဖုန်း– ၀၉ ၈၅ ၀၃၈၄၈၊ ၀၉ ၅၄ ၀၀၃၀၂

အိမ် ၁၇/၁၉၊ အခန်း ၆၀၁၊ ၅၂ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ပိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြတ်တောက်သွားသော လက်ကလေး

နန်းဧကရီရှင်

ကျွန်မ၏ ချစ်လှစွာသော
သားကြီးသည် ကျွန်မထံသို့
သူငယ်ချင်းတစ်ယောက်
ခေါ်လာခဲ့သည်။ သားသူငယ်ချင်းတွေကို
ကျွန်မ ချစ်ပါသည်။ သားနှင့်တန်းတူ
စေတနာ၊ မေတ္တာ ထားနိုင်ခဲ့ပါသည်။
ဒါပေမဲ့ ဒီတစ်ခါ ခေါ်လာသည့်
သားသူငယ်ချင်းကတော့
မိန်းကလေး ဖြစ်လို့နေသည်

ညက ကျွန်မ
အိပ်မက် မက်သည်။
အိပ်မက်ထဲတွင်
ကျွန်မ၏ ဘယ်လက်သည်
လက်ကောက်ဝတ်ကစ
တုံးတိုပြတ်သွားသည်။
ကျွန်မသည်
ဝမ်းပန်းတနည်း ငိုရှိုက်ရင်း
အတင်းအကျပ်ပင်
ပြန်ဆက်နေလေသည်။
ပြီးပြတ်သွားသော
လက်ကလေးကို
ကျွန်မ နှမြောနေမိသည်။
ဒါဟာ ကျွန်မ
ခန္ဓာကိုယ်၏ မိသားစုဝင်၊
အစိတ်အပိုင်းလေးတစ်ခု
မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကျွန်မ ရှုံးနိမ့်ခဲ့သည်။ ပြတ်သွားသော ကျွန်မ ပိုင်ဆိုင်ခဲ့သည့် လက်ကလေးတစ်ဖက်သည် ကျွန်မ ခန္ဓာနှင့် သီးခြားရပ်တည်နေသော အပိုင်းအစလေးတစ်ခု ဖြစ်သွားခဲ့ပြီပဲ။

❑

သောက်လက်စ ကော်ဖီခွက်ကိုချလိုက်သည်။ နောက်ထမင်းစားခန်းမှ လှမ်းကြည့်လျှင် မြင်ရသည့် စည်ခန်းကနာရီဆီ လှမ်းကြည့်မိသည်။ မနက်ရှစ်နာရီ ဆယ့်ငါးမိနစ်၊ နာရီဝက်ကြာလျှင် သားကြီးတို့ လာတော့မည်။ သားကြီးတို့၊ ဟုတ်ပါသည်၊ သားကြီးတို့။ ကိုယ့် အတွေးထဲက အသုံးအနှုန်းကို ဘာသာတွေးတောစဉ်းစားမိလျက် နေရာက ထ,လိုက်သည်။ တစ်ဝက်ကျန်သည့် ကော်ဖီကို သုတ်မရတော့ပေ။

စည့် ခန်းထိပ်နံရံရှိ ဘွဲ့ဝတ်စုံနှင့် သားကြီးဓာတ်ပုံသည် ကျွန်မကို တည်ငြိမ်စွာ စူးစိုက်ကြည့်နေ၏။ ခဏအကြာ ကျွန်မမျက်ဝန်းမှာ မျက်ရည်တို့ဖြင့် ပြည့်လာသည်။ မျက်တောင်တို့ တဖျပ်ဖျပ်ခတ်လျက် အကြည့်လွဲလိုက်မိသည်။ အခန်းထောင့်တွင်တော့ ပြင်ဆင်ထားသော အထုပ်အပိုးတို့ ခရီးထွက်ရန် အဆင်သင့် ဖြစ်နေသည်။

သက်ပြင်းချလိုက်စဉ်ညက မက်သည့် အိပ်မက်ကို ဖျတ်ခနဲ သတိရလိုက်သည်။

❑

ခင်ပွန်းဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားစဉ် သားကြီးက နှစ်ခါလည်

'သား' ဟူသော အားမာန်က ကျွန်မဘဝကို လဲရာမှ ထစေခဲ့သည့် ကြောက်ရွံ့မှုကို ရဲရင့်စေခဲ့သည့် ပျော့ညံ့မှုကို သတ္တိရှိစေခဲ့သည့် ယခု သားငါ၏ ပြတ်တောက်မှု မှာတော့ ကျွန်မ အစားထိုးစရာ မမြင်တော့

သာသာရှိသေးပြီး ကျွန်မက တော့ အသက်အစိတ်အရွယ် လှပနုပျိုဆဲ ရှိပါသေးသည်။ အဲဒီအချိန်တုန်းက ကလေးတစ်ယောက်အမေဆိုပေမဲ့ ကျွန်မသည် အပျိုတစ်ယောက် ထက်ပင် စန်းပွင့်သေးသည်ဟု ဆိုရမလိုပင်။ ဒါပေမဲ့ ကျွန်မ ခံစားပျော်ဝင်လို့ မရတော့ပေ။ ဘဝတွင် တန်ဖိုးကြီးသည့် အရာတစ်ခုကို သိခွင့်ရဖို့ ဆတူတန်ဖိုးညီသည့် အရာပေးခဲ့ရသည်ဆိုသော စကားအတိုင်း 'မီး' ဟူသော ပူတတ်သည့်သဘောအရင်းအမြစ်ကို 'မုဆိုးမ' ဟူသော ကဲကြမ္မာဖြင့် လဲလှယ်သိခွင့်ရခဲ့သည်။ ခံစားခဲ့ရသည့် သောက အပူမီးတို့၏ လောင်မြိုက်ပူလောင်ခဲ့ရမှုကို ပြန်တွေးကြည့်လျှင် ကျွန်မ နောင်ဘဝတွင် လူပြန်ဖြစ်ချင်စိတ်တို့ပင် မရှိတော့။ လောကတွင် ဆက်လက်ရပ်တည်နိုင်စေဖို့ 'သား' ဟူသော ကြိုးသာ မရှိခဲ့လျှင် ကျွန်မသည် လောကီအာရုံကို အဲဒီကတည်းက ဖြတ်ခဲ့မလား မသိတော့ပေ။ ဒါပေမဲ့ 'သား'၊ 'သား' ဟူသော ကြိုးတစ်မျှင်သည် ဗုံးအကြိုခံရသည့် မြို့၊ ပြာပုံမှ ထိုးဖောက်ထွက်စေနိုင်သော သတ္တိကို ပေးသကဲ့သို့ ကျွန်မဘဝ အနာဂတ်ကို လှပမှုဖြင့် ပုံဖော်နိုင်သော စွမ်းအားကို ပေးခဲ့ပါသည်။ ကျွန်မအတွေးတို့ တက်ကြွသော အားမာန်ကို ဖြစ်စေခဲ့ပါသည်။ တကယ်တော့ ဒါသည် လွယ်ကူသော မွေးဖွားခြင်းတော့ မဟုတ်ပါ။ အရွယ်ရှိဆဲ၊ လှပဆဲ မုဆိုးမတစ်ယောက်၏ တိုက်ပွဲသည် တောနက်ကြီးထဲ ခရီးသွားသူတို့ထက် ဆိုးပါသည်။ ဒါပေမဲ့ ကျွန်မမှာ 'သား' ဆိုသည့် 'အား' ရှိသည်လေ။

သားသည် ကျွန်မဘဝနှင့်ထပ်တူ၊ ကျွန်မနှင့် တစ်သားတည်းဖြစ်သည့် ကျွန်မ၏ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။ ကျွန်မနှင့် သားကို ဘယ်အရာနှင့်မျှ ခွဲမရ။

ကျွန်မ ခေါင်းကို ငြိတ်ညှိတ်ခါလိုက်မိသည်။ 'မီး' ဟူသော ပူလောင်စေသောအရာကို ခံစားသိမြင်ဖူးပါလျက် ပိုးဖလံလိုပင် နောက်ထပ်တစ်ဖန် မီးပုံတစ်ခု ဖိုခဲ့မိပြန်သည်။

တက္ကသိုလ်နောက်ဆုံးနှစ် အရောက် တွင် တော့ ကျွန်မ၏ ချစ်လှစွာသော သားကြီးသည် ကျွန်မထံသို့ သူငယ်ချင်းတစ်ယောက်ခေါ်လာခဲ့သည်။ သားသူငယ်ချင်းတွေကို ကျွန်မ ချစ်ပါသည်။ သားနှင့် တန်းတူစေတနာ၊ မေတ္တာ ထားနိုင်ခဲ့ပါသည်။ ဒါပေမဲ့ ဒီတစ်ခါ ခေါ်လာသည့် သားသူငယ်ချင်းကတော့ မိန်းကလေး ဖြစ်လို့နေသည်။

ဝမ်းနည်းအားငယ်မှုဇာတ်ဘဝကို ဘယ်လိုအရာနှင့်မျှ ဆွဲဆောင်မြှင့်တင်လို့ မရအောင် အလဲထိုးခဲ့သည်။ ကျွန်မ တရားမရှိခဲ့တာ သေချာလှသည်။ သားအစေထားရှိစ ခဲ့ တုန်းကတော့ 'သား' ဟူသော အားမာန်က ကျွန်မဘဝကို လဲရာမှထစေခဲ့သည်။ ကြောက်ရွံ့မှုကို ရဲရင့်စေခဲ့သည်။ ပျော့ညံ့မှုကို သတ္တိရှိစေခဲ့သည်။ ယခု သား၏ ပြတ်တောက်မှုမှာတော့ ကျွန်မ အစားထိုးစရာ မမြင်တော့။ ဒါသည် ကျွန်မ၏ မိုက်မဲမှုပင် ဖြစ်ပါသည်။

သဘာဝကို ဆန့်ကျင်ခဲ့သည့် ကျွန်မသည် သဘာဝလွန် မိန်းမတစ်ယောက်အို...ကျွန်မသည် ဒီအရာကို သတိလက်လွတ် မေ့လျော့နေခဲ့တာတော့ အသေအချာပင်။ ကျွန်မဆီ မိန်းကလေး သူငယ်ချင်းခေါ်လာမှ သားကြီးသည် ကျွန်မအိမ်မှ ခေတ္တတည်းခိုနေသည့် သူ့ သည်ပါလားဆိုတာ သဘောချပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကစ၍ သားကြီးကို ကျွန်မ စတင်ဖြတ်တောက်ရန် ကြိုးပမ်းတော့သည်။ ချက်ချင်း စိမ်းကားသွားသည့် အမေလုပ်သူကို သားကြီးသည် နားမလည်နိုင်ပေ။ နှမ်းလျသောအကြည့်တို့ဖြင့် ကြည့်၍ မျက်နှာငယ်လေးဖြင့် တောင်းပန်ရှာသည်။ မိန်းကလေး သူငယ်ချင်း ခေါ်လာတာ ကျွန်မ မကြိုက်၍ဟု ထင်ရှာသည်။

ဒါအတွက် တောင်းပန်ခြင်း ဖြစ်သည်။ ဒါပေမဲ့ ကျောင်းပြီးရင် လက်ထပ်ဖို့ မမေ ခွင့်ပြုပါတယ် ဆိုသော ကျွန်မစကား ကြားတော့ အမေ၏ ခွင့်ပြုချက်ကို အံ့သြတကြီးဖြစ်ကာ ရုတ်ကိုင်းရုတ်ကန်းဖြင့် မဖုံးနိုင် မဖိနိုင် ပျော်ရှာသည်။

ကျွန်မ သားကြီးကို ငေးကြည့်နေမိသည်။ နောက် ကျွန်မလက်ကို ဆွဲကိုင်လှုပ်သမ်းလို့ သူ့ကောင်မလေး ဘယ်လောက် စိတ်ထားကောင်းကြောင်း၊ တော်ကြောင်း၊ ကျွန်မကို အမေရင်းပို ပြုစုစောင့်ရှောက်မှာဖြစ်ကြောင်း၊ အို... အစုံ ကရားရယ်လွန်တတ် တတွတ်တွတ် ပြောတော့ ကျွန်မ ပြုံးနေခဲ့မိပါသည်။

သားကြီး ကျောင်းပြီးတော့ ကျွန်မ တတ်နိုင်သည့် အင်အားနှင့် သားမျက်နှာငယ်ရအောင် လက်ထပ်ပေးခဲ့ပါသည်။ ခုဆို နှစ်နှစ်ကျော်ရှိပြီပေါ့။ သားကြီးက ကျောင်းပြီးကတည်းက သဘော်ဝတက်သွားတာမို့ ကြီးထွားထဲ ဖုန်းအဆက်သွယ်မှုနှင့် မာကြောင်း သာကြောင်း မေးခဲ့ပေမဲ့ တကူးတကတော့ဖြင့် အမေရယ်လို့ သတိတရတော့ မရှိခဲ့ပါ။ ကျွန်မကလည်း သိပ်ဖွဖွနှဲ့နှဲ့ မလုပ်တတ်။ ပြီးခဲ့သည့်လကတော့ သားဆီက ဖုန်းလာသည်။ ဒီတစ်ခေါက် ပြန်လာရင် သား တို့က်ခန်းဝယ်တော့မှာ၊ မမေ သားတို့နဲ့ လာနေပါ မမေ့ကို သား ပြုစုလို့ ရပြီဟု ဆိုခဲ့သည်။

သူ့မိန်းမကလည်း ဒီကြားထဲ ဖုန်းမကြာခဏဆက်၍ သူတို့နှင့် လာနေရန် ဆိုသည်။ ဆတ်ခနဲ ရင်တဒိတ်ဒိတ်ခုန်ကာ ကျွန်မ ဝမ်းသာ သွားရပါသည်။ ကျွန်မ နှလုံးသားသည် အစမ်းသပ်မခံနိုင်တာတော့ သေချာလှပါသည်။

သားကြီး...သားကြီး၊ ကျွန်မချစ်သော သားကြီးနှင့် ကျွန်မ အတူ ပြန်နေရတော့မည်။ တကယ်တော့ ကျွန်မသည် တစ်မျှင်တည်း ကျန်သည့် ကြိုးတစ်ချောင်းကို အောင်မြင်စွာ ဖြတ်တောက်နိုင်ပြီဟု ဘာသာအထင်ကြီးခဲ့ခြင်းသာ ဖြစ်ပါသည်။ သားဆီက ဖုန်းရပြီးပြီးချင်း ကျွန်မ အထုပ်အပိုး ပြင်သည်။ သိပ်မကြာခင် အထုပ်အပိုး အစုံအလင်ဖြင့် သားနောက်ကို လိုက်ရန် အဆင်သင့်ဖြစ်နေပြီ။

အဲဒီ ညမှာပဲ ကျွန်မ အဲဒီ အိပ်မက်လေးကို မက်ပါသည်။

❑

အိပ်မက်ထဲတွင် ကျွန်မ၏ ပြတ်တောက်သွားသော လက်ကလေးသည် ငါးသလဲထိုးတစ်ကောင်ကဲ့သို့ တဖျပ်ဖျပ် ခုန်လှုက်ရှိသည်။ ခဏကြာတော့ ငြိမ်သက်သွားသည်။ ကျွန်မသည် ရွှိက်ကြီးတငင်ငိုကြွေးရင်း ကျွန်မ၏ လက်ကလေးကို ကောက်ယူလှုက် အတင်းပြန်ဆက်လေသည်။

'အို... ဒီလက်ကလေးဟာ ငါ ဝိုင်ဆိုင်တဲ့ ငါ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းလေးပဲ။ ငါနဲ့ ဘယ်လိုမှ ခွဲခြားလို့ မရတဲ့ ငါဝိုင်ဆိုင်တဲ့ အစိတ်အပိုင်းလေးပဲ'

ရှိုက်သံတို့ တဖြည်းဖြည်း ကျယ်လာသည်။ နောက်တော့ ကျွန်မ အားလျော့စွာဖြင့် လက်ကလေးကို လွှတ်ချလိုက်တော့သည်။

'ဒီလက်ကလေးဟာ ငါ ဝိုင်ဆိုင်တဲ့ ငါ့ခန္ဓာရဲ့ အစိတ်အပိုင်းလေးတစ်ခုပဲ။ ဒါပေမဲ့ ပြတ်တောက်သွားခဲ့ပြီဆိုရင်တော့ ဒီအစိတ်အပိုင်းလေးဟာ ငါ့အတွက်၊ ငါ့ခန္ဓာအတွက် ဘာများ အသုံးဝင်တော့မှာလဲ။ ငါ ဒီအစိတ်အပိုင်းလေးကို စွန့်လွှတ်ဖို့ အချိန်တန်ပြီ'

ဒီအသိကို အိပ်မက်ထဲမှာပင် ကျွန်မ ရခဲ့ပါသည်။ အိပ်မက်ကလန့်နိုးတော့ အပြင်ဘက်တွင် မိုးစင်စင်လင်းလျက်ရှိပြီ။

❑

'တီ... တီ'

'ဟော'

ခြံဝင ကားဟွန်းသံကြောင့် ကျွန်မကိုယ် ဆတ်ခနဲ ဖြစ်သွားပါသည်။ နာရီကို လှမ်းအကြည့် ကိုးနာရီကို ညွှန်ပြနေသည်။

ဒီနေ့ သားကြီးတို့ မိသားစု ရောက်မည်ဟု ဖုန်းဆက်ထားသည်။ ကျွန်မ အတန်ကြာ ငြိမ်သက်နေမိပါသည်။ နောက် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်နိုင်သလို အခန်းထောင့်တွင် အဆင်သင့်ပြင်ထားသည့် အထုပ်အပိုးတို့ကို အိပ်ခန်းထဲ အလျင်အမြန် ပြန်သွင်းလိုက်သည်။ အိတ်ထဲက အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေကို ဗီရိုထဲ ပြန်ထည့်ပြီး နေသားတကျဖြစ်အောင် ပြန်လုပ်ရဦးမယ် ဟူသော အတွေးကိုတွေးမိတော့ ကျွန်မဘာသာ အလုပ်ရှုပ်ခဲ့သည့်အဖြစ်အတွက် ရယ်ချင်သွားသလို ရှိသည်။

တကယ်တော့ သားကြီးသည် ကျွန်မ၏ ပြတ်တောက်သွားသော လက်ကလေးတစ်ဖက်သာ ဖြစ်ပါသည်။ 'သား' ဟူသော ကြိုးကို အောင်မြင်စွာ ဖြတ်တောက်နိုင်ခြင်းသည် ကျွန်မဘဝ၏ ဒုတိယအကြိမ် အောင်မြင်ခြင်းလည်း ဖြစ်သကဲ့သို့ ဒုတိယအကြိမ် ပြန်လည် အသက်ရှင်ခြင်းလည်း မည်ပါသည်။

သို့သော်...ယခုတစ်ကြိမ် ပြန်လည်အသက်ရှင်ခြင်းသည် သူများအတွက် မဟုတ်၊ ကိုယ့်အတွက် ဖြစ်သလို နောင်ကြိုးကင်းသည့် လွတ်လပ်သော အသက်ရှင်ခြင်းလည်း မည်ပါသည်။

ပြတ်တောက်သွားသောလက်ကလေးကို ကျွန်မ ဘယ်တော့မှ နှမြောတသဖြစ်နေတော့ မည်လည်း မဟုတ်ပေ။

■

နန်းကလျာ

www.burmeseclassic.com

ကျွန်တော်တို့ဘက်ကရော ကဝန်ကျရဲ့လား

မင်းသစ်

မြန်မာနိုင်ငံ ပညာရေးလောကမှာ ဆရာမျိုးဆက်ပြတ်နေသလို စာပေလောကမှာလည်း ရသစာရေးဆရာ မျိုးဆက် ပြတ်တောင်းပြတ်တောင်း ဖြစ်နေတာ ကြာပါပြီ။ စာဖတ်သူတွေဟာ စာတကယ် ကောင်းရင် ဖတ်ပါတယ်။ ဒါကြောင့် တစ်ခေတ်တစ်ခေါက အောင်လင်း၊ ခင်နှင်းယု၊ တက္ကသိုလ်ဘုန်းနိုင်တို့ရဲ့ဝတ္ထုတွေကို စောင်ရေ သောင်းပြီး အကြိမ်ပေါင်းများစွာ ရိုက်ခဲ့ကြရတာပေါ့။ ခုတော့ အုပ်ရေ ၁၀၀၀ လောက်နှင့်ရင် ဘက်ဆဲလား(Best Seller)လို့ ခေါ်ရတဲ့ခေတ် ရောက်နေပါပြီ။

စီးပွားရေးကျပ်တည်းလို့၊ ပြည်သူတွေ စားဝတ်နေရေးနဲ့ လုံးချာလည် လိုက်နေရတဲ့ စာအုပ်မဝယ်နိုင်ကြလို့ပါဆိုတဲ့ ဆင်ခြေကလည်း သိပ်မခိုင်လုံလှပါဘူး။ မီးပွိုင့်ဈေးရောင်းနေကြသူတွေကလည်း ဖုန်းကိုယ်စီနဲ့ပါ။ စာအုပ်တစ်အုပ်အတွက် ကုန်ကျစရိတ်က ဖုန်း ငွေဖြည့်ကတ်တစ်ကတ်ဖိုးလောက် မရှိပါဘူး။

❑

မြန်မာရသစာပေဟာ တစ်ခေတ်ပြီးတစ်ခေတ် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လက်ကမ်းကြောင်းလဲလာခဲ့တာပါ။ အင်းဝခေတ်မှာ ပျို့၊ တောင်ငူ၊ ညောင်ရမ်းခေတ်မှာ ရေးနဲ့ ဘုန်းဘောင်ခေတ်မှာတော့ အချိုးတွေ၊ အချင်းတွေ၊ တေးထပ်တွေနဲ့ အဆင့်ဆင့် ပုံသဏ္ဌာန်တွေကြောင်းပြီး ဖွံ့ဖြိုးလာခဲ့တာပါ။

ကိုလိုနီခေတ်ဦးမှာတော့ ဓားပိန် ယိမ်းဆရာ ဦးမောင်ကြီး၊ ပုဇွန်တောင် ဆရာရွှေတောင် ဆရာလွမ်း(သခင်ကိုယ်တော်မိုင်း)တို့ရဲ့ ဗုဒ္ဓဝင်နောက်ခံ၊ ဒဏ္ဍာရီနောက်ခံ ထိုးစာတ်တွေဟာ စမတ်(အင်)မူကာဒင်လို စာအုပ်တိုက် ကြီးတွေရဲ့ ထုတ်ဝေမှုခြင်းကျေးလက်ပြည်သူတွေအထိ စောင်ရေ သိန်းချီပြီး ပျံ့နှံ့ခဲ့ပါတယ်။

ဒီလိုနဲ့ ဓမ္မကြောင်း၊ လောကကြောင်းနောက်ခံထားပြီး ရေးဖွဲ့ခဲ့ကြတဲ့ ရသစာပေတွေဟာ လောကကြောင်းနဲ့အတူဘဝအကြောင်းကိုပါ ရေးဖွဲ့ကြတဲ့ ရသစာပေပုံသဏ္ဌာန်

ရသစာပေကျဆင်းနေပြီဆိုတဲ့ အလန့်တကြားအော်နေကြတဲ့ အသံတွေဟာ ကြာလာတော့လည်း ဆီသည်မ လက်သုတ်ဖတ် ဖြစ်နေပါပြီ။

ဘာစာပေပဲဖြစ်ဖြစ် စာတစ်အုပ် ဖြစ်ဖို့ဆိုရင် ရေးသူ၊ ထုတ်သူနဲ့ ဖတ်သူတို့ရဲ့ အသိုင်းအဝိုင်းတစ်ခုတည်းမှာပဲ ဖြစ်ပေါ်လာတာပါ။ အဲဒီမှာ ထုတ်သူဆိုတာကတော့ ဖတ်သူရှိမှ ထုတ်တာပါ။ ဒီတော့ ထုတ်သူကို ဖယ်ထားလို့ကပါ။ ရေးသူနဲ့ ဖတ်သူတွေအတွက်ပဲ စဉ်းစားကြည့်ကြရအောင်။

❑

မြင်သိရသလောက်ကတော့ ရသစာပေကျဆင်းမှုနဲ့ ပတ်သက်လာရင် လူတွေ ဖတ်အားကျသွားလို့ဆိုတဲ့ ကောက်ချက်မှာပဲ လမ်းဆုံးသွားတာ များပါတယ်။ အဲဒီတော့ နံပါတ်တစ် တရားခံက စာဖတ်သူပေါ့။ အကြောင်းပြချက်တွေကလည်း E-Media တွေဖြစ်တဲ့ Internet, Facebook တို့ကို လက်ညှိုးထိုးကြတာပါပဲ။ တကယ်တော့ အဲဒါတွေက ရသစာပေနဲ့ တိုက်ရိုက် မသက်ဆိုင်ပါဘူး။ အဲဒါတွေကို သုံးတဲ့လူတွေကလည်း ရသစာပေဆိုတာကို ကြားဖူးမှာ မဟုတ်ပါဘူး။ ဖြစ်ရပ်အမှန်က ရသစာပေ ကျဆင်းနေတာ မဟုတ်ပါဘူး။ ရသစာပေ ပျောက်ဆုံးခါနီး ဖြစ်နေတာပါ။

အဓိကတာဝန်ရှိသူတွေကတော့ စကားလုံးအသုံးအနှုန်းကို လျှော့ရေးလိုက်တာပါ။ ရသစာပေ ဖန်တီးနေတဲ့ ကျွန်တော်တို့တစ်တွေပါပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com

အသစ်ဝတ္ထုအဆင့်ကို တိုးတက်ပြောင်းလဲလာခဲ့ပါတော့တယ်။ ဒီနေရာမှာ စကားစပ်ပြီးပြောရရင် "မြန်မာဝတ္ထုအစ**ပါရာယနက**" ဆို တဲ့ ရှေးပညာရှိတွေရဲ့ အဆိုကိုနှောင်းပညာရှင်တွေက လက်မခံကြတော့ပါဘူး။ စာရေးသူလည်း ဥပစာ (ခ) Inter(B)အခုခေတ်အခေါ်တက္ကသိုလ် ဒုတိယနှစ်တုန်းက အဲဒီ**ပါရာယန**ကို သင်ခဲ့ရပါတယ်။ ဟုတ်ပါတယ်။ ဝတ္ထုအစစ်မဟုတ်ပါဘူး။ ပျိုပုံသဏ္ဌာန်နဲ့ရေးရမယ့်အစား အဲဒီခေတ်က မတည်ငြိမ်သေးတဲ့ မြန်မာစကားပြေနဲ့ ဖျစ်ညှစ်ရေးထားတာပါ။ **ပါရာယန**ကို ဝတ္ထုလို့ ဇွတ်သတ်မှတ်ကြမယ်ဆိုရင်တော့ စာရေးသူ ရှင်မဟာသီလဝံသဟာ မြန်မာစာပေသမိုင်းမှာ အညံ့ဆုံးဝတ္ထုရေးဆရာတစ်ယောက်ပါပဲ။

မြန်မာဝတ္ထုရယ်လို့ ပီပီပြင်ပြင်ဖြစ်လာတာကတော့ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဂျနှနီ၊ ရွှေစကြာဦးစိုးမြင့်တို့ရဲ့ဝတ္ထုတွေပါပဲ။ ဒါပေမဲ့ သူတို့လည်း ခေတ်ဟောင်းပုံစံ မပျောက်သေးပါဘူး။ လင်္ကာ၊ စကားပြေ နှစ်ထွေရောရာတွေပါပဲ။ ကိုလိုနီခေတ်နှောင်းပိုင်းကျမှ ပီပီပြင်ပြင်နဲ့ ရွှေဒေါင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ မောင်ထင်၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်နဲ့ ခေတ်စမ်းစာပေသမားတွေနဲ့အတူ ကနေ့ ခေတ်သစ် မြန်မာကဗျာ၊ ဝတ္ထုရဲ့ရှေ့ပြေးကဗျာ၊ ဝတ္ထုတွေပေါ်လာတာပါ။

ဒုတိယကမ္ဘာစစ်အပြီးမှာတော့ မြန်မာဝတ္ထုနဲ့ ကဗျာတွေဟာ နိုင်ငံတကာအဆင့်မီလာပြီးပိုပိုပြင်လာပါတော့တယ်။ အဲဒီအထဲမှာ (ကဗျာရော၊ စကားပြေပါရော ပြောပါ့မယ်) ဇော်ဂျီ၊ မင်းသုဝဏ်၊ ဒေါင်းနွယ်ဆွေ၊ နေသွေးနီ၊ နောင်၊ နွယ် (စစ်တွေ)၊ ဓနုဖြူကျော်ထွန်း၊ ဗန်းမော်ညီနွဲ့၊ ဘုတလင်ချစ်လေး၊ ကြည်အေး၊ တင်မိုး၊ ကြည်အောင်၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ မောင်ယဉ်မွန်၊ မောင်လေးအောင်နဲ့ မောင်သင်းခိုင်၊ မောင်သွေးသစ်၊ မောင်ခိုင်မာ စတဲ့ သူတွေရဲ့ ကဗျာသစ်တွေ ပေါ်ထွက်လာပါတယ်။

စကားပြေမှာလည်း ကြယ်နီ၊ မင်းရှင်၊ ကျော်အောင်၊ ကြည်လင်၊ မြသန်းတင့်၊ ဗန်းမော်တင်အောင်၊ သော်တာဆွေ၊ သန်းဆွေ၊ တင့်တယ်၊ အောင်လင်း၊ တက္ကသိုလ်ဘုန်းနိုင်၊ ဂျာနယ်ကျော်မမလေး၊ ခင်နှင်းယု၊ ခင်ဆွေဦး စတဲ့ စာရေးဆရာ၊ ဆရာမ ပေါင်းစုံပေါ်ထွက်လာပါတယ်။ ဘက်ဆဲလား(Best Seller) ဆိုတာ အဲဒီခေတ်ကမှအစစ်အမှန်တွေပါ။ ဝတ္ထုတစ်အုပ်ကို စောင်ရေသောင်းချီပြီး သုံးလေးကြိမ်ပြန်ရိုက်ကြရတာပါ။

❑

တစ်ပြိုင်နက်တည်းမှာ ဘက်ဆဲလားတွေမဟုတ်တဲ့၊ မဂ္ဂဇင်းတွေမှာပဲ ရေးနေကြရတဲ့ ကဗျာဆရာတွေနဲ့ ဝတ္ထုတိုရေးသမားတွေလည်း အပြိုင်းအရိုင်းပေါ်လာကြပါတယ်။ ရှေ့ဆရာ၊ ဆရာမများရဲ့ နှောင်းပိုင်းမှာပေါ်လာတဲ့ ခင်လှိုင်ကြူ၊ ကြူကြူသင်း၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ စိန်စိန်၊ မစန္ဒာ၊ မိုးမိုး(အင်းလျား)၊ ဂျူး၊ နုနုရည်အင်းဝ၊ ဝင်းဝင်းလတ်နဲ့ မြတ်သင်း၊ ဖေမြင့်၊ မာန်မြင့်၊ သုမောင်၊ မောင်ဝဏ္ဏ၊ မင်းလူ စတဲ့ ဝတ္ထုတိုရော၊ ဝတ္ထုရှည်မှာပါ စူးရှထက်မြက်တဲ့သူတွေပေါ်လာပါတယ်။

လုံးချင်းဝတ္ထုရှည်မှာလည်း ငြိမ်းကျော်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ မင်းသိန်၊ ချစ်ဦးညို စတဲ့ ဘက်ဆဲလားတွေ ပေါ်လာပါတယ်။

အဲဒီကလောင်ဟောင်းတွေထဲမှာ တချို့ ကွယ်လွန်ကြရှာပါပြီ။ မသေဘဲကျန်ခဲ့တဲ့ လက်ဟောင်း၊ လက်ကောင်းတွေကလည်း "စီးရင် Jet, သောက်ရင် Black နဲ့ ဟောရင် One Lakh" ဆိုတဲ့ ကြွေးကြော်သံတွေနဲ့အတူ ဟောပြောပွဲတွေမှာ စင်ကူးကြမ်းနေကြလေရဲ့။ ကြည့်လိုက်တော့ ကိုယ့်လူတွေချည်းပါပဲ။

အခုတော့ အချစ်ဝတ္ထုမှာ တစ်လတစ်အုပ်နှုန်းနဲ့ မှန်မှန်ချီတက်နေတဲ့ စာရေးဆရာမလေး သုံး,လေးယောက်တော့ ရှိပါသေးရဲ့။ ရုပ်ရှင်၊ ဗီဒီယိုရိုက်ဖို့ ရည်ရွယ်ရေးတဲ့ ဝတ္ထုလေးတွေပါပဲ။ မိန်းကလေးတွေနဲ့ ဗမာရုပ်ရှင် ဘိုရိုက်

ပြည်သူတွေစားဝတ်နေရေးနဲ့လုံးချာလည်လိုက်နေလို့စာအုပ်မဝယ်နိုင်ကြလို့ပါဆိုတဲ့ဆင်ခြေကာလည်းသိပ်မခိုင်လုံလှပါဘူး မီးပွိုင့်မှာရောင်းနေကြသူတွေကလည်း ဖုန်းကိုယ်စီနဲ့ပါစာအုပ်တစ်အုပ်အတွက် ကုန်ကျစရိတ်ကဖုန်းငွေဖြည့်ကတ်တစ်ကတ်ဖိုးလောက်မရှိပါဘူး

www.burmeseclassic.com

www.burmeseclassic.com

တာတွေအကြိုက်ပါပဲ။

အချစ်အကြောင်းမပြောနဲ့၊ ဖေတော့ မောင်တော့တောင် ပီပြင်အောင်မရေးနိုင်တဲ့ ဆရာမလေးတွေ(ဆရာလေးတွေလည်း ဖြစ်ချင်ဖြစ်နေမှာ)အဲဒါမျိုးတွေကလည်း တစ်လတစ်အုပ်နှုန်းနဲ့ ချီတက်ကြလျက်ပဲခင်ဗျ။ အငှားဆိုင်တွေမှာ နက္ခတ္တရောင်ခြည်နဲ့တန်းတူ ငှားကြရဆိုပဲ။

❑

ရသစာပေ ကျဆင်းနေပြီဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒီတစ်ခါတော့ ကဗျာနဲ့ ဝတ္ထုတိုကိုပဲ ဧောင်းပေးပြီးပြောနိုင်မှာပါ။ ကဗျာကတော့ ညီအစ်ကိုမသိတသိအချိန်မှာဆိုတော့ ထဲထဲဝင်ဝင် ဝိဝိပြင်ပြင် မပြောနိုင်သေးပါဘူး။ Online ကဗျာဆရာတွေရော၊ On Page ကဗျာဆရာတွေကိုရော ဝေဖန်ထောက်ပြဖို့ အချိန်မရောက်သေးပါဘူး။

ဒါပေမဲ့ အဲဒီကဗျာတွေကို ရွေးချယ်ဖော်ပြနေကြတဲ့ မဂ္ဂဇင်းအယ်ဒီတာတချို့ကိုတော့ ပြောချင်ပါတယ်။ အယ်ဒီတာအများစုဟာ ကဗျာတွေရော၊ ကဗျာဆရာတွေကိုပါ ကြောက်နေကြရှာပါတယ်။ အဓိကအချက်ကတော့ **ကဗျာတစ်ပုဒ်ကို မရွေးရင် 'မော်ဒန်ကဗျာ' ကို နားမလည်ဘူးလို့ အထင်ခံရမှာကြောက်နေကြလို့ပါပဲ။**

ဒီတော့တချို့မဂ္ဂဇင်းတွေမှာ ကဗျာ မထည့်ကြတော့ပါဘူး။ ကဗျာ နာတာပေါ့။ အဲဒီလိုပဲ စာရေးဆရာက အက်ဆေးလို့ပြောရင် အက်ဆေးလိုက်တာပါပဲ။ ဆောင်းပါးဆိုရင်လည်း ဆောင်းပါးလို့ ခေါင်းစဉ်တပ်ပေးနေကြရရှာတာပါပဲ။

❑

ဝတ္ထုတိုကတော့ ခေတ်အဆက်ဆက် ကောင်းခဲ့တာပါ။ ဒါပေမဲ့ အခုတော့ ပျက်ချင်ချင်ဖြစ်နေပြီဗျ။

၁၉၈၀ ကနေ ၁၉၉၀ အတွင်းမှာတော့ ကလောင်သစ်တွေနဲ့အတူ ဝတ္ထုတိုရွှေခေတ်လို့ ခေါ်ရတဲ့ခေတ်အထိ ရောက်ခဲ့ရဖူးပါတယ်။ ရှမဝ၊ မိုးဝေ၊ သဘင်၊ ပေဖူးလွှာနဲ့ မဟေသီမဂ္ဂဇင်းတွေမှာ လစဉ်ဝတ္ထုတိုကောင်းတွေဖတ်ရပါတယ်။

မြန်မာနိုင်ငံ ပညာရေး လောကမှာ ဆရာမျိုးဆက် ပြတ်နေသလို စာပေလောကမှာလည်း ရသစာရေးဆရာ မျိုးဆက် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေတာ ကြာပါပြီ စာဖတ်သူတွေဟာ စာတကယ် ကောင်းရင် ဖတ်ပါတယ်

ဝတ္ထုတိုပေါင်းချုပ်တွေကလည်း အပြိုင်အဆိုင် ထွက်ခဲ့ကြတာပါပဲ။

မှတ်မိသလောက်ပြောရရင် မြတ်သင်း၊ ဖေမြင့်၊ ဝင်းဖေ၊ မောင်ညီပြာ၊ ဆောင်းဝင်းလတ်၊ မောင်ဝဏ္ဏ၊ သုမောင်၊ မင်းလူ၊ လင်း(ဆေး-၁)၊ ပြေ(ဆေး-၂)၊ မောရူးဆိုး၊ ရဲဘုန်းခေါင်တို့နဲ့ မန္တလေးက ညီပုလေး၊ သိုက်ထွန်းသက်၊ ရဲသျှမ်း၊ ညီထွန်းလူ၊ ဂျိုးဇော်၊ စုထား၊ မေမောင်၊ မကို၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ ယဉ်ယဉ်နု(မန္တလေး)နဲ့ နှင်းဆီအောင်တို့ပါပဲ။ စာရေးသူရဲ့ မစေ့စပ်မှုကြောင့် ကျန်ရစ်ခဲ့တာတွေလည်း ရှိပါလိမ့်မယ်။

နောက်ပိုင်းမှာ အဲဒီဆရာ၊ ဆရာမတွေရဲ့ ဝတ္ထုတိုတွေပျောက်ကုန်ပါတယ်။ မရေးကြတော့လို့ပါ။ တစ်နည်းမရေးနိုင်ကြလို့ မရေးရဲကြလို့ပါ။

မရေးဖြစ်ကြတာကတော့ ပေးရမယ့်ဆင်ခြေက တော်တော်အောက်တန်းကျပါတယ်။ မြန်မာနိုင်ငံမှာ ကဗျာနဲ့ ဝတ္ထုတို စာမူခကို ကလေးမုန့်ဖိုးပေးသလောက်ပဲ ပေးကြတဲ့မဂ္ဂဇင်းတွေကြောင့်ပါ။ ဒါကြောင့် ဝတ္ထုတိုဆရာအများစုဟာ စာရေးဆရာတွေရဲ့ သရဲမြိုင်းဖြစ်တဲ့ အယ်ဒီတာစားပွဲကိုရောက်ကုန်ကြတယ်။ တချို့က နေ့စဉ် သို့မဟုတ် အပတ်စဉ် စာမူခမှန်မှန်ရတဲ့ သတင်းစာနဲ့ဂျာနယ်ဆောင်းပါးရှင်တွေဖြစ်ကုန်ကြတယ်။ တချို့က ဂျာနယ်ထုတ်ဝေသူတွေဖြစ်ကုန်တယ်။ ရသစာပေသမားတွေဆိုတော့ သူတို့ရဲ့ဂျာနယ်တွေကလည်း ကြာကြာမခံပါဘူး။ ပြုတ်ကုန်ကြတာပါပဲ။

မရေးနိုင်ကြတာကတော့ ဝမ်းစာလည်းကုန်၊ ခြေလည်းကုန်၊ လက်လည်းပန်းကုန်ကြလို့ပါ။ စားဝတ်နေရေးကလည်းတစ်ဖက်ဆိုတော့ **ကုန်သွားတဲ့ ဝမ်းစာကို ပြန်ဖြည့်ဖို့အချိန်ကလည်း ဆင်းရဲသွားလို့ပါ။**

တချို့ကတော့ နိုင်ငံခြားစာအုပ်တွေကို ဘာသာပြန်မှီငြမ်းပြီးတော့ တင်ကျမ်းတွေနဲ့ အလုပ်ဖြစ်သွားကြတယ်။ ဥပမာ **ဆရာဖေမြင့်**၊ အခုဆိုရင် ပိုတောင်ဆိုးဦးမယ်။ အချိန်အားမှာ မဟုတ်တော့ဘူး။ တိုင်းပြည်အတွက် ဝန်ကြီးတစ်ယောက်ရလိုက်ပေမဲ့ စာပေလောကအတွက်တော့ ရသစာရေးဆရာကောင်းတစ်ယောက် ဆုံးရှုံးလိုက်ရတာပါပဲ။

မရေးရဲကြတာကတော့ ဖတ်သူရေးသူတွေ ဝိုင်းချီးကျူးခဲ့ကြတဲ့ အရေးဝတ္ထုတိုတွေကို မမီတော့မှာစိုးပြီး မရေးကြတော့တာ။ ဥပမာ-**မြတ်သင်း မင်းသစ်။**

ဆရာမြတ်သင်း ဆိုတဲ့ ကျွန်တော့ငယ်သူငယ်ချင်းကြီး **ကိုမျိုးညွှန့်**လည်း **'နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဆိုရာဥပဒေခုံရုံးဥက္ကဋ္ဌ'** တဲ့ ခင်ဗျ။ Congratulations နဲ့ Sorry ကို တစ်ခြိုးတည်းပြောရမယ့်ပုံပါပဲ။

အဲဒါ စာရေးဆရာဟောင်းကျော် မျိုးဆက်ပြတ်ခြင်းပါပဲ။

ကဲ **ကျွန်တော်တို့ဘက်ကတာဝန်ကျေရဲ့လား။**

❑

www.burmeseclassic.com

www.burmeseclassic.com

မရေးနိုင်ကြတာ
ကတော့
ဝမ်းစာလည်း
ကုန်
ခြေလည်း
ကုန်
လက်လည်း
ပန်းကုန်ကြလို့ပါ
စားဝတ်နေရေး
ကလည်း
တစ်ဖက်ဆိုတော့
ကုန်သွားတဲ့
ဝမ်းစာကို
ပြန်ဖြည့်ဖို့
အချိန်ကလည်း
ဆင်းရဲသွားလို့ပါ

ဒါပေမဲ့ ကြာကြာမစောင့်လိုက်ရပါဘူး။ ကယ်တင်ရှင် ပေါ်လာပါတယ်။ ၁၉၈၉ တစ်ဝိုက်မှာ **ရွှေအမြွှေတော**မဂ္ဂဇင်း ထွက်လာပါတယ်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှာ အယ်ဒီတာချုပ် **ဆရာ ကိုဝင်းငြိမ်း**က **'ရွှေအသစ်'** ဆိုပြီး ကလောင်သစ်တွေကို တသီးတသန့် တစ်ကဏ္ဍ၊ တစ်နေရာပေးပြီး စင်တင်ပေးပါတယ်။ လာသမျှကို ဒိုင်ခံဖတ်ပေးရရှာသူက အစောပိုင်းမှာ **ကိုဦးဆွေ**နဲ့ နောက်ပိုင်းမှာ **မသီတာ(စမ်းချောင်း)**ပါ။ နောက်ဆုံးဆန်ခါတင်ရွေးတာက ဆရာဝင်းငြိမ်းပါ။

တစ်နိုင်ငံလုံးက ကလောင်သစ်လေးတွေဟာ အနှစ်နှစ်အလလ အောင့်အည်းမျိုသိပ်ထားရသမျှကို အိတ်သွန်းဖောက်ရေးကြပြီး ရွှေအမြွှေတောကို ပို့ကြတော့တာပါပဲ။ ဒိုင်ခံဖတ်ရရှာတဲ့ သီတာ(စမ်းချောင်း)ကိုတော့ သနားမိကြပါသေးတယ်။

ကျွန်တော်လည်း ၁၉၉၀-၉၁ ဘုန်းက **မင်းသစ်ဝတ္ထုတိုဆု** ဆိုပြီး ခါချဉ်က တောင်ကြီးဖြိုမယ့်အလုပ်လုပ်ခဲ့သေးတယ်ဗျ။ သုံးလပဲ လုပ်နိုင်တယ်ခင်ဗျ။ မောင်သစ်ဆင်း၊ မောင်စိမ်းနီနဲ့ ဆောင်ညိုပြာတို့ကို ဆုလည်းပေးပြီးရော ဖြိုသိမ်းလိုက်ရတာပါပဲ။ လစဉ်ထုတ်ဂျာနယ်တွေက ဝတ္ထုတိုတွေကို ကြာတော့ ကျွန်တော်တစ်ယောက်တည်း ဖတ်နိုင်တော့လို့ပါပဲ။ ဒါကြောင့် ရုက်သွားနဲ့ ရပ်လိုက်ရပါတယ်ခင်ဗျ။ ကိုယ်ဘိုင်မအောင်မြင်ခဲ့တဲ့အလုပ်မို့ ဆရာကိုဝင်းငြိမ်းသာမက ဆရာမ မသီတာ(စမ်းချောင်း)ကိုပါ ကျေးဇူးတင်ရတာပါ။

အဲဒီကဏ္ဍကို တာဝန်ယူတဲ့ အယ်ဒီတာနှစ်ယောက်ရဲ့အပင်ပန်းခံ အားထုတ်မှုနဲ့ စည်းစနစ်ကျနမှုကြောင့် ရဲရဲတောက် ကလောင်သစ်တွေပေါ်လာပါတယ်။ သူတို့ရဲ့လက်ရာတွေဟာ ကလောင်ဟောင်းတွေတောင် မှော်ကြည့်ရတဲ့အထိပါပဲ။

အဲဒါဟာ **အယ်ဒီတာကောင်းတွေ**ရဲ့စွမ်းဆောင်ရည်ကိုဖြတ်သန်းရခြင်းရဲ့ **အကျိုး**ရလဒ်ပဲ ဆိုတာ မီဒီယာပေါင်းစုံမှာ ရေးနေတဲ့ ကလောင်သစ်တွေ သတိထားစေချင်တယ်။

နောင်မှာ ဆရာဝင်းငြိမ်းရဲ့ အသက် ၆၀ ပြည့်ကစပြီး ကျင်းပတဲ့ ရွှေအမြွှေတော စာပေဆုပေးပွဲမှာ ရွှေအမြွှေတော အကောင်းဆုံးဝတ္ထုတိုဆုအပြင် ရွှေနှလုံးသားနဲ့ ရွှေအသစ် စတဲ့ ကလောင်သစ် ဝတ္ထုတိုဆုတွေကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်လာတော့ ကလောင်ဟောင်းရော၊ ကလောင်သစ်ပါကြိုးစားလာကြတယ်။ ဆယ်စုနှစ်တစ်စုနီးပါး ရွှေအမြွှေတော်ကို ထွက် ဝတ္ထုရေးဆရာ၊ ဆရာမတွေ လွမ်းမိုးနိုင်ခဲ့ကြပါတယ်။

ဆရာကိုဝင်းငြိမ်းဟာ ကျွန်တော့် ထက် အသက်အရွယ်ငယ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သုံးလပဲလုပ်ပြီး ဆက်မလုပ်နိုင်တဲ့ အဲဒီတာဝန်ကြီးကို နှစ်ပေါင်း ၂၀ နီးပါး ထမ်းဆောင်နေတာကတော့ လေးစားကြည်ညိုလို့ မဆုံးရလောက်အောင်ပါပဲ။

ဒါပေမဲ့ လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ် အတွင်းမှာတော့ အဲဒီ ရဲရဲတောက် ကလောင်လေးတွေဟာ လျော့ရိလျော့ရဲ ပျော့စိပျော့ဖပ် ဖြစ်လာကြပါတယ်။ ဘာကြောင့်လဲ။

၁။ ကျေနပ်ရောင့်ရဲသွားကြလို့ပါပဲ။

၂။ ဆရာသမားများရဲ့ကျေးဇူးကြောင့် ဝတ္ထုတိုရေးနည်း၊ နိဿရည်းသစ်ကို ရသွားကြလို့ပါပဲ။ ဒါပေမဲ့ အဲဒီအတတ်ပညာကို အလွယ်တကူ အသုံးချပြီး စက်နဲ့လှည့်ထုတ်သလို ရေးနေကြလို့ပါပဲ။

၃။ ကုန်သွားတဲ့ဝမ်းစာကို ပြန်မဖြည့်ကြလို့ပါပဲ။

၄။ ပထမအပုဒ်လောက် ဒုတိယအပုဒ်ကမကောင်းမှာ၊ အဆင့်မမီမှာကို ရှေးက ကလောင်ဟောင်းကြီးတွေလို မရှက်တတ်ကြလို့ပါပဲ။

၅။ စာတစ်ပုဒ်လောက် အချိန်ကျူးခံလိုက်ရတာနဲ့ **'ငါဟာ တစ်သက်လုံးစာရေးဆရာဖြစ်ဖို့'** လို့ ထင်သွားကြလို့ပါပဲ။

ဒါတွေအားလုံးဟာ ကာယကံရှင် ကိုယ်တိုင် ကိုယ့်အားကိုယ်ကိုးပြီး ပြင်ကြရမှာတွေပါ။

က၊ ကျွန်တော်တို့ဘက်ကရော တာဝန်ကျေရဲ့လား။ ဆက်ကောင်းမြဲ၊ ဆက်ကြိုးစားအားထုတ်ဆဲ ကလောင် **တစ်ပတ်ရစ်လေးတွေကိုတော့ ဆက်အားပေးရမှာပါ။ ကျွန်တော်က အများစုချွတ်ခြုံကျကုန်တာကို ပြောတာပါ။**

❑

ဆရာကိုဝင်းငြိမ်းခင်ဗျား၊ လိုအပ်ရင်တော့ **နှစ်ကြောင်းရေး တစ်ကြောင်းခြစ်** ရေးခဲ့သလို **သုံးကြောင်းရေး နှစ်ကြောင်းခြစ်** လို့ တစ်ပုဒ်လောက် ထပ်ရေးပြီး သွန်သင်ပဲ့ပြင်ပေးပါဦးဆရာ။

■

မင်းသစ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



မင်းဝန်းရောင်မြမ်းမှ ဒဏ်

၁။

'ထီ...ထီ'

'ထီ...ဗိန်...ထီ'

ရွာလေးရဲ့

အနောက်ပိုင်းဆီက

ပတ်မစမ်းသံဟာ

ဖိုးတင်ရဲ့စိတ်တွေကို

ရိုးတိုးရွတဖြစ်အောင်ပင်

အသံက လေနဲ့အတူ

လွင့်လာတယ်။

'ဟဲ့ မယ်ကျော့၊

ငါ ထမင်းမစားတော့ဘူး။

သွားတော့မယ်'

'အောင်မယ်လေး

ကိုဖိုးတင်ရယ်၊

ဆိုင်းက အဝင်ခြောတောင်

မခေါက်သေးဘူး။

ရှင့်နှယ်လည်း လောပ။

ကြားရတဲ့ အသံကဖြင့်

ပတ်စာထိုးပြီး

အသံစမ်းနေတာပါတော်'

မကျော့က မျက်စောင်း

တစ်ချက်ချီကာ

ခေါင်းကို ဆတ်ခနဲ

ပြန်လှည့်သွားတယ်။

'ဖြောင်ဝင် မဝင်ဝင်၊

ခေါက်ခေါက်

မခေါက်ခေါက်ဟာ

ငါ ကိုချစ်ပန်းတို့ကို

ဆိုင်းသေတ္တာတွေ

ကူသယ်ပေးမယ်

ပြောထားတာ။ အခုတော့

ပတ်မတောင် စမ်းနေပြီ။

အားနာစရာကွာ။

သွားပြီ ဟေ့...'

အဲလို ကိုဖိုးတင်က

ပြော ဖြေလေး ပြောပြီး

ဖုတ်ဖက်ခါ

ထွက်သွားလိုက်တာ

မယ်ကျော့ကိုတောင်

တစ်ချက်

လှည့်မကြည့်ဘူး။

'အဲဒီ ကိုဖိုးတင်က

www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး...ဖိုး
တင်ရယ် အတော် ကြီးပွား
ချမ်းသာဦးမယ့်ကောင်၊ နင်
တော့လား..."

ဆိုပြီး အပြေးတစ်ပိုင်းနဲ့
တဘက်ခေါင်းပေါ်တင်၊ ပြေး
လိုက်သွားလိုက်တာ မိညက်
တို့ လင်မယားလည်း အိပ်
ချင်စိတ်တွေ ဘယ်ရောက်လို့
ဘယ်ပေါက်မှန်းကို မသိ
တော့တာ။ ဇာတ်ကားမောင်း
သွားတဲ့ လမ်းတစ်လျှောက်
မှာတော့ ဖုန်လုံးကြီးတွေ
တလိမ့်လိမ့်။ ဒေါ်ကျောက်စိန်
ရင်ထဲမှာတော့ တဒိုမ့်ဒိုမ့်
ဘယ်နေပါ့မလဲလေ။ စိန်း
ဖောင်းသံတွေဟာ ဒေါ်ကျောက်
စိန်ရင်ထဲ မြင်းရိုင်း သုံးဆယ်
လောက် ဖြတ်ပြေးပုံ ထို
နောက်ခံတေးဂီတ အသော
နင် ပီးခတ်ပေးနေသလို ရေ
မှာပ။

❑

၃။

မျက်နှာပေါ်က ချေး
တွေကို တဘက်နဲ့ ခပ်မြန်မြန်
သုတ်ချလိုက်ပြီး ဒေါ်ကျောက်
စိန် ရင်ဘတ်ကို လက်နဲ့ ခေါ်
ဖွဖွ ဖိလိုက်တယ်။ အသက်
ရှူသံ ခပ်ပြင်းပြင်းဟာ နှစ်
ဆင်းကျလာတော့မှ...။

"ဖိုးတင်ရယ် နင် အဲ
ဇာတ်ထဲလိုက်ပြီး မင်းသား
လုပ်မလို့လား၊ ကားဆွဲလုပ်
မလို့လား။ ဟင် ပြောစမ်း
နင် တော်တော် အရူးထနေ
လား။ ငါတော့ သေတော
သေချင်တော့တယ်။ ငါလို
ခေါ်ရတဲ့ အကြောင်း
ဆောင်းမြေပဲ သွားနှတ်
နင့်အဖေသိလို့ကတော့ ထ
ပိုးကျည်းနဲ့ အော်ခံရ
အမယ်လေး ဇာတ်ကား

ဘယ်နယ်တော်
ခြေငြိမ်မလောလို့
မိန်းမပေးစား
လိုက်ပါတယ်
သင်းက
အသောက်
ကလေးပါ
ပါလာတယ်
သင်း
ငါ့အကြောင်း
ကောင်းကောင်း
သိရမှာပေါ့

ဇာတ်သမတွေနေတဲ့ အထဲ
သွားလိုက်၊ ခဏနေ ဇာတ်စင်
ရှေ့ ပြန်ရောက်လာလိုက်နဲ့
ရက်ကန်းလွန်းချည်သလို နေ
တော့တာ။ ဘယ်ဇာတ်က လူ
ရွှင်တော်နဲ့ ရင်းနှီးတယ်။
ဘယ်ဇာတ်က မင်းသမီးနဲ့
ခင်တယ်။ ဘယ်ဇာတ်က
ဇာတ်ဆရာက ဘယ်သူ။
ဘယ်ဇာတ်က ပြဇာတ်
ဒါရိုက်တာက ဘယ်ဝါ။ အဲ
သလို...အဲသလို...ဖိုးတင်
ဝါသနာက။ တစ်ခါက မြို့
တော် သဘင်ဆိုတဲ့ ဇာတ်
သူတို့ရွာ ဘုန်းကြီးပျံပွဲ လာက
တာ သုံးည၊ သုံးချီ။ နောက်

ဆုံးညကပြီး ဇာတ်ပစ္စည်း
တွေ ကားပေါ်တင်၊ ဇာတ်
ကားတွေ ရွာလယ်လမ်းက
ပြန်ချိန်အထိ ဖိုးတင် အိမ်ပြန်
ပေါ်မလာဘူး။ ဖိုးတင်အမေ
ဇာတ်ရုံလိုက်ကြည့်တော့ စမင်ပုံ
တထောင်းထောင်းနဲ့ နေရာ
ဦးကြတဲ့ အုတ်နီခဲအတုန်း
အရုံးတွေ၊ ဝါးငုတ်တွေ ဟို
နေရာတစ်တိုင်၊ ဒီနေရာ တစ်
တိုင်နဲ့ ရွာဆိုးရွာပျက်ကြီး
ပုံစံပဲ တွေ့လိုက်ရတယ်။
ဇာတ်စင်နဲ့ ဝါးသုံး၊ လေးပြန်
လောက်မှာ ကွမ်းရောင်းတဲ့
လင်မယား ကုလားသေ၊
ကုလားမော အိပ်နေကြတာ
တွေ့တော့တယ်။

"ဟဲ့...မိညက်...
ထပါဦးဟဲ့၊ ဖိုးတင်ကို ညက
မတွေ့လိုက်ဘူးလား။ ဇာတ်
ကားတောင် ပြန်သွားပြီ၊ ခုထိ
အိမ်မပြန်သေးလို့ဟဲ့"

"ဗျာ...ဗျာ...
ကြီးတော် မကျောက်စိန်...
ဖိုးတင်၊ ဘာ...ဘာ...ဖြစ်
တယ်"

မျက်လုံးနှစ်ဖက်ကို
လက်ဖမိုးနဲ့ ယောင်ယမ်းပွတ်
ပြီး ထ,လာတဲ့ လင်မယားက
လည်း အိပ်မှုန်စုံမွှား။ စကား
တွေက အငေါ့ငေါ့ အထစ်
ထစ်။

"ဖိုးတင်လား...ကျွန်
တော်ကို ပြောသွားတယ်။ သူ
ဇာတ်အဖွဲ့နဲ့ လိုက်သွားပြီတဲ့"

"ဘာ"

ဒေါ်ကျောက်စိန်ရဲ့
"ဘာ"ဆိုတဲ့ အာမေဋိတ်သံက
အတော် ကျယ်သွားပုံရတယ်။
အိပ်ရေးပျက် လင်မယား
နှစ်ယောက် နောက်ကို စွေ့ခနဲ
ခန္ဓာကိုယ်တွေက ယိုင်သွား
တယ်။

www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရတာ ဖတ်ဖတ်ကို မောသွားတာပဲ။ ကားက လမ်းကောင်းလို့ ဖြည်းဖြည်းမောင်းလို့သာ မိတာ။ သွားစမ်း၊ သောက်ရေတစ်ခွက်ခပ်ခဲ့'

တရစပ်ပြောနေတဲ့အမေ ဒေါ်ကျောက်စိန်ကို ကြည့်ပြီး ဖိုးတင်ပင် အတော်အောသွားပြီ။ ဖိုးတင်ကတော့ သူ့ခေါင်းလှမ်းလှမ်းကို ရောက်သွားပြီဖြစ်တဲ့ ဇာတ်ကားနှစ်စီးကို လှမ်းကြည့်နေခဲ့။ သင်းတော့ စိတ်ငြိမ်ဆေးကျွေးမှ ဖြစ်တော့မယ်ဆိုပြီး ဒေါ်ကျောက်စိန် စိတ်ထဲ တွေးမိတယ်။ ဘယ်ဆေးရယ်၊ ဘယ်ဝါးရယ်လို့ ဝေးဝေး ရွာစော မလိုပါဘူး။ မရွေးဖိုကို သာလာပြီး ကူညီ လှော်ခတ်ပေးနေတဲ့ မယ်ကျော့နဲ့ ပေးစားမှလို့ ဘဝင်ခွေ့မတတ် စိတ်ထဲက တွေးပြီး ပြုံးနေတော့တယ်။ ဒီကလေးမ သားက ရိုးရိုးအေးအေးဆိုပေမဲ့ ဖိုးတင်ကိုတော့ ထိန်းကျောင်းနိုင်ပုံ ပေါ်ပါတယ်ဟ။ သူ မနိုင်ဘူးဘဲ ထားဦး တို့လင်မယားလည်း သားသွားသေးတာမှ မဟုတ်ဘာဆိုပြီး သူ့ကိုယ်သူ အားပေးနေသေးရဲ့။ အဲဒီလောက် ချီးကျူးတဲ့ ဝိုးကို ဆေးခါးကြီး တိုက်ပစ်လိုက်မယ်ဆိုပြီး စိတ်ထဲက ကျိတ်ကြိုးဝါးနေတော့တယ်။ ဖိုးတင်ကတော့ နွားကျောနဲ့ ခြံပြင်ရောက်နေတာကြောင့် သူ့ပုလွေ ကျန်ခဲ့လို့ ချီးဦး နောက်တစ်ခေါက် ဆွဲဖို့ တက်ယူပါရော။ ဒေါ်ကျောက်စိန် ကတော့ အာဇာဖြန် အဲဒီပုလွေကို မီးရှို့ပစ်မယ်လို့ ကြိုးဝါးပြီး

မြို့ပေါ်မှာ ကနေတဲ့ ဇာတ်အဖွဲ့မှာ ငါအသိတွေရှိတယ် သွားနှုတ်ဆက် ဦးမယ် ဆိုပြီး သွားလိုက်တာ ကနားပွဲသာ ပြီးသွားတယ် သူက ပြန်ကို ပေါ်မလောတော့တာ အဲဒီကို မသွားခင် ကျွန်တော့်ကို စကား တစ်ခွန်းတော့ ပြောသွားသေးတယ် ငါက ဆိုင်းတီးချင်တာ မဟုတ်ဘူး၊ မင်းသား လုပ်ချင်တာတဲ့

မျက်စောင်းထိုး ကျန်ရစ်ခဲ့တော့တယ်။

❑

၄။

'ရွှဲကုန်သည်လာပြီ ဗျာ××× ခင်နှမတို့ ဆင်သဖွယ် ရှာ×××အသွင်လှတဲ့ရွှဲတွေပါ ဗျာ×××ကြိုက်တာကိုယူကြ ×××ခေါ်ရင်လာမယ်××× လာ...မယ်...ရွှဲသည်... ရွှဲသည်'

ထန်းရည်မူးလာတဲ့ ဖိုးတင်ဟာ သီချင်းကို ကပေါက်တီ ကပေါက်ချာ ဆိုပြီး အိမ်ထဲ ဒယီးဒယိုင် ဝင်လာတယ်။ လှေကားခြေရင်းမှာ တုတ်တစ်ချောင်းနဲ့ စောင့်နေတဲ့ ဒေါ်ကျောက်စိန်ကို မယ်ကျော့က အတင်းဆွဲနေရတယ်။

'ဘယ့်နယ်တော် ခြေငြိမ်မလားလို့ မိန်းမပေးစားလိုက်ပါတယ်၊ သင်းက အသောက်ကလေးပါ ပါလာတယ်။ သင်း ငါ့အကြောင်း ကောင်းကောင်းသိရမှာပေါ့' ဆိုပြီး ရိုက်မယ်ပြုမယ်လုပ်တော့ မယား မယ်ကျော့လည်း မနေသာ ဝင်ဆွဲရတော့တာပဲ။ ဖိုးတင်က အဲလို ဝါသနာကြီးတာ။ ဘယ်လိုမှ မတတ် နိုင်တဲ့ အဆုံး ဒေါ်ကျောက်စိန် သူ့ယောကျ်ားနဲ့ တိုင်ပင်ပြီး ဆိုင်းတစ်ခြမ်း ထောင်ပေးလိုက်တော့တယ်။ အဲဒီခေတ်က တစ်ရွာတစ်ဆိုင်းဆိုသလို ရှိကြတာကိုး။ ဒေါ်ကျောက်စိန်တို့ ရွာမှာသာ ဆိုင်းဝိုင်းကြီး မပြောနဲ့၊ တစ်ခြမ်းပဲ ဆိုင်းတောင် မရှိတာလေ။ ဖိုးတင်ကို စိတ်ငြိမ်ဆေးအဖြစ် မယ်ကျော့နဲ့ ပေးစားလိုက်တော့လည်း မထူးရေးချ မထူး။ ဆိုတော့ကာ ရွာမှာလည်း သာရေး၊ နာရေးဆို တခြားရွာက ဆိုင်းပဲ အားကိုးနေရတာဆိုတော့ ရှိတဲ့ ရွှေတိုရွှေစလေးတွေ ရောင်းချပြီး ဆိုင်းတစ်ခြမ်း ထောင်ပေးလိုက်တယ်။ ပတ်မ၊ စခွန်၊ ခြောက်လုံးပတ်ရယ်၊ ကြေးဝိုင်း တစ်ဝိုင်းရယ်၊ စည်တိုသုံးလုံးရယ်၊ နဲ့ရယ်၊ စည်းဝါးရယ်ဆိုတော့ ဆိုင်းတစ်ခြမ်းစာ ဖြစ်သွားရော။ ဒယောက်စာဆို အလုပ်ဖြစ်သွားရော။ ဆိုင်းတစ်ခြမ်း ရင်းနှီးပေးလိုက်တဲ့နေ့ကစလို့ ပွဲငှားမရသေးဘူး၊ မိဘရဲ့လယ်ယာ ကိုင်းချောင်းကို လှည့်မကြည့်တာကဘဲ တစ်လတိတိကြာသွားတယ်။ ဆိုင်းတိုက်တာကတစ်မျိုး၊ ဆိုင်းကျင့်တာက တစ်ဖုံနဲ့ဆိုတော့ ရွာကလေးကတော့ စည်စည်ကိုဝေလို့။ ဟော... ပွဲငှားဆိုင်း ငှားရမယ်ဆိုတော့ ဖိုးတင်တို့ရွာနဲ့ ခုနစ်မိုင်လောက်ဝေးတဲ့ ပေကုန်းရွာမှာ။ တီးရမယ့်ပွဲက နတ်ကနားပွဲ။ ပွဲနေ့ထက် တစ်ရက်ဦးအောင် လှည်းတွေနဲ့ ဆိုင်းတွေ လာသယ်ကြတော့ ဖိုးတင့်မျက်နှာ တပြုံးပြုံးနဲ့ မှိုရတဲ့ မျက်နှာဆိုတာ ဖိုးတင်မျက်ခွက်သာ ကြည့်တော့လို့ အမေကျောက်စိန် ပြောယူရတဲ့အထိ ဆိုပါတော့။

❑

၅။

ကနားပွဲ ၃ ရက်။ ၄ ရက်မြောက်နေ့မှာတော့ ရွာကို ဆိုင်းပစ္စည်းတွေနဲ့ သူ့အဖွဲ့ကိုလှမောင်တို့ပဲ ရောက်လာကြတယ်။ ဒေါ်ကျောက်စိန်က လှည်းတွေနောက် မျှော်ကြည့်လိုက်ပေမဲ့ ဖိုးတင်ကို မမြင်ရတော့ စိတ်ထဲ စိုးရိမ်လာတယ်။

'ဟဲ့ ...လှမောင်၊ ဖိုးတင်ရော'

ပတ်မတီး လှမောင်လည်း မျက်နှာက မရိုးမရွဲ့ အောက်ချလို့-

'ဒွေးလေး ကျောက်စိန်ရေ...ပြော မပြောချင်တော့ ပါဘူး။ နတ်ကနားပွဲဆိုတော့ ညဘက်နားတယ်လေ။ အဲဒါနဲ့ မြို့ပေါ်မှာ က,နေတဲ့ ဇာတ်အဖွဲ့မှာ ငါ့အသိတွေရှိတယ်။ သွားနှုတ်ဆက်ဦးမယ်လို့ပြီး

www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်တာ ကနားပွဲသာ ပြီးသွားတယ် သူက ပြန်ကို ပေါ်မလာတော့တာ။ အဲဒီကို မသွားခင် ကျွန်တော့်ကို စကားတစ်ခွန်းတော့ ပြော သွားသေးတယ်။ ငါက ဆိုင်းတီးချင်တာ မဟုတ်ဘူး၊ မင်းသားလုပ်ချင်တာတဲ့'

ပတ်မတီး ကိုလှမောင်ရဲ့ စကားလည်းဆုံးရော ဒေါ်ကျော်စိန်ရဲ့ ငိုကြီးချက်မ အသံဟာ ဓယင်ကျူးမင်းသမီး မာမာခင်ကတောင် အရှုံးပေးရမလောက်ပဲလို့ အနီးအနားက လူတွေက တီးတိုး ရေရွတ်နေကြတော့တယ်။

'အမယ် လေး . . . မယ်ကျော့ရဲ့ . . . နင့်ယောကျ်ားဖိုးတင်က နင့်ကို ဗိုက်တစ်လုံးနဲ့ ထားခဲ့ပြီပေါ့။ သင်းက လက်စသတ်တော့ မင်းသားရူး ရူးနေတာကိုး။ သင်းတစ်နေ့တော့ ဒုက္ခရောက်မယ်။ အမယ် လေး . . . ဟီး . . . ဟီး . . . ရွတ်'

ဒေါ်ကျောက်စိန်ရဲ့ ကျောပြင်ကို ပွတ်ပြီး အားပေး နှစ်သိမ့်သူက ဖိုးတင့်အဖေ လူရိုးကြီး။

'သူ့လမ်းသူ သွားတာပဲကွာ' ဆိုပြီး အံကြိတ်နေရှာတယ်။ မယ်ကျော့ကတော့ တဘက်ကလေးနဲ့ မျက်ရည်စတွေ သိမ်းသိမ်းနေလေရဲ့။

'နင်ဟာ ငါ့သားနဲ့ရတော့ ငါ့သမီးပဲ၊ ဒီမှာပဲနေ။ ငါ့မြေးကို ငါကိုယ်တိုင်ပဲ ပြုစုမယ်၊ ကြားလား မယ်ကျော့'

ငိုလက်စ ခဏရပ်လို့ အသံခပ်ပြတ်ပြတ်နဲ့ မယ်ကျော့ကို သတိပေးတယ်။ မယ်ကျော့ကတော့ အဖေတို့

သားတော်မောင်က ပါးစပ်က အဆက်မပြတ် ရွတ်လာတဲ့ အသံလက်နှစ်ဖက်ကို ပေါင်တံလေး နှစ်ဖက်အပေါ် ယားလို့ ကုတ်သလိုမျိုး အပေါ်ယူလိုက် အောက်ကို ချလိုက်နဲ့ ခေါင်းတညိတ်ညိတ် လုပ်လာတဲ့ ဟန်ပန်ကတော့ မယ်ကျော့ကို မျက်ဖြူကြီးလန်ပြီး ထိုင်ရာကနေ ခေါက်ခနဲ လဲကျသွားအောင် ဖန်တီး လိုက်ပါတော့တယ်

အမေတို့ စီမံတဲ့အတိုင်းပဲ ဆိုပြီး ရှိက်ရှိက်ငိုနေလေရဲ့။ အိမ်နီးချင်းတွေကတော့ စိတ်မကောင်းဖြစ်တာကလွဲလို့ ဘာကူညီနိုင်တာရှိမလဲလေ။ သူ့အိမ်ကိုယ့်အိမ် အလျှိုလျှို ပြန်သွားကြတော့တယ်။ လူရိုးကြီး ဖိုးတင့်အဖေကတော့ ဆိုင်းသေတ္တာ လေး၊ ငါးလုံး အထပ်လိုက်ကြီးကို ဓာတ်ဆီလောင်းပြီး ပြာပုံဘဝ ရောက်အောင် လုပ်လိမ့်မယ်လို့ ရွာကလူတွေ ထင်မထားကြဘူး။ ဒါပေမဲ့ ဖိုးတင်တို့ နေတဲ့ ရွာမှာ နှစ်လလောက် ဆိုင်းတစ်ခြမ်းထောင်ပြီး နောက်သုံးလမြောက်မှာ ဆိုင်းတစ်ခြမ်း ပြာပုံဘဝ ရောက်သွားတယ်ဆိုတာ အစဉ်အဆက် ပြောစမှတ် တွင်ခဲ့ပါတော့တယ်။

❑

၆။

ဒေါ်ကျောက်စိန်ကတော့ မိုင်ပေါင်းများစွာဝေးတဲ့ ဖိုးတင်ရှိတဲ့ နေရာကို မလိုက်နိုင်သလို ဖိုးတင်ကလည်း ရွာကို ခြေဦးတောင် မလှည့်တာ ၅ နှစ်လောက်ပင် ကြာခဲ့ရပြီ။ ရိုးမခြေရင်းက လှည်းလမ်းဆုံး၊ လှေလမ်းဆုံး ရွာဆိုတော့ သူတို့ရဲ့ မြို့ငယ်လေးကိုပင် မရောက်တာကြာပြီ။ ဖိုးတင် နေတဲ့ မြို့ကြီးဆိုတာ သူတို့အဖို့တော့ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလိုပ။ ဖိုးတင်တစ်ယောက် မင်းသားဖြစ်ပြီး ဆိုင်းသမားသမီးနဲ့ ညားတယ်လို့လည်း နားစွန်နားဖျား ကြားမိပါရဲ့။ သူ့သွေးသားကို တောင်ယောကျ်ားလား၊ မိန်းမလား၊ ဖြူသလား၊ မည်းသလား သိချင်တဲ့စိတ် မရှိသူဟာ အနုပညာကိုချစ်တဲ့ အနုပညာသမားတဲ့လား။ အဲ့ဩမိပါရဲ့လို့ ဒေါ်ကျောက်စိန်ကတော့ မြေးငယ်ကို မြူတိုင်း၊ ချော့တိုင်း တွေးမိနေတော့တယ်။ မြေးငယ်လေး ၅ နှစ်တင်းတင်း ပြည့်တဲ့နေ့မှာ ရွာကို မြို့ပေါ်က စာတစ်စောင် ရောက်လာပါတယ်။ အနုပညာသမားကြီး၊ ဓာတ်မင်းသားကြီး သားတော်မောင် ဖိုးတင် ဆုံးရှာပြီတဲ့။ ဘယ်လောက်ပဲ မုန်းမုန်း၊ ဘယ်လောက်ပဲ ဒေါသတွေ ဖြစ်ခဲ့ဖြစ်ခဲ့ ဖိုးတင်ဟာ ဒေါ်ကျောက်စိန်ရဲ့ ရင်နှစ်သည်းချာပဲ မဟုတ်လား။ စာကို ကောက်ဖတ်ပြီး ပုံ့ခနဲ လဲကျသွားတဲ့ ဒေါ်ကျောက်စိန်ကို သတိပြန်လည်လာအောင် မနည်းလုပ်ယူလိုက်ကြရတယ်။ ဖိုးတင့်အဖေကတော့ အံကြိတ်ကြိတ်လို့။ မယ်ကျော့မှာတော့ အချိန်ရဲ့ တိုက်စားမှုကြောင့် လားတော့မသိ၊ မျက်ရည်ကို စရာပင် မရှိတော့။

❑

၇။

အချိန်တွေ ကုစားသွားတော့ ဖိုးတင်ဟာ မယ်ကျော့အတွေးထဲမှာ မရှိတော့။ သူထားရစ်ခဲ့တဲ့ ရင်သွေးလေးကိုသာ ငယ်ကတည်းက ပြုပြင် သွန်သင်ရမယ်ဆိုတာကိုပဲ မယ်ကျော့ခေါင်းထဲမှာ ထည့်ထားလိုက်တော့တယ်။ ဟော . . . သားတော်မောင်တောင် ကျောင်းဆင်းလာပဲ။ ခြံဝင်းထဲ ဝင်လာတဲ့ သားတော်မောင်က ပါးစပ်က အဆက်မပြတ် ရွတ်လာတဲ့ အသံ၊ လက်နှစ်ဖက်အပေါ် ပေါင်တံလေး နှစ်ဖက်အပေါ် ယားလို့ကုတ်သလိုမျိုး အပေါ်ယူလိုက်၊ အောက်ကိုချလိုက်၊ ခေါင်းတညိတ်ညိတ် လုပ်လာတဲ့ ဟန်ပန်ကတော့ မယ်ကျော့ကို မျက်ဖြူကြီးလန်ပြီး ထိုင်ရာကနေ ခေါက်ခနဲ လဲကျသွားအောင် ဖန်တီး လိုက်ပါတော့တယ်။

ရို့ × × × ရို့ × × × ဒန်း ဝယ်တယ် × × × ကြေးတွေ တယ် × × × ရို့ × × × ဒန်း ဝယ်တယ် . . . ကြေးတွေ တယ် × × × ရို့ × × × ရို့ "ရို့ ရို့ × × × ရို့"။

မင်းတုန်း ဒေါင်စိမ်း

www.burmeseclassic.com

www.burmeseclassic.com

"သမီး...အမေတို့မှာ
ရွေးချယ်စရာ
လမ်းမရှိတော့ဘူး။
သမီး လက်ထပ်ပြီး
ကလေးမွေးပြီးရင်
မြန်မာပြည်
ပြန်လာရမှာပဲ။
အဲဒီအချိန်မှာ
သမီးမှာလည်း
ရွှေငွေအပြည့်ပါလာရင်
အမေတို့ လှည်းကူးမှာ
မျက်နှာပန်းလှပြီပေါ့
သမီးရယ်။
သမီး ဒီမှာနေရ
တစ်နှစ် နှစ်နှစ်ပါပဲ။
အမေလည်း
လာဦးမှာပဲလေ"
အေးခိုင် ငိုချင်လာသည်။
အပျိုဖြစ်သည်မှာ
တစ်နှစ်ပင် မပြည့်သေး။
ဘွားလေး ပြောဖူးသော
ငယ်ငယ်လေးနှင့်
အိမ်ထောင်ပြုလျှင်
"ဘုးသီးနုနု အမွှေးသတ်"
သည်နှင့်
အတူတူပဲဆိုသည့်စကား
ကြားယောင်လာသော်လည်း
တတ်သာသည့်အဆုံး
ဘဝ၏
ခါးသီးသောရပ်ဝန်းမှ
ရုန်းထွက်ဖို့
အေးခိုင်
သဘောတူလိုက်ရ
တော့သည်။



လောဘပင်လယ်ထဲက သောကလှေငယ်လေးများ

နိုနိုနိုင်၊သထုံ၊

ရှုဝံစာပေက ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က
အမောင်တွေ၏
အစောဆုံးအချိန်မှ
အမေ
ပြန်လာသည်
သွေးစအချို့
စွန်းပေနေသော
မျက်နှာမှာ
ဘူးရောင်နေ၏
ငိုရိုက်ထားသော
မျက်လုံးတို့မှာ
နီရဲမို့အစ်နေသည်
ဖယောင်းတိုင်
အလင်းရောင်
မှုန်မှုန်အောက်မှ
အမေ့မျက်ဝန်း
တို့မှာ
ယူကျုံးမရသော
နောင်တ ရိပ်ငွေ့
ကယ်ကူရာမဲ့သော
ထိတ်လန့်အားငယ်
ဝမ်းနည်းရိပ်ငွေ့
အခြားသော
သူမ
နားမလည်နိုင်သော
အရိပ်အမြွက်တို့
မြည့်နက်
ရိပ်ငေနေသည်

ထိုမင်းပေါင်းအိုးပလတ်ကို
ထိုးသွင်းလိုက်စဉ်မှာပဲ
မီးက ဖျတ်ခနဲ ပြတ်သွားသည်။
သံကြင်းမောကို ခပ်ပြင်းပြင်း
ချမိရင်း ဒီနေ့အဖို့ ညစာ ငတ်ပြီ
ဆိုတာ နားလည်လိုက်သည်။
အချိန်ပို ဆင်းရဲ၍ နောက်ကျမှ
ပြန်ရသော ရက်များသည်
အများအားဖြင့် ညစာ မစားဖြစ်။
ဗိုက်ထဲမှ အသံဗလံ ပေါင်းစုံတို့ကို
ရေတစ်ခွက် မော့သောက်ပြီး
ငြိမ်သက်စေလိုက်သည်။
ဒီအချိန်ကြီးမှ အပြင်ထွက်
ဝယ်စားဖို့လည်း မဖြစ်နိုင်တော့။
ညကိုးနာရီ၊ ဆယ်နာရီဆိုလျှင်
မိန်းမပျိုတစ်ယောက်အတွက်
လမ်းထွက်ရန် မသင့်တော်
တော့သော ရန်ကုန်မြို့ကြီး၏
ဆင်ခြေဖုံးတစ်နေရာမှ
အထည်ချုပ်စက်ရုံမှာ
အခြေချနေခဲ့မိခြင်းကိုသာ
အပြစ်တင်ရုံ။
တစ်ခါတစ်ရံ အပြစ်မဲ့သော
လောကကြီးကိုသာ အငြိုးထား
တိုင်တည်ချင်လှသည်။
အရိုးသားဆုံး ကြိုးစား
ရှင်သန်မှုတိုင်းသည်
အဆင်မပြေမှုများနှင့်သာ
ဖွဲ့စည်း
ထားလေသလား။
အရွဲတိုက် ရှင်သန်ပစ်ဖို့
စိတ်ရိုင်းတွေ ဝင်လာတိုင်း
ဆားထုင်း၍ သတ်ဖြတ်ခဲ့ရသော
နေ့ရက်များသည် သူမ၏
သက်တမ်းတစ်ဝက်နီးပါး ရှိခဲ့ပြီ။
သူမဘဝသည် အနိမ့်ဆုံး
အဆင့်သာဖြစ်စေ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရိုးသားဖြောင့်မတ်စွာ ကြိုးစား ရှင်သန်နေခဲ့ရခြင်းဖြင့် သူမ ဘာသာ ဂုဏ်ယူချင်၊ လိပ်ပြာ လုံချင်သေးသည်။ ဒီအတွက် ပေးဆပ်နေရသော ပင်ပန်းခြင်း များကို မသိကျိုးကျွံနှိပ်စီးခံရ မည်သာ။

သူမဘဝတွင် ရိုးသားမှု နှင့် မလုပ်ခဲ့ဖူးသော အလုပ် ဟူ၍ မရှိ။ ပညာမတတ်သော သူမအတွက် အလုပ်ဆိုသည် မှာ ကာယစွမ်းအားတစ်ခုသာ ရှိပါသည်။ ဈေးရောင်းကြည့် သည်။ အရင်းအနှီးမရှိ၊ အမြတ် များများမတင်၊ အတွက်အချက် မကျွမ်းကျင်၊ အလေးခိုးဖို့ရန် လိပ်ပြာမလုံ စွာနှင့် သူမ၏ဈေးရောင်း ခြင်းသည် ဖူလုံအောင် မဖြည့် ဆည်းနိုင်ခဲ့။ ပန်းရန်သမ လုပ်ကြည့်သည်။ သူမ ပိုင် ဆိုင်သော တစ်ခုတည်းသော အဖိုးတန် ခန္ဓာကိုယ်လေးကို မစွန့်လွှတ်နိုင်သောကြောင့် အလုပ်တွင် ပို၍ ပင်ပန်းဆင်း ရဲခဲ့ရပြီး အတိုက်အခိုက်များ ကြားတွင် သူမသည်သာ စုန်းပြုံးတစ်ယောက် ဖြစ်ခဲ့ရ သည်။ အခြားသော လက်မှု အတတ်ပညာ သင်ဖို့ရာလည်း အခြေအနေ မပေးခဲ့သည်မှာ သူမဘဝ၏ ကုသိုလ်ကံသာ။ အမေ့ကို ကလေးငါးယောက် နှင့်ထားခဲ့ပြီး လူလောကမှ စွန့်ခွာသွားသော အဖေ့ဆီသို့ လည်း မြည်တမ်း တိုင်တည် မနေချင်တော့ပါ။ တကယ်ဆို လျှင် စောစီးစွာ ဝင့်ကျွတ် သွားခဲ့ခြင်းပေလား။ အသက် ရှင်နေထိုင် ကျန်ရစ်ခဲ့သော သူမတို့ ဘဝသည် ပင်ပန်း ဆင်းရဲ နာကျင်မှုများနှင့် တည် ဆောက် နေ ရ ဆဲ ။

မိခင်တစ်ယောက် အနေနှင့် သူတတ်နိုင်သည့် လမ်းလေးမှ အမြင့်သို့ ရောက်အောင် တွန်းတင်ရှာသော အမွေစေတနာကို နားလည်မိပေမဲ့ သူမသည် အမွေအတွက် ထီးတစ်လက်တော့ ဖြစ်ချင်သေးသည် အရိုးသားဆုံးသော အင်အားများနှင့် လောကဓံကို စိန်ခေါ်၍ အမွေအတွက် မတ်မတ် ရပ်တည်နိုင်ဖို့ ဆုံးဖြတ်ချက်သည် များ၏ ဆို လျှင်လည်း. . .

ရုန်းကန်နေရဆဲ။ ဘာအတွက် ကြောင့် လူလောကဆီသို့ ရောက်လာခဲ့ရသည် ဆိုတာ ကို အကြိမ်ကြိမ် အဖြေရှာနေ ဆဲ။ တစ်နေ့နေ့တွင် တွေ့လိမ့် နိုးနိုးနှင့် မျှော်လင့်ရင်း လမ်း ဆက်လျှောက်နေဆဲ။ သူမ၏ ခြေဖဝါးတို့သည် ကြမ်းရှ မာကျောနေခဲ့ပြီ။

❑

'သမီး ဆန်ဝယ်ပြီး ထမင်းအိုး တည်ထားလိုက်။ ကလေးတွေကိုလည်း သေချာ ကြည့်ထားနော်' ဟု ဆို၍ လက်ထဲကို ပိုက်ဆံအချို့ ထိုး ပေးပြီး အမှောင်ထဲသို့ ခပ် သုတ်သုတ် တိုးဝင်သွား တတ်သော အမေ့အား ထိုစဉ် တွေက နားမလည်နိုင်ခဲ့။ ထမင်းအိုးတစ်လုံး တည်ပြီး တော်တော် မှောင်သည့်အထိ စောင့်နေခဲ့ရသော နေ့ရက်များ ကို ပြန်သတိမရချင်။ ဟင်း ထုပ်လေး ဆွဲပြီး နွမ်းလျစွာ ပြန်လာသော အမေ့ကို ရင်ထဲ မှာသာ ကြောဖြစ်သော စကား လုံးတို့ လည်ချောင်းဝတွင် ပျောက်ဆုံးခဲ့တာ အခါခါ။ ဝိုးတဝါး ရိပ်မိလာသလို ရှိ လာစဉ် ထမင်းစားတိုင်း ပါး ပါးမှ လျောခနဲ ကျသွားတတ် သည့် မျက်ရည်စက်များသည် ဗီတာမင်များအဖြစ် သူမကို အာဟာရဓာတ်များဖြည့်တင်း ပေးနေသယောင်။ ဟိုးအရင် အိမ်ပေါင်းစုံလှည့် အဝတ် လျှော်သောအလုပ် လုပ်ခဲ့ပေမဲ့ ရေထိတိုင်း နေမကောင်းဖြစ် ၍ကုန်သည့်ဆေးဖိုးနှင့် မကာမိ။ ရေကိုင်စရာ မလိုတော့သော အလုပ်တစ်ခုတွင် အမေ ပျော် ဝင်သွားခဲ့တာ သူမတို့အတွက် ပါလားလို့ နားလည်မိတိုင်း ရင်ကို ဓားထက်ထက်နှင့် ထိုးခွဲသလို နာကျင်လှသည်။ အမေ...အမှောင်ထဲ မသွား ပါနဲ့လို့ အကြိမ်ကြိမ် ရေရွတ် ရင်း အမှောင်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားတတ်သည့် အမေ့ကျောပြင်လေးကို ငေး ကြည့်နေခဲ့ရသည့် နေ့စွဲများ။ သူမဘဝထဲမှ ထိုနေ့စွဲများကို ဓားနှင့် လှီးထုတ်ပစ်ချင်လှ ပါသည်။

❑

တစ်နေ့။

သူမ လူလောကကြီးနှင့် စတင် ရင်ဆိုင်ခွင့် မတိုင်မီ တစ်နေ့။ ထိုနေ့က အမှောင် တွေ၏ အစောဆုံးအချိန်မှာ အမေ ပြန်လာသည်။ သွေး အချို့ စွန်းပေနေသော မျက်နှာ မှာ ဖူးရောင်နေ၏။ ငိုရှိုက် ထားသော မျက်လုံးတို့မှာ နီရဲ မို့အစ်နေသည်။ ဖယောင်း တိုင်အလင်းရောင် မှုန်မှုန် အောက်မှ အမေ့မျက်ဝန်းတို့ မှာ ယူကျုံးမရသော နောင်တ ရိပ်တွေ၊ ကယ်ကူရာမဲ့သော ထိတ်လန့်အားငယ် ဝမ်းနည်း ရိပ်တွေ၊ အခြားသော သူမ နားမလည်နိုင်သည့် အရိုး အမျိုးမျိုးတို့ ပြည့်နှက်ရီဝေ နေသည်။

သူမ ဘဝတွင် တစ်ခါ မှ မကြားခဲ့ဖူးသော နူးညံ့ တိုးတိတ် ညင်သာစွာခြင့် သူမ ပါးပြင်လေးကို ခပ်ဖွဖွ ကိုင်ကာ-

"အမေ့ သမီး တောင် အရွယ်ရောက်လာပြီ ပဲ' ဟု ခပ်တိုးတိုး ရေရွတ်သည်။ တစ်စုံတစ်ရာကို တေးတေး တွေးမိသော လည်း အမေ့ကို ထုတ်မေး ရက်ခဲ့ပါ။ သူမ ရင်ထဲတွင် လည်း ဆို့နှင့် ကြေကွဲသည်။ ထို့နောက်မှာတော့ အမေသည် စကားတစ်ခွန်း မဟတော့ဘဲ အိပ်ရာဝင်သွား ခဲ့ပါသည်။ မြက်ခြောက် တွေ၊ ဖုန်မှုန့်တွေ၊ သဲ ကပ်ငြိနေသော အမေ့ ပြင်လေး တသိမ့်သိမ့် တုန် သည်ကို သူမ မျက် အပြည့်နှင့် ယနေ့တိုင် ယောင်နေဆဲ။

နောက်တစ်နေ့ မနက် တော့ အမေသည် လောကကြီးနှင့် အရိုး ရင်ဆိုင်ရန် ကတိအ တောင်း၍ သူ့အား

www.burmeseclassic.com

www.burmeseclassic.com

သစ်သို့ စေလွှတ်လိုက်ပါသည်။ အနီ လောကသစ်သည် သူမအား မရဏာမင်း ထံသို့ ဆောင်နှင်းသွားမည့် ခြေလှမ်းအစဆိုတာ အမေ့ခမျာ မရိပ်မိခဲ့ရှာပါ။

သီလရှင် ဆရာကြီး တစ်ပါး၏ အကူအညီနှင့် သူမ ရန်ကုန်မြေသို့ ခြေချခဲ့ရပါသည်။ သာသနာ့ဘောင်သို့ ဝင်ရောက်ရန် ဆရာကြီး၏ တိုက်တွန်းချက်ကို သူမ ခါးသီးစွာ ငြင်းဆန်ခဲ့သည်။ အမေ့ကို အမှောင်ထဲမှ ဆွဲထုတ်ရန် ရည်ရွယ်ရင်း အမေ၏ မျှော်လင့်ချက် အားအင် ဖြစ်ချင်သေးသည်။ သူမ တစ်ယောက်တည်း တစ်ကိုယ်ကောင်းဆန်စွာ အေးချမ်းသော လမ်းပေါ်သို့ မလျှောက်လှမ်းလိုပါ။ အမေ့ကို ဘဝ အမောတွေကြားမှ ဆယ်ယူထိုသည်။ အမေ့မျက်နှာလေး အေးချမ်းစွာ ပြုံးနေတာကို ခြင်ချင်သေးသည်။ သာသနာ့ဘောင်သို့ မဝင်လိုဟု သိသွားသော အမေခမျာ ရန်ကုန်ထိုက်လာ၍ သူမကို ထုရိုက်ငိုကြွေးရှာသည်။ နှမြောအား ယူကျုံးမရစွာနှင့် ဖွဲ့ခွဲ့ဆုံးမတတ်ရှာသော အမေ့ကို "ငါလို မဖြစ်စေချင်လို့" ဆိုသော စကားတစ်ခွန်းကိုသာ ခွင့်တွင် ဆိုညည်းရှာသည်။

မီခင် တစ်ယောက်အနှင့် သူတတ်နိုင်သည်လေးမှ အမြင့်သို့ ရောက်အောင် တွန်းတင်ရှာသော အစ်စေတနာကို နားလည်မိခဲ့ သူမသည် အမေ့အတွက် တစ်လက်တော့ ဖြစ်ချင်သေးသည်။ အရိုးသားဆုံးသော အင်အားများနှင့် လောကဓံကို စိန်ခေါ်၍ အမေ့အတွက် မတ်မတ် ရပ်တည်နိုင်ဖို့ ဆုံးဖြတ်ချက်သည် မှား၏ ဆိုလျှင်လည်း...။

❑

တကယ်တမ်း ထင်သလောက် မလွယ်ကူသော လောကကြီးသည် ကြွက်တစ်ကောင်ကို ကျီစယ်နေသော ကြောင်အလား။ အနိမ့်အမြင့် မညီသော လမ်းတစ်လျှောက်တွင် သူမ အခါခါ ပြုံလဲခဲ့သည်။ လောကကြီးမှ ပေးသော ဒဏ်ရာဒဏ်ချက်မျိုးစုံတို့ကို သူမ မမှုပါ။ အမေ့ဘဝလေး အမှောင်ထဲမှ လွတ်မြောက်၍ အေးချမ်းစွာ ရပ်တည်သွားနိုင်တာ တစ်ခုတည်းနှင့် သူမ ဖြေသိမ့်နိုင်ပါသည်။ ထိုအင်အားနှင့် အရာရာကို ရင်ဆိုင်ရန် သတ္တိတို့ ပြည့်နှက်နေ၏။ ဒါပေမဲ့ သူမဟာ ကြွက်တစ်ကောင် ဖြစ်နေခဲ့ပြီး ကံကြမ္မာဆိုတာ ကြောင်တစ်ကောင်ပါလားဟု အလန့်တကြား သိလိုက်ရချိန်မှာတော့...။

"သားအိမ်ထဲမှာ အလုံးတွေ့လို့ ဆေးရုံ တက်ခွဲရမယ်တဲ့။ အမြန်ဆုံးခွဲတာ ကောင်းတယ်လို့တော့ ဆရာဝန်က ပြောတာပဲ"

တရှောင်ရှောင် ဖြစ်နေတာ ကြာပြီဖြစ်သော အမေ့စကားသံမှာ တိုးဖျော့နေသည်။ အားနာသော၊ မဝံ့မရဲ မျှော်လင့်နေရှာသော မျက်ဝန်းများက သူမရင်ကို အရှိန်ပြင်းပြင်းနှင့် ဆောင့်တွန်းလိုက်သည်။ ခေါင်းထဲမှာ အချက်ပေးသံတို့ ဆူညံသွားသည်။ သူမ၏ အထည်ချုပ် လစာလေးသည် သူမကို လှောင်ပြောင်ပြနေသလို။ အမေ့ကို အဆုံးရှုံး မခံနိုင်သေးပါ။

"မမ... မမ၊ အမေနေမကောင်းဘူးဆိုလို့လေ လမ်းထိပ်က ဦးက သမီးကို မုန့်ဖိုးတွေ ပေးလိုက်တယ်သိလား"

အိမ်ပေါ်သို့ လွှားခနဲ ခုန်တက်ရင်း ပြောလာသော ညီမလေးကြောင့် သူမ ရင်တွေ ပူထူသွားခဲ့သည်။ ငါးစာချ မျှားလာသော မာယာမုဆိုး ငါးမျှားသမား၏ ငါးမျှားချိတ်ကို ပကတိ အဖျိုစင် ညီမလေး နားလည်သဘောပေါက်အောင် သူမ ရှင်းပြနိုင်မှ ဖြေရှင်းနိုင်မှ ဖြစ်မည်။ ဖြူစင်နုနယ်နေသေးသော နှလုံးသားလေး အရောင်တွေ စွန်းထင်းသွားမှာ မလိုလားပါ။

ဟိုး...လွန်ခဲ့သော ညတစ်ညမှာ သူမ ပါးပြင်လေးကို ခပ်ဖွဖွကိုင်ရင်း ငိုကြွေးနေခဲ့သော အမေ့ကို ပြေး၍ မြင်ယောင်မိသည်။ ထိုအချိန်က အမေ၏ ခံစားချက်သည် ယခု သူမ၏ ခံစားချက်နှင့် ထပ်တူဖြစ်လိမ့်မည် ထင်ပါသည်။ အမေ့အပေါ် စာနာနားလည် စိတ်များနှင့်အတူ ဦးညွှတ်မိရင်း အစားထိုး အနစ်နာခံမှု၏ အဓိပ္ပာယ်ကို သူမလည်း ပြည့်ပြည့်ဝဝ ဖွင့်ချနိုင်ရတော့မည်သာ။

အမေကြောက်သော လမ်းတစ်ခုကို သူမ ရွေးချယ်ခဲ့ခြင်းအပေါ် အမေသိလျှင် သူမကို ခွင့်လွှတ်နိုင်မည်သာ။ ကြောင်တစ်ကောင်၏ ချွန်မြည့်နေသော လက်သည်းများသည် သူမကို ကုတ်ခဲ့ရန် အဆင်သင့် ဖြစ်နေလေပြီ။

❑

အချစ်တစ်ခုတည်း သာလျှင် ဖြည့်စွမ်းပေးနိုင်သော သူမချစ်သူ၏ ပြစ်တင်မှုများ၊ စွပ်စွဲချက်များ၊ အမုန်းများကို နာကျင်စွာ ခံယူရင်း လောကသစ် နောက်တစ်ခုကို သူမ စိန်ခေါ်ခဲ့သည်။ အချစ်ဆိုတာလည်း သူနေရာနှင့်သူ အံဝင်ခွင်ကျဖြစ်မှပဲ ထိုအချစ်က ချိုမြိန်နိုင်မည်ဆိုတာ ရှင်းမပြချင်တော့ပါ။ တစ်ခါတစ်ရံ အချစ်သည် ဘဝနှင့် နှိုင်းယှဉ်လိုက်လျှင် အရေးမပါတော့သော အရာမှန်မှန်လေး ဆိုတာ သူမ၏ချစ်သူသဘောပေါက်လာပါလိမ့်မည်။

"အမေ...သမီးရဲ့ အလုပ်ရှင် အသစ်က သိပ်သဘောကောင်းတာ။ ပိုက်ဆံအတွက် စိတ်မပူနဲ့ သိလား"

တမင် ရွှင်မြူးပေါ့ပါးနေသယောင် ဖုန်းဆက်ပြောရင်း ပါးပေါ်မှ မျက်ရည်များ ဖြတ်သန်းသွားတတ်ခဲ့ပြီ။

"အမေ...သမီး ပိုက်ဆံပို့လိုက်တယ်။ အားရှိတာတွေ ဝယ်စားနော်။ ညီမလေးကို ဘယ်သူပေးတဲ့ ပိုက်ဆံမှ မယူအောင် သမီးပို့ပေးနေတဲ့ အကြောင်းလေး ပြောလိုက်နော်"ဟု ဟန်ဆောင်ကောင်းစွာ ပြောနေရင်း မြင်ယောင်မိတာကတော့ "ကိုကြီးကလည်း" လို့ ခပ်ချဲ့ချဲ့ မှီနွဲ့ပစ်ပြီး မိုက်ခေါက်ထူထူကြီးတွေကို လက်သည်းချွန်ချွန်လေးတွေနှင့် ထိုးဆိတ်လိုက်ရင် သေချာပေါက် ငွေထွက်လာ ကြမည့် အဆီပြန် မျက်နှာများပင်။ တကယ်တော့ ကိုယ်"က"ချင်းသလို "က"ခွင့်မရှိသော လောကဈာတ်ခုံ တွင် ကျရာနေရာမှ "က"သင့်သလို "က"လိုက်

www.burmeseclassic.com

ခြင်းကသာ သဟဇာတအဖြစ် ဆုံးဆိုတာ သူမ မျက်စိစုံမှိတ် လက်ခံလိုက် ရပြီ။

'အမေ့...ကလေးတွေကို ကျောင်းအပ်ဖို့ ပိုက်ဆံ ပို့လိုက်တယ်နော်'။ စကားလုံးများ၏ နောက်ကွယ်မှ ပေးဆပ်ခြင်းတွေကို သူမ ကိုယ်တိုင် မမြင်ယောင် ဆောင်တတ်ခဲ့ပြီ။ နှုတ်ခမ်းလေးစူ၊ မှုန့်ရင်း မာယာတွေ အမျိုးမျိုးသုံးကာ ပြာလဲ့လဲ့ မီးရောင်အောက်တွင် ဘယ်သူတော့ဖြင့် ရေထွက်ကောင်း သည့်ဘဲကြီးဆိုတာ တွက်တတ်လာခဲ့ပြီ။ မွန်းကျပ် ဝိတ်လျော့နေသော သူမ၏ အပြာရောင် ညများသည် သူမ မိသားစုအတွက်တော့ ရောင်နီလာသော နေ့သစ်များသာ။ တစ်ခါတစ်ရံ မှန်ရှေ့တွင်ရပ်ရင်း တစ်ချိန်က ဖြူစင်ရိုးသားခဲ့သော သူမကို ရှာဖွေနေမိသည်။ ရောင်စုံ ခြယ်မှုန်နှာ၊ တဏှာရမ္မက်ကို နှိုးဆွစေသော အပြင်အဆင်များနှင့် ခန္ဓာကိုယ်၊ မာယာတစ်သိန်းအပြည့် ပါသော မုသားစကားများနှင့် သူမသည် သူမ မဟုတ်တော့။ သံယောဇဉ်နွယ်ပင်များ၏ ရစ်ပတ် တွယ်ငင်ထားမှုမှ ရုန်းမထွက်နိုင်သော တစ်စစီ ဝါးမျိုခံနေရသော သူမကိုသာ မြင်တွေ့ရလေသည်။

❑

နွေဦးကြွေ၍ ရွက်သစ်တို့ ဘယ်နှကြိမ် ပြောင်းလဲခဲ့သည်ကို သူမ မမှတ်မိတော့။ သူမ၏ အပြာရောင် နေ့ရက်တို့ ရင့်မှည့်လာသည်နှင့်အညီ သူမ၏ မိသားစုလေးသည်လည်း သင့်တင့်သော အခြေတကျ ရှိခဲ့ပြီ။ သူမ အကျေနပ်ဆုံးမှာ သူချစ်သော ချစ်သူနှင့် အေးချမ်းစွာ ဘဝတစ်ခုကိုတည်ဆောက်သွားနိုင်သော ညီမလေးပင် ဖြစ်ပါသည်။

လောကတွင် အယူရှိလျှင် အပေးရှိရမည်မှာ ထုံးစံတစ်ခုဆိုလျှင် လောကပါလ တရား၏ ဒဏ်ခတ်ခြင်းကို သူမ ခံယူလိုက်ရခြင်းသည် တရားမျှတမှု ရှိပါရဲ့လား။ တကယ်တော့ လောကကြီး ဆီမှ သူမ အများကြီး မတောင်းယူခဲ့ဖူးပါ။ ပေးဆပ်ခြင်းသက်သက်ဖြင့် ရပ်တည်ခဲ့ရသော သူမဘဝကို အပေးအယူ ဇယားချမည်ဆိုလျှင် သူမ ရပိုင်ခွင့်တွေအတွက် အသက်ဆက်ရှင်နေပါရစေဦးဟု တောင်းဆိုချင်ပါသည်။

ယခုတော့ အရိုးနှင့် အရေသာ ကျန်တော့သော သူမ၏ မည်းခြောက် ပိန်လှီနေသည့် လက်ကလေးဖြင့် အမေ့မျက်ရည်များကို သုတ်ပေးခွင့်ရခြင်းသာ တတ်နိုင်ပါတော့သည်။

'အမေ...မငိုနဲ့နော်'

သူမ၏ နောက်ဆုံးထွက်သက်အထိ အမေ့မျက်ရည်များကို သုတ်ပေးရင်း နှစ်သိမ့် အားပေးနေချင်သည်။ သူမ၏ အသက်ခန္ဓာနှင့် ရင်းနှီးခဲ့ရသော ဖြူစင်သန့်ရှင်းနေသည့် အမေ့ကို မြင်ရတိုင်း၊ သူချစ်သူနှင့် ဖော်ရွေနေသော ညီမလေးကို မြင်ရတိုင်း သူမ အရာရာနှင့် လဲခဲ့ရခြင်းအပေါ် ကျေနပ်မိပါသည်။

လေအဝေ့မှာ အချို့သော ပန်းငယ်လေးများသည် ကြွေကျသွားကြသော်လည်း နောက်ဆုံးအနေနှင့် လောကကို အလှဆင်လေ၏။

သူမကတော့...ပျောက်ဆုံးသွားသော သူမကို ရှာဖွေရင်း...။ ■

မေ၊လားရှိုး

Dictionary for All

သာယာန

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

ခ/၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းဝဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊၂၄၃

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၂၄၀၁၅၃၊၂၄၂၀၃၀

၁၆၅/၂၀၇၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၀

www.burmeseclassic.com

www.burmeseclassic.com

ဆရာနေဝင်းမြင့်၊ ဆရာမ ဂျူး တို့၏ အမှာစာများနှင့်အတူ

လွန်းမောင်မောင်
၏

အဘွားကြီးရေ...
နှင့်

ချစ်ခြင်းမေတ္တာဖွဲ့ဝေထုံမျှား



ထွက်ပြီ

• လှိုက်ဂုန်–ဂုဂုဂုစာပေ။ မန္တလေး–ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီစာပေ၊ စိတ်ကူးချိုချိုစာအုပ်တိုက်

ငွေလစာပေမှ... မြင့်မိုရ်ကျော်လင်း (မိုးမိတ်) ၏ 'ကြယ်တစ်စင်း၏ ရွက်လွှင့်ခြင်း ဝတ္ထုတိုစု'
ဆောင်းမြတ်၏ 'အိပ်မက်မြစ်ကမ်းနှင့် အခြားဝတ္ထုတိုများ'၊ ဒေါက်တာအေးမင်းထူး၏ 'ဝိတ်ချနည်း'၊
သတိုး၏ 'အပြာရင့်ရင့် သစ္စာပျော်ရည်' (လုံးချင်း) စသည့်စာအုပ်များ ဆက်လက်ထွက်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'ကျီ... ကျီ...ကျီ...'

နွားနှစ်ကောင် ဆွဲနေသော လှည်းတစ်စီးသည် တောင်ကြားလမ်းကလေးအတိုင်း ခရုတစ်ကောင်လို တရွေ့ရွေ့ သွားနေ၏။ ဆီတွေ ခန်းခြောက်နေသော လှည်းဝင်ရိုးသံက တကျီကျီ မြည်လျက် တစ်တောလုံး တစ်တောင်လုံး ဆူညံနေတော့၏။ ဒီလှည်းက ယောနယ် လောင်းရှည်ရွာမှ ထွက်လာခြင်း ဖြစ်သည်။ လောင်းရှည်ရွာနှင့် ၁၅ မိုင်ခန့်ဝေးသော ချင်းတိုင်းရင်းသားတို့ နေထိုင်ရာ မင်းတပ်ဒေသသို့ ခရီးနှင်နေခြင်း ဖြစ်သည်။ လှည်းပေါ်တွင် လောင်းရှည်ရွာသား ဦးသိန်းအောင်က လှည်းမောင်းလာပြီး သူ့ဘေးမှ ချင်းတိုင်းရင်းသား ဦးမောင်ကီးက လိုက်ပါလာ၏။ လှည်းပေါ်မှာတော့ ပန်းပဲဖိုများတွင် လေမှုတ်ရသည့် ဖားဖိုကြီးကို တင်လာကြသည်။

ချင်းတိုင်းရင်းသား ဦးမောင်ကီးသည် ဓား၊ လုံ၊ မြား၊ ပေါက်တူး၊ ခက်ရင်းစသည်များ ပြုလုပ်သော ပန်းပဲသမား ဖြစ်သည်။ အခုလည်း သူပန်းပဲတွင် အသုံးပြုသော ဖားဖိုသည် ဟောင်းနွမ်း၍ ဖာရာထေးရာ ဗရပွနှင့် ဘယ်လိုမှအသုံးပြု၍ မရတော့သဖြင့် လောင်းရှည်ရွာက ပန်းပဲဆရာကြီးတစ်ဦးထံက အခုဖားဖိုကို ဝယ်ယူလာခြင်း ဖြစ်သည်။ ဒါကို ပန်းပဲဆရာကြီး၏ တပည့်ဖြစ်သူ ဦးသိန်းအောင်က သူ့လှည်းဖြင့် လိုက်ပို့ခြင်း ဖြစ်သည်။ လှည်းလမ်းကိုလည်း ကြည့်ပါဦး။ တကယ် ဘုရားစူးစေ့လှည်းလမ်းပါ။ ညီညီညာညာ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိသည့်အပြင် အကျယ်ကလည်း လှည်းတစ်စီး လွတ်တယ် ဆိုရုံကလေးမျှသာ။ အချိုးအကွေ့များတွင် လှည်းထမ်းဝိုးက ကမ်းပါးယံများနှင့် သိပ်မလွတ်ချင်။ ဒီတော့ လှည်းလမ်းပဲ ခေါ်ရမလား၊ သစ်ဆွဲလမ်းပဲ ခေါ်ရမလား။ လောလောဆယ်တော့ လှည်းတစ်စီး သွားနေသဖြင့် လှည်းလမ်းပေါ့။ တစ်လမ်းလုံး ကမူတွေ၊ ချိုင့်တွေချည်းမို့ လှည်းတစ်စီးလုံး တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ယိမ်းထိုးနေ၏။ ဖားဖိုကြီးက ဝန်လေးပစ္စည်းဖြစ်၍သာတော်တော့၏။ သို့သော် တောင်ပေါ်လမ်းမို့ နွားနှစ်ကောင်တော့ အတော်လေး ရုန်းရကွာသည်။

'ဟိုး...လှည်းသမားတွေ ခဏရပ်ဦး'

ကျောက်ထုလမ်းခွဲအရောက်မှာ နောက်နှားဆီမှ ရုတ်တရက် အော်ခေါ်လိုက်သံကြောင့် လှည်းရပ်ပြီး နှစ်ယောက်သား လှည့်ကြည့်လိုက်ကြသည်။ လှည်းကို ရပ်ခိုင်းသူက သူလိုကိုယ်လို မြန်မာတိုင်းရင်းသား ယောလူမျိုးဖြစ်သော်လည်း နောက်ကပါလာသော ဂျပန်စစ်သား ငါးယောက်ခန့်ကြောင့် နှစ်ယောက်သား ရင်ထိတ်သွားကြသည်။

'ဒီက မာစတာကြီးက မေးတယ်။ ခင်ဗျားတို့ ဘယ်ကလာပြီး ဘယ်ကို သွားမလို့လဲတဲ့။ လှည်းပေါ်ကဟာ ဘာကြီးလဲတဲ့'

စကားပြန်လုပ်သူ ယောသားကပင် သူ့ဘေးက ဂျပန်ဆရာတစ်ယောက်ကို တိုင်တည်ပြီး မေးလိုက်သည်။

'ကျုပ်တို့ လောင်းရှည်ရွာက လာတာပါ။ ဒါက ဖားဖိုကြီးပါ။ ကျုပ်ပန်းပဲဖို့ လုပ်ငန်းမှာ အသုံးပြုဖို့ပါ။ မင်းတပ်ကို သွားကြမလို့ပါ'

ချင်းတိုင်းရင်းသား ဦးမောင်ကီးက မဆိုင်းမတွ ဖြေလိုက်ရာ စကားပြန်က ဂျပန်လို ဘာသာပြန်ပေးသည်။ ထို အခါ ဂျပန်မာစတာက တခုခု တချို့နှင့် ဂျပန်လို ပြန်ပြောသည်။

'မာစတာကြီးက ဟေ့ တယ်။ ဒီဘက်မှာ အင်္ဂလိပ်စစ်သားတစ်ယောက် မတွေ့မိဘူးလားတဲ့။ ဘယ်မှာမှ တယ်ဆိုတာကော သတင်းကြားဘူးလားတဲ့။ ပြီးတော့ အင်္ဂလိပ်စစ်သား ရှိတဲ့နေရာကို အတိအကျ သတင်းပေးနိုင်ရင် မာစတာကြီးက ဆုငွေ အများကြီး ပေးမယ်ဟဲ့ ပြောတယ်'

'ကျုပ်တို့ အခုခိုနှင်တော့ ဘယ်အင်္ဂလိပ်စစ်သားမှ မတွေ့မိပါဘူးဗျာ။ ဒါပေမဲ့ ဆောဘက်မှာ ရှိတယ်ဆိုတော့ ကြားမိပါရဲ့။ ဟုတ်တော့ မသိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းအောင်က မရေမရာ ဖြေသည်။ စကားပြန်က ဂျပန်ဘာသာဖြင့် ဘာသာ ပြန်ပေးသည်။ ဂျပန်မာစတာက ဦးသိန်းအောင်နှင့် ဦးမောင်ကီးကို မျက်မှောင်ကြုံး ကျုံ့၍ ကြည့်ရင်း ဒီလူထွေကို မေး၍ အကြောင်းထူးမည် မဟုတ်ဟု ယူဆသွားပုံရသည်။ ထို့ကြောင့် သွားတော့ သွားတော့ဆိုသည့် အဓိပ္ပာယ်ဖြင့် လက်ခါပြသည်။ ထို အခါကျပင် ဦးသိန်းအောင်နှင့် ဦးမောင်ကီးလည်း လှည်းကို ခပ်သုတ်သုတ် မောင်း၍ ထွက်လာကြတော့၏။

အချိန် ကာလ ကား ၁၉၄၃ ခုနှစ် နွေဦးကာလဖြစ်သည်။ ရွာဝါတွေကြွေ၍ ဥရစ်ဖူးတွေဝေခဲ့ပြီ။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဘီအိုင်အေ မြန်မာ့လွတ်လပ်ရေး တပ်မတော်နှင့် အမှတ် ၃၅ ဂျပန်တပ်မတော် တို့သည် မြန်မာနိုင်ငံရှိ နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ထုတ်ထိုက်သဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရနှင့် စစ်တပ်တစ်ခုလုံး အိန္ဒိယနိုင်ငံဘက်သို့ ဆုတ်ခွာသွားခဲ့ကြသည်။ သို့သော် ကျန်ရစ်ခဲ့၍ ပုန်းအောင်း ကျန်နေခဲ့သော အင်္ဂလိပ်စစ်သားအနည်းငယ်ကို ဂျပန် ကင်ပေတိုင်တွေက ပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီးကြသည်။ အခုတော့ ဒီဂျပန်ကင်ပေတိုင်တွေ

ဦးသိန်းအောင်နှင့် ဦးမောင်ကီးသည် တောင်ဘစ်ကွေ့ကျော်ပြီးမှ နောက်ကို မလုံမလဲ လှည့်ကြည့်ကြသည်။ နောက်က လူသူ အရိပ်အယောင် မမြင်ရတော့မှ နှစ်ယောက်သား သက်ပြင်းမောတွေ ချရင်း ဆက်လက် ထွက် ခွာလာကြသည်။ တောင်တွေက တဖြည်းဖြည်း မြင့်မားလာသဖြင့် နွားနှစ်ကောင်လည်း ခြေစုံ ကန် ခေါင်းစိုက်၍ တရှူးရှူးနှင့် ရုန်းကြသည်။ တောအုပ်ကြီးက နေပြောက်လေးပင် တိုးမဝေါက်နိုင်အောင် ထူထပ်သိပ်သည်းလှ၏။ ပတ်ဝန်းကျင်သည် လှည်းဝင်ရိုးသဲ တကျွိကျွိမှလွဲ၍ တိတ်ဆိတ်နေ၏။ ဦးသိန်းအောင်နှင့် ဦးမောင်ကီးသည် လှည်းမှောက်မသွားအောင် ဂရုစိုက်နေရသဖြင့် တစ်ယောက်နှင့် တစ်ယောက် စကားပင် မပြောနိုင်ကြ။ လမ်းမကောင်းတော့ လောင်းရှည်ကနေ ဝေလီဝေလင်းကတည်းက ထွက်လာသော ခရီးသည် နေ့တစ်ဝက် ကျိုးလာသည့် တိုင် ခရီးတစ်ဝက် မကျိုးချင်။ လမ်းမှာ ခိုနားစရာ ရွာဆက်ကလည်း မရှိ။ ဒီတော့ မင်းတပ်ကို မရောက်ရောက် အောင် သွားကြရတော့မည်။ မကြာမီ လုပ်တက်တောင်ကြောပေါ် ရောက်လာကြသည်။ လူတွေ မမောပေမဲ့ နွားနှစ်ကောင်က မောနေကြပြီ။ ထို့ကြောင့် နွားနှစ်ကောင်ကို လှည်းထမ်းပိုးမှ ဖြုတ်၍ ခဏ အနားပေးကြသည်။

"ဒီလုပ်တက်တောင်ကြောဟာ ၁၈၉၁ ပြည့်နှစ်လောက်က မရဏသဘင်ဘုရား ဦးဆောင်တဲ့ နယ်ချဲ့အင်္ဂလိပ်စစ်ကြောင်း ချင်းတောင်တန်း တက်လာကြတော့ မင်းတပ်တောင် လက်နက်အင်အားချင်း မမျှလို့ပါ။ လက်နက်အင်အားသာ တူညီလို့ကတော့ ဒီနယ်ချဲ့တွေ ချင်းတောင်ကို ဘယ်တော့မှ သိမ်းယူနိုင်မှာ မဟုတ်ဘူး။ အင်း···အခုတော့ သူတို့လည်း ပြေးပြီလေ။ တစ်ကောင်တစ်မြီးမှတောင် မရှိတော့ဘူး။ ကဲ···ကဲ··· စကားကောင်းနေလို့ကတော့ လှည်းကောက်ကြစို့။ မမောင်ခင် မင်းတပ်ရောက်မှ ဖြစ်မယ်"

နှစ်ယောက်သား လှည်းကောက်ပြီး ခရီးဆက်လာကြသည်။ ပတ်ဝန်းကျင်သည် လှည်းဝင်ရိုးသဲ တကျွိကျွိမှလွဲ၍ တိတ်ဆိတ်နေဆဲ။

❑

မင်းတပ်ရောက်တော့ အတော် မှောင်နေပြီဖြစ်သည်။ ရွာလယ်ရှိ ဦးမောင်ကီးအိမ်ရှေ့မှာ လှည်းရပ်လိုက်သည်။ ဦးမောင်ကီးအိမ်က ပျဉ်ထောင်အိမ်ကြီး ဖြစ်သည်။ အမိုးကို သက်ငယ်ဖြင့် ထူထူထဲထဲ မိုးထား၏။ အိမ်ရှေ့မှာ လှည်းရပ်လိုက်သည်နှင့် တစ်ပြိုင်နက် အိမ်ထဲမှ ဦးမောင်ကီး မိသားစုများ ပြေးထွက်လာကြသည်။ ဦးသိန်းအောင်နှင့် ဦးမောင်ကီးက လှည်းပေါ်တင်လာသော ဖားဖိုကြီးကို မ၊၍ အောက်ချသည်။

"ဟာ··· ဦးသိန်းအောင်၊ ဖားဖိုကြီးအောက်က ဘာကြီးတုံးဗျ။ လူလား"

ဖားဖိုကြီးကို အောက်ချရန် မ၊ကြတော့ ခွေခွေခေါက်ခေါက်နှင့် ဘွားခနဲ ပေါ်လာသော အရာတစ်ခုကြောင့် ဦးမောင်ကီးက အလန့်တကြား အော်လိုက်၏။

"ဟုတ်ဟယ် ဦးသိန်းအောင်၊ လူနာတစ်ယောက်ပါ"

"ဟာဗျာ··· ခင်ဗျား

www.burmeseclassic.com

ဘာဖြစ်လို့ ကျုပ်ကို မပြောခဲ့တာလဲ။ ဘယ်က လူနာလဲ'

'နောက်မှ အကြောင်းစုံရှင်းပြမယ်ဗျာ။ ကဲ...ကဲ... လောလောဆယ် ဒီလူနာကို အိမ်ထဲ အမြန်ရွှေ့ရအောင်။ ဟေ့ မစ္စတာမက်ခလင်း... မစ္စတာမက်ခလင်း'

ဦးသိန်းအောင်က ပြောပြောဆိုဆို ခွေခွေခေါက်ခေါက် အိပ်နေသော လူနာကို ပခုံးပုတ်၍ နှိုးလိုက်၏။ လူနာက တုတ်တုတ်မျှ မလှုပ်ချေ။

'မစ္စတာမက်ခလင်း... မစ္စတာမက်ခလင်း။ ဟင်... သေပြီလား မသိဘူး'

ဦးသိန်းအောင်သည် လူနာကို ခပ်ဆတ်ဆတ်ကလေး ပုတ်နှိုးသော်လည်း တုတ်တုတ်မျှ မလှုပ်သဖြင့် ရင်တတိတ်ထိတ်နှင့် လူနာ၏ နှာခေါင်းနားတွင် သူ့နားကပ်၍ အသက်ရှူသံ နားထောင်ကြည့်သည်။

'မသေသေးဘူးဗျ၊ အသက်ရှူသေးတယ်။ လှည်းဆောင့်တဲ့ ဒဏ်ကြောင့် မလှုပ်နိုင်တာဖြစ်မယ်။ ကဲ... ကဲ...ပတ်ဝန်းကျင်သိလို့ မဖြစ်ဘူး။ အိမ်ထဲ မြန်မြန်ရွှေ့ရအောင်ဗျာ'

ဦးသိန်းအောင်က လောဆော်နေသဖြင့် ဦးမောင်ကီးတို့ မိသားစုခမျာ ဘုမသိဘမသိနှင့် လှည်းပေါ်က လူနာကို ဝိုင်းပွေ့ပြီး အိမ်ထဲ ရွှေ့လိုက်ကြသည်။ လူနာအိမ်ထဲ ရွှေ့ပြီးတော့ ထင်းရှူးဆီမီးရောင်အောက်တွင် သေသေချာချာ ကြည့်ပြီး မိသားစု အားလုံး မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အံ့သြသွားကြသည်။

မိမိတို့အိမ်ပေါ် သောင်တင်လာသော အင်္ဂလိပ်စစ်သား လူနာကိစ္စကို ဘယ်သူကိုမှ အသိပေး၍ မဖြစ်ပါ သတင်းပေါက်ကြား၍လည်း မဖြစ်ပါ ဦးမောင်ကီးသည် ထိုသို့တွေးရင်း မစ္စတာမက်ခလင်းအား အိမ်အောက်ရှိ မြေအောက်ခန်းထဲ သိုဝှက်ထားလိုက်၏။

'ဟာ... ဦးသိန်းအောင် ဒီလူနာက အင်္ဂလိပ်စစ်သား မဟုတ်လား။ ဘယ်က ခေါ်လာတာလဲ။ ကျုပ်မိသားစုတော့ အမှုပတ်တော့မှာပဲ။ ခင်ဗျား ဒီလူနာကို ပြန်တင်သွားဗျာ'

ဦးမောင်ကီးသည် မျက်စိမျက်နှာပျက်လျက် အထိတ်ထိတ် အလန့်လန့်နှင့် ပြောနေ၏။

'ဟုတ်ပါတယ်၊ အင်္ဂလိပ်စစ်သားပဲ ဦးမောင်ကီး။ ကျွန်တော် ရှင်းပြပါမယ်။ သူက ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်က တပ်ကြပ်ကြီးတစ်ယောက်ပါ။ ဆောနဲ့ လောင်းရှည်ကြားက တံတားတွေကို တာဝန်ခံဆောက်လုပ်ရင်း ဒုက်ဖျားမိပြီး ကျန်ခဲ့တာပါ။ သူက ဘယ်လိုမှ သူတို့အဖွဲ့နောက်ကို မလိုက်နိုင်တော့ဘူး။ တကယ်တော့ ဂျပန်ကင်ပေတိုင်တွေ လိုက်ရှာနေတဲ့ အင်္ဂလိပ်စစ်သားဆိုတာ သူပဲ။ ကျုပ်ရဲ့ ပန်းပဲဆရာအိမ်မှာ သောင်တင်ရင်း ဆေးကုနေတုန်း ဂျပန်တွေ စုံစမ်းနေတယ်လို့ သတင်းရတာနဲ့ ပန်းပဲဆရာကြီးနဲ့ တိုင်ပင်ပြီး ခင်ဗျားနဲ့ ထည့်ပေးလိုက်တာပါ။ ခင်ဗျားကို အသိမပေးခဲ့တာကတော့ ခင်ဗျား လက်မခံမှာ စိုးလို့ပါ။ အဲဒီအတွက် တောင်းပန်ပါတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ဆီမှာ သူ့အသက်အန္တရာယ်အတွက် ပိုပြီး စိတ်ချရတယ် မဟုတ်လား။ သူကလည်း နေကောင်းသွားရင် အိန္ဒိယနိုင်ငံကို လိုက်သွားမယ်လို့ ပြောပါတယ်'

ဦးသိန်းအောင်က ဖြစ်ကြောင်းရယ်မှ ကုန်စင် ရှင်းပြ၏။ ဦးမောင်ကီးနှင့် သူ့မိသားစုတော့ မျက်နှာပျက်နေကြပြီ။

'အင်း... ဒီရောက်ပြီးမှ တော့ မထူးတော့ပါဘူးဗျာ။ လူတစ်ယောက်ရဲ့ အသက်တစ်ချောင်း ကယ်ကောင်းပါတယ်။ သူက လူမျိုးခြားဆိုပေမဲ့ လူသားပဲလေ။ ကျုပ်တို့ အစွမ်းကုန် ပြုစုပြီး စောင့်ရှောက်ပေးပါမယ်။ အသက်ရှင်တာ၊ မရှင်တာကတော့ သူကံတရားပဲ မဟုတ်လား'

ဦးမောင်ကီးက မတတ်သာသည့်အဆုံး လက်ခံလိုက်၏။ မစ္စတာမက်ခလင်းဆိုသော လူနာကတော့ ဖျာလေးတစ်ချပ်ပေါ်မှာ လူသေကောင်လို မလှုပ်မယှက် ငြိမ်သက်နေဆဲ။

'ကျေးဇူးတင်လိုက်တာ ဦးမောင်ကီးရာ။ ဦးမောင်ကီးပြောသလို သူ အသက်ရှင်တာ မရှင်တာတော့ သူ့ကံတရားပေါ့။ ဒီဆေးတွေက လောလောဆယ် သူ့ကိုတိုက်နေတဲ့ ဒုက်ဖျားဖြတ်ဆေးတွေပါ။ ရှိန်းခိုနဲ့ ဖော်စပ်ထားတဲ့ မြန်မာတိုင်းရင်းဆေးတွေပါ။ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ည တစ်ကြိမ် တိုက်ရတယ်။ ဦးတော့ သူက အားပြတ်နေတော့ ကြက်သားစွပ်ပြုတ်လေး ပြုတ်ပြီး တိုက်ပါ။ နည်းနည်း သက်သာလာရင် ကြက်သားဆန်ပြုတ်လေး တိုက်ပါ'

ဦးသိန်းအောင်က တတွတ်တွတ် မှာကြားရင်း တစ်ပါတည်း ယူလာသော မြန်မာတိုင်းရင်းဆေးတွေကို ပေးလိုက်သည်။ ဦးသိန်းအောင်သည် နောက်တစ်နေ့ ဝေလီဝေလင်းတွင် လောင်းရှည် ပြန်သွားလေသည်။

မိမိတို့ အိမ်ပေါ် သောင်တင်လာသော အင်္ဂလိပ်စစ်သား လူနာကိစ္စကို ဘယ်သူကိုမှ အသိပေး၍ မဖြစ်ပါ။ သတင်းပေါက်ကြား၍လည်း မဖြစ်ပါ။ ဦးမောင်ကီးသည် ထိုသို့ တွေးရင်း မစ္စတာမက်ခလင်းအား အိမ်အောက်ရှိ မြေအောက်ခန်းထဲ သိုဝှက်ထားလိုက်၏။ ဒီမြေအောက်ခန်းက လုံခြုံစိတ်ချရသော သူ့မိသားစုကိုလည်း ခွဲခြား ကြရန် ကျုပ်တည်းစွာ တား

www.burmeseclassic.com

www.burmeseclassic.com

မြစ်ထား၏။ ဦးမောင်ကီး မိသားစုသည် မစ္စတာ မက်ခလင်းအား ဆေးမှန်မှန် တိုက်ကြသည်။ ကြက်သား ဇွပ်ပြုတ် ပြုတ်၍ တိုက်ကြသည်။ သွေးသား မတော်စပ်သော တိုင်းတစ်ပါးသား လူမျိုးခြားပေမဲ့ သွေးရင်းသား ရင်းကဲ့သို့ သဘောထားပြီး ပြုစုကြသည်။ မစ္စတာ မက်ခလင်းတွင် ကိုယ်ပိုင်ပစ္စည်းဆို၍ ဗမာအဝတ်အစား ခါးဝတ်တစ်စုံနှင့် လက်ပတ်နာရီ၊ လက်ဝါးသာသာခန့် ရှိသော စစ်သုံး ရေဒီယိုလေးတစ်လုံး သာပါ၏။

မစ္စတာမက်ခလင်းသည် ဦးမောင်ကီး၏ မိသားစု ကျေးဇူးကြောင့် သေက် မရောက်ခဲ့ချေ။ တစ်ချိန်လုံး အိပ်ရာထက်တွင်သာ ပက်လက်လဲနေခဲ့သော မစ္စတာမက်ခလင်းသည် တစ်ပတ်ခန့် အကြာမှာတော့ ဆန့်ပြုတ်သောက်၍ ထိုင်နိုင်လာခဲ့ပါသည်။ သို့သော် ချင်းတောင်ဒေသ အုပ်ချုပ်ရေး အဓိုးရဖွဲ့ရန် ဂျပန်ကင်ပေတိုင်အချို့ မင်းတပ်သို့ တက်လာမည်ဟု သတင်းထွက်လာသဖြင့် ဦးမောင်ကီးသည် ညတွင်းချင်းပင် ကုန်တင် လားတစ်ကောင် ငှား၍ မစ္စတာမက်ခလင်းအား မင်းတပ်နှင့် ခြောက်မိုင်ခန့် ဝေးသော ဟန်ဘုံရွာသို့ တင်သွားပြီး ညီတော်သူ ဦးမောင်ထန်းအိမ်တွင် ၇က်ထားလိုက်၏။ မစ္စတာမက်ခလင်းအား ဦးမောင်ထန်း မိသားစုက ဆက်လက်၍ ပြုစုကြသည်။ နောက်တစ်ဇတ် အကြာတွင် မစ္စတာမက်ခလင်း၏ ကျန်းမာရေးအခြေ

မစ္စတာ မက်ခလင်း ပြန်လည် ကျန်းမာလာတော့ ရွာသားတွေ တိုင်ပင်ပြီး အင်္ဂလိပ်နာမည် မစ္စတာ မက်ခလင်းကို ချင်းနာမည် ဦးမန်လိန်းဟု ပြောင်းပေး လိုက်ကြသည်

အနေ အတော်လေး တိုးတက်လာခဲ့သည်။ လူတွဲစရာ မလိုဘဲ ထနိုင်၊ ထိုင်နိုင်လာသည်။ ထမင်းဟင်းပင် တဖြည်းဖြည်း စားနိုင်သောက်နိုင်လာခဲ့၏။ သို့သော် အစပိုင်းမှာတော့ တောင်ယာဆန်နှင့် ရေလုံပြုတ်ထားသော ဒေသထမင်းဟင်းတွေကို မျိုမကျနိုင်ခဲ့။ တဖြည်းဖြည်း ကျင့်ယူပြီးမှ စားနိုင်သောက်နိုင်လာခဲ့သည်။ မစ္စတာမက်ခလင်း ပြန်လည် ကျန်းမာလာတော့ ရွာသားတွေ တိုင်ပင်ပြီး အင်္ဂလိပ်နာမည် မစ္စတာ မက်ခလင်းကို ချင်းနာမည် ဦးမန်လိန်းဟု ပြောင်းပေးလိုက်ကြသည်။ နာမည်ပြောင်းပေးလိုက်တာကို ချင်းရိုးရာအတိုင်း နေ့ကောင်းနေ့မြတ်ရွေး၍ ခေါင်အိုးတစ်လုံး၊ ကြက်တစ်ကောင်နှင့် နတ်ပူဇော်ကာ ပြောင်းလဲပေးခြင်းဖြစ်သည်။ အဝတ်အစားကိုလည်း ဂျပ်ခုတ်ရိုးရာအဝတ်အစားတွေဖြင့် ပြောင်းလဲ ဝတ်ဆင်ပေးလိုက်ကြသည်။

မစ္စတာမက်ခလင်းခေါ် ဦးမန်လိန်း ဟန်ဘုံရွာတွင် ပုန်းအောင်းနေစဉ် ရေဒီယိုမှ သတင်းတစ်ခု ကြားလိုက်ရ၏။ ဘီဘီစီ အသံလွှင့်ဌာနမှ ကြေညာခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သော စစ်သားစာရင်း ကြေညာရာတွင် တပ်ကြပ်ကြီး မစ္စတာမက်ခလင်းနာမည် ပါလာခဲ့သည်။ ဦးမန်လိန်း ဝမ်းမနည်းပါ။ သေလူစာရင်းထဲ ပါသွားတာက သူ့အတွက် ခပ်ကောင်းကောင်း မဟုတ်လား။ သို့သော် မစ္စတာမက်ခလင်းအား အင်္ဂလန်နိုင်ငံတွင် သေလူစာရင်းအဖြစ် သတ်မှတ်ကြသော်လည်း မြန်မာနိုင်ငံ ချင်းတောင်တန်း တစ်နေရာတွင် ဦးမန်လိန်းအဖြစ် အသက်ရှင်နေသေးတာကိုတော့ မည်သူမျှ မသိချေ။ သို့သော် မည်သို့ပင် နာမည်ပြောင်းလဲပြောင်းလဲ၊ မည်သို့ပင် အဝတ်အစားတွေ ပြောင်းလဲပြောင်းလဲ သွေးသား ရုပ်ရည်ကိုတော့ ပြောင်းလဲ၍ မရချေ။ အင်္ဂလိပ်လူမျိုးသည် အင်္ဂလိပ်လူမျိုးပင် ဖြစ်သည်။ ချင်းတိုင်းရင်းသား ဖြစ်မလာနိုင်ချေ။

ထို့ကြောင့် ဂျပန်ခေတ်ကာလမို့ ဦးမန်လိန်း ဘေးအန္တရာယ်ကို စိတ်ချ၍ မရချေ။ ဒီတော့ ဦးမန်လိန်းအား ဝမ်းသူရွာသို့ ရွှေ့ပြောင်းပြီး သတင်းဖျောက်ကြသည်။ တစ်လခန့် ကြာတော့ စွန်တောင်ရွာသို့ ရွှေ့ပြောင်းကြပြန်သည်။ ထိုသို့ဖြင့် မစ္စတာမက်ခလင်းခေါ် ဦးမန်လိန်း တစ်ယောက် ဂျပန်ခေတ်တစ်လျှောက်လုံး ချင်းတောင်တန်းဒေသတွင် တစ်ရွာပြီး တစ်ရွာ ရွှေ့ပြောင်းပုန်းခိုနေခဲ့ရ၏။ ဦးမန်လိန်းတစ်ယောက် ချင်းတောင်ရွာများတွင် ထိုသို့ လှည့်လည်ပြောင်းရွှေ့ ပုန်းအောင်းရင်း သုံးနှစ်အကြာတွင် ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသည်။ ဂျပန်တွေလည်း မြန်မာ့မြေမှ ခွေးပြေးဝက်ပြေး ပြေးသွားကြပြီ။ ဂျပန်တွေ ပြေးပြီး မကြာဘီ အင်္ဂလိပ်အစိုးရ ပြန်ဝင်လာသည်။ ဒီတော့မှ ဦးမန်လိန်းတစ်ယောက် မင်းတပ်သို့ ပြန်ရောက်လာနိုင်တော့၏။ တစ်နေ့မှာတော့ ဦးမန်လိန်းအား တောင်တန်းဒေသ ခရိုင်အုပ်ချုပ်ရေးမှူးကခေါ်တွေ့သည်။

"ကဲ . . . ဦးမန်လိန်း၊ ရန်ကုန်က ကြေးနန်းဝင်လာတယ်။ ခင်ဗျား ချင်းတောင်မှာ သက်ရှိထင်ရှား ရှိနေသေးကြောင်း အစိုးရက သိသွားပြီ။ ဒါကြောင့် အင်္ဂလန် ပြန်ချင်လည်း ပြန်လို့ရတယ်။ စစ်တပ်ထဲမှာ ဆက်လက် အမှုထမ်းမယ်ဆိုရင်လည်း ယခင်ရာထူးအတိုင်း ဆက်လက် အမှုထမ်းလို့ရတယ်၊ ဘယ့်နယ်လဲ"

ဦးမန်လိန်း ငိုင်ကျသွားသည်။ သူ ဘာလုပ်ရမလဲ။

www.burmeseclassic.com

ဒါကြောင့် ဒီသစ္စာမြေကို ခွဲခွာပြီး အဖေ ပြန်မလိုက်နိုင်တော့ဘူး သမီးရယ်။ အဖေ ဒီသစ္စာမြေကို ပေးဆပ်ရမယ့် ကျေးဇူးတွေကျန်သေးတယ်။ ဒီအတွက် အဖေ့အပေါ် နားလည်ခွင့်လွှတ်ပေးကြပါနော်'

ဦးမန်လိန်းသည် ရေမျက်နှာ နောက်ထား၍ မပြောရက် ပြောရက်နှင့် ပြောလိုက်မိသည်။ ချင်းတောင်တန်းနှင့် မိုင်ပေါင်း မြောက်မြားစွာ ဝေးကွာသော အင်္ဂလန်နိုင်ငံမှ လာရောက်ကြသော သမီးနှစ်ယောက်လည်း ဝမ်းနည်းခံစားလွဲ၍ ဘာမျှ မတတ်နိုင်ခဲ့ပါ။ အဖေတစ်ယောက် ကျေးဇူးသစ္စာဆိုသော ကန့်လန့်ကာကို ခဝါချ၍ မရနိုင်မှန်း သမီးနှစ်ယောက်လည်း နားလည်ခဲ့ကြပါသည်။ နောက်ဆုံးတော့ သမီးနှစ်ယောက်လည်း မျက်ရည်စက်လက်နှင့် အင်္ဂလန်နိုင်ငံ ပြန်သွားကြသည်။ ဦးမန်လိန်းတစ်ယောက် စိတ်မကောင်းပါ။ သို့သော် သူလည်း ဘာမှ မတတ်နိုင်ခဲ့။ သူမှာ ပေးဆပ်ရဦးမယ့် ကျေးဇူးတွေက ရှိသေးသည်။ တကယ်တော့ ချင်းတောင်တန်းသည် မစ္စတာ မက်ခလင်းခေါ် ဦးမန်လိန်းအဖို့ သစ္စာမြေပင် မဟုတ်တော့လား။ သူသည် ဒီသစ္စာမြေကို မည်သည့်အခါမျှ ခွဲခွာသွားနိုင်မည် မဟုတ်တော့ချေ။

■

ကောတောင်တန်း

ဝန်ခံချက်။ ။ အစ်ကိုဝမ်းတော်သူ ဦးကီးခွိုရှိန်မှ ပေးသော ဖြစ်ရပ်မှန်အား ခံစားရေးဖွဲ့ပါသည်။

www.burmeseclassic.com

မစ္စတာ မက်ခလင်းအား အင်္ဂလန်နိုင်ငံတွင် သေလူစာရင်း အဖြစ် သတ်မှတ်ကြ သော်လည်း မြန်မာနိုင်ငံ ချင်းတောင်တန်း တစ်နေရာတွင် ဦးမန်လိန်းအဖြစ် အသက်ရှင် နေသေးတာ ကိုတော့ မည်သူမျှ မသိခဲ့ချေ

ဝေခွဲရ ခက်ခဲနေ၏။ သို့သော် သူ့အဖို့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်မှ ရတော့မည်ဟုနားလည်လိုက်ပါသည်။

'အင်း . . . တကယ်တော့ တပ်ကြပ်ကြီး မစ္စတာ မက်ခလင်းဆိုတာ သေဆုံးခဲ့ပါပြီ။ ကျွန်တော် အခု ချင်းတိုင်းရင်းသား ဦးမန်လိန်း အဖြစ် အသက်ရှင်နေတာပါ။ ဒါကြောင့် အင်္ဂလန်လည်း မပြန်တော့ပါဘူး။ စစ်တပ်ထဲလည်း အမှုမထမ်းတော့ပါဘူး။ ကျွန်တော့်အသက်ကို ကယ်တင်ခဲ့ကြတဲ့ ချင်းတိုင်းရင်းသားတွေကို ရာသက်ပန် အကျိုးပြုပြီး ဒီချင်းတောင်တန်းပေါ်မှာပဲ ခေါင်းချတော့မယ်'

ဦးမန်လိန်းဆီက မျှော်လင့်မထားခဲ့သော စကားကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည့် အုပ်ချုပ်ရေး လူကြီးများ အံ့သြကုန်ကြသည်။ ပြီးတော့ ဦးမန်လိန်းကိုလည်း အတော်ပင် အထင်ကြီးသွားကြသည်။

'ကောင်းပါပြီ ဗျာ။ ခင်ဗျားရဲ့ ခံယူချက်ကိုတော့ ကျွန်တော်တို့ လေးစားသွားပါပြီ။ ခင်ဗျားရဲ့ ဆန္ဒကိုလည်း ရန်ကုန်က ဘုရင်ခံဆီ ရောက်အောင် တင်ပြပေးပါ့မယ်'

ဒီလိုနှင့် ဦးမန်လိန်း တစ်ယောက် သူမွေးရပ်မြေ အင်္ဂလန်နိုင်ငံလည်း မပြန်ဖြစ်တော့ချေ။ အင်္ဂလိပ်စစ်တပ်တွင်လည်း ပြန်လည် အမှုမထမ်းတော့ချေ။ သူကတိအတိုင်း ချင်းတောင်တန်းပေါ်တွင် နေရစ်နေခဲ့လေသည်။ များမကြာမီ ဦးမန်လိန်းသည် ချင်းတိုင်းရင်းသားတွေကို အကျိုးပြုရန် လုပ်ငန်းများ စတင်၍ အကောင်အထည် ဖော်တော့၏။ ပထမဦးစွာ ချင်းတိုင်းရင်းသားတွေအတွက် အဓိက လိုအပ်နေသော စာသင်ကျောင်းများနှင့် ဆေးရုံတစ်ရုံ အမြန်ဆုံးတည်ဆောက်ရေးပင် ဖြစ်၏။

ထို့ကြောင့် စာသင်ကျောင်းနှင့် ဆေးရုံတည်ဆောက်ရာတွင် လိုအပ်သော ပစ္စည်းများ ရရှိနိုင်ရေးအတွက် အစိုးရထံ တင်ပြသည်။ အစိုးရကလည်း လိုအပ်သော ဆောက်လုပ်ရေး ပစ္စည်းများကို ချက်ချင်းပင် ချပေးလိုက်၏။ ဦးမန်လိန်းသည် ဆောက်လုပ်ရေးပစ္စည်းများ ရောက်လာသည်နှင့် တစ်ပြိုင်နက် အထက်တန်း တစ်ကျောင်း ဦးစွာတည် ဆောက်ပေး၏။ တစ်နှစ်ခန့် အကြာတွင် ပြီးသွားသည်။ အထက်တန်းကျောင်း တည်ဆောက်ပြီးနောက် ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံတည်ဆောက်ပေး၏။ ဆေးရုံကော စာသင်ကျောင်းပါ ကျွန်ကရစ်အောက်ခံနှင့် အုတ်တိုက်၊ သွပ်မိုးချည်း ဖြစ်သည်။

ပြီးတော့ ယောနယ်ကဲကြီးရွာတွင် သစ်စက်ထောင်ပြီး တိုင်နှင့် အသားပြားများ ထုတ်လုပ်၍ စံပြလိုင်းခေါ် ဝန်ထမ်းလိုင်းများ တည် ဆောက် ပေးသည်။ ရဲလိုင်းများ တည်ဆောက်ပေးသည်။ အစိုးရ ရုံးအဆောက်အဦများ တည်ဆောက်ပေးသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဘုရင်ခံ အစိုးရအဖွဲ့ ဖျက်သိမ်း၍ အင်္ဂလန်ပြန်ကြစဉ်က ဦးမန်လိန်းအား လာခေါ်ကြသေးသည်။ ဒီတုန်းကလည်း ဦးမန်လိန်း ပြန်မလိုက်ခဲ့။ များမကြာမီ အင်္ဂလန်နိုင်ငံတွင် နေထိုင်ကြသော ဦးမန်လိန်းသမီးနှစ်ယောက်ကိုယ်တိုင် အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံ ချင်းတောင်တန်းအထိ လိုက်လာကြပြီး ပြန်လာခေါ်ကြသည်။

'အဖေ ပြန်မလိုက်နိုင်တော့ဘူး သမီးတို့ရယ်။ သမီးတို့ကို အဖေ အားနာပါတယ်။ အခု သမီးတို့မြင်တွေ့နေရတဲ့ အသက်ဟာ ချင်းတိုင်းရင်းသားတွေ ကယ်ခဲ့တဲ့ အသက်ပါ။ ချင်းတိုင်းရင်းသားတွေဟာ အဖေ့အပေါ် သစ္စာမဖောက်ခဲ့ ကြဘူး။

www.burmeseclassic.com

ကဿီပန်

တိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး

ကဿီပန်
မြတ်သုခ
အမှတ်တံဆိပ်
အဆီကျဆေး

မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 008397(0317)

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူဖြိုးနေသော ကိုယ်ခန္ဓာကို အဆီကျ ကျစ်လျစ်လှပ သွားစေရမည်။

- ကဿီပန်သွေးပုပ်ချဆေး
- ကဿီပန်ဝမ်းပျော့အကြောပြေဆေး
- ကဿီပန်ဆေးပရုတ်ဆီ
- မင်းသုခ ခေါင်းကြည်ရုပ်ပေါ့ဆေး
- ရွှေသွေး သူငယ်နာရင်လူးဆေး
- ထူးရှယ် ဒဏ်ကျေလိမ်းဆေး
- မြတ်သုခ အဆီကျဆေး

မြတ်ချမ်းသာဆေးတိုက်

အမှတ်(4/C)(A)၊ အေးသာယာလမ်း၊ ဘောဂဒေတ်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

၁။
ဒဿနစာစဉ်ကို
လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က
ဖတ်ဖူးသည်။
ရုန်ကုန်တက္ကသိုလ်၊
ဒဿနိကဗေဒဌာန ပါမောက္ခ
ဆရာမကြီး ဒေါ်ကြည်ကြည်လှ၊
ဆရာ ဦးခင်မောင်ဒင်တို့
တည်းဖြတ်ခဲ့သည်ဟု
ထင်ပါသည်။ ဒဿနစာစဉ်မှ
ပဟေဠိများမှာ
တော်တော် စိတ်ဝင်စားစရာ
ကောင်းသည်။
ထိုပဟေဠိများကို ဆရာ
ဦးခင်မောင်ဒင် ဖန်တီးခဲ့သည်-
ဟု အောက်မေ့မိပါသည်။
ကျွန်တော်သည်
ဒဿနိကဗေဒ ယူခဲ့သူ
မဟုတ်ခဲ့စေကာမူ
ဒဿနပဟေဠိများကို

အမှတ် ၃၂၂၊ စက်တင်ဘာ၊ ၂၀၁၆
ရှင်စုံပဂ္ဂဇင်း

အက်ဆေးအကြောင်း၊ အက်ဆေး

သစ်ညှိပင် နှင့် ခံတက်ပင်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်တစား
ဖြေဆိုကြည့်ခဲ့ပါသည်။
အတော်များများကို
ကျေနပ်စဖွယ် အဖြေ
ရှာနိုင်ခဲ့သည်ဟု
ထင်ပါသည်။ သို့သော်၊
နှစ်ပေါင်းများစွာ
ကြိုဆသည့်တိုင်
ကျေနပ်လောက်သည့်
အဖြေကို ရှာဖွေမတွေ့ခဲ့သော၊
သို့မဟုတ် ကျွန်တော်
မဖြေနိုင်သော
ပဟေဠိတစ်ခုကို
မမေ့နိုင်ဘဲ စွဲလမ်းနေမိခဲ့သည်။
ကျွန်တော် မှတ်မိသရွေ့
ပြန်ပြောပြပါမည်။
တစ်နေ့တွင်
အလွန်ရက်စက်ကြမ်း
ကြုတ်သော
လူဆိုးတစ်သိုက်သည်
လူတစ်ယောက်ကို
ဖမ်းဆီးလျက် ကားစင်တင်၍
ကွပ်မျက်မည်ပြုခဲ့သည်။
လူဆိုးဗိုလ်သည်
ယုတ္တိဗေဒတွင် ဝါသနာ
ထုံသည့်အလျောက်
ဖမ်းဆီးရမိခဲ့သူများကို

လူသည်
သူ၏ သေဆုံးခြင်းကို
ရွေးချယ်ရန်
အခွင့်အရေး မရှိဟု
အငြင်းပွားလိုသူတို့
ရှိနိုင်ပါသည်
မဟုတ်ပါ
ကျွန်တော်
ထိုသို့ မထင်မြင်ပါ
လူတစ်ယောက်
အသက်ရှင်သန်နေစဉ်
ကာလအတွင်း
သူ မည်သို့ပြုမူ
နေထိုင်ခဲ့သလဲ
ဆိုသော အချက်မှာ
သူကိုယ်တိုင်
ရွေးချယ်ခွင့်
ရရှိခဲ့ပြီးသော
အခွင့်အရေး
ဖြစ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

ကွပ်မျက်ခြင်းမပြုမီ မေးခွန်းမေးလေ့ ရှိသည်။ ထိုနေ့က အဖမ်းခံရသူ အကျဉ်းသားကို ဤသို့ မေးမြန်းခဲ့သည်။

'မင်းကို မေးခွန်းတစ်ခု ငါမေးမယ်။ မေးခွန်းကို မှန်အောင်ဖြေနိုင်ရင် အနီရောင်ကားစင်မှာ မင်းကို သတ်မယ်။ မှန်အောင်မဖြေနိုင်ရင် အနက်ရောင်ကားစင်မှာ မင်းကို သတ်မယ်။ ကဲ-မေးပြီ။ မင်းကို ဘယ်ကားစင်မှာ သတ်မှာလဲ'

ပဟေဠိဖန်တီးသော ဆရာဦးခင်မောင်ဒင်က ဆက်ပြောထားပါသည်။ ထိုနေ့က ဖမ်းဆီးခံရသူသည် ဒဿနိကမဇ္ဈကျောင်းသားတစ်ဦးဖြစ်သဖြင့် မေးခွန်းကို လူဆိုးဗိုလ်ကြီး ကျေနပ်အောင် ယုတ္တိနည်းကျ ဖြေဆိုခဲ့သည်။ သို့ဖြစ်၍ ကွပ်မျက်သုတ်သင်ခြင်း မခံရဘဲ လွတ်မြောက်သွားခဲ့သည်။

ဒဿနိကမဇ္ဈ ကျောင်းသား၏ အဖြေမှာ မည်သို့ပါနည်း။

ကျွန်တော် မဖြေနိုင်ခဲ့သော ပုစ္ဆာဖြစ်ပါသည်။

သတိရမိပါသည်။ ကျွန်တော်သည် ထိုပုစ္ဆာကို ဒဿနိကမဇ္ဈယူသော ကျောင်းသားအချို့အား ဖြေဆိုပေးရန် အကူအညီတောင်းခဲ့ဖူးပါသည်။ ကျေနပ်လောက်သည့် အဖြေကို မရခဲ့ပါ။ စိတ်ဝင်စားမည်ဟုထင်ရသည့် မိတ်ဆွေသူငယ်ချင်းများ၊ မိမိထက် ဆင်ခြင်ဉာဏ် ရင့်သန်သူများကိုလည်း ဖြေဆိုပေးရန် ပြောကြည့်ခဲ့ပါသည်။ သို့သော် ကျေနပ်လောက်စရာ အဖြေကိုမရရှိခဲ့ပါ။

'ကိုရင့် နှယ်၊ ကိုယ့်သတ်မယ့်ကားစင်ကို ရွေးရတယ်ဆိုတာ မဖြစ်နိုင်တာ'

သို့သော် လူတို့၏ဘဝက ထူးဆန်းတတ်ပါသည်။ ကြိုတင်မှန်းဆ၍ မရနိုင်သည့် အတွေ့အကြုံတို့ကို တွေ့ကြုံရတတ်ပါသည်။ မိမိအား ကွပ်မျက်မည့် နေရာကို ကိုယ်တိုင်ရွေးချယ်ခဲ့သူတစ်ဦးကို အက်ဆေးတစ်ပုဒ်တွင် ကျွန်တော် တွေ့မြင်လိုက်ရပါသည်။ ထိုအခါ ကျွန်တော်သည် ဆရာ ဦးခင်မောင်ဒင်၏ ပဟေဠိပုစ္ဆာကို သတိမရဘဲ မနေနိုင်အောင် ဖြစ်ရပါတော့သည်။

❑

၂။

'ရေပြန်လနှင့် ခံတက်ပင်' သည် ဆရာ မြေဝသုန်တို့ ငယ်စဉ် ထူးခြားသော အတွေ့အကြုံတစ်ခုကို အခြေခံလျက် ရေးခဲ့သော အက်ဆေးတစ်ပုဒ် ဖြစ်ပါသည်။

အက်ဆေးဆရာက နှစ်ပေါင်းများစွာဝေးနေခဲ့သော သူ၏ဇာတိရွာကလေးသို့ *'ကိုယ့်ရပ်ဌာန်'* သီချင်းကို တီးတိုးဖွဖွ ဆိုညည်းရင်း မိခင်နှင့်အတူ သွားခဲ့ခြင်းဖြင့် သူ၏အက်ဆေးကို ဖွဲ့စည်းခဲ့ပါသည်။ နှစ်လေးဆယ်စွန်းစွန်း ကိုယ့်ရွာ၊ ကိုယ့်ယာ၊ ကိုယ့်ရွာသား၊ ကိုယ့်ဘုရား၊ ကိုယ့်ကျောင်း၊ ကိုယ့်ချောင်းတို့နှင့် ကင်းကွာနေရသူ ကျွန်တော့်မှာ ရင်၌ အမျိုးအမည်စုံလှသော လှိုင်းတံပိုးများ ဆင့်ရိုက်သလို ခံစားရသည်-ဟု ဆိုပါသည်။ တစ်နေရာတွင် သူရွာလေး၏ မြင်ကွင်းကို ဤသို့ ဖွဲ့နွဲ့ထားပါသည်။

ခင်တန်းတစ်ကြောလေးကို လွန်လိုက်သည်နှင့် ရွာက မြင်ကွင်းထဲ ပေါ်လာ၏။ မန်ကျည်းတို့က အုပ်အုပ်၊ တမာပင်တို့က ဆိုင်းဆိုင်း၊ အပြိန်ကျယ်သော ယောချောင်းပြင်ကြီးက ဖွေးဖွေးလှပ်လှပ်၊ တန်ကြည့်တောင်တန်းကြီးက မားမားစွင့်စွင့်။ အညာရွာလေး ဖြစ်ပါသည်။

သူတို့၏ ဖခင်သည် သူတို့၏ အညာရွာကလေးမှ နေ၍ ရှမ်းပြည် မြောက်ပိုင်း၊ နမ္မတူဘော်တွင်း၊ သတ္တုမိုင်းကလေးဆီသို့ ထွက်ခွာသွားခဲ့သည်။ ထိုသို့ ထွက်ခွာသွားခဲ့သည့် နှစ်မှာ ၁၉၆၀ ပြည့်နှစ် ဖြစ်သည်။ 'ရွာအပြင် ထွက်ပြီး သုံးနှစ်သုံးမိုးလောက် စီးပွားရှာလိုက်ဦးမယ်'ဟု ကြိုးဝါးလျက် ရွာမှ ထွက်သွားခဲ့သော်လည်း သူတို့၏ ဖခင်သည် သူချစ်သော ရွာကလေးသို့ ပြန်မလာနိုင်ခဲ့တော့ပါ။

ဖခင်ဖြစ်သူ ထွက်ခွာသွားပြီး လေးနှစ်အကြာတွင် သူတို့မိသားစု လိုက်ပါသွားခဲ့သည်။

နှစ်လေးဆယ် ကြာသောအခါ အက်ဆေးဆရာနှင့် သူ၏ မိခင်တို့သည် အညာရွာလေးဆီသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

အက်ဆေးဆရာက သူဖခင်သည် ၁၉၆၀ခန့်တွင် ရွာမှ ထွက်သွားခဲ့ခြင်းဖြစ်ကြောင်းနှင့် သူတို့မိသားစုကလေး ဖခင်ရှိရာ သတ္တုမိုင်းသို့ လိုက်ပါမသွားမီ အညာရွာကလေး၌ လေးနှစ်ခန့် နေရစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။ဖခင်မရှိခိုက် မိခင်က ကြက်သွန်စိုက်ရိုးနှံ အင်္ဂုံလိုက်၊ ကွမ်းရွက်၊ ကောက်ရိတ်၊ ရေနှံရောင်း စသည်ဖြင့် အက်ဆေးဆရာတို့ မောင်နှမလေးဦးကို ကြိုးစားပုံကျ လုပ်ကိုင်ကျွေးခဲ့သည်။ သူတို့မောင်နှမက မိခင်ကို တစ်လှည့်စီ အဖော်ပြုခဲ့ကြသည်။

သည်တွင် ကျွန်တော်တို့ကို ရွာအဝင် လမ်းနံဘေးမှ သစ်ညိုပင်လေးနှင့် စတင်၍ မိတ်ဖွဲ့ပေးပါသည်။

နံနက်ခင်း ဝေလီဝေလင်းကြီးတွင် အမေနှင့် ကျွန်တော်တို့ မောင်နှမတွေ ရွာတောင်ပိုင်းက်အထွက်၊ ဒီသစ်ညိုပင်လေးနားရောက်ရင် အမေက ကျွန်တော်တို့ နဖူးပြင်တွေပေါ် ခြေမှုန့်ကလေးများတို့ပေးထားခဲ့စမြဲ။ ဖုတ်သဘက်တွေ မကပ်အောင်လို့တဲ့၊ အဝမမှီအောင်လို့တဲ့။

အက်ဆေးဆရာက အညာသားဖြစ်သည်။ ကျွန်တော်က မြစ်ဝကျွန်းပေါ်သား ဖြစ်သည်။ ကျွန်တော်သည် သစ်ညိုပင်ကို တွေ့မြင်ဖူးသူ မဟုတ်။ သူရေးထားပုံအရတော့ဖြင့် ကျွန်တော်တို့ ငယ်စဉ် ရွာသချိုင်းသို့ ရောက်လျှင် လူကြီးတွေက ကျွန်တော်တို့၏ နဖူးတွင် မြေမှုန့်များ တို့ပေးတတ်သည်နှင့် တော်တော် တူပါသည်။ သစ်ညိုပင်သည် မကောင်းသော၊ အနိဋ္ဌာရုံသဘော မြင်မည်ဟု မှန်းဆရပါသည်။

သစ်ညိုပင်လေးနားကို ဖြတ်၍ တိုင်း အလိုလို ကြောက်စိတ် ဝင်လာတတ်သည်။ ရင်ဖို ကျောချမ်းလာတတ်သည်။ ကြက်သီးဖြန်းဖြန်း ထတတ်သည်။ သူတို့ကလေးဘဝချင်း သစ်ညိုပင်အနား ရောက်လျှင် ဖဝါးနှင့်

www.burmeseclassic.com

www.burmeseclassic.com

တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ကြသည်ဟု ဆိုပါသည်။ သေချာပါသည်။ အက်ဆေးဆရာက သစ်ညှပ်ငှက်ကို မကောင်းသော နိမိတ်ပုံတစ်ခုအဖြစ် ပုံဖော်နေခြင်း ဖြစ်တန်ရာပါသည်။ အကြောင်းရင်း သူမှာ ရှိပါလိမ့်မည်။

၁၉၆၀ လောက်က ဖြစ်မည်။ အသင်းအဖွဲများ ဂိုဏ်းဂဏတွေ ပေါ်လာသည့် အခြေအနေအောက်တွင် တစ်ရွာတည်း သား၊ ပင်လျှင် ဘယ်သူက ရဲဘော်ဖြူတဲ့၊ ဘယ်သူက ရဲဘော်ဝါတဲ့၊ ဟိုလူကတော့ဖြင့် အလံဖြူဆိုပဲ၊ ဒီလူက လား အလံနီလေ။ တစ်ရွာလုံးရှိ လူရွယ်လူလတ်တွေမှာ ဟိုပါတီဝင်၊ ဒီပါတီဝင် နှင့်။ ဦးသူက သုတ်သင် အနှိုင်ယူခဲ့ကြရာတွင် ဒီသစ်ညှပ်ငှက်လေးမှာ လူတွေ ရေးတဲ့ သမိုင်းကြားထဲ ကန့်လန့်ကန့်လန့် ပါခဲ့ရသည်။ တောမီးလောင်ခိုက် လက်ခမောင်းခတ်ပြီး ခုံးကြ၊ ဝှက်ကြ၊ သတ်ကြ၊ ဖြတ်ကြသည့် တောကြောင်တို့ကို သုတ်သင်ရှင်းလင်းခဲ့ရာတွင်လည်း ဒီသစ်ညှပ်ငှက်လေး ပါခဲ့ရပြန်သည်။

ကျွန်တော်တို့ နိုင်ငံ၏ အကျည်းတန် နှစ်ကာလများကို သစ်ညှပ်ငှက်နှင့် ဆက်စပ် ဖော်ပြခဲ့ပါသည်။

သစ်ညှပ်ငှက်သည် ကုန်းကမ္ဘလေးပေါ်မှာ ရှိသည်။ ဝါကြင်ကြင် ရွှက်ကြို ရွှက်ကျဲလေးတွေနှင့် နှစ်တွေ ပြောင်းခဲ့သော်လည်း ကုန်းကမ္ဘထက်တွင် ရှိနေဆဲ။ စိုလတ်ကြီးထွားခြင်းလည်း မလာ၊ ခြောက်သွေ့ သေသွားသည်လည်း မရှိ၊ သစ်ညှပ်ငှက်လေး အထီးကျန်ပါသည်။ အကျည်းလည်း တန်ပါသည်။ သောက်ရေအိုးမတည်၊ ဆိတ်ကျောင်းသား၊ နွားကျောင်းသားများပင် မနေနား၊ အရိပ်မခို၊ သင်္ကန်းစလေး တိုးလိုးတွဲလဲကို ယခုတိုင် မြင်ရသေးသည်-ဟု ဆိုပါသည်။

စင်စစ် မြေဝသုန်သည် မိခင်နှင့် အတူ ဇာတိရွာသို့ ပြန်သည့် ရွာအဝင် သမ်း၌ သစ်ညှပ်ငှက်ကို တွေ့မြင်ရာမှ ဟိုတုန်းက အကြောင်းတွေကို ပြန် သတိရနေခြင်း ဖြစ်ပါသည်။ ဟိုတုန်းက ဖြစ်ပျက်ပုံတွေကို ပြန်တွေးနေခြင်း ဖြစ်ပါသည်။ သူကိုယ်တိုင် သိမြင်ခဲ့သည်လည်း ရှိသကဲ့သို့ မိခင်ကြီး ပြန်ပြောပြ၍ သိရသည်လည်း ရှိပါသည်။

စင်စစ် သစ်ညှပ်ငှက်သည် ဇာတ်ကြောင်း မလှခဲ့ပါ။ သူ့အကြောင်းက ကောင်းခဲ့လှသည် မရှိပါ။ လူလိမ်လူညာ၊ နိုးသားဓားပြတို့ကို ဤသစ်ညှပ်ငှက်တွင် ချည်နှောင်လျက် ကွပ်မျက်လေ့ ရှိသည်။ သုတ်သင်သတ်ဖြတ်လေ့ ရှိသည်။ သစ်ညှပ်ငှက်သည် ပုံပန်းလည်း မလှပါ။ အရည်အသွေးကလည်း ချာတူးလဲပါသည်။ သူ့အသားကို ထင်းဆိုက်၍ မရသကဲ့သို့ သူ့အရွက်ကိုလည်း နွားတောင်မှ မစား-ဟု ဆိုပါသည်။

တစ်နေ့တွင် ထိုသစ်ညှပ်ငှက်သည် သူ၏ ဖခင်နှင့် ပတ်သက်လာသည်။ အကျည်းတန် နှစ်များ၌ ကွဲခဲ့ပြဲခဲ့ကြသော အဖြူ။ အမီ၊ အဝါ အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်ဘက် ပြုခဲ့ကြပါသည်။ တောကျေးလက်နေ ရွာသူရွာသားများမှာ ရန်ဘက်ပြုသော အဖွဲ့တွေ အကြား မြေစာပင် ဖြစ်ခဲ့ကြပါသည်။ အဖွဲ့တစ်ဖွဲ့ ဝင်လာလိုက်၊ ဆွဲသတ်လိုက်၊ ရွာသားချင်း မသင့်၍ ကုန်းချောခဲ့လျှင်လည်း လွယ်လင့်တကူ ဆွဲယူသတ်ဖြတ်လိုက်။

လူအသက်ကို ဖက်တစ်ရွက်မျှပင် တန်ဖိုးမထားကြသည့် အခြေအနေတွင် အက်ဆေးဆရာ၏ ဖခင်ကို အဖွဲ့တစ်ဖွဲ့က ဝင်ရောက် ဖမ်းဆီးခဲ့ပါသည်။ ထို့နောက် သစ်ညှပ်ငှက်လေးဆီ ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုစဉ် မိခင်ဖြစ်သူမှာ အက်ဆေးဆရာ၏ ညီမလေးကို ကိုယ်ဝန် လွယ်ထားခဲ့ချိန် ဖြစ်ပါသည်။ သူတို့ရွာသားများသည် သစ်ညှပ်ငှက်ရှိရာသို့ တစ်စုတစ်ဝေးကြီး လိုက်သွားခဲ့ကြပါသည်။ ရွာဦးကျောင်းဆရာတော် ဦးသောဘိတလည်း ပါ၊ ပါသည်။ သူတို့ ရောက်သွားသောအခါ ဖခင်ဖြစ်သူကို သစ်ညှပ်ငှက်တွင် ချည်နှောင်ထားပြီး ကွပ်မျက်ပစ်လိုက်တော့မည့် အခြေအနေ ဖြစ်ပါသည်။

ဖမ်းဆီးသူတို့သည် တရားသဘင် စီရင်တတ်သူများ မဟုတ်ပါ။ အပြစ်အနာကို ရှင်းလင်းပြောပြခြင်း၊ ထုချေခြင်း၊ ခုခံခြင်း၊ ကြားနာခြင်း၊ ဆင်ခြင်ဉာဏ်ဖြင့် နှိုင်းဆချင့်ချိန်ခြင်း-စသည့် အလေ့အထုံ ရှိသူများ မဟုတ်ပါ။ လူတစ်ယောက်၏ ဘဝကို သာမက အသက်ဇီဝကို သုတ်သင်ပစ်လိုက်ဖို့ရာ မည်သည့် အကြောင်းပြချက်မှ မလိုသူများ ဖြစ်ပါသည်။ ဤမြေကမ္ဘာတွင် လက်နက်အားကိုးဖြင့် အာဏာတည်ဆောက်ခဲ့သူတို့၏ သဘော သဘာဝ အတိုင်းပဲ ဖြစ်ပါသည်။

သစ်ညှပ်ငှက်တွင် ချည်နှောင်ခြင်း ခံနေရသော ဖခင်ဖြစ်သူ၏ အနေအထားမှာ စိုးရိမ်စရာပဲ ဖြစ်ပါသည်။ ထိတ်လန့်စရာပဲ ဖြစ်ပါသည်။ သို့သော် သူ၏ဖခင်သည် သတ္တိကောင်းသူ ဖြစ်ပါသည်။ သို့မဟုတ် သေအံ့ဆဲဆဲအခါ၌ စိုးရိမ်ထိတ်လန့်စရာများ ကုန်ခန်းသွေခြောက်သွားခြင်းလည်း ဖြစ်နိုင်ပါသည်။ဖခင်သည် သူ့အား ကွပ်မျက်သုတ်သင်ပစ်မည့် အဖွဲ့၏ ခေါင်းဆောင်ကို ရွာသူရွာသားများ ရှေ့၌ပင် တောင်းဆိုချက် နှစ်ခု ပြုခဲ့ပါသည်။ သူ၏ အသက်ကို ချမ်းသာပေးရန် မဟုတ်ပါ။ သူကို သတ်ဖြတ်ခြင်း မပြုထိုက်ကြောင်း ခုခံငြင်းဆန်ခြင်း မဟုတ်ပါ။

သူ့အား သုတ်သင်ကွပ်မျက်မည့် ကားစင်ကို ရွေးချယ်ခွင့်ပြုရန် တောင်းဆိုလိုက်ခြင်းပဲ ဖြစ်ပါသည်။

'ကျွပ် သေရမှာကို မကြောက်ပါဘူး။ ဒါပေမဲ့ ကျွပ်ကို ခုလို မဟုတ်မတရားတွေနဲ့ စွပ်စွဲပြီး ကွပ်မျက်ခံသွားရတယ် ဆိုတာကိုတော့ မဖြစ်ချင်ပါဘူး။ ကျွပ် တောင်းဆိုချင်တာ နှစ်ခု ရှိပါတယ်။ တစ်ခုက အခုလို သူခိုးတွေ၊ ခေးပြတွေ၊ လူလိမ်လူညာတွေ၊ မကောင်းမှုမှန်သမျှ ကျူးလွန်တဲ့လူတွေကို သတ်တဲ့ ဒီသစ်ညှပ်ငှက်မှာတော့ အသတ် မခံချင်ပါဘူး'

'ဒါက ရွေးချယ်စရာကိစ္စလား' ဟူ၍ ဆိုချင်သူတို့ ရှိကောင်းရှိပါမည်။ တကယ့်ကိုပဲ ရွေးချယ်စရာကိစ္စ ဖြစ်ပါ

www.burmeseclassic.com

သည်။ သူ၏ တောင်းဆိုမှုမှာ တော်တော့်ကို လိုအပ်သောကိစ္စ ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ နိုင်ငံရေးပြစ်မှုဖြင့် ကွပ်မျက်ခံရမည့် ကားစင်နှင့် မုဒိမ်းမှုဖြင့် ကွပ်မျက်ခံရမည့် ကားစင်တို့ ဂုဏ်ကျက်သရေချင်း ခြားနားလိမ့်မည်ကို မည်သူမျှ အငြင်းမပွားတန်ရာသကဲ့သို့ပင် ဖြစ်ပါသည်။

ခေါင်းဆောင်လုပ်သူသည် ယုတ္တိဗေဒတွင် ဝါသနာပါသူ မဟုတ်နိုင်ပါ။ သို့စေကာမူ အက်ဆေးဆရာ၏ ဖခင်တောင်းဆိုလိုက်သော အချက်ကို ထူးဆန်းစွာပင် ခွင့်ပြု လိုက်လျောခဲ့ပါသည်။ သစ်ညိုပင်၌ ချည်နှောင်ထားသော ကြိုးကို ဖြေပေးခဲ့ပါသည်။ သစ်ညိုပင်၏ အနောက်ဘက် ကုန်းကမူလေး အထက်ရှိ ခံတက်ပင်၌ ပြောင်းလဲ၍ ချည်နှောင်လိုက်ပါသည်။ အက်ဆေးဆရာ၏ ဖခင်သည် ထိုနေရက်က ကွပ်မျက်ခြင်း မခံခဲ့ရပါ။ အညာကျေးတောသားကြီးသည် သူ၏ အမိအဖတို့ကို တိုင်တည်လျက် မကောင်းတာဆို၍ တစ်ခုမှ မလုပ်ခဲ့ဖူးကြောင်း သစ္စာဆိုပါသည်။ ထို့နောက် သူ့ကို သတ်နိုင်ပြီဆိုပြီး ရင်ကော့၍ ပေးခဲ့ပါသည်။ ခေါင်းဆောင်က တွေဝေသွားပါသည်။ ရွာသားတွေက လွှတ်ပေးဖို့ရာ တောင်းဆိုပါသည်။ ဆရာတော်ဦးသောဘိတကလည်း ဝင်၍ မေတ္တာရပ်ခံပါသည်။ သို့ဖြင့် အက်ဆေးဆရာ၏ ဖခင်သည် သေက်မရောက်ခဲ့-ဟု ဆိုပါသည်။

သည်အချက်မှာ ဇာတ်ဆန်သော်လည်း လှသည်။

အက်ဆေးဆရာသည် သစ်ညိုပင်ကို အနိဋ္ဌာရုံ၊ မကောင်းသော နိမိတ်ပုံအဖြစ်ပြရင်း ခံတက်ပင်နှင့် ယှဉ်၍ ဖွဲ့ခဲ့ပါသည်။

ခံတက်ပင်သည် သစ်ညိုပင်ကဲ့သို့ မသတီစရာ၊ ထွီစရာ ထုပ္ပတ် ဇာတ်ကြောင်း မရှိခဲ့ပါ။ သစ်ညိုပင်ကဲ့သို့ ခြောက်သွေ့၍ မနေပါ။ အညာမြေ၏ နွေခေါင်ခေါင်၌ပင်လျှင် အရွက်နုလေးတွေ ဝေဝေဆာဆာနှင့် စိမ်းလဲ့ပါသည်။ တပေါင်းတန်ခူးလများတွင် နေမည်မှုပင် ပူပြင်းစေကာမူ မြေအောက်မှ ရေပြန်လည်၍ ရွက်နုတွေစီကာ ပွင့်သစ်တွေ စိုရွှန်းနေတတ်ပါသည်။

ဤသည်ကို တောင်သူဦးကြီးတို့က တပေါင်းရေပြန်-ဟု ခေါ်လေ့ရှိကြောင်း အက်ဆေးဆရာ၏ မိခင်က ရှင်းပြသည်။

ဆရာ မြေဝသုန်သည် အညာပြန်ရွာအဝင်လမ်းတွင် ပြန်လည် တွေ့မြင်ရသော သစ်ညိုပင်နှင့် ခံတက်ပင်ကို အကြောင်းပြုလျက် သူ့ဖခင်၏ စိုးရိမ်ထိတ်လန့်စရာ အတွေ့အကြုံကို ပြန်ရေးခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံတွင် အကျည်းတန်သော၊ အရုပ်ဆိုးသော ဖြစ်စဉ်ဖြစ်ရပ်တို့ အမှန်ရှိခဲ့စေကာမူ အက်ဆေးဆရာ၏ဖခင် တွေ့ခဲ့ကြုံခဲ့ရသော အတွေ့အကြုံမျိုးကို လူတိုင်း တွေ့ခဲ့ကြုံခဲ့နိုင်သည် မဟုတ်ပါ။ သို့ရာတွင် ထူးခြားသော အတွေ့အကြုံဟူသမျှကို အက်ဆေးလုပ်လို့ ရသည်ဟု မဆိုသာပါ။

'ပန်းပုရုပ်က ကျောက်တုံးထဲမှာ ရှိပြီးသားပါ။ ကျွဲပုံက မလိုတာတွေကို ဖယ်ထုတ်ပစ်လိုက်ခဲ့ပါပဲ'ဟု ကမ္ဘာကျော် ပန်းပုဆရာကြီး မိုက်ကယ်အိန်ဂျယ်လိုက ဆိုဖူးပါသည်။ လူတိုင်း လူတိုင်းတို့တွင် ဘဝအတွေ့အကြုံနှင့် ခံစားမှုအတွေ့အကြုံဟူ၍ ရှိတတ်ပါသည်။ ရှိခဲ့နိုင်ပါသည်။ အက်ဆေးတစ်ပုဒ်အတွက် ဘဝအတွေ့အကြုံနှင့် ခံစားမှုအတွေ့အကြုံအပြင် ဆင်ခြင်မှု အတွေ့အကြုံလည်း လိုအပ်ပါသည်။

ကျွန်တော့်သဘောဆိုပါက ပန်းပုရုပ်တွင် ပိုနေသေးသည့် ကျောက်သားတို့ကို ထုပ်မဲ့၍ ဖယ်ရှားပစ်ဖို့ လိုဦးမည်ဟု ထင်မြင်မိပါသည်။ သို့သော် သူ့အတိုင်းပဲ ထားလိုက်ပါမည်။အဘယ်ကြောင့်ဆိုသော် အက်ဆေးဆရာ၏ ကောက်ချက် သို့မဟုတ် ဆင်ခြင်မှုကို နှစ်သက်မိသောကြောင့် ဖြစ်ပါသည်။

ရွက်နုသစ်လေး လေထဲလွင့်မျော လာ၏။ ခံတက်ပင်လေးကို ကြည့်ရင်း ကျွန်တော့်ခေါင်းထဲ အတွေးတစ်စ ဝင်လာသည်။ တန်ခူးနေမှာ ခံတက်ရွက် ကလေးများ စိမ်းစိုနုဖပ်နေခြင်းသည် အမေပြောသလို တပေါင်းရေပြန်ကြောင့်ဟု ကျွန်တော် မထင်ပါ။ သစ္စာတရား၏ ပြဟ္ဒိုက် နိမိတ်သကေတတစ်ခု ဖြစ်နေ၍ လန်းဆန်းစိမ်းမြနေခြင်း ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

❑

၃။

လူဆိုသည်မှာ မွေးဖွားလာပြီဆိုကတည်းက သေမိန့် ကျခဲ့ပြီးသူများဖြစ်ပါသည်။ မွေးခြင်းနှင့် သေခြင်း၏ အကြားဖြစ်သော အချိန်ကာလကို ဘဝဟု သိမှတ်ခေါ်ဆိုခြင်း ဖြစ်ပါသည်။ အူဝဲဟု ကြွေးကြော်လျက် ကမ္ဘာလောကထဲသို့ မောင်းတီး၍ ဝင်ရောက်လာခဲ့သူများချည်း ဖြစ်ပါသည်။ သို့သော် ကြေးစည်သံသဲ့သဲ့မျှ မကြားလိုက်ရတဲ့ ခေါင်းပြီးခြုံ၍ ထွက်ခွာသွားသူတို့ ရှိခဲ့ပါသည်။ သူ ပြန်လည်ထွက်ခွာသွားခဲ့သည့် နေ့ရက်၊ အချိန်တွေတိုင်း ဥဩသံ ရှည် ဆွဲ၍ ဂုဏ်ပြုနေရသော သူတို့လည်း ရှိပါသည်။

လူသည် သူ၏ သေဆုံးခြင်းကို ရွေးချယ်ရန် အခွင့်အရေး မရှိဟု အငြင်းပွားလိုသူတို့ ရှိနိုင်ပါသည်။ မဟုတ်ပါ။ ကျွန်တော် ထိုသို့ မထင်မြင်ပါ။ လူတစ်ယောက် အသက်ရှင်သန်နေစဉ်ကာလအတွင်း သူ မည်သို့ပြုမူ နေထိုင်သလဲဆိုသော အချက်မှာ သူကိုယ်တိုင် ရွေးချယ်ခွင့် ရရှိခဲ့ပြီးသော အခွင့်အရေး ဖြစ်ပါသည်။ ကျွန်တော်တို့သည် အနောရောင်းကားစင်နှင့် အနက်ရောင်းကားစင်ကို ရွေးချယ်ခြင်း မပြုနိုင်စေကာမူ သစ်ညိုပင်နှင့် ခံတက်ပင်ကိုတော့ ရွေးချယ်ရန် အခွင့်အရေး ရှိမည်ထင်ပါသည်။

■

မောင်ရင့်မာ၊ကျောင်းကုန်ရည်ညွှန်း။ ။စတိုင်သစ်မဂ္ဂဇင်း၊ဩဂုတ် ၂၀၀၉ (မြေဝသုန်)

www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲ

လက်ပက်နှင်းအကြော်ဝိုင်



ရွှေပြည်တန်လက်စက်
အဓိပတိ(၂၅၁)၊ ပြောကောက်ထပ်၊
(၅) ရုံ၊ ဆိပ်ကြီးစုရုံး၊ ရန်ကုန်။
ဖုန်း - ၂၄၀၆၀၀ - လိုင်းရွှဲ - ၄၃၂၂၀/ ၄၆၄၂၂၊ ၀၉ - ၅၁၀၇၀၉၉၉

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒဏ္ဍာရီထဲက ဒဏ်ရာ ကြယ်လွဲမိုး

၁။

အညာကျေးလက်မှာရှိသည့် ကျွန်တော်တို့ဒေသလေးတွင် အဘွားကို အမေဟုခေါ်ကြသည့် ခလေ့ကို အခု ပြန်သုံးသပ်ကြည့်မှ သဘောပေါက်လာမိသည်။ လူငုတ်တုတ် သွားငုတ်တုတ်ဆိုသည့် ရင်ခွင်လွတ်အရွယ် ရောက်သည်နှင့် အမေသည် လူမမည် ကလေးသူငယ်များအား အိမ်မှာ ကျွန်ခဲ့သည့် မိအိုဖအိုများနှင့် ထားရစ်ခဲ့ပြီး အဖေနှင့် ရင်ပေါင်တန်းကာ လယ်ထဲ ကိုင်းထဲသို့ ဆင်းရသည်။ ထိုအခါ အဘွားသည် အမေ့တာဝန်များကို ကျေနပ်စွာ ထမ်းဆောင်ရာမှ စတင်ခဲ့ဟန်တူပါသည်။ အဘွားသည် သူမ၏ပျဉ်းတွဲကျနေသော လက်ရုံးတစ်စုံအား ဖြန့်ခင်းကာ မြေးတွေအား အိပ်စက်စေခဲ့သည်။ အဘွားသည် သူမ၏နို့ပိန်ကပ်ကပ်အား နို့ရည်ကြည်များ မထွက်တော့တိုင် ချင့်ရဲဖြေ တိုက်ကျွေးခဲ့သည်။ ထိုသို့ဖြင့် အမေနဲ့တွေ လှိုင်လှိုင်သင်း အပြောင်းအလဲများကို ကျွန်တော် ချစ်သည်။ အထူးသဖြင့် နေ့နှင့်ညကဲ့သို့သော ဆန့်ကျင်ဘက် တစ်ဆစ်ချိုး အပြောင်းအလဲများကို ဝိုင်၍ သဘောကျတတ်လေသည်။ ထို့ကြောင့် ဖြစ်လိမ့်မည်ထင်သည်။ နေ့နှင့်ည စတင်ပြောင်းလဲချိန် ညနေခင်းလေးတွေကို ခုမင်စွာ ခံစားတတ်လာခဲ့သည်။

ထိုညနေခင်းလေးများ၏ ကောင်းကင်တွင် နေမင်းကြီးသည် အနောက်အရပ်သို့ အပြီးတိုင် ငုပ်လျှိုး ပျောက်ကွယ်မသွားသေးသည့်တိုင် နီကြင်ကြင် အရိပ်သဏ္ဌာန်တော့ ကျန်ရှိနေသေးသည်။ လမင်းကြီးသည်လည်း အလုံးစုံ ထွက်ပေါ်မလာသေးသည့်တိုင် ဖြူလွလွ လရိပ်ယောင်ကိုတော့ မြင်နေရပါသည်။ ထိုသို့ နေတစ်ဖက်၊ လတစ်ဖက် ညနေ နေဝင်ရီတရော အချိန်လေးများတွင် ကျွန်တော် အမေ့ကို သတိရတတ်ပါသည်။ ❑

ရဲမိုဝိုပဂ္ဂင်း

ရသစာစောင်း
အမှတ် ၃၂၂ ဝက်တင်ဘာ ၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

နေသော အဘွားအား တစ်ဆင့်တက်ကာ အားကိုးချစ်ခင်စွာ အမေဟုပင် ခေါ်ခဲ့ကြဟန်လည်းတူပါသည်။ ကျွန်တော်ကိုယ်တိုင်သည်ပင် အမေဟု ခေါ်လိုက်ရမှ စိတ်ထဲအားရှိသွားသလို ခံစားရပြီး လုံခြုံသည်ဟုပင် ခံစားမိသည်။

မှတ်မိနေပါသေးသည်။ ပူလောင်အိုက်စပ်နေသော နွေညနေခင်းများတွင် အဘွားက ကျွန်တော်တို့ ညီအစ်ကိုတစ်တွေအား အိမ်ရှေ့ တလင်းပြင်တွင် ထန်းကြောဖျာကြီး ချခင်းကာ ပုံပြင်များဖြင့် ချော့သိပ်ခဲ့သည့် ညတွေ။ အဘွား၏ လက်တစ်ဖက်က ကျွန်တော့် ကျောပြင်တစ်လှည့်၊ အစ်ကို့ ကျောပြင်တစ်လှည့် ယားကုတ်လုပ်ပေးရင်း ကျန်တစ်ဖက်က အဘိုး၏ ပုခုံးနံငယ်ပိုင်းလေးဖြင့် အညာလေပူပူနှင့်အတူ လွင့်မျောပျံဝဲနေသော ခြင်များကို တဖျပ်ဖျပ် ခါထုတ်ပေးနေခဲ့သည့်အဘွား၏ သံယောဇဉ် ကရိကထများပုံတွေကို။

အဘွားပြောခဲ့သော ပုံပြင်များတွင် **ရွှေယုန်နှင့်ရွှေကျား** ပုံပြင်တို့လို မြန်မာကလေးငယ်များ နားရည်ဝနေသော ပုံပြင်များ ပါဝင်သလို ကျွန်တော်တို့ ဒေသတွင်သာ အပြောများသော ခွေးအ, မလေး ပုံပြင်တို့လို ဒေသိယပုံပြင်များလည်း ပါဝင်သည်။

'ဟိုး...ရှေးရှေးတုန်းကပေါ့' ဟု အစချီလိုက်ပြီဆိုလျှင် ကျွန်တော်တို့ ညီအစ်ကိုပုံပြင်အသစ် နားထောင်ရတော့မည်ဆိုသည့် အသိဖြင့် ငြိမ်နေတတ်ကြသည်။

'ခေတ်ဆိုးကြီးတစ်ခုမှာ ဆန်စပါးကိုသာ အဓိက စိုက်ပျိုးကြတဲ့ တောင်သူရွာကြီးတစ်ရွာ ရှိတယ်ကွယ်'

ထိုအခါတွင်တော့ ကျွန်တော်နှင့် အစ်ကို ထိုပုံပြင်ကို သိလိုက်ကြပါပြီ။ အကြိမ်ကြိမ် နားထောင် ဖူးပြီးသား ဖြစ်ပေမဲ့ ထိုပုံပြင်ကို ပြောနေစဉ် အဘွား၏ ရင်ထဲမှ လှိုက်တက်လာသော စကားသံ၊ အရှိုက်အမောတွေပါသော လေယူလေသိမ်းများကို ထပ်ကာထပ်ကာ နားထောင်ချင်နေမိကြသည်။

ဖြတ်သန်းခဲ့ရသော ဘဝလမ်း တစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသော အချို့ကိစ္စတွေသည် ကုန်ဆုံးလွန်မြောက် သွားခဲ့သည့် နှစ်၊ လ ရက်တွေနှင့်အတူ ပျောက်ပြယ် သွားခဲ့သည်လည်းရှိ အချို့ မေ့ပျောက် ခဲ့သည်လည်းရှိ မေ့ပစ် ခဲ့ရသည်လည်း ရှိခဲ့ပါသည်

'တစ်နေ့တော့ အဲဒီခေတ်ဆိုးကြီးရဲ့ အစိုးရဟာ တောင်သူတွေကို လယ်တစ်ဧက စပါးဘယ်နှတင်း သွင်းရမယ်ဆိုပြီး သတ်မှတ်လိုက်သတဲ့။ သူတို့ သတ်မှတ်ထားတဲ့ အစိုးရ စပါးဒိုင်တွေမှာ အချိန်မီ စပါးတွေ မသွင်းနိုင်ရင် ဖမ်းမယ်ဆီးမယ်ဆိုပြီးလည်း ခြိမ်းခြောက်ကြသတဲ့ကွယ်။ မိုးခေါင်တဲ့ နှစ်တွေမှာတော့ တောင်သူတွေဟာ သတ်မှတ်ထားတဲ့ စပါး အစိုးရကို မသွင်းနိုင်ကြဘူးတဲ့။ ဘယ်သွင်းနိုင်ကြမလဲ၊ အိမ်စားဖို့တောင် စပါးက အလုံအလောက်မှ မရကြတာလေ။ အဲဒါနဲ့ အစိုးရက ဖမ်းမှာကြောက်တော့ ကြိမ်ကြေရာ လှည်းနွားတွေတပ်ပြီး မိသားစုလိုက် တောထဲတောင်ထဲ သွားပုန်းကြရတယ်။ တချို့ကတော့ ဆွေတွေ၊ မျိုးတွေရှိရာ နယ်တကာလှည့်ပြီး ပုန်းနေကြရသတဲ့ကွယ်။ အဲဒီလို အစိုးရကို စပါးမသွင်းနိုင်လို့ ပုန်းကြရတဲ့ သူတွေကို 'ဒိုင်ပုန်း' တယ်လို့ ခေါ်ကြသတဲ့လေ။ ဒိုင်ပုန်းကြတဲ့သူတွေထဲ ကလေးငယ်ငယ်လေး နှစ်ယောက်ပါတဲ့ မိသားစုလေးလည်းပါသတဲ့။ အဲဒီမိသားစုလေးဟာ ဒိုင်ပုန်းဖို့ ညတစ်ညမှာ ရွာကထွက်ပြေးဆင်နေကြတယ်။ အဲဒီမိသားစုရဲ့ အိမ်ထောင်ဦးစီးကြီးဟာ သမီးရယ်၊ သမက်ရယ်၊ ကလေးငယ်ငယ်လေး နှစ်ယောက်ရယ်ကို နွားလှည်းပေါ်တင်ပြီး အရင်ဆုံး ရွာကနေ ထွက်ခဲ့တယ်။ ပြီးမှ နွားလှည်းရဲ့ ခပ်လှမ်းလှမ်း နောက်ကနေ သူ့ဇနီးနဲ့ သူက လိုက်လာတယ်လေ။ လက်နှိပ်ဓာတ်မီးထွန်းရင်သိမှာစိုးလို့ အမှောင်ထဲ လျှောက်လာရင်းတစ်နေရာအရောက်မှာတော့ အဲဒီမိသားစုရဲ့ အိမ်ထောင်ဦးစီးကြီးဟာ ပိုးထိလို့ ဆုံးသွားသတဲ့ကွယ်။ အဲဒီအဖြစ်ဆိုးကြီးဖြစ်ပြီး နောက်နောက်နှစ်တွေမှာတော့ အဲဒီမိသားစုလေးဟာ ဒိုင်ပုန်းမသွားကြတော့ဘူးတဲ့။ မိုးခေါင်လို့ စပါးအရှုံးခံရနည်းတဲ့နှစ်တွေမှာလည်း ရသမျှ စပါး အစိုးရကိုသွင်းပြီး ကျန်တဲ့ စပါးလေးကို ကြိတ်ခွဲပြီးတော့ နွားကျွေးဖို့ စိုက်ထားတဲ့ ပြောင်းဆန်တွေနဲ့ရောပြီး တစ်နှစ်ပတ်လုံး စားသောက်ကြသတဲ့။ ကိုယ်တိုင်စိုက်တဲ့ ဆန်စပါးကို ကိုယ်တိုင် ဆန်သန့်သန့် မစားရဘဲနဲ့ နွားစာနဲ့ရောချက်ထားတဲ့ ပြောင်းထမင်းစားရတိုင်း အဲဒီမိသားစုလေးဟာ အစိုးရကို ရင်နာနေတော့သတဲ့ကွယ်'

ထိုသို့ ပုံပြင်လေး ဆုံးသွားသည်နှင့် အဘွားသည် သူမ၏ ပျဉ်းတွဲကျနေသော လက်ဖျံရိုးတစ်လျှောက် ငေါငေါထွက်လာအောင် အဘိုး၏ ပုခုံးနံငယ်ပိုင်းလေးအား တင်းတင်းဆုပ်ထားသည်ကို သတိထားမိသည်။ အဘွားသည် ကောင်းကင်ပေါ် စူးစူးစိုက်စိုက် ကြည့်လိုက်ပြီဆိုလျှင် လမင်းကြီးအား ဖုံးအုပ်ကြိုးစားနေသော တိမ်ပုပ်များ ဖယ်ရှားပေးရသည်အထိ အကြည့်များ ထက်သန်သည်ဟုလည်း ကျွန်တော် ထင်ခြင်းသည်။ ထို့နောက်မှာတော့ မျက်လုံးမစုံတော့သော အသက်ခုနစ်ဆယ်ကျော် အဘွား၏မျက်ဝန်းမှ မျက်ရည်တို့ အဆက်

www.burmeseclassic.com

www.burmeseclassic.com

အတားမရှိပြီဆင်းလာသည်ကို ကျွန်တော် ပြန်လည် မြင်ယောင်နေမိတော့သည်။

ဖြတ်သန်းခဲ့ရသော ဘဝလမ်းတစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသော အချို့ကိစ္စတွေသည် ကုန်ဆုံး လွန်မြောက်သွားခဲ့သည့် နှစ်၊ လ၊ ရက်တွေနှင့်အတူ ပျောက်ပြယ်သွားခဲ့သည်လည်းရှိ၊ အချို့ မေ့ပျောက်ခဲ့သည်လည်းရှိ၊ မေ့ပစ်ခဲ့ရသည်လည်း ရှိခဲ့ပါသည်။ သို့ပေမဲ့ ကျွန်တော့်ရင်ထဲက ပုံပြင်လေးတစ်ပုဒ်ကတော့ နှစ်ကာလများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် မေ့ပျောက် ပျက်ပြယ်မသွားနိုင်သေးပေ။

❑

၂။

လက်မှတ်ရုံတွင်ရှိသော သူများက ကျွန်တော့်အား အိုင်စီလေးဟု ခေါ်ကြပါသည်။ လက်မှတ်ရုံတာဝန်ခံကို အိုင်စီကြီးဟု ခေါ်ကြပြီး ဒုတာဝန်ခံကိုတော့ အိုင်စီလေးဟု ခေါ်တတ်ကြသည်။ မကြာသေးခင် ကာလကမှ လက်မှတ်ရောင်းစာရေးကနေ ဒုတာဝန်ခံရာထူးတိုးမြင့်ခဲ့ပြီး ဒီလက်မှတ်ရုံကို ရောက်လာသည်ဆိုတော့ ထိုရာထူးအခေါ်အဝေါ်က နားထဲမှာ စိမ်းလို့နေသေးသည်။

ဒီလက်မှတ်ရုံကို လက်မှတ်ရောင်းစာရေးအဖြစ်နှင့် အကြိမ်ကြိမ် တာဝန်ကျူးသလို ဒီလက်မှတ်ရုံမှာရှိသည့် လက်မှတ်ရောင်း စာရေးများနှင့်လည်း အတူတူ တာဝန်ကျခဲ့ဖူးပါသည်။ သို့ပေမဲ့ လက်မှတ်ရုံလေးထဲ ဝင်လိုက်တိုင်း ရင်ခုန်မိမြဲ။ အထူးသဖြင့် တာဝန်ခံများ ထိုင်ရန် သတ်မှတ်ထားသော စားပွဲလေးတွင် ထိုင်နေရသည့်အချိန်တွေမှာ ပို၍ ရင်ခုန်မိပါသည်။ မီးရထားနယ်ပယ်တွင် ဒုတာဝန်ခံဆိုသည့် ရာထူးငယ်ငယ်လေးသည် မဆိုစလောက်လေး အရာဝင်ရုံမှ လွဲ၍ ပြောပလောက်သည့် ရာထူးတော့ မဟုတ်ပါ။ သို့ပေမဲ့ ကျွန်တော့်အတွက်တော့ ကျေနပ်စရာ ကောင်းပါသည်။ သူများတကာတွေ လက်ဖျောက်တစ်ချက် တီးလိုက်သည်နှင့် အလွယ်တကူ ရနိုင်သည့် ဒီနေရာလေးကို အင်နှင့်အားတို့ကြိုးစားပြီးမှ ရလာသည်မို့လည်း ကျေနပ်နေခြင်းဖြစ်လိမ့်မည်။ အရင်တုန်းက နောက်ဖေးပေါက် ကျွမ်းကျင်သူများနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူများ ရာထူးတိုးစာမေးပွဲဖြေဆိုဖို့ စာမေးပွဲအခန်းထဲ ဝင်ထိုင်ခဲ့ရုံနှင့်ပင် ရာထူးတိုးကြသော ခေတ်တစ်ခု ရှိခဲ့ပေမဲ့ အခုတော့ ပြောင်းလဲသွားပြီဖြစ်ကြောင်း ကိုယ်တိုင်ကပင် လျှင် သက်သေခံနေသည်လေ။

ပြောင်းလဲနေသော ဝန်းကျင်လေးကို ကြည့်ကာ ကျွန်တော် ကြည်နူးနေမိသည်။ ကြုံတင်ရောင်းချသော တွဲခုံ ယောများတွင် အရင်က ဗွီအိုင်ပီခုံနေရာကို ယခု အရေးပေါ်ခုံဟု ပြောင်းလဲထားခြင်းက လွဲလျှင် အာတီအိုဟု ခေါ်သော စစ်ဘက် ရထားပို့ဆောင်ရေး ခုံခွဲတမ်းများ အရင်လို အများအပြား ရှိနေသေးသည်က လွဲလျှင်၊ လမ်းကြုံ၍ ငွေဖြည့်ကတ် ဖြည့်ပေးလိုက်ရသည်က လွဲ၍ အရင်လို စည်ခဲ့စရိုက်၊ နေပြည်တော်ပြန်လက်ဆောင်အတွက် ကောက်ခံသံတွေသည် တဖြည်းဖြည်းတိုးလျသွားသည်။ ကျွန်တော့်နည်းတူ လက်မှတ်ရောင်းစာရေးများလည်း အပြောင်းအလဲကို ကျေနပ်နေကြကြောင်း သူတို့၏မျက်နှာတွေက သက်သေခံနေသည်။ ဘဝနှင့်လောင်းကြေးထပ်ကာ ထမ်းပိုးခဲ့ရသော ဝန်ထုပ်ဝန်ပိုးများ လျော့ပါးသွားပြီမို့လည်း 'အပိုကြေးပေးရန်မလိုပါ' ဆိုသော ဆိုင်းဘုတ်အောက်တွင် လိပ်ပြာလုံနေကြပါသည်။ ထို့အတွက် သူတို့ကိုယ်တိုင် ပြောင်းလဲခဲ့သော လက်သန်းလေးတွေကို တစ်မှိန်စိမ့်ကြည့် ပီတိဖြစ်နေကြမှာလည်း သေချာပါသည်လေ။ အောင်မြင်မှု၏ သင်္ကေတအဖြစ် လက်မထောင် သရုပ်ပြရမည့်အစား လက်သန်းလေးတွေ ထောင်ပြကာ ကြည်နူးခဲ့ရသည့် နေ့တွေက ဘဝမှာ ပီတိဖြစ်စရာ နေ့တွေပဲ မဟုတ်ပါလား။

❑

၃။

ထိုနေ့က သူတို့ တစ်ခုခုကို ငေးကြည့်နေကြသည်။ ထိုအကြည့်တို့သည် ကြေကွဲရောင်သန်းနေပြီး အငေးအရီဘက် ကဲသည်ဟုပင် ကျွန်တော် ထင်မြင်မိသည်။ တာဝန်ခံစားပွဲမှာ ဝင်ထိုင်လိုက်ပြီး လက်ကျန် လက်မှတ်ရုံသို့ စေလွှတ်ရမည့် အမည်စာရင်းကို စဉ်ငေးစဉ်မှာတော့ လက်မှတ်ရောင်း စာရေးတစ်ယောက် ကျွန်တော့်အနား ရောက်လာသည်။ ပြီးတော့...

'အိုင်စီလေး ဒီနေ့ လက်ကျန်ကျူတီက ကျွန်တော်ပါ။ ဒါပေမဲ့ ဖြစ်နိုင်ရင် တစ်ယောက်ယောက်နဲ့ ကျူတီချိန်းပေးပါလား'

ထိုတစ်ယောက် ပြောနေစဉ်မှာပင်-

'ကျွန်တော်လည်း မဆင်းချင်ဘူး အိုင်စီ'

'ကျွန်တော်တို့လည်း ဆင်းရမှာ ကြောက်နေပြီ' ဆိုပြီး လက်မှတ်ရောင်းစာရေးတွေ ကျွန်တော့်အနားတစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတယ်။

www.burmeseclassic.com

ထိုနေ့က အပြာရောင် စွန်းထင်းခဲ့သော လက်သန်း ကလေးတွေကို ဒဏ်ရာတစ်ခုသဖွယ် ကြေကြေကွဲကွဲ ငေးငေးရီရီ ကြည့်နေကြသော အဖြစ်အပျက်အား တကယ် မဖြစ်ခဲ့သော ဒဏ္ဍာရီတစ်ခုအဖြစ် ကျွန်တော် မှတ်သား ထားလိုက်ချင်ပါသည်

လက်ထဲမှာရှိနေသည့် ဘောပင်ဖြင့် ဂျူတီစာအုပ်ကို အတန်ကြာအောင် တဒေါက်ဒေါက် ခေါက်ကာ တွေဝေနေပြီးမှ ကျွန်တော် သူတို့ကို မေးကြည့်ကာ 'ဘာ အခက်အခဲရှိလို့လဲ' ဟု မေးလိုက်တော့...

'ဟို- လက်ကျန် လက်မှတ်ရုံရှေ့မှာ ဗိုလ်မှူးတစ်ယောက် မွေနေတယ် အိုင်စီလေး'

'ဘယ် ဗိုလ်မှူးလဲ၊ စီးပွားရေးဌာနက ဗိုလ်မှူးလား။ ကုန်စည်ဌာနက ဗိုလ်မှူးလား။ ဒါမှမဟုတ် စက်မှုကလား။ နေပြည်တော်ရုံးချုပ်က တစ်ယောက်ယောက်လား ပြောပါဦး၊ ဘယ်လိုဖြစ်တာလဲ'

'ရုံးချုပ်က ဘာညာနဲ့ကြားချက်မှ မရှိတဲ့ သူက နေ့တိုင်း လက်မှတ်ရုံရှေ့ကို စောင့်ပြီးလက်မှတ်ဝယ်ပြီးတဲ့ ခရီးသည်တွေကို လိုက်မေးနေတယ်'

'မေးပေါ့ဗျာ၊ ဘာဖြစ်လဲ။ အပိုကြေး ယူပြီးမှ မရောင်းတာ'

ဟု စကားမဆုံးခင် ဖြတ်ပြောလိုက်တော့ နောက်တစ်ယောက်က-

'အပိုကြေး မယူတာတော့ မှန်တယ်အိုင်စီလေး။ တချို့လက်မှတ်ခတွေက လေးထောင့်နှစ်ရာငါးဆယ်ကျပ်လို ဟာမျိုး ခရီးသည်က လေးထောင့်သုံးရာပေးတဲ့အခါ ကျွန်တော်တို့မှာ အကြွေပြန်အမ်းဖို့ အခက်အခဲ ရှိတဲ့အခါရှိ၊ တချို့ ခရီးသည်တွေကျတော့ ပိုတဲ့တစ်ရာနှစ်ရာကို ပြန်မယူဘဲ ထားခဲ့ကြတာလည်း ရှိတာပေါ့'

'အဲဒီ အကြွေစွန်းလည်း မယူနဲ့ဗျာ' လို့တော့ ကျွန်တော် သူတို့ကို ဆက်ပြီး ပြောမထွက်ခဲ့။ လက်ရှိရနေသည့် လစာပမာဏသည် ဝန်ထမ်းတစ်ယောက် ဒေါင်ဒေါင်မြည် ရပ်တည်နိုင်သည့် အခြေအနေမှ မဟုတ်သေးဘဲလေ။

'ကျွန်တော်တို့ကို ပြတ်ပြတ်သားသား အရေးယူလိုက်တာမှ တော်ပါသေးတယ် အိုင်စီလေးရယ်။ ခုတော့ ခရီးသည် တစ်ယောက်ချင်းကို လိုက်မေးပြီး သူက ပိုတဲ့ ငါးဆယ်၊ တစ်ရာကို ပြန်လည်း အအမ်းခိုင်း၊ လူမြင်ကွင်းမှာ ကျွန်တော်တို့ကို တောင်းပန်ခိုင်းတယ်။ ကျွန်တော်တို့မှာ ကိုယ့်သားလောက်ရှိတဲ့ အရွယ်လည်း တောင်းပန်ရ၊ ကိုယ့်သမီးလောက်ရှိတဲ့ အရွယ်လေးတွေကိုလည်း ပြန်တောင်းပန်ရနဲ့ ရှက်လွန်းလို့ သေသာသေလိုက်ချင်တယ်'

ကျွန်တော့်အနားကနေ အားလုံး ပြန်သွားကြပေမဲ့ သူတို့ပြောခဲ့သည့် စကားတွေက နားထဲမှာ အထပ်ထပ် ပြန်ကြားယောင်နေသေးသည်။ သူတို့ပြောသည့်လူကို သိပါသည်။ လကုန်လျှင် စာအိတ်ကလေးတွေ၊ ဆန်အိတ်တွေ၊ ဆီပုံးတွေနှင့် ကူးလူးဆက်ဆံခဲ့သည့် ခေတ်က နှုတ်ဆိတ်နေခဲ့သူပဲလေ။

'ပြီးတော့ သူ ကျွန်တော်တို့ကို ပြောသေးတယ်။ ပြောင်းလဲချိန်တန်ပြီ၊ ပြောင်းလဲချိန်တန်ပြီနဲ့ အထပ်ထပ် ပြောနေတာ ရွှေ့နေတဲ့အတိုင်းပဲ အိုင်စီလေးရယ်' ဟု နောက်ဆုံး ပြောခဲ့သည့် စကားပြန်ကြားယောင်မိတော့ ကျွန်တော် တစ်ချက် ပြုံးမိလိုက်သည်။ အပြောင်းအလဲ တစ်ခုဖြစ်တိုင်း အခြေခံ လူတန်းစားတွေသာ ဒဏ်ခံရစမြဲ။ ထိုအပြောင်းအလဲ တစ်ခု၏ဒဏ်သည် ရိုးသားခြင်းနှင့် မရိုးသားခြင်း နှစ်မျိုးရှိနိုင်ကြောင်းကိုတော့ လက်မှတ်ရောင်းစာရေးတွေကို ကျွန်တော် ပြောမပြဖြစ်ခဲ့။ အခြေခံဝန်ထမ်းတွေဖြစ်သည့် ကျွန်တော့် လက်မှတ်ရောင်းစာရေးတွေသည် အပြောင်းအလဲတစ်ခု၏ရိုးသားသည့် ဒဏ်ကိုသာ ခံစားကြရလိမ့်မည်ဟုတွေးထင်ထားပုံရပါသည်။

ထိုနေ့က လက်မှတ်ရုံပိတ်တော့ အပြင်မှာ မှောင်တစ်ဝက်၊ လင်းတစ်ဝက် နေမင်းကြီးသည် အနောက်အရပ်သို့ ထွက်ခွာသွားသည့်တိုင် နီကြင်ကြင် အရိပ်များတော့ ဖြာထွက်နေသေးသည်။ လမင်းကြီးသည်လည်း အလုံးစုံ ထွက်မလာသေးသည့်တိုင် ဖြူလွလွ အရိပ်အယောင်တော့ မြင်တွေ့နေရသည်။ ထိုအချိန်လေးများတွင် ကျွန်တော်အမေကို သတိရလာမိပြန်သည်။

❑

'ဦးနောက်က မေ့ပေမဲ့ နှလုံးသားက မမေ့ဘူး' ဆိုသော စကားလေးကို ကျွန်တော် သိပ်သဘောကျသည်။ အမေသည် ဖြတ်သန်းခဲ့ရသည့် ခေတ်ဆိုးကြီးအတွင်းက သူ့ဒဏ်ရာ ဒဏ်ချက်တွေကိုပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ဖန်တီးကာ ကျွန်တော်တို့ညီအစ်ကိုအား ပြောပြခဲ့သည်။ မေ့တတ်သော ဦးနောက်ထဲသို့ ထည့်မပေးခဲ့ဘဲ ထာဝရ မမေ့နိုင်သော နှလုံးသားထဲ ရောက်အောင် ထည့်ပေးခဲ့ခြင်းလည်း ဖြစ်ပါလိမ့်မည်။ ထိုနေ့က အပြာရောင် စွန်းထင်းခဲ့သော လက်သန်းကလေးတွေကို ဒဏ်ရာတစ်ခုသဖွယ် ကြေကြေကွဲကွဲ ငေးငေးရီရီ ကြည့်နေကြသော အဖြစ်အပျက်အား တကယ် မဖြစ်ခဲ့သော ဒဏ္ဍာရီတစ်ခုအဖြစ် ကျွန်တော် မှတ်သားထားလိုက်ချင်ပါသည်။ ထာဝရ မမေ့နိုင်အောင်ပေါ့။ ■

ကြယ်လွွန်း

www.burmeseclassic.com

www.burmeseclassic.com

ရခဲကိုဆစ်ထုတဲ့ပန်းပုလေးတွေ

ဝတ္ထုတိုများ

ဆွဲနှိုး

(စက်မှုတက္ကသိုလ်)

လူ့စရိုက်ကို ပီပီပြင်ပြင်ဖော်ကျူးထားတဲ့

ဆွဲနှိုး (စက်မှုတက္ကသိုလ်) ရဲ့

ဝတ္ထုတိုများ

အသစ်စက်စက်

မရောက်ဖူးမှတ်ထင်လို့

သွားချင်တယ်လား

ဆွဲနှိုး (စက်မှုတက္ကသိုလ်)

ရသစာတမ်းများ

မပေတံရသေးသူများအတွက်

ရသစာတမ်းများ

မျိုးဆက်သစ်စာပေ

ဖုန်း - ၀၉၄၂၀၀၈၃၆၈၈

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းခဲ့ပေါ် ဆောင်းတဲ့ညတွေ

ခပ်ပါးပါးက ခုခံနိုင်စွမ်း နည်းလွန်း
သူ ခြေထောက်ကိုကွေးသည်။ လက်နှစ်ဖက်ကိုပူး
ကိုယ်ကို ကျုံ့နိုင်သမျှ ကျုံ့သည်။
လက်နှစ်ဖက်သာ နွေးသွားသဖြင့်
ကျန်တစ်ကိုယ်လုံးမှာမူ တဆတ်ဆတ် တုန်ခါ
စောင်အခင်းမရှိသောကြောင့် သင်ဖြူ
အနွေးဓာတ် ကင်းမဲ့နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အေးစက်နေသည်။
နှင်းမှုန်ခပ်သည်းသည်းသည် အပြင်ဘက်တွင်
မင်းမူနေရုံမက မြောက်ပြန်လေနှင့်ရောရွ
ထရံပေါက်တို့မှတစ်ဆင့် တဲအိမ်ယိုင်နဲ့အတွင်းသို့
ခပ်စိမ့်စိမ့် တိုးဝင်လျက်ရှိသည်။ အချိန်သည်
မနက်လေးနာရီခန့်။ ဆောင်းရာသီ၏ အအေးဆုံးတို့
ပေါင်းစုံတိုက်ခိုက်နေသောဒဏ်ကို အညာစောင်

www.burmeseclassic.com

ထပ်လောင်းကာ အားပေးကူနေသကဲ့သို့ ရှိနေ၏။ ထို့ကြောင့် ကိုယ်နှင့် ခပ်ပြားပြားဖိထားရင်း နှာခေါင်းရှဲ့မိသည်။ ပိတ်ပါး ခြင်ထောင်သည် ဆောင်း၏ အအေးကို မခုခံနိုင်။ ထို့ကြောင့် တိုးဝင်လာသော လေတို့သည် ခြင်ထောင်၏ ဟန့်တားမှုကို လျှောင်ပြောင်၏။ ထိုစဉ် နှင်းရည်တစ်စက်သည် သူ၏ နဖူးပေါ်သို့ တောက်ခနဲ ကျသည်။ သူတစ်ကိုယ်လုံး အင့်ခနဲ တွန့်သွားသည်။

အိပ်ပျော်လုဆဲ အခိုက်အတန့်တွင် ကျလာသော နှင်းစက်ကို ဟန့်တားနိုင်ခြင်းမရှိသောကြောင့် သက်မဲ့ခြင်ထောင်သည် သူ၏ဒေါသကို ဆွပေးသကဲ့သို့ ရှိသည်။ သူ အံကို လေးငါးခြောက်ချက် ကြိတ်ပစ်သည်။ ထို့နောက် အိပ်ပျော်နိုင်အောင် ဆက်လက်ကြိုးစားသည်။ အမွေးထူထူ ဂွမ်းစောင်ကို သူစိတ်ထဲ တောင့်တမိသည်။ ထို့နောက် နွေးထွေးသော ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com

တစ်စုံ။ သူ့အတွေးတို့သည် မဖြစ်နိုင်သော စိတ်ကူးယဉ် ဆန်ဆန်များသာ ဖြစ်နေသည့် အတွက် အတွေးစကို ကြိုးစား ကာဖျောက်ဖျက်၍ အိပ်ပျော် အောင် မျက်လွှာကို တင်း တင်းစိလိုက်သည်။ ထိုစဉ် ပူနွေးနွေးအရည်တို့သည် သူ့ မျက်လုံးထဲမှ တိုးထွက်ရန် ကြိုးစားသည်။ သူကမူ ထို အရည်တို့အတွက် မျက်လွှာ တံခါးကို ဖွင့်မပေးတော့။

'အောက်...အီး...အီး ...အွတ်'

ထိုအသံသည် သူ၏ အကြိုအစည်များအားလုံးကို တစ်စစီ ရိုက်ချိုးပစ်သည်။ သူ့အတွက်မူ ထိုအသံသည် သာယာနာပျော်ဖွယ် ဂီတသံ မဟုတ်။ စိတ်အားသစ်တို့ မွေးဖွားပေးသော နိဗ္ဗာန် ဆော်သံမဟုတ်။ ငရဲသို့သွား တော့ဟု အချက်ပေးနေသော စက်ဆုပ်ဖွယ် အသံသာ ဖြစ် သည်။ အသံသည် အေးစက် စက်။ သနားကြင်နာမှုမရှိ။ ညှာတာငဲ့ညှာခြင်း မရှိ။ သူ ဘဝ၏ ငရဲကျခဲ့သော နေ့ ရက်တို့ကို ဖန်တီးပေးသော အသံတစ်ခု ဖြစ်သည်။ မှန် သည်။ သူသည် နေ့စဉ်ရက် ဆက် ငရဲထဲသို့ သွားနေရ သည်။ သို့သော် ငရဲပူတော့ မဟုတ်။ ငရဲအေးဖြစ်သည်။ သူ့ငရဲကို တစ်ခါတစ်ရံတွင် ပူစေချင်လွန်းလှသည်။ သို့ သော် ငရဲကမူ အေးစက်မြဲ အေးစက်သည်။ သူတောင်း ဆိုခဲ့ဖူးသော အပူကို ငရဲသည် တစ်ကြိမ်တစ်ခါမျှပင် လိုက် လျောပေးခဲ့ခြင်းမရှိ။ အပူဆုံး ဖြစ်သော နွေခေါင်ခေါင်၏ လလယ်များတွင်ပင် ငရဲ

> မနက်
> နေရောင်မပေါ်မီ
> အရှေ့ဘက်ဆီမှ
> ပုစွန်ဆီရောင်တို့
> ပယ်သန်း
> လာသော
> အချိန်၌မူ
> ဦးဖိုချောင်မှ
> အမွေအသံသည်
> ဘုရားခန်းသို့
> ရောက်ရှိခဲ့ပြီ
> ဖြစ်သည့်
> အမွေအသံနှင့်
> အတူ
> တွဲဖက်၍
> ပါလာ
> တတ်သည်ကား
> ကြေးစည်သံ
> လွင်လွင်

သည် အအေးမပြတ်။ ကြာ သောအခါ အေးမြမှု၊ အေး ချမ်းမှုဟူသော စကားလုံးများ ကိုပင် သူ မုန်းတီးလာရသည်။

'အောက်...အီး... အီး...အွတ်'

ဒုတိယအကြိမ် ဖြစ် သည်။ ဤအကြိမ်သည် သတိပေးသော အဓိန္ဓိဖြစ်ပြီး အသံနှင့် တစ်ဆက်တည်း ငုတ်တုတ်ထ၊ ထိုင်ရမည်မှာ သူ၏ အလုပ်ဖြစ်သည်။ နေ့စဉ် လုပ်နေကျဖြစ်သော် ငြား နေ့စဉ် မလုပ်ချင်ဆုံးမှာ လည်း ဤအလုပ်ပင်ဖြစ် သည်။ ကွေးထားသော ခြေထောက်ကို ဦးစွာဆန့် သည်။ ကိုယ်ကိုပါ ဆန့် သည်။ အညာစောင်ပါးကို အသာအယာခွာသည်။ ဤ တွင် ရှိရှိသမျှသော အအေးတို့ သည် သူ့ထံသို့ အလုအယက် ဝင်ရောက်လာကြသည်။ တဆတ်ဆတ်ခါသော တုန် ယင်ခြင်းဖြင့် ပြန်လည်ခုခံ ခြင်းမှတစ်ပါး တခြားသော နည်းလမ်း သူ့တွင် မရှိ။ ထို နောက် လက်ကို ထောက်၍ ငေါက်ခနဲ ထ၊ ထိုင်လိုက်ရ သည်။ တစ်ကိုယ်လုံး စိမ့်ခနဲ ဖြစ်သွားသည်။ သူခေါင်းထဲ တွင် ရီဝေဝေဖြစ်လာသည်။ သူ မမူတော့ပါ။ မိနစ်ပိုင်း အတွင်း ထိုရီဝေဝေသည် အလိုအလျောက် ပျောက် ကွယ်သွားမည်ကို သူသိပြီး ဖြစ်သည်။

ထို့နောက် မထချင်၊ ထချင်နှင့် မတ်တတ်ရပ်လိုက် သည်။ လက်နှစ်ဖက်ကိုမူ အအေးဒဏ်ကို တချို့တလေ ကာကွယ်ရန်အလို့ငှာ ပူးကပ် ထားရသည်။ လက်ဖဝါး တို့သည် နွေးနေပါလျက် လက်ဖမိုးတို့သည် ထုံကျဉ်နေ ၏။ ထို့နောက် အိပ်ရာကို သိမ်းရသည်။ အညာစောင်၊ ခေါင်းအုံးစုတ်၊ သင်ဖြူးဖျာ နှင့် ပိတ်ပါးခြင်ထောင်တို့နှင့် ဖွဲ့စည်းထားသော အိပ်ရာကို လုံးထွေးထားလိုက်သည်။ ပုရစ်အော်သံအချို့နှင့် ကား လမ်းဘက်မှ ကားသံအချို့ ခြောက်သွေ့သွေ့အသံများမှ လွဲ၍ ဝန်းကျင်သည် တိတ် ဆိတ်ငြိမ်သက်နေသည်။ ဆိတ်ငြိမ်လွန်းသော ဆောင်း ၏ ဤအချိန်တွင် လူပ်ရှားနေ သောသူမှာ သူတစ်ယောက် သာ ရှိလိမ့်မည်ဟု သူ တွေး သည်။ သို့သော် သူ့အတွေး မှန်မမှန်ကိုမူ သူ စိတ်မဝင် စား။ လုပ်စရာရှိသည်ကိုသာ ဆက်လုပ်သည်။

လက်နှစ်ဆန့်ခန့် သာ ကျယ်သော တဲအိမ်လေးပေါ် မှ ဆင်းလိုက်သည်နှင့် ထို ကျဉ်မှုသည် သုံးလေးဆ ပို လာရသည်။ ခွေးများ တဆတ် ဆတ် တုန်လာသည်။ မေးစေ့ သည် အငြိမ်မနေဘဲ လူပ်ရွှေ့ သောကြောင့် ကိုယ့်နှုတ်ခမ်း ကိုယ် မကိုက်မိအောင် သတိ ထားနေရသည်။ တောင် ဘက်စွန်းစွန်းသို့ ကြည့်လိုက် သောအခါ အိမ်ကြီး၏ ခြံ ထောင့်တွင် မီးလုံးလေးလင်း နေပြီဖြစ်သည်။ သူ၏ တဲအိမ် အောက်ရှိ တုတ်နှစ်ချောင်း ပေါ်တွင် စွပ်ထားသော လည် ရှည်ဖိနပ်ကို သူ စီးသည်။ ထို့နောက် ခြေလှမ်းများဖြင့် မီးလုံးလင်းရာ အိမ်ကြီးဆီ ဦးတည်လိုက်သည်။ မြက်ပင် များကို နင်းသော အသံခွဲခွဲ သည် တိတ်ဆိတ်သော အမှောင် မနက်စောစောကို အုပ်မိုးသွားသည်။ သူသွားရာ ၏ဘယ်ဘက် ခပ်လှမ်းလှမ်း မှ ခွေးဟောင်သံ စူးစူးတို့ကို သူ အထူးတလည် သတိမထား မိတော့။

ခြံဝသို့ရောက်သည်နှင့် တံခါးကို အသာအယာ တွန်း ဖွင့်ပြီး ဝင်လိုက်သည်။ တံခါး ၏ ခေါင်းလောင်းခြူသံသည် သူ အသာအယာတွန်းဖွင့်သည်ကိုမှမထောက်။ အသံသဲ့ ထွက်ပြနေသေးသည်။ သို့သော် ထိုအသံကို ကြား မှာ သူမှလွဲ၍ အခြားခြံထဲသို့ ခပ်ကုပ်ကုပ်ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com

ပြီး အိမ်ဘေးသို့ လျှောက်သွားလိုက်သည်။ ထို့နောက် အိမ်ထောင့်နံရံတစ်နေရာရှိ အဖီလေးအောက်သို့ လျှိုဝင်လိုက်သည်။ ဝါးတန်းလျားပေါ်တွင် လွှားထားသော မိုးကာကို ခြုံသည်။ ခေါင်းပတ်ဓာတ်မီးကို နှုးတွင် စည်းသည်။ ပလိုင်းကို ခါးတွင် နိုင်နိုင်ချည်လိုက်သည်။ ထို့နောက် အိမ်နောက်ဖေးတွင် လမ်းကြားမှတစ်ဆင့် ငရဲဟု သူယူဆသော ခြံကြီးထဲသို့ ဆက်လျှောက်သွားလိုက်သည်။ မိုးကာကို ခန္ဓာကိုယ်တွင် ခြုံလိုက်သောကြောင့် အနည်းငယ် နွေးသွားဟန်ရှိသော်လည်း ထိုအနွေးသည် မကြာခင် ငရဲခြံထဲ၌ ပျောက်ကွယ်တော့မည် ဖြစ်သည်။ အချမ်းပြေရန်အလို့ငှာ လေအချို့ကို မှုတ်ထုတ်လိုက်သည်။ ဓာတ်မီးရောင်အောက်တွင် အင်္ဂေ့များကို သူ အလွန်မုန်းတီးပါသည်။

နောက်ဖေးခြံထဲသို့ ရောက်သည်နှင့် တစ္ဆေတွက် နေသော အပင်ပေါ်မှ အဖူးများသည် သူ့ကို စောင့်ဆိုင်းနေသဟန်။ သူ့အတွက်မူ ထိုအဖူးသည် ပြုတစ်ပြုတစ်နှင့် လွန်စွာမှ မြင်ပြင်းကတ်စရာကောင်းနေသည်။ ပထမဆုံး အပင်မြောင်းသို့ အရင်စ, ဝင်သည်။ သူ၏ ခန္ဓာကိုယ်သည် အပင်များနှင့် စတင်ထိတွေ့သည်နှင့် သိမ့်ခနဲ ခါသွားသည်။ အပင်များပေါ်တွင် တွဲလွဲခို ဟီးလေးထ, နေသော နှင်းရည်စက်များသည် သူ၏ ကိုယ်နှင့် လာရောက်ပွတ်သပ်သည်။ မိုးကာသည် သူ့ ကိုယ်နှင့် ရေမစိုအောင် ခွန်းဆောင်နိုင်သော်ငြားလည်း

ထိုအချိန်က ယခုကဲ့သို့ ဖြစ်နေသော သူ၏ဘဝနှင့် ပုံစံတူသည့် အရွယ်တူ ကလေးများကို ငေးမော ကြည့်မိခဲ့ဖူးသည် သို့သော် သူတို့နေရာမှ နေ၍ မခံစားမိဖူးခဲ့ သည်အတိုင်း ငေးကြည့်ခဲ့ ဖူးရုံသာ ဖြစ်သည်

အအေးဒဏ်ကိုမူ မကာကွယ်ပေး။

ပထမဆုံးသော အဖူးကို ထုံကျဉ်နေသောလက်ဖြင့် ခပ်သွက်သွက်ခူးပစ်လိုက်သည်။ သူ၏လက်သည် ထုံကျဉ်နေသကဲ့သို့ သူ၏အတွေးတို့သည်လည်း သုန်မှုန်နေခဲ့သည်။ မျက်ဝန်းအိမ်မှ မျက်ရည်တစ်ပေါက်သည် အလိုလို စီးကျလာသည်။ မျက်ရည်သည် ပူနွေးသော်ငြား ဖြတ်သန်းရသော ပါးပြင်ကမူ အေးစက်စက်။ တတိယအကြိမ်မြောက် ကြက်တွန်သံကို ခပ်ယဲ့ယဲ့ ကြားလိုက်ရသည်။ ထိုအသံကြောင့်ပင် သူ့အတွေးတို့သည် လှုပ်ရှားနေသော ခန္ဓာကိုယ်ကို ပစ်ခွာ၍ တဝဲလည်လည် ခွဲထွက်သွားသည်။

❑

ဟုတ်သည်။ သူ့ဘဝ၏ ရွှေရောင်နေ့ရက်များကို ဝိုင်ဆိုင်ခွင့်ရခဲ့စဉ်က ထိုအသံလေးသည် ကြည်နူးဖွယ် အတိနှင့် ကျက်သရေရှိလွန်းခဲ့သည်။ ဤအချိန်မျိုးတွင် သူ့အမေ၏ မီးဖိုချောင်ထဲမှ ဥဒဟိုအသံနှင့်အတူ ကော်ဖီပူပူတစ်ခွက်သည် သူ့အိပ်ရာဘေးတွင် အမြဲတမ်း ရောက်လာခဲ့စမြဲ။ သူ့အဖေသည် တတိယကြက်တွန်သံကြားသည်နှင့် သူ့ကိုလာပွေ့ဖက်ဆဲ။ အဖေ လာပွေ့ဖက်လျှင် သူ့ထ, ရတော့မည်ကို သိသော်ငြား စိတ်ညစ်ညူးခြင်း ဟူသည် သူ့တွင် မရှိခဲ့။ အဖေ ရောစပ်ပေးထားသော မျက်နှာသစ်ရန် ရေနွေးနွေးသည် ချမ်းအေးနေသော ဆောင်းကို ကာကွယ်ပေးခဲ့သည်။ စားပွဲပေါ်မှ ဝါကြင့်ကြင့်မီးရောင်လေးသည် သူ၏ ကျောင်းစာအုပ်များကို ဖတ်ချင်စဖွယ်ဖြစ်အောင် အမြဲတမ်း လွှမ်းခြုံပေးခဲ့သည်။ အေးခဲနေသော ပတ်ဝန်းကျင်ကို အဖေလုပ်ပေးထားသော မီးလင်းဖိုလေးက ကြို့ကြို့ခံ အနံ့တုပေးခဲ့သည်။ တိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ထိုးဖောက်ချင်ကြသည့် ပုရစ်သံ၊ ကားသံတို့သည် သူ၏ စာကျက်သံကို ဖောက်ထွက်၍ သူ့ဆီရောက်မလာခဲ့။ သူ့ဘဝတွင် မနက်ခင်းတိုင်းသည် ပြည့်စုံလွန်းခဲ့သည်။

မနက် နေရောင်မပေါ်မီ အရှေ့ဘက်ဆီမှ ပုစွန်ဆီရောင်တို့ ယှက်သန်းလာသော အချိန်၌မူ မီးဖိုချောင်မှ အမေ့အသံသည် ဘုရားခန်းသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ အမေ့အသံနှင့်အတူ တွဲဖက်၍ ပါလာတတ်သည်ကား ကြေးစည်သံလွင်လွင်။ ထိုအသံတို့သည် စာအုံပြိုး၍ ရွှင်ပျနေသော သူ၏စိတ်အစဉ်ကို အားဖြည့်ပေးခဲ့သည်။ ရောင်နီပေါ်လာသောအခါတွင် ဖြူလွလွ အားကစားဝတ်စုံပြည့်ဖြင့် စောင့်ဆိုင်းနေသော ခြံဝမှ အဖေဆီသို့ သူနှင့်အမေ အတူတူ ပြေးသွားခဲ့ကြသည်။ နှစ်မိုင်ခန့်ဝေးသော အသွားအပြန်ခရီးကို သူတို့မိသားစုသုံးယောက် နွေစဉ်နွေတိုင်း လမ်းလျှောက်၍ လမ်းဘေးရှိ သင့်တော်ရာဆိုင်တစ်ခုခုတွင် မနက်စာကို မြိန်ရေရှက်ရေ စားသောက်ခဲ့ကြသည်။ ထို အချိန်က ယခုကဲ့သို့ ဖြစ်နေသော သူ၏ဘဝနှင့် ပုံစံတူသည့်အရွယ်တူကလေးများကို ငေးမောကြည့်မိခဲ့ဖူးသည်။ သို့သော် သူတို့နေရာမှ နေ၍ မခံစားမိဖူးခဲ့။ သည်အတိုင်း ငေးကြည့်ခဲ့ဖူးရုံသာဖြစ်သည်။

အဖြူအစိမ်း ခပ်ကော့ကော့ကို အဆင်သင့်ဝတ်ဆင်၍ အဖေ၏ ဆိုင်ကယ်နောက်မှီတွယ်လိုက်ပါပြီး ကျောင်းတက်ခဲ့ရသော နေ့ရက်များကို မူ သူ အထူး သတိရသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသံသည် သူ့အတွက် ရင်ခုန်ဖွယ်ရာများသာ။ လှပသေသပ်သော သူ၏ အိမ်စာများကို ချီးကျူးပေးတတ်

www.burmeseclassic.com

သည့် ဆရာ၊ ဆရာမများ၏ စကားသံတို့သည် ကျောင်းတက်ခေါင်းလောင်းထိုးပြီးသည်နှင့် သူနားတွင် ဝေ့ဝဲလာရစမြဲ။ စာမေးလျှင် ဒိုးခနဲ ဒေါက်ခနဲ သွက်လက်ချက်ချာစွာ ပြန်ဖြေတတ်သည့် သူ၏အမူအရာတို့ကို ဘယ်တော့မှ ပြန်ရနိုင်တော့မည် မဟုတ်ကြောင်း တွေးမိတိုင်း သူ၏ဘယ်ဘက်ရင်အုံသည် တဆတ်ဆတ် နာကျင်လာရသည်။ စံပြကျောင်းသား ဟူသော ဂုဏ်ကို သူ၏အလယ်တန်းဘဝတစ်လျှောက်တွင် ဖြိုင်ဘက်မရှိ ပိုင်ဆိုင်ခဲ့ဖူးသည်။ တိတိကျကျ ပြောရလျှင် မနှစ်က ဤအချိန်မျိုးထိ ပိုင်ဆိုင်ခဲ့ရသေးသည်ဟု သူဝမ်းနည်းစွာ တွေးမိသည်။

မမြဲသောတရား ဟူသည် သူလွန်စွာမှ မုန်းတီးသည်။ ထိုတရားကိုမြဲအောင် ပြုလုပ်နိုင်စွမ်းရှိသူများကို တစ်ခါတစ်ရံ သူ့စိတ်ထဲ၌ ရောက်တတ်ရာရာ ရှာဖွေမိသည်။ သို့သော် သူ မတွေ့ခဲ့။ ထိုတရားသည် သူ၏ မိဘနှစ်ပါးကို သူ့ထံမှ တိတ်တဆိတ် ခေါ်ဆောင်သွားခဲ့သည်။ ကံကြမ္မာဟု နှုတ်မှ တဖွဖွပြောနေကြသော လူများသည် သူနေထိုင်ရာ စံအိမ်လေးပေါ်တွင် လူးလာလှုပ်ရှားလာခဲ့ကြသည်။ သူတို့အချင်းချင်း သူ နားမလည်သောစကားများကို သွက်သွက်ခါအောင်ပြောခဲ့ကြသည်။ တစ်ခါတစ်ရံတွင် သူတို့မျက်နှာသည် နီမြန်းနေသည်။ တစ်ခါတစ်ရံတွင် အပြုံးတွေများကို ပန်ဆင်ထား၍ တစ်ခါတစ်ရံ၌ ခက်ထန်ကြမ်းတမ်းသော စကားများကို ပြောဆိုကြသည်။ သူကမူ ထောင့်တစ်နေရာတွင်ထောင်ထားသော မိဘနှစ်ပါး၏ ဓာတ်ပုံကို ဝေဝါးစွာကြည့်နေခြင်းမှတစ်ပါး သူတို့ပြောဆိုနေကြသည်ကို ဂရုမစိုက်နိုင်၊ သတိမပြုမိခဲ့။ သို့သော် ထိုကဲ့သို့သော သတိမမူခဲ့ခြင်းသည်ပင် သူနှင့် သူ့စံအိမ်လေးကို အပြီးအပိုင် နှုတ်ဆက်စေခဲ့သည်။ 'အကြွေး' ဟူသော စကားတစ်ခွန်းကို သုံးနှုန်း၍ သူတို့သည် သူ မိဘနှစ်ပါး၏ ရှိရှိသမျှသော ပစ္စည်းများကို တစ်နေ့တစ်မျိုး မရိုးနိုင်အောင် တစ်ခုပြီးတစ်ခု သယ်ယူသွားခဲ့ကြသည်ကို သူမျက်လုံးထဲတွင် မြင်ယောင်မိနေသေးသည်။

မိဘနှစ်ပါးမရှိတော့သည့်နောက်ပိုင်း သူ့အိမ်လေးတွင် နေခဲ့ရသည်မှာ ၇ ရက်တိတိမျှသာဖြစ်သည်။ ထို ၇ ရက်ပြီးဆုံးသည်နှင့် သူ၏ ဘဝလည်း ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ သူ့အတွက် ကံကောင်းခြင်းလော၊ ကံဆိုးခြင်းလော သူ မသိ။ ထိုကာလအတွင်း လူကြီးပိုင်းအရွယ်တစ်ယောက်သည် ယောင်ချာချာ သူ့ကို စကားလုံးအချို့ လာပြောခဲ့သည်။ ထိုစကားလုံးများထဲတွင် သူ တစ်ခါမျှ မကြားဖူးသောစား၊ ဝတ်၊ နေရေးအကြောင်းပါသည်။ အလုပ်ဟူသော စကားလုံးပါသည်။ ထို့နောက် အချို့အချို့သော သူနှင့် ရင်းနှီးကျွမ်းကျင်မှု မရှိသည့် အကြောင်းအရာများပါသည်။ အားလုံးကို သူ နားမလည်သော်ငြား သူ နားလည်သိရှိလိုက်သည်က သူ၏ မွေးရပ်မြေကို စွန့်ခွာရတော့မည်အကြောင်းပင် ဖြစ်သည်။

အေးဘီကို သူ လှည့်မကြည့်တော့။ ကြည့်လျှင်လည်း ဆွေမျိုးအရင်းအချာ မရှိသည့် သူ့ကို သူစိမ်းဆန်သောမျက်နှာများက သနားဟန်ပြု၍ ပြန်ကြည့်ကြမည်မှာ လွဲ၍ တခြားသော ထူးထူးခြားခြားကို တွေ့မြင်ရမည်မဟုတ်။ ထိုသူ၏ ဆိုင်ကယ်နောက်တွင် လိုက်ပါနေရသော်လည်း အဖေ့ရင်ခွင်ကိုယ်စား အခြားရင်ဘတ်တစ်ခုက နေရာယူထားသောကြောင့် သူ၏လက်နှစ်ဖက်ကို နောက်မှကိုင်စရာတစ်နေရာသို့သာ ပို့ထားခဲ့သည်။ ဤသည်ကို သူမှလွဲ၍ အခြားမည်သူကမျှ သတိမထားမိခဲ့ကြ။

နှစ်ထပ်အိမ်နှင့် တံ၊ ပုတ်၊ မွေ့ရာနှင့် သင်ဖြူးဖျာ၊ ဂွမ်းစောင်နှင့် အညာစောင်၊ မီးအိမ်နှင့် ဖယောင်းတိုင်၊ အရာအားလုံးသည် သူ့စိတ်ကို ပေါက်ကွဲလုမတတ် ပြောင်းလဲပစ်သည်။ သူ အထမထွက်အောင် ရှိုက်ငိုသည်။ သို့သော် အသံကမူ ထိန်းချုပ်ရင်းကြားမှပင် ထွက်သွားသည်။ သူ မြင်တွေ့ရသော သူ့အိမ်နှင့် ခပ်ဆင်ဆင် အိမ်ကြီးကို သူ နာကြည်းစွာ ကြည့်သည်။ ထိုအိမ်ကြီးတွင် ပြတင်းပေါက်တစ်ခုမှ ခေါင်းပြူထွက်၍ ပြူးကြည့်နေသော သူနှင့်ရွယ်တူ ကောင်မလေးကမူ သူ့ပုံစံ မည်သို့ဖြစ်မည်ကို ရိပ်စားမိပုံမပေါ်တုတ်ခဲ့။ စင်စစ် သူနှင့် ပုတ် မိတ်ဖက်ခဲ့ရသည်များလည်း ထိုကောင်မလေးပင်ယောဂနှင့် မကင်းကြောင်း သူ တွက်ဆမိခဲ့သည်။

'မနက်ခင်းတစ်ခိုန်ပဲ'

လူကြီးသည် စကားခပ်ပေါ့ပေါ့သာ ပြောသည်ထိုသို့ ပြောစဉ်က သူ သတိမထားမိခဲ့သေး။ သို့သော်လက်တွေ့တွင်မူ ထိုနေ့ခင်း ဟူသည်မှာ တစ်ညဉ့်ထက်ပင် ပို၍တာရှည်သော သူ ခံစားရသည်။ မနက်ခင်းကို ဖြတ်ပြီးလျှင်မူ သူ့အသစ်တစ်နေရာသို့ သူ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အသွင်သစ်၊ အမြင်သစ် စသော အသစ်အသစ်တို့ဖြင့် ဖုံးလွှမ်းထားသော်လည်း ဟောင်းနွမ်းနေသည်မှာ သူ၏ ပုံပန်းသွင်ပြင်ပင် ဖြစ်သည်။ စတစ်ကော်လာဖြူလွလွကို သူ သတိရသည်။ ဘဲခေါင်းစိမ်းပုဆိုးကို သူ လွမ်းမောသည်။ အတန်းရှေ့ဆုံးတွင် အများက မော်ကြည့်ခံခဲ့ရဖူးသော သူသည် နောက်ဆုံးက ထောင့်ခုံတွင် အများ၏ လျစ်လျူရှုခြင်းကို ခံရသည်။ သို့သော် ဆရာမ အကြွေးစာရင်း အော်သော အခါတွင်မူ လျစ်လျူရှုတတ်သော ထိုမျက်လုံးများသည်ပင် သူ့ထံ စုံပြိုလာတတ်သည်။ အစပိုင်းတွင် ခံနိုင်ရည်မရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ ထိုအပြုအမူများကို သူ အရေထူလာသည်။ သွက်သွက်လက်လက် သူ့ပုံစံကို မှုန်ကုပ်ကုပ်ဖြင့် အစားထိုးလိုက်သောအခါ ပတ်ဝန်းကျင်အသစ်သည် သူ့ကို နေသားကျလာစေသည်။ အရာအားလုံးကို သူ၏ ဆန့်ကျင်ဘက်များနှင့် လိုက်လံဖြည့်တင်းကြည့် မိသောအခါ ယခင်က ပုံရိပ်ဟောင်းတို့သည် တစ်စတစ်စနှင့် ပျောက်ကွယ်ခဲ့ပြီ ဖြစ်သည်။

❑

အရှေ့ဘက်စွန်းစွန်းမှ နေရောင်သည် အပင်စိမ်းစိမ်းများကြားမှဖြတ်၍ သူမျက်နှာပေါ်သို့ ဖျတ်ခနဲ ထိုးသည်။ သူ၏ အတွေးစတို့သည် ကျိန်းသွားသောမျက်လုံးနှင့်အတူ တစ်စစီလွင့်စဉ်သွားသည်။ သို့သော် သူ ကျေနပ်သည်။ နေရောင်ပေါ်လာလျှင် သူ၏ နေ့စဉ်တာဝန်သည် ပြီးဆုံးစမြဲ ဖြစ်သည်။ အဖူးများသည် ကုန်လုနီးပါး ဖြစ်လာသည်။ အစိမ်းရောင် အခင်းကြီးသည် တစ်ဧကနီးပါး ကျယ်သည်ဖြစ်ရာ သူ့အဖို့ တစ်ယောက်တည်း ခူးရန် ပမာဏများလွန်းသည်။ သို့သော် အတွေ့အကြုံတို့ကြောင့် မြန်ဆန်လာပြီဖြစ်သော သူ့လက်ချောင်းများသည် ထုံကျဉ်မှုကို ဒွန်တွဲ၍ ခပ်သွက်သွက် လှုပ်ရှားနိုင်ခဲ့သည်။ နေမြင့်လာသည်နှင့်အမျှ အချိန်သည်လည်း လျော့လျော့လာသည်။ အဖူးချောင်းလေးများကို စု၍ သားရေကွင်းနှင့် စည်းသည်။ ပါလာသောပလိုင်းသည် တစ်တောင်းပြီးတစ်တောင်း ပြည့်ပြည့်လာသည်မို့ ခြံထောင့်က ဂုန်နီအိတ်ထဲသို့ တစ်ခါပြီးတစ်ခါ သွားသွားထည့်ရသည်။ အိတ်သည် ပြည့်လုနီးပါးပြည့်နေပြီ ဖြစ်သည်။ ချမ်းနေသည့်ကြားမှပင် သူသည် ကျေနပ်စွာပြုံးသည်။ လက်ချောင်းများသည် ပဲကြီးရေတွန့်နေသည်။ တစ်နေ့တာအဖို့ ငရဲခန်းမှ ကင်းဝေးတော့မည့်လက္ခဏာပင် ဖြစ်သည်။

နောက်ဆုံး လက်ကျန်တစ်ခြောင်းကို အားယူပြီး ခူးသည်။ အချို့ အဖူးများသည် နေရောင်နှင့် ထိတွေ့၍ အပွင့်ဘဝသို့ အသွင်ကူးပြောင်းခဲ့ပြီဖြစ်သည်။ အပွင့်ဝိဝိ ရန့်တို့နှင့် သင်းပျံ့သည်။ ဖြူဖွေး၍ လည်ဆံလေးကမူ ဝါဖျော့သည်။ ထို့ကြောင့် လည်းဘုရားစင်ထက်တွင် အမြဲနေရာရခြင်းဖြစ်မည်ဟု သူ တွေးမိသည်။ မွေးလျှင် ထိပ်သို့ရောက်ရသည်။ နံလျှင်မူ မြောင်းအတွင်း သက်ဆင်းရသည်။ သူဘဝကို သူ အနုမခံချင်ပါ။ သို့သော် ဘဝကမူ သူ့ကို နံစေချင်နေပြီလား သူ မပြောတတ်။ မနံစေရန် ကြိုးစားရမည်ဟု သူ စိတ်အားတင်းသည်။ တစ်ခါတလေ တွင်မူ ဤအခင်းထဲသို့ စေလွှတ်ခဲ့သော လူကြီးကို သူ ကျေးဇူးတင်မိသည်။ တစ်စည်း ၁၀ ကျပ် ဟူသော ခူးသည့်အဝကို မွေးစားထားရခြင်းဟူသော အကြောင်းပြချက်ဖြင့် မပေးဘဲ မနေခဲ့။ အဖြူအစိမ်း ခပ်နွမ်းနွမ်းကို ဝတ်ဆင်ရ၍ ယခင်ဘဝနှင့် လုံးဝကွာခြားနေခြင်း ဟူသော လမ်းဘေး၌ ယောင်ချာချာ ဘဝပျက်ရခြင်းနှင့် ယှဉ်ကြမျှားစွာတော် ကာကျသေးသည်။ အမေမီးဖိုချောင်လေးကို သူ လွမ်းသည်။ အဖေ ဆိုင်ကယ်လေးပေါ် သူ တက်စီးချင်မိသေးသည်။ သို့သော် ဤတသမူတို့သည် သူ့အတွက်မူ အိပ်မက်များသာ။

တစ်ခါတစ်ရံ သူ့အနေနှင့် တစ်ခါမျှပင် မတွေးမိဖူးသော 'ငယ်ကျပ်၊ ကြီးချောင်' ဟူသော စကားလုံးကိုပင် သူ ခင်တွယ်မိအောင် ကြိုးစားသည်။ ထိုအခါမျိုးတွင် သူ၏ စိတ်သည် ပေါ့ပါးစွာ ဖျော်သည်။ လွတ်လပ်စွာ ကခုန်သည်။ ဝမ်းနည်းခြင်းကို နင်းခြေသည်။ ပို၍ပူနွေးလာသောနေရောင် အောက်ဝယ် ပန်းပွင့်အချို့ကို ခူး၍ အပိုပါလာသော ပလတ်စတစ်အိတ်အပိုထဲသို့ အသာအယာ ထည့်လိုက်သည်။

တစ်ဝက်သည် လူကြီးတို့အိမ်ရှိ ရွှေရောင်ပျဉ်ပျ ဘုရားစင်ထက်တွင် နေရာယူပေလိမ့်မည်။ တစ်ဝက်သည် သူ၏ တဲပုတ်ခေါင်းရင်းထက်တွင် သီကြိုးတစ်ခုနှင့် တွဲလျောင်းရှိနေမည် ဖြစ်သည်။

တစ်မနက်တာ လှုပ်ရှားမှုပြီးသောအခါ လူကြီးတို့အိမ်မှ ထမင်းချိုင့်တစ်ခုကို ယူ၍ သူ၏ တဲပုတ်ဆီ ခပ်သုတ်သုတ် ပြန်သည်။ အမှေ့၏ကော်ဖီခွက်နှင့် မနက်စာများအစား ထမင်းကြမ်းခဲအေးအေးကိုသာ တွေ့မြင်ရမြဲဖြစ်သည်။ ထိုထမင်းချိုင့်လေးကို တဖြည်းဖြည်းနှင့် ရင်နှီးလာအောင် သူ ကြိုးစားကြည့်သည်။ မနက်စာနှင့် နေ့ခင်းစာကို တစ်ခုတည်း အဖြစ် သတ်မှတ်ထားသော သူ့အတွက် နေ့ခင်းအားချိန်သည် စာသင်ခန်းထောင့်တစ်နေရာတွင် မျော်လင့်ချက်တို့ကို မွေးမြူပေးသည့် စာကျက်ချိန်ပင် ဖြစ်သည်။ သူ၏ အရောင်ပြောင်းသွားသောဆောင်းနှင့်အတူ ခက်ထန်ကြမ်းတမ်းသောဘဝသည် နောင်တစ်ချိန်တွင် နှင်းမှုန်များအလား နေမြင့်လာသည်နှင့်အမျှ တဖြည်းဖြည်း ပျောက်ကွယ်သွားမည်ဟု သူ ယုံကြည်စိတ်ကို တထစ်ချသွင်းသည်။ ထိုသို့ နှလုံးသွင်းလေတိုင်း လှိုက်ခနဲ လှိုက်ခနဲ မြူးကြွလာသည်မှာလည်း အမြဲတမ်း ဝမ်းနည်းကြေကွဲနေတတ်သည့် သူ၏ ဘယ်ဘက်ရင်အုံလေးပင် ဖြစ်သည်။

■

အေထူးအောင်၊ အင်္ဂလိပ်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၁။

အစကတော့ ဒီပြဿနာကို အားလုံးက ပေါ့ပေါ့တန်တန်သာ သဘောထားခဲ့ကြသည်။ ဆိုရလျှင် ပြဿနာ တစ်ခုအဖြစ် ပေါ်ပေါက်လာမည်မှန်း ဘယ်သူကမှ မျှော်လင့်မထားခဲ့ကြပေ။ သိလျက်နှင့် ခေါင်းငုံ့ခံကြရမည့်အဖြစ်ကို မလိုလားကြသော်လည်း လက်ရှိအနေအထားက ချည်ပြီးတုပ်ပြီးသလို ဖြစ်နေသည်မို့ ခံရခက်လှသည်။ အားလုံးကတော့ ဆရာလေးပြောတာ တရားနည်းလမ်းကျပြီး လက်ခံနိုင်ဖွယ် ရှိသည်ဟု ဆိုကြသည်။ ပြဿနာ၏ အစမှာ ရေမျောထင်းများ ဖြစ်သည်။

❑

၂။

ရေကြီးရေလျှံမှု မဖြစ်ခင်အချိန်အထိ ရွာကလေးက သာယာနေခဲ့သည်။ မိုးဦးကျပြီမို့ ရွာသားအားလုံးက ခိုင်းနွှားကိုယ်စီနှင့် လယ်ကွင်းပြင်ဆီသွားကာ ထွန်ရေးငင်ဖို့ ပြင်ဆင်နေကြသည်။ ရွှံနွံ လူးကျံသော ဝါးခမောက်ကိုယ်စီ ဆောင်းပြီး မိုးစက်မိုးမှုန်တွေ ကြားမှာ လေအချွန်မပျက် ထွန်ယက်ခဲ့ကြသည်။ အနောက်တောင် အရပ်ဆီမှ ညိုညို့မှိုင်းနေသော မိုးသားတိမ်လိပ်များကို ကြည့်ကာ 'ဒီနှစ်တော့ လယ်ရေ ကောင်းကောင်းရပြီ' ဟူသော မျှော်လင့်ချက်ကိုယ်စီဖြင့် ရွှင်ပျနေခဲ့ကြသည်။ မိုးကောင်း လယ်များမို့လည်း အချိန်တန်လျှင် မိုးကို မျှော်ကိုးကာထွန်ကြယက်ကြရသည်။

ဒီနှစ်တော့ မိုးဦးကောင်းသည် ဆိုရမည်။ မိုးတဖွဲဖွဲ ကျနေသည့်ကြားမှ ရေဖွေးဖွေးလှုပ်နေသော လယ်ကွင်းများကို ကြည့်ပြီး အားလုံး ပျော်ရွှင်နေကြသည်။ စပါးအောင်လျှင် သားရှင်ပြုအလှူပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပမည့်သူများရှိသလို အထက်တန်းကျောင်း တက်ရမည့် သမီးနှင့်သားကို မြို့ကျောင်းထားလိုသူတွေကလည်း မနည်းလှချေ။

မိုးဦးကောင်း၍ ပျော်ရွှင်ခဲ့ရသော်လည်း တဖြည်းဖြည်း မိုးစွေလာသောအခါ မသိမသာ စိုးထိတ်လာမိကြသည်။ 'ပွေးပေါင်က မိုးတောင်က' ဟု ရှေးလူကြီးများ ထုံးပြုစကားဆိုကြသလိုပင်၊ တောင်အရပ်ဆီမှလာသော မိုးသည် နေ့ရက် အတန်ကြာသည်အထိ ရပ်စဲခြင်းမရှိဘဲ စွေရွာလွန်းလှသည်။

ရွာအထွက် လယ်ကွင်းပြင်တစ်လျှောက်ဝယ် ဖွေးဖွေးလှုပ်နေသော ရေပြင်ကြီးသည် မျက်စိတစ်ဆုံး ရှုမျှော်မဆုံးအောင် ကျယ်ပြောလျက် ရှိသည်။ ချောင်းမကြီးအထက် အနောက်ဘက် တောင်တန်းကြီးတွေဆီ လှမ်းမျှော်ကြည့်လိုက်လျှင် ကောင်းကင်တစ်ခွင် မည်းပုပ်နေသော တိမ်တောင်ကြီးများက အစွမ်းကုန်မာန်ဖီဖျက်ဆီးတော့မည့် မကောင်းဆိုးဝါးတစ်ကောင်နှင့် တူလှသည်။

ညညဆိုလျှင် အိမ်ခေါင်မိုး သွပ်ပြားပေါ် တဒြောက်

www.burmeseclassic.com

ကြက်မ တစ်ကောင်သည် ကြောက်အား လန့်အားနှင့် ကမ်းစပ်ဆီ ပျံပြေးသည့် ကမ်းပါးပေါ် မရောက်နိုင်မှန်း သိတော့ ဝက်တဲကလေးဆီ ပျံပြေးသွားသည့် ဘယ်သူကမှ ဆင်း၍ မဆယ်ပံ့ကြ

ချောင်းရေ တိုက်စားမှုကြောင့် အမြစ်မှ ကျွတ်ပြီး မျောပါလာ ဟန်ရှိသည်။ အချို့သော သစ်လုံးကြီးများမှာ ကြီးမားလွန်း သဖြင့် လူသုံးဦးဖက်၍ လုံးပတ်ကို ပြည့်မီပုံ မရပေ။

သစ်လုံးကြီးများ ဝင်တိုက်သဖြင့် တံတားသံပေါင်းများ ပြုတ်ထွက်ကာ ချောင်းရေစီးကြောင်းထဲ နစ်မြုပ်သွားကြသည်။ ကြီးမား ခိုင်ခံ့သော ချောင်းမကြီး သံတံတားသည်လည်း တစ်စစ် ပြုတ်ထွက်ပြီး နစ်မြုပ်သွားပြီ ဖြစ်သည်။ ရွာမြောက်ဘက်မှ သစ်သားတံတားငယ်သည်လည်း ရေထဲ မျောပါပြီး အစ အနပင် ရှာမရတော့သည်မှ ကမ္ဘ ကြီးကျယ်ရှာသည် မျက်စိတစ်မှိတ် လျှပ်တစ် ပြက်အတွင်းမှာပင် ရေထဲ လည် ဝန်းရံလျက်ရှိသော ကျွန်းငယ်တစ်ခုသဖွယ် ခြိ သွားခဲ့ရလေသည်။

❑

၄။

ရွာကလေးသည် အ အနာမှ အခြားသော ရွာများနှင့် ဆက်သွယ်ကူးလူ ၍ မရတော့ပေ။ လယ်များ အားလုံး ရေစုံးစုံး မြုပ်သွား ပြီ ဖြစ်သည်။ ဒေါသမာန်ထ မပြယ်သေးသော ချောင်း ကြီးသည် ရွာခြေကို တစ်ဖဲ့ ဖဲ့ခြွေလျက်ရှိရာ ရေကြီးရေ ပြီး နှစ်ရက်ပြည့်မြောက် အခါ အိမ်ခြေနှစ်ဆယ် ချောင်းရေထဲ မျောပါသွား သည်။

သမိုင်းဝင် ရေကြီးမှု ပွားပြီး ပထမဦးဆုံး ရေ လဲလာသည်က ကုန်ခန်း ဖြစ်သည်။ ငါးပိ နှစ်ရာ

ဖြောက် မြည်နေသော မိုးစက် ကျသံကို နားဆင်ရင်း မိုး လင်းကြရသည်။ ရွာခြေကို ပတ်ခွေ စီးဆင်းနေသော ချောင်းမကြီးရေသည်လည်း တစ်နေ့တခြား တိုးလျက်ရှိ သည်။ ညစဉ်လိုပင် ချောင်းမ ကြီး၏ ဒေါသတကြီး အော် မြည်သံ တဟဲဟဲကို နားစွင့် ရင်း အားလုံးက ညခရီးကို ရင်မောစွာ ဖြတ်သန်းနေကြရ သည်။

❑

၃။

'ချောင်းမကြီးကမ်း ပါး ပြိုနေပြီတဲ့ဟေ့။ ကာလ သားတွေ၊ အမျိုးသားတွေ အုပ်ချုပ်ရေးမှူး ဆင့်ခေါ်နေ ပြီ။ ကမ်းနဲ့နီးတဲ့ မိသားစုတွေ ကို အရေးပေါ် ရွှေ့ရမယ်တဲ့'

'ညိုမောင်နဲ့ ဖိုးစုတို့ နှစ်အိမ် ညက ရေထဲပါသွား သတဲ့။ လူနဲ့ပစ္စည်းတွေ ကြို ရွှေ့ထားလို့တော်သေးတာပေါ့'

အားလုံးက တွေးမော နေခဲ့ရသော နေ့သည် အမှန် ပင် ရောက်ရှိလာခဲ့သည်။ အနောက်ဘက် တောင်တန်း များပေါ်မှ စီးကျလာသော တောင်ကျရေများကြောင့် ချောင်းမကြီးသည် ဒေါသ တကြီး မာန်ဖီလျက် ရှိသည်။ ဝါးလုံးထိုး စီးကျလာသော တောင်ကျရေများနှင့် အတူ ချောင်းမကြီးသည် ဘီလူး သဘက် စီးသလို ဖျက်လို ဖျက်ဆီးပြုလျက် ရှိသည်။ ရေတိုးသံနှင့်အတူ မာကျော လှသော ကျောက်စရစ်ကမ်း ပါးကြီး တဝုန်းဝုန်း ပြိုကျနေ ပုံမှာ ရင်ထိတ်ဖွယ် ကောင်း လှသည်။

'ပိုပြီး နီးလာပြီဟ။ ပျဉ် ထောင်အိမ်ကြီးလည်း ပါ တော့မယ်'

ရွာလယ်လမ်းမအစွန်မှ ရွာသားတစ်ဦး၏ အော်ဟစ် သံကို ကြားရသည်။ မြေစာ များ တဝုန်းဝုန်း ပြိုကျနေ သောကြောင့် ကမ်းပါးအစွန်း မှ နှစ်ထပ်အိမ်ကြီးသည် ရေ စပ်ဆီ တအိအိ ထိုးဆင်း လျက် ရှိသည်။ ရေနုံချေး ဝ၊ နေသော ပျဉ်ထောင်အိမ်ကြီး မှာ တောင်သူ ဦးမြသာ၏ အိမ်ကြီးဖြစ်သည်။ မနှစ်ကမှ စပါးအောင်၍ ဆောက်လုပ် ထားသည့်အိမ် ဖြစ်သည်။ ကမ်းပါးထိပ်မှ ရပ်ကြည့်နေ သူ အားလုံးလိုလို နှမြောစိတ် ဖြင့် စုတ်သပ်မိကြသည်။ မျက်လှည့် ဆရာတစ်ဦး၏ ပြက္ခဒိန်တစ်ခုလို မျက်စိရှေ့ မှောက်မှာပင် ပျဉ်ထောင်အိမ် ကြီးသည် တဖြောင်းဖြောင်း ကျိုးအက်သံများဖြင့် ချောင်း မကြီးအတွင်း သက်ဆင်း မျောပါရတော့သည်။

'လှသောင်းရဲ့ ဝက်တဲ လည်း မျောပါပေါ့လား'

ဟုတ်သည်။ ဝက်များ ကို အချိန်မီ ရွှေ့ပြောင်းထား သည်မို့ တော်ပါသေးသည်။ တဲခေါင်မိုးပေါ် အိပ်တန်း တက်နေကျ ကြက်တစ်အုပ် ကတော့ ယီးလေးခိုလျက် လို က် ပါ သွ ား ကြ သည် ။ ကြက်မတစ် ကောင် သည် ကြောက်အားလန့်အားနှင့် ကမ်းစပ်ဆီ ပျံပြေးသည်။ ကမ်းပါးပေါ် မရောက်နိုင်မှန်း သိတော့ ဝက်တဲကလေးဆီ ပျံပြေးသွားသည်။ ဘယ်သူ ကမှ ဆင်း၍ မဆယ်ပံ့ကြ။ မကြာမီ ကြက်အုပ်ကြီး၏ ကတော်ကတော် အော်မြည် သံများသည်လည်း ချောင်း ရေစီးကြောင်းထဲ တရွေ့ရွေ့ မျောပါသွားသော သက်ငယ်မိုး တဲကလေးနှင့်အတူ တဖြည်း ဖြည်းဝေး၍ သွားလေသည်။

'ချောင်းအထက်မှာ သစ်ပင်ကြီးတွေ မျောလာပြီ ဟေ့'

လူ တစ် ယော က် က ချောင်းမကြီးအထက်ဆီ လက်ညှိုးထိုး ညွှန်ပြရင်း ရုတ်တရက် အော်ဟစ်လိုက် သည်။

'ဟာ . . . ဟုတ်တယ် ဟေ့။ နည်းတဲ့ သစ်လုံးကြီး တွေ မဟုတ်ဘူး'

ချောင်းရေနှင့် အတူ မျောပါလာသည်က အရွယ် အစားစုံသော သစ်ပင်ကြီး တွေ ဖြစ်သည်။ တောင်ကျ

www.burmeseclassic.com

www.burmeseclassic.com

တစ်ထုပ်က နေ့ချင်းညချင်း တစ်ထောင် ဖြစ်သွားသည်။ ငါးရာဖိုး သုံးထုပ်ရသော ကွမ်းပေါင်းထုပ်ကို တစ်ထုပ် ငါးရာ ပေးဝယ်ရသည်။ ဆား ပိသာလုံးထုပ် တစ်ထောင် အထိ ဈေးတက်သွားသည့် တိုင် လက်ငင်း ပေးချေသူကို သာ ရောင်းပေးသည်။ ကိုရွှေမိုးက ဘယ်အချိန် ဘယ်ကာလအထိ စွေရွာနေမည် မသိကြသည်မို့ ငါးခြောက်ငါးခြမ်းနှင့် ဆန်၊ ဆီလို ကုန်စည်များကို ဈေးကြီးပေး၍ ဝယ်ယူစုဆောင်းရသည်။ ကမ်းပါးကို ဖဲခွဲနေသော ချောင်းမကြီးကို နေ့စဉ် ငေးကြည့်ပြီး ရေမြေမြန် ပြန်ကျဖို့သာ ဆုတောင်းရတော့သည်။

ထိုစဉ် ရွာကလေးထဲ လူပြည်က အပ်တစ်စင်းနှင့် ဗြဟ္မာပြည်က အပ်တစ်စင်း အပ်များချင်း ထိခတ်မိသလို မယုံကြည်နိုင်ဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့လေသည်။

'တကယ်ပါဗျာ။ အားနာစရာ မရှိပါဘူး။ အခုပေးတယ် ဆိုတာကလည်း ချေးတာငှားတာ လုံးဝ မဟုတ်ရပါဘူး။ ကျုပ်လည်း ခင်များတို့ အားလုံးနဲ့ တစ်ရေတည်း သောက်ပြီး ဒီရွာမှာ ကြီးပြင်းခဲ့တာပဲ။ ခင်များတို့ ဒုက္ခ ရောက်တဲ့အခါ ကူညီရမှာ ထုပ်တာဝန်ပါ။ ပြန်ဆပ်ဖို့ လိုပါဘူး'

ဦးလူမော်က ယာယီ ဈေးဆိုင်ရေးစနစ်ရှိ မိသားစုများအား ပဲဆီ တစ်လီတာ သူများနှင့် ဆန်ထည့်ထား သော ကြွပ်ကြွပ်အိတ်များကို ပို့ကုန်လဲ ဝေငှရင်း ဆိုသည်။ ရွာ၏ ကြေးရတက်တစ်ဦး ဖြစ်သော ဦးလူမော်မှာ ပွဲစား ပီသသူတစ်ဦးဖြစ်ပြီး ရာသီပေါ် သီးနှံထွက်ချိန်တွင် ဘယ်သူမျက်နှာကိုမှ ငဲ့ကွက်ခြင်း မရှိဘဲ ဈေးနှိမ်ဝယ်ယူပြီး ကိုယ်ကျိုးရှာတတ်သူ ဖြစ်သည်။ မြို့ကြီးပြကြီးနှင့် အလှမ်းကွာဝေးသည့်ဒေသမို့ ဦးလူမော်နှင့် မကင်းနိုင်ကြဘဲ တောင်သူများမှာ အချိန်တန်၍ သီးနှံများရောင်းချသည့် အခါ ဦးလူမော်ပြုသမျှ နုကြရတော့သည်။ မိမိအဖို့ တစ်ဘို တည်းကြည့်ပြီး စီးပွားရှာနိုင်သူမို့လည်း ရွာအလယ်တွင် ဆန်စက်နှင့် ဆီစက်ကို ဟည်းထနေအောင် ထူထောင်နိုင်လေသည်။

'သံသရာအထိပါမယ့် ကုသိုလ်တရားလေး ရချင်လို့ ပါဗျာ။ လှူခွင့်လေးတော့ ပေးကြပါ။ နောက်ရက်တွေ အတွက်လည်း တွေးပူမနေကြပါနဲ့။ လို အပ်သမျှကို ကျုပ်ကိုယ်တိုင် လာလှူဦးမှာပါ'

အားလုံးက မယုံမရဲဖြစ်ကာ မယူဝံ့ဝံ့ ဖြစ်နေကြသည်မို့ ဦးလူမော်က အားတက်သရော ပြောသည်။ ဦးလူမော်၏ဇနီး ဒေါ်လှသီးက လည်း တဲအိမ်စေ့လိုက်လံပြီး ဆားထုပ်နှင့် ငါးသေတ္တာဘူးများကို လက်ရောက် ဝေငှနေသည်။ ဒေါ်လှသီးဆိုသည်က သူ့အိတ်ကပ်ထဲ ငွေတစ်ကျပ်ဝင်သွားလျှင် ပြန်ထွက်ရှိးထုံးစံ မရှိဟု ဆိုရလောက်အောင် စစ်စစ်စီစီ သိမ်းထုပ်သေချာသူ ဖြစ်သည်။ ဤသို့ ဤပုံ နှတ်ဖက်သည့် လင်မယား နှစ်ဦးက ရွာရှိ ရေဘေးဒုက္ခသည်များကို ရက်ရောရောရော လှူဒါန်းပေးကမ်းသည်ဆိုတော့ အများသူငါအဖို့ ယုံရခက်ကြီးဟုပင် ဆိုရပေတော့မည်။

❑

၅။

ပြဿနာက ရေကျပြီး ချိန်မှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အများစုကတော့ ပြန်အန်ထုတ်၍ရလျှင် အန်ပေးလိုက်ချင်သည်ဟုဆိုကြသည်။ ဦးလူမော် ပေးကမ်းသည့် ပစ္စည်းများသည် ယခု ကဲ့သို့ အဆိပ်အတောက်များ ဖြစ်လာခဲ့မည် ဆိုပါက ဘယ်သူကမှ ယူဖြစ်ခဲ့ကြမည် မဟုတ်ပါ။ ဆိုရလျှင် ကျောချမှသာ ဓားပြစစ်စစ်မှန်း သိလိုက်ရသည့် အဖြစ်ပင်။

'ကျုပ်ပြောတာ ဘာမတရားတာ ရှိလို့လဲဗျာ။ ခင်ဗျားတို့အားလုံး ဒုက္ခရောက်နေကြတုန်းက ကျုပ် ဘယ်လောက်အထိ ကူညီစောင်မခဲ့သလဲဆိုတာ အားလုံး အသိပဲ မဟုတ်လား။ အဲဒီအချိန်တုန်းက တစ်ရွာလုံးကိုတင်ကျွေးထားခဲ့တာလည်း ထည့်တွက်ကြဦးမှပေါ့ဗျ'

ဦးလူမော်၏ နဂို ခက်ထန်သော မျက်နှာထားသည် အလိုမကျဟန်ဖြင့် ပိုမို တင်းမာလျက် ရှိသည်။ မျက်မှောင်ကြုတ်ထားသည်မို့ မျက်လုံးအစုံဝယ် ဒေါသအရိပ်အယောင်တို့ သိသာစွာ တောက်လောင်နေသည်။ ခပ်ဖိုင်ဖိုင် ခန္ဓာကိုယ်ကြီးကလည်း ကုလားထိုင်ပေါ်တွင် ဂနာမငြိမ်နိုင်ဘဲ ဖြစ်နေသည်။

ဦးလူမော်၏ ညာဘက် နံဘေးတွင် ရှိနေသော အုပ်ချုပ်ရေးမှူး ဦးစိန်မောင်က တော့ ဖြစ်ပျက်ခဲ့သည့် ကိစ္စမှာ သူနှင့် ပတ်သက်မှုမရှိသည့် ပုံစံဖြင့် ရေနွေးခွက်ကို တဖူးဖူး မှုတ်သောက်နေသည်။ ရေကြီးစဉ် ကာလ အတွင်း ဦးစိန်မောင်၏ အိမ်သို့ ဦးလူမော် တပည့်များက ဧရာမင်းဆန်ကော်ချက် ၅ အိတ်နှင့် ပဲဆီ ၂ ပုံး လက်သိပ်ထိုး ပို့ထားကြောင်း သတင်းအတိအကျ ရသည်ဟု ပြောသံဆိုသံများကိုလည်း ကြားရသည်။

ရေလျှံပြီး တစ်ပတ်ကျော်သည့် အချိန်မှာတော့ တစ်မိုစိမ့် ရွာနေသော မိုးလည်း ရပ်စဲသွားပြီး ချောင်းရေလည်း ပြန်ကျသွားသည်။ ရေမျောလာသည့် သစ်လုံးကြီးများက အဆမတန် ကောလာသည့်ချောင်းမကြီးအတွင်း တင်ကျန်ခဲ့သည်။ သစ်ပင်ကြီးများက လုံးပတ်ကြီးမား လှသလို ဖြောင့်စင်းနေသည်မို့အားလုံးက မျက်စိကျနေကြသည်။ အဆိုးထဲကအကောင်းဟုပင် အားလုံးက ဖြေတွေးခဲ့ကြသည်။ ဤသစ်လုံးကြီးများကို သစ်စက်တွင် ခွဲခြမ်းပြီး ရေဘေးသင့်နေအိမ်များအတွက် ထောက်ပံ့ပေးနိုင်မည်ဟု တွေးထင်ခဲ့ကြသည်။ ခုတော့...။

ရေမျောထင်းများကို ဦးလူမော်က တစ်ဦးတည်း ကန်ထရိုက်ယူမည်ဟု ကြားသိရသည်။ မနက်စောစောမှာ ဘဲ ဦးစိန်မောင်က 'ချောင်းမကြီးထဲက ရေမျောထင်းများကို ဘယ်သူမှ မထိရဘူး' ဟု အမိန့်ထုတ်သည်။ ဦးလူမော်ပိုင် သစ်စက်တွင် ခွဲခြမ်းပြီး၊ သတ်မှတ်နှုန်းထားအတိုင်း

www.burmeseclassic.com

ဝယ်ယူရမည်ဟု သိရသည်။ ရေမျောထင်များကို ခွင့်ပြုချက် မရဘဲ ချိန်းဆောဖြင့် ခွဲခြမ်းနေသည်ကို တွေ့ရှိပါက ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးယူမည်ဟု ကြားသိရသည်။

အားလုံးက မျှော်လင့်မထားသည့် အဖြစ်အပျက်ဖို့ အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး ရေမျောထင်းကိစ္စနှင့် ပတ်သက်၍ နေ့ချင်းပင် အစည်းအဝေး ခေါ်ယူလိုက်ခြင်း ဖြစ်သည်။ အုပ်ချုပ်ရေးမှူး နေအိမ်ရှေ့ မြေကွက်လပ်တွင် ရောက်ရှိနေသော လူအုပ်ကြီးက စတင် ကန့်ကွက်သဖြင့် ဦးလူမော် ထ,ပြောလိုက်ခြင်း ဖြစ်သည်။

ချောင်းရေထဲ အိမ်ပါသွားသော အိမ်ထောင်စုတွေကလည်း များသည်ဖို့ ဦးလူမော့်ကိစ္စကို မကျေနပ်ကြပေ။ တီးတိုး ပြောဆိုနေသော လူအုပ်ကြီးကို ကြည့်ပြီး ဦးလူမော်က ဆက်ပြောသည်။

'တကယ်ဆို ဒီသစ်လုံးတွေကို ခင်ဗျားတို့ပိုင်တာလည်း မဟုတ်ဘူး။ သူ့အလိုလို မျောလာတဲ့ သစ်လုံးတွေပဲ။ သစ်စက်မှာ ခွဲပြီးတဲ့အခါ အင်မတန် ချိုသာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးမယ် ဆိုတာကိုလည်း ကျွပ် ကတိပြုထားပြီးပါပြီ။ ဒီတော့ ခင်ဗျားတို့အနေနဲ့ အထူးတလည် နှစ်နာစရာ အကြောင်းမရှိဘူးလို့ပဲ ကျွပ်မြင်တယ်'

ဦးလူမော်က ပြောလက်စ စကားကို ရပ်ပြီး မီးသေစပြုနေသည့် ဆေးပေါ့လိပ်တိုကို မီးပြန်ညှိလိုက်ရင်း ပြန်ထိုင်လိုက်သည်။ ထိုစဉ် လူ

ရွာမြောက်ဘက်မှ သစ်သား တံတားငယ်သည်လည်း ရေထဲမျောပါပြီး အစအနပင် ရှာမရတော့သည်ဟို့ ကမ္ဘကြီး ကျေးရွာသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် ရေပတ်လည် ဝန်းရံလျက်ရှိသော ကျွန်းငယ် တစ်ခုသဖွယ် ဖြစ်သွား ခဲ့ရလေသည်

အုပ်ထဲမှ ကျယ်လောင်သော အသံတစ်သံ ပေါ်ထွက်လာသည်။

❑

၆။

'ဒါကတော့ ဦးလေးမော် သက်သက် လူလည်ကျတာပဲ။ ဒီသစ်လုံးတွေကို ကျွန်တော်တို့ မပိုင်သလို ဦးလေးမော်လည်း မပိုင်ပါဘူး။ ဦးလေးမော်အနေနဲ့ ကိုယ်ချင်းစာတရား လက်ကိုင်ထားတယ်ဆိုရင် အခုလိုမလုပ်သင့်ဘူးဆိုတာ လူကြီးတစ်ယောက် ဝီဝီ သိသင့်ပါတယ်'

'ဟ မောင်မင်းနိုင်ရဲ့ ဘာမလုပ်သင့်တာ ရှိလို့တုံး'

လူစုလူဝေးအတွင်းမှ ဆရာလေး ကိုမင်းနိုင် မတ်တတ်ရပ်ပြီး စကားဆိုတော့ ဖွာလက်စ ဆေးပေါ့လိပ်တိုကို မီးခံဖြာခွက်ခဲ့ ပြန်ချလိုက်ရင်း ဦးလူမော်တစ်ယောက် ရှူးရှူးရှားရှား ဖြစ်သွားသည်။ ဆရာလေးက ရွာ၏ တစ်ဦးတည်းသော ဘွဲ့ရတစ်ယောက် ဖြစ်သလို ကမ္ဘကြီး မူလွန်ကျောင်းတွင် လုပ်အားပေးနေသော စေတနာဝန်ထမ်း ကျောင်းဆရာတစ်ဦးလည်း ဖြစ်သည်။ 'ကမ္ဘာကြီးနှင့် မျက်ခြည်မပြတ်စေဖို့' ဟု ဆိုပြီး ကာလသား လူငယ်များကို စုစည်း ခေါ်ယူကာ အင်တာနက် လူမှုကွန်ရက် အသုံးပြုနည်းများကို သင်ပြပေးတတ်သူလည်းဖြစ်သည်။ ဆရာလေး၏အနီးတွင် လူငယ်များ အမြဲလိုလို စုဖွဲ့နေတတ်ပြီး ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေတတ်သည်။

'ကမ်းနားက လူနေအိမ်တွေ ရေထဲ မျောပါတာ ဦးလေးလည်း အသိပါ။ အခုဆို အမိုးမလုံ၊ အကာမလုံနဲ့ ဒုက္ခသည်စခန်းမှာ ဖြစ်သလို နေကြရတုန်းပါပဲ။ အဲဒီ မိသားစုတွေအတွက် အိမ်ပြန်ဆောက်နိုင်ဖို့က လတ်တလော အရေးကြီးတဲ့ ကိစ္စပါ။ အိမ်ဆောက်ဖို့အတွက် သစ်လိုပါတယ်။ သူတို့တွေတောင် ဒီရေမျော သစ်လုံးတွေကို အခမဲ့ သုံးစွဲခွင့် မရရင် တရားမျှတမှု ဘယ်ရှိမလဲဗျ'

'ငါ့သစ်စက်မှာ ခွဲခြမ်းပြီးရင် သူတို့ကို တစ်ဝက်ဈေးနဲ့ ရောင်းပေးမယ်လို့ ပြောထားသားပဲ'

ဆရာလေးက ပြုံးသည်။ အားလုံးက ဦးလူမော်ကိုတစ်လှည့်၊ ဆရာလေးကို တစ်လှည့် ငေးကြည့်ပြီး စိတ်ဝင်တစားနားစွင့်နေကြသည်။

'ဦးလေးရာ... သေချာလည်း စဉ်းစားကြည့်ပါဦး။ အခုလိုအချိန် သူတို့မှာ ဘယ်လိုလုပ်ပြီး ပိုက်ဆံရှိမှာလဲ။ ဒီနေ့ ဒီအချိန်အထိ အလှူရှင်တွေရဲ့ ထောက်ပံ့မှုနဲ့ နေထိုင်စားသောက်နေရတုန်းဆိုတာ ဦးလေး မျက်မြင်ပဲ'

'အဲဒါတော့ ငါလည်း မသိဘူးကွာ။ သူတို့တွေ ဒုက္ခရောက်တော့ ဘယ်သူကများ တကူးတက လာကြည့်ကြလို့လဲ။ ဆန်၊ ဆီ၊ ဆားနဲ့ လိုတာမှန်သမျှ ငါကပဲ ပေးကမ်းခဲ့တာလည်း အားလုံး အသိပဲ'

'အဲဒီ အတွက်လည်း ဦးလေးကို တစ်ရွာလုံးက ကျေးဇူးတင်နေကြတာပါ။ ဦးလေးအနေနဲ့ ဒီမိသားစုတွေကို ဆက်လက် ငဲ့ညှာပြီး ရေမျောလာတဲ့ သစ်လုံးတွေထဲက အိမ်ဆောက်ဖို့ လိုအပ်သလောက်သာ ခွင့်ပြုပေးနိုင်တောင်းဆိုနေတာပါ။ သူတို့အတွက်ဝေစုပေးပြီးမှ ဦးလေးရဲ့အစီအစဉ်အတိုင်း ဆက်လုပ်ဖို့ မေတ္တာရပ်ခံနေတာပါ'

ဦးလူမော်က သူ၏ ထူထဲသောနှုတ်ခမ်း ထောင့်စွန်းများ တွန့်ကွေးရုံ ပြုံးသည်။ တောက်ပသော မျက်လုံးများက အခြေအနေ အရပ်ရပ်ကို အပိုင်တွက်ထားဟန် ရှိသည်။

'ခက်ပါလား မောင်မင်းနိုင်ရယ်။ စီးပွားရေးလုပ်တာဆိုတာ အလှူပေးတာ မဟုတ်ပါဘူး။ ဒါဟာ စီးပွားရေးလုပ်နေတာပါ။ အလှူပေးတာ မဟုတ်ဘူး။ ဒီကိစ္စကို ရပ်ပစ်ဖို့ အစီအစဉ် မရှိသလို ဒီထက်ပိုပြီး အလှူပေးလည်း မရှိပါဘူး။ တစ်ခု

www.burmeseclassic.com

ဈေးလို့ ဆိုလိုက်ကတည်းက အတတ်နိုင်ဆုံး လိုက်လျောခဲ့ပြီးသားပါပဲ'

'သိပ်ရယ်ဖို့ ကောင်းတဲ့ ပြက်လုံးကို နားနဲ့ ဆတ်ဆတ် ကြားလို က် သ လို ပါ ပဲ ။ ဦးလေးရဲ့ လိုက်လျောမှုက ဦးလေး ဘယ်လောက်ထိ ရက်ရောသလဲဆိုတာ ပြနေသလိုပါပဲ'

'ရက်ရောလို့ပဲ သူတို့ အားလုံးကို ငါ တင်ကျွေးခဲ့တာလေ'

'ဦးလေးက အစ ကတည်းကမှ စေတနာသုံးတန် မပြတ်သားခဲ့ပဲကိုး။ ဦးလေးရဲ့ လက်ရှိ ပြောစကားတွေက အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တယ်ဆိုတာ ဝန်ခံလိုက်သလိုပါပဲ။ သိပ်ရှက်ဖို့ကောင်းတဲ့ လုပ်ရပ်ပါပဲ။ ဦးလေးမို့ အဲဒီစကား ပြောထွက်တယ်'

ပွဲက တဖြည်းဖြည်း ခြင်းထန်လာသည်။ ဦးလူမော်ဘက်က အလျှော့ပေးမည့် အနေအထား မရှိသလို ဆရာလေးကလည်း လက်လျှော့မည့်ပုံ မပေါ်။ အားလုံးကတော့ ဆရာလေးပြောတာ တရားနည်းလမ်းကျပြီး လက်ခံနိုင်ဖွယ် ရှိသည်ဟု ဆိုကြသည်။

'မောင်မင်းနိုင်၊ မင်းစကားတွေ လွန်နေပြီ။ ငါက အုပ်ချုပ်ရေးမှူးဆီမှာ ခွင့်ပြုချက် ယူပြီးမှ လုပ်တာ။ တရားဝင် ခွင့်ပြုချက် ယူထားပြီးသားပါ။ တစ်ရွာလုံးမှာမှ လူနည်းစုကလေးက ဆန့်ကျင်ပြီး ကန့်ကွက်တာကို တော့ လက်ခံနိုင်စရာ မရှိပါဘူး။ မင်းက အဲဒီလူတွေကို သွေးထိုးပြီး ကိုးလိုးကန့်လန့် လုပ်နေစရာ အကြောင်းမရှိဘူးလို့ ငါထင်တယ်'

'ဟုတ်မှလည်း လုပ်ပါဦးလေးရာ။ ရွာရဲ့ အုပ်ချုပ်ရေးမှူးဆီက ခွင့်ပြုချက် ယူတယ်ဆိုတာနဲ့တင် ပြီးရောလား။ အဲဒီကိစ္စကို ရောဦးလေးက တရားဝင်လို့ သတ်မှတ်ထားပါသလား။ သက်ဆိုင်ရာ ဌာနအလိုက် မြို့နယ်၊ ခရိုင်အဆင့်အထိ ခွင့်ပြုချက် ယူထားပါရဲ့လား'

ဦးလူမော်က စားပွဲပိုင်းကို ရုတ်တရက် ဒုန်းခနဲ ထုချလိုက်သဖြင့် အကြမ်းပန်းကန် တစ်လုံး မှောက်လဲသွားသည်။ နံဘေးမှ တုဏ္ဍိဘော လုပ်နေသော ဦးစိန်မောင်လည်း မျက်စိမျက်နှာ ပျက်ယွင်းနေသည်။ မဖြေဘဲထားသော လက်သီးဆုပ် နှစ်ခုက စားပွဲပေါ်တွင် တုန်ယင်နေသည်။ ကြီးမား တုတ်ခိုင်သော ခန္ဓာကိုယ်ကြီးကလည်း နတ်ကျသလို တဆတ်ဆတ် တုန်ယင်လျက် ရှိသည်။ ပတ်ဝန်းကျင်သည် အပ်ကျသံပင် ကြားနိုင်လောက်အောင် ဆိတ်ငြိမ်နေသည်။ လက်ရှိအခြေအနေက စနစ်တဲ့ ဖြတ်လိုက်သည့် ဗုံးတစ်လုံးလို ပေါက်ကွဲလုလု အနေအထားဟုသာ ဆိုရတော့မည် ဖြစ်သည်။ ဦးလူမော်က မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ဆရာလေးကို လက်ညှိုးငေါက်ငေါက် ထိုးလိုက်ပြီး ဒေါသတကြီး တုံ့ပြန်သည်။

'မင်းကများ ငါ့ကို မခန့်လေးစားနဲ့ ဘုန်းကြီးစာချ လုပ်နေသေးတယ်။ ငါ မွေးထားတဲ့ ငါ့သားလောက်တောင် မရှိတဲ့ကောင်က ငါ့ကို ခြိမ်းလား ခြောက်လားနဲ့။ ဘယ်သူကိုမှ (....)ဂရုမစိုက်လို့ လုပ်တာဟေ့။ ရှင်းပြီလား'

ဦးလူမော်က မကြားဝံ့မနာသာ ဆဲဆို ကြိမ်းမောင်းသည်။ ဦးလူမော်က ဒေါသအရှိန်ဖြင့် ရင့်သီးစွာ ပြောဆိုနေသလောက် ဆရာလေးက တည်ငြိမ်အေးဆေးစွာ ပြန်ပြောသည်။

'ကောင်းပါပြီခင်ဗျ။ ကျွန်တော်ကတော့ ဒီကိစ္စကို စီးပွားရေးလုပ်တယ်လို့ မမြင်ပါဘူး။ သက်သက် လူလည်ကျပြီး လက်ဝါးကြီးအုပ် အမြတ်ထုတ်ထယ်လို့ပဲ ယူဆပါတယ်။ ဦးလေးရဲ့သဘောထားကို အတိအလင်း ကြေညာလိုက်ပြီဆိုမှတော့ ကျွန်တော်ကလည်း လုပ်စရာရှိတာ ဆက်လုပ်ရုံပါပဲ။ ဒီကိစ္စကို ဌာနဆိုင်ရာ အဆင့်ဆင့် တင်ပြပြီး တိုင်ကြားရပါလိမ့်မယ်'

'တိုင်ချင်ရာ တိုင်ကွာ။ တိုင်...တိုင်။ တိုင်ချင်တဲ့နေရာ သွားတိုင်။ ခြေတိုတာပဲ အဖတ်တင်မယ်။ ဟား ဟား ဟား'

ဦးလူမော်က ရုတ်တရက် သည်းခြေပျက်သွားသည့် အချူးတစ်ယောက်လို တဟားဟား အော်ရယ်သည်။ ဦးလူမော်တစ်ယောက် မထူးဇာတ် ခင်းပြီဖို့ အားလုံးက အလျှိုလျှို ထ, ပြန်သွားကြသည်။

ရေမျောထင်းကိစ္စနှင့် ပတ်သက်၍ ဆင့်ခေါ်သည့် ကျေးရွာလူထု အစည်းအဝေး ကတော့ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ပေါ်ထွက်လာခြင်း မရှိဘဲ ပြီးဆုံးခဲ့လေသည်။ ဦးလူမော်တစ်ယောက် သူ ဝသီအတိုင်း ဘယ်သူမျက်နှာကို မှ မထောက်ထားဘဲ ရေမျောထင်းတွေကို ခွဲခြမ်းရောင်းချလေမလား၊ ဆရာလေးကပဲ သက်ဆိုင်ရာသို့ အချိန်မီ တိုင်ကြားပြီး တားဆီးနိုင်မလား ဆိုတာကတော့ အားလုံးက သိလိုသည့် ကိစ္စတစ်ခု ဖြစ်လေသည်။

❑

၇။

ညက ဦးလူမော် ရုတ်တရက်ဆုံးပါးသည်။ ဒေါ်လှသီး၏ ပြောကြားချက်အရ အစည်းအဝေးမှ ပြန်ပြီး အရက် အလွန်အကျွံ သောက်သည်ဟု သိရသည်။ မနက်ချင်းချင်းလင်းလို့ အိပ်ရာက မထတော့မှ အိပ်ရာထဲ သေဆုံးနေသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။ မျှော်လင့်မထားသည့် သတင်းမို့ အားလုံးက အံ့အားသင့်မိကြသည်။

ဦးလူမော်၏ ရုပ်အလောင်းကို နေ့မကူးစေဘဲ မီးသင်္ဂြိုဟ်ကြသည်။ မီးသင်္ဂြိုဟ်ပြီး မိုးချုပ်စမှာ ဦးလူမော် အသုဘအတွက် အသုံးပြုသော ရေမျောထင်းများမှာ မီးကောင်းကောင်း မစွဲသဖြင့် အသက်မဲ့ ခန္ဓာကိုယ်ကြီးကို ဓာတ်ဆီ ငါးဂါလန် လောင်းချပြီး မီးရှို့ရသည်ဟု သတင်းလိုလို၊ အတင်းအဖျင်းလိုလို တစ်ရွာလုံးက တီးတိုး ပြောဆိုနေကြလေသည်။

■

ရဲရင့်လုံ(ဆေး-မန်း)

www.burmeseclassic.com

www.burmeseclassic.com

ကရကကာလေအပင့် ကြွေလွင့်တဲ့တိမ်

အယ်ကော်

၁။ မြည်တဲ့အသံက အသံခပ်ပြင်းပြင်းရယ်။
ဗီဒီယိုပြအပြီး အေးအေးမူက 'ဘာသံလဲ'လို့
သိမ်းစရာရှိတာ စူးစမ်းလိုက်တယ်။ ထွန်းမင်းက
သိမ်းဆည်းတယ်။ 'ကြောင်က ကြွက်ဖမ်းတာနေမှာပေါ့'လို့
ဆိုင်ခန်းကို အကျအန ပြောလိုက်တယ်။
ပိတ်တယ်။ မနက်စောစော 'မဟုတ်ဘူးနဲ့ တူတယ်'
ရွာစွေးတန်းမှာ 'မင်းကလည်း တယ်
ရောင်းနိုင်အောင်ဆိုပြီး အစိုးရိမ်လွန်ပေတာကိုး'
အရန်သင့်လုပ်ထားတာ။ ပြောပေမဲ့ အေးအေးမူ မိန်းမသားပီပီ
တောင်းတစ်လုံးမှာ စိတ်ချမှုရှိဟန် မတူ။ ဒါနဲ့ဓာတ်မီးကို
ပစ္စည်းတွေကို ထည့်သိမ်း ယူတယ်။ ပြီး ဆိုင်ခန်းဆီ သွားတယ်။
တယ်။ ဒါဆိုရင် စောစော ဒီမှာ အေးအေးမူက 'လူ လူ'လို့
ဆိုင်ထွက်လို့ရပြီ။ အလန့်တကြား အော်လိုက်တယ်။
တကယ်တော့ ဒါဟာ ဒီမှာ ထွန်းမင်းက သူကိုင်နေကျ
အဆန်းတော့ သူလက်သုံးတော် တောရမ်းဓားရှည်ကို
မဟုတ်ပေဘူး။ နေ့တိုင်း ဆွဲယူပြီး 'ဘယ်သူလဲ ဘယ်သူလဲ'
လုပ်နေကျ အလုပ်မို့လို့ အော်ပြီး အိမ်ပေါ်က ဆင်းလာတယ်။
သွက်သွက်လက်လက် အေးအေးမူက လက်နှိပ်ဓာတ်မီးနဲ့
ပြီးသွားတယ်။ အချိန်က သူခိုးကို မီးထိုးပြထားတယ်။ သူခိုးဟာ
တော်တော်လေး
ညဉ့်နက်နေပြီ။
ဘက ကျောင်းက
ကလေးတွေတောင်
ညစာဖတ်ကျောင်း
ဆင်းပြီမို့ ၂၃း၀၀ရှိပြီလို့
သိလိုက်ရတယ်။
ထွန်းမင်း အိပ်မယ်လို့
လုပ်လိုက်တယ်။
ဒီစဉ်မှာ ဆိုင်ခန်းထဲက
မြည်သံတစ်ခု
ကြားလိုက်ရတယ်။
ဂလွန်နဲ့။ ကြောင်က
ကြွက်ကိုများ
လိုက်ဖမ်းသလားလို့။
အိမ်မှာတော့ ကြောင်မရှိ။
သူများအိမ်က ကြောင်
တစ်ကောင်တလေတော့
ရောက်ပေါက်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူခိုးလေးဟာ ထွန်းမင်းရဲ့အမိန့်ကို မပယ်ရှားဝံ့ဘဲ တုန်တုန်ယင်ယင်နဲ့ အိမ်ပေါ် တက်လာတယ် ထွန်းမင်းဟာ အတော့်ကို ဒေါသယမ်း ပေါက်ကွဲနေတာကြောင့် 'မအေပေး သေပေတော့'လို့ သူလက်သုံးတော် တောရမ်းစားရှည်နဲ့ အပေါ်ကနေ ဆီးပြီး ခုတ်မယ်လို့ ရွယ်လိုက်ချိန် ဒီမှာ အေးအေးမူက ကြားက ဝင်ပြီး 'ကိုထွန်းမင်း လက်လွန်မယ်'လို့ တအား အော်ရင်း စားကို လှမ်းဆွဲ ဖမ်းတားလိုက်တယ်။ ညကြီးမင်းကြီး ဆူဆူညည် အသံဗလံကြောင့် နီးရာ နီးရာလူတွေက အထိတ်တလန့် 'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ' နဲ့အကူ ရောက်လာကြတယ်။ ထွန်းမင်းတို့ လင်မယားဟာ သူများမေးတာ ဘယ်လိုဖြေရ မယ်မှန်း မသိတဲ့အထိပါပဲ။

❑

၂။

ငပြဲဝယ်တဲ့ ဆန်က နှစ်ဆီ သုံးလုံးစာ။ ဒါကို ထွန်းမင်း 'ဘုရားဖြစ်မယ့် အုတ်နီခဲကျိုး၊ စိတ်ရူးပေါက်တိုင်း ချချပေးမနေနဲ့။ အလကားရထားတာ မဟုတ်ဘူး၊ ပိုက်ဆံနဲ့ ရင်းထားရတာ'

ထွန်းမင်းက အေးအေးမူ ပြောတာကို ဘာမှ မတုံ့ပြန်ဘူး။ တကယ်တော့လည်း ထွန်းမင်းဟာ မောင်ပေါက် ကျိုင်းလို နဂါးနိုင်မင်း မဟုတ်ပေမဲ့ မယနအုပ်စုဝင် သူတော့ ဟုတ်တယ်။ ဒါကြောင့် အေးအေးမူ ဘယ်လိုတားတား သူလုပ်ချင်ရင်တော့ အေးအေးမူ မပြောနဲ့၊ အဖေအမေလည်း တားလို့ရတဲ့ လူစားမျိုး မဟုတ်ဘူး။ ငပြဲကို ထွန်းမင်း ကရဏာသက်တာလည်း အကြောင်းရှိတယ်။ ငပြဲမှာ မွေးချင်း လေးယောက် ရှိတယ်။ သူ့အမေနဲ့ ပါဆို ငါးယောက်။ စားအိုးစားခွက်က အကြီးသား။ သူ့အစ်မ နှင်းဝေက အကြီး။ အစ်မလုပ်သူတောင် မှ အသက်နှစ်ဆယ် မပြည့်တတ်သေးဘူး။ ငပြဲကလည်း ဆယ့်လေးငါးနှစ်သား။ ငပြဲအောက်တစ်ယောက်ကလည်း ဆယ်နှစ် သီသီစွန်းတဲ့အရွယ်။ သူ့အောက်က တစ်ယောက် ဆယ်နှစ်တောင် မပြည့်တတ်သေး။ ငပြဲအမေ ဖြူမေကတော့ လုပ်နိုင်ကိုင်နိုင်ချိန်က ရွာကထွက်တဲ့ ဟင်းသီးဟင်းရွက်နဲ့ မြို့တက်တတ်တယ်။ ဒီလောက် ကုန်းကောက်စရာ မရှိရတဲ့အထဲ ဖြူမေမှာ သူ့ဌေးရောဂါ ဝင်လာတယ်။ ဆီးချိုတဲ့လေ။ ဒါနဲ့ ဘာမှ မလုပ်နိုင်၊ မကိုင်နိုင်တော့။ သားသမီးလေးတွေ လုပ်စာကိုပဲ အားထားနေတော့တဲ့ အဖြစ်။ ငပြဲတို့ မိသားစုဆီကို အကူအညီလိုတွေက အိုးစည်ခေါင်း တီးပြီး ဝင်လာကြရော့ ထင်ပါ့။ ကမ္ဘာကြီးမှာ ကျောက်ရောဂါဟာ လုံးဝ ကင်းစင်သွားပြီလို့ လက်ခမောင်းခတ် ကြွေးကြော်ခဲ့ပြီ။ ဒါပေမဲ့ ငပြဲတို့ မိသားစုဆီကို ကျောက်ရောဂါ စုံစုံမက်မက် ရောက်လာခဲ့တော့တယ်။ အကြီးတွေက ကံကောင်းတယ်ထင်ပါ့။ ခံလိုက်ရတာပဲရှိတယ်။ အငယ်မလေးကတော့ သူ့ရဲ့ဝဋ်ကြွေးကို မျက်လုံးနှစ်ဖက်နဲ့ ဝမ်းကြေး ပေးဆပ်လိုက်ရတယ်။ တကယ်တော့ ငပြဲတို့မှာ အဖေဆိုတာ ရှိပေမဲ့ အမည်ခံရုံမျှ။ နောက်တော့ သံယောဇဉ်ကင်းပြတ်စွာ မိသားစုကို ပစ်ထားပြီး အရပ်တစ်ပါးမှာ အိုးသစ်အိမ်သစ် ထူထောင်လို့။ ဒီက သားမယားကိုတော့ ဖုတ်တဲ့ငါးပိရှိတယ်လို့တောင် မသိတော့။

ငပြဲအဖေ မောင်နီဟာ ဖြူမေကို ဘာအကြောင်းပြချက်မှ မရှိဘဲ စွန့်ပစ်ခဲ့ပြီး နောက်မှ ဖြူမေဟာ ကလေးတစ်ဒုံတစ်ပြုန်းမို့ အမေ့အိမ်ကို ပြန်ကပ်ရတော့တာကလား။ ဒီကယ်တော့ အမေတို့ကလည်း မောင်ကာကတို့ ဆွေမျိုးရင်းချာတွေဆိုရင် မမှားတန်ရာပေဘူး။ ဖြူမေ့အဖေဆိုတာက အစဉ်အဆက် ရွာဆော်လုံးစားလာသူ။ ရွာဆော်ခရုတော်မစို့မပို့လေးနဲ့ တစ်ဘဝလုံး ရေစုန်မျောလာနေသူ။ ရွာဆော်လုပ်ရင်း အကောင်းဗလောင်ပေါ်မယ်ဆိုရင်တော့ သူ့ကိုမခေါ်မဖြစ် ခေါ်လာပေမဲ့ ဒီဟာလေးတွေက ဟာဟေး

www.burmeseclassic.com

www.burmeseclassic.com

နောက် ဆိတ်၊ ဝက်၊ ကြက်၊ ငှက်တွေလည်း မြတ်မယ် ထင်ရင် ပေါ်တယ်။ ဒီကရတာလေး ဝါးတဲ့လေးတစ်လုံးကို တော့ ဖြူမေ့အဖေတို့ ပိုင်ဆိုင်ခဲ့တယ်။ နောက်ပိုင်းမှာတော့ အဖေတို့မှာ ပိုင်ဆိုင်ခဲ့ဖူးတဲ့ တဲကုပ်ကလေးနဲ့ အိမ်ရာမြေကို သမီးကြီးဖြစ်သူဆီ ထိုးပေးလိုက်ရတယ်။ နောက်တော့ ဖြူမေ့ မိဘနှစ်ပါးဟာ သူများခြံမှာ ခြံစောင့်နေကြရတယ်။ ဒီမှာ ဖြူမေတို့လည်း သူ့မိဘဆီမှာ မိသားတစ်စုလုံး ဒုက္ခသည်တွေအဖြစ် ခိုလှုံလိုက်ကြတယ်။

အဲသလို နေရင်း ဖြူမေ့အဖေဆုံး။ နောက် ဘာမှ မကြာခင်မှာ အမေက နောက်က ကပ်လိုက်သွားတယ်။ သေခြင်းတရားကို ဘယ်သူမှ လွှဲရှောင်မရဆိုတာ ဖြူမေသဘောပေါက် နားလည်လို့တော့ မဟုတ်၊ သိပ်ပူဆွေးသောက မရောက်။ ဒါပေမဲ့ ဖြူမေ ပူပန်ရလာတာက နေ့ရေးရယ်လေ။ ဖြူမေတို့ နေ့နေ့တဲ့ ခြံဟာ ရွာနဲ့ အတော်လေး လှမ်းတယ်။ ဒါကို အကြောင်းပြပြီး ခြံပိုင်ရှင်က ဒီမှာနေလို့ သင့်တော်မယ် မဟုတ်ဆိုပြီးတော့ ငြင်းလာတယ်။ဒါကလည်းအကြောင်းရှိတယ်လေ။ ဖြူမေတို့က ခြံထွက်တဲ့ ရာသီ သီးနှံတွေနဲ့ မြို့တက်တတ်တာကိုး။ ဝယ်စားလို့အကြောင်းပြ၊ သူများခြံက သီးနှံတွေကို တိုရှိ။ အရှိရတဲ့ ထိုးတတ်ကြ။ ဒါကို ခြံရှင်က သူကိုယ်တိုင်လည်း ကြိုက်၊ သူများတွေလည်း ကြိုက်တာမို့ ဟူးရည်တိုက်ပြီး ဝမ်းနတ်လိုက်တဲ့သဘော။

ဒါနဲ့ပဲ ဝင်ကစ္စပ်တွေလို သူ မျာ:ခရ ခွဲ ထဲ ဝင် ပြီ: အသက်ရှင်ကြသလို သူတို့လည်း အရန်သင့် နေရာလိုက်ရှာတယ်။ နောက်တော့ စိန်လှတို့ခြံက တဲမှာ လူမနေတာနဲ့ စိန်လှကို သွားပြောတော့ 'နေနေရတယ်၊ ရတယ်။ ကောင်းကောင်းမွန်မွန်ပဲနေကြ' လို့ အသာတကြည် ခွင့်ပြုလိုက်တယ်။ စိန်လှခြံကရွာနဲ့လည်း နီးတယ်။ တဲကလည်း ပြင်ထားခါစမို့ မိုးလုံ လေလုံ။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်လို့ ဆိုရ မလိုပါပဲ။

စိန်လှတို့ တဲကို ရောက်လာတော့ ငပြေလည်း သူနိုင်ရာဘက်က လုပ်တတ်တယ်။ သူ့အစ်မ နှင်းဝေ မြို့တက်၊ သူ့အစ်မ မြို့တက်ရာမှာ ငပြေရဲ့ အကူအညီတွေလည်း ပါတတ်တယ်။

ဒီကောင်လေးဟာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တဲ့ ကောင်လေးတစ်ယောက်ရယ်ပဲ။ အစိုးရ မူလတန်းကျောင်းမှာ မထားနိုင်လို့ ရွာဦးကျောင်းဆရာတော်ဆီ အဘိုးက သွားအပ်တယ်။ ဒါနဲ့ ဘုန်းကြီးကျောင်းသားဖြစ်လာခဲ့သူ ဆိုပါတော့။

ကြောင်ဆိုလို့ ပြောရဦးမယ်။ ကျောင်းက ကြောင်တွေဟာ အတော်ကို စည်းမဲ့ကမ်းမဲ့ နိုင်တာလေ။ ချေးပါတာ နေရာတကာ ပါပါတတ်တယ်၊ အထူးသဖြင့် ဆရာတော့် အိပ်ရာပေါ်မှာ။ လူလစ်ရင် လစ်သလို ကြောင်လာလာပြီး အလစ်ဝင် ချေးပါသေးပါ တိုက်ခိုက်တတ်တာ။ ဒါကို မျက်ခြည်မပြတ် စောင့်ကြည့်နေမယ့် သူတစ်ယောက်လိုတယ်။ ဒါနဲ့ အကင်းပါးတဲ့ ငပြေကို ကင်းစောင့်ချထားတာ။ ဆရာတော် ကျောင်းပေါ် ပြန်တက်လာတော့ ငပြေကို မတွေ့ဘူး။ ဘယ်ရောက်နေလဲ မပြောတတ်။ ဆရာတော်ဟာ ငပြေ ဘယ်ရောက်နေလဲ လိုက်ရှာတယ်။ နောက်တော့ ကိုယ်တော်ချောက ဆရာတော့် ကျက်သရေခန်းထဲမှာ ဟိုကိုင်ဒီကိုင်နဲ့။ ဒီမှာ ဆရာတော်က ငပြေ ဘာလုပ်နေပါလိမ့်မလဲလို့ စောင့်ကြည့်နေတယ်။ ဒီကောင်လေးဟာ တစ်ခုခုကို ရည်ရွယ်ချက်ရှိရှိနဲ့ လိုက်ရှာနေတာတော့ မဟုတ်ဘူး။ အတန်ကြာကြာကြည့်နေပြီး ဆရာတော်က 'ငပြေ ဘာလုပ်နေတာလဲ' လို့ အသံပေးလိုက်တော့ သူဟာ ဆောက်တည်ရာမရသလို ပျာယာခတ်သွားတယ်။ ဆရာတော်ရဲ့ ရိုက်မှာ နှက်မှာကို တုန်လှုပ် ချောက်ချားကြောက်ရွံ့သွားပုံပါပဲ။

'ငါ့အခန်းလို့ မဟုတ်ဘူး၊ ဘယ်သူ့အခန်းပဲဖြစ်ဖြစ် သူများအခန်းကို ခွင့်ပြုချက်မရှိဘဲ မဝင်ရဘူး သိလား' လို့ ညင်သာစွာ ပြောလိုက်တယ်။ ဒီတော့မှ ငပြေ စိတ်ဖိစီးမှုဒဏ်လျော့ပြေသွားပုံပါပဲ။ ငပြေကို နောက်ပိုင်းမှာ ကြောင်မစောင့်ခိုင်းတော့ဘူး။ ဒီကနေပြီး ငပြေရဲ့ အကျင့်စရိုက် မူမမှန်ကို ဆရာတော်ရိပ်စားမိလိုက်တယ်။

နောက်တစ်ခါမှာတော့ ဆရာတော် တစ်နေရာကို ကြွနေတယ်။ ဆောင်းကလည်း ဆောင်းရာသီ။ ဒီမှာ ချိန်ခါမဲ့ မိုးရွာတာ သုံး,လေးရက်ပေါ့။ ဒီနေရာ၊ ဒီဒေသဟာ တောတောင်ထူထပ်တော့ အေးတယ်။ စင်တီဂရိတ် ဓလောက်ထိ ကျတတ်တယ်။ မိုးရွာနေတော့ ပိုဆိုးတာပေါ့။ ဒီမှာ အလုပ်အကိုင်ကလည်း မလုပ်ရ မကိုင်ရ။ ဝမ်းစာရှိသူတွေမှာတော့ ဘာမှ မထောင်းတာလှ။ လက်လုပ်လက်စား သမားတွေမှာ အတော့်ကို ဒုက္ခနဲ့ ကြုံကြရတယ်။ ရင်းနှီးသူတွေဆီက ချေးငှားစားသောက်လို့ အဆင်ပြေသူလည်းပြေ၊ မပြေသူလည်း မီးခိုးတိတ်သူတွေတိတ်ပေါ့။ ဒီလိုအခြေအနေမှာ ငပြေမိသားစု ငတ်ကြပြတ်ကြတာ ဘယ်ဆန်းပါ့မလဲလေ။ ငပြေက ဘုန်းကြီးကျောင်းသားဆိုတော့ မငတ်ဘူးလေ။ သူ့မိသားစု တစ်ပြိုတစ်အုံက ငှက်ပျောသီးအစိမ်း မီးဖုတ်စားလိုစား၊ ပိန်းဥမျောက်ဥ ပြုတ်စားလိုစား၊ ဖုတ်စားလိုစားနဲ့ ကန္တာရ နေရက်တွေကို ဖြတ်ကျော်နေရတာ သိတော့ မိသားစုအတွက် သူ လှုပ်ရှားရတယ်။

သူတို့ ကျောင်းဝင်းထဲမှာ သီလရှင်သခင်မ်းကျောင်းရှိတယ်။ သူဟာ သီလရှင် မရှိခိုက် သခင်မ်းကျောင်းပေါ်တက်ပြီး ဆန်ခိုးတယ်။ ပထမတစ်ရက်တော့ အခက်အခဲမရှိခဲ့ဘူး။ ဒုတိယနေ့မှာတော့ သူလှုပ်ရှားမှုကို ကျောင်းသားတစ်ယောက်က ရိပ်မိလိုက်တယ်။ ဟုတ်တန် ကောင်းရဲ့ ဆိုတဲ့ စွပ်စွဲချက်နဲ့ သူတို့ကို စာပြပေးနေတဲ့ ဦးပဉ္စင်းကြီးဆီ သွားတိုင်တယ်။ ဒါကို ငပြေက ဘူးကွယ် ငြင်းတယ်။ နောက်တော့ ငပြေက အင်း... အာမ ဟုတ်ပါ၏လို့ ဝန်ခံလိုက်တယ်။ ဦးပဉ္စင်းကြီးလ

www.burmeseclassic.com

ကျောင်းသားကျင့်ဝတ် ဆယ်ပါးထဲက အမှတ် ၂ ဖြစ်တဲ့ 'နှစ်ကြိမ်၊ ခြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ကျောင်းဝယ် မနေရပါဘုရား' ဆိုတဲ့ ကျင့်ဝတ်ကို ချိုးဖောက်ရာ ရောက်နေတာကြောင့် သူဟာ ကျောင်းက ထွက်လာခဲ့ရတယ်။ တကယ်လို့ ဆရာတော်ရှိခဲ့ရင် ကရဏာအကျိုးကို ခံစားနိုင်ပေလိမ့်မယ်။ ခုတော့ အယူခံမရှိ၊ အသနားခံမရှိ တစ်ချက်တည်းနဲ့ ကျောင်းထွက်သွားရတယ်။

သူ ကျောင်းထွက်ပြီးနောက် ကျောင်းမှာ နေခဲ့သလို သပ်သပ်ရပ်ရပ်လေး မရှိတော့။ ဆံပင်တွေက ပခုံးသားပေါ်ထိလို့။ ပခုံးပေါ်မှာ လွယ်အိတ်ညစ်စုတ်စုတ် တစ်လုံး လွယ်လို့။ အထဲမှာတော့ စာအုပ်စာတမ်း မဟုတ်တော့။ ငှက်ပစ်၊ ကြက်ပစ်ဖို့ လောက်စာလုံး ထည့်စရာသာ ဖြစ်နေတယ်။ သူ့ခါးကြားမှာ လက်သုံးတော်လောက်လေးတစ်လက်နဲ့။ တောတိုင်း တောင်တိုင်း ရောက်တယ်။ ဥယျာဉ်တိုင်း၊ ခြံတိုင်း ရောက်တယ်။ ဘာသီးနှံပင် ဘယ်လောက်မြင့်မြင့် ငပြိုလက်က ဘယ်တော့မှ မလွတ်စေရ။ ငပြိုဟာ သူနိုင်တဲ့ဘက်က သူမိသားစုကို ရှာဖွေပေးသူတစ်ယောက်ဆိုပါတော့လေ။ ငပြို ဘုန်းကြီးကျောင်းက ထွက်လာပြီးနောက် သူ့အမေရဲ့ ဆီးချိုကတစစရင့်လာတယ်။ မိသားစုတစ်ခုလုံးရဲ့ တာဝန်တစ်ခုလုံး နှင်းဝေတစ်ယောက်တည်း ခေါင်းပေါ် ဝိကျလာတယ်။ ဒါနဲ့ ငပြိုက သူနိုင်သလို သူ့အစ်မကို ကူညီတယ်။ ဒါကလည်း ငပြိုဆိုတဲ့ ကောင်လေးကို ရွာကလူတွေက ငတက်ပြား ဘွဲ့တံဆိပ်ချီးမြှင့်ပေးထားလိုက်ကြလေရဲ့။

❑

၃။

ငပြိုအမေလက်မှာ ယားနာလေးတစ်ခု ပေါ်လာတယ်။ ဒါကို ကုတ်မိရာက အရေစုတ်သွားရော။ ဒီကနေ အနာဟာ ပြည်တည်လာတယ်။ ဒီအနာဟာ တစစ ပြည့်တစိုစိုနဲ့ ပွပွလာလေတော့ လဲရာသူခိုးထောင်းရုံတင်မကဘဲ လမ်းကြိတ်စက်နဲ့ပါ ဖိအနင်းခံရသလား ပြောရမယ့်ကိန်း ဆိုက်လာရော။ ဒါနဲ့ ဒီသတင်းကို ကြားမိတဲ့ ဦးစံကျော်အောင်ဆိုတဲ့ အဘိုးကြီးဟာ တတ်တဲ့ပညာ မနေသာဆိုသလို သူဟာ ဒီလိုပဲ အခမဲ့ လိုက်လံ ကုသတတ်သူတစ်ယောက်ရယ်။ ဆေးဖိုး ဝါးခဆိုတာက ပေးသလောက်ပဲ ယူတတ်တာ။ ကွမ်းတစ်ယာ၊ ဆေးတစ်လိပ် ဒါလောက်နဲ့ ပြီးတာပါပဲ။ အခုလည်း ဖြူမွေ့သတင်း ဦးစံကျော်အောင့်နာ ပေါက်သွားထင်ပါရဲ့။ ဒီရွာမှာ သူတစ်ယောက်လုံး ရှိနေပါလျက်နဲ့ ဘာလို့ ဒီလို ဆေးမတွေ့၊ ဝါးမတွေ့ ရှိရမလဲဆိုတဲ့ စေတနာဗရပွနဲ့ သွားကုဖို့ ဖြူမေတို့ တဲကုပ် ရွှေနန်းတော်ဆီ ရောက်သွားတယ်။ ဒီမှာ အနာကို ကြောင်လျှာခေါက်ဖြတ်ရည်နဲ့ အဖန်ဆေးရမှာမို့ ကြောင်လျှာခေါက် လိုတယ်။ ဒီနေရာ၊ ဒီဒေသမှာ ကြောင်လျှာပင်က နေရာတကာမှာ ရှိနေတဲ့အပင်ပဲလေ။ ဒါနဲ့ ငပြိုကို ကြောင်လျှာခေါက်ခွာဖို့ ခိုင်းလိုက်တယ်။ ကြောင်လျှာခေါက်အလာကို စောင့်ရင်း တစ်နာရီပြီး တစ်နာရီကုန်ဆုံးသွားတယ်၊ ငပြိုက ပေါ်ကို မလာတော့တာ။ ဘယ်တိုင်း ဘယ်ဌာနဆီ ရောက်လေပြီ မသိနိုင်တော့။

နောက်တော့ ငပြိုကို ဘသောင်းက သူ့စက်လေမှာ စောင့်အိပ်ဖို့ ငှားတယ်။ ညရောင်မိုးဝင်ဆိုရင် ရေလေးဘာလေးပက်ပေါ့။ ထမင်းလည်း ဘသောင်းတို့ ကျွေးထားတော့ ငပြိုဘဝမှာ ပြည်တော်ကြီးကို အရမ်းသာနေတော့တာပါပဲ။ ငပြိုဘဝမှာ စားစရာအတွက် ပူစရာမလို၊ နေစရာအတွက်လည်း ပူစရာမလို။ လေစောင့်ခရတဲ့ ပိုက်ဆံနဲ့ ဗီဒီယိုကြည့်တယ်။ ပြစဉ်းက ကြည့်ရင် ပိုက်ဆံကုန်တယ်။ ပြလို့ အတော်အသင့်ကြာတော့ ရုံဝမှာ အေးအေးမူမရှိတော့ ဒီအချိန် ဝင်လိုက်ရင်ဇေပဲ။ မကုန်ဘူး။ ထွန်းမင်းသာ ရုံပေါက်ဝမှာတွေ့လို့ကတော့ ဘာပြောကောင်းမလဲလေ။ ဝင်သွား ဝင်သွားနဲ့ သွင်းပေးလိုက်တတ်မြဲ။

ဒီကနေ့ ဗီဒီယိုပြပြီးတော့ လူတွေ့ အသီးသီး အိမ်ပြန်ကြပေမဲ့ ငပြိုကတော့ ဘသောင်းစက်လေဆီသွား၊ ရေတွေဘာတွေ ဝင်နေရင် ရေပက်။ အေးငြိမ်း ချမ်းသာစွာ အိပ်စက်တတ်လေတော့ သတည်းပေါ့။

❑

၄။

ဘသောင်းဆီက စက်လေစောင့်ခ သူ့လက်ထဲမှာ တစ်ပြားမှ မရှိ။ ရတာ စားပစ်တတ်တယ်။ ငွေသုံးလွယ်တာကလည်း အသီးအနှံတွေ ရောင်းလို့ရတာလေးတွေကို အိမ်နည်းနည်းပေး၊ ရတာကို သူ သုံးစွဲ။ ဒါတွေနဲ့ ငပြိုဟာ အသုံးအစွဲ တတ်လာတော့တာ။ ဘသောင်းစက်လေဟာ ဝါးဖောင်တွန်းဖို့ ထွက်သွားတော့ ငပြိုမှာ အလုပ်လက်မဲ့ဖြစ်စားစရာမဲ့၊ နေစရာမဲ့ ဖြစ်လာတယ်။ အိမ်လည်း မပြန်ခဲ့။ ဒါကြောင့် သူ့မှာ တော်ပြတ်ခြင်းနဲ့ မိတ်ဖွဲ့ရတော့တယ်။ ဆာတိုင်းရေသောက်၊ ဆာတိုင်း ရေသောက်နဲ့ တောထဲကို တိုးဝင်ပြီးတော့ ငှက်ပျောသီးစိမ်းတွေကို အပင်ကို အလက်ထားခဲ့ပြီးညတော်၊ ငှက်ပျောအဖီးကို ဖဲ့ယူ၊ ဒါကို မီးဖုတ် စားအဲသလိုပဲ ယာယီ ဖြေရှင်းနိုင်တယ်။ ဒီလိုလုပ်နေရင်း သူ့ဆီ တစ်ယောက်က တန်တန်းမတ်မတ် ခြေလှမ်းလာတယ်။ ဒါနဲ့ သူ လစ်ပြေးထားပဲ။ ဒီကနေ ကျောင်းတောင်ဘက်ကို ထွက်ပြေး။ ဒါပေမဲ့ ဗိုက်က ဆာနေတော့ သူ ခြေထောက်နှစ်ဖက်ဟာ ကျောက်ခဲတွဲလွဲ ဆွဲထားသလို ဖြစ်နေတယ်။ သူ ဘုန်းကြီးကျောင်းမှာ နေခဲ့ရက အတွေ့အကြုံတစ်ခုရသွားသတိရတယ်။ ကနဦးအခေါက်ကို ခွာစားရင် ရနိုင်တယ်လို့။ ဒါနဲ့ သူ ကျောင်းဘက်ကူး၊ တောင်ပေါ်မှာ ပေါက်နေတဲ့ ကနစိုးပင်အခေါက်ကို ကျောက်တုံးနဲ့ ထုပြီး သူ ခွာစားတယ်။ ဆာလောင်မှုဟာ သူ့ဝေးသွားတောင်းဆိုနေတော့ ဒီသား အာသာဆန္ဒကို မလွန်လွှားနိုင်။ ကနစိုးပင်အခေါက်

www.burmeseclassic.com

ကို ထုပြီး ခွာစားတယ်။ ဆာနေတော့ ချဉ်ဖြူး ချဉ်ဖြူးနဲ့ အငမ်းမရ စားဖြစ်တယ်။ ဒါကို ခွာစားပြီး ကျောင်းတောင်ပေါ်ရှိ စေတီပျက်နား က စင်ပြမ်းပင် အရိပ်အောက်မှာ အနားယူတယ်။

ငပြဲ နားနေရင်း ဘုန်းကြီးကျောင်းက အဖြစ်လေးတွေ သူ့ခေါင်းထဲမှာ ရိပ်တိတ်ရိပ်တိတ် ပေါ်လာတယ်။ ကျောင်းမှာ ပွဲင့်လင်းရာသီဆိုရင် ဆွမ်းကျန်တွေကို ထမင်းခြောက်လှန်းတတ်တယ်။ ကျန်တာတချို့ကို ခွေးစာကျွေးတတ်တယ်။ မိုးတွင်းဘက်ဆိုရင်တော့ ဆွမ်းကျန်တွေက တော်တော်များများ ကျန်တာမို့ ခွေးလည်း စားမနိုင်၊ သောက်မနိုင်နဲ့။ အချို့ဆို ညညကျရင် ဝက်စာ လာလာခိုးယူတတ်တယ်။

တစ်ခါကပေါ့လေ။ ရဲဘက်စခန်းက ရဲဘက်တွေ လယ်တောထဲက ပျိုးစိုက်အပြန် ဘုန်းကြီးကျောင်းဘက်ကနေ လူတစ်ယောက် ပါဆယ်အိတ်နဲ့ ထမင်းထုပ်ပြီး ယူလာတာကို မြင်တော့ ရဲဘက်တစ်ယောက်က ပါဆယ်အိတ်အထုပ်ကို လိုက်တောင်းတယ်။

ဒီမှာ ပါဆယ်အိတ်ယူလာသူက ဆွမ်းကျန်စွန့်ထားတဲ့ နေရာကို ပြောပြလိုက်တယ်။ ဒါနဲ့ အဲဒီနေရာကို ဝင်ပြီးတော့ ဆွမ်းကျန်ယူတယ်။ သူခါးပိုက်ထဲလည်း ကျုံးကျုံးထည့်၊ ပါးစပ်ထဲလည်း ထည့်တယ်။ ဒါကို ကျောင်းသားတွေက မြင်တော့ သူတို့စားဖို့ ထားထားတဲ့ ညနေစာ ထမင်းကို ရဲဘက်လက်ထဲ အပ်လိုက်တယ်။ ဒါတွေက ငပြဲရဲ့ ခေါင်းထဲ ဝိုးဝိုးဝင်းဝင်း ပေါ်လာတယ်။ ငပြဲဟာ ရဲဘက်လို ဆွမ်းကျန် သွားယူ ကျုံးစားလိုက်ရရင်...အတွေးပေါ်လာတယ်။ ကျောင်းတောင်ပေါ်ကနေ ကျောင်းဝင်းထဲကို ဝင်တယ်။ ဒီမှာ ခွေးက ဟောင်ပြန် ပါလေရော။ တကယ်တော့ ဒီခွေးကြီးတွေက သူ့နဲ့ ရင်းနှီးတဲ့ ခွေးတွေ။ ဒါပေမဲ့ နောက်ပေါက် ခွေးတွေနဲ့တော့ သူနဲ့ မရင်းနှီးတော့၊ ခွေးကြီးတွေက မဟောင်ပေမဲ့ ခွေးအငယ်တွေက ကိုက်စားလုမတတ် ဟောင်လိုက်တာလေ။ နောက်တော့ ခွေးတွေကို လက်ဖျစ်လေး တွက်ပြီးတော့ မိတ်ဖွဲ့လိုက်တယ်။ ဒီတော့မှ ခွေးလေးတွေက အမြီးနှဲ့လာလို့ ငပြဲ သက်ပြင်းချနိုင်တော့တာ။

ဒီကောင်လေးဟာ ခွေးစာ စွန့်ထားတဲ့ နေရာဆီ သွားတယ်။ အဲဒီက အပေါ်ယံ ထမင်းတွေကို ယက်ထုတ်ပြီးတော့ အတွင်းသားကို နှိုက်စားတယ်။ ဘာပဲဖြစ်ဖြစ် ဗိုက်က အတော် တင်းသွားသမို့ နေသာထိုင်သာသလို ရှိသွားတယ်။ နောက် ရေတွင်းဘက်ကို သွားတယ်။ သူတို့ တစ်ရွာလုံး အဘိုးအဘိုးလို့ ခေါ်တဲ့ ဦးပဉ္စင်းကြီး မမြင်အောင် ကုပ်ချောင်း ကုပ်ချောင်း သွားပြီး ရေတွင်းက ရေခပ်သောက်။ ပြီးရင် ပုဆိုးချွတ်ပြီး ရေချိုးလိုက်တယ်။ ရေချိုးလိုက်ရတော့ လန်းဆန်းပြီး အားအင်အတော် ပြည့်သွားသလို ဖြစ်သွားတယ်။ သူဟာ ဥပုသ်ဇရပ်မှာ ခဏတစ်ဖြုတ် မှေးနေလိုက်တယ်။ ဗီဒီယိုရုံက သီချင်းသံတွေဟာ ငပြဲစိတ်ကို ကလိသလို ယားကျိယားကျိ ဖြစ်လာတယ်။ ဒါနဲ့ လူစုံလို့ ရုံပိုင်ရှင်တွေ လမ်းဝမှာ မရှိလောက်ဘော့မှ ရွာထဲဝင်တယ်။ ရုံထဲဝင်။ ဗီဒီယို ကြည့်ပစ်လိုက်တယ်။ ငပြဲဟာ ဗီဒီယို ကြည့်နေရင်း စိုက်က ဆာချင်လာတယ်။ သူ့စိတ်ထဲမှာ ဆွမ်းကျန် ဆီ ရောက် ရောက်သွားတယ်။ ဆွမ်းကျန်က သူစားထားလို့ နောက်ထပ် ရစရာ မမြင်တော့။ ဘယ်လို ဖြေရှင်းရမလဲ... ဘယ်လို ဖြေရှင်းရမလဲ... ဆာတယ်။

သူခေါင်းထဲမှာ အတွေး တစ်စ လက်ခနဲ လင်းပသွားတယ်။

❑

၅။

ထွန်းမင်း အသားတွေ ဆတ်ဆတ်တုန်နေတယ်။

"မအေပေးလေး၊ ဒီက သနားလို့ ကရုဏာသက်လို့ ပေးကမ်းတာကို မထောက်ထားဘူး။ မင်း သူများကျေးဇူး မသိတတ်တဲ့ကောင်ပဲ။ ဒီလို အကောင်မျိုး လူလောကမှာ ရှိနေတာ ဆန်ကုန်မြေလေးတယ်။ မင်းလို ကျေးဇူး မသိတတ်တဲ့ ကောင်မျိုး အရှင်ထားလို့ အမှိုက်ရှုပ်တယ်"

နောက်တစ်ချီ ခုတ်မယ်လို့ ရွယ်လိုက်တယ်။ အေးအေးမူက...

"လက်လွန်မယ်နော်" အော်လိုက်တယ်။

"ကျေးဇူးမသိလို့ မဟုတ်ပါဘူး ဦး၊ ဆာလို့ပါ" ငပြဲဆီက ထွက်ပေါ်လာတဲ့ စကားသံကြောင့်...

"ဘာကွ မအေပေးလေး၊ ဆာလို့ ဟုတ်လား။ တယ်လေ ငါ မပြောလိုက်ချင်ဘူး"

ထွန်းမင်းရင်တွင်းတောက်လောင်နေတဲ့ ဒေါသမီးတောက်မီးလျှံဟာ သိသိသာသာ လျော့ပြယ်ကျသွားတယ်။ ထွန်းမင်းရဲ့ လေသံဟာ ဘားရှင်းလည်းပြောင်း၊ ကီးလည်းပြောင်းသွားတယ်။

"ဟူး...အေးပေါ့ကွာ၊ ဆာတော့လည်း လုပ်မိလုပ်ရာ လုပ်တော့ မပေါ့လေ။ တကယ်ဆို မင်း အကျိုးသင့် အကြောင်းသင့် ပြောပြီး တောင်းစားလည်း ရတာပဲ"

အဲ့သလို စိတ်မသက်သာ ပြောလိုက်ပြီး-

"အေးမူ ထမင်းလေး ဘာလေးမကျန်တော့ဘူးလား"

အေးအေးမူက ငေါက်ဆတ်ဆတ်နဲ့-

"ဘာလုပ်မလို့လဲ" မေးလိုက်တယ်။

"အာ... ဒီမှာ တစ်ယောက် ငတ်သေတော့မှာ မင်း မမြင်ဘူးလား"

"ဟွန်း၊ ခုတ်မယ်ထစ်မယ်ဆိုတော့လည်း သူ၊ အခုကရုဏာတော် ရေစီးကမ်းပြိုလိုက်တာလည်း သူပဲ"

သန်းခေါင်ကျော်တော့ မယ့်အချိန် ရှိနေပြီ။ ထွန်းမင်း တို့လင်မယား ငပြဲကို ထမင်းချက်ပြုတ်ကျွေးဖို့ စီစဉ်ကြတော့တယ်။ ဒီစဉ်မှာတော့ တိမ်မည်းညိုရိပ်တွေ ကရုဏာတောင်ပြန်လေကြောင့် လွှင့်ပါးပျက်ပြယ်ခဲ့ပြီကော...။ ■

အယ်လော်

www.burmeseclassic.com

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/-) နှင့်
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစ္စာချောင်
ဖုန်း ၀၇၂-၂၂၀၃၄၊ ၀၇၂-၂၁၅၄၁၊ ၀၉-၆၄၆၁၉၉၉၊ ၀၉-၉၁၀၄၁၇၃

မန္တလေး

ဦးမြင့်ဝိုး (ဝိုးဟုလဲခွဲရဲ့) ဖုန်း ၀၉-၉၁၀၂၃၇၈၊ ဒေါ်တင်ဝင်း (လူထု) ဖုန်း ၀၂-၃၉၇၁၇၊ ဒေါ် ဂိုဂိုမြင့် (သွင်စက်မှု) ဖုန်း ၀၉-၂၀၀၁၇၁၇

ရန်ကုန်

သိဂီသုဝမ္မသီဂီဒေါ်ခင်သန်းမြင့် (ပထဝင်းဂုတန၊ ဗိုလ်ချုပ်ဧရာ။ ဖုန်း ၀၉-၇၃၂၀၂၈၁၀)၊
ဒေါ်ယဉ်သန်း (အမှတ် ၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇)
ဒေါ်ခင်စန်း (အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း ၀၉-၅၁ ၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည် (အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊ ၀၉-၇၃၀၇၂၄၂)
ဒေါ်မြင့်မြင့်စန်း (အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၁-၅၁၅၅၀၉၊ ၀၉-၇၁၃၀၉၃၃၄)
ဒေါ်စန်းစန်းဦ (Real Gems) (အော-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးပြုံမြို့ဝိုင်သာ၊ ဂျိုးပြုံမြို့လမ်း၊ မော်လမြိုင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၅၂၂၇၂၊ ၀၉-၅၀၀[illegible])
ဒေါ်စန်းစန်းမေ (ဟဘမြို့ငယ်ဆေးဘိုက်) (အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းပတော်မြို့နယ်။ ဖုန်း ၀၁-၂၃၀၀၄၂၇၊ ၀၁-၂၃၀၀၄၂၈)
ကလျာမဂ္ဂင်းတိုက် (ဖူးဆိုး) (အမှတ် ၁၆-၀၀၀၀၀၊ ဦးအောင်မြတ်လမ်း၊ သိမ်မြို့ကွင်းရွာ၊ မော်လမြိုင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၉၀၃၇၆)

အလှူဂုဏ်များ

၁။ ကွယ်လွန်သူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ရည်စူး၍
ဓနီး ဒေါ်သန်းသန်းနွဲ့နှင့် သားသမီးမြေးများ မိသားစု၊ ကမ္ဘာအေးဗီလာ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (၁၄-၇-၁၆ ရက်နေ့တွင် စိုက်ထူလှူဒါန်းသည်) ၅,၀၀,၀၀၀/-
(ငါးသိန်း)

၂။ စာရေးဆရာ ဒေါက်တာ နေဇင်လတ် (AMBO) + ဒေါ်ခင်စန်း သားသမီးမြေးမိသားစု
အမှတ် (စ၁-အေ/၁၀)၊ စုပေါင်းလမ်း၊ အင်းယားမြို့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၁၀၀,၀၀,၀၀၀/-
(ယခင် သိန်း ၆၀၊ ၁၇-၇-၁၆ တွင် သိန်း ၄၀ ထပ်မံစိုက်ထူလှူဒါန်းသည်) (သိန်းတစ်ရာ)

www.burmeseclassic.com

www.burmeseclassic.com

၃။ အငြိမ်းစား အင်ဂျင်နီယာချုပ် ဦးဘိုကျင် + ဒေါ်ခင်ရီ သားသမီးမြေး မိသားစု
Duplex 4 B, သဇင်လမ်းသွယ်၊ ပန်းလိုင်လမ်း၊ ရွှေသံလွင်အထူးအိမ်ရာ၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။ (ယခင် ၂၅ သိန်း၊ ၁၇.၇.၁၆ တွင် ၅ သိန်းထပ်မံစိုက်ထူလှူဒါန်းသည်) ၃၀,၀၀,၀၀၀/-
(သိန်းသုံးဆယ်)

၄။ ဦးရွှေလန်း + လူမှုထူးချွန် ဒေါ်ဒေါ်အုန်း(အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ)တို့အား
ရည်စူး၍ သမီး ဒေါ်မြမြသွယ်(လှမျိုးသွယ်)မိသားစု၊
အမှတ် (၂၉-F) ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ၁၂,၀၀,၀၀၀/-
(ယခင် ၁၀ သိန်း၊ ယခု ထပ်မံလှူ ၂ သိန်း) (တစ်ဆယ့်နှစ်သိန်း)

၅။ ဦးပါ(၉.၃.၂၀၀၀ ကွယ်လွန်)အား ရည်စူး၍ ဒေါ်တင်ရွှေ(ပါရွှေရတနာ)မိသားစု
အမှတ် (၂၉၀-H)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ၇,၀၀,၀၀၀/-
(ယခင် ၅ သိန်း၊ ယခု ထပ်မံလှူ ၂ သိန်း) (ခုနစ်သိန်း)

၆။ ဦးတင်ထွန်း + ဒေါ်မေသန်းထွဋ် မိသားစု
အမှတ် (၂၂၅)၊ အောင်သီရိလမ်း၊ (၅) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ၉,၀၀,၀၀၀/-
(ယခင် ၆ သိန်း၊ ယခု ထပ်မံလှူ ၃ သိန်း) (ကိုးသိန်း)

၇။ အငြိမ်းစား ဆေးရုံအုပ်ကြီး Dr.ဦးကြီးရွှေ + ဒေါ်ခင်ဝင်းမေ မိသားစု
သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ၄၀,၀၀,၀၀၀/-
(ယခင် ၃၅ သိန်း၊ ယခုထပ်လှူ ၅ သိန်း) (သိန်းလေးဆယ်)

၈။ ဒေါ်ခင်ဆွေလွင်၊ (သား) မောင်ဟိန်းထက်အောင်၊
(သမီး) မနေခြည်ခင်ခင်ဦး၊ (သမီး) မဆုလတ်ပြည့် မိသားစု။ ၅,၀၀,၀၀၀/-
(ငါးသိန်း)

၉။ ဦးမောင်မောင်အောင် + ဒေါ်မြတ်သန္တာစိုး၊
(သား) ခန့်ဇင်သေဘ် မိသားစု။ ၅,၀၀,၀၀၀/-
(ငါးသိန်း)

၁၀။ ဦးဇော်ထွန်း၊ ဦးလှငြိမ်း၊ ဦးစိန်မြတ်ထွဋ်တို့အား ရည်စူး၍
ဦးကြည်လွင် + ဒေါ်နွယ်နွယ်စိန် မိသားစု ၅,၀၀,၀၀၀/-
အမှတ် (၂/၁၁)၊ အင်းစိန်လမ်း၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၁၁။ ဦးဆန်းထွန်းအောင် + ဒေါ်မြင့်မြင့်သန်း၊ (သား) သတိုးဆန်း၊ (သမီး) အင်ကြင်းမေ
(TDS Horizon)မိသားစု၊ အမှတ် (၉၈၈/၉၈၉)၊ အနော်ရထာလမ်း၊ (၃၈) ရပ်ကွက်၊ ၁၅,၀၀,၀၀၀/-
ခြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ (ယခင် ၁၀ သိန်း၊ ယခု ၅ သိန်းထပ်လှူ) (တစ်ဆယ့်ငါးသိန်း)

၁၂။ ဦးမြတ်ဦး + ဒေါ်ကြူကြူ မိသားစု ၅,၀၀,၀၀၀/-
အမှတ် (B/10-8), အနော်ရထာအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၁၃။ ဒေါ်မြမြတ်နွယ် (စံပယ်ဖြူ) မိသားစု ၅,၀၀,၀၀၀/-
အမှတ် (A1), အနော်ရထာအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၁၄။ ဦးမျိုးဝင်း + ဒေါ်တင်တင်ရီ မိသားစု ၅,၀၀,၀၀၀/-
အမှတ် (B-8), အနော်ရထာအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၁၅။ ဒေါက်တာ ခွန်ကျော်အောင် + ဒေါ်တင်လွမ် မိသားစု ၅,၀၀,၀၀၀/-
New York, U.S.A. (ငါးသိန်း)

၁၆။ ဒေါ်ဝါဝါ(ဆွေဝါလွင်)၊ အမှတ် (၇၈) မြေညီထပ်၊ ၁၅ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ၁၀,၀၀,၀၀၀/-
(ယခင် ၅ သိန်း၊ ၂၇.၇.၁၆ တွင် ၅ သိန်း ထပ်မံလှူသည်) (ဆယ်သိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဖွဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြတယ်။ "ဟုတ်တယ်၊
ကွန်ပျူတာဖြေတာ သုံးရက်ရှိပြီး မအောင်သေးဘူး"
ညီမောင် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှ
မဟတ်နိုင်ဘူး။ အသာနှစ်ဆိတ်နေလိုက်တယ်။
"ခင်ဗျား လိုင်းဝင်ထားလား" အဒီလူက
မေးလာတာနဲ့ ညီမောင် ခေါင်းညိတ်ပြလိုက်ရတယ်။
"ဒါဆို ခင်ဗျားက အောင်မှာပါ"
ညီမောင်လည်း "အောင်ချင်တာပေါ့ဗျာ" လို့
ပြောပြီး သူနာမည်ကို ခေါ်မယ့်အချိန်
စောင့်နေလိုက်တယ်။ မကြာဘူး၊ ညီမောင့်
အလှည့်ရောက်လာတယ်။ နာမည်ခေါ်တာနဲ့
အခန်းတစ်ခန်းထဲ ဝင်သွားရတယ်။
အခန်းထဲမှာလည်း လူတွေက တအား။
အထဲမှာ စက်နှစ်လုံး ရှိတယ်။ ကားနှစ်စီးပေါ့။
ပြဿနာမယ့် ဆရာကလည်း နှစ်ယောက်ရှိနဲ့ နေတာ
ဆရာ နှစ်ယောက်က အထဲရောက်လာတဲ့လူတွေကို

ညီမောင်ကို တစ်ချက်မော့ကြည့်ပြီး
"မင်းက မနွယ်ရဲ့ လူလား" လို့ မေးတယ်။
ညီမောင် ခေါင်းညိတ်ပြလိုက်တော့
စာရွက်ကလေးတစ်ရွက်ပေးပြီး
"ကွန်ပျူတာ ဖြေဖို့သွား" တဲ့။
ညီမောင်လည်း အဲဒီစာရွက်ကလေးကိုင်ပြီး
ကွန်ပျူတာဖြေမယ့်အထဲကို တက်ခဲ့လိုက်တယ်။
ကွန်ပျူတာဖြေမယ့်နေရာရောလည်း လူတွေက ဝိုးအား။
ညီမောင်လည်း လွတ်တဲ့
ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ ညီမောင့်ဘေးမှာ
ထိုင်နေတဲ့လူကလည်း ညီမောင်နဲ့ ရွယ်တူလောက်ပဲ။
ညီမောင့်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေတဲ့ ပွဲစား ဦးလေး ကြီးက ထွေးညိုကို ရုံးထဲ ခေါ်လာတယ်။ ငွေသွင်း ဖြတ်ပိုင်းဖြတ်၊ အကုန်လုံး ဦးလေးကြီးကချည်းလုပ်သွား တာပဲ။ ထွေးညိုကို လုပ်စရာ မလိုဘူး။ ထွေးညို ဝမ်းသာ လိုက်တဲ့ဖြစ်ခြင်း။

ဟုတ်တယ်လေ။ ထွေး ညို ပတ်စ်ပို့က မလေးရှားမှာ အလုပ်သွားလုပ်တုန်း က သူ့ဌေးကညစ်ပြီး ပြန်မပေးလို့ အိုဗာစတေးဖြစ်ခဲ့ရပြီး ပြန် လုပ်ဖို့ တော်တော်ခက်နေ တာ။ ခု ပွဲစားဦးလေးကြီးက ချည်း နှိုင်ခံလုပ်ပေးနေတော့ ထွေးညို ဝမ်းသာရတာပေါ့။

ထွေးညိုကိုယ်တိုင် လုပ် ရတာဆိုလို့ တစ်နေရာပဲ ရှိ တယ်။ အဲဒါက ဓာတ်ပုံရိုက် ရတဲ့နေရာ။ အဲဒီနေရာမှာ လက်မွှေရိုက်ပြီး ကင်မရာရှေ့ ခေါင်းထိုး ပေးလိုက်တာနဲ့ ထွေးညို အလုပ်က ပြီးပြီ။

ထွေးညို အဲဒါတွေလုပ် နေတုန်း ပွဲစားဦးလေးကြီး စားပွဲမှာထိုင်နေတဲ့ အရာရှိကြီး ကို ငါးထောင်တန်တစ်လိပ် ထိုးပေးတာမြင်လိုက်တယ်။ ထွေးညို စိတ်မင်စားပါသွား ထွေးညို ပေးရတဲ့ တစ်သိန်း ထဲက ဟိုလူကြီးကို ဘယ် လောက်ပေးရသလဲဆိုတာ ထွေးညို စိတ်မင်စားပါသွား

ထွေးညိုစိတ်ဝင်စား တာက ပတ်စ်ပို့စာအုပ်ရဲ့ စာအုပ်ရရင် ထွေးညို ထိုင်း သွားမယ်။ ထိုင်ဝမ်မှာ တာ လ မြန်မာငွေ ငါးသိန်း လောက်ရတယ်တဲ့။ အ ကလည်း ဘာမှသိပ်ကုန် မဟုတ်ဘူး။ လမင်း

မောင်းတတ် ခက်ခဲတဲ့ လမ်း တွေနဲ့တွေ့တော့ ကျတဲ့လူက များတာပဲ။ အောင် လှ ဆယ်ယောက်မှာ သုံးယောက် ပေါ့။ လိုင်းသာဝင်ထားလိုက် လို့ကတော့ ညိုမောင့် လို တစ်ရက်ပဲ။

ညိုမောင်လည်း ကွန်ပျူ တာအောင်တဲ့ စာရွက်ကလေး ကိုင်ပြီး လက်တွေ့ မောင်းဖြေ ဖို့ သွားရပြန်တယ်။ အဲဒီ နေရာရောက်တော့ လည်း လူတွေကတအား။ အဲဒီမှာ ကားနှစ်စီးကြား ပါကင် ထိုးနည်း ဖြေရတယ်။ 'ပလက်ဖောင်းနဲ့ တစ်ပေ ကွာ၊ ရှေ့ကားနောက်ကား မထိရ' ဆိုပြီး ဆရာတစ် ယောက်က လက်ချာရိုက် တယ်။ ညိုမောင်လည်း ဘာမှ မမှတ်မိဘူး။

ပထမတော့ မှတ်မိ သလိုလိုနဲ့ ကားပေါ်ရောက် တော့ မေ့သွားတာပဲ။ ညို မောင် မောင်းရတာက ဟိုက် ဂျက်ကားလေး။ စထွက် ကတည်းက တားထားတဲ့ တန်းကို တိုက်တာပဲ။ ဆရာ က 'ဟိုး...ဟိုး...ဆင်းတော့' တဲ့။ ညိုမောင်လည်း ကား ပေါ်ကဆင်းပြီး ဆရာ့ဆီသွား လိုက်တော့ ဆရာက စာရွက် ကလေးတစ်ရွက်ပေးတယ်။ စာရွက်ကို ကြည့်လိုက်တော့ 'အောင်' တဲ့။ ညိုမောင်လည်း အဲဒီစာရွက်လေးကိုင်ပြီး ပွဲစား မန္တယ်ဆီသွားလို က်တော့ မန္တယ်က 'နင် လိုင်စင်ရပြီ၊ ကား ရှာတော့' တဲ့။

❑

၂။

ပတ်စ်ပို့ရုံးကို ထွေးညို ရောက်သွားတော့ အဝင်ဝမှာ

စက်နံပါတ်နှစ်က လူတွေ အကုန်လုံးက လိုင်းဝင်ထားတဲ့ လူတွေ ချည်းပဲလေ မောင်းတတ်တတ် မမောင်း တတ်တတ် အောင်တယ် စက်နံပါတ်တစ်က လူတွေကျတော့ လိုင်းမဝင်တဲ့ လူတွေ ဘယ်လောက် မောင်းတတ် မောင်းတတ် ခက်ခဲတဲ့ လမ်းတွေနဲ့ တွေ့တော့ ကျတဲ့လူက များတာပဲ

နာမည်ခေါ်ပြီး တစ်ဝက်စီ ခွဲ လိုက်တော့ ညိုမောင်က စက် နံပါတ်နှစ်ကို ရောက်သွား တယ်။

ဆရာတွေက စက်ဖွင့် နည်း၊ လီဗာနင်းနည်း၊ ကလပ်ဖိနည်း၊ ဂီယာထည့် နည်းတွေရှင်းပြပြီး တစ် ယောက်တစ်လှည့်စီ မောင်း ခိုင်းတော့တာပဲ။ တိုက်တဲ့လူ က တိုက်၊ မီးနီဖြတ်တဲ့လူက ဖြတ်နဲ့ တစ်ယောက်မှ အဆင် ပြေတာ မတွေ့မိဘူး။ နောက် ဆုံး ညိုမောင့်အလှည့်ရောက် လာတယ်။

ညိုမောင်လည်း ခပ် တည်တည်နဲ့ စက်ပေါ်တက် ထိုင်လိုက်တယ်။ ညိုမောင် မောင်းရတာက မြို့အပြင် လမ်းမျိုး။ ဘေးမှာ လယ် ကွင်းတွေကစိမ်းနေကြတယ်။ စထွက်ကတည်းကတိုက်တာ ပဲ။ လိုင်းစည်းတွေကျော်၊ လူကူးမျဉ်းကြားမှာ ကူးနေ တဲ့လူတွေတိုက်နဲ့ ညိုမောင့် အလှည့်ပြီးသွားတယ်။

ဆရာက 'ရှေ့' ဆိုပြီး စာရွက်တစ်ရွက်ပေးတာနဲ့ ယူပြီး အခန်းအပြင် ထွက်ခဲ့ တယ်။ အပြင်ဘက်ရောက်မှ စာရွက်ကိုကြည့်လိုက်တော့ ညို့မောင် ရတဲ့ အဖြေက 'အောင်' တဲ့။

ညိုမောင် မအံ့သြမိ ဘူး။ ညိုမောင်ဖြေရတဲ့ စက် နံပါတ်နှစ်ကလူတွေအကုန် လုံးက လိုင်းဝင်ထားတဲ့ လူ တွေချည်းပဲလေ။ မောင်း တတ်တတ်၊ မမောင်းတတ် တတ် အောင်တယ်။ စက် နံပါတ်တစ်က လူတွေကျ တော့ လိုင်းမဝင်တဲ့လူတွေ။ ဘယ်လောက် မောင်းတတ်

www.burmeseclassic.com

www.burmeseclassic.com

ချက်၊ အိမ်သန့်ရှင်းရေးလုပ်ဒါပဲ။

အဲဒီလောက်ကတော့ ထွေးညို လုပ်နိုင်ပါတယ်။ ထွေးညိုတို့ သန်လျင်မှာဆို ဒီထက်ပိုလုပ်ရတာ မဟုတ်လား။ မြွေတွေ၊ ကင်းတွေလည်း ကြောက်ရသေး။ တစ်ခုတော့ ရှိတာပေါ့။ အိမ်ဖော်ဆိုတဲ့ နာမည်ကတော့ ဆိုးတာပေါ့။

အစကတော့ နောက်ဆုံး ဘယ်တော့မှ သူများနိုင်ငံမှာ အလုပ်သွားမလုပ်တော့ဘူးလို့ ထွေးညို တွေးထားတာ။ ဒါပေမဲ့ တကယ်တကယ် အခွင့်အရေးရလာတော့ ထွေးညို လက်မလွှတ်ချင်ဘူး။ ရလာတဲ့ အခွင့်အရေးကို အမိအရယူချင်တယ်။

ဖြီးတော့ ဒီတစ်ခါသွားရတာ အရင်သွားဖူးတဲ့ နိုင်ငံလို ပွဲစားလိမ်မှာတို့၊ သူဌေးအနိုင်ကျင့်မှာတို့ မကြောက်ရဘူး။ ဒီတစ်ခါက အစိုးရကို သေချာစိစစ်ပြီး လွှတ်မှာ။ အစိုးရက စေတနာဗရပွန့် အခွင့်အရေးပေးတာကောင် မယူတတ်ရင် ထွေးညို လောက်မိုက်တဲ့လူ ရှိပါဦးမလား။

ဒါကြောင့် အဖေနဲ့ အမေကို အတင်းပူဆာပြီး ထွေးညို ထိုင်ဝမ်သွားဖို့ စွန့်စားခဲ့တာ။ ခုတော့ အောင်မြင်ပြီ။ ထွေးညိုပတ်စ်ပို့စာအုပ် ရတော့မယ်။ ပတ်စ်ပို့စာအုပ်ရရင် ထွေးညို ထိုင်ဝမ်သွားမယ်။ ထိုင်ဝမ်က ပြန်ရောက်တာနဲ့ ထွေးညိုစိတ်ကူးထားတဲ့ မိသားစုအိပ်မက်ကို ထွေးညို အကောင်အထည် ဖော်ဖို့ ကြိုးစားမယ်။

ဟုတ်တယ်၊ ထွေးညို ကြိုးစားမယ်။ ❑

၃။

လေယာဉ်ကွင်းမှာ လူတွေကတအား။ ညိုမောင်က သူ့ရဲ့ကားလေးကိုရပ်ပြီး ကားပေါ်က ဆင်းလိုက်တယ်။ ကားပေါ်က နောက်ထပ်ဆင်းလာတာက ထွေးညိုနဲ့ ဆွေမျိုးတစ်သိုက်။ ထွေးညိုက တက်ကြွနေသလောက် ကျန်တဲ့လူတွေက နွေးဆိတ်နေကြတယ်။

ပစ္စည်းတွေချပြီးသွားတော့ ထွေးညိုအနားကို ညိုမောင် ကပ်သွားလိုက်တယ်။

'နင်ပြန်လာမယ့်အချိန်ကို ငါ စောင့်နေမယ်နော် ထွေးညို'

ထွေးညိုက ညိုမောင့်ကို ခေါင်းတစ်ချက်ညိတ်ပြတယ်။ နှစ်ယောက်သားဟာ တစ်ခါမှမတွေ့ဖူးသလို တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြတယ်။

အဲဒီအချိန် ညိုမောင့်ကားနောက်မှာ ဝိတ်မိနေတဲ့ ကားကြီးဆီက ဟွန်းသံ 'တပွမ်ပွမ်' ထွက်လာတယ်။ ညိုမောင်လည်း ကားပေါ်ကမန်းကတန်းပြန်တက်လာပြီး လမ်းဖယ်ပေးလိုက်ရတယ်။

အဲဒီတော့မှ မှန်အမည်းတွေနဲ့ ကားကြီးထဲက လက်တစ်ဖက်ထုတ်ပြပြီး ညိုမောင်တို့ကားဘေးကနေ 'ဂူး' ခနဲ အရှိန်နဲ့ မောင်းထွက်သွားတယ်။ အဲဒီကားဟာ စင်ကာပူမှာ ကျောင်းသွားတက်ပြီး ပြန်လာတဲ့ တစ်ဦးတည်းသောသားကို လာကြိုတဲ့ ပတ်စ်ပို့ရုံးက အရာရှိကြီးနဲ့ လိုင်စင်ရုံးက စာရေးမကြီးတို့ရဲ့ ကားမှန်းညိုမောင်ရော၊ ထွေးညိုပါ လုံးဝ မသိလိုက်ကြဘူး။ ■

လူခါး

ကဲ...လက်ရှိကျဆင်းနေတဲ့ အခြေအနေထဲက ဘယ်လိုရွှေ့ထွက်မလဲ

- မိမိဆိုင်မှာ အရောင်းအဝယ်ပါးပြီး လာဘ်ပိတ်နေလို့ စိတ်ဓာတ်ကျဆင်းနေပြီလား
- လုပ်ငန်းခွင်မှာအဆင်မပြေမှုတွေများကာ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ပြီးစိတ်ညစ်နေလား
- ဘာလုပ်လုပ်ဘာပြောပြော အဆင်မပြေမိမိဩဇာမညောင်းလို့ စိတ်ပျက်နေပြီလား
- ပုံမှန်ဝင်ငွေရှိနေတဲ့လုပ်ငန်းမှာလတ်တလောလပိုင်းတွင်းဝင်ငွေအလွန်ကျဆင်းနေလား
- နိမ့်နေတဲ့ကံတွေမြင့်လာပြီး အညံ့အပျက်တွေသက်သာလာဖို့ ဘာတွေလုပ်သင့်ပါလဲ
- စိတ်ဓာတ်ကျကာ ဘာလုပ်လုပ်အဆင်မပြေတဲ့အခြေအနေကဘယ်လိုရုန်းထွက်မလဲ
- ဆိုးလွန်းညံ့လွန်းနေတဲ့ မိမိအခြေအနေကို ဘယ်လိုလုပ်ရင်ပြန်ကောင်းလာနိုင်မလဲ

စသည့်အဆင်မပြေမှုတွေနဲ့ စိတ်ဓာတ်ကျနေသော သူများအတွက်

ဆရာဝတ်ကြီးဦးနိုင် LLB, LLM, DBL, DML

(အမျိုးသမီးသိုးသန့် လက္ခဏာဗေဒင် အကြံပေးဆရာဝန်းနိုး)

တိုက်-၄၀၊ G-2 ၊ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ ၄၁ ရပ်ကွက်၊ မြောက်ဒဂုံ

Ph: ၀၉-၅၁၆၄၃၃၂၂၆၊ ၀၉-၇၃၁၀၆၁၈၀၊ ၀၉-၄၃၀၉၃၄၀၆

www.burmeseclassic.com

ဘာဖြစ်လို့မှန်းမသိ၊
သူ့ကို မြင်မြင်ချင်းက
ဘဝင် မကျ။

❑

'ဟော ဆရာပါလား၊
ရွာပြန်လိုက်မလို့လား'
ကားပေါ်တက်လာ
လာချင်း သူက
ကျွပ်ကို မှတ်မိတယ်ဗျ။
တန်းပြီး နှုတ်ဆက်တယ်။
အချိန်က ဒီဇင်ဘာလကြီး
ဆိုတော့ ကျွပ် ခေါင်းမှာ
ဦးထုပ်က နှစ်ထပ်။
အောက်က ချည်ထိုးဦးထုပ်
ပေါ်ကိုမှ လျှာထိုးဦးထုပ်
ထပ်ဆောင်းထားတာ
အောက်မှာလည်း

ကိုတတ်မ

လွန်းမောင်မောင်

အားကစား
ဘောင်းဘီရှည်ပေါ်
ပုဆိုးက ထပ်ဝတ်
ထားသေးတယ်။
ခပ်ငိုက်ငိုက် ဦးထုပ်
နှစ်ထပ်အောက်မှာ
ပါဝါမျက်မှန်
တပ်ထားပေမဲ့
သူ့အမြင်ကိုတော့
မကာကွယ်လိုက်နိုင်။
သူ့မေးခွန်းက
ပြန်ဖြေစရာ
သိပ်မလိုတာမို့ ခေါင်းကိုပဲ
ညိတ်ပြလိုက်တယ်။
ဒါပေသိ သြော်...
ငါ့တပည့်တွေထဲက
တစ်ယောက်ယောက်
များလား ဆိုပြီး
မကောင်းတတ်လို့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ကျောင်းသားသောင်းကြမ်းပြပွဲတော် ရဲတိုက်မဂ္ဂဇင်း ၃၇၅

www.burmeseclassic.com

'အေးကွယ်'လို့တော့ ဖြေလိုက်တယ်။ နောက်တော့ ကျွန်တော် ဦးဘယ်သူရဲ့သား ပါလို့ ဆက်ပြောလာမှ မှတ်မိသွားပြီး သူ့ရုပ်ကို သေချာကြည့်မိတယ်။ ဒါတောင် နာမည်ကိုတော့ ရုတ်တရက် တွေးမရ။

သူ လေးတန်းကျောင်းသားလောက်မှာ ကျုပ်က ကျောင်းဆရာစ,ဖြစ်ပြီး သူတက်နေတဲ့ မူလတန်းကျောင်းလေးမှာ တာဝန်ထမ်းဆောင်ရတာကိုတော့ မှတ်မိတယ်။ သတိရတယ်ဆို အဲဒီတုန်းက သူ့အဖေက ရွာမှာ ပွဲစားကြီးတစ်ယောက်။ တခြားကလေးတွေ ကျောင်းလာရင် ဒီလိုပဲ သူငယ်ချင်းတွေနဲ့ ဒါမှမဟုတ် အစ်ကို၊ အစ်မတွေနဲ့ပဲ လာတတ်ကြပေမဲ့ သူကတော့ သူ့အဖေကိုယ်တိုင်က လိုက်ပို့တတ်တာကိုး။

ပြီးတော့ သူကို ကျုပ်က စာသင်ဖူးခဲ့တာ မဟုတ်ဘူး။ သူတို့ စတုတ္ထတန်းကို ကျောင်းအုပ်က သင်တာ။ ကျုပ်က သူငယ်တန်းကို စ,သင်ရတယ်။ တစ်ခါတစ်ရံ ကျောင်းအုပ် မအားလပ်တဲ့ အချိန်တို့လောက်သာ အတန်းကို ခဏ ထိန်းရတာ။

'ဆရာ ဈေးဝယ်လား၊ အလုပ်ကိစ္စနဲ့ လာတာလား'

လက်နှစ်ဖက်ထဲ မဆံ့မပြဲ ပါလာတဲ့ အထုပ်တွေ အိတ်တွေကို နေရာချရင်း သူက မေးတယ်။

'ဩော်... မဟုတ်ပါဘူး သားရယ်၊ ဆေးခန်းလာပြတာပါ'

ပြောလိုက်ခါမှ ဦးနှောက်ထဲ ဆစ်ခနဲ ဖြစ်သွားပြီး မူးရိပ်မူးရိပ်ဖြစ်လာလို့ မျက်စိကို ဖျတ်ခနဲ မှိတ်လိုက်ကာ ထိုင်ခုံနောက်ကို မှီလိုက်ရတယ်။ ဒါကိုတောင် သူက အလိုက်မသိဘူး၊ စကားတွေ တတွတ်တွတ် ပြောနေပြန်တယ်။

အို...ခေါင်းထဲက လည်း ထိုးပြီးကိုက်လာသလိုပါပဲ။ ဆရာဝန်ကြီးတွေက တော့ ဘာမှမဖြစ်ပါဘူး၊ သွေးတိုးတာပါတဲ့။ အာထရာဆောင်းတို့၊ ဓာတ်မှန်တို့ထဲမှာ လည်း ဘာမှမတွေ့ဘူးဆိုပဲ။ ကျုပ်ရင်ထဲမှာတော့ တလှပ်လှပ်နဲ့ ခေါင်းထဲကလည်း အမြဲလိုလို မူးမူးနေတယ်။

'ဆေးခန်းလာပြတယ်'လို့ ဖြေလိုက်တော့ သူ့မျက်နှာက ဝင်းခနဲ လင်းသွားသလိုပဲ။ ပြီးတော့ စကားတွေ တရစပ် ပြောတော့တာပဲ။ အသံက လည်း ဝမ်းသာအားရ အသံကြီး။

'အို... ဟုတ်လား ဆရာ ဘာဖြစ်တာလဲ၊ ဘာရောဂါလဲ'

'ဘယ်ဆေးရုံမှာ ပြတာလဲ၊ ညီမိုးလား၊ နန်းတော်လား၊ City လား'

'ဩော် အဲဆရာဝန်ကြီးလား၊ သိတယ်၊ အရမ်းတော်တယ်၊ ခဏတိုင်းတွေ့ဖြစ်တယ်လေ'

နောက်ဆုံးတော့ ကျုပ်ကို လိပ်စာကတ်လေး ထုတ်ပေးတယ်။ သူက ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့အကြောင်း၊ ကျုပ်ပြခဲ့တဲ့ အထူးကုဆရာဝန်ကြီးဆီလည်း တစ်ပတ်မှာ အနည်းဆုံး တစ်ကြိမ်လောက် Promotion ဝင်ရတဲ့အကြောင်းနဲ့ သူတို့ကုမ္ပဏီက ထွက်တဲ့ ဆေးတွေကိုလည်း ဆရာဝန်ကြီးက အမြဲတမ်းသုံးပေးတဲ့အကြောင်း၊ အို...ခဏချင်းနဲ့ကိုပဲ စကားတွေ အများကြီး ပြောသွားလိုက်တာ ကျုပ် ခေါင်းထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်သွားပြီး စိတ်အတွေးတွေက အတိတ်ကို ခေတ္တ လွှင့်သွားပြန်တယ်။

နေစမ်းပါဦး၊ ဒီကလေး ငယ်ငယ်တုန်းက ဒီလိုပဲ စကားတွေ မရပ်မနားပြောတတ်တဲ့အကျင့်ရှိခဲ့သလား။ မဟုတ်လောက်ဘူး။ ကျုပ် အိမ်ကနေ ကျောင်းကိုသွားတဲ့ လမ်းတစ်ဝက်မှာ သူတို့အိမ်ကရှိတော့ မကြာခဏ လမ်းမှာ ဆုံတွေ့နေကျ။ သူကြည့်ရတာ ဖအေကိုကြောက်တာလား၊ လူတွေကိုလန့်တာလား မသိ ရှဲ့တွန့်တွန့်နဲ့။ မျက်လွှာကို ဖျတ်ခနဲ တစ်ချက်တစ်ချက် မော့ကြည့်တတ်တာက လွဲလို့ အမြဲတမ်း ခေါင်းကိုငုံထားတတ်တယ်။ ဟင်း... ခုများတော့...။

'စကားမစပ်... ဆရာရေ အမြဲတမ်းမူးမူးနေတတ်တာက သွေးတိုးလို့ဆိုတာတော့ ဟုတ်ပါပြီ။ တစ်ချက်တစ်ချက် စူးခနဲ စူးခနဲ ဖြစ်သွားတတ်တာကို ဆရာဝန်ကြီးက ဘာမှတ်ချက်များပေးလိုက်သလဲ။ ဟို ဆေးမှတ်တမ်းစာအုပ်ကလေးလွယ်ရင် ကျွန်တော့်ကို ခဏလောက် ပြပါလား'

'အမ်'

ကျုပ်ပါးစပ်က အမ်ခနဲ အာမေဋိတ်အသံထွက်ကျလုမတတ်ဖြစ်သွားတယ်။ ဆရာဝန်လက်ရေး အတော်များများကို ကျုပ်မဖတ်တတ်ပေမဲ့ နော်မယ် (Normal) ဆိုတဲ့ စကားလုံးလောက် တော့ ကျုပ်လည်း သိပါတယ်။ မူလတန်းကျောင်းအုပ်ဘဝနဲ့ ပင်စင်သွားခဲ့ပေမဲ့ အစိုးရက တရားဝင်အရာထမ်းပေးအပ်ခဲ့တဲ့ ဘွဲ့ရကျောင်းဆရာတစ်ယောက်ပါ။

'နေပါ...နေ...နေ... ရပါတယ် သားရယ်၊ နေပါစေ။ စာအုပ်တွေ၊ ဓာတ်မှန်တွေက အိတ်အောက်ဆုံးပိုင်းမှာမို့ ကျေးဇူးပါကွယ်၊ ပုံမှန်ဆေးသောက်ရင် သက်သာလာမှာပါ။ တစ်လစာ ဆေးတော့ပေးလိုက်ပါတယ်'

လောလောဆယ် ဟို အကြောင်း၊ ဒီအကြောင်းနဲ့ ကျုပ်အိမ်မှာ ငွေယိုပေါက်က ကျယ်နေပေမဲ့ ကျန်းမာရေးအရ သက်သောင့်သက်သာ လေးဖြစ်ချင်လို့ မှန်လုံကားသေးနဲ့ လိုက်လာမိတာ မှားများသွားပြီလား။ မှန်လုံကားကြီးက ငွေငါးထောင်သက်သာပေမဲ့ ညပိုင်းပဲထွက်ပြီး အရမ်းအေးနေတာမို့ နေ့ခင်းထွက်တဲ့ ကားသေးကိုပဲ စီးလာခဲ့တာ။ မန္တလေးနဲ့ ကျုပ်တို့ရွာကို ကားကြီးက နေ့ဦးလူရှိရှိ၊ မရှိရှိ ပြေးပေမဲ့ ကားသေးကတော့ နေ့တိုင်းမပြေး။ အနည်းဆုံး လူငါးယောက်နဲ့အထက်ရှိမှ ပြေးတာ။ ခု ဒီနေ့တော့လည်း သူ့ရုပ်၊ ကျုပ်ရယ်၊ အမျိုးသမီးတစ်ဦးနဲ့ ဦးပဉ္စင်းလေး တစ်ပါးနှစ်စုပေါင်း လေးယောက်ပဲ ရှိနေပေမဲ့ မနက်ဖြန် မန္တလေးအစုန်မှာတော့ ဖုန်းဆက်ပြီး လက်မှတ်ဖြတ်သားတာ

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ယောက်တောင် ရှိပြီဆိုပဲ။ ဒါကြောင့် ကံကောင်းပြီး ထွက်တဲ့ရက်နဲ့ ဆုံသွားတာ။ ကံက မကောင်းချင်တော့ စကားအရမ်းများတဲ့သူနဲ့ ဆုံနေတယ်။ ပြီးတော့ ကိုယ့်ဘေးမှာ လာထိုင်တယ်၊ နောက် တစ်ချိန်က တပည့်ဖြစ်ခဲ့ဖူးသူ။ ကျုပ်စိတ်ထဲ မြို့ပြင်ကို မြန်မြန်ရောက်ချင်လှပြီ။ ပထမဆုံး အမျိုးသမီးကို အရင်ကြိုခဲ့ပြီး အိုးဘိုမြောက်တိုက်မှာ တည်းတဲ့ ကျုပ်ကို ကြိုတယ်။ ပြီးတော့မှ သူနေတဲ့ ဘော်ဒါဆောင်ကို ဝင်ကြိုတာ။ ဟိုဦးပဉ္စင်းလေးကို နောက်ဆုံးကြိုတဲ့ လမ်းတစ်လျှောက်မှာ သူက လေပန်းလာတာ။ တော်ရောပေါ့ တွေ့ဆုံနှုတ်ဆက် အနည်းငယ်လောက်ပြောပြီးရင်။ ခုတော့ ရာသီဥတုက အေးလို့ အသာလေးကွေးရင်း လိုက်လာချင်ပေမဲ့ သူ မေးတဲ့၊ ပြောတဲ့ စကားတွေကို ပြန်ပြော၊ ပြန်ဆို လုပ်နေရတော့ အငြိမ်က မနေနိုင်။

ခုဆို ဆေးကုမ္ပဏီမှာ သူ လုပ်သက်က ဆယ်နှစ်လောက်ရှိပြီဆိုတဲ့အကြောင်း၊ နောက် Supervisor တစ်ယောက်ဖြစ်လို့ လစာက မည်ရွေမည်မျှ ရနေပြီဖြစ်ကြောင်း၊ စသဖြင့် သူ့အကြောင်းကို ရိုက်မစစ် ရှာဘဲ တောက်လျှောက်ကြီးပြောပြနေတာများ စိတ်ကြီးရယ်လည်း ညစ်ပါ့။ ကျုပ်စိတ်ထဲလည်း နားထောင်နေရင်း တွေးဖြစ်အောင် တွေးလိုက်သေးတယ်။ ဒီကုမ္ပဏီဝန်ထမ်းတွေဟာ ဒီလိုပဲ ကိုယ်ပြောချင်တာကို အထက်က သင်ပေးထားတဲ့အတိုင်း တရစပ်ပြောနေတော့တာလား လို့လေ။ တစ်ဖက်လူက စိတ်ဝင်စားရဲ့လား၊ ကိုယ်ပြောတာကို နားထောင်ဖို့ အသင့်ဖြစ်ရဲ့လား ဆိုတာကိုရော တွေးကြရဲ့လား လို့။

မြို့ပြင်ရောက်တော့ ကျုပ်လည်း မတတ်နိုင်ဘူး။ 'သားရေ ခေါင်းနည်းနည်းမူးနေလို့ ခဏလောက် မှိန်းလိုက်ဦးမယ်နော်' ပြောပြီး အပေါ်က ဦးထုပ်ကို မျက်နှာပေါ်အုပ်ပြီး မျက်လုံးမှိတ် အိပ်လိုက်တော့တယ်။ အိပ်လို့က တော့ မပျော်ပါဘူး။ သိသိသာသာပဲ ကျုပ်က ငြင်းလိုက်ပေမဲ့ သူကတော့ မသိမသာလေး နောက်ဆုတ်သွားပြီး စကားလမ်းကြောင်းပြောင်းသွားတယ်လေ။ အနောက်ဘက်ခုံမှာ တစ်ယောက်တည်းထိုင်နေတဲ့ အမျိုးသမီးဆီကိုပေါ့။

မျက်လုံးကို မှိတ်ထားပေမဲ့ အိပ်လို့က မပျော်တော့ သူ့အသံကိုတောက်လျှောက်ကြီး ကြားနေရတယ်။ အနောက်က အမျိုးသမီးကလည်း မခေသူးဗျ။ စောစောက သူနဲ့ ကျုပ်ပြောနေကြတုန်းကတော့ အသံထွက်မလာခဲ့ပေမဲ့ ခုတော့ ရှေ့ခုံနဲ့ နောက်ခုံ တစ်ယောက်တစ်ခွန်းနဲ့ အော်ပြီးများပြောနေကြတာ ကျုပ်ဖြင့် မသိမသာ နားနှစ်ဖက်ကို အုပ်ထားရတယ်။

နောက်တော့မှ မှေးတေးတေးနဲ့ ခဏလောက် ငိုက်ခဲ့ ဖြစ်သွားတုန်းမှာ သူက ကျုပ်ခန္ဓာကိုယ်ကို လှုပ်ပြီးနှိုးလာတယ်။

'ဆရာ... ဆရာရေ ကားက ဆီဖြည့်မလို့ တဲ့။ အပေါ့လေး စွန့်ထားရအောင်လေ'

'အင်...ဟင့် အင်း သားရေ ဆရာ မစွန့်ချင်ဘူး၊ ကားပေါ်တက်ခါနီး စွန့်လာခဲ့တာ'

'ဩော် ဆရာရယ်၊ စွန့်ချင်ချင်၊ မစွန့်ချင်ချင် ကားခဏရပ်တုန်း စွန့်လို့ရသလောက် စွန့်ထားတော့ အန္တရာယ်ကင်းတာပေါ့'

အောင်မယ် သူကများ၊ ကျုပ်က ခရီးတစ်ခုကို သွားရင် ဘယ်တော့မှ ရေများများ မသောက်၊ အာခြောက်လွန်းတော့မှ တစ်ငုံလောက် သောက်တာ။ ခုလည်း ကားပေါ်တက်ခါနီး စွန့်လာတာ ဘယ်လောက်ကြာသေးလို့လဲ။ အပြင်ဘက်ကို တစ်ချက်လှမ်းငေးတော့ တောင်ပြုန်းလမ်းခွဲ ကျော်လောက်က ဓာတ်ဆီဆိုင်ရှေ့မှာ၊ မတွာရာတောင် မရောက်သေး။

ကားဆီဖြည့်ပြီး သူတို့ကားပေါ်တက်လာတော့ ကျုပ် အိပ်ချင်ယောင်ဆောင်နေလိုက်တယ်။ တကယ်ဆို ကျုပ်က ခရီးသွားရင် ဘယ်တော့မှ အိပ်လေ့မရှိ။ ကားလမ်းဘေး ဝဲ၊ ယာကို ငေးပြီး လိုက်ချင်တာ။ ခုတော့ ခေါင်းထဲက မကြည်ရတဲ့အထဲ ဟိုသူငယ်ရဲ့ လေကြောမျောနေရမှာကြောက်လာလို့ လမ်းဘေးရှုခင်းတွေနဲ့ ဝေးခဲ့ရပေါ့။

ဒီလိုနဲ့ မျက်လုံးနှစ်ဖက်ကို တမင် မှိတ်ထားရင်း အတော်လေးကြာလာတော့ မှေးခနဲ အိပ်ပျော်သွားတယ်။ နားထဲမှာ သားအကြီးကောင်ရဲ့အော်သံ၊ ငိုညည်းသံတွေ ကြားလာတယ်။

'မစောင့် နိုင်ဘူးဗျာ၊ အဖေတို့က သားဆို အမြဲတမ်း စောင့်ပါဦး၊ စောင့်ပေးပါဦးနဲ့ ညီမလေးနဲ့ ညီလေးတို့ကျရင် ဘယ်တော့မှ နှစ်ခါမပြောရဘူး'

'အို... သားရယ် သားကြီးက အမြဲတမ်း အဖေတို့အပေါ် နားလည်ပေးတတ်လို့ စောင့်ခိုင်းတာပါ။ ပြီးတော့လည်း ဒီတစ်နှစ်တည်းပါကွယ်။ လာမယ့်နှစ် သားညီလေး ဆယ်တန်းအောင်ပြီးရင် ပေးစားမှာပေါ့။ ဒီနှစ်က သားညီမကလည်း အိမ်ခွဲသွားတော့ နိုင်သလောက် ကလေးထည့်ပေးလိုက်ရသေးတယ်လေ။ ဒါကြောင့် အဖေတို့လက်ထဲ လက်ကျန်ငွေ မရှိသလောက်ပဲ။ သားမင်္ဂလာဆောင်ကိစ္စကိုလည်း ဖြစ်သလိုကြီး မလုပ်ပေးချင်ဘူး။ ဒါကြောင့် တစ်နှစ်လောက်ပဲ ထပ်ပြီး စောင့်ခိုင်းတာပါ'

'မစောင့် နိုင်ဘူး၊ မစောင့်နိုင်တော့ဘူး'

အို စောင့်ပါဦးသားရယ်၊ တစ်နှစ်လောက်တော့ စောင့်ပါနော်။ အမယ်လေး ကိုက်လိုက်တာ ခေါင်းထဲက ဆစ်ခနဲ၊ ဆစ်ခနဲ ထိုးကိုက်လာပြန်ပြီ။

'စောင့် လို့မရတော့ဘူး'

ဘုရား...၊ နီးနီးကပ်ကပ်ကြီး အော်လိုက်သံကြောင့် ဆတ်ခနဲ နိုးသွားတယ်။

'ဒီမှာ ကားဆရာ အချိန်ကိုလည်း သေချာကြည့်ဦးဗျ၊ ၁၁ နာရီခွဲနေပြီ။ ကျုပ်တို့က

www.burmeseclassic.com

အရေးမကြီးဘူး၊ ခင်ဗျားဘေးမှာ ဘုန်းကြီးတစ်ပါးပါသေးတယ်ဗျ။ ဆရာ ပြောပါဦးဗျာ၊ ကြာညှပ်ရောက်မှ ထမင်းစား နားမယ်တဲ့'

လက်ကနာရီကို ကြည့်လိုက်တော့ ၁၁ နာရီခွဲစပြုပြီ။

'သိပ်မမောင်းရတော့ပါဘူးဗျာ၊ နောက်ထပ် ၁၀ မိနစ်လောက်ဆို နားနေကျဆိုင်ရောက်ပါပြီ'

ကားဆရာက ခပ်အေးအေးပြောတယ်။ ဘေးကဦးပဉ္စင်းကလည်း ခပ်အေးအေးပါပဲ။

'ရပါတယ် ဒကာတော်၊ အဆင်ပြေသလိုသာ လုပ်ပါ' တဲ့။

မျက်နှာကြီး သုန်သုန်မှုန်မှုန်ဖြစ်နေတာက သူ။ ရှေ့ပိုင်းမှာ ဘာတွေပြောဆိုခဲ့ကြသလဲတော့ ကျုပ် မသိဘူး။ အိပ်မက်ထဲမှာ ကျုပ်သားကြီးက မိန်းမပေးစားဖို့ချည်း ပူဆာနေတော့ ခေါင်းက အိပ်မက်ထဲထိကို လိုက်ကိုက်နေတာ။

ကားပေါ်က ဆင်းကြတော့ ကျုပ်လည်း နောက်ဖေးကို တန်းပြေးတော့တာပဲ။ အပေါ့စွန့်ချင်လွန်းလို့တော့ မဟုတ်ဘူး။ ခုချိန်မှာ ဘယ်သူနဲ့မှကို စကားပြောချင်စိတ်မရှိလို့။ ဒါတောင် သူက အနောက်ကနေ 'ဆရာရေ ဖြည်းဖြည်း' လို့ အော်ပြီး လိုက်လာလို့ အိမ်သာထဲအမြန်ဝင်ပြီး ဝုန်းခနဲ တံခါးကို ပိတ်လိုက်ရတယ်။

အိမ်သာထဲမှာလည်း ခပ်ကြာကြာကလေး ထိုင်နေလိုက်တယ်။ ထွက်ခဲ့တော့ ဘယ်ကိုမှ မကြည့်ဘဲ ခေါင်းကိုငုံ့ပြီး လျှောက်ခဲ့တယ်။ ဆိုင်ထဲရောက်တော့ နီးရာခုံတစ်ခုမှာ ဝင်ထိုင်ပြီး တစ်ခုခုမှာဖို့ စားပွဲထိုးကို လိုက်အရှာ မြန်းခနဲ သူနဲ့ မျက်လုံးချင်းဆုံမိပြန်နေရာ…

'ဆရာရေ ဒီဘက်ကို လာခဲ့ပါ၊ အဲဒီနားက မှောင်တယ်ဗျ'

သူ လှမ်းအော်ခဲ့ပေမဲ့ ချက်ချင်းတော့ မထ,ဖြစ်ဘူး။ 'ဆရာရေ လာပါဗျ' လို့ နောက်တစ်ခွန်းထပ်အော်မှ ထိုင်နေရာက ထ,လိုက်တယ်။ ဒီလောက်ဆိုမကောင်းတော့ဘူးလေ။ သူက လူကြားထဲ ဆရာရေ၊ ဆရာရေနဲ့ ခဏ ခဏ ခေါ်နေတာကိုး။

သူစားပွဲမှာ ထိုင်မိတော့ သူက 'ထမင်းကြော်၊ ထမင်းပေါင်း၊ ထမင်းသုပ်' ဆိုပြီး ဆိုင်မှာရနိုင်တဲ့ အစားအသောက်တွေကို စားပွဲထိုး တစ်ယောက်ရွတ်သလို ရွတ်ပြတယ်။ ပြီးတော့လည်း 'ကျွန်တော်တော့ သိပ်မဆာတာနဲ့ ဆီချက်လောက်ပဲ မှာထားတယ်။ ဆရာကတော့ ကြိုက်တာသာမှာပါ' လို့ ပြောပြန်တယ်။ ဆီချက်က သူ ရွတ်ပြတဲ့အထဲ မပါဘူး။

ဘာရယ်လို့မဟုတ်ဘဲ မှာထားတဲ့ အစားအသောက်တွေရောက်မလာခင် ဖုန်းလေးထုတ်ပြီး အင်တာနက်လိုင်း မိ၊ မမိစမ်းကြည့်ဦးမယ် စိတ်ကူးမိမှပဲ ငါးပါးမက မှောက်တော့တာပဲ။

'အို… ဆရာလည်း facebook သုံးနေပြီလား၊ အကောင့်နာမည် ဘာတဲ့လဲ။ ကျွန်တော် Add လိုက်မယ်။ ခုဆို ကျွန်တော်လည်း ရွာက လူတွေ တော်တော်များများနဲ့ Friend ဖြစ်နေပြီ'

၂၀၁၅ ခုနှစ် ကုန်ခါနီး ကျုပ်တို့ရွာမှာ MPT နဲ့ တယ်လီနောတာဝါတို့ဝင်ကြီးတွေ လာစိုက်တော့ တစ်ရွာလုံးလိုလို facebook သုံးကုန်ကြတယ်။ ကျုပ်လည်း ပင်စင်ယူပြီး အိမ်ကစျေးနဲ့ နီးတာနဲ့ ကုန်စုံဆိုင်လေးဖွင့်ထားတော့ လင်မယားနှစ်ယောက်ဖုန်း တစ်ယောက်တစ်လုံးစီနဲ့ ဆိုင်ထဲမှာ ငြိမ်သွားတယ် ဆိုပါတော့။

'ဩဝ် သိပ်တော့ လည်း မသုံးဖြစ်ပါဘူး သားရယ်၊ သတင်းလေးဘာလေး ကြည့်၊ ကျန်းမာရေးဆောင်းပါးလေးတွေ ရှာဖတ်ရုံပါပဲ'

'ကျွန်တော်တော့ သုံးဖြစ်တယ်ဆရာ၊ ခုခေတ်မှာ Internet ဆိုတာက ဘဝရဲ့ အဓိတ်အပိုင်းတစ်ခုလို ဖြစ်နေပြန်တော့ မသုံးရင် ခေတ်ကနောက်ကျသွားမှာပေါ့။ ကျွန်တော်တို့ ဆေးကုမ္ပဏီဝန်ထမ်းတွေအနေနဲ့ ဆေးဆိုင်တွေ၊ ဆရာဝန်တွေနဲ့လည်း အမြဲတမ်း ထိတွေ့နေမှလေ။ ပြီးတော့ လူငယ်ဘာဝ ဖျော်ဖြေရေးနဲ့ စိတ်အဆာပြေပေါ့ ဆရာရယ် ဟား… ဟား… ဟား'

'လူငယ်သဘာဝ' တဲ့။ အဲဒီစကားလုံးက ကျုပ်နားထဲ ထောလော်ကန့်လန့်ကြီး ဝင်လာတယ်။ သူ့မျက်နှာကို မော့ကြည့်မိပြီး ဖျတ်ခနဲ အလင်းတစ်ချက် လက်ခနဲ ဖြစ်သွားတယ်။ ဩဘဲ ဒါကြောင့်ကိုးလို့ အတွေးဝင်လာတယ်။

သူ့ကို ကြိုစဉ် သူ အဆောင် ရှေ့ရောက်တော့ ကားပေါ်ကို ချက်ချင်းမတက်သေးဘဲ ကားဆရာကို အကူအညီတောင်းပြီး ကားရှေ့မှာ ပို့စ်အမျိုးမျိုးနဲ့ ဓာတ်ပုံတွေ ရိုက်နေသေးတယ်။ ခါးထောက်လိုက်၊ တံတွာလုပ်လိုက်၊ ပခုံးပေါ် ကျောပိုးအိတ်လွယ်လိုက်နဲ့။ ခရီးထွက်ကြောင်း Facebook ပေါ် တင်မလို့တဲ့။ ခပ်ဝေးဝေးတုန်းကတော့ ကျုပ်စိတ်ထဲ ဆယ်ကျော်သက်ကလေးမှတ်နေတာပေါ့။ ဝတ်ထားတာကလည်း ဂျင်းပန်၊ တီရှပ်နဲ့ လျှာထိုး ဦးထုပ်နဲ့ဆိုတော့လေ။ ကားပေါ်ကို တက်လာပြီး ကျုပ်ကို နှုတ်ဆက်ခါမှ…။

'အင်း… ခုမှ သေချာကြည့်မိတယ်။ သူ့နားသယ်စပ်က ဆံပင်လေးတွေ တချို့ဖြူတောင်နေပြီ။ ဦးထုပ်ချွတ်လိုက်တော့ ထိပ်က ဆံပင်ကလည်း ပါးနေပြီ။ ကျွဲကျောင်းဆရာစ,လုပ်တော့ သူက လေးတန်းကျောင်းသား၊ အဟင်း…သေချာတယ်၊ ဒီကောင် သုံးဆယ်ကျော်တော်တော်လေးတော့ ကျော်လောက်ပြီ။ ဒါကိုများ လူငယ်သဘာဝတဲ့ ဟား… ဟား… ဒါကြောင့် သူ့ကို မြင်မြင်ချင်း သဘောမကျမိတာကိုး။ ကျုပ်အတွေးတွေကို သူ့ မသိတော့ Facebookနဲ့ ဝင်သက်တဲ့ အတွေ့အကြုံတွေကို ဖောင်းဖောင်း ဖောင်းဖောင်း ပြောပြနေတယ်။

'တစ်ခါတစ်ရံတော့ Facebook သုံးရတာ ဖီး(လ)

www.burmeseclassic.com

www.burmeseclassic.com

တော့ဖြစ်တယ် ဆရာရေ၊ ကိုယ်က ကိုယ့်ဆရာတွေ (ဆရာဝန်၊ ဆရာမ)ဆိုပြီး သူတို့တင်တဲ့ Status တွေကို ကြိုက်လို့ Like လိုက်၊ အားနာလို့ Like လိုက် ရှိခဲ့ပေမဲ့ သူတို့တွေက တစ်ကြိမ်တစ်ခါမှ အသိအမှတ် မပြုကြဘူးဗျ'

လမ်းတစ်လျှောက် သူပြောပုံဆိုပေါက်တွေကို ကြည့်ပြီး ကျုပ် ဘယ်လိုမှ သဘောမတွေ့။ စာသင်မပေးခဲ့လို့လား မသိ။ တပည့်တစ်ယောက်အနေနဲ့ စိတ်သွင်းလို့ မရ။ ကြုံရာဆုံရာ ပြောဖြစ်တဲ့အခါတိုင်း သူမသိတာမရှိ၊ မတတ်တာ မရှိတဲ့ သူကချည်း သိတယ်၊ တတ်တယ်နဲ့ ရှေ့ကပြောနေတာ ချည်းကိုး။

နေ့လယ် စာစားပြီး နောက်ပိုင်းတော့ သူ သိပ်စကားမပြောတော့ဘူး။ ကျုပ်ဘေးမှာလည်း မထိုင်တော့ဘဲ လွတ်နေတဲ့ နောက်တန်းကခုံတစ်ခုမှာ သွားထိုင်တယ်။ 'နေ့လယ်စာ စားပြီးတိုင်း ကျန်းမာရေးအရ တစ်ရေးအိပ်လေ့ရှိလို့...' တဲ့လေ။

အဲဒီတော့မှပဲ ကျုပ်လည်း လမ်းဘေးတစ်လျှောက် စိတ်လက်ချမ်းသာတစ်ကိုယ်တည်း ငေးခွင့်ရတော့တယ်။

နေ့ခင်း ဆယ့်နှစ်နာရီ၊ တစ်ချက်ဆိုပေမဲ့ ကားထဲမှာတော့ အေးနေဆဲပဲ။ လမ်းဘေး ဝဲ၊ ယာမှာတော့ သစ်ပင်တွေက ဟိုစဉ်ကလို စိမ်းစိမ်းစိုစိုမရှိကြတော့။ ဒီနှစ်ဆောင်းကလည်း အရင်နှစ်တွေထက် ပိုအေးပြီး လာမယ့်နွေမှာလည်း အရင်က နွေထက် ပိုပူမယ်ဆိုလား။

အပူဆိုတာကို တွေးမိတော့ အပူတွေက ရင်ထဲ တိုးဝင်လာပြီး ခန္ဓာကိုယ်တစ်ခုလုံး နွေးလာသလိုပဲ။ အငယ်ကောင်ကိုလည်း လာမယ့်နှစ် ဆယ်တန်းအောင်ရင် တက္ကသိုလ်ပို့ရဦးမယ်။ ဂရိတ် ဝေါလ်ကို အပ်ထားတဲ့ အလတ်မတို့ ကြေခင်းတွေကလည်း ခုတ်ထားတာကြာပြီ၊ ခုထိ လာမတိုက်ကြသေးဘူးတဲ့။ ဒီကြားထဲ သားကြီးက တစ်မှောင့်။

ဟိုင်း ဒီင်း၊ တောင်တွေး မြောက်တွေးနဲ့ ခုနက ထမင်းဆိပ်ကလေးတက်လာတော့ မှေးခနဲ ဖြစ်သွားပြန်တယ်။

'ဆရာ...ဆရာ...ဆရာ'

အင်... ဟင်...။ ပခုံးကို တွန်းတွန်းထိုးထိုးနဲ့ လှုပ်နှိုးမှုကြောင့် ကျုပ် လန့်နိုးလာတယ်။

'အမယ်လေး ဆရာရယ်၊ အိပ်လိုက်တာကို ဟောက်လို့၊ အင်းရွာလမ်းခွဲကို ရောက်တော့မယ်ဗျ'

'ဟ...တကယ်ကြီးလားဟ၊ မြန်လိုက်တာပါလားကွာ'

'ရော့ ဆရာကလည်း နာရီကိုလည်း ကြည့်လိုက်ပါဦးဗျ၊ သုံးနာရီကျော်သွားပြီ။ ဆရာ အိပ်လိုက်တာကို သိုးနေတာပဲ။ ဆရာ့ခေါင်းကြီးက တဗိုင်းဗိုင်းနဲ့ လဲလဲလာလို့ ကျွန်တော် လာထိန်းပေးထားတာ'

ကျုပ်မျက်နှာ ရှိန်းခနဲ ပူနွေးသွားတယ်။ ရင်ထဲမှာလည်း လှိုက်ခနဲ ဖြစ်သွားတယ်။ ဆရာကြီး ပေးလိုက်တဲ့ ဆေးသောက်ပြီးရင် ဒီလိုပဲ အိပ်ပျော်သွားတတ်တာ အိပ်ဆေးတွေများ ပါလို့လား။ ဟော ဟိုမှာ လမ်းခွဲဆိုင်း ဘုတ်တောင်မြင်ရပြီ။

'တစ်နှစ်တစ်ခေါက် တောင် ကောင်းကောင်းမပြန်ဘူးဆိုပေမဲ့ လမ်းခွဲရောက်မှာတော့ သိနေပါလား မင်းက'

ဗန်းမော်-မန္တလေး ကားလမ်းမကြီး စ,ဖောက်ခဲ့တာ ၁၅ နှစ်ပြည့်ခဲ့ပြီဆိုပေမဲ့ ခုချိန်ထိ ကျုပ်တို့နယ်မှာ လမ်းတွေက ဆိုးတုန်း၊ မြင်ကွင်းတွေကလည်း ခဏတိုင်း ပြောင်းနေလေ့ရှိတယ်။

'ဩော် ဆရာ့ကို မန္တိုးခင်က မအူကုန်းရွာမှာ အန်တီလှ ဆင်းသွားတယ်လေ၊ သူပြောသွားတာပါ'

အနောက်ခုံက အမျိုးသမီးကို ရည်ရွယ်ဟန် တူ၏။ သူပြောပုံက ခုမှ ကားပေါ်မှာ တွေ့သိလာတဲ့သူကို ပြောတာနဲ့ မတူ၊ ရှေးရှေးကတည်းက သိခဲ့ သူလို လိုတရင်းတနှီးနဲ့။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး အဲ့သလောက် စကားများတာ ကျုပ်က မကြိုက်။

လမ်းခွဲကနေ ကျုပ်တို့ရွာကို နာရီဝက်ကနေ တစ်နာရီလောက်တော့ ကြာတတ်ပါတယ်။ ဘေးမှာ ထိုင်နေပြီဖြစ်တဲ့ သူ့ကို မသိမသာ လှမ်းအကဲခတ်ပြီး ကျုပ်ရင်ထဲ ထိတ်နေတယ်။ ဖြစ်နိုင်ရင် သူနဲ့ စကားထပ်မပြောချင်တော့ဘူး။ ကြောက်လန့်တာမျိုးတော့ မဟုတ်ဘူး၊ ရှဲတွန့်တွန့်ကြီးဖြစ်နေတာ။ သူ ဘာတွေကို ဘယ်လိုပြောလာဦးမလဲ။

ကျုပ်ကသာ နိုးရှဲ့ပြီး တစ်ချက်တစ်ချက် ကွက်ခနဲ ကြည့်လိုက်၊ တစ်ခါတစ်ခါ တွေးလိုက် ရှိခဲ့ပေမဲ့ ကိုယ်တော်ချောက အေးဆေး။ ဘေးဘီ ဝဲ၊ ယာကို လုံးဝ မကြည့်၊ တော့ဘဲ လက်ကလေးနှစ်ဖက်ယှက်ထပ်ပြီး ရှေ့တူရွကိုသာ ငေးနေခဲ့တယ်။

နာရီဝက် ကျော်ကြာတော့ ပေလမ်းကုန်းရွာကို ဖြတ်အပြီးမှာ ကျုပ်ဘက်ကို တဖြည်းဖြည်း လှည့်လာခဲ့တယ်။

'ဆရာ'

ထိတ်ခနဲတော့ ဖြစ်သွားမိ၏။

'နောက်တံတားတစ်စင်းကို ဖြတ်ပြီးရင် ကျွန်တော်တို့ရွာကိုရောက်ပြီနော်'

'အေးလေ'

'နောက်တစ်လအကြာမှာ မန္တလေးကို ဆေးခန်းလာပြရမှာ မဟုတ်လား'

'ဟုတ်တယ်'

'ဆရာရေ ဆရာကတော့ မှတ်မိချင်မှ မှတ်မိမှာပေါ့။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်ကလေ...'

သူမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်မိတော့ ဆွေးရိပ်တွေသန်းနေသလိုပဲ။ စကားကိုသာ ပြောနေတာ မျက်လုံးတွေက ကားရှေ့တည့်တည့်ပဲ ကြည့်နေတယ်။

'မျိုးဇော်ရေ... အောင်စာရင်းတွေသွားကပ်ရအောင်ဟေ့၊ ဆရာနဲ့ လိုက်ခဲ့ဦးဆိုပြီး ဆရာပြောခဲ့တယ်လေ၊ ဆရာမှတ်မိလားဟင်'

www.burmeseclassic.com

"မမှတ်မိဘူး၊ အဲ..."

ကျုပ် မျက်လုံးတွေကို ခဏမှိတ်ဖြစ်သွားတယ်။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ဆိုတော့ နေဦး...သူနဲ့ကျွန်တော် ဆုံခဲ့တာက လေးတန်းတစ်တန်း တည်းလေ။ လေးတန်း အောင်တော့ သူက အင်းရွာ အထက်တန်းကျောင်း ရောက် သွားတာဆိုတော့ အိုး... မှတ်မိပြီ။ အောင်စာရင်းသွား ကပ်တဲ့ မနက်က သူတို့အိမ် ဘေးကအဖြတ် လှမ်းကြည့်တော့ အိမ်နောက်ဖေး ရေသွန်ချောင်မှာ သူ့ကို လှမ်းမြင်လိုက်လို့ ခေါ်လိုက်တာ။ ညည်း ဟုတ်တယ်၊ "ကိုတင်ပ"နာမည်က မျိုးဇော်ဇော်၊ မှတ်မိပြီ။

"အဲဒီတုန်းက ဆရာက အောင်စာရင်းစာရွက်ကို နံရံမှာ တူနဲ့ ရိုက်ကပ်ခိုင်းခဲ့တယ်။ ကျွန်တော်လည်း ဝမ်းသာအားရ ကြိုးစားပြီး ရအောင်ကပ်ခဲ့တာပေါ့။ ပြီးတော့ ဆရာ ပြောခဲ့သေးတယ်လေ၊ မှတ်မိသေးရဲ့လား"

သူ့မျက်နှာကို လှမ်းကြည့်လိုက်တော့ မျက်လုံးတွေက တဖျပ်ဖျပ်နဲ့ အရည်လဲ့နေတယ်။

"မင်းတော်တယ် မျိုးဇော်၊ မင်းမှာ မမြင်ရတဲ့ အစွမ်းတွေ ရှိနေတယ်လို့လေ"

ဟုတ်လား၊ ကျုပ်ပြောခဲ့သလားပဲ၊ ဘယ်မှတ်မိပါ့မလဲလေ။ နှစ်ပေါင်းသုံးဆယ်တောင်ကျော်ခဲ့ပြီဆိုတော့။ ကလေးတစ် ယောက် ကို မြှောက်ပေးလိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

"တကယ်တော့ အဲဒီနောက်ပိုင်းမှာမှ ကျွန်တော် လွတ်မြောက်မှု ရခဲ့တာပါဆရာ။ လွတ်မြောက်ခဲ့တာပေါ့"

ကျုတ်...ဘာတွေလဲဟာ။

"ကျွန်တော့် ဘဝတစ်လျှောက်လုံး အဲ...ဆရာနဲ့ မတွေ့ခင်အချိန်ထိပေါ့ မင်းမလုပ်တတ်ဘူး၊ မလုပ်ရဘူး၊ မင်းမသိဘူး၊ မသိတတ်ဘူး၊ မင်းမသွားရဘူး၊ မသွားတတ်ဘူး၊ အို...ကျွန်တော့် အိမ်မှာလေ ဘာမှ လုပ်ခွင့်မရခဲ့ဘူး။ ဘယ်သူငယ်ချင်းနဲ့မှ ဘယ်ကိုမှ မသွားခဲ့ရဘူး။ ကြာတော့ တကယ်ကို ပဲ ကျွန်တော် ဘာမှ မလုပ်တတ်ဘူးလို့ ကိုယ့်ကိုယ်ကို ထင်ခဲ့မိတော့တာ ဆရာ၊ ဆရာနဲ့တွေ့မှပဲ..."

ဖျတ်ခနဲ မျက်လုံးချင်းဆုံမိတော့ သူ့မျက်ရည်စ,တွေ ရစ်သီနေတာ မြင်လိုက်ရတယ်။

"အဲဒီနောက်ပိုင်း ဘာကိုပဲဖြစ်ဖြစ် တစ်ယောက်တည်း ခိုးလုပ်တတ်လာခဲ့တယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာတယ်။ ဆရာ့ကိုလည်း တောက်လျှောက်သတိရနေခဲ့တာ။ ဒါပေမဲ့ ဆရာကလည်း ရွာက ပျောက်သွားလိုက်တာ အကြာကြီးနော်"

"ဟုတ်တယ်၊ အဲဒီမူလတန်းကျောင်းမှာ နောက်တစ်နှစ်ထိပဲ နေခဲ့တာ၊ နောက်တော့ ကသာမြို့အထက်က ရွာတစ်ရွာကို ပြောင်းသွားခဲ့ရတယ်လေ"

"ဟုတ်ကဲ့ ကျွန်တော် ကျောင်းပြီးတဲ့နောက်ပိုင်း ဒီကျောင်းလေးမှာပဲ ဆရာ ကျောင်းအုပ်ပြန်ဖြစ်ခဲ့တာ ကျွန်တော် မှတ်မိပါတယ်။ ဒါပေမဲ့ ဆရာ့ကို ဖြတ်သွား ဖြတ်လာပဲ လှမ်းလှမ်းတွေ့ခဲ့တာ။ ခုလို တစ်နေ့ခင်းလုံး ဆရာနဲ့. အတူ ရှိ နေတာ ကျွန်တော် အရမ်းဝမ်းသာတာပဲ။ စကားတွေလည်း အရမ်းပြောချင် ခဲ့ တယ်။ ကျွန်တော်လုပ်နိုင်ခဲ့တာတွေ ဆရာ့ကို အရမ်းပြောပြချင်ခဲ့တယ်။ ပြီးတော့... ပြီးတော့လေ..."

ရော့... ခက်ပြီ။ သူ့အသံတွေက တဖြည်းဖြည်းနဲ့ တိုးဝင်သွားတော့ ဘာရယ်မသိ ကျုပ်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတယ်။ သူ့ကို မကြည့်မိအောင် ထိန်းပေမဲ့ မရဘူး။ သူ့မျက်ဝန်းက မျက်ရည်နှစ်စက် ဖျတ်ခနဲ လွင့်ကျသွားတာကို မြင်ဖြစ်အောင် မြင်လိုက်ရသေးတယ်။

"ဆရာရဲ့ ချီးကျူးသံကို အရမ်းကြားချင်ခဲ့တာပါဆရာ"

ဒီကောင်ကတော့လေ၊ ကျုပ်ရင်ထဲ ဆို့တို့တို့ကြီး ဖြစ်လာတယ်။

"နောက်လ မန္တလေးလာရင် ဖုန်းဆက်ပါဆရာ၊ ဆေးလောက ဆရာဝန်ကြီးတွေနဲ့ ကျွန်တော် ရင်းနှီးပါတယ်။ အစွမ်းကုန် ကူညီပါ့မယ်။ ခု မန္တလေးမြို့မှာ ကျွန်တော်တစ်ယောက်တည်း နေခဲ့တာ ဆယ့်ငါးနှစ်ရှိခဲ့ပြီ ဆရာ။ အိမ်ထောင်မပြုဖြစ်သေးပါဘူး။ တိုက်ခန်းလေး တစ်ခန်းဖြစ်ဖြစ်၊ အိမ်ကလေး ခပ်သေးသေးပဲ ဖြစ် ဖြစ် ကျွန်တော့်ဝင်ငွေနဲ့ ကျွန်တော် ရအောင် ကြိုးစားပြမလို့လေ ခပ်ရေးရေးလေးတော့ လှမ်းမြင်ရပါပြီ"

သူ့ရဲ့ မချိတင်ကဲ စကားသံတွေကို ကြားရပြီး ကျုပ်ရင်ထဲ ဗလောင်ဆူလာတယ်၊ ဒီကောင်ကတော့လေ။

"ကဲ... ဆရာ ရွေးတဲ့တံတားကိုကျော်ပြီးရင်တော့ ကျွန်တော့်အိမ်ကို လှမ်းမြင်ရပါပြီ။ မန္တလေးလာရင် ဖုန်းဆက်ပါနော်၊ ကားဆရာ ကားခ နှစ်ယောက်စာယူပါ"

"ဟိတ် ကောင် ... ဟိတ်ကောင် မလုပ်ပါနဲ့ ရတယ်၊ ရပါတယ်ကွာ"

သူက ဇွတ်အတင်းလေ ပြီး ပစ္စည်းတွေသိမ်းနေတယ်။

"ကျေးဇူးပြုပြီး လက်ဆေးပေးပါဆရာ၊ ဆရာ့ကို ထိုင်ပြီး ကန်တော့ချင်တာပါ ကားပေါ်မှာမို့ပါနော်"

ခဏကြာတော့ သူ့အိမ်ရှေ့မှာ ကားက ရပ်သွားတယ်။ "မန္တလေးလာရင် ဆက်ချင်ပါတယ်ဆရာ"လို့ ပြောပြီး ဆင်းသွားလေတယ်။

တရွေ့ရွေ့ ထွက်ခဲ့တဲ့ကားကို လက်ကလေးပြပြီး သူ့အိမ်ရှေ့မှာ ကျန်ခဲ့တာကို နောက်ကြည့်မှန်ကနေ ခပ်ဝေးဝေးကလေး လှမ်းမြင်လိုက်ရတယ်။ အို... တံခါးအောင့်ကြီး မျက်စိထဲ ဖုန်မှုန့်တွေမှုန်သွားခဲ့သလား...။

ကျုပ်ရင်ထဲမှာတော့ တွေ့စ,ကလို သူ့ကို အခြားမကြည်တာတွေ မရှိတော့ပါ။

■

လွှန်းမောင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ဒဂုတ္တရသူဌေးပုံကား

တာဆထလ-၁၁/၂၀၁၁၊ တိုး(၁၈၇)　　ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၁၃ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး

ဦးအောင်မြင့်
လူပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

လျက်ဆား

ဖုန်း ၀၁-၅၄၁၂၁၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၄၅၅၄ ၀၁-၅၄၂၁၀၃

ဒီဇိုင်း-မောင်မောင်လှမြင့် © ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အတွေးခါး

မောင်သုတ၊ မြန်မာ၊

ကြွပ်ကြွပ်အိတ်ထဲ ပြီးစလွယ် ထည့်၊
အနီရည်ကျဲကျဲတွေကို
အပေါ်မှာ ဖြစ်သလို ဆမ်းပြီး
'တစ်ရာ၊ တစ်ရာ'နှင့်
အော်ရောင်းနေသော အသုပ်သည်ကို
မြင်တော့ နှာခေါင်းရှုံ့မိသည်။
ပြီးလျှင် ကျောင်းသားများက
လက်မဆေးဘဲ အားရပါးရ
စားကြပေဦးမည်။ သူ့အရပ်နှင့်
သူ့ဇာတ်ကတော့ ခွင်ကို ကျနေသည်။
မကျသေးတာက မစိန်မြ။
သူ့အခြေအနေ၊ သူ့အဆင့်အတန်းနှင့်
သားသမီးများကို ဘကကျောင်းသို့
နေ့စဉ်လိုက်ပို့နေရသည်မှာ
'တစ်ရာတည်းဟေ့...
တစ်ရာတည်း'
'လာဟေ့... မုန့်လိပ်ပြာပူပူလေး'
'မုန့်လုံးကြီးကြော်၊
မုန့်လက်ကောက်ကြော်တွေ ရမယ်'
နံနက်ပိုင်း
ကျောင်းတက်စမြင်ကွင်းဟာ
မစိန်မြအတွက် ရိုးအီနေသော
ပန်းချီကားတစ်ချပ်ပမာ
လွမ်းမောစရာ မရှိ။
'စိတ်ပျက်ဖို့ ကောင်းလိုက်တာ'
ထန်းလျက်ခဲတစ်ခဲကို ပုရွက်ဆိတ်တို့
ဝိုင်းအုံနေသည့်အလား
မုန့်သည်တစ်ဦးထံတွင်
အလုအယက် ဝိုင်းခဲနေကြသော
ကျောင်းသားများကို ကြည့်ပြီး
ပါးစပ်က လွတ်ခနဲ ညည်းတွားမိသည်။
ကြာဆံအဝိုင်းအပြတ်များကို
သဘာဝမကျဟု ထင်သည်။
ဘကကျောင်းဆိုတာ ငွေ
ကြေးချွတ်ခြုံကျနေသူများ၏
သားသမီးများအတွက် ပညာ
သင်ပေးရာကျောင်းဟု မြင်
သည်။ ဟုတ်တယ်လေ။
အသိသာကြီးပါ။ ကျောင်းကို
လိုက်ပို့သည့် မိန်းမ'ငယ်၊
ရွယ်၊ လတ်၊ ကြီး'အကုန်
ကြည့်လိုက်လျှင်ပဲ အဖြေက
ပေါ်နေပြီ။ ငွေကြေးတတ်နိုင်
သူများ မရှိဟုလည်း ရာနှုန်း
ပြည့် မဆိုပါဘူး။ သူလို တစ်
ယောက်စ နှစ်ယောက်စတော့
ရှိကောင်း ရှိနိုင်မည်။ သို့ပေ
မဲ့ ရှားပါသည်။

သူက လူကုံထံအသိုင်း
အဝိုင်းကြီးမျိုး မဟုတ်သော်
လည်း ရပ်ကွက်ထဲတွင်
အထည်ဆိုင်လေးဖွင့်ပြီး ငွေ
တိုးပေးထားကာ အထိုက်
အလျောက် သြဇာအာဏာရှိ
သည့်အခြေအနေ။ ရှင်းရှင်း
ပြောရလျှင် ရပ်ကွက်ထဲရှိ
လူတိုင်းနီးပါးလောက် မစိန်
မြနှင့် မပတ်သက်ရသည့် လူ
ဟူ၍ မရှိသလောက် ရှား
သည်။ အခုတော့ သူ့ဆီမှာ
ခခယယ ငွေလာချေးသူနေရ
သော သူများနှင့်အပြိုင်
ကလေး ကျောင်းပို့၊ ကျောင်း
ကြို လုပ်နေရသည်မှာ သိပ်
ရှက်စရာကောင်းသည်ဟု
မြင်သည်။ တွေးရင်း တွေး
ရင်း မစိန်မြ ဒေါသတွေက
စိုးရေချိန် အမှတ်ထက်
ကျော်လွန်ချင် လာသည်။
ယောကျ်ားအာဏာ မလွန်ဆန်
နိုင်၍သာ ငြိမ်ကုပ်နေရသည်။
မငြိမ်၍လည်း မရ။ မစိန်မြ
အထည်ဆိုင်နှင့် အတိုးဖိုး ရ
သည့်ငွေက တစ်လ၊ တစ်လ
နယ်က အမှေအမိမ် ပြန်ပို့ရော

www.burmeseclassic.com

နှင့်ပင် မလောက်ချင်။ ပင်လယ်ပျော် ယောကျ်ားထဲမှ ပုံမှန်ပြန်ပို့နေသော ငွေတွေကြောင့်သာ အခုလို သစ်လွင်တောက်ပပြီး မိသားစုစက်ယန္တရားကြီး ဂျုန္ရေရရ လည်ပတ်နေခြင်း ဖြစ်သည်။

ကိုမြင့်အောင် သဘော်မှ ပြန်လာလျှင် လက်ထဲပါလာသောငွေများနှင့် သူ စုဆောင်းထားပေးရသောငွေများကို ပေါင်းပြီး ရပ်ကွက်ထဲရှိ တစ်ဆယ်ပေရရ၊ တစ်ဆယ့်ငါးပေရရ မြေကွက်လေးတစ်ကွက်တော့ အမိအရ ဖမ်းဆွဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် စားရေး၊ ဝတ်ရေးထက် နေရေး ပိုခက်နေသော အခုခေတ်ကြီးမှာ ရှေ့တစ်ကွက်ကို အမြတမ်း ကြိုမြင်နေတတ်သော ယောကျ်ားကို မစိန်မြ ချီးကျူးမိတာတော့ အမှန်။ ထိုကဲ့သို့ အိမ်ထောင့် တာဝန်ကို တင်းပြည့်ကျပ်ပြည့် ကျေပွန်နေတော့လည်း မစိန်မြ ဘယ်လိုမှ စောဒကမတက်ရဲ။ တစ်ခါတစ်ခါ ပြောပစ်လိုက်ချင်သည်။ သူလည်း ဒီအသွေး၊ ဒီအသားနှင့် တည်ဆောက်ထားသော မိန်းမဖြစ်တာကြောင့် သူများတကာတွေလို ကြော့ကြော့မော့မော့လေး ဝတ်ပြီး အိုးရကျောင်းသားများ၏ မိဘများနှင့်အပြိုင် တူယှဉ်ခွဲ၍ ကလေးကျောင်းပို့၊ ကျောင်းကြို လုပ်ပစ်လိုက်ချင်သည်။ အခုတော့ သင်း(ဒင်း)ကြောင့် အတွေးစိတ်ကူးတွေကို မျိုချခဲ့ရပေါင်း မနည်းတော့။ ကလေးတွေ ဘာသာတရားကိုင်းရှိုင်းတတ်စေဖို့ 'ဘက'ကျောင်းတွေပဲ သူ့မျက်လုံးထဲ မြင်နေလေ ရော့သလား မသိ။

'ကလောင် ကလောင် ကလောင်'

'ကျောင်း ခေါက်နေပြီ မေမေ၊ သားတို့ သွားတော့မယ်'

သားကြီးက ဆော်ဩလာသဖြင့် ယောကျ်ားအပေါ် ငြိုးနေသော မစိန်မြ၏ မကျေနပ်ချက်များက အငွေ့ပြန်ကုန်သည်။

'အေး အေး၊ ညီမလေးကို အတန်းထဲ သေသေချာချာ လိုက်ပို့လိုက်ဦးနော်'

'ဟုတ်'

သားကြီးက ဒီနှစ်မှ သူငယ်တန်း တက်ရသည့် သမီးလေးကို လက်ခွဲပြီး စာသင်ခန်းထဲ ဝင်သွားတော့မှ လှည့်ပြန်လာခဲ့သည်။

❑

'ဟဲ့ မိကျော့ မှန်မှန်ပြောစမ်း၊ ဟောဒီအဲဆွဲထဲက လက်စွပ်ကို နင် ယူထားတာ မဟုတ်လား'

'မယူပါဘူး အန်တီလေးရယ်၊ မိကျော့ လုံးဝမယူပါဘူး'

'အို...ငါ အခု အသာတကြည်တောင်းနေတုန်း ယူထားရင် ပြန်ပေးနော်။ မဟုတ်ရင် ငါ ညည်းကို ရဲစခန်းပို့လိုက်မယ်၊ ဘာမှတ်နေလဲ'

'မယူပါဘူး အန်တီလေးရယ်၊ မိကျော့ လုံးဝမယူရပါဘူး'

လက်အုပ်ချီပြီး ပုံစံတူ စကားလုံးတွေပဲ အပ်ကြောင်းထပ်ပြောနေသော မိကျော့ကို ကြည့်ရင်း မစိန်မြ အသားတွေ တဆတ်ဆတ် တုန်လာသည်။ အခုအချိန်မှာ မိကျော့ဘယ်လိုပင် ကျိန်ဆိုနေနေ မစိန်မြ လုံးဝမယုံနိုင်။

အခုတလော မိကျော့ခြေလှမ်းတွေ ပျက်ချင်လာတာကို မစိန်မြ သတိထားမိသည်။ မနက်ပိုင်း မစိန်မြ မနိုးသေး၊ သူက ဈေးသွားဖို့အဆင်သင့်ဖြစ်နေပြီ။ ဝိရိယကောင်းလွန်းလို့တော့ မဟုတ်။ ဆိုက်ကားသမား တင့်လွင်ကို ကြည့်သည့် မိကျော့မျက်လုံးတွေက အရောင်တွေတောက်နေသလိုပင်။ ဟိုကတော့ သူ့ကို ဘယ်လိုသဘောထားသည် မသိ။ သူမှာတော့ တင့်လွင်နှင့်တွေ့လျှင် မျက်နှာတစ်ခုလုံး ပုရွက်ဆိတ်တွေ အုံတော့မည့်အတိုင်း။ သူ့လို အပင်၊ အပွေး၊ ဖင်နှင့်ခေါင်း မခွဲခြားတတ်သေးသော ဦးနှောက်ပိုင်ရှင်ကို ကျင်ပေါ် ထုံးတင့်လွင်က အသာလေး လှိမ့်လိုက်ရုံပဲ။ ဟိုက ဈေးခြင်းတောင်း ဝိုင်းချပေးချင်ယောင်ဆောင်ပြီး မည်းညစ်ညစ်ရောင်ထနေသော သူ့လက်ကလေးကိုများ မထိတထိ ပွတ်သပ်သွားလိုက်လျှင် ညိုပြာနေသော သူ့မျက်နှာပေါ်မှာ အရောင်ပေါင်းစုံ ဖြတ်ပြေးသွားသလား အောက်မေ့ရသည်။ အစကတော့ 'မဖြစ်နိုင်ပါဘူးလေ' ဆိုပြီး မသိသလိုနေခဲ့ပေမဲ့ နောက်ပိုင်း တင့်လွင်၏ ရဲတင်းလာသောအမူအရာတွေကြောင့် မစိန်မြ ဘီလူးကွက်နင်းရတော့သည်။

မစိန်မြ တစ်နေ့တည်း သောင်းကျန်းလိုက်ရုံဖြင့် မိကျော့၏ရွစိပိုးများ ငြိမ်ကျသွားသလို တင့်လွင်လည်း မစိန်မြ ဆိုင်ရှေ့ပင် ခြေဦးမလှည့်တော့သည်မှာ တစ်ပတ်ခန့်ပင် ရှိပြီ။ သို့ပေမဲ့ မစိန်မြ မနက်က ဈေးထဲသွားရင်း တင့်လွင်ကိုတွေ့တော့ မျက်လုံးပြူးသွားရသည်။ အခါတိုင်း ခရီးသည်တွေကို ဈေးကြိုး၊ ဈေးပို့ လုပ်နေတတ်သော တင့်လွင်က ဒီနေ့မနက်တော့ ဆိုက်ကားပေါ်မှာ ထိုင်ပြီး နားကြပ်တပ်လျက်၊ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေတာကို တွေ့ခဲ့ရသည်။ အခုမှ မစိန်မြ ခေါင်းထဲရှိ ကွင်းဆက်များက တဖြည်းဖြည်း ချိတ်မိလာသည်။ သူ့လက်စွပ်ကို အံ့ဆွဲထဲထည့်ထားတာ နှစ်ရက်ခန့် ရှိနေပြီ။ လက်စွပ်က ဘယ်ကတည်းကပျောက်နေခဲ့တာလဲ သူ မသိ။ မနက်ဖြန် အလှူအိမ်သွားရမှာနဲ့ သတိတရ ကြည့်မိတော့မှ လုံးဝကို မတွေ့တော့။ အခုတော့ ယူထားသလားဟု မေးလိုက်တိုင်း မိကျော့၏ အူတူတူအမူအရာကြောင့် တင့်လွင်၏ စတိုင်လုပ် ဟန်ရေးထုတ်နေသောပုံစံက မစိန်မြ အာရုံထဲ ကွင်းကွင်းကွက်ကွက် ပေါ်လာပြန်သည်။ မစိန်မြ ခေါင်းထဲက သံသယက တဖြည်းဖြည်း ကြီးထွားလာခဲ့သည်။

'အို...သေချာနေပြီ။ ဒီကိစ္စ မိကျော့နဲ့ လုံးဝကို ပတ်သက်နေပါဖြီ'

'ဟဲ့ မိကျော့'

ရုတ်တရက် ကျယ်လောင်စွာ အော်လိုက်သော မစိန်မြ၏ဒေါသအသံကြောင့် မိကျော့ခန္ဓာကိုယ်လေးတစ်ခုလုံး နဲ့ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘဝဂျွန်းပုတီး

တဆထလ-၁၁/၂၀၁၁၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၁ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး

ဦးဇောင်မြင့်
လူပျိုတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးဘဆီ

လေသက်ဆေး

နှန်းတွင်းလျှာမွတ်ဆေး

သည်းခြေဆေး

လျက်ဆား

စုန်း ၀၁-၅၄၁၃၆၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၄၅၅၉ ၀၁-၅၄၉၁၀၃

ဒီဇိုင်း- မောင်မောင်လှမြင့် © ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အတွေးခါး

မောင်သူတာ၊ မြန်မာ၊

ကြွပ်ကြွပ်အိတ်ထဲ ပြီးစလွယ် ထည့်၊
အနီရည်ကျဲကျဲတွေကို
အပေါ်မှာ ဖြစ်သလို ဆမ်းပြီး
'တစ်ရာ၊ တစ်ရာ' နှင့်
အော်ရောင်းနေသော အသုပ်သည်ကို
မြင်တော့ နှာခေါင်းရုံ့မိသည်။
ပြီးလျှင် ကျောင်းသားများက
လက်မဆေးဘဲ အားရပါးရ
စားကြပေဦးမည်။ သူ့အရပ်နှင့်
သူ့ဇာတ်ကတော့ ခွင်ကို ကျနေသည်။
မကျသေးတာက မစိန်မြ။
သူ့အခြေအနေ၊ သူ့အဆင့်အတန်းနှင့်
သားသမီးများကို ဘကကျောင်းသို့
နေ့စဉ်လိုက်ပို့နေရသည်မှာ
'တစ်ရာတည်းဟေ့...
တစ်ရာတည်း'
'လာဟေ့... မုန့်လိပ်ပြာပူပူလေး'
'မုန့်လုံးကြီးကြော်၊
မုန့်လက်ကောက်ကြော်တွေ ရမယ်'
နံနက်ပိုင်း
ကျောင်းတက်စမြင်ကွင်းဟာ
မစိန်မြအတွက် ရိုးအီနေသော
ပန်းချီကားတစ်ချပ်ပမာ
လွမ်းမောစရာ မရှိ။
'စိတ်ပျက်ဖို့ ကောင်းလိုက်တာ'
ထန်းလျက်ခဲတစ်ခဲကို ပုရွက်ဆိတ်တို့
ဝိုင်းအုံနေသည့်အလား
မုန့်သည်တစ်ဦးထံတွင်
အလုအယက် ဝိုင်းခဲနေကြသော
ကျောင်းသားများကို ကြည့်ပြီး
ပါးစပ်က လွတ်ခနဲ ညည်းတွားမိသည်။
ကြာဆံအပိုင်းအပြတ်များကို
သဘာဝမကျဟု ထင်သည်။
ဘကကျောင်းဆိုတာ ငွေ
ကြေးချွတ်ခြုံကျနေသူများ၏
သားသမီးများအတွက် ပညာ
သင်ပေးရာကျောင်းဟု မြင်
သည်။ ဟုတ်တယ်လေ။
အသိသာကြီးပါ။ ကျောင်းကို
လိုက်ပို့သည့် မိန်းမ'ငယ်၊
ရွယ်၊ လတ်၊ ကြီး'အကုန်
ကြည့်လိုက်လျှင်ပဲ အဖြေက
ပေါ်နေပြီ။ ငွေကြေးတတ်နိုင်
သူများ မရှိဟုလည်း ရာနှုန်း
ပြည့် မဆိုပါဘူး။ သူလို တစ်
ယောက်စ နှစ်ယောက်စတော့
ရှိကောင်း ရှိနိုင်မည်။ သို့ပေ
မဲ့ ရှားပါသည်။

သူက လူကုံထံအသိုင်း
အိုင်းကြီးမျိုး မဟုတ်သော်
လည်း ရပ်ကွက်ထဲတွင်
အထည်ဆိုင်လေးဖွင့်ပြီး ငွေ
တိုးပေးထားကာ အထိုက်
အလျောက် ဩဇာအာဏာရှိ
သည့်အခြေအနေ။ ရှင်းရှင်း
ပြောရလျှင် ရပ်ကွက်ထဲရှိ
လူတိုင်းနီးပါးလောက် မစိန်
မြနှင့် မပတ်သက်ရသည့် လူ
ဟူ၍ မရှိသလောက် ရှား
သည်။ အခုတော့ သူ့ဆီမှာ
ခခယဃ ငွေလာချေးသူနေရ
သော သူများနှင့် အပြိုင်
ကလေး ကျောင်းပို့၊ ကျောင်း
ကြို လုပ်နေရသည်မှာ သိပ်
ရှက်စရာကောင်းသည်ဟု
မြင်သည်။ တွေးရင်း တွေး
ရင်း မစိန်မြ ဒေါသတွေက
စိုးရေချိန် အမှတ်ထက်
ကျော်လွန် ချင်လာသည်။
ယောကျ်ားအာဏာ မလွန်ဆန်
နိုင်၍သာ ငြိမ်ကုပ်နေရသည်။
မငြိမ်၍လည်း မရ။ မစိန်မြ
အထည်ဆိုင်နှင့် အတိုးဖိုး ရ
သည့်ငွေက တစ်လ၊ တစ်လ
နယ်က အမှေအမိမ် ပြန်ပို့ဟု

2016

www.burmeseclassic.com

www.burmeseclassic.com

နှင့်ပင် မလောက်ချင်။ ပင်လယ်ပျော် ယောကျ်ားထဲမှ ပုံမှန်ပြန်ပို့နေသော ငွေတွေကြောင့်သာ အခုလို သစ်လွင်တောက်ပပြီး မိသားစုစက်ယန္တရားကြီး ဂျုန်ရေရာ လည်ပတ်နေခြင်း ဖြစ်သည်။

ကိုမြင့်အောင် သင်္ဘောမှ ပြန်လာလျှင် လက်ထဲပါလာသောငွေများနှင့် သူ စုဆောင်းထားပေးရသောငွေများကို ပေါင်းပြီး ရပ်ကွက်ထဲရှိ တစ်ဆယ်ပေရရ၊ တစ်ဆယ့်ငါးပေရရ မြေကွက်လေးတစ်ကွက်တော့ အမိအရ ဖမ်းဆွဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် စားရေး၊ ဝတ်ရေးထက် နေရေးပိုခက်နေသော အခုခေတ်ကြီးမှာ ရှေ့တစ်ကွက်ကို အမြတမ်း ကြိုမြင်နေတတ်သော ယောကျ်ားကို မစိန်မြ ချီးကျူးမိတာတော့ အမှန်။ ထိုကဲ့သို့ အိမ်ထောင့်တာဝန်ကို တင်းပြည့်ကျပ်ပြည့် ကျေပွန်နေတော့လည်း မစိန်မြ ဘယ်လိုမှ စောဒကမတက်ရဲ။ တစ်ခါတစ်ခါ ပြောပစ်လိုက်ချင်သည်။ သူလည်း ဒီအသွေး၊ ဒီအသားနှင့် တည်ဆောက်ထားသော မိန်းမဖြစ်တာကြောင့် သူများတကာတွေလို ကြော့ကြော့မောမော လေးဝတ်ပြီး အစိုးရကျောင်းသားများ၏ မိဘများနှင့်အပြိုင် တူယှဉ်ခွဲ၍ ကလေးကျောင်းပို့၊ ကျောင်းကြို လုပ်ပစ်လိုက်ချင်သည်။ အခုတော့ သင်း(ဒင်း)ကြောင့် အတွေးစိတ်ကူးတွေကို မျိုချခဲ့ရပေါင်းမနည်းတော့။ ကလေးတွေ ဘာသာတရားကိုင်းရှိုင်းတတ်စေဖို့ 'ဘက' ကျောင်းတွေပဲ သူ့မျက်လုံးထဲ မြင်နေလေရော့သလား မသိ။

'ကလောင် ကလောင် ကလောင်'

'ကျောင်း ခေါက်နေပြီ မမေ၊ သားတို့ သွားတော့မယ်'

သားကြီးက ဆော်ဩလာသဖြင့် ယောကျ်ားအပေါ် ငြိုးနေသော မစိန်မြ၏ မကျေနပ်ချက်များက အငွေ့ပြန်ကုန်သည်။

'အေး အေး၊ ညီမလေးကို အတန်းထဲ သေသေချာချာ လိုက်ပို့လိုက်ဦးနော်'

'ဟုတ်'

သားကြီးက ဒီနှစ်မှ သူငယ်တန်း တက်ရသည့် သမီးလေးကို လက်ခွဲပြီး စာသင်ခန်းထဲ ဝင်သွားတော့မှ လှည့်ပြန်လာခဲ့သည်။

❑

'ဟဲ့ မိကျော့ မုန့်မုန့်ပြောစမ်း၊ ဟောဒီအဲဆွဲထဲက လက်စွပ်ကို နင် ယူထားတာ မဟုတ်လား'

'မယူပါဘူး အန်တီလေးရယ်၊ မိကျော့ လုံးဝမယူပါဘူး'

'အို...ငါ အခု အသာတကြည်တောင်းနေတုန်း ယူထားရင် ပြန်ပေးနော်။ မဟုတ်ရင် ငါ ညည်းကို ရဲစခန်းပို့လိုက်မယ်၊ ဘာမှတ်နေလဲ'

'မယူပါဘူး အန်တီလေးရယ်၊ မိကျော့ လုံးဝမယူရပါဘူး'

လက်အုပ်ချီပြီး ပုံစံတူစကားလုံးတွေပဲ အပ်ကြောင်းထပ်ပြောနေသော မိကျော့ကို ကြည့်ရင်း မစိန်မြ အသားတွေ တဆတ်ဆတ် တုန်လာသည်။ အခုအချိန်မှာ မိကျော့ဘယ်လိုပင် ကျိန်ဆိုနေနေ မစိန်မြ လုံးဝမယုံနိုင်။

အခုတလော မိကျော့ခြေလှမ်းတွေ ပျက်ချင်လာတာကို မစိန်မြ သတိထားမိသည်။ မနက်ပိုင်း မစိန်မြ မနိုးသေး၊ သူက စျေးသွားဖို့အဆင်သင့်ဖြစ်နေပြီ။ ဝိရိယကောင်းလွန်းလို့တော့ မဟုတ်။ ဆိုက်ကားသမား တင့်လွင်ကို ကြည့်သည့် မိကျော့မျက်လုံးတွေက အရောင်တွေတောက်နေသလိုပင်။ ဟိုကတော့ သူ့ကို ဘယ်လိုသဘောထားသည် မသိ။ သူမှာတော့ တင့်လွင်နှင့်တွေ့လျှင် မျက်နှာတစ်ခုလုံး ပုရွက်ဆိတ်တွေ အုံတော့မည့်အတိုင်း။ သူ့လို အပင်၊ အပွေး၊ ဖင်နှင့်ခေါင်း မခွဲခြားတတ်သေးသော ဦးနှောက်ပိုင်ရှင်ကို ကျင်ပေါ် ထုံး တင့်လွင်က အသာလေး လှိမ့်လိုက်ရုံပဲ။ ဟိုက စျေးခြင်းတောင်း ဝိုင်းချပေးချင်ယောင်ဆောင်ပြီး မည်းညစ်ညစ်ရောင်ထနေသော သူ့လက်ကလေးကိုများ မထိတထိ ပွတ်သပ်သွားလိုက်လျှင် ညိုပြာနေသော သူ့မျက်နှာပေါ်မှာ အရောင်ပေါင်းစုံ ဖြတ်ပြေးသွားသလား အောက်မေ့ရသည်။ အစကတော့ 'မဖြစ်နိုင်ပါဘူးလေ' ဆိုပြီး မသိသလိုနေခဲ့ပေမဲ့ နောက်ပိုင်း တင့်လွင်၏ ရဲတင်းလာသောအမူအရာတွေကြောင့် မစိန်မြ ဘီလူးကွက်နင်းရတော့သည်။

မစိန်မြ တစ်နေ့တည်း သောင်းကျန်းလိုက်ရုံဖြင့် မိကျော့၏ရွှစိပိုးများ ငြိမ်ကျသွားသလို တင့်လွင်လည်း မစိန်မြ ဆိုင်ရှေ့ပင် ခြေဦးမလှည့်တော့သည်မှာ တစ်ပတ်ခန့်ပင် ရှိပြီ။ သို့ပေမဲ့ မစိန်မြ မနက်က စျေးထဲသွားရင်း တင့်လွင်ကိုတွေ့တော့ မျက်လုံးပြူးသွားရသည်။ အခါတိုင်း ခရီးသည်တွေကို စျေးကြို၊ စျေးပို့ လုပ်နေတတ်သော တင့်လွင်က ဒီနေ့မနက်တော့ ဆိုက်ကားပေါ်မှာ ထိုင်ပြီး နားကြပ်တပ်လျက်၊ ဇုန်တစ်လုံးနှင့် အလုပ်ရှုပ်နေတာကို တွေ့ခဲ့ရသည်။ အခုမစိန်မြ ခေါင်းထဲရှိ ကွင်းဆက်များက တဖြည်းဖြည်း ချိတ်မိလာသည်။ သူ့လစ်စွပ်ကို အံဆွဲထဲထည့်ထားတာ နှစ်ရက်ခန့် ရှိနေပြီ။ လက်ခွဲက ဘယ်ကတည်းကပျောက်နေခဲ့တာလဲ သူ မသိ။ မနက်ဖြန် အလှူအိမ်သွားရမှာ သတိတရ ကြည့်မိတော့ လုံးဝကို မတွေ့တော့။ အဲ...တော့ ယူထားသလားမေးလိုက်တိုင်း မိကျော့၏ ဆူတူတူအမူအရာကြောင့် တင့်လွင်၏ စတိုင်လုပ် ဟန်ထုတ်နေသောပုံစံက မစိန်မြ အာရုံထဲ ကွင်းကွင်းထွက် ပေါ်လာပြန်သည်။ မစိန်မြ ခေါင်းထဲက သံသားက တဖြည်းဖြည်း ကြီးလာခဲ့သည်။

'အို...သေချာနေပြီ။ ဒီကိစ္စ မိကျော့ခဲ့ရဲ့ကို ပတ်သက်နေပါပြီ'

'ဟဲ့ မိကျော့'

ရုတ်တရက် ကျယ်လောင်စွာ အော်လိုက်သော မစိန်မြ၏ဒေါသအသံကြောင့် မိကျော့ခန္ဓာကိုယ်လေးတစ်ခုလုံး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

'ညည်း ငါ့လက်စွပ်ကို ခိုးပြီး ညည်းအကောင် တင့်လွင်ကိုပေးလိုက်တာ မဟုတ်လား၊ မှန်မှန်ပြောစမ်း'

မစိန်မြလက်တစ်ဖက်က မိကျော့ ပါးတစ်ဖက်ပေါ်ကို အရှိန်ကောင်းကောင်းဖြင့် အလျင်အမြန် ရောက်သွားသည်။ အံ့သြထိတ်လန့်နေသောအကြည့်နှင့်အတူ မိကျော့မျက်လုံးထဲမှ မျက်ရည်များ အလုအယက်လိမ့်ဆင်းကျလာသည်။

'မိကျော့ မယူဘူး၊ မိကျော့ မယူဘူး'

မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ထားပြီး ခေါင်းကို ခါယမ်းကာ အော်နေသောကြောင့် ဖွာလန်ကျလာသော ဆံပင်များကို မစိန်မြစိတ်ရှိလက်ရှိ ဆွဲဆောင့်ပစ်သည်။

'အေး···ညည်းကော ညည်းအကောင်ကိုကော ရဲစခန်းကို အခု ပို့ပစ်မယ်'

ဒေါသအရှိန်ကြောင့် တုန်ယင်နေသော မစိန်မြ၏ လက်တစ်စုံက ဖုန်းဂဏန်းများကိုသာ တရစပ် နှိပ်နေမိတော့သည်။

❑

'ကလောင် ကလောင်၊ ကလောင် ကလောင်'

မစိန်မြလည်း အရောက်ကျောင်းဆင်းခေါင်းလောင်းသံကိုလည်း ကြားလိုက်ရသည်။ 'ဟူး' လေပူကို မှုတ်ထုတ်ရင်း မစိန်မြ အခန့်သင့်ပြင်းချနိုင်တော့သည်။ ကလေးတွေကို မနက်ကျောင်းပို့ပြီးကတည်းက သူခိုးမ မိကျော့ကိစ္စကို ရှင်းနေရတာနှင့် ဆိုင်လည်း မဖွင့်နိုင်ခဲ့။ သူ့အဘောအရဆိုလျှင် ရဲစခန်းကို တစ်ခါတည်း ပို့ပစ်လိုက်ပြီ။ ဖုန်းထဲမှ 'သနားပါတယ်ကွာ' ဟု အကြိမ်ကြိမ် တားနေသော သူယောကျ်ားစကားကြောင့်သာ စိတ်လျှော့ခဲ့ရသည်။

ရွာမှာ နေလျှင် အမြဲတစေ မူးရူးနေတတ်သော ပထွေးလက်ချက်မိမှာ စိုးသဖြင့် သူ့အမေက အကူအညီတောင်းလာသောကြောင့် မစိန်မြ အတွက် အဖော်လည်း ဖြစ်သလို အိမ်ဦလည်း လက်တို့လက်တောင်း ခိုင်းရအောင် ဆိုပြီး ရန်ကုန်ကို ခေါ်လာခဲ့သည်။ သူ့အတွက် ပေးသင့်သလောက်လည်း မစိန်မြ ပေးပါသည်။ အခုတော့ သင်းက ထိုမျှလောက်နှင့် မရောင့်ရဲဘဲ အဆင့်က မတွေးရဲလောက်အောင်ပင် တက်ချင်လာသည်။ အင်းလေ အဲလိုကောင်မမျိုး ရွာပြန်ပြီး ကောက်စိုက်၊ ပဲနှတ် ပြန်လုပ်တာပဲ ကောင်းပါတယ်။ အခုတော့ သူ့ရွာကို ဖုန်းဆက်၊ အကျိုးအကြောင်း ပြောပြပြီး အဝေးပြေးကားပေါ် ကို အတင်းတွန်းတင်ပေးလိုက်ရသည်။ ဒါတောင်မှ သင်းက နောက်ဆုံးအချိန်ထိ သူ မယူပါဘူးဆိုပြီး ငြင်းနေသေးသည်။ ငွေရေးကြေးရေးဆင်းရဲတာကို နားလည်ပေး၍ ရပေမဲ့ စာရိတ္တဆင်းရဲတာကိုတော့ မစိန်မြ လုံးဝခွင့်မလွှတ်နိုင်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ အခုတော့ သူ့အတွက် တစ်ပူတော့ အေးသွားတာအမှန်။ မဟုတ်ရင် လက်စွပ်ပျောက်တာထက် ပိုဆိုးသောကိစ္စများအထိ ဖြစ်လာနိုင်သည် မဟုတ်လား။

'အန်တီ'

ကျောင်းသားလေး တစ်ယောက်က သူ့ကို လက်တို့ပြီး လာခေါ်မှ သတိဝင်ပြီး သေးဘီကို ကြည့်မိတော့ ကျောင်းရှေ့မှာ ကျောင်းသားများပင် ကုန်လုနီးနေပြီ။ ဒီတော့မှ သားနှင့်သမီး ထွက်မလာသေးတာကို သိလိုက်ရသည်။

'အန်တီ့ကို ကျောင်းအုပ်ဆရာမကြီး ခေါ်ခိုင်းလိုက်လို့'

သူရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ စိုးရိမ်စိတ်ဖြင့် ခြေလှမ်းတွေက ကျောင်းထဲအပြေးအလွှား ဝင်မိတော့ ရုံးခန်းရှေ့မှာ ကျောင်းသားများနှင့် မိဘတချို့ အုံခဲနေကြသည်။

'ဟိတ် ကလေးတွေ သွားကြတော့။ အပေါက်ဝမှာ အုံမနေကြနဲ့'

တာဝန် ကျဆရာမ တစ်ဦးက ကလေးတွေကို ပြန်ခိုင်းနေသည်။ သူလည်း ရုံးခန်းထဲ ကပျာကယာဝင်မိတော့ သားအကြီးကောင်ကို ဆရာမကြီးဘေးနားမှာ မတ်တတ်ရပ်၊ လက်ပိုက်ပြီး ငို နေတာကို တွေ့လိုက်ရသည်မို့ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ သမီးလေးက သူ့ကို မြင်သွားတော့ မျက်နှာလေး ရှုံ့မဲ့ရှုံ့မဲ့နှင့် ပြေးဖက်ထားသည်။

'မစိန်မြ ထိုင်ပါဦး။ ဒီမှာလေ မစိန်မြသားက တခြားကလေးဆီက ပိုက်ဆံတစ်ထောင်တန်တစ်ရွက်ကို ယူထားလို့'

ဗုဒ္ဓေါ့။ ဆရာမကြီးဆီက ကြားလိုက်ရသောသတင်းကြောင့် မစိန်မြ ခေါင်းနားပန်းကြီးသွားသည်။ ဟင့်အင်း၊ ဘယ်လိုမှမဖြစ်နိုင်ဘူး။ သူ့သားမှာ ဒီလိုအကျင့်စရိုက် မရှိတာ သူ အသိဆုံး။

'ဟုတ်လို့လား ဆရာမရယ်၊ ကျွန်မသားလေးက သူများပစ္စည်း မခိုးတတ်ပါဘူးရှင်'

မစိန်မြ လျှောက်လဲချက်ပေးရင်း တရှပ်ရှပ်ငိုနေသော သူ့သားမျက်နှာလေးကိုကြည့်ပြီး ရင်ထဲ၌ ဗလောင်ဆူနေသည်။

'ပိုက်ဆံပျောက်တာ ဟောဒီ ကလေးပါ။ သူ လာပြောတော့ ကျွန်မတို့လည်း ကလေးတွေအားလုံးကို မပြန်ခိုင်းသေးဘဲ လွယ်အိတ်တွေ လိုက်စစ်ကြည့်တော့မှ မစိန်မြသား၏ ကွန်ပါဘူးထဲကနေ ရှာတွေ့တာပါ။ အဲဒါကြောင့် ကျွန်မတို့ အခုစစ်နေတာပါ'

'အို···ကျွန်မသား ကွန်ပါဘူးထဲ ရောက်တာနဲ့ပဲ ကျွန်မသားက ခိုးရရောလား၊ တခြားကလေးတစ်ယောက် ယောက်က တမင်လာထည့်ထားတာကော မဖြစ်နိုင်ဘူးလား'

မစိန်မြ သူ့အသံ နည်းနည်းမာသွားတာကို သတိပြုမိသော်လည်း နည်းနည်းမှ လျှော့မသွားခဲ့။ ဟုတ်တယ်လေ။ အမှန်ဆိုလျှင် ဆရာမကြီးကိုယ်တိုင်က ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားသင့်တာပဲ။ နောက်ဆုံး သားက တကယ် ယူခဲ့တာပဲ ထားဦး။ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com

ထိ စာချုံစရာ လိုလို့လား။ အမှန်အတိုင်းပြောရလျှင် ဒီကျောင်းက ပရိဘောဂတော်တော်များများဟာ မစိန်မြတို့ မိသားစုကမ္ဘည်းနှင့်လက်ညှိုးထိုး မလွဲပေ။ အခုတော့။ ဟွင်း။ မစိန်မြ စိတ်ထဲကနေ မကျေနပ်ချက်များကို တရစပ် ပြောနေမိသည်။

'ကဲ···သား၊ မင်း ယူထားသလား ဆရာမတို့ကို ပြော။ ယူထားရင်လည်း ဆရာမတို့က သားကို မရိုက်ဘူးနော် ဟုတ်လား။ ဘာမှ မကြောက်နဲ့။ ယူရင် ယူထားတယ်၊ မယူရင် မယူထားဘူးပြော'

သားကြီးက လက်ကလေး ပိုက်နေရာမှ ခေါင်းလေးညိတ်ပြလိုက်သည်မို့ မစိန်မြ တုန်လှုပ်သွားသည်။

'ဒါဆို သား ယူထားတာပေါ့ ဟုတ်လား'

ဆရာမကြီးက မေးတော့ သားလေးက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး-

'မဟုတ်ဘူး ဆရာမကြီး၊ ဒီပိုက်ဆံက သားပိုက်ဆံပါ။ သား မမမိကျော့ကို ဖိနပ်လေးတစ်ရန်လောက် ဝယ်ပေးချင်လို့ စုထားတာပါ'

သားထံမှ ကြားလိုက်ရသောစကားကြောင့် မစိန်မြ အံ့သြနေတုန်း-

'မဟုတ်ဘူး ဆရာမကြီး၊ အဲဒါ သားပိုက်ဆံ အသစ်လေး'

ပိုက်ဆံပျောက်သွားသောကလေးက နောက်မှ နေ၍ အတင်းဝင်ပြောသည်။

'ဟုတ်တယ် ဆရာမရေ··· ကျွန်မသားကို မနက်က ကွန်ပါဘူးဝယ်ဖို့အတွက် တစ်ထောင် ထည့်ပေးလိုက်တာပါ'

သားစကားကို ထပ်ဆင့် ထောက်ခံလိုက်သော နောက်က မိန်းမအသံကြောင့် မစိန်မြ မျက်စောင်းတစ်ချက် ခဲလိုက်သည်။

'အို··· တစ်ထောင်တန် တစ်ရွက်လောက်ကို များစားထဲ ထည့်ပြောနေတယ်။ ညည်းသားအတွက် ကွန်ပါဘူး တစ်ဘူးမကဘူး၊ တစ်ဒါဇင်လောက် ဝယ်ပေးလို့ရတယ် ရှင်းလား။ ညည်းတို့ကလေးတွေ အခု စာရေးနေရတဲ့ခုံတွေက ဘယ်သူတွေလှူထားတာလဲဆိုတာကိုတော့ ညည်းသိရဲ့လား'

မစိန်မြ အတွေးထဲကနေ ထိုမိန်းမကို ကက်ကက်လန်ရန်တွေ့နေတုန်း-

'တွေ့ပြီ တွေ့ပြီ'

ပိုက်ဆံပျောက်သွားသော ကလေးလွယ်အိတ်ထဲမှ ပြန်ရှာတွေ့လာသော တစ်ထောင်တန်အသစ်ကလေးတစ်ရွက်ကိုကိုင်ပြီး ဆရာမတစ်ယောက်က ဝမ်းသာအားရ ပြောလာသည်။

'စာအုပ်ကြားထဲမှာ ညှပ်နေတာ အခုမှ တွေ့တော့တယ်။ စောစောက ရှာတာလုံးဝမတွေ့ဘူး'

ဒုတိယအကြိမ် ရှာမှတွေ့ရှိရသော တစ်ထောင်တန်အခေါက်ချပ်လေးကို ကိုင်ပြီး ဆရာမကြီးထံ ယူလာသည်။

'ကြော်···သားက ပိုက်ဆံကို ကိုယ့်ဘာသာကိုယ် အထားမှားပြီး ရှာမတွေ့တာဘဲ။ ကဲ ကဲ··· ဒါဆို သားပိုက်ဆံကို မောင်မင်းဝေဦး မယူဘူးဆိုတာ သား အခု သိပြီနော်'

'ဟုတ်ကဲ့'

'အဲဒါဆို သူငယ်ချင်းကို အထင်မှားမိတဲ့အတွက် လက်ဆွဲပြီး ပွေ့ဖက်လိုက်ပါဦး'

ကလေးနှစ်ယောက် အပြန်အလှန် ပွေ့ဖက်နေတာကိုကြည့်ပြီး ဟိုကလေးအမေနှင့် ဆရာမတို့တွေ ရယ်ကျဲကျဲလုပ်နေကြပေမဲ့ မစိန်မြ ရင်ထဲမှ ဒေါသတွေကတော့ ပေါက်ကွဲလုဆဲဆဲ ဖြစ်နေသည်။

'အို··· အဲလိုတော့ ဘယ်ဖြစ်မလဲ။ ကျွန်မသား ဒီကလေးရဲ့ပိုက်ဆံကို ခိုးတယ်လို့ ထင်ကြတုန်းက တစ်ကျောင်းလုံးနီးပါးလေ။ အခု ကျွန်မသား မခိုးခဲ့ဘူးဆိုတာကို သိသွားတာကျတော့ ဆရာမတို့နဲ့ ကျွန်မပဲလေ။ ဘယ်တရားပါ့မလဲ။ အဲတော့ ကျွန်မသား ပိုက်ဆံမခိုးခဲ့ဘူးဆိုတာကို တစ်ကျောင်းလုံး သိအောင် ပြန်လုပ်ပေးရမှာပေါ့'

မစိန်မြထံမှ ထင်မှတ်မထားသောစကားကြားလိုက်ရတာကြောင့် ဆရာမအားလုံး အံ့သြသွားကြသည်။

'ဟိုလေ အဲဒါက···'

'အို···ကျွန်မကတော့ အဲလို ပြန်လုပ်ပေးမှ ကျေနပ်နိုင်မယ်။ နောက်ပြီးတော့ အခုဖြစ်တဲ့ကိစ္စကို ကျွန်မယောကျ်ားသိသွားရင်လည်း စိတ်ကောင်းမှာ မဟုတ်ဘူး'

အတန်းပိုင်ဆရာမ စကားမဆုံးသေး၊ မစိန်မြက သူ့ရင်ထဲမှ အစိုင်အခဲများကို တဲ့တိုးပြောချလိုက်သည်။ ဟုတ်တယ်။ အခုအချိန်မှာ သူ့ယောကျ်ားနာမည်ကို နည်းနည်းလေး ထည့်သုံးမှဖြစ်မည်။ ကျောင်းအတွက် လိုအပ်တာများကို အခွင့်အခါသင့် လှူဒါန်းပေးတတ်သော မစိန်မြယောကျ်ားကို ကျောင်းထိုင်ဆရာတော်ကြီးကိုယ်တိုင်ကတောင် အတော်လေး အားထားနေရသည် မဟုတ်လား။

'ကြော်··· ဟုတ်ကဲ့ပါ။ မနက်ဖြန်ကျရင် ဆရာမတွေ့အားလုံးကို တစ်ဆင့်ပြန်ပြောပြပေးဖို့ ကျွန်မ ပြောလိုက်ပါ့မယ်'

ဆရာမကြီးထံမှ ကတိစကား ကြားတော့မှ မစိန်မြ သူ့မျက်နှာကို နည်းနည်းပြုံးလျှော့လိုက်သည်။ ဟိုမိန်းမကတော့ မစိန်မြကို နားမလည်သော်အမှု အရာဖြင့် ကြည့်နေသည်။ ထိုမိန်းမထံသို့ မျက်စောင်းတစ်စင်း ပို့လွှတ်ပြီးနောက် ဆရာမကြီးထံသို့ ခွင့်တောင်းပြီး ပြန်လာခဲ့တော့သည်။

❑

မစိန်မြ စိတ်ထဲ တုန်ခုန်နှင့် လုံးဝမကျေနပ်နိုင်သေး

'သားလို စာလည်းတော်၊ စာရိတ္တလည်း ကောင်းမွန်တဲ့ကလေးက ရာရာစေ့သူများပိုက်ဆံကို ခိုးမည်လား။ အဲ့ပါ့။ ဒီကိစ္စဒီလောက်နဲ့တော့ အလျှော့ပေးလို့ မဖြစ်ဘူး။ ကိုမြင့်အောင်ကို အကုန်ပြောပြပြီး မနက်ဖြန်ကျရင် ထပ်ရှင်းရမယ်'

မစိန်မြ သူ့ဒေါသကြောင်းများကို စိတ်ကူးထဲကနေ အမျှင်တန်းမဆုံး ဖြစ်နေသည်

'မေမေ၊ သား မေ

www.burmeseclassic.com

www.burmeseclassic.com

ကျောအတွက် ဖိနပ်အသစ် လေးတစ်ရန်လောက် ဝယ်ပေးမယ်နော်။ မနက်ဖြန် မမမိကျောမွေးနေ့လို့ ပြောတယ် မေမေ'

'အို...သားက သူခိုးမ အတွက်များ ဖိနပ်ဝယ်ပေးချင် နေရတယ်လို့ ကြည့်စမ်းပါဦး'

မစိန်မြစိတ်ထဲ အလို မကျတာနှင့် မနက်က အဖြစ် အပျက်များကို သားအား ပြောပြမည် ကြံရွယ်လိုက်ပြီး-

'သား၊ မေမေ ဝတ်ထားတဲ့လက်စွပ်လေးကို သိတယ် မဟုတ်လား။ အဲဒီ လက်စွပ်ကိုလေ...'

'ဩော်... ဟိုတစ်နေ့က မေမေ့လက်စွပ်ကို စားပွဲပေါ်မှာ ဒီအတိုင်းတင်ထားတာ တွေ့လို့ ဗီရိုကြီးထဲမှာ ထည့်သိမ်းပေးထားတယ် မေမေ'

စကားမဆုံးသေးဘဲ ကြားဖြတ်ပြောလိုက်သော သားစကား၏အဆုံး၌ မစိန်မြ နှုတ်ခမ်းတို့ ဆွဲအ,သွားရသည်။

'မေမေ... မမမိကျော်ကို ဖိနပ်လေး ဝယ်ပေးမယ်နော်'

သားက ထပ်မံခွင့်တောင်းလာတာကြောင့်-

'မိကျောက အရေးကြီးကိစ္စရှိလို့ ရွာပြန်သွားတယ် သား'

မစိန်မြ စိတ်ထဲပေါ်ရာ လွတ်ခနဲ ဖြေလိုက်မိသည်။

'ဟာ...မမကလည်း သားကိုလည်း ဘာမှပြောမသွားဘူး။ သူမွေးနေ့မှာ ဖိနပ်လေးပေးချင်လို့ပါဆို။ နောက်ပြီးတော့ မမ ရွာပြန်သွားတဲ့ အချိန်မှာ ညဘက် သား စာကျက်ရင် အချိုရည်ဖျော်တိုက်ပြီး သားကို ကူစောင့်ပေးဖို့ လူမရှိတော့ဘူးပေါ့'

သားက နှုတ်ခမ်းလေး ထော်ကာ ဝမ်းနည်းပက်လက် ပြောနေသည်။

'သားရယ်၊ မင်းမမမိ ကျောက ခဏပြန်သွားတဲ့ဥစ္စာ ပြန်လာမှာပေါ့ကွယ်'

မစိန်မြစကားဆုံးတော့ သားလေးက တစ်စုံတစ်ခုကို တွေးတောနေပုံဖြင့် တိတ်ဆိတ်သွားသည်။ ပြီးနောက် မျက်နှာလေး တဖြည်းဖြည်း ပြုံးလာကာ-

'မမ ဘယ်တော့ပြန်လာမှာလဲ'

ဟု ဝမ်းသာအားရ မေးသည်။ သား မေးခွန်းကို ဖြေဖို့အတွက် မစိန်မြ ဦးနှောက်က အချိန်ယူ ပြေးလွှားနေရသည်။

ရှေ့လထဲတွင် အပြီးပြန်လာတော့မည်ဖြစ်သော လင်တော်မောင်။ နောက်ပြီး သစ်ရွက်ကလေး ကြွေကျတာကိုပင် ပြုံးရယ်နေပြီဖြစ်သော မိကျော့။

'ဟင်း'

မစိန်မြ သက်ပြင်းကို သာ အခါခါချရင်း စောစော က ဝမ်းသာအားရမေးလာသော သားလေးမေးခွန်းကို ဖြေလိုက်မိလား၊ မဖြေလိုက်မိလားဆိုတာတောင် ဧဝေဧဝါ ကိုဖြစ်လို့...။

သားလေးကတော့ တစ်ထောင်တန်အသစ်ကလေး ကို ကိုင်ပြီး စိတ်ကူးယဉ်နေဆဲ...။

မစိန်မြ အာရုံထဲမှာတော့ 'သူ မယူပါဘူး'ဟု အကြိမ်ကြိမ် ငြင်းဆိုရင်း အဝေးပြေးကားပေါ် မလိုက်ချင်၊ လိုက်ချင်ပါသွားသော အရည်ကြည်တွေ ဝဲနေသည့် မိကျော့မျက်လုံး ဖူးဖူးဝိုင်းဝိုင်းလေးတွေကိုသာ မြင်ယောင်ရင်း...။

■

မောင်သုတ၊မြန်မာ၊

ရန်ကုန် ဆရာမြင့် (၁) ဆရာသြဘာ

နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597

www.burmeseclassic.com

အိမ်ဆိုတာဝိုးဖြူ

အိမ်ဆိုသည့်အရာကို မြန်မာအဘိဓာန်တွင် မည်ကဲ့သို့
အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှန်း သူမ ကောင်းစွာ
မသိပါ။ သူမအတွက်တော့ အိမ်ဆိုသည်မှာ သူမဘဝ၏
လက်တွဲဖော်တစ်ခုသာ ဖြစ်သည်။ သူမဘဝ၏
အလင်းအမှောင်၊ သူမဘဝ၏ အရှုံးအနိုင်၊ သူမဘဝ၏
သိကွာတရား၊ သူမဘဝ၏ သုခ ဒုက္ခ၊ ယုတ်စွအဆုံး
သူမနှင့်ပတ်သက် ဆက်နွယ်မည့်အရာအားလုံးကို သူမ

www.burmeseclassic.com

www.burmeseclassic.com

အိမ်က ခါးစည်းခံ ကာကွယ်ပေးမည်ဟု သူမ ရဲဝံ့စွာ ယုံကြည်သည်။ သူတကာတွေ မည်သည့်အရာကို မက်မော၍ မည်သည့်အရာကို တွယ်တာခင်မင်ကြပါသနည်း။ သူမကတော့ လူတစ်ယောက်၏ စိတ်ဝတ္ထု၊ ရုပ်ဝတ္ထုကို လုံခြုံစေမည့် အိမ် ဆိုသည့်အရာကို ကောင်းစွာမက်မော ခင်တွယ်လေသည်။ သူမ၏ အသွေးအသားတွေထဲတွင် အိမ်ကို ရူးသွပ်ခုံမင်သည့် အသိတရားတို့ စီးမျောဝင်နေသည်မှန်း အချိန်ကြာလာသည်နှင့် အမျှ သိလာခဲ့ရသည်။

သူမ ငယ်စဉ် ကြီးပြင်းခဲ့ရသည့်အိမ်သည် သူမ၏ဘိုးဘွား များပိုင်သည့် အိမ်ကြီးတစ်ခုဖြစ်သည်။ ရေနံချေးရောင်တောက်ပ နေသော အိမ်မည်းမည်းကြီး၏ အတွင်းခန်းတစ်ခုတွင် သူမကို မွေးဖွားခဲ့သည်ဟု ဆိုကြသည်။ ထိုအိမ်တွင် သူမ၏ကလေး ဘဝကို လွတ်လပ်ကောင်းမွန်စွာ ဖြတ်သန်းခဲ့ရသည်။ သို့သော်

www.burmeseclassic.com

ကောင်းသည်။ ပျော်ခဲ့သည်၊ မပျော်ခဲ့သည်ဆိုတာကို ထိုစဉ်က မဝေခဲ့တတ်။ သေချာတာ တစ်ခုကတော့ သူမသည် အိမ်နှင့် ဝေးရာအရပ်တွင် ဘယ်တော့မှ မကစားတတ်ခြင်းပင် ဖြစ်၏။ နောက်ဆုံးတော့လည်း ထိုအိမ်လေးထဲတွင် သူမတို့မိသားစု ခိုနားရန် ကံကြမ္မာက ဆွဖည်စေခဲ့သည်။

ရေလုပ်ငန်းနှင့် အသက်မွေးသည့် သူမတို့ မိသားစုထဲသို့ စီးပွားရေးမပြေလည်သည့် အကြောင်းအရာများစွာက ဝင်ရောက်မွှေနှောက်ခဲ့တော့ ထို အိမ်ကို ရောင်းပစ်ခဲ့ကြရ၏။ ထိုအိမ်ကို ရောင်းပစ်ရသည့် နေ့က သူမ၏စိတ်ထဲတွင် တစ်ခုခု လစ်ဟာသွားသလို ခံစားရသည်မှန်း သူမသိသည်။ ထို့နောက် အဘိုး၏အိမ်သို့ သူမတို့တစ်တွေ ပြန်ရောက်ခဲ့ရပြန်သည်။ အဖေနှင့် အမေ အကြိမ်ကြိမ် ရန်ဖြစ်သည်။ အဘိုးက အကြိမ်ကြိမ် နှင်ချသည်။ မိုးတွင်းကြီး နှင်ချသည့် အခါမျိုးတွင် တော့ အတော့်ကို အခံရခက်သည်။ မိုးရေစက်တွေအောက်တွင် ခိုကိုးရာအိမ်ဆိုသည်မှာ အလွန် အရေးပါမှန်း၊ ညဉ့်နက်သန်း ခေါင်သို့ရောက်လျှင် နားမှေးစက်ရာ အိမ်ဆိုသည်မှာ အလွန် တန်ဖိုးရှိမှန်း သူ တဖြည်းဖြည်းသိလာခဲ့ရသည်။

ထိုအချိန်မှစ၍ သူ၏ ဘဝထဲသို့ အိမ် ဟူသည် အရာက တင်္ဒေ့နှင့် ဃောမြိုက်နေရာယူခဲ့တော့သည်။ သူမ၏ အသွေးအသားများသည် မြေပြင်တစ်ခုဖြစ်ပါက ထို မြေပြင်ပေါ်တွင် ကွယ်ရှင်သန်စေမျှင်သည်

သူမ စိတ်ကူးထဲမှ အိမ်ကလေးသည် တစ်ခါတစ်ခါ တောင်ပေါ် မြို့ကလေးတွင် ဖြစ်နေတတ်သည် တစ်ခါတစ်ခါ သူမ အလွန် လေးစားသည့် ဧရာဝတီ မြစ်ကြီး၏ နံဘေးတွင် ဖြစ်နေတတ်သည် တစ်ခါတလေ တော့လည်း ပေနှစ်သောင်း နီးပါး မြင့်မားသည့် ရေခဲများ အစဉ်ဖုံးလွှမ်း နေတတ်သည့် ခါကာဘိုရာဇီ တောင်ထိပ်တွင် ဖြစ်နေတတ်သည်

အဘိုးက စိတ်ဆိုးပြေကာ မပြတ်နိုင်သော သမီးနှင့် သမက်ကို အိမ်ပြန်ခေါ်တော့ အဘိုး၏ အိမ်သို့ပြန်၍ ပြောင်းလာကြရပြန်သည်။

အဖေက 'အိမ်တစ်လုံးတော့ လိုချင်သကွာ' ဟု ခဏခဏ ညည်းသည်။ ပိုက်ဆံစုဆောင်းမိတော့ ပျဉ်းကတိုး အိမ်တစ်လုံးကို အဖေက ဝယ်သည်။ အိမ်က ဘယ်လောက်ကြီးမှန်းကိုတော့ သူ မမြင်ဖူး။ ဖျက်ဖြို၍ သယ်လာကြသော သစ်ပုံကြီးကတော့ အတော်ကို ကြီးသည်မှန်း သူမ မှတ်မိနေ၏။ တိုင်ကြီးတွေက လုံးပတ်ကြီးမားကာ သစ်ဆန်ရင့်ရင့်တွေနှင့်ဖြစ်၏။ သူမတို့ မောင်နှမတစ်တွေက ထိုတိုင်ပုံကြီးပေါ်တွင် တက်ကစားကြသည်။ သို့သော် ထိုတိုင်လုံးကြီးတွေနှင့် အိမ်ကြီးကြီးတစ်လုံး မဆောက်ခဲ့ရ။ ဘာကြောင့်ဆိုသည်ကို ထိုစဉ်က သူမ ကောင်းစွာမသိခဲ့။ တကယ်တမ်း အိမ်ဆောက်သည့်အခါတွင်တော့ တိုင်ကြီးတွေအစား ဝါးပိုးတိုင်များနှင့်သာ ဆောက်ခဲ့ရသည်။ သူမက တိုင်ပုံကြီးတွေကို ကြည့်ကာ 'အဖေ ဒီတိုင်တွေနဲ့ ဘာလို့ အိမ်မဆောက်တာလဲ' ဟု မသိနားမလည်စွာမေးတော့ 'တိုင်ကြီးတွေက အရမ်းကြီးတော့ သစ်ခွရဦးမယ်လေ။ အဲဒီအထိ မစောင့်နိုင်တော့လို့ပေါ့' ဟု အဖေက ဖြေသည်။

ထိုအိမ်ကတော့ ကမ်းခြေတွင်ရှိသည့် အိမ်လေးနှင့် မတူ။ အနောက်ဘက်တွင် အိမ်ရာတန်းချမည့် လယ်ကွက်တွေ ရှိသည်။ သစ်ပင်၊ ဝါးပင်စိမ်းစိမ်းစိုစိုနှင့် နေ၍ 'မင်းတို့မိသားစု အိမ်ပေါ်က ဆင်းစမ်း၊ ဆင်းဆိုရင် ခု ဆင်းကွာ' ဟူသော အဘိုး၏ဒေါသတကြီးနှင့်ချတတ်သည့်အသံများ၊ မိဘနှစ်ပါး၏ ရန်ဖြစ်သံများ၊ ပြီးတော့ အထုပ်အပိုးများဖြင့် ပြောင်းရွှေ့ခဲ့ရသည့် အိမ်တစ်လုံး။

ထို အိမ်ကလေးသည် ဓနိုမိုး၊ ထရံကာ အိမ်တန်တန် တစ်လုံး ဖြစ်သည်။ ထိုအိမ်က အဘိုး၏အိမ်လို ရေနံချောင်ရောင် တောက်ပမနေပေ။ အဘိုး၏ခြံထဲမှာလို သစ်ပင်ကြီးကြီးတွေမရှိ၊ ရွှေတူဒွေတူပန်းများမရှိ၊ ကစားရန် ဒန်းလှလှလေးလည်း မရှိ။ သို့သော် ပင်လယ်ကြီးကတော့ ထာဝရတည်တံ့နေ၏။ လေတွေ တဟူးဟူး တိုက်ခတ်နေသည့်အပြင် ပင်လယ်သဲတွေကလည်း ပျံ့လွင့်လို့နေသည်။ ညနေခင်းရောက်လျှင်တော့ နေမင်းကြီးကို စေ့စေ့စပ်စပ်ကြည့်၍ရသည်။ ထိုအချိန်တွင် ပင်လယ်နှင့် နေမင်းသည် အလွန်ချစ်ခင်ရင်နှီးသည့် သူငယ်ချင်းနှစ်ယောက်ကဲ့သို့ တစ်သားတည်းဖြစ်သွားကြသည်။

နွမ်းလျော့နေသည့် နေရောင်များ တို့ထိထားသည့် ကမ်းခြေပေါ်တွင် သူမတို့ မောင်နှမတွေ ပြေးလွှားကြသည်။ ရေကျချိန် သောင်တွေပေါ်နေလျှင် သဲတွေကို တူးကာ အိမ်ဆောက်တမ်း ကစားကြ၏။ သဲစိုစိုတွေကို ခြေဖမိုးထိုးခံလျက် လိပ်မည်တမ်းကစား၏။ သည်လိုနှင့် ပဲ့ကမ်းခြေမှ အိမ်လေးထဲတွင် သူမဘဝ နုနုငယ်ငယ်လေး တစ်ခု ပျော်ဝင်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

သစ်တစ်ပင်မှာ အိမ်ပဲ ဖြစ်လေ၏။ သူမသည် စိတ်ကူးတွေထဲ၌ အိမ်တွေတော်တော်များများ ဆောက်ဖူးသည်။ အသက်တွေကြီးလာသည်နှင့်အမျှ နေရာဒေသတိုင်းတွင် သူမ အိမ်ဆောက်ကြည့်နေမိသည်။ သူမ၏ စိတ်ကူးထဲမှ အိမ်သည် ကြီးကျယ်ခမ်းနားသော အိမ်ကြီးတစ်လုံး မဟုတ်၊ ခုံထည်သော ရွှေပိန်းချ တိုက်ကြီးတစ်လုံးလည်း မဟုတ်။

သူမ စိတ်ကူးထဲမှ အိမ်ကလေးက သစ်သားတွေနှင့် ဆောက်ထားသည့် မကြီးလွန်း၊ မကျယ်လွန်း အိမ်တန်တန် တစ်လုံးဖြစ်သည်။ လသာသောညများတွင် လရောင်နှင့်အတူ သူ့အတွေးများ ဖြန့်ကြက်ပေးနိုင်မည့် ဝရန်တာကောင်းကောင်းလေး တစ်ခု ထိုအိမ်ကလေးထဲတွင် ထည့်မည်။ သူမ၏ အိမ်ရှေ့တွင် မြက်ခင်းလေးတစ်ခင်း စိုက်ချင်သည်။ အနောက်ဘက်တွင်တော့ ဝါးရုံပင်ကလေးများနှင့် ငှက်ပျောပင် အုပ်အုပ်လေးများ ရှိစေချင်သည်။ ခေါင်းရင်း ဘုရားခန်းအနီးတွင်တော့ သူမ အင်မတန် မြတ်နိုးသည့် ကဲ့ကော်ပင်တစ်ပင် မဖြစ်မနေ စိုက်ချင်။

ထိုကဲ့သို့ စိတ်တွေ လွင့်ဝဲသွားတိုင်း သူမသည်တစ်ကိုယ်တည်း ကြည်နူးနေမိ၏။ သူမစိတ်ကူးထဲမှ အိမ်ကလေးသည် တစ်ခါတစ်ခါ တောင်ပေါ်မြို့ကလေး ဘွင်ဖြစ်နေတတ်သည်။ တစ်ခါတစ်ခါ သူမအလွန်လေးစားသည့် ဧရာဝတီမြစ်ကြီး၏ နံဘေးတွင်ဖြစ်နေတတ်သည်။ တစ်ခါတလေတော့ လည်း ပေနစ်သောင်းနီးပါး မြင့်မားသည့် ရေခဲများအစဉ်ဖုံးလွှမ်းနေတတ်သည့် ခါကာဘိုရာဇီတောင်ထိပ်တွင် ဖြစ်နေတတ်သည်။ တစ်ခါတလေတော့ လည်း မြိတ်ကျွန်းစု၊ တစ်ခါတလေတော့လည်း အနောက်ရိုးမပေါ်တွင် စသည်ဖြင့် သူ့စိတ်ကူးရောက်ရာနေရာများ၌ အိမ်ဆောက်နေတတ်၏။

ထို့ကဲ့သို့ အိမ်တွေ ဆောက်လျက်က သူမဘဝ၏ အချိုးအကွေ့များစွာကို ဖြတ်သန်းအောင်မြင်ခဲ့လေသည်။ ထို့နောက် သူမ အိမ်လေးတစ်လုံး ပိုင်ဆိုင်ခဲ့သည်။ တရားဝင်ပိုင်ဆိုင်ခြင်းမျိုး မဟုတ်သော်လည်း ထိုအခိုက်အတန့်လေးတွင်တော့ ယုယုယယ ပိုက်ထွေး ပိုင်ဆိုင်ခဲ့ရသည်။ သူမ၏ အသက် ၂၁ နှစ် အရွယ်တွင်၊ တိတိကျကျပြောရလျှင်တော့ ပညာရေးဝန်ထမ်း အဖြစ် ပထမဦးဆုံး တာဝန်ထမ်းဆောင်ရသည့် ရွာကလေးတွင် ဖြစ်၏။

သူမ နေထိုင်ရသည့် ရွာလူကြီး၏အိမ် မျက်စောင်းထိုးတွင် လူမနေသော အိမ်ကလေးတစ်လုံးရှိသည်။ ထိုအိမ်ကလေးသည် အကိုင်းအခက်တို့နှင့် ဝေဆာသော မန်ကျည်းပင်ကြီး၏အောက်တွင် အဖော်မဲ့လျက်။ တဖွဲဖွဲကြွေကျတတ်သော မန်ကျည်းရွက်များက ထိုအိမ်ကလေး၏ ခေါင်မိုးပေါ်တွင် စုပြုံ၍ ပုံလျက်။ ပုံပြင်တွေထဲကလို သစ်ရွက်မိုးသော အိမ်ကလေးမဟုတ်။ ဓနိမိုးထားသည့် အိမ်ကလေးမဟုတ်။ သင်္ကေတမိုးထားသည့် အိမ်ကလေးလည်း မဟုတ်။ ထို အိမ်ကလေးသည် မန်ကျည်းရွက်တွေစုပုံ၍ မိုးထားသည့်အိမ်ကလေးနှင့်သာတူတော့၏။ အိမ်ကလေး၏ ခေါင်မိုးပေါ်မှ အပုံလေးများ ဟိုတစ်စု၊ သည်တစ်စု မြင်ရလျှင် သူမ အလွန် ရယ်ချင်၏။

ပြီးလျှင် လူမနေသော အိမ်ကလေးကို သူမက အထီးကျန်သည့်အိမ်ကလေး ဟုမြင်ကာ သနားမိပြန်သည်။ သူမက အိမ်ကို မက်မောဆာလောင်နေသည့် ကြောင်ခံတွင်းပျက်ဆိုပါက ထိုယိုင်နဲ့နဲ့ အိမ်ကလေးက ဆက်ရက်တောင်ပံကျိုးသော ဖြစ်၏။ ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးတို့ တွေ့ကြသောအခါ သူမက ထိုအိမ်ကလေးကို ပိုင်ဆိုင်ချင်လာသည်။

"ဆရာမလေး နေချင်တယ်ဆိုရင် နေလေ။ ဦးလေးတို့တွေ စုပေါင်းပြီး အိမ်ကလေးကို ပြန်ပြင်ပေးမယ်" ဟူသော ရွာလူကြီး၏ စကားကိုကြားရတော့ သူမသည် လိုချင်တာရတော့မည့် ကလေးမလေးတစ်ယောက် ဖြစ်သွားခဲ့သည်။ နောက်တစ်နေ့တွင် သူမ၏ ဆက်ရက်တောင်ပံကျိုးကလေးကို ရွာသားများ ပိုင်း၍ ပြင်ဆင်ပေးကြသည်။ အိမ်ကလေးက သူမ နေသည့် အိမ်ခြံထဲတွင်မို့လည်း သူမ အတွက် လုံခြုံစိတ်ချရ၏။ အသစ်စက်စက် မဟုတ်သည့်တိုင် ပြုပြင်ထားသည့် တစ်ပတ်နွမ်းအိမ်ကလေးပေါ်သို့ သူမ ပြောင်းရွှေ့နေထိုင်တော့ သူမ၏ စိတ်တွေက အတုပ်အနှောင်မဲ့စွာ လွတ်လပ်ပေါ့ပါးနေ၏။ ပီတိဆိုတာ ချိုမြိန်သည်အရာမှန်း ဓဏ္ဍဝဏ္ဍ ကြုံဆုံဖူးသော်လည်း ဒီတစ်ခါ ပီတိက ပို၍ ချိုလေသည်။

အခန်းသုံးခန်းဖြင့် ဖွဲ့စည်းထားသော သူမ၏ အိမ်ကလေးသည် သေးသလောက် ချစ်စရာကောင်းသည်။ အတွင်းခန်းနှင့် အပြင်ခန်းကို ခြားထားသော ထရံလေးကဝါးများကို အကွက်ဖော်ကာ ရက်ဖောက်ထားသဖြင့် ပို၍ ချစ်စရာကောင်း၏။ မီးဖိုခန်း ကျဉ်းကျဉ်းလေးက သူမ၏ ဒယ်အိုးပေါက်စလေးများ၊ ဆီကြော်အိုး၊ မီးဖို၊ ပန်းကန်ခွက်ယောက်အနည်းငယ်တို့နှင့် ပြည့်သွားသည်။ သူမသည် သူမအိမ်ကလေး၏ နံရံပေါ်တွင် 'ဘဝနန်းတော်' ဟု စာတန်းတစ်ခုအား တိတ်တဆိတ်ချိတ်ဆွဲထားလိုက်သည်။

ထိုဘဝနန်းတော်လေးထဲတွင် သူမ မည်မျှ ပျော်ရွှင်ခဲ့ရသည်ဆိုတာကို နှိုင်းယှဉ်ရန် အနှိုင်းခံမရှိ။ သူမ မက်မောတွယ်တာရသည့် သူမ၏ အိမ်ကလေး၊ သူမစိတ်ကူးထဲမှ အိမ်နှင့် လုံးဝခြားနားသော သူမ၏အိမ်ကလေး။ ကဲ့ကော်ပင်မရှိသော သူမ၏အိမ်ကလေး၊ သူမမြတ်နိုးသည့်စာအုပ်များနှင့် ပြည့်နေသော သူမ၏ အိမ်ကလေး၊ သူမ၏အိမ်ကလေးထဲတွင် သူမ၏ဘဝကို စိတ်ရှိလက်ရှိ မြှုပ်နှံပစ်ခဲ့သည်။

ထိုကဲ့သို့ စိတ်ရှိလက်ရှိ မြှုပ်နှံထားသည့်ဘဝကို ခွဲထုတ်ယူငင်မည့် အမိန့်စာတစ်ခု အိမ်လေးသို့ ရောက်လာသောအခါ ရာထူးတိုးလွှဲပြောင်း

www.burmeseclassic.com

လွှာတင်ခဲ့သည့် သူမကိုယ် သူမ သတ်ပစ်ချင်လောက် အောင် မုန်းတီးသွားခဲ့ရသည်။ ထိုနေ့သည် ဇွန်လ၏ နွေစွဲများစွာထဲမှ တစ်ရက်ဖြစ်သောကြောင့် သူမ မုန်းသောမိုးများလည်း ရွာသွန်းနေလေ၏။ အိမ်ကလေး၏ ခေါင်မိုးသည် မန်ကျည်းရွက်ကြွေများကြောင့် ဆွေးမြည့်တတ်သည်။ ဆွေးမြည့်နေသော ခေါင်မိုးမှ မိုးယိုသဖြင့် သူမ၏ အိမ်ကလေးသည် ရွဲရွဲစိုလျက်၊ သူမ၏ မျက်ရည်များလည်း ရွဲရွဲစိုလျက်။

သုံးနှစ်နီးပါး သူမ၏ ဘဝကို လုံခြုံနွေးထွေးအောင် ကာကွယ်ပေးသည့် အိမ်လေးကို ထားပစ်ခဲ့ရန် သူမ တွန့်ဆုတ်နေခဲ့မိ၏။ မိခင်၏ ရင်ငွေ့မှ ကင်းကွာခြင်းခံရတော့မည့် ကလေးငယ်တစ်ယောက်၏ ထိတ်လန့်အားငယ်မှုမျိုး၊ မြေကြီးကို အားကိုးတကြီး ကုပ်တွယ်ထားပြီးခါမှ ဆွဲနုတ်လွှင့်ပစ်ခံရသည့် သစ်ပင်တစ်ပင်၏ သွေ့ခြောက်မှုမျိုး သူမ ခံစားရသည်။ အိမ်ကလေးက သူမ၏ ဒုက္ခအဖုံဖုံကို သူမနှင့်အတူ ရင်ဆိုင်ပေးသည်။ သူမ၏ မျက်ရည်စက်တွေကို သူ့ရင်ခွင်တွင် စီးဆင်းခွင့်ပေးသည်။ အိပ်မပျော်သည့် သူမ၏ ညများစွာကို သူပခုံးတွေနှင့် ထမ်းထားပေးသည်။ အတွေးများ မိုင်ချီပြေးလွှားတတ်သည့်အခါ သူမကို ညစောင့်လုပ်ပေးတတ်သည် မဟုတ်လား။

အိမ်လေးကို ထားပစ်ခဲ့ရတော့မည့် ညသည် ခါတိုင်း ညများနှင့်မတူ။ ပို၍ မည်းမှောင်နေလေ၏။ ခါတိုင်း ကြားနေရတတ်သော ဒီရေတိုးသံသဲ့သဲ့ကို မကြားရ။ ဟိုး... တစ်ဖက်ကမ်းမှ မီးရောင်လဲ့လဲ့နှင့် မေရီဘေးသင်္ဘောဆိပ်တွင် သင်္ဘောတို့အဝင်အထွက်မရှိ။ ခါတိုင်း အိပ်မပျော်ပါက လှမ်း၍ ငေးမောရသည့် ကျဲသောက် တောင်ပေါ်မှ စေတီတွင် မီးပူဇော်ထားခြင်းကို မတွေ့ရ။ သူမက ဒီတစ်ည နောက်ဆုံး ဟူသောအသိဖြင့် အိမ်ကလေး၏ရင်ခွင်ထက်တွင် မျက်ရည်တို့ ရွဲရွဲစိုပြ၏။ သူမချစ်သော တပည့်များကလည်း သံယောဇဉ်အပူမီးတောက်ပြကြ၏။ အိမ်ကလေးသည် မျက်ရည်နှင့် အပူမီးတို့ ထိတွေ့သဖြင့် ပို၍ယိုင်နဲ့လေသည်။ တိတ်ဆိတ်နေသော ဝန်းကျင်နှင့် ညီ၏သိပ်သည်းမှုက အိမ်ကလေးကိုတို့ထိသရော်ကျီစယ်လျက်။

အရုဏ်တက်ချိန်တွင်တော့ သူမသည် အပြီးထားခဲ့ရတော့မည့် အိမ်ကလေးကို နောက်ဆုံး နှုတ်ဆက်သည့် အနေနှင့် ဗုဒ္ဓ၏ ရုပ်ပုံကားချပ်တော်ကို ဦးသုံးကြိမ်ချကာ ပူဇော်လိုက်သည်။ ထို့နောက် အိမ်လေးထဲမှထွက်လာခဲ့တော့သည်။ မိုးသည်အလိုက်ကန်းဆိုးမသီသူတစ်ယောက်၏ နှုတ်ဆက်မှုမျိုးဖြင့် သူမကို နှိပ်စက်လေ၏။ သူမ၏အိမ်ကလေးသည် မိုးရေတွေထဲတွင်၊ မန်ကျည်းပင်ကြီး၏အောက်တွင် သူမကို မမှိတ်မသုန် စိုက်ကြည့်သယောင်ခပ်ကုပ်ကုပ်လေးကျန်ရစ်ရှာလေ၏။

သူမသည် အိမ်တစ်လုံး မပိုင်ဆိုင်သေးသော အညတရ မိန်းမတစ်ယောက်ဖြစ်သည်။ ထို့အပြင် သူမသည် အနုပညာမျိုးစွာရှိသည့် အရှုံးလောကမှ အိမ်ရှူးတစ်ယောက်လည်း ဖြစ်နေသေးတော့သည်။ ■

မေတ္တာစိုးမွန်

www.burmeseclassic.com


သမားစဉ်ဆက်
ဆေးဖွဲ့နည်းဝင်ကုမ္ပဏီမှ
ဗိုဒ်ဘာယက်
ဆေးတိုက်မှု ထုတ်လုပ်သော
တိုင်းရင်းဆေးဝမ်းကောင်းများ
ဗိုဒ်ဘာယက်
ဗိုဒ်ဘာယက်
ဗိုဒ်ဘာယက်

www.burmeseclassic.com

ရွှေ
သစ္စာရှင်းလင်းပွဲ



စကားသံတို့နှင့် ဆူညံနေသော
အခန်းသည် ရုတ်ခြည်း ငြိမ်သက်သွားသလို
ခံစားလိုက်ရသည်။ အခန်းအတွင်း၌ သူနှင့်
သူမျက်စိရှေ့က ပန်းချီကားတစ်ချပ်သာ
ရှိတော့သည် ထင်၏။ လေအေးပေးစက်ကို
ဘယ်သူများ ပိတ်ပစ်လိုက်သလဲ။
တရိပ်ရိပ် မြင့်တက်လာသော ပူလောင်စိတ်၌
ဘာဆိုဘာမျှ မမြင်ရတော့သလို၊
ဘာဆိုဘာမျှ မကြားရတော့သလို
အတွေးတို့သည် အရပ်ရှစ်မျက်နှာ
စုန်ဆန်လျက် ရှိပြီ။ သည့်အပြင် ဇက်ပိုးကို
နောက်မှ ချောင်းရိုက်ခြင်း
ခံလိုက်ရသလို မထင်မှတ်ထားမှုများက
မူးမိုက် ထူပူသွားစေ၏။ ထိုခဏ
ပါးစပ်အဟောင်းသား ဟ,ကာ
နှုတ်မှ 'ဟင်'ဟု လွှတ်ခနဲ
ရေရွတ်မိသည်အထိ အံ့သြတုန်လှုပ်မှု
မထိန်းချုပ်နိုင်ခဲ့ပါ။ နှုတ်ခမ်းအား
လက်ဖြင့် ဆတ်ခနဲ ပိတ်လိုက်မိသည်နောက်
ရှေ့သို့ တွန့်ဆုတ်စွာ ခြေတစ်လှမ်း
တိုးလိုက်မိပြီး ပန်းချီကားကို
စူးစိုက်စွာ ကြည့်မိသည်။
မဖြစ်နိုင်။ ဒါ ဘယ်လိုမှမဖြစ်နိုင်။
သည်လိုမြင်ကွင်းမျိုး ပန်းချီကားသည်
ယခုလို လူအများ၏ရှေ့တွင်
ဖြစ်တည်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။
ပန်းချီကားသည် မူနဲပျပျ ဝေဝါးဝါးဆာ
ဖြစ်၏။ ဒါကတော့ အညိုရောင်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒါကတော့ အဝါရောင်ဟု တိတိပပ သတ်မှတ်၍ မရသော မှိန်ဖျိုင်းဖျိုင်း အရောင်များကို အရွယ်အစား မညီသော ဘလောက်တုံးများအဖြစ် စီစဉ်မကျ ရေးချင်ရာ ရေးခြစ်ထားသော ပန်းချီကားတစ်ချပ်။ သာမန် ပန်းချီကား ကြည့်ရှုသူ တစ်ယောက် အတွက် 'ဒါကတော့ ဘာပုံပါ' ဟု တိုးစွာ ကောက်ချက် မချနိုင်လောက်အောင် မှုန်ဝါး လျှို့ဝှက်သော ပန်းချီကား တစ်ချပ်ပေါ့။

သို့သော် ပန်းချီဆရာ ဖြစ်သော သူလိုလူအတွက် ကတော့ ထိုပန်းချီကားထဲက အရောင် များကြားတွင် နစ်မြုပ်နေသော ယောကျ်ား တစ်ယောက်၏ ဝတ်လစ်စလစ် ခန္ဓာကိုယ်ကောက် ကြောင်းသည် မြင်သာထင်သာ ရှိလောက်အောင်ကို လင်းထင်းနေပါသည်။

❑

ကြွက်သားစိုင်တို့နှင့် ကျစ်လျစ်ပြေပြစ်နေသော ခန္ဓာကိုယ် ကောက်ကြောင်းကို ငေးကြည့်ရင်းက ခြေလက်တို့ ရုတ်ခြည်း အေးစက်လာသည်။ သူ့ခန္ဓာကိုယ်သည် ၄င်းအား ဧဝံပတ်ထားသော လက်မှ အေးစက်မှုတို့ကို နာကျင်ရှက်ရွံစွာ ခံစားနေရသည်။ မှင်တက်ခြင်းသည် ခန္ဓာကို ယ်တစ်ခုလုံးကို တောင့်တင်းစေသလား။ ယိုင်နဲ့ချင်သော စိတ်တို့ကတော့ ဒူးတစ်နေရာတွင် စုစည်းနေပြီ။ အခုအချိန်မှာများ တစ်စုံတစ်ယောက်က သူ့ကို မမြင်ပါဘဲ ဝင်တိုက်ခဲ့လျှင် ယောကျ်ားတန်မဲ့ ပုံခနဲ့ လဲကျ

ထိုကဲ့သို့ ဘယ်အချိန် ကတည်းက ကြည့်တတ် ပြီးတတ်နေခဲ့သလဲ သူ စဉ်းစား၍မရပါ ခါးကို ထောက်လျက် သူ့ကို စူးနင့်စွာ ကြည့်နေပုံသည် ခြေသေ့က သူ့သားကောင် ခုန်အုပ်ဝါးမျိုတော့မလို။ သိမ်မွေ့မှုသည် မြူထဲတွင် ရှာ၍ မရနိုင်လောက်အောင် ပျောက်ဆုံးနေခဲ့ပြီ။

သွားမည်သာ။

သူ ဘာလုပ်ရမလဲ။ သေချာတာကတော့ သည်နေရာမှ ခပ်တည်တည်နှင့် ထွက်ခွာသွားနိုင်ဖို့ဆိုလျှင် သူ၏ ခြေထောက်အစုံ သည် လွတ်လပ် ပေါ့ပါးနေမှ ဖြစ်မည်။ ထို့အပြင် ပန်းချီပြခန်း၏ သုံးပုံ,ပုံ နှစ်ပုံလောက်ကို နေရာယူထားသော ပန်းချီဆရာမ မြူ၏ ပန်းချီပရိသတ်ထုကို ထိုးဖောက်ပြီး ပြခန်းတံခါးဆီ ရောက်အောင် သွားနိုင်ဖို့ ဆိုတာကလည်း တော်ရုံတန်ရုံ အင်အားနှင့် ဘယ်လိုမှ မဖြစ်နိုင်။ လက်ကို နှုတ်ခမ်းမှ ခွာပြီး တင်းကျပ်စွာ ကျစ်ဆုပ်လိုက်သော်လည်း ခြေထောက် မြောက်ဆွဖို့ ခွန်အား အနည်းငယ်မျှ ရှိမလာခဲ့။ ဘယ်သူမှ မသိခင် ပန်းချီကားကို တိတ်တိတ်ကလေး ဖြုတ်ပြီး ပန်းချီပြခန်း၏ ချောင်တစ်ချောင်တွင် သွားထားလိုက်လျှင် ကောင်းမလား။

ပြခန်းထဲသို့ ဝင်ဝဲကြည့်လိုက်စဉ် ပြခန်းတစ်နေရာ၌ သူ့ကို ဘယ်အချိန်ကတည်းက စူးစိုက်ကြည့်နေမှန်း မသိသော မျက်ဝန်းအစုံကြောင့် အသက်ငွေ့ငွေ့ စိတ်ကို အငွေ့ပြန်မသွားအောင် မနည်းပင် ခံတည်လိုက်ရသည်။ မျက်ဝန်းသည် အရက်ရက် အလလက ဖုံးကွယ်ထားခဲ့သော နာကြည်းမှုနှင့် ထိုခံစားချက်မှ ယိုဖိတ်လာသော အမုန်းကို ထပ်ပြီး မျိုသိပ်မထားနိုင်တော့ဟန်။

အကြည့်တို့က ခါတိုင်းထက် စူးရှနေသည်။ မျက်ခုံးတို့ကို ခါတိုင်းထက် တွန့်ကုပ်ထားသည်။ နှုတ်ခမ်းကို ခါတိုင်းထက် တင်းစေ့ထားသည်က မထီမဲထင် နိုင်လှပေသည်။ သူ့နှုတ်ခမ်းမှ 'မြူ' ဟု အသိမှတ်မဲ့ ရေရွတ်မိသောအခါ ထို နှုတ်ခမ်းသည် မဲ့ပြုံးတစ်ခုအား ပိုင်နိုင်စွာ ဖန်တီးလိုက်လေသည်။ ဘုရား...ဘုရား။ ထိုမဲ့ပြုံးသည် သူ့ဖြစ်တည်မှုကို ထက်ခြမ်း အက်သွားစေခဲ့ပါသည်။

အိမ်ထောင်သက် ငါးနှစ်အတွင်း၌ မြူထံမှ သည်လို လျောင်ပြောင်သရော်စွာ တစ်ခါမျှ အကြည့် မခံခဲ့ရဖူးပါ။ အသက် ပိုကြီးသည်ကတစ်ကြောင်း၊ 'စီနီယာ ပန်းချီဆရာ' ဟူသော သတ်မှတ်ချက်ကြောင့်တစ်ကြောင်း နဂို ကတည်းက လေးစားမှုတစ်ခဲဖြင့် သူပြောသမျှ ယုံကြည်ပေးတတ်သော မြူ... ထိုကဲ့သို့ ဘယ်အချိန်ကတည်းက ကြည့်တတ် ပြုံးတတ်နေခဲ့သလဲ သူ စဉ်းစား၍ မရပါ။ ခါးကိုထောက်လျက် သူ့ကို စူးနင့်စွာကြည့်နေပုံသည် ခြေသေ့က သူ့သားကောင် ခုန်အုပ်ဝါးမျိုတော့မလို။ သိမ်မွေ့မှုသည် မြူထံတွင် ရှာ၍ မရနိုင်လောက်အောင် ပျောက်ဆုံးနေခဲ့ပြီ။

အခုတော့ မြူ့မျက်ဝန်းတွင်တစ်ချိန်က အတိုင်းသားတွေ့ခဲ့ရသော ရိုးရှင်းဖြူစင်မှုများ ပျောက်လျက်နာကြည်းရိပ်များ နာကျင်စွာ စွန်းထင်းလျက် ရှိသည်။ ယုံကြည်မှုကို ချိုးဖောက်ခြင်းခံလိုက်ရသော နောက် သူ ဘာလုပ်လုပ် ယုံကြည်တော့မှာ မဟုတ်သော မျက်ဝန်းအစုံ။ မြူ့အကြည့်နှင့် မြူ့ပန်းချီကားကြားတွင် သူမှာ အနေခက်လှသည်။ ပန်းချီကားကိုပဲ ကြည့်ရမလား၊ မြူ့ကိုပဲ ကြည့်နေရမလား ဝေခွဲ မရနိုင်။ ကျစ်ဆုပ်ထားသော လက်သီးခဲအကြားတွင် ချွေးများပင် စေးထန်းနေပြီ။

ထိုအချိန်တွင် အနားသို့ ရောက်လာသော အသံများကြောင့် အကြည့်တို့ မြူထံမှ မိန်းကလေးနှစ်ယောက်ထံ ရွေ့လျားသွားသည်။ ထို့နောက် ချက်ချင်းဆိုသလို မြူထံသို့ အကြည့် ပြန်ရောက်၏။ ဤတွင် ရင်ဘတ်တစ်လုံး ဟာဆင်းသွားရသည်။ ယောကျ်ားသားတစ်ယောက် အနီးသို့ မိန်းကလေးနှစ်ယောက် ရောဝဲရှိလာသည်

www.burmeseclassic.com

www.burmeseclassic.com

အခိုက်အတန့်တွင် မြူသည် သူ့ကို ထိုသို့သော အကြည့်မျိုးဖြင့် ကြည့်ဖို့ မကောင်းပါ။ ရိုင်းရိုင်းပျပျ စော်ကားလိုက်သော အကြည့်။ 'ဘယ်လောက်တောင် ရွံဖို့ကောင်းတဲ့အကြည့်လဲ။ ကျေးဇူးပြုပြီး မင်းအကြည့်ကို ရုပ်သိမ်းပေးပါ မြူ။ ကိုယ် အဲဒီလိုလူစားမျိုးမဟုတ်ဘူး'။ အုတ်အုတ်ကျက်ကျက်ထွက်ပေါ်နေသော စကားသံများအကြားမှ မြူကြားအောင် သူ အော်ပြောလိုက်သော်လည်း စကားလုံးတို့ နှုတ်ခမ်းမှ ထွက်ကျမလာခဲ့။ မြူ့အကြည့်တို့ကို ခံနိုင်ရည်မရှိတော့၍ ပန်းချီကား ဘက်သို့ ပြန်လှည့်လိုက်ရုံသာ တတ်နိုင်တော့သည်။

မိန်းကလေးနှစ်ယောက်တွင် တစ်ယောက်သည် ပန်းချီကားကို မျက်ခုံးများ တွန့်ကွေးလျက် စိုက်ကြည့်နေ၏။ နောက်တစ်ယောက်ကတော့ ပန်းချီကား၏ အောက်ခြေတွင် ရေးထိုးထားသော 'Not for Sale' စာတန်းကို အသံထွက် ဖတ်နေ၏။ ပန်းချီကားကို ကြည့်နေသလိုလိုနှင့် သူ အသံများကို မသိမသာ နားစွင့်နေမိသည်။

ပန်းချီကားကို ကြည့်ပြီး သူတို့နှစ်ယောက် ဘယ်လိုများ ဝေဖန်ပြောဆိုကြမလဲ။ ပန်းချီကားထဲက သူ၏ ဝတ်လစ်စလစ် ခန္ဓာကိုယ်ကောက်ကြောင်းအား ဖောက်တွင်း မြင်နိုင်လောက်အောင် သည်းကလေးမလေးတွေမှာ ပန်းချီအာရုံ ရှိများနေသလား။ ပန်းချီပညာကို သင်ကြားနေသူ သို့မဟုတ် ပန်းချီဆရာမ ပေါက်စလေးတွေ ဆိုလျှင်တော့ အရောင်၏ ယှက်နွယ်မှုများကို မြင်မှာ သေချာပါသည်။ အလို...အတွေးမှ ရှက်စိတ်သည် မျက်နှာကို ထူပူသွားစေ၏။ သို့သော် သူကံကောင်းသည် ဆိုရမည်။

'ဟင်...ပန်းချီကားက ဘာပန်းချီကားလဲ၊ ဘာတွေ ဆွဲထားမှန်းကို မသိဘူး'

'သစ္စာရှင်းတမ်းတဲ့၊ ပေးထားတဲ့ နာမည်နဲ့ ဆွဲထားတဲ့ ပုံကို ဘယ်လိုမှ ဆက်စပ်မရဘူး။ ငါတော့ ရောင်စုံဘဘောက်တုံးတွေကို ဟိုခြစ်၊ ဒီခြစ် ခြစ်ထားတာပဲ မြင်တယ်'

'အေးလေဟယ်...ဒါများ ရောင်းရန် မဟုတ်တဲ့။ ဘာတွေများ ထူးကဲနေလို့ မရောင်းနိုင်၊ မပြုနိုင် ဖြစ်နေတာလဲ မသိဘူး'

'လူ စိတ်ဝင်စားအောင် တမင်လုပ်တာပဲ ဖြစ်မယ်။ မရောင်းလည်း နေပေါ့၊ ကိုယ် နားမလည်တဲ့ ပန်းချီကားကို ဝယ်ဖို့ စိတ်ကူး မရှိဘူး'

သက်မကို ဟိုက်ခနဲ ရှိုက်မိသည်။ ထိုစဉ် သက်ပြင်းချသံက ရှည်လျားစွာ ထွက်သွား၏။ အသံကျယ်သွား၍လား မသိ။ မိန်းကလေးနှစ်ယောက်သည် ကြောင်တောင်တောင်နှင့် မော့ကြည့်လာသည်။ သူတို့အကြည့်တွင် 'ငါတို့ နားမလည်တဲ့ ပန်းချီကားကို သူက ထူးထူးဆန်းဆန်းသက်ပြင်းတွေ ဘာတွေတောင် ချလို့' ဆိုသည့် အဓိပ္ပာယ်တို့ အထင်းသားပေါ်လွင်နေ၏။ သူက ဘာမှ မပြောဘဲ စူးစူးရဲရဲ စိုက်ကြည့်လိုက်တော့မှ မျက်နှာများ ရဲမဲ့ကာ တစ်ဖက်သို့ ပြန်လှည့်သွားသည်။

မြူသာ သူ့ကို ဆက်ပြီး စိုက်ကြည့်နေဦးမည်ဆိုလျှင် ယခု ဖြစ်ပျက်နေသည်ကို ကြည့်ပြီး ခပ်လှောင်လှောင် ပြုံးနေမှာ သေချာပါသည်။ နောက်သို့ သူ လှည့်မကြည့် ဖြစ်ပါ။ တော်သေးသည်။ ထိုကောင်မလေးနှစ်ယောက်သည် မြူ့ပန်းချီကားထဲက သူ့ခန္ဓာကိုယ်ကောက်ကြောင်း အားမမြင်သွားခဲ့ပေ။ အကယ်၍ မြင်များ သွားခဲ့ပါက 'အို' ဟု အာမေဍိတ်ပြုကာ တခစ်ခစ်နှင့် ရယ်နေလျှင် ရှက်များ ရှက်ရချည့်။

အခုတော့ ရင်အေးရပြီ။ အထူးသဖြင့် သူ့ကျောပြင်အား ထိုးကုပ်နေသော ပုစွန်ဆီရောင် လက်သည်းရှည်များကို မမြင်သွားခြင်းသည် ပိုပြီး ရင်အေးစရာ ကောင်းလှသည်။ သည်လို ဆိုတော့လည်း ပန်းချီကားကို ဖြုတ်ပစ်စရာ မလိုတော့ဘူးပေါ့။

❑

ပုစွန်ဆီရောင် လက်သည်းခွံများကို ကြည့်ရင်းက ထိုနေ့က သူ့အသွေးအသားတွင် ဖွဲ့တည်ခဲ့သော ခံစားချက် ပြာပြာများ သွေးကြောများတစ်လျှောက် ပြန်လည် စီးဆင်းလာသည်။ ပန်းချီရှေ့တွင် အစန့်သား ရပ်နေရင်း ကပင် မောဟိုက်လာသလို ရှိ၏။ အသက်ရှူသံ ပြင်းပြင်းများကို ပြန်လည် ကြားယောင်မိသည်။ နီညိုရောင် ဆံနွယ်စတို့မှ သင်းပျံ့ပျံ့ ရှုရှိုက်အနံ့တို့ ပြန်မွှေး၏။ အထူးသဖြင့် လက်သည်းခွံများ၏ ထိုးကုပ်ခြင်းခံရသော အသားစိုင် နေရာမှ စူးအောင့်မှု၊ နောက်ကျောဆီမှ စူးအောင့်အောင့် ဖြစ်လာ၍ လက်ဖြင့် စမ်းမိသည်တွင် 'မေဇော်'ဟူသော နာမည်ကို သူ တိုးဖွစွာ ရေရွတ်မိသည်။

မေဇော်သည် သူ၏ ငယ်ရည်းစား ဖြစ်၏။ မြူနှင့် လက်ထပ်လိုက်ကတည်းက သူတို့ ကွဲကွာသွားခဲ့သည်မှာ လွန်ခဲ့သော ခြောက်လလောက်ကမှ ဒဂံုးလမ်းတွင် ပြန်လည် ဆုံစည်းမိခဲ့သည်။ ထိုသို့ ဆုံစည်းမှုတွင် အတိတ်က အမှတ်တရများ ပစ္စုပ္ပန်ဆီသို့ ကူးလူးလာသည်ကို သူရော မေဇော်ရော မတားဆီးနိုင်ခဲ့။ အနည်းငယ်မျှပင် မတားဆီးနိုင်ခဲ့ပါ။ ယခု မြူ့ပန်းချီကားသည် သူတို့နှစ်ယောက်၏ တစ်ဖန် ပြန်ကျွမ်းဝင်မှုကို ပြသော သက်သေမှတ်တမ်းပေါ့။

ခန္ဓာကိုယ်သည် ရှက်စိတ်ကြောင့် ပူနွေးလာပြန်၏။ ပန်းချီကားကို ရေးဆွဲနေချိန်တွင် မြူတော့ ဘယ်လို ခံစားခဲ့ရသလဲ မသိ။ သေချာတာကတော့ သည်ပန်းချီကား ဖြစ်တည်လာဖို့ ရင်းနှီးခဲ့ရသော မြူနာကျင်မှုသည် ယခု သူ့ရှက်စိတ်ထက် ကြီးမားပါလိမ့်မည်။

ပန်းချီကား၏ ညာဘက်ပေါင်ထောင့်စွန်းအနီးတွင်ရေးဆွဲထားသော မေဇော်အိမ် မီးဖိုချောင်ထဲက ပန်းအိုးလေးကို ကြည့်ပြီး စိတ်တွင် မြူ့ကို တွေးမြင်သည်။ နှုတ်ခမ်းကို ပေါက်မတတ် ကိုက်

www.burmeseclassic.com

ပြီး မျက်ရည်များ တသွင်သွင် စီးကျနေမည်ဖြစ်သောမြူ။ ရွှံရက်ဖွယ်ရာ မြင်ကွင်းကို ကြည့်ရှုနေပြီး လက်သီးကို ခပ်တင်းတင်း ကျစ်ဆုပ်ထားမည်ဖြစ်သော မြူ။ ထိုစဉ်က သူနှင့်မေဇော်၏ ကျွမ်းဝင်မှုကိုကြည့်ပြီး မြူ ဘယ်လောက်တောင် နာကျင်နေလိုက်မလဲ။ ပန်းချီကားပေါင် အနီးတစ်ဝိုက်က အရောင်ရင့်ရင့်များက မြူ၏ မုန်းတီးမှု၊ နာကျင်မှု၊ နာကြည်းမှုတို့ကို တောက်ပစွာ လှစ်ဟပြနေပါသည်။

ထိုအချိန်တွင် အနားသို့ အရိပ်တစ်ခု ရောက်ရှိလာပေရာ လန့်ဖျပ်ပြီး အတွေးတို့ အဝေးသို့ လွင့်စဉ်သွားသည်။ ငဲ့ကြည့်လိုက်တော့ ပန်းချီဆရာ ကိုငြမ်းမိုး။

'မြူကတော့ လုပ်ချလိုက်ပြီဟေ့၊ လူပုံက အေးမလိုလိုနဲ့ ဆွဲလိုက်တဲ့ ပုံက လုံးဖျားခါတယ်။ ကိုယ်တွေတောင် မဆွဲရဲတဲ့ ပုံကို သူက ဆွဲချပစ်လိုက်ပြီ။ ကုန်ကြမ်းတွေ...ကုန်ကြမ်းတွေ'

ကိုငြမ်းမိုးသည် သူ့ပြည်တည်တည်နှင့် ကြည့်သည်။ အကြည့်တို့သည် အားကျသလိုလို၊ လှောင်ရယ်နေသလိုလို။ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ယင်လာသည်။ ရုက်စိတ်တို့ မွန်ထူနေပြီ။ ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်နေသည်ကို ရပ်ခိုင်းလို့ရလျှင် ကောင်းမည်။ ကိုငြမ်းမိုးကို ပြုံးပြရမလား၊ ငိုပြရမလား မဝေခွဲတတ်။ ပန်းချီကား ဆွဲဖြုတ်ပစ်ချင်စိတ်သာ ပြန်နိုးထ,လာသည်။ ကိုငြမ်းမိုးတစ်

> ယုံကြည်မှုကို
> ချိုးဖောက်ခြင်း
> ခံလိုက်ရသော
> နောက်
> သူ ဘာလုပ်လုပ်
> ယုံကြည်တော့မှာ
> မဟုတ်သော
> မျက်ဝန်းအစုံ
> မြူ့အကြည့်နှင့်
> မြူ့ပန်းချီကား
> ကြားတွင်
> သူမှာ အနေခက်
> လှသည်သည်
> ပန်းချီကားကိုပဲ
> ကြည့်ရမလား
> မြူ့ကိုပဲ
> ကြည့်နေရမလား
> ဝေခွဲမရနိုင်

ယောက် သူ့ရဲ့ ဝတ်လစ်စလစ် ခန္ဓာကိုယ်ကို မြင်သွားပြီပေါ့။ ထိုအသိသည် သူ့ကို တမြိုက်မြိုက် ကျွမ်းလောင်စေပါသည်။

'ဒါပေမဲ့ မြူ ကောင်မလေးရဲ့ ဆံပင်ကို အရောင်ထည့်တာ မှားနေတယ်။ မြူ့ဆံပင်က နီညိုရောင်မှ မဟုတ်ဘဲ။ အညိုရောင် ဖျော့ဖျော့ကလေးကို ဒီလောက်အရောင် မတောက်သင့်ဘူးလေ'

'ပေးထားတဲ့ ခေါင်းစဉ်ကိုလည်း ကိုယ်သဘောမကျမိဘူး။ မသက်ဆိုင်သလို ခံစားရတယ်။ ဒီထက် ပိုကောင်းတဲ့ နာမည်တစ်ပုံကြီး ရှိနေလျက်နဲ့ ဒီလောက်ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းလေးကို သစ္စာဆိုတဲ့ စကားလုံး သုံးကို မသုံးသင့်ဘူး'

တော်ပါတော့...မပြောပါနဲ့တော့ဟု အော်ပစ်လိုက်ချင်သည်။ ဖြစ်နိုင်လျှင် နီညိုရောင် ဆံနွယ်စတို့၏နေရာကို တို့ထိထားသော ကိုငြမ်းမိုး၏ လက်ညှိုးကို ဖြတ်ပစ်လိုက်ချင်၏။ အဲဒါ မြူ့ဆံစတွေမဟုတ်ဘူး ကိုငြမ်းမိုး။ ကိုငြမ်းမိုး၏ စကားလုံးတို့က သံမှိုရိုက်သကဲ့သို့ နားစည်သို့ တဒိန်းဒိန်း လာဆောင့်သည်။ ပျက်ယွင်းသွားသော မျက်နှာကို မဆိုသလောက်မျှ မထိန်းချုပ်နိုင်။ ထို့ကြောင့် ကိုငြမ်းမိုး မမြင်အောင် တစ်ဖက်သို့ လှည့်ထားမိသည်။ ကိုငြမ်းမိုးက 'ခင်ဗျားရော ဘယ်လိုမြင်လဲ ကိုလင်းဝေ'ဟု မေးတော့မှ မျက်နှာကြောကို မရမက တည်ရသည်။ သို့သော် ဘာစကား ဆိုရမှန်း မသိ။ စကားတစ်ခွန်း ပြောဖို့ပင် နှုတ်ခမ်းသည် အောက်ဆီဂျင် အလုံအလောက် မရရှိသလို လှုပ်ရှားမှု အားနည်း၏။ သို့ရာတွင် ကိုငြမ်းမိုးက သူ့ဘာသာ မေးပြီး သူ့ဘာသာသူ ဖြေသွားပေလို့သာ တော်တော့သည်။

'အင်းလေ...ခင်ဗျားကတော့သဘောခွေနေမှာပေါ့။ ကျွန်တော် ပြောတာတွေ မြင်မှာတောင် မဟုတ်ဘူး'

ကိုငြမ်းမိုးသည် ရယ်သွမ်းသွေးကာ သူ့ပခုံးကို ခပ်ဆဆ ပုတ်သည်။ ထိုစဉ် ခန္ဓာကိုယ်၏ တုန်ယင်မှုကို ခံစားမိသွားမည်စိုး၍ အသက်ကို မျှဉ်းမျှဉ်းမျှ မရှူရဲ။ ကိုငြမ်းမိုး၏ လက် သူ့ပခုံးဆီမှ အတန်ငယ် ဝေးကွာသွားတော့မှ လေကို ဝ,အောင် ရှူရှိုက်ပြီး သက်ပြင်းပူပူများကို

ဟူးခနဲ မှုတ်ထုတ်ပစ်ရသည်။ ပေ ၄၀ ပတ်လည် ပန်းချီပြခန်းသည် သူ၏ သက်ပြင်းခိုးရှိုက်သံများနှင့် မွန်းကျပ်လျက် ရှိသည်။

မဖြစ်ဘူး...မဖြစ်ဘူး။ ကိုငြမ်းမိုး သည်နေရာကနေ ထွက်သွားလျှင် ပန်းချီကားကို ဖြုတ်ပြီး အခြားတစ်နေရာရာကို သွားထားမှဖြစ်မည်။ ❑

ပြခန်းအတွင်း ပန်းချီကား ကြည့်ရှုသူများ တဖြည်းဖြည်း များလာသည်နှင့်အမျှ သူ့အဖို့ မွန်းကျပ်မှုသည် တစ်စတစ်စ သိပ်သည်းလာသည်။ ဂျူးလူမျိုးတို့ကို အဆိပ်ငွေ့ပေးကာ အစုလိုက်အပြုံလိုက် ဇီဝိန်ငြွေခဲ့သော အော့ဇ်ဝစ်ခ် အကျဉ်းထောင်ထဲ ရောက်ရှိနေရသလိုပင်။ ဖျားနာချင်သလိုလို၊ သန့်စင်ခန်း ဝင်ချင်သလိုလိုနှင့် ရင်တွင် ဂနာမငြိမ်စိတ်ကို မကြာခဏ ဖြစ်ပေါ်၏။

မြူသည် သူ၏ သစ္စာခဲ့ခြင်းကို သိနေသည်မှာ ကြာပြီ ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့သော် စကားတစ်စမျှ မဟဘဲ 'သစ္စာရှင်းတမ်း' ပန်းချီကား ပန်းချီပြပွဲတွင် ချပြလိုက်ခြင်း၏ အကြောင်းရင်းအား တဖြည်းဖြည်း ရိပ်မိလာလျှင် ယောကျ်ားအဖြစ် ဒုံးသလို ခံစားမိသည်။ ကြောင်က ကြွက်ကို အမြီးကနေ ဆွဲမြောက်လိုက်၊ ပြန်ဖမ်းယူလိုက် ဆော့ကစားနေသလိုမျိုး။ မြူ့ 'ဘာမှ သိလောက်မှာ မဟုတ်ဘူး'ဟု ထင်ထင် ခဲ့သောအသိသည်ပင် အနှောင်တကို ဖြစ်စေခဲ့စသည်။ တစ်နေ့တစ်နေ့ ပန်းချီဆွဲဖို့

www.burmeseclassic.com

www.burmeseclassic.com

သား၏တစ်နေ့တာကိစ္စရပ်များကိုဆောင်ရွက်ဖို့တို့နှင့်သာ အလုပ်ရှုပ်နေတတ်သောမြူး။ သူ ထိုသို့ပင် ယူမှတ်ခဲ့ပါသည်။ အခုတော့ ထိုမှတ်ယူခဲ့သမျှ အမှားကြီး မှားလေပြီ။

ယခု သူ့စိတ်ထဲတွင် ပန်းချီရေးဖို့ စိတ်ကူးလည်း မရှိ။ စိတ်ကူးယဉ် ချစ်တင်းနှောဖို့ မေဇော်လည်း မရှိ။ 'ဘာကြောင့် ဒီပန်းချီကားကို ရေးတာလဲ' ဆိုပြီး အပြစ်တင်စကားဆိုဖို့ မြူလည်း မရှိ။ ဘာဆိုဘာမျှ မရှိ။ မနက်က စားခဲ့သော မနက်စာပင် အစာအိမ်အတွင်း အစာခြေလောက်ပြီး ဖြစ်မည်။ ဘာများ ဆက်ဖြစ်လိမ့်မလဲ ဆိုသော စိုးရွံ့မှုသာ သူ့စိတ်တွင် နွေးထွေးနေ၏။

သူ့လက်ကို လာရောက်ဆုပ်ကိုင်သော နွေးထွေးမှုကလေးကို ငုံကြည့်လိုက်လျှင် ပြီးရယ်ရွှင် လူသားလေးတစ်ဦးကို တွေ့သည်။ ထိုလူသားလေး၏လက်မှ နွေးထွေးနူးအိမှုသည် သူ့လက်၏အေးစက်မှုတို့ကို ထိုးဖောက်ကာ သူ့အသွေးသားထဲသို့ တိုးဝင်နေ၏။ နှုတ်ခမ်းမှ 'သား' ဟု ရေရွတ်လိုက်သော အခိုက်တန့်ကမ္ဘာပေါ်ရှိ စိုးရိမ်ကြောင့် ကြမ္မများ သူ့ခန္ဓာကိုယ်တွင်း သို့လှိုက်ကာ ယှက်ကာ ဝင်ရောက်လာသည်။

'ဟင်...ဖေဖေ့လက်ကြီးက အေးစက်နေတာပဲ'

သား၏ အသံသည် ကျယ်လွန်းသည် ထင်၏။ ကိုငြမ်းမိုးသည် မြူ့ ပန်းချီတစ်ခု ကြည့်နေရာက သူ့အား တစ်ချက် လှမ်းကြည့်လိုက်သည်ကို တွေ့ရသည်။ အတ္တကြီးသည်ပဲ ပြောပြော၊ သားအား 'သစ္စာရှင်းတမ်း' ပန်းချီကားပေါ်က ဆေးသားတစ်စက်ကိုမျှ မကြည့်စေချင်ပါ။ အထူးသဖြင့် သူ၏သစ္စာမဲ့မှုကို မမြင်စေချင်။ သို့သော် လျင်မြန်သွက်လက်လှသော သား၏ ပြုမူ ပြောဆို ပုံတို့ကို သူ့စိတ်က လိုက်၍ မမီခဲ့ပါ။

'ဖေဖေ ဒါက ဘာပုံကြီးလဲ ဟင်' ဆိုသော မေးသံကို ကြားလိုက်ရ၍မှိန်၌ အတွေးတို့ အေးစက် သေဆုံးသွားပါသည်။ နှလုံးက လည်ချောင်း ဝသို့ ဆောင့်တက်လာသည်တွင် နှုတ်ခမ်းမှ ထွက်ကျလာသော 'ဟင်' အသံသည် သူ၏ နားတွင်း၌ ဗို့အား ၁၅၀၀ ပွင့်ထွက်နှုန်းဖြင့် ပေါက်ကွဲသွားသည်။ သူ့ဦးခေါင်းထက်တွင် သေမင်းများ ပျံဝဲနေသလား။ အေးစက်စက် ချောက်ချားမှုတို့ တစ်မုဟုတ်ချင်း သူ့ခန္ဓာကိုယ်ကို လွှမ်းခြုံလာ၏။

သူ သားကို ဘယ်လို ရှင်းပြရမှာလဲ။ ဖုဖုထစ်ထစ် ဝါလိမ္မော် ဘလောက်တုံးတွေက ဖေဖေ့ ခန္ဓာကိုယ်က ကြွက်သားတွေဖြစ်ကြောင်း၊ ရှည်မျောမျော နီညိုရောင် ဆေးစက်တွေက ဖေဖေ့ယဉ်ရည်းစား၏ ဆံပင်တွေဖြစ်ကြောင်း၊ ဝါလိမ္မော် ဘလောက်တုံးတွေပေါ်က ခပ်ထင်းထင်း ပုစွန်ဆီရောင် အစက်အလေး လေးစက်က ထိုင်ယဉ်ရည်းစား၏ လက်သည်းရှည်တွေဖြစ်ကြောင်း သူ ဘယ်လို ရှင်းပြရပါ့။ လက်သည်းရှည် မထားတတ်သော၊ ဆေးမကူထားသော မြူ့ လက်သည်းဖြူဖြူလေးတွေကို ပြေးသတိရမိသည်။

အရှက်တရားသည် သေမင်း၏ လက်တံရှည်များလို ခြောက်လှန့်နေသည်။ နေမထိ၊ ထိုင်မသာ စိတ်က ဖိစီး၏။ ထိုအချိန် သားဆီက 'ဟိုမည်းမည်း အစက်ကလေးက ဖေဖေ့ကျောကုန်းက အမှတ်ကလေးနဲ့ တူတယ်ဟ' ဟု ကြားလိုက်ရသည်မှာ မီးတောင်မှ ချော်ရည်များ ပေါက်ကွဲထွက်လာသလို သူ့ခန္ဓာကိုယ်တွင်းမှ ယူကျူးမရမှုများ စိမ့်ထွက်လာသည်။ ထိုစဉ် ကိုငြမ်းမိုး၏စကားကြောင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ယင်သွားအောင် တုန်လှုပ်သွားမိသည်။ 'ပန်းချီဆရာ၊ ပန်းချီဆရာမရဲ့ သားလို့ မပြောရဘူးဟေ့' တဲ့။

ရုပ်ပျက်ဆင်းပျက် မဖြစ်သွားစေဖို့ မူရာဟန်ပန်များကို တတ်နိုင်သလောက် ချုပ်တည်းထားရသည်။ သို့သော် ပေါက်ကွဲနှုန်းက ပြင်းထန်သည်မို့ ဟန်ဆောင်မှုတို့ ပီပြင်လိမ့်မည် မထင်။ ထိုစဉ် 'အလှပဆုံးသော လက်စားချေမှု' ဆိုတာ ဘာလဲ သူကောင်းကောင်းကြီး သဘောပေါက်လိုက်ပြီ။ ပီရိသေသပ်လှပါဘိ...မြူရယ်။ သို့ရာတွင် သူ ကံကောင်းနေသည်ဆိုရမလား။ သူ မူပျက်နေသည်ကို ကိုငြမ်းမိုး ရိပ်မိတော့မည်ဆဲဆဲ ကိုငြမ်းမိုး၏ အာရုံတို့ကို လွှဲပြောင်းပေးမည့်အခြေအနေတစ်ရပ် ပေါ်ပေါက်လာသည်။ မြူ့၏ အသံသည် ကိုငြမ်းမိုး၏ အာရုံတို့ကို သူ့ထံမှ လွှဲပြောင်းယူသွားသည်။

'မင်္ဂလာပါရှင်...အားလုံး ပန်းချီကားတွေကို စုံလင်အောင် ကြည့်ရှုပြီးကြပြီ ထင်ပါတယ်။ ဒီပန်းချီပြပွဲလေးကတော့ ကျွန်မရဲ့ တတိယအကြိမ် မြောက် ကျင်းပပြုလုပ်တဲ့ ပြပွဲလေးပါ။ ဒီတစ်ခါတော့ အာသီသတစ်ခု ရှိလာတယ်ရှင့်။ ဘာလဲဆိုတော့ ကျွန်မရဲ့ ပန်းချီကားတွေကို ကြည့်ပြီး အဲဒီကြည့်ခြင်းကနေ ထွက်ကျလာမယ့် အသံတွေကို နားထောင်ချင်ပါတယ်။ အဲဒါကြောင့် ကျွန်မကို တစ်ခုခု ပြောပေးကြဖို့၊ မေးစရာ ရှိရင်လည်း မေးကြဖို့ တောင်းဆိုပါရစေ'

တကယ်တော့ ကံကောင်းသည်ဟု သူ ထင်လိုက်တာပါ။ ပရိသတ်တစ်ယောက်၏ 'သစ္စာရှင်းတမ်း ပန်းချီကားကို ဘာကြောင့် ရေးခဲ့တာလဲ၊ ဘာကြောင့် Not for Sale လို့ တံဆိပ်တပ်ခဲ့တာလဲ' ဆိုသော မေးခွန်းကို ပြန်ဖြေလိုက်သည့် မြူ့အဖြေကို ကြားလိုက်ရသည့် အချိန်မှာ ထိုကံကောင်းမှုတို့ အသွင်ပြောင်းကုန်သည်။ အဖြစ်အပျက်တို့သည် အကွက်ကျကျစီစဉ်ထားသလား အောက်မေ့ရလောက်အောင် သေသပ်လွန်းပါသည်။ မြူသည် မေးခွန်းကို တည်ငြိမ်စွာ ဖြေဆိုပါသည်။ သူ့မှာသာ မြူ့ဘယ်လို ဖြေလိုက်လေမလဲ၊ သူနှင့် မေဇော်၏ ကျွမ်းဝင်မှုကို ဖွင့်ချပြလိုက်လေမလား စိတ်လှုပ်ခတ်နေရသည်။

www.burmeseclassic.com

ရိုးသား ဖြူစင်ခဲ့သလောက် သိပ်ရက်စက်တတ်သည့် မြူ ပေပဲ။

'တကယ်တော့ မေးခွန်း နှစ်ခုစလုံးအတွက် အဖြေက တစ်ခုတည်းပါပဲ။ အဲဒါက ဘာလဲဆိုတော့ အဲဒီပန်းချီကားလေးကို မောင်နဲ့ ကျွန်မ ရဲ့အိပ်ခန်းထဲမှာ ချိတ်ချင်လို့ပါ။ အဲဒီစိတ်တစ်ခုတည်း ကြောင့်ပဲ ဒီပန်းချီကားကို ရေးဆွဲဖြစ်ခဲ့တာပါ'

မြူသည် စကားလုံးတို့ကို ရေရွတ်နေရာက ခေတ္တ ရပ်လိုက်ပြီး အကြည့်ကို မေးခွန်းမေးသူထံမှ သူ့ထံသို့ ရွှေ့လာသည်။ ထိုစဉ် ရင်တစ်ခုလုံး ဒိန်းခနဲ ခုန်ဆောင့် သွားသည်။

'ဘယ်လိုလဲ မောင်၊ ကျွန်မရဲ့ ပန်းချီကားလေးကို အခန်းထဲမှာ ချိတ်ခွင့်ပေးမယ် မဟုတ်လား'

ပရိသတ်ထံမှ လက်ခုပ် သံများ လွှဲထွက်လာသည်။ ထိုအချိန်၌ မြူသည် သူ့ကို ရှက်ဟန်ပြုကာ စိုက်ကြည့် လာ၏။ အကြည့်နှင့် အမူ အရာကား လုံးဝ မလိုက်ဖက် လု။ မျက်လုံးတစ်ခုလုံး ကြည့်လျှင် သူ့ကို ချစ်ခင် စိတ်များ ပြည့်ဝနေသယောင် ရှိသော်လည်း မျက်ဆန်နက် ၏ အနက်ရှိုင်းဆုံး တစ်နေရာ မှာတော့ 'ရှင် အရှင်လတ် လတ် သေစေရမယ်' ဆိုသော ဟန်ဆောင် ငြိုးမျက်မှုတို့ စိမ့် ထွက်နေသည်ကို သူ အတိုင်း သား မြင်နေရသည်။ သို့သော် မြူ၏ ပန်းချီပရိသတ်ကား မခြင်။ အဘယ်ကြောင့်ဆို သော် သူတို့ အကြည့်အား လုံး သူ့ထံသို့ ရောက်ရှိနေသော ကြောင့်ပင်။ ယောကျ်ားတစ် ယောက်၏ ဖြစ်တည်မှုတို့ ပြို လဲသွားပြီ။

မင်း ဘာလို့ ဒီလောက် တောင် အမျက်အငြိုး ကြီးရ တာလဲ မြူရယ်။

သားသည် သူတို့နှစ် ယောက်နှင့်အတူ အိပ်နေသေး သည်။ ငယ်လွန်းသေးသည် မို့ အခန်းသီးသန့် မခွဲပေးရ သေး။ မူကြိုတက်ပြီး တစ် နှစ်၊ နှစ်နှစ်လောက်နေမှ ခွဲ ပေးမလား စိတ်ကူး၏။ ဒါကို မြူက အခန်းထဲတွင် သူ့ကို အစဉ် ထိတ်လန့်နေစေမည့် ပန်းချီကားကို ချိတ်မတဲ့။ ဘယ်လို မြူပါလိမ့်။ မြူ သည်လောက် မရိုင်းစိုင်းသင့် ပါ။ မြူ့ထံတွင် ပန်းချီပညာ ကို စတင် သင်ယူနေပြီဖြစ် သော သား၏ပုံရိပ်တို့ သူ့ အတွေးထဲသို့ တိုးဝင်လာ သည်။ ထိုအချိန်တွင် မေး ခွန်း မေးသံကို ထပ်ကြား လိုက်ရပြန်သည်။

'နောက်တစ်ခု မေးချင် တာက အဲဒီပန်းချီကားကို ဘာလို့ 'သစ္စာရှင်းတမ်း' လို့ အမည်ပေးခဲ့တာလဲ'

'အင်း...အဲဒါကတော့ ကျွန်မ မောင့်ကို ဘယ် လောက် ချစ်သလဲဆိုတာ ဒီ ပန်းချီကားလေးနဲ့ သက်သေ ပြချင်လို့ပါပဲ။ ကျွန်မရဲ့ အချစ်က ကျွန်မရဲ့ သစ္စာဆို တာ ဒီပန်းချီကားလေးနဲ့ သိစေချင်တယ်လေ။ အဲဒါ ကြောင့် ပန်းချီကား နာမည် ကို **သစ္စာရှင်းတမ်း**လို့ ပေးခဲ့ တာပေါ့'

သား၏ လက်ကလေး သူ့လက်ထဲက ဖတ်ခနဲ ပြုတ် ကျသွားသည်။

ထိုနေ့က မြူ၏ **သစ္စာ ရှင်းလင်းပွဲ** အမည်ရ ပန်းချီ ပြပွဲသည် အောင်မြင်စွာ ပြီးဆုံးခဲ့လေသည်။

■

နွေလ

www.burmeseclassic.com

www.burmeseclassic.com

ားဝါသရုပ်ဆောင်သင်တန်းရဲ့
ာက်သစ်လေး
ရွှေမှုန်ရတီ၊

8 Days Interview မှ

ရွှေမှုန် ရဲ့အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။

အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာ၊ဂျွန်လွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

ဘယ်လို talent တွေ ပြရသေးလဲ။

ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင်သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

သင်တန်းကရော ဘယ်လိုတက်ပြစ်တာလဲ။

ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရှိုးလျှောက်တာလည်း ရှိသေးတယ်။

ဇာတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။

ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစဉ်အဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။

ွန်ဦးအထူးပညာဒါန
ုပ်ဆောင်(အခြေခံ)
သင်တန်းသို့
ဘာရောက်လိုသူများ
ဘယ်တက်ရောက်
ိုင်ပါကြီး။

ရွှေပုပ္ပါးဦးအုံးခိုင်(တာဝန်ခံ)
စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း

အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်းမြို့နယ် - ၅၄၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လဲသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည်မဟုတ်ပါ)

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၂၂၊ စက်တင်ဘာ၊ ၂၀၁၆

ဒီလမှာ မဂ္ဂဇင်းဝတ္ထုရည်စ/ဆုံးလောက် ရှည်တဲ့စာမူတွေ ပို့ထားတာ တွေ့ထားပါတယ်။ စည်းကမ်းချက်နဲ့မညီပါဘူး။ နောင်ကို စည်းကမ်းချက်သေချာဖတ်ပြီးမှ စာမူတွေကို ပေးပို့စေချင်ပါတယ်။

၁။ *သမုဒယရောဂီးကြောင်း*
သီတာကြည်

အပြန်အလှန်စကားပြောကို အားပြုပြီး ရေးထားတဲ့စာမူဖြစ်နေပါတယ်။ အကြောင်းအရာရိုးစင်းနေသလို တင်ပြပုံကလည်း ဆွဲဆောင်မှုအားနည်းနေပါတယ်။

၂။ *ညနေလေးနာရီ*
ကိုကိုထွန်းထွန်း(မြင်းခြံဒီဂရီကောလိပ်)

အရေးအသားသင့်ပေမဲ့ စကားပြောနဲ့ ရေးဟန်ကို ရောထွေးနေတာ များလှပါတယ်။ ဇာတ်တည်ထားပုံကလည်း ခေတ်အခါအရ ဖြစ်နိုင်ခြေနည်းနေပြီ ဖြစ်ပါတယ်။

၃။ *စိတ်နဲ့စကားစမြည် (၁၃)*
ရွှေမှူး

ရသစာတမ်းဆန်တဲ့အတွေးကို ရေးဖွဲ့ထားတာမျိုးဖြစ်ပြီး သိထားတဲ့ဗဟုသုတတွေကို ဝတ္ထုဖြစ်အောင် ဖန်တီးဖို့ ကြိုးစားနေတဲ့ပုံစံမျိုး ဖြစ်နေပါတယ်။

၄။ *သစ်တပင်၏ အတ္တ*
နန်းဒေဝီ

အရေးအသားအားနည်းချက်ကြောင့် စိတ်ဝင်စားဖွယ် ဆွဲဆောင်မှုမရှိဘဲ ရိုးစင်းတဲ့ ဇာတ်လမ်းမျိုး ဖြစ်နေပါတယ်။

၅။ *ကျွန်တော့်ချစ်သူ ရုပ်ပြာမလေး*

၆။ *ကိုကို့ရဲ့အရုပ်လေး*

၇။ *နှလုံးသားရဲ့တစ်ထောင့်တစ်နေရာတွင်*
သောဇတ်သိမ်းထားမည်။
လဝန်းအိမ်(ယုန်ဖြူမလေး)

ရှည်လျားလှတဲ့စာမူတွေဖြစ်ပြီး ဗလာစာအုပ်တွေနဲ့ ဇာမျက်နှာနှစ်ဖက်စလုံး ရေးသားပေးပို့ထားတာတွေဖြစ်နေပါတယ်။ လုံးချင်းဝတ္ထုဖန်တီးဖို့ ပြင်ဆင်ထားသလိုမျိုးဖြစ်ပါတယ်။

၈။ *အဖြူရောင်သစ္စာ*

၉။ *ဝုဏ်ရည်*
မြဒေါင်းနွယ်

အရေးအသားရော အကြောင်းအရာပါ ရိုးစင်းနေပါတယ်။ စာမူအဖွင့်တွေဟာ စာဖတ်သူကို ဆက်ဖတ်ဖြစ်အောင် လောက်တဲ့ ဆွဲဆောင်မှုမျိုးရှိရပါမယ်။

၁၀။ *ဝိနည်းလွတ်အဖြေ*
ပိုးစုန်းကြူး(စေရာ)

ဇာတ်ကောင်စရိုက်နဲ့ ပတ်ဝန်းကျင်အဖွဲ့အစည်းကို ပိုပြီး အသေးစိတ်ဖွဲ့နိုင်မှ ဒီစာမူရဲ့ ပြောချင်တာကို ရောက်အောင် ပုံဖော်နိုင်မှာ ဖြစ်ပါတယ်။

၁၁။ *ခဲတံတစ်ချောင်းကောက်ရတယ်*
စံကားဖြူ(ဟုမွှလင်း)

ပြောချင်တာရှိပေမဲ့ ဝိပြင်ပုံပေါ်သွားအောင် ရေးဖွဲ့နိုင်ခြင်း မရှိခဲ့ပါဘူး။

၁၂။ *မျှော်လင့်ချက်*
နေဘုန်းအိမ်

ပြောချင်တာရှိပေမဲ့ အရေးအသားအားနည်းတဲ့အတွက် ပစ်မှတ်ကို ရောက်အောင် မကြိုးစားနိုင်ခဲ့တဲ့စာမူ ဖြစ်ပါတယ်။

၁၃။ *လူတွေမှာ ကိုယ်ချစ်ရတဲ့လူတွေကပဲ*
ကိုယ့်ကိုနာကျင်စေတာ၊ များများချစ်လေလေ

www.burmeseclassic.com

www.burmeseclassic.com

များများနာကျင်ခံစားရလေလေ

ရွှေမိန်းကလေး

အရေးအသားသင့်ပေမဲ့ ပြောချင်တာတွေများပြီး တင်ပြပုံနဲ့အကြောင်းအရာက ရိုးစင်းလှပါတယ်။

၁၄။ *မောင်ကြိမ်လုံး*

မောင်ဩလေး

ရေးဖူးနေကျ အတွေးအခေါ်မျိုးကို ပုံဖော်ထားတဲ့စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။ အတွေးသစ်၊ အရေးသစ်မှ ရွေ့အသစ်စာမူအဖြစ် ကြိုးစားပေးပို့စေချင်ပါတယ်။

၁၅။ *သေသူများနဲ့ ကျွန်မ*

မိုမိုစု(ဆေးတက္ကသိုလ်)

စာတမ်းဆန်တဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး တင်ပြပုံရိုးစင်းနေပါတယ်။

၁၆။ *အလံထူခွင့် မရတဲ့ ရွာကလေး*

ထွန်းဝင်းလတ်

ပြောချင်တာတွေများပေမဲ့ အရေးအသားပြေပြစ်ပါတယ်။ တင်ပြပုံနဲ့အချိတ်အဆက် ဒီထက်အားကောင်းရင် စာမူကောင်းတစ်ပုဒ် ဖြစ်လာနိုင်ပါတယ်။ ပြန်လည်ပြင်ဆင်ရေးသားသင့်ပါတယ်။

၁၇။ *အသုဘပို့သူများ*

၁၈။ *အဖေသား*

မ(တာချီလိတ်)

အရေးအသားလောကြီးတဲ့ စာမူနှစ်ပုဒ်ဖြစ်ပါတယ်။ စာတ်ကို ပြောဖို့ ဇောကပ်နေတဲ့အတွက် စာတ်ကောင်စရိုက်နဲ့ စာတ်ဝန်းကျင်အခင်းအကျင်းကို လုံလုံလောက်လောက် မဖွဲ့ဆိုနိုင်ပါဘူး။

၁၉။ *ယဉ်ကျေးမှုသည် လူ၏တန်ဖိုး*

ရွှေနှင်းမှုန်(တိုက်ကြီး)

ဆောင်းပါးတစ်ပုဒ်သာဖြစ်ပြီး အရေးအသားအားနည်းချက်တွေ ရှိပါတယ်။ ရွှေအသစ်ဟာ ဝတ္ထုတိုမျိုးကိုသာ ပေးပို့ရမှာ ဖြစ်ပါတယ်။

၂၀။ *ရင်ခွင်မဲ့နှလုံးသား*

ဝင်းရိပ်လွှာ

ရှည်လျားလှတဲ့စာမူတစ်ပုဒ်ဖြစ်ပြီး စာပိုဒ်မခြား ရေးသားထားတာ တွေ့ရပါတယ်။ စာများများဖတ်ပြီးမှ စာရေးခွဲ ကြိုးစားပါ။

၂၁။ *စွယ်တော်ရိပ်အောက်ကသစ္စာ*

သွန်းသစ္စ

စာလုံးပေါင်းအမှားတွေ ရှိသလို စာမူတစ်ပုဒ်တည်းမှာ လက်ရေးသုံးမျိုး ဖြစ်နေပါတယ်။ သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၂၂။ *မြေ*

မျိုးမင်းသော်

တင်ပြပုံကို ဆွဲဆောင်မှုရှိအောင် ကြိုးပမ်းထားပေမဲ့ အဆုံးပိုင်းမှာ ဆုံးမစာဆန်ဆန်၊ ဆောင်းပါးဆန်ဆန် အဆုံးသတ်ထားတာကြောင့် စာမူကောင်းတစ်ပုဒ် ဖြစ်မလာပါဘူး။

၂၃။ *မသိစိတ်ပျက်ပြယ်တဲ့အခါ*

ကျင်ကိုချန်

ပုဂ္ဂိုလ်ရေးဆန်တဲ့ အရေးအဖွဲ့များနဲ့ ဖန်တီးထားတဲ့ အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။ အရေးအသား သင့်ပါတယ်။

၂၄။ *တလွဲစေတနာ*

စုရတနာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၂၂၊ စက်တင်ဘာ၊ ၂၀၁၆

အရေးအသား တင်ပြပုံနဲ့ အကြောင်းအရာ အားလုံးရိုးစင်းနေပါတယ်။ စာမူခေါင်းစဉ်မှာတင် ဘယ်လိုစာတမ်းမျိုးခင်းမယ်ဆိုတာ တွေးကြည့်နိုင်ပြီးသား ဖြစ်နေပါတယ်။

၂၅။ *အစွန်းနစ်ဖက်*

မီးငှက်(မန္တလေး)

အရေးအသား သင့်ပါတယ်။ တင်ပြပုံလည်း ဆွဲဆောင်မှုရှိပါတယ်။ ဇာတ်ဆန်ဆန် ဖန်တီးထားတဲ့အကြောင်းအရာနဲ့ အဆုံးသတ်မှာ ဆရာဝင်လုပ်ထားတဲ့အရေးအသားကြောင့် စာမူပျက်စီးသွားပါတယ်။

၂၆။ *သူ... သိပါစေ*

ထွန်းအောင်ရှိန်

အရေးအသားပြေပြစ်ပါတယ်။ ဒါပေမဲ့ အပြန်အလှန် စကားပြောတွေကိုချည်း အားပြုထားတဲ့ သာမန်စာမူတစ်ပုဒ် ဖြစ်ပါတယ်။

၂၇။ *အသန့်ရှင်းဆုံးဆု*

တင်လင်းဓော်

အရေးအသား ပြေပြစ်ပြီး ရေးဟန်ကို ပီပီပြင်ပြင်ရေးနိုင်ပါတယ်။ အကြောင်းအရာနဲ့ ခင်းပြပုံရိုးစင်းနေတာကြောင့်သာ စာမူကောင်း ဖြစ်မလာတာပါ။

ဆရာဦးဝင်းငြိမ်းထံ ထပ်မံတင်ပြလိုက်တဲ့စာမူတွေက တော့-

ကိတ်မုန့် ရဲ့ ပက်ကြားအက် ဒဏ်ရာလက်တက်များ၊ ဆန်းငယ်သွေး(ပုတီးကုန်း) ရဲ့ အဖျက်အစီး၊ အွန္ဓ (ညောင်ပင်)ရဲ့ ဝိုးဖလံ၊ နေနန်းအိမ်(တောင်တွင်း) ရဲ့ သင်ဦးရုပ် အမျှဝေရာ၊ ရွှေမိန်းကလေး ရဲ့ ကျွန်တော် ဆရာသန်တစ်ယောက်ပါ၊ ဇော်သစ်(စကုကျွန်း) ရဲ့ အရောင်မဲ့အိပ်မက်များနှင့် ကခုန်ခြင်း တို့ ဖြစ်ပါတယ်။

❑

ဒီလ ရွေးချယ်ထားတဲ့ ရွှေအသစ်ဝတ္ထုတိုများအကြောင်း မပြောခင် ကလောင်နာမည်ရွေးချယ်မှုနဲ့ ပြန်မာစာသတ်ပုံများ အကြောင်း ပြောချင်ပါတယ်။ စာရေးချင်သူတစ်ဦးအတွက် ကလောင်နာမည်ဆိုတာ တော်တော်အရေးပါပါတယ်။ တိုင်စာရေးနေသမျှ ကာလပတ်လုံး ဒီနာမည်ကို အသုံးပြုရမှာ ဖြစ်တဲ့အတွက် ကလောင်နာမည်ဟာ မိမိနာမည်အရင်းလိုပဲ အရေးပါပါတယ်။ ဥပမာ ဒီလ ဖော်ပြပေးမယ် ဆရာ 'ကိတ်မုန့်' ဆိုပါတော့။ 'ကိတ်မုန့်' ဆိုတဲ့ နာမည်နဲ့ စာမူများ စွင့်ကတည်းက ကျွန်တော် သတိထားမိပေမဲ့ ရွေးချယ်ခံရတဲ့အစမှာ မပါသေးတာကြောင့် မပြောဖြစ်ခဲ့ပါဘူး။ အခုတော့ စာမူက ရွေးချယ်ခံရပါပြီ။ ကလောင်နာမည်ကလည်း 'ကိတ်မုန့်' ဆိုတာ အတည်ဖြစ်သွားပါပြီ။ အခုမှ ပြောင်းမယ်ဆိုရင် နောက်တစ်နာမည်ဖြစ်တဲ့အတွက် အယ်ဒီတာအဖွဲ့အတွက်လည်း စာဖတ်သူအတွက်ပါ လူသစ်တစ်ယောက်ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် စာရေးဝါသနာပါသူများ ကလောင်နာမည် ယူတဲ့အခါ သတိထားပါလို့ ကျွန်တော် အထပ်ထပ်အခါခါ ပြောခဲ့တာပါ။

သတ်ပုံနဲ့ပတ်သက်လို့ ပြောရရင် စာရေးသူတစ်ယောက်ဟာ သတ်ပုံကို စဉ်းစားနေရတာနဲ့ သူ့စာတ်လမ်းစာသားကို စဉ်းစားရတဲ့အချိန် လျော့ပါးသွားနိုင်တာကြောင့် လက်တွေ့သလို ရေးနိုင်တာ မှန်ပါတယ်။ ဒါပေမဲ့ ဒီဟာဖြစ်နိုင်သတ်ပုံတချို့ကို မှားတာက ခွင့်လွှတ်လို့ ရပေမဲ့ သာမန်နေကျစာလုံးမျိုးကို သွက်သွက်ခါအောင် မှားတာမျိုးတွေ အယ်ဒီတာတစ်ယောက်အနေနဲ့ ခွင့်မလွှတ်ချင်တာအမှန်မဂ္ဂဇင်း။ ဂျာနယ်တိုက်များမှာ စာပြင်ဆရာ ရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A4စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A4စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြဲတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေစ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

အယ်ဒီတာ(ရွှေအမြဲတေမဂ္ဂဇင်း)

စောစောကပြောတဲ့ ဒွိဟဖြစ်စရာသတ်ပုံတချို့ကိုသာ စဉ်းစားဖို့ လိုပါတယ်။ ဒါကြောင့် စာရေးဖို့ တကယ်ဝါသနာပါတယ်ဆိုရင် သတ်ပုံများကိုလည်း အတတ်နိုင်ဆုံး ဂရုစိုက်စေချင်ပါတယ်။ ကိုယ့်စာကို ကိုယ် မလေးစားရင် ဘယ်သူက လာလေးစားမှာလဲ။

ပထမဆုံး ပြောချင်တာကတော့ ဆရာ နေနှင်းအိမ်(တောင်တွင်း)ရဲ့ 'သင် ဦးချ၍ အမျှဝေရာ' ဝတ္ထုဖြစ်ပါတယ်။ ရည်ရွယ်ချက်ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကန့်သတ်ထားတဲ့ စာမျက်နှာထက် အဆပေါင်းများစွာ ပို့ပြီး ကွန်ပျူတာစာစီ ၂၁ မျက်နှာ ရှိပါတယ်။ စာမူတစ်ပုဒ်ကို မဂ္ဂဇင်းတိုက်တစ်ခုခုသို့ ပို့တော့မယ်ဆိုရင် ဒီမဂ္ဂဇင်းတိုက်က ချမှတ်ထားတဲ့ မူကို နားလည်သင့်ပါတယ်။

ဒုတိယစာမူကတော့ ဆရာ ဆန်းငယ်သွေး(ပုတီးကုန်း)ရဲ့ 'အဖျက်အဆီး' ဝတ္ထုဖြစ်ပါတယ်။ ခေါင်းစဉ်ကိုက 'အဖျက်အဆီး' ဖြစ်နေတာကြောင့် စပြီး မှားပါပြီ။ ဝတ္ထုရေးဖွဲ့တယ်ဆိုတာ စိတ်ကူးယဉ်နဲ့လက်တွေ့ကို ပေါင်းစပ်ရေးဖွဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ စိတ်ကူးယဉ်ဆိုတာက ဖြစ်နိုင်တာထက် ပို့ပြီး မယဉ်သင့်ပါဘူး။ ဆရာဝတ္ထုက စိတ်ကူးယဉ်ဆန်လွန်းတဲ့ အတွက် ကျွန်တော် မသုံးဖြစ်ပါဘူး။

ကျန်ရှိတဲ့ ဆရာ ကိတ်မုန့်ရဲ့ 'ပပ်ကြားအက်ဒဏ်ရာ လက်တက်များ'၊ ဆရာမ ရွှေမိန်းကလေးရဲ့ 'ကျွန်တော် ဆရာဝန်တစ်ယောက်ပါ'၊ ဆရာ ဇော်သစ်(စကုကျွန်း)ရဲ့ 'အရောင်မဲ့အိပ်မက်များနှင့်ကခုန်ခြင်း' တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ဆရာ အွန(ညောင်ပင်)ကတော့ ရွှေအသစ်ကဏ္ဍမှာ နှစ်ကြိမ်ဖော်ပြပြီးဖြစ်တာကြောင့် ရွှေဝတ္ထုတိုကဏ္ဍကို လွှဲပြောင်းပေးထားပါတယ်။ ■ **ဝင်းငြိမ်း**

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆရာဝန် တစ်ယောက်ပါ"
ဤစကားကို ကြားတိုင်း
ကျွန်မ ပြုံးမိသည်။
တစ်ခါက ဆုံခဲ့ဖူးသော
ယောကျ်ားတစ်ယောက်ကို
အမှတ်ရသည်။ ကျွန်မကို
မိတ်ဆက်စကားပြောခဲ့သော
ထိုယောကျ်ားကို
ကျွန်မမျက်လုံးထဲ
ကွက်ကွက်ကွင်းကွင်း ရှိသင့်
ပြန်မြင်ယောင်သည်။ သည်ထက်
ထိုယောကျ်ား၏ အနည်းငယ်
ပုံမန်းသဏ္ဌာန်ကို ပိုကောက်
ကျွန်မစိတ်ဖြင့် ပြန်၍ နေသယောင်
ပုံဖော်ရပါလျှင် ထင်ရသော
ထိုယောကျ်ားသည် ထူးခြားသည့်
ကျွန်မ၏ ၅ မေ ၄ လက်မ စိသေသကို ပိုင်ဆိုင်သူ
ရှိသော အရပ်နှင့် ဖြစ်သည်။ ဦးခေါင်းမှာ
အတူတူလောက် ရှိပါသည်။ ယေဘုယျတွင် အနည်းငယ်
ထူးခြားသည်မှာ သူ၏တင် ချွန်နေသော ပုံစံဖြစ်၍
အနည်းငယ်ကောက်နေခြင်း ရှည်မျောမျော ပုံစံဟု
ဖြစ်ပါသည်။ ယောကျ်ား ပြောရခည်။ မျက်ခုံးများ
တစ်ယောက်တွင် နက်မှောင်ထူထဲသည်။

ကျွန်တော် ဆရာဝန်တစ်ယောက်ပါ

အမှတ် ၃၂၂ ဇာတ်သား၊ ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများမှာ လုံးဝန်း၍ အနည်းငယ်ကျယ်ဝန်းသည်။ နှုတ်ခမ်းကတော့ ကျွန်မစိတ်ထင် နည်းနည်းထူသည်။ ထိုယောကျ်ားတို့၏လက်များကတော့ အတန်ငယ် သေးသွယ်သည်။ သွေလက်ဝါးသည် ကျွန်မလက်ဝါးလောက် မကြီးပေ။

ကျွန်မသည် ထိုယောကျ်ားကို ဤမျှလောက် ကြန့်အင်လက္ခဏာတော်သလို ပြောနိုင်ခြင်းမှာ အကြောင်းရှိပါသည်။ ထိုအကြောင်းမှာ ကျွန်မနှင့် ထိုယောကျ်ားသည် တစ်နာရီကြာမျှ ထိုင်ခုံတစ်ခုတည်းတွင် ထိုင်ခဲ့ကြရသောကြောင့် ဖြစ်ပါသည်။

သူကိုယ်သူ 'ကျွန်တော် ဆရာဝန်တစ်ယောကျ်ပါ' ဟု ရည်မွန်ယဉ်ကျေးစွာဖြင့် ကျွန်မကို မိတ်ဆက်စကားပြောခဲ့သော ထိုယောကျ်ားနှင့် ကျွန်မ၏တွေ့ဆုံမှုမှာ ဘူတာရုံတစ်ခုတွင် စတင်ခဲ့ပါသည်။

❑

၁။

ထိုနေ့က ကျွန်မသည် စာကြည့်တိုက်မှအပြန် ကျွန်မ စီးရမည့်ရထား စောင့်နေရဆဲဖြစ်သည်။ ခေါင်းမူးတတ်သော ကျွန်မ

လူတို့သည် တစ်ခါတစ်ရံတွင် အလိမ်ခံရတတ်သည်
အလိမ်ခံ၍ လုပ်သင့်သည်ကို လုပ်ဆောင်ရန် အခွင့်အရေးလည်း ရတတ်ပါသည်
ထို့ကြောင့် ကျွန်မထံ၌ နောင်တမရှိပါ
'စာအုပ်များသည် အကျဉ်းထောင် တံခါးများကို ဝိတ်စေသည်' ဆိုသော စကားကို
ကျွန်မ ကြိုက်ပါသည်



www.burmeseclassic.com

www.burmeseclassic.com

သည် ရထားစီးရသည်ကို အလွန်သဘောကျသည်။ ရထားပေါ်တွင် ကျွန်မ စာဖတ်၍ရသည်။ ရထားဖြတ်သန်းရာတစ်လျှောက် မှုန်ခင်းမျိုးစုံ၊ လူပေါင်းစုံကို တဝကြီးငေးမောခွင့်ရသည်။ လူစော်နံ၍ တိုးကြိတ်စီးရသော ဒုက္ခနှင့် မီးပွိုင့်မိခြင်းကို တမေ့တမြော စောင့်ကာ ရင်မောရ၊ စိတ်တိုရသော လိုင်းကားစီးခြင်းဒဏ်ကိုမခံမရပ်နိုင်သောကြောင့်လည်းဖြစ်သည်။ ရထားလာခါနီးပြီဖြစ်၍ ကျွန်မ ဖတ်နေသော စာအုပ်ကိုပိတ်သည်။ အခြားစာအုပ် တစ်အုပ်နှင့်အတူ လက်နှစ်ဖက်ဖြင့် ရင်ဘတ်တွင် ပိုက်ထားလိုက်သည်။

ရထားလာမည့် ဘက်သို့ တစ်ချက် လှမ်းကြည့်ရင်း ကျွန်မဘေးကို ကြည့်မိရာ ကျွန်မနှင့် မလှမ်းမကမ်းတွင် ရပ်နေသော လူတစ်ယောက်က ကျွန်မကို ပြုံးပြပါသည်။ ကျွန်မသည် ကျွန်မနှင့်မသိသော သူစိမ်းယောကျ်ားတစ်ယောက် ဖြစ်သောကြောင့် ပြန်ပြုံးပြရန် အနည်းငယ်ဝန်လေးမိပါသည်။ ထို့ကြောင့် သူ့ထံမှမျက်နှာလွှဲ၍ ရထားလာမည့် ဘက်ကိုသာကြည့်နေလိုက်မိသည်။

ရထား၀င်လာသည်နှင့် တစ်ပြိုင်နက်လူများသည် ရုတ်ရုတ်သဲသဲနှင့် သူတို့ သန်ရာသန်ရာ အတွဲများပေါ်သို့ တိုးဝှေ့တက်ကြပါသည်။ ကျွန်မသည် ကျွန်မစိတ်ကူးနှင့်ကျွန်မ မည်သည့်တွဲလောက် မှစီးမည်ဟု ကြိုတင် ကြံစည်ထားသည့်အတိုင်းနေရာမှာပင် ရပ်လိုက်ပါသည်။ လူအများစုသည် သူများပြေးသည့် ဘက်ကိုလိုက်ပြေးတတ်ကြသည့်သဘောရှိသည်။ သူတို့မော့လျှောနေသည်မှာ သူတို့အများစု စုပြုံပြေးသွားသော တစ်ဖက်ထက် ကျန်နေသော တစ်ဖက်မှာ စိတ်ဝင်စားစရာများ၊ ကောင်းမွန်သောအရာများ ရှိနေသည်ဆိုသော အချက်ပင် ဖြစ်သည်။

ကျွန်မသည် ထိုအချက်ကို အပြည့်အ၀ အသုံးချလိုက်ပါသည်။ ကျွန်မ ဘယ်ကိုမှ ပြေးမသွားဘဲ ကျွန်မရှေ့သို့ ရောက်လာသည့် ရထားတွဲပေါ်သို့ အသာအယာလေး တက်သွားလိုက်ပါသည်။ ကျွန်မ တက်သော ရထားတွဲသည် လူရှင်းလျက်ရှိသည်။

ရထားပေါ် ရောက်လျှင် ကျွန်မသည် ပြတင်းမှန်ဘက်ကျသော ခုံကို ရွေးထိုင်လိုက်သည်။ ထိုခဏတွင် ကျွန်မဘေးမှ လွတ်နေသော နေရာသို့ လူတစ်ယောက် လာထိုင်ပါသည်။ ကျွန်မလည်း ကိုယ်အနည်းငယ်ရွှေ့ပေးရင်း ကြည့်မိရာ စောစောက ကျွန်မကို ပြုံးပြခဲ့သော ထိုယောကျ်ားကိုတွေ့လိုက်ရသည်။ ကျွန်မသည်မသိသလိုနေရင်း ဖတ်လက်စစာအုပ်ကို ဆက်ဖတ်နေလိုက်သည်။ ဆရာမောင်ပေါ်ထွန်းဘာသာပြန်သော **ကံကြမ္မာအကျဉ်းသား** စာအုပ်ဖြစ်သည်။ ချစ်ဂ်ခေ၍ သနားစရာကောင်းသော ယောကျ်ားတစ်ယောက်၏ဘ၀၊ စိတ်နေစိတ်ထားနှင့် ပေးဆပ်တတ်သော နှလုံးသားကိုကရုဏာသက်ဖွယ်ရာ ရေးဖွဲ့ထားသည့် ဤ၀တ္ထုကိုကျွန်မ အလွန်ကြိုက်သည်။ အမျိုးသားစာပေဆုရ စာအုပ်လည်း ဖြစ်သည်။ စာအုပ်ကို စိတ်၀င်တစား ဖတ်နေစဉ် ထိုယောကျ်ားသည် ကျွန်မဘက်သို့ ကွက်ကြည့်ကွက်ကြည့် လုပ်သည်။ ကျွန်မဖတ်နေသော စာအုပ်ကို ကြည့်သည့်အခါ ကြည့်သည်။ ကျွန်မပေါင်ပေါ်မှ ဘေးလွယ်အိတ်ပေါ် တင်ထားသော စာအုပ်ကိုလည်း စူးစမ်းပုံရသည်။ ကျွန်မလည်း မသိချင်ယောင်ဆောင်နေလိုက်သည်။

ခဏကြာသော် ရှေ့ခုံမှ အိပ်မောကျနေသော လင်မယားနှစ်ယောက် နိုးလာသည်။ ယောကျ်ားလုပ်သူက ရထားအပြင်ဘက်သို့ ဟိုဒီကြည့်ရင်း 'ဟာ...မိန်းမရေ...ထ...ထ..ရှေ့ဘူတာဆင်းရမှာ။ ရောက်ပြီဟ' ဟုပြောလျက်နှစ်ယောက်သား သုတ်သုတ်ပျာပျာ ထ,သွားကြပါသည်။ ဤတွင် ထိုယောကျ်ားသည် ကျွန်မငြင်းရန်ဝန်လေးသော စကားဖြင့် အစချီလာပါသည်။

'ဟိုလေ...တစ်ဆိတ်လောက်ဗျာ၊ ဒီစာအုပ်လေး ကျွန်တော့်ကို ခဏ ပေးဖတ်ပါလား။ ကျွန်တော် ဖတ်ချင်လို့ပါ။ ရမလားခင်ဗျ'

ကျွန်မသည် ထိုယောကျ်ား မျက်နှာကိုတစ်ချက် အကဲခတ်သလို ကြည့်ရင်း 'ရပါတယ်' ဟု ဆိုကာ စာအုပ်ကို ပေးလိုက်သည်။ ဆရာကြီး တက္ကသိုလ်စိန်တင်၏ **အို ဘယ့်အနော်ရထာ** စာအုပ်ဖြစ်သည်။ ထိုယောကျ်ားသည် ကျွန်မပေးလိုက်သော စာအုပ်ကို လှန်လှောကြည့်ပြီး ဖတ်နေသည်။ ကျွန်မလည်း သူ့ကို တစ်ချက်မျှ ကြည့်ပြီး ဖတ်လက်စစာအုပ်ကို ပြန်ဖတ်သည်။ ကျွန်မသည် ကိုယ်တိုင် စာဖတ်၀ါသနာပါသူဖြစ်၍ တစ်ပါးသူ စာဖတ်ခြင်းကိုလည်း အားပေးလိုသူ ဖြစ်သည်။ ထို့ကြောင့် ရထားစီးရင်း စာပေဒါန ပြုရသည်ဟု သဘောပိုက်မိသည်။

❑

J

၁၅ မိနစ်ခန့် ကြာသောအခါ ထိုယောကျ်ားသည် ကျွန်မဘက်သို့လှည့်၍ 'စာအုပ်တွေ အတော်ဖတ်တယ်ထင်တယ်နော်။ ကျွန်တော်လည်းစာဖတ်တာ ၀ါသနာပါတယ်။ ဒါပေမဲ့ အခုက သိပ်ဖတ်ချိန်မရတော့ပါဘူး' ဟုဆို သည်။ ကျွန်မလည်း 'သြော်...ဟုတ်ကဲ့၊ ဒီလိုပါပဲ။ စာဖတ်ချင်ပေမဲ့ မအားရင်လည်း မရဘူးလေ။ ရသလောက်အချိန်လေးဖတ်ပေါ့' ဟုပြန်ပြောလိုက်ပါသည်။

'ဟုတ်ကဲ့၊ ဒီလိုပဲ လုပ်ရတော့မှာပေါ့ဗျာ။ ဒါနဲ့ ရန်ကုန်ကလား မသိဘူးနော်။ ကျွန်တော်က မကွေးကပါ'

'မဟုတ်ပါဘူး။ ဧရာ၀တီတိုင်းဘက်ကပါ'

'ဟာ ဒါဆို နယ်ကလာတဲ့လူချင်း တွေ့ရတာပဲဗျာ။ ၀မ်းသာပါတယ်။ ကျွန်တော် ဆရာ၀န် တစ်ယောက်ပါ။ ရန်ကုန် ဆေးရုံကြီး ပြောင်းလာတာ မကြာသေးဘူး။ ခွဲစိတ်ဆောင်မှာ တာ၀န်ကျပါတယ်။ ကျွန်တော့်နာမည် ဒေါက်တာ ပိုင်စိုးလင်းပါ'

'ဟုတ်ကဲ့...မှတ်သားလိုက်ပါ့မယ်'

'ဒီက ဘယ်မှာ ဆင်းရ

www.burmeseclassic.com

www.burmeseclassic.com

မှာလဲ ခင်ဗျ။ ကျွန်တော်က လှိုင်သာယာမှာ အိမ်ငှားနေတာပါ။ တကယ်လို့ ဆေးရုံကြီးဘက် ရောက်တဲ့အခါ ခွဲစိတ်ဆောင်မှာ ကျွန်တော့် နာမည် မေးလိုက်ပါ၊ ကျွန်တော် ရှိပါတယ်'

'ဟုတ်ကဲ့ပါ'ဟု ဆိုကာ ကျွန်မ ဆင်းမည့်ဘူတာ ပြောတော့ သူဆင်းရမည့် ဘူတာနှင့်အတူတူ ဖြစ်သည်ဟု ဆိုသည်။ ကျွန်မစိတ်ထဲ 'ဒီလိုပဲ တိုက်ဆိုင်တတ်ပါတယ်လေ' ဟုတွေးကာ ဘာမှဆက်မပြောဘဲ နေလိုက်သည်။

ထို့နောက် သူက သူ ၁၀ နှစ်သားခန့်တွင် သူ့မိဘများ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးခဲ့ကြကြောင်း၊ အဒေါ်နှင့်အခြားမိသားစုများက ကျောင်းထားပေး၍ ဆေးတက္ကသိုလ် တက်ခဲ့ရကြောင်း၊ ညီအစ်ကိုမောင်နှမ မရှိ၍ တစ်ကောင်ကြွက်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်း တချို့နှင့် စကားပြောရသည်ကလွဲ၍ ညီအစ်ကိုမောင်နှမ မေတ္တာကို လိုချင်မိပါကြောင်း၊ ကျွန်မကိုလည်း မြင်မြင်ချင်း ရိုးသားစွာ ခင်မင်မိပါ၍ မောင်နှမသဖွယ် တရင်းတနှီး ခင်မင်ခွင့်ပြုပေးပါရန်အကြောင်းများကို စီကာပတ်ကုံး ပြောပါသည်။

ကျွန်မသည် ထိုယောကျ်ားကို ကြည့်၍ သူ့ဘဝသည် ကရုဏာသက်ဖွယ်ကောင်းပေသည်ဟု ထွေးမိသည်။ သို့သော် လိုဏာထက် ပိုပြီးပြန်နေခြင်းနှင့် ချက်လုံးကစားခြင်း၊ စကားများများပြောခြင်း၊ ဆရာဝန်တစ်ယောက်ဟုဆိုသော်လည်း လက်သည်းတွင် ကြေးညှော်များ ကပ်ငြိနေသည်ကို မြင်ရခြင်း၊ စကားပြောရင်း မကြာခဏ သူ့အိတ်အနက်ရောင်ကို ဖွင့်၍ နားကြပ်ကို ကျွန်မ မြင်သာအောင် ပြနေသည်ဟု ခံစားရခြင်းများကို ကျွန်မ စိတ်က မနှစ်သက်ပါ။

ကျွန်မ ထိုယောကျ်ား၏ ဦးခေါင်းကို တစ်ချက် ကြည့်မိသည်။ သူ့ခေါင်းသည် 'ဆရာဝန်ခေါင်းလား'၊ 'ဘာခေါင်းလဲ' ကျွန်မ စဉ်းစားသည်။ ခေါင်းကြည့်တာနဲ့ သိရမယ်။ လိမ်မယ့်ပတ်မယ့် ခေါင်းလား၊ ဘာခေါင်းလဲဆိုတာ ချက်ခနဲ သိအောင်နေရမယ်'ဆိုသော ဖေဖေ့စကားကို သတိရလျက် ကျွန်မစိတ်ထဲ ရယ်ချင်စိတ် ပေါက်လာသည်။

ကျန်မသည် ထိုယောကျ်း၏ ခေါင်းကို ဒုတိယမြောက် ထပ်ကြည့်မိပြန်သည်။ ထိုစဉ် ကျွန်မကို ကြည့်နေသော ထိုယောကျ်းသည် ကျွန်မကိုပြုံးပြနေသည်။ ကျွန်မ သူ့ကို ကြည့်ခြင်းသည် သူ့ကို စိတ်ဝင်စားစွာ ကြည့်ခြင်းဟုယူဆပုံရသည်။ မည်သို့ဆိုစေ ကျွန်မ ထိုယောကျ်းကို စိတ်ဝင်စားပါသည်။ လူတစ်ယောက်၏ဘဝ၊ စိတ်နေစိတ်ထား၊ ရပ်တည်ရှင်သန်မှုနှင့် အကျင့်သိက္ခာများသည် စိတ်ဝင်တစားလေ့လာမှသာရနိုင်မည့်အရာများဖြစ်သည်။ ထိုသို့ လေ့လာနိုင်ရန် အခွင့်အရေးသည် အခါများစွာ မရနိုင်ဟု ကျွန်မ ထင်မိသည်။ ထို့ကြောင့် ကျွန်မသည် သူနောက်ထပ်ပြောပြသော သူ၏ဆေးရုံ ဂျူတီချိန်များနှင့် သူ့တစ်နေ့တာ လုပ်ဆောင်မှုများကို စိတ်ဝင်တစား နားထောင်ခဲ့ပါသည်။

သူ ၉ ပြာ ၁ သ ၁ အကြောင်းအရာများတွင် ဆေးရုံကြီးနှင့် လှိုင်သာယာဝေးသည့်အတွက် အဆင်မပြေကြောင်း၊ လသာဘက်တွင် အခန်းတစ်ခု ငှားနေဖို့ စီစဉ်ထားကြောင်း၊ အခြားဆရာဝန် သူငယ်ချင်း ၂ ယောက်လည်း ပါကြောင်း၊ ဆေးရုံတွင် ဖုန်းဖျောက်သွား၍ ဖုန်းဖျောက် ပြန်လျှောက် ရမည့်အကြောင်း၊ ဖုန်းမှာ သိန်း ၂၀ ခန့် တန်သည်ဖြစ်၍ နှမြောမိကြောင်း၊ ကြားထဲတွင် ကျွန်မကို သူဆက်သွယ်လို့ရမည့် ဖုန်းနံပါတ် ပေးခဲ့ပါရန်နှင့် မိတ်ဆွေရင်းချာ မောင်နှမသဖွယ် သူ့အပေါ် သဘောထားပါရန် အကြောင်းများ ပါဝင်သည်။ ဆင်းရမည့် ဘူတာသို့ ရောက်ခါနီးသောအခါ...

'ဩော်...ကျွန်တော့်ကို ဖုန်းနံပါတ်လေး မပေးရသေးဘူးနော်။ ဟိုလေ... ကျွန်တော့်မှာက ဖုန်းမရှိတော့ ကျွန်တော်ကပဲ လှမ်းဆက်မှ ရမှာမို့ပါ'ဟု ပြောသည်။

'ရပါတယ်၊ ပေးခဲ့လိုက်မယ်။ နယ်ကလာတဲ့လူချင်း ကိုယ်ချင်းစာပါတယ်။ ကျွန်မ ဖုန်းနံပါတ်က ၀၉-----ပါ'

'ဟုတ်... ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဖုန်းဆက်ရင် နာမည် ဘယ်လို ခေါ်ရမလဲ မသိဘူးနော်'

'ရတယ်။ ရှင့်နာမည် ကျွန်မ သိနေတာပဲ။ ပြီးတော့ ဒီဖုန်းက ကျွန်မကိုင်တဲ့ ဖုန်းလေ။ ကိစ္စမရှိပါဘူး။ ဖုန်းဆက်တဲ့အခါသာ ရှင့်နာမည် ပြောလိုက်ပါ'

'ဩော်...ဟုတ်ကဲ့...ဟုတ်ကဲ့ပါဗျာ'

ရထားပေါ်မှ ဆင်းကြသောအခါ လူများသည် ရုတ်ရုတ်သဲသဲနှင့် တိုးဝှေ့ဆင်းကြရပြန်သည်။ ကျွန်မသည် နောက်ဆုံးမှ ဆင်းဖြစ်သည်။ ထိုယောကျ်းသည် လက်တစ်ဖက်က ကျွန်မထံမှ ငှားယူခဲ့သော **အိုဘယ့် အနော် ရထာ** စာအုပ်ကို ကိုင်လျက်။ လက်တစ်ဖက်က သူ၏လက်ဆွဲအိတ်အနက်ရောင်ကို ဆွဲလျက် ကျွန်မကို နှုတ်ဆက်သည်။

'ကျေးဇူးတင်ပါတယ်ဗျာ။ ဒီစာအုပ် ငှားတဲ့အတွက် တကယ်ကျေးဇူးတင်ပါတယ်။ ကျွန်တော် တစ်ပတ်အတွင်း ပြီးအောင်ဖတ်ပြီး ပြန်ပေးပါ့မယ်'

'ရပါတယ်။ အေးအေး ဆေးဆေး ဖတ်ပါ။ ဒီစာအုပ်ထဲမှာ မြင့်မြတ်ပြီး ယောကျ်းကောင်း ပီသတဲ့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့မင်းကောင်းမင်းမြတ် အနော်ရထာအကြောင်း အတော်လေး ပြည့်ပြည့်စုံစုံ သိရမှာပါ။ အချိန်ယူပြီး ဖတ်သင့် ပါတယ်။ စာအုပ်က နောက် ၁၀ ရက်ကြာမှ ပြန်အပ်ရမှာပါ။ ပြီးအောင် ဖတ်ပါ'

'ဟုတ်ကဲ့ပါ၊ ကျွန်တော် အချိန်ပေးပြီး ဖတ်မှပါ။ ဖတ်ပြီးတာနဲ့ ကျွန်တော် ဖုန်းဆက်မယ်နော်'

ကျွန်မသည် ခေါင်းညိတ် ပြုံးပြလျက် 'ဟုတ်ကဲ့ပါ၊ ဒါဆို ကျွန်မ သွားပြီ'ဟု

www.burmeseclassic.com

ဆိုကာ လှည့်ထွက်ခဲ့ပါသည်။

❑

၃။

၁၀ ရက်အကြာ စာအုပ်ပြန်အပ်ရမည့် နေ့သို့ ရောက်ရှိလာပါသည်။ သို့သော် ထိုယောကျ်ားသည် ကျွန်မထံသို့ ဖုန်းဆက်ခြင်း မရှိပေ။ 'လူလိမ်တစ်ယောက် ဖြစ်နေပြီလား' ဟူသော အတွေးသည် မဟုတ်ခဲ့လျှင် တစ်ပါးသူကို စော်ကားရာ ကျသဖြင့် ထိုအတွေးကို ဖျောက်လိုက်ပါသည်။ ၁၂ ရက်မြောက်သော နေ့တွင် ကျွန်မသည် **အိုတယ့် အနော်ရထာ** စာအုပ်အသစ် တစ်အုပ် ရှာဝယ်ပြီး စာကြည့်တိုက်သို့ ပြန်အပ်လိုက်ပါသည်။

စာကြည့်တိုက်မှ အပြန် ဆေးရုံကြီးထဲသို့ ဝင်ခဲ့သည်။ စာအုပ်ကို ပြန်ယူရန် စိတ်ကူးမရှိသော်လည်း ထိုယောကျ်ားသည် အမှန်တကယ်ပင် ဆရာဝန်တစ်ယောက် ဖြစ်သည်လားဟု သိလိုစိတ်ပြင်းပြလှသောကြောင့် ဖြစ်သည်။

ရန်ကုန်ဆေးရုံကြီးထဲ ဝင်ဝင်ချင်း ကျွန်မ မနှစ်သက်သော ဆေးရုံအနံ့တချို့ ရသည်။ ခပ်သွက်သွက် လျှောက်ရင်း တွေ့သည့် လုံခြုံရေးဝန်ထမ်းကို ခွစိတ်ဆောင်နေရာ မေးလိုက်သည်။ သူညွှန်ပြရာ ဝင်ပေါက်အတိုင်း ကျွန်မ တက်သွားသည်။ မကြာမီ အဖြေမှန်တစ်ခု သိရတော့မည်ဖြစ်၍ ကျွန်မ စိတ်အနည်းငယ် လှုပ်ရှားလျက် ရှိသည်။ ခွစိတ်ဆောင် အတွင်းမှ တူညီသော အဖြေများကို ရသောအခါ ကျွန်မ မအံ့သြတော့ပါ။

'ဒေါက်တာ ပိုင်စိုးလင်း မရှိပါဘူး'

'ကျွန်တော်တို့ ခွစိတ်ဆောင်မှာ ဒီနာမည် မကြားဖူးပါဘူး'

'မကွေးက ပြောင်းလာတဲ့ ဒေါက်တာ ပိုင်စိုးလင်း ဟုတ်လား၊ မရှိဘူးနော်။ နာမည်များ မှားသလား၊ ခဏလေးနော် ကြည့်ပေးမယ်'

'ကျွန်မတို့သိသလောက်တော့ သူ့နာမည်ကို ဒီမှာ မကြားဖူးပါဘူး'

'ဟုတ်ကဲ့ . . . ဒေါက်တာ ပိုင်စိုးလင်းဆိုတာ ဒီမှာ မရှိပါဘူး။ နာမည်မှားနေတာ ဖြစ်မယ်ထင်တယ်'

အဖြေမျိုးစုံကို နားထောင်ရင်း ကျွန်မသည် အလုပ်ရှုပ်နေသော ဆရာဝန်များကို အားနာစွာဖြင့် ကျေးဇူးတင်ကြောင်း ပြောကာ ပြန်ခဲ့ပါသည်။ ကျွန်မ၏ သံသယသည် ခိုင်မာခဲ့ပေပြီ။ လောကတွင် တစ်နေရာ မဟုတ် တစ်နေရာ ကျင်လည်ကျက်စားတတ်သော လူစားမျိုးဟု ဆိုရမည့် ဤကဲ့သို့သော လူတန်းစားများကို ကျွန်မ နောက်ထပ်လည်း တွေ့နိုင်ပါသေးသည်။ ဖေဖေ မကြာမကြာ ပြောတတ်သော စကားကို ကျွန်မ သတိရသည်။

'သမီးကိုယ်သမီး အခြေတမ်း အသင့်ဖြစ်အောင် နေရမယ်။ ကိုယ့်ရှေ့မှာ မိုးလင်းမိုးချုပ် လိမ်မယ့် လူတွေ တန်းစီ စောင့်နေတယ်ဆိုတာ မမေ့ပါနဲ့။ ငါ့ကို ကောင်းကောင်း ဆက်ဆံလိမ့်မယ်လို့ ဘယ်တော့မှ မတွေးနဲ့။ လူတွေကို ခေါင်းကြည့်တာနဲ့ လူလိမ်ခေါင်းလား၊ သူခိုးခေါင်းလား ခွဲခြားသိနိုင်တဲ့ အရည်အချင်း ရှိအောင် ကြိုးစား။ ကိုယ့်ခေါင်းကလည်း လူလိမ်ခံရမယ့် ခေါင်းမျိုး မဖြစ်စေနဲ့။ ဒါကို ငါ့သမီး သတိထားပါ' တဲ့။

ဖေဖေ့စကားများသည် အများအားဖြင့် ကျွန်မ သိသလောက် မည်သည့်အခါမျှ မမှားခဲ့ဖူးပေ။ ထက်မြက်သော၊ ဉာဏ်ပညာကြီးမားသော ဖေဖေ့စကားသည် ပြောတိုင်း မှန်တတ်ပါသည်။ ဖေဖေ့သမီး ကျွန်မသည် 'လူလိမ်ခေါင်း'ကို လူလိမ်ခေါင်း မှန်း သိခဲ့ပါသည်ဆိုတာ ဖေဖေ သိအောင် ပြောပြရဦးမည်။ မေမေ့ကိုလည်း ကြွားရပါဦးမည်။ 'ကျွန်တော် ဆရာဝန်တစ်ယောက်ပါ' ဟု ဆိုခဲ့သော လူတစ်ယောက် အကြောင်းကို ပြောပြခဲ့လျှင် ဖေဖေနှင့်မေမေသည် ကျွန်မကို အပြစ်တင်လိမ့်မည် မဟုတ်ပါ။ လိမ်ညာလှည့်စားခြင်းကို မနှစ်သက်သော ဖေဖေနှင့် မေမေသည် ကျွန်မကို အောက်ပါအတိုင်း ဆုံးမခဲ့ဖူးသောကြောင့် ဖြစ်ပေသည်။

'လောကမှာ လိမ်ညာလှည့်စားတာကို ဘယ်တော့မှ မကျူးလွန်မိစေနဲ့ သမီး။ ဒါဟာ သမီးရဲ့ သိက္ခာတရားပဲ။ လိမ်ညာလှည့်စားတတ်တဲ့ သူကို တွေ့ရင်လည်း ကိုယ် တတ်နိုင်သလောက် အမှန်ကိုရောက်အောင် ပြုပြင်၊ လူကောင်းတစ်ယောက်အဖြစ် ရှင်သန်လာချင်အောင် ကူညီပေး။ ဒါဆို သမီးကြောင့် သမီးပတ်ဝန်းကျင်မှာ လူလိမ်တွေ နည်းသွားတာ တွေ့ရလိမ့်မယ်။ တစ်ခုပဲ ဂရုစိုက်၊ လူလိမ်တွေကြောင့် သမီး ကိုယ်သမီး အန္တရာယ်မဖြစ်ပါစေနဲ့'

ကျွန်မသည် ဖေဖေနှင့် မေမေ စကားကို နားထောင်ခဲ့ပါသည်။ ထိုယောကျ်ားနှင့် အတူပါသွားခဲ့သော ကျွန်မ၏ စာအုပ်ကိုလည်း မနှမြောမိပါ။ 'ကျွန်တော် ဆရာဝန်တစ်ယောက်ပါ' ဟု ဆိုခဲ့သော ထိုယောကျ်ားသည် ကမ္ဘာ့ခြေ၏ တစ်နေရာတွင် ကောင်းမွန်စွာ ရှင်သန်နိုင်ပါစေ။ 'လူလိမ်' ဟူသော ဘဝမှ ရုန်းထွက်နိုင်ပြီး ရိုးသားဖြောင့်မတ်ခြင်း တန်ဖိုးကို နားလည်နိုင်ပါစေဟုသာ ဆန္ဒပြုမိသည်။

❑

၄။

၂၀ ရက်ခန့်အကြာ မထင်မှတ်သော တစ်နေ့တွင် ကျွန်မထံသို့ ဖုန်းဝင်လာသည်။ ကျွန်မမသိသော နံပါတ် တစ်ခုနှင့် 'ဟဲလို' ဟု ပြောလာသောယောကျ်ားတစ်ယောက် အသံကို ကြားရသည်။

'ကျွန်တော် ပါ။ ဒေါက်တာ ပိုင်စိုးလင်းပါ။ ကျွန်တော့်ကို မှတ်မိလား မေ့ဘူးနော်'

ကျွန်မသည် ရင်ထဲ ထိတ်ခနဲ ခုန်ကာ ချက်ချင်း စကား မပြန်ဖြစ်ဘဲ ငြိမ်နေသည်။

'ဟဲလို ကြားရလား ခင်ဗျ။ ကျွန်တော့်ကို မမှတ်မိဘူး ထင်တယ်'

ကျွန်မသည် တွေဝေခြင်းစိတ်မှ စကားပြောရန် ကြိုးစားရသည်။

'သြော် . . . ဟုတ်ကဲ့။

www.burmeseclassic.com

www.burmeseclassic.com

မှတ်မိပါတယ်။ ရုတ်တရက် မို့ပါ'

ထို ယောကျ်ားသည် သဘောကျစွာ ရယ်ရင်းမှ -

'တော်သေးတာပေါ့ ဗျာ...မှတ်မိလို့။ ကျွန်တော် လည်း ခရီးလွန်နေတာနဲ့ ခုမှ ဖုန်းဆက်ရတာပါ။ အဲဒါ စာအုပ်လည်း ပြန်ပေးရင်း ကျွန်တော်တို့ တွေ့ရအောင်ပါ။ မနက်ဖြန် အားမလား ခင်ဗျ'

'ဟုတ်ကဲ့ ကျွန်မ အားပါတယ်'

'ဒါဆို ကျွန်တော် ဘယ်မှာ တွေ့ရမလဲခင်ဗျာ'

ကျွန်မသည် အပြေးအလွှား စဉ်းစားရင်း အကြံတစ်ခု ရသည်။

'ဒီလို လုပ်ပါလား ဒေါက်တာ၊ ကျွန်မတို့ တွေ့ခဲ့တဲ့ဘူတာရုံလေးထဲမှာပဲ အရင်တစ်ခေါက် တွေ့တဲ့အချိန် တွေ့ရအောင်ပါ'

'ဩော်... ဟုတ်ကဲ့ပါ။ ဒါဆို ကျွန်တော် စောင့်နေမယ်နော်'

'ဟုတ်ကဲ့... ကောင်းပါပြီ'

ဖုန်းချပြီး စာအုပ်ဗီရိုထဲမှ ကျွန်မ လိုချင်သော စာအုပ် ၂ အုပ် လိုက်ရှာသည်။ 'မေတ္တာရှင်'(ရွှေပြည်သာ)၏ **သီလအစွမ်း အံ့မခန်း** နှင့် အရှင်ဓနကာဘိဝံသ၏ **ကိုယ်ကျင့် အာဘိဓမ္မာ** စာအုပ်တို့ ဖြစ်သည်။ မနက်ဖြန် အသင့်ယူသွားနိုင်ရန် အိပ်ရာဘေးတွင် ချထားလိုက်သည်။ ထို ယောကျ်ားကို ကျွန်မ ဒုတိယ အကြိမ်မြောက် တွေ့ရပေဦးမည်။

❑

၅။

ဘူတာရုံထဲသို့ ရောက်သောအခါ ထို ယောကျ်ား သည် ကျွန်မကို အဝေးကပင် လက်ပြ နှုတ်ဆက်သည်။ လက်တစ်ဖက်တွင် သူ့အိတ် အနက်ရောင်ကို ကိုင်လျက် ကျွန်မထံသို့ လျှောက်လာသည်။ ထို့နောက် **အို့ဘယ့် အနော်ရထာ** စာအုပ်ကို သူ့ အိတ်ထဲမှ ထုတ်ယူ၍ ကျွန်မ ထံသို့ လှမ်းပေးသည်။

'စာအုပ် အတော်ကောင်းတာဗျာ၊ တကယ် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ စာအုပ်အပ်ဖို့က ရက်တွေ ကျော်နေပြီ၊ အားနာလိုက်တာဗျာ'

'ရပါတယ်၊ ကိစ္စမရှိပါဘူး။ ကျွန်မ အသစ်တစ်အုပ် ဝယ်ပြီး အပ်လိုက်တယ်။ ဒီစာအုပ်က ကျွန်မအပိုင် ဖြစ်သွားတာပေါ့'

'ဒါဆိုရင် ဒီနားက ဆိုင်တစ်ဆိုင်မှာ ကျွန်တော် တစ်ခုခု ကျွေးပါရစေ။ ခဏလောက် စကားပြောရင်းနဲ့ပေါ့'

'နေပါစေ၊ ကျွန်မ မစားတော့ပါဘူး။ သွားစရာလေး ရှိလို့၊ နောက်မှ ဆုံတာပေါ့။ ဒီမှာ ရှင့်အတွက် စာအုပ် ၂ အုပ် ထပ်ယူလာတယ်။ ကျွန်မအပိုင် စာအုပ်တွေလေ။ အရင်တလို ပြန်ပေးစရာ မလိုဘူး၊ ရှင် အေးအေးဆေးဆေး ဖတ်လို့ရပါတယ်။ အတော်လေး ကောင်းတဲ့ စာအုပ်တွေပါ။ ကျွန်မတို့ ဗုဒ္ဓဘာသာမဟုတ်ဘူး၊ ဘာသာမရွေး လူတိုင်း ဖတ်သင့်တဲ့ စာအုပ်လေးတွေပါ။ ရှင်လည်း သဘောကျပါလိမ့်မယ်'

ထို ယောကျ်ားသည် စာအုပ်များကို တစ်လှည့်၊ ကျွန်မကို တစ်လှည့် ငေးကြည့်နေသည်။ 'ဟုတ်... ဟုတ်ကဲ့ပါဗျာ။ ကျေး... ကျေးဇူးတင်ပါတယ်။ ကျွန်တော် ကောင်းကောင်း ဖတ်လိုက်ပါမယ်။ ကျေးဇူးပါဗျာ'ဟု ကတုန်ကယင်ဖြင့် ပြောသည်။

'ရပါတယ်။ ကျွန်မလည်း ကုသိုလ်ရတာပေါ့။ ဒါနဲ့ ဒေါက်တာ့ကို ပြောရဦးမယ်။ ကျွန်မ ရန်ကုန်ဆေးရုံကြီး ခွဲစိတ်ဆောင်ကို ရောက်ခဲ့သေးတယ်'

'ဗျာ'

အာမေဋိတ်သံနှင့်အတူ ထိုယောကျ်ား၏ မျက်လုံးများ ဝိုင်းစက် ပြူးကျယ်လျက်။ ကျွန်မသည် တအံ့တသြဖြစ် ကျန်ခဲ့သော ထိုယောကျ်ားကို နှုတ်ဆက်၍ ထွက်လာခဲ့ပါသည်။ သူ့မျက်လုံးများထဲမှ ဖြတ်ပြေးသွားသော အရောင် မျိုးစုံကိုလည်း ကျွန်မ မြင်လိုက်ရပါသည်။ ကျွန်မသည် အလိမ်ခံ၍ လူတစ်ယောက်၏ စာရိတ္တကို ပြုပြင်ရန် ကြိုးစားခဲ့ပါသည်။ ကျွန်မ၏ စာအုပ် ၂ အုပ်ကို ဖတ်၍ ကမ္ဘာမြေပေါ်တွင် အနည်းဆုံးတော့ လူလိမ်တစ်ယောက် လျော့ကောင်း လျော့သွား လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

သို့သော် 'ကျွန်တော် ဆရာဝန်တစ်ယောက်ပါ'ဆိုသော စကားကို ကြားတိုင်း၊ တီဗွီမှ ဆေးကြော်ငြာကို ကြည့်ရတိုင်း၊ ဆရာဝန်နှင့် နားကြပ်များကို မြင်ရတိုင်း ကျွန်မ အမြဲ ပြုံးမိသည်။ ရည်ရွယ်ချက်ရှိရှိနှင့် ကျွန်မပေးခဲ့လေသော စာအုပ် ၂ အုပ်သည် ထိုယောကျ်ား၏ ဘဝကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်ပါမည်လားဆိုသည်ကို ထိုယောကျ်ားသာလျှင် သိနိုင်ပါလိမ့်မည်။ နောက်တစ်ကြိမ် ကျွန်မ သူ့ကို တွေ့ခဲ့လျှင် ဘူတာရုံလေးထဲတွင် သူ့ကို စာအုပ်ပေးခဲ့စဉ်က ကျွန်မကို ကြည့်ခဲ့သော ထိုယောကျ်ား၏ မျက်လုံးများသည် အရောင်ပြောင်းလဲနေမည်လော။ သူ့မျက်လုံးများထဲမှ ကျွန်မ တွေ့ရှိခဲ့သော ရှက်ရွံ့ခြင်း၊ သိမ်ငယ်ခြင်းများ နေရာတွင် မိမိကိုယ်ကို လိပ်ပြာလုံသော 'ရိုးသားဖြူစင်ခြင်း'များ ကျွန်မ မြင်ခွင့်ရနိုင်ပါမည်လား။ ဤမေးခွန်းများကို ကျွန်မ မဖြေချင်ပါ။

မည်သို့ဆိုစေ ကျွန်မထံမှ စာအုပ် ၂ အုပ်ကို ဖတ်၍ သူ့ထံ၌ တစ်စုံတစ်ရာသော အသိနှင့်ရသ တစ်ခုခု ရခဲ့မည်ဆိုလျှင် ကျွန်မ ကျေနပ်ပါသည်။ လူတို့သည် တစ်ခါတစ်ရံတွင် အလိမ်ခံရတတ်သည်။ အလိမ်ခံ၍ လုပ်သင့်သည်ကို လုပ်ဆောင်ရန် အခွင့်အရေးလည်း ရတတ်ပါသည်။ ထို့ကြောင့် ကျွန်မထံ၌ နောင်တမရှိပါ။ 'စာအုပ်များသည် အကျဉ်းထောင်တံခါးများကို ပိတ်စေသည်' ဆိုသော စကားကို ကျွန်မ ကြိုက်ပါသည်။

'ကျွန်တော် ဆရာဝန်တစ်ယောက်ပါ'ဟု ဆိုခဲ့သော ထိုယောကျ်ားကို ပြန်တွေ့ခဲ့လျှင်...။ သေချာပါသည်။ ကျွန်မ သူ့ကို ပြုံးပြန္နတ်ဆက်နိုင်ပါလိမ့်မည်။ ■

ရွှေမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကြောက်စရာ

စကုကျွန်း၊

အင်ရောင်မဲ့အိပ်မက်များနှင့်
ကာခုန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

သမုဒယရင်ခွင် ကဇာတ်ရုံတော်ကြီးမှာ ဖိုးချစ် ဇာတ်သဘင်အဖွဲ့ ယနေ့ည ဖျော်ဖြေပေးမယ့် အစီအစဉ်တွေကို ညဈေးလမ်းထိပ်ဆီက စိုက်နဲ့ ကြေညာသံကြားတော့ မီးခဲမ ရင်ထဲနွေကြီးခေါင်ခေါင် အအေးလှိုင်းတစ်ခု ဖြတ်သွားသလို ခံစားလိုက်ရတယ်။ သားနဲ့သမီးရဲ့တောင်းဆိုချက်ကို တစ်နေ့တော့ ပွဲလိုက်ပြပေးဖို့ ကတိပေးထားပေမဲ့ အေးရင်ပြီးရော ဆိုတဲ့ သဘောနဲ့ 'အင်း' လို့ ခေါင်းညိတ်လိုက်မိတာပါ။ ရပ်ကွက်ထဲက ကလေးတွေလည်း လမ်းထိပ် ကုက္ကိုပင်ကြီးအောက်မှာ ကပ်ထားတဲ့ ပိုစတာကိုကြည့်ပြီး ကြည့်ချင်လွန်းလို့ ဖင်တကြွကြွနဲ့ ဖြစ်နေကြပြီ။ မီးခဲမရဲ့ သားနဲ့သမီးလည်း ကြည့်ချင်လွန်းလို့ သူ့အမေကို ပူဆာကြတယ်။ ကလေးတွေဆိုတာ ကလည်း ရှေ့ရေးနောက်ရေးကို တွေးပူတတ်တဲ့အရွယ် မဟုတ်သေးတော့ ပွဲကြည့်ရတော့မယ်ဆိုတဲ့အသိနဲ့ အတိုင်းမသိ ဝမ်းသာလို့ပေါ့။ ဒီအခြေအနေမျိုးမှာ မဖျော်ရွှာနိုင်သူကတော့ မီးခဲမလေ။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝမှာ သားနဲ့သမီးကို ပွဲလိုက်ပြမယ်ဆိုတဲ့ကိစ္စဟာ မီးခဲမအတွက် ကောင်းကင်နဲ့ကမ္ဘာမြေကြီးလောက် ဝေးသေးတယ်မဟုတ်လား။ မိသားစုသုံးယောက်ရဲ့ဝမ်းရေးကိုပင် အနိုင်နိုင် လုံးပန်းနေရတဲ့ဘဝမှာ ရုံဝင်ကြေးကို တွေးကြည့်ရင်း ရင်လေးနေမိတယ်။ လူကြီး တစ်ထောင်၊ ကလေး ငါးရာ ဆိုတဲ့ ရုံဝင်ခကို မပြောနဲ့ တစ်နေ့လုပ်အားခ နှစ်ထောင့်ငါးရာလောက်ပဲ ဝင်ငွေရှိတဲ့ မိသားစုအတွက် အမှန်တကယ် မတွေးဝံ့စရာပင်။

ရပ်ကွက်ထဲမှာ တစ်အိမ်ဝင် တစ်အိမ်ထွက်ဆိုသလို အဝတ်အင်္ဂါလုံက်လျှော်နေရတဲ့ မိန်းမတစ်ယောက်အနေနဲ့ မိသားစုသုံးယောက်လုံး ပွဲတစ်ညကြည့်မယ်ဆိုရင် အနည်းဆုံး ငွေသုံးထောင်လောက်မှ ကြည့်ဖြစ်မယ်ဆိုတာတွေးရင်း မီးခဲမ ရင်လေးနေမိတယ်။ တကယ်ဆို မီးခဲမလည်း အနုပညာကို ဝါသနာပါသူတစ်ယောက်ပါ။ ဒါပေမဲ့ ဘဝရဲ့လောဒ်မြို့ကမ္ဘာအောက်မှာ ဝါသနာဆိုတဲ့ ဝေါဟာရတစ်ခုကို မျိုသိပ်ရင်း လောကဓံကို ရင်စည်းခံနေရသူတစ်ယောက်ပဲ မဟုတ်ပါလား။

သားနဲ့သမီး တောင်းဆိုမှုကို တစ်ညလောက် လိုက်ပြဖို့ ကတိပေးထားပေမဲ့ ဘဝက မျက်နှာသာမပေးတော့ ရှေ့ပြေးတော်အဖြစ် အသုံးပြုရမယ့် ခြင်္သေ့တွေကိုတွေးရင်း မီးခဲမ သက်ပြင်းချလိုက်မိတယ်။ ကလေးတွေကို ကတိပေးထားတဲ့အတိုင်း ပွဲတစ်ညလိုက်ပြပေးမယ့်ကိစ္စကို အသာထားဦး။ မနက်ဖြန်အတွက် ဝမ်းရေးကိုပင် ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့အတွေးကလည်း မီးခဲမအတွက် ပြဿနာတစ်ရပ်။ ပွဲကြည့်ဖို့ တက်ကြွနေတဲ့ သားနဲ့သမီးကို ကြည့်ပြီး 'အင်း... ငါဘယ်လိုလုပ်ရမလဲ' လို့ တွေးရင်း မအေးမြနိုင်တော့တဲ့ ရင်ကြီးနဲ့အတူ သက်ပြင်းရှည်ကြီးကိုသာ လေးပင်စွာ ချနေမိတော့တယ်။

❑

အချိန်က ညနေ လေးနာရီထိုးပြီဆိုတာကို ရပ်ကွက်ဘုန်းကြီးကျောင်းဆီက လွှင့်လာတဲ့ အုန်းမောင်းခေါက်သံအရ မီးခဲမ သိလိုက်ရတယ်။ ညနေရောက်လို့ နေဝင်လာရင် ပွဲကြည့်ဖို့ သားနဲ့သမီး ပူဆာမယ်ဆိုတာ မီးခဲမ အလိုလိုသိနေပြီးသားကိုး။ ကိုယ်ကိုယ်တိုင်ကလည်း ပွဲလိုက်ပြဖို့ ကတိပေးထားတယ်မဟုတ်လား။ ဒါပေမဲ့ ဒီနေ့ အလုပ်လုပ်လို့ရတဲ့ငွေက ပွဲကြည့်ဖို့ မဆိုထားနဲ့၊ ဝမ်းရေးအတွက် ဖူလုံရုံလောက်သာဆိုတော့ သားနဲ့သမီးကို ဘယ်လိုချော့မော့ဖျောင်းဖျရမလဲဆိုတာ မီးခဲမ တွေးနေရင်း သားသမီးနှစ်ယောက်လုံး အနားရောက်လာကြတယ်။

'မေမေ ဒီည ပွဲသွားကြည့်ကြမယ်နော်'

ပြိုင်တူပြောလာတဲ့ သားနဲ့သမီးရဲ့ စကားထုံ မီးခဲမ တော်တော်နဲ့ ပြန်ပြောနိုင်အောင်အားမရှိခဲ့။ အတန်ကြာ ခပ်ပြတ်ပြတ်ထွက်ကျလာတဲ့ မီးခဲမစကားကြောင့် ပွဲကြည့်သွားဖို့ တက်ကြွနေကြတဲ့ သားနဲ့သမီး မျက်နှာ လွှမ်းတစ်ပြက်ဆိုသလို အုံ့သွားတော့တယ်။

'ဒီည ပွဲကြည့်ကြနဲ့နော်

www.burmeseclassic.com

www.burmeseclassic.com

ပြောသာပြောလိုက်ရပေမဲ့ ညှိုးမှိန်သွားတဲ့ သားနဲ့သမီးမျက်နှာကိုကြည့်ရင်း မီးခဲမ ဝမ်းနည်းသလိုခံစားမိတာတော့အမှန်။ ကလေးနှစ်ယောက်လုံးကလည်း ဘာတစ်ခုမှ ပြန်မပြောကြပေမဲ့ သူတို့လေးတွေရဲ့ အိပ်မက်တွေကို ရိုက်ချိုးသလိုမျိုးဖြစ်သွားတာကြောင့် မိခင်တစ်ယောက်ပီပီ ရင်ထဲမကောင်းဖြစ်နေမိတယ်။

'မနက်ဖြန် ညမှာ အမေ မဖြစ်ဖြစ်အောင် လိုက်ပြပေးပါ့မယ်ကွယ်'

'အမေ တကယ်ပြောတာနော်'

'တကယ်ပြောတာပါကွယ်'

အသံ ညည်း ညည်း ကလေးနဲ့ မီးခဲမပြောလိုက်ပေမဲ့ သားနဲ့သမီး မျက်နှာကတော့ မနက်ဖြန် ညမှာ ပွဲကြည့်ရတော့မယ်ဆိုတဲ့ အသိတွေနဲ့ အရောင်တွေ တလက်လက် တောက်ပသွားကြတယ်။ ဒါပေမဲ့ ဘယ်လို အင်အားတွေကပေးတဲ့အသိနဲ့ ကတိပေးမိတာကို တော့ မီးခဲမကိုယ်တိုင် ဝေခွဲမတတ်ဖြစ်သွားတယ်။ သားနဲ့သမီးကတော့ မနက်ဖြန် ညမှာ ပွဲကြည့်ရတော့မယ်ဆိုတဲ့ ပျော်ရွှင်မှုအိပ်မက်တွေနဲ့ အိပ်ရာထဲ အစောကြီး ဝင်သွားကြပြီ။ မီးခဲမလည်း အတန်ကြာမှ အိပ်ရာထဲဝင်ဖြစ်ပေမဲ့ ဘယ်လိုမှ အိပ်မပျော်ဖြစ်နေမိတယ်။ အိပ်ရာထဲ ဟိုတွေးဒီတွေးနဲ့ ပင် စိတ်ထဲ မြင်ယောင်လာသူက တမလွန်ရောက် ခင်ပွန်း။ သူ အသက်ရှိစဉ်တုန်းက ပြောခဲ့တဲ့စကားတွေက နားထဲမှာ ထပ်တလဲလဲ။

'ထမင်းငတ်လို့ သေတဲ့သူမျိုးဆိုတာ မရှိပါဘူးကွာ၊ ငါရှိနေသရွေ့တော့ ငါ့မိသားစု ဘယ်တော့မှ လူအလယ်မှာ အောက်မကျစေရဘူး'

အိပ်ရာထဲ အတွေးနယ်ချဲ့ရင်းက 'ရှင်ကတော့ ဒီဒုက္ခတွေက ငြိမ်းချမ်းသွားပြီပေါ့ ကိုရေချမ်းရေ' လို့ တွေးမိရင်း မျက်ရည်တွေ စို့လာမိတော့တယ်။

ကိုရေချမ်းဆိုတာက လည်း တစ်ချိန်က မီးခဲမ အရမ်းအားကိုးခဲ့ရ၊ ချစ်ခဲ့ရတဲ့ အိမ်ဦးနတ်ပဲ မဟုတ်လား။ အမည်နဲ့လိုက်အောင် အေးတဲ့သူ။ အသောက်အစား၊ အလောင်းအစားကင်းပြီး အပေါင်းအသင်းက ချစ်ခင်သူဆိုတော့ မီးခဲမဘဝမှာ သောကဆိုတာ ချိုနဲ့လားလို့တောင် မေးယူရလောက်အောင် အေးချမ်းခဲ့ကြတယ်ဆိုပါတော့။ ဒါပေမဲ့ မီးခဲမဘဝကနေ ကိုရေချမ်း ထွက်ခွာသွားတာ ငါးနှစ်ကျော်ခဲ့ပြီလေ။ မိုးကုတ်ကိုတက်ပြီး ကျောက်တူးရင် တစ်ရက် ငါးထောင်၊ စားစရိတ်ငြိမ်းဆိုတဲ့ မက်လုံးတွေကြောင့် ကိုယ့်နေရာမှာထက် အဆင်ပြေမှာပဲ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကိုရေချမ်းအပါအဝင် သူငယ်ချင်းငါးယောက် အလုပ်သွားလုပ်ကြတယ်။ အားလုံးရည်မှန်းချက်ကတော့ တစ်နွေလောက်လုပ်ပြီးလို့ အဆင်ပြေရင် ပြန်လာကြမယ်ပေါ့လေ။ တကယ်လည်း အဆင်ပြေကြပါတယ်။ ကိုရေချမ်းကတော့ တစ်လတစ်ခါဆိုသလို စုဆောင်းမိတဲ့ငွေလေးကို မီးခဲမဆီ လူကြုံနဲ့ထည့်ပေးတယ်။ အဲဒါကြောင့် မီးခဲမအနေနဲ့လည်း စားရေးသောက်ရေး အဆင်ပြေသလို စိတ်ချမ်းသာမှုတစ်ခုတော့ ရရှိခဲ့တာ အမှန်။ ဒါပေမဲ့ နွေကုန်လို့ အားလုံးပြန်လာကြတဲ့အခါ ကိုရေချမ်းတစ်ယောက် ပါ မလာခဲ့ဘူး။ ငှက်ဖျားမိလို့ ဆေးရုံမှာ ဆုံးကျန်ခဲ့တယ်တဲ့။ အဲဒီတုန်းက မီးခဲမတစ်ယောက် မပဋ္ဌာမြေလူးဘဝနဲ့ ကြေကွဲမတတ် ခံစားခဲ့ရတယ်။ ခုလည်း မုဆိုးမဘဝဖြစ်နေတဲ့ မီးခဲမအဖို့ ကာလာမိုးစုံခြယ်သထားတဲ့ ခယောင်းလမ်းမှာ လောကဓံကို ရင်ဆိုင်နေရတာ ဒီနေ့အထိ ဆိုပါစို့။

❑

'ဖိုးချစ်က ရုပ်လည်း ချော၊ ကကွက်ကလည်း ကောင်းတော့ ငါ့မှာ ဘယ်လို ခံစားရမှန်းတောင် မသိပါဘူးအေ'

မိုးလင်းလို့ ဇာတ်ပွဲက ပြန်လာတဲ့ အိပုံက မီးခဲမရဲ့ သမီးဆီလာပြီး ဖောက်သည်လာချတယ်။ မီးခဲမရဲ့သမီး သူဇာနဲ့ အိပုံ ဆိုတာက အချစ်ဆုံးသူငယ်ချင်းတွေ မဟုတ်လား။ ဒါကြောင့် တစ်ညလုံး ကြည့်ခဲ့ရတာတွေကို အားကောင်းမောင်းသန်နဲ့ ဖောက်သည်လာချနေတာပါ။

'ဟယ်... ဖိုးချစ်က တကယ်ချောလားဟင်၊ ငါတို့လည်း ဒီည ပွဲကြည့်သွားမှာဟ'

နဂိုကတည်းကပင် တက်ကြွနေတဲ့ သူဇာက အိပုံရဲ့စကားကြောင့် ပိုပြီး စိတ်လှုပ်ရှားနေမိတယ်။ အိပုံနဲ့ သူဇာတို့အရွယ်ကလည်း ဘီးတောင်း မှန်တောင်းအရွယ်တွေဆိုတော့ တစ်ယောက်ရဲ့ ခံစားချက်ကို တစ်ယောက် ပွင့်ပွင့်လင်းလင်း ဖောက်သည် ချချင်ကြတဲ့အရွယ်ပဲ မဟုတ်လား။ အိပုံရဲ့အပြောကောင်း မူတွေကြောင့် အနားမှာ နားထောင်နေတဲ့ မီးခဲမလည်း အလိုလို ပွဲကြည့်ချင်စိတ်ဝင်လာတော့တယ်။ နာမည်ကျော် ဇာတ်မင်းသားလေး ဖိုးချစ်ကို ဗီဒီယိုထဲမှာသာ မြင်ဖူးပေမဲ့ ဒီလိုကဇာတ်ရဲ့ တွေ့မှာ တစ်ခါမှမမြင်ဖူးသေးတော့ စိတ်လှုပ်ရှားနေမိတာတော့ အမှန်။ ကြည့်ရခဲတယ် ဆိုတဲ့ အသိကလည်း မီးခဲမစိတ်ကို နှိုးဆွသလိုဖြစ်သွားတာကိုး။ ကလေးတွေကိုလည်း ဒီည လိုက်ပြပေးပါ့မယ်လို့ ကတိပေးထားတော့ မီးခဲမ စိတ်ထဲ အတွေးပေါင်းစုံနဲ့ ပြည့်နှက်လို့ပေါ့လေ။

'ဇာတ်ပွဲမှာ ကြည့်လူတွေ တော်တော်များကြလားဟင် အိပုံ'

သမီးနဲ့ အိပုံတို့ နှစ်ယောက်ကြားကိုဝင်ပြီး မီးခဲမ ဖြတ်မေးလိုက်တယ်။

'ကြည့် လူတွေများချက်ကတော့ ပြောမနေနဲ့ အနှံတိရယ်၊ ပွဲခင်းထဲ ထိုင်မယ့်နေရာတောင် အနိုင်နိုင်၊ လူတွေများလွန်းလို့ ရုံတောင် ဖွင့်ပေးရတယ်လေ'

'ဟင် ဟုတ်လား၊ ဒါဆို နင်တို့ကလေးတွေက ရုံဝင်ခ ဘယ်လောက်ပေးရလဲဟင်'

'ကျွန်မနဲ့ အမေက ပြွင့်

www.burmeseclassic.com

ပေးတဲ့ အချိန်မှ ဝင်တာ အန်တီရဲ့'

'ညော် ဟုတ်လား'

ပွင့်ပွင့်လင်းလင်းပြောတတ်တဲ့ အိပုံရဲ့ စကားကြောင့် မီးခဲမရင်ထဲ ဒိန်းခနဲ တစ်ချက်ခုန်သွားပြီး ပြုံးလိုက်မိတယ်။ ရုံတောင်ဖွင့်ပေးရတယ်ဆိုတဲ့ အိပုံရဲ့စကားဟာ မီးခဲမအတွက် အတွေးအင်အားသစ်တစ်ခုကို မွေးဖွားပေးလိုက်သလို။ ဒီညလည်း အိပုံပြောသလို ရုံဖွင့်ပေးပါစေလို့ ဆုတောင်းနေမိရင်းက ရင်ထဲ အတိုင်းမသိ ပျော်လို့။ နောက်ပြီး ဒီညဟာ ပွဲလယ်ညဆိုတော့ လူတွေကြက်ပုံမကျအောင် ပိုကျမယ်ဆိုတာ မီးခဲမ တွက်ဆပြီးသားလေ။ ဒါကြောင့် သားနဲ့ သမီးကို ဒီညနေ ပွဲလိုက်ပြပေးဖို့ အတွက် ကြိုတင်ရင်ခုန်နေမိတယ်။

❑

မီးခဲမတို့ သားအမိသုံးယောက် ပွဲခင်းထဲရောက်တော့ အနယ်နယ်အရပ်ရပ်က ပွဲလာကြည့်ကြတဲ့ လူတွေတိုးလို့မပေါက်လောက်အောင် စည်ကားနေပြီ။ ကြက်ပုံမကျတဲ့ လူပင်လယ်ကြီးကို တိုးဝှေ့ရင်း မီးခဲမတို့ သားအမိသုံးယောက် ပွဲဈေးတန်းကို လျှောက်ကြည့် ကြတယ်။ ကလေးတွေကတော့ ကာလာမီးရောင်စုံအောက်မှာ လူအုပ်ကြီးတွေကြားကို တိုးဝှေ့ရင်း အပျော်ကြီး ပျော်လို့ပေါ့။ မီးခဲမလည်း အိမ်ထောင်ကျလို့ သားသမီးနှစ်ယောက်မွေးပြီးကတည်းကပင် ပွဲတစ်ခါမှ မကြည့်ဖူးသေးတော့ ပျော်မိတာပေါ့လေ။ လူသူရှင်းတဲ့

ဖိုးချစ်က ရုပ်လည်း ချော ကက္ကက်ကလည်း ကောင်းတော့ ငါ့မှာ ဘယ်လို ခံစားရမှန်းတောင် မသိပါဘူး အော

တစ်နေရာအရောက် အပြင်ထပ်အကျီအိတ်ကပ်ထဲကို စမ်းကြည့်မိတော့ ပိုက်ဆံလေး သုံးထောင်က အိပ်ပျော်လို့။ ဒီနေ့တစ်ရက်လုံး အဝတ်လျှော်ခဲ့လို့ ရခဲ့တဲ့ ပိုက်ဆံလေး။ ဒါတောင် ဖောက်သည်အိမ်တွေနဲ့ အပြင်အိမ်နှစ်အိမ်ကြားပေါက် လျှော်ခဲ့ရလို့ သားနဲ့သမီးကို ပွဲပြဖို့ စိတ်ချမ်းသာခဲ့ရတာမဟုတ်လား။

'မေမေ သားသား ဒီဟာမှာ ကစားချင်တယ်'

ပွဲဈေးတန်းလျှောက်လည်ရင်း တစ်နေရာအရောက် ကလေးတွေ ကစားနေကြတဲ့ ဟက်ပီးဝေါလ်ကြီးကို မြင်တော့ သားက ကစားဖို့ ပူဆာတယ်။ ကလေးတွေတစ်သိုက်ကတော့ ကစားကွင်းထဲမှာ ခုန်လိုက် ပြေးလိုက်နဲ့ အပျော်ကြီးပျော်လို့။ ကစားနေကြတဲ့ ကလေးတွေကို ကြည့်ရင်း မီးခဲမလည်း သားရဲ့ဆန္ဒကို ငြင်းပယ်ဖို့ အင်အားမရှိဖြစ်သွားတယ်။ ဒါကြောင့် ငါးရာဆိုတဲ့ ဝင်ကြေးကိုပေးပြီး သားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်တယ်။ မီးခဲမရဲ့သမီးကတော့ ကစားကွင်းထဲက ကလေးတွေကြည့်ပြီး ပါးစပ်ဟောင်းလောင်းနဲ့ အာရုံခံစားနေမိတယ်။ အတန်ကြာတော့ မီးခဲမရဲ့သား ကစားကွင်းထဲက အရုပ်တွေပေါ် ခုန်ချလိုက်၊ ပြေးတက်လိုက်နဲ့မြင်တော့ သမီးကလည်း ပူဆာပြန်တယ်။ ဒါကြောင့် ဒီနားမှာ တာရှည်နေလို့ဖြစ်မှာမဟုတ်ဘူးလို့ မီးခဲမတွေးရင်း ကစားကွင်းထဲက သား ပြန်ထွက်လာတာနဲ့ သမီးကိုမာန်မဲပြီး မနည်းဆွဲခေါ်လာခဲ့ရတယ်။ ဒီလိုမခေါ်လို့လည်း မဖြစ်ဘူးလေ။ ပိုက်ဆံက သိပ်အပို ပါတာမှ မဟုတ်တာ။ ရုံဝင်ခတောင် အနှီငှီပဲ မဟုတ်လား။

ဈာတ်ရုံဝင်ပေါက်နားရောက်တော့ ဈာရမလူအုပ်ကြီးက နှစ်တောင်လောက် သာကျယ်တဲ့ ရုံပေါက်ဝမှာ အတင်းကို တိုးဝှေ့နေကြတယ်။ လူအုပ်ကြီးကို ကြည့်ပြီး မီးခဲမ ရင်တွေခုန်လို့။ လက်မှတ်ရောင်းတဲ့နေရာကို လှမ်းကြည့်မိတော့ လူကြီးတစ်ထောင်၊ ကလေးငါးရာတဲ့။ လက်မှတ်ဝယ်ဖို့ အိတ်ကပ်ထဲက ငွေကို နှုတ်ယူလိုက်တာနဲ့ 'ဟင်' ခနဲဖြစ်သွားပြီး ငေးမောသွားတော့တယ်။ အိမ်ကယူလာတဲ့ငွေက သုံးထောင်တိတိမဟုတ်လား။ သားအတွက် ကစားကွင်းထဲမှာ ငါးရာကုန်တော့ နှစ်ထောင့်ငါးရာ ကျန်ရမှာလေ။ ခုတော့ ငါးရာတန် နှစ်ရွက်ပဲ ကျန်နေတော့ မီးခဲမ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားတယ်။ နောက်ပြီး ဘယ်နေရာနားမှာ ကျကျန်ခဲ့တယ်ဆိုတာ မီးခဲမ စဉ်းစားမရဖြစ်နေတယ်။ သားအတွက် ပိုက်ဆံရှင်းတုန်းက အိတ်ကပ်ထဲက ငွေဟာ အံကုန်လုံးရှိသေးတယ်မဟုတ်လား။ ခုတော့ ပျောက်ချင်းမလှ ပျောက်သွားတော့ ပြန်ရှာကြည့်မယ်ဆိုတာတာလည်း လူအုပ်ကြီးကိုကြည့်ပြီး သက်ပြင်းချရုံကလွဲပြီး မတတ်နိုင်တော့ဘူးလေ။ သားနဲ့သမီးကတော့ သူ့အလောလက်ကို တစ်ယောက်တစ်ဖက်ဆွဲလို့။

'မေမေ ဈာတ်က၊နေပြီ လက်မှတ်ဝယ်ပြီး အမြန်ဝင်ကြရအောင်'

မီးခဲမ သက်ပြင်းတစ်ချက်ချလိုက်ရင်း 'ဒီကလေးတွေကလည်း ဘုမသိ ဘမသိ'လို့ စိတ်ထဲဖြောရင်း မျက်စောင်းတစ်ချက်ထိုးလိုက်မိတယ်။ ဘာမှမသိရတဲ့ သားနဲ့သမီးကတော့ ပွဲကြည့်ဖို့ပဲ အာရုံစူးစိုက်နေကြတာကိုး။ အတန်ကြာမှ ဟန်လုပ်ရင်း လေသံလွှဲပြီး ဟန်လုပ်ရင်း လေသံလွှဲပြီး

www.burmeseclassic.com

www.burmeseclassic.com

လို့။ နောက်ကလေးတစ်ယောက်က ပြောက်ကျားစောင်ထူထူကြီးတစ်ထည်ကို ရင်ဘတ်မှာ ပွေ့ဖိုက်ပြီး ဟိုကြည့်ဒီကြည့်လုပ်နေတယ်။ ထိုင်လို့ သိပ်မကြာသေး၊ မိန်းမကြီးက ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာနေပြန်တယ်။ သူတို့မိသားစုကို မီးခဲမ အကဲခတ်ကြည့်မိတော့ ကိုယ့်လိုပဲ ဘဝတူ မိသားစုမှန်း ရိပ်မိလိုက်တယ်။

အမှန်ဆိုရင် မီးခဲမ ဒီလို ထိုင်စောင့်နေရတာကို ရင်ထဲက ရွက်တော့အရွက်သား။ ဒီလိုထိုင်စောင့်နေတာကို အိမ်နီးဝန်းကျင်က တစ်ယောက်ယောက် မြင်သွားရင် ဆိုတဲ့ စိုးရိမ်စိတ်ကလည်း နောက်ကျောမလုံဖြစ်နေမိတာကိုး။ ဒါပေမဲ့ သားသမီးတွေရဲ့ ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ ဇွတ်မိုတ်ပြီး အရာအားလုံးကို မျက်ကွယ်ပြုထားလိုက်တယ်။

အချိန်တော်တော်လေး ကြာအောင် သူတို့ မိသားစုတွေ တစ်ယောက်နဲ့တစ်ယောက် ဘာစကားတစ်ခွန်းမှ မပြောကြဘဲ ထိုင်စောင့်နေကြပေမဲ့ ရုံကလည်း ဖွင့်မပေးသေးတာကြောင့် နောက်မှ အနားရောက်လာတဲ့ မိန်းမကြီးက စိတ်ဓာတ်ကျလေသံမျိုးနဲ့ မီးခဲမဘက်လှည့်ပြီး စကားလှမ်းမေးတယ်။

'ရုံက ဘယ်တော့ ဖွင့်ပေးမှာလဲဟင်'

မီးခဲမလည်း 'အင်း' ခနဲသက်ပြင်းတစ်ချက်ချရင်း ပြောလိုက်တယ်။

'ကျွန်မလည်း အဲဒါကိုပဲ တွေးပူနေမိတာ'

■ **စော်သစ်၊စကားလှန်း**

www.burmeseclassic.com

ကြည့်လူတွေ များချက်ကတော့ ပြောမနေနဲ့ အနှိပ်တီရယ် ပွဲခင်းထဲ ထိုင်မယ့် နေရာတောင် အနှိုင်နှိုင် လူတွေ များလွန်းလို့ ရုံတောင် ဖွင့်ပေးရတယ် လေ

သမီး မုန့်စားပြီးတော့ အိတ်ထဲက လက်ကျန်ငွေလေးနဲ့ ရှင်းပေးလိုက်တယ်။ ပြီးမှ အနားမှာ မုန့်စားနေတဲ့ လူတစ်ယောက်ကို ဘယ်နှနာရီ ထိုးပြီလဲ မေးကြည့်တော့ တစ်နာရီထိုးပြီတဲ့။ သည်အချိန်လောက်ဆို မကြာခင် ရုံဖွင့်ပေးတော့မယ် ဆိုတဲ့ အသိနဲ့ မီးခဲမ အားတက်သွားသလို ခံစားမိတာတော့ အမှန်။ ရင်ထဲမှာလည်း အတိုင်းမသိ ဖျော်လို့ပေါ့လေ။ ဒါပေမဲ့ မုန့်စားပြီးလို့ ရုံဝင်ဝဘက် ပြန်လျှောက်ကြတော့ ရုံပေါက်ဝနားမှာ လူတွေ တိုးဝှေ့နေကြဆဲ။ ဘာပဲဖြစ်ဖြစ် တိုးဝှေ့နေကြတဲ့ လူတွေကို မြင်လိုက်ရပေမဲ့ ရုံဖွင့်ပေးလောက်တဲ့ အချိန်ကိုရောက်နေတာကြောင့် မီးခဲမ စိတ်ဓာတ်တော့ ကျမသွား။ မိခင်ရဲ့ ကြိုးဆွဲရာ လိုက်နေရတဲ့ သားနဲ့သမီးကတော့ မီးခဲမလက်ကို တစ်ယောက်တစ်ဖက် ဆွဲလို့။

'ဒီနားမှာ ခဏ ထိုင်ကြဦးမယ်နော်'

သားနဲ့သမီးကို လက်ဆွဲခေါ်ပြီး ရုံဝနဲ့ မနီးမဝေး တစ်နေရာမှာ ထိုင်လိုက်ကြတယ်။ မိခင်ရဲ့ ကြိုးဆွဲရာ လိုက်က,နေကြရတဲ့ သားနဲ့သမီးကတော့ ဇာတ်ရုံထဲကို ဝင်ဖို့ မျက်လုံးတွေပြူးလို့။ ရုံဝင်ပေါက်နားမှာလည်း လူတွေက တိုးဝှေ့နေကြဆဲ။ ဇာတ်ရုံထဲက လွှင့်စဉ်လာတဲ့ စတိတ်ရှိုးတီးလုံးတွေက မီးခဲမတို့ သားအမိသုံးယောက်ကို ဆွဲခေါ်နေသယောင်။

'ရုံမဖွင့်သေးဘူးဟဲ့ လာကြ… ဟိုလူတွေအနား ခဏသွားထိုင်ကြရအောင်'

နောက်ဘက်နားဆီက အသံလာရာ မီးခဲမ လှည့်ကြည့်လိုက်တော့ သားအမိသုံးယောက် မီးခဲမတို့အနားလာထိုင်ကြတယ်။ မိန်းမကြီးကို မီးခဲမ အသေအချာကြည့်မိတော့ ဝဝဖိုင့်ဖိုင့်နဲ့။ အသက်လေးဆယ်ကျော်လောက်ရှိမယ်လို့ ခန့်မှန်းလိုက်မိတယ်။ မိန်းမကြီးကတော့ ကလေးတစ်ယောက်ကို လက်ဆွဲထားပြီး ချိုင်းအောက်မှာ ထိုင်သင်ဖျာငယ်တစ်ချပ်ကို ညှပ်

မီးခဲမ ပြောလိုက်တယ်။ ငွေဖျောက်သွားတာကို သားနဲ့သမီး သိသွားရင် မျက်နှာငယ်သွားမှာကို မီးခဲမ စိုးရိမ်နေပြီလေ။

'လူတွေ တိုးမပေါက်သေးဘူး။ ဒီနားမှာ ခဏလေး နားကြဦးမယ်နော်'

သားနဲ့သမီးကတော့ ဇာတ်ရုံထဲကို ဝင်ချင်စိတ်ထက်သန်နေကြပြီ။ မီးခဲမလည်း ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ ဆိုတာ စဉ်းစားလို့။ တိုးဝှေ့နေကြတဲ့ လူအုပ်ကြီးကိုကြည့်ရင်း ဒီညလည်း ရုံဖွင့်ပေးပါစေလို့ မီးခဲမ ကျိတ်ဆုတောင်းနေမိတယ်။ ရုံဖွင့်တဲ့အခါမှ ဝင်ကြရအောင်လို့တော့ သားသမီးတွေကို ဖွင့်ပြောဖို့ အင်အားမရှိ။ ဒါကြောင့် ကလေးတွေ စိတ်ပြောင်းသွားအောင်ဆိုပြီး ပွဲဈေးတန်းကို အထပ်ထပ် အခါခါ လျှောက်ကြပြန်တယ်။ ဒီလိုမှ မလုပ်ရင် သားနဲ့သမီးက ပွဲခင်းထဲဝင်ဖို့ တတွတ်တွတ် ပူဆာနေကြမယ် မဟုတ်လား။ ရုံဖွင့်ပေးမှ ကြည့်ခွင့်ရမယ်ဆိုတာ မီးခဲမ သဘောပေါက်သွားပြီလေ။

'အမေ သမီး မုန့်တီစားချင်တယ်'

'သား သား လည်း ကောက်ညှင်းကျည်တောက်စားချင်တယ်'

ဒီတစ်ခါတော့ သားနဲ့သမီးရဲ့ ဆန္ဒကို ငြင်းမနေနဲ့တော့ဘဲ လိုက်လျောစွာနဲ့ ခွင့်ပြုလိုက်တယ်။ ရုံဝင်ခ မပြည့်တော့တဲ့အတူ ဒီလိုမှ အချိန်ဖြုန်းတီးရာရောက်မယ်ဆိုတာ မီးခဲမ သိနေပြီလေ။ သားနဲ့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကဗျာမှုန် ပပ်ကြားအက် ဒဏ်ရာလက်တက်များ

အမှတ် ၃၂၂ စက်တင်ဘာ၊ ၂၀၁၆
ကျော်သူမိုး

ကလေးငယ်တွေ
လက်ညှိုးထိုးပြီး
ကျွန်တော့်ကို
လှောင်ရယ်နေကြတယ်
ဖုန်းရှိတဲ့သူတွေက
တဖျပ်ဖျပ် ဓာတ်ပုံ
ရိုက်ယူနေကြတာကို
ကျွန်တော့်အာရုံမှာ
ဆွဲငယ်
ဖမ်းတားချင်စိတ်တွေ
တရှန်းရှန်း
တက်လာတယ်
ကျွန်တော့်ကို
ဓာတ်ပုံရိုက်ခွင့်
သူတို့မှာ မရှိဘူးလို့
ကျွန်တော်
ယူဆတတယ်

၁။
တထောင်းထောင်း ထနေတဲ့နွေ။
အဲဒီနွေရက် ရွာဆီ ပြန်လာရမှာ ကျွန်တော်
သိပ်ကြောက်ခဲ့တာပါ။ ကျွန်တော်
ကြောက်တာလည်း မပြောပါနဲ့။
အုတ်ဖိုတောင် တစ်ရွာလုံးတောင်
နွေဦးရောက်ပြီဆိုတာနဲ့ စိုးရိမ်စိတ်တွေ
ခိုးလိုးခုလု မြင့်တက်နေပါရော။
ဘာကြောင့် စိုးရိမ်ရသလဲဆိုတာ
ကြည့်လိုက်ပါဦးလေ။
ရွာထိပ်က ရေလှောင်ကန်လေးတောင်
နေရောင်တဝင်းဝင်းအောက်မှာ
အသက်ငင်နေတာများ
သွေ့ခြောက်ပြီး ပပ်ကြားတွေ
အက်လို့နေတယ်။
ရေရှားမိုးခေါင်မှုက
ရွာလေးမှာ မနေပျော်အောင်
ဆီးကြိုခြောက်
လှုန့်နေပါလား။
ရွာအဝင်
လှည်းလမ်းပေါ်
တလိပ်လိပ်တက်လာတဲ့
ဖုန်လုံးကြီးတွေက စတိုင်ပန်၊
ရှပ်အင်္ကျီအပွနဲ့ ရွာကို ပြန်လာတဲ့
ကျွန်တော့်ကို ကြိုဆိုချင်တာ
ဟုတ်ပါ့မလား။ မိုးမရွာ၊
ရေရှားပါးတဲ့ ဒီနှစ်တွေအတွင်း
ရွာအဝင်က တမာပင်တွေ
ခြောက်သွေ့ပြီး မသေဆုံးတာဘဲ
ကံကောင်းလှချည့်ရဲ့။
တမာပင်တွေကို တမ်းတမ်းတတ
ကြည့်မိနေရင်း အပင်တွေအောက်က
ခုံတန်းရှည်လေးကို ကလေးတစ်ဝက
သူထိုင်ရေး၊ ငါထိုင်ရေး
နေရာလုနေကြတာ မြင်ရတော့
ကျွန်တော်တောင်
ယောင်ယောင်အမ်းအမ်း
ပြုံးမိတယ်။ ဒီနေရာလေးမှာ
ကိုအေးခိုင်နဲ့အပြိုင် မိအုပ်ကို
သူရရေး၊ ငါရရေး လုခဲ့သေးတာ
မဟုတ်လား။ မိအုပ် မိအုပ်။
အမေအိုက သားသမီး
ရှစ်ယောက်မွေးပြီးပြီမို့

www.burmeseclassic.com

မမွေးတော့ဘူး ထင်ထားတာတဲ့။ နောက် အပိုထွက်ကျလာလို့ သူ့ကိုပေးထားတဲ့ နာမည်က အပို။ သူ့အလှမှာလည်း အပိုဆုတွေ ပါနေပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတော့ သူက ရွာမှာ အလှူမဂ်လာ ရှမ္ဘော်ငေးစရာ အပျိုမပဲ။ အခုများတော့ သူတောင် ကလေးတစ်ယောက်အမေဖြစ်နေပြီ။ သူ့အမေကြီးကလည်း ကျွန်တော့်ကို မလို မလားဆိုသလို 'သင်းက ကျောပူအောင် လုပ်မစားပါဘူးအေ၊ ပြီးတော့ ခြေဆော့လက်ဆော့ ဇ၊လေးကလည်း ရှိသေးတယ်'လို့ ဘေးထိုးလေးတွေ ပင့်ပင့်ပေးတတ်ခဲ့တာကိုး။ ကျွန်တော်သာ ရွာမှာရှိရင် အသားပိုမည်းသလို ခါးပြင်ကိုင်းတဲ့ ကိုအေးခိုင်ကို မိအပိုက ယူမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော့်အမေကတော့ အမြဲပြောလေ့ရှိတယ်။ 'မိအပို နင့်ကိုမယူတာ လွတ်ကံကောင်းတာ၊ ယောကျ်ားပျင်း ကျောခင်း။ ကြည့်ပါဦးအေ ငတ်ရချည့်ရဲ့'တဲ့။

တလိပ်လိပ်တက်နေတဲ့ ဖုန်စတွေထဲ တိုးဝှေ့လိုက်ပြီး ဟိုတစ်စု ဒီတစ်စု ရှိနေတဲ့ ကာလသား ကမူးကရူး စကားတွေနဲ့ မယ်ကြီးအိုသန်းတုပ်တစ်သိုက် စကားစတွေဆီ တိုးဝင် နားစွင့်မိတော့ သတင်းထူးကို သိရတယ်။ ရွာလူကြီးအသစ်တစ်ယောက် ရုတ်တရက် ရွေးရမယ်။ ဘာအတွက်ဆို အရက်အရမ်းသောက်တဲ့ ရွာလူကြီးဦးဖိုးစုံ နွေပူပူမှာ ရုတ်ခြည်း လေဖြန်းလို့တဲ့။ ကျွန်တော့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။

'အင်း ဒီအတိုင်းဆိုရင် ခေတ်အမြင် ခေတ်အသွင် လေးရှိ၊ ဘာလေးညာလေး နားလည် ပါးရည် ဝ၊ ပြီး မသောက်မစား မကြီးမငယ် ထဲက ဦးစီးဦးဆောင်တစ်ယောက်လောက် ရွေးနိုင်ရင်ကောင်းမယ်။ ဖျိုးဖျိုးဖျတ်ဖျတ် ဆိုးဆိုးဆတ်ဆတ်နဲ့ ကျောင်းရေးရွာရေးလည်း လုပ်နိုင်တာလေးပေါ့အေ'

အရီးဒေါ်မဲတူမရဲ့ အသံက တစာစာ ထွက်နေတယ်။ ဒေါ်မြအေးတို့၊ ဒေါ်အုန်းတင်တို့ကလည်း စကားအကိုးအကား မလျှော့။ဒီစကားတွေ အတိုင်းဆို ရွာသူကြီး ဘယ်သူဖြစ်နိုင်မလဲ စဉ်းစားကြည့်တယ်။ ကျွန်တော် မဖြစ်နိုင်ဘူးလား။ ကျွန်တော်က နိုင်ငံခြားပြန်လေ။ ရွာမှာကျွန်တော်နဲ့အတူတူ နိုင်ငံခြားသွားပြီး ပြန်လာနိုင်တဲ့သူ တစ်ယောက်မှ မရှိသေးဘူးမဟုတ်လား။ ဒါပေမဲ့ ကျွန်တော့်ကိုကျ ငယ်တယ်ပြောကြမှာ ကျွန်တော်သိတယ်။ ကျွန်တော်နဲ့ နီးစပ်တာလေး တစ်ယောက်လောက်ကို အကြံပေးဇွတ်တင်မြောက်လိုက်ရင် မကောင်းပေဘူးလား။ နီးစပ်ရာ ရွာစမ်း။ ရွာစမ်း။ ကျွန်တော့်ဦးနှောက်တွေ ဗျာပြေးနေတယ်။ ဘယ်သူက ကျွန်တော့်အလိုအတိုင်း ဖြစ်လာနိုင်မလဲ။ နီးစပ်တာထက် ဆွေမျိုးရင်းချာထဲကဆို ပိုမကောင်းဘူးလား။ အို မဟုတ်တာ။ အဲ့ထက်လှတာတောင် ရှိသေးတယ်။ ကျွန်တော့်အဖေ တစ်ယောက်လုံးကို ဘယ်သွားထားမလဲ။ အဖေက မသောက်မစား၊ အလောင်းကစား ကင်းမှကင်းမို့ ကိုကင်းလို့တောင် ခေါ်လို့ရသေးတယ်။ အဖေ့ကို လာဘ်ထိုးလို့လည်း မရဘူး။ အဖေက လူကတ်ကြီးဆိုတာ အကုန်သိတယ်။ ဒါလေးကလည်း ရိုးဂုဏ်ပဲလေ။ တစ်ခုတော့ ရှိတာပေါ့။ ကျွန်တော် လူမှန်းသိစအရွယ်တုန်းက အဖေက အမြဲညီမ မလုံးတင်နဲ့ဘာညာဘာညာ အသံထွက်ဖူးတော့ ရပ်ရွာက အဖေ့ကို ကြည်ညိုချင်ပါ့မလား။ အို ကွာ...ဒါကလည်း ကြာပြီဆိုတော့ မေ့တော့တော့ပါ။ ဘယ်သူက ရွာသူကြီးဖြစ်မယ်သူကို အမုန်းခံ အစဖော်ရဲမှာလဲ။ ဒေါ်လေးလုံးတင်တောင် အခု ရမည်းသင်းမှာ လင်ရ၊ ကလေးမွေးနေပြီပဲ။ အဖေကသာ ဘုန်းကြီးကျောင်းထဲ ပိုပိုသာသာလေး ဝင်ချည်ထွက်ချည် လုပ်ပြလိုက်ရင်၊ ရပ်ရေးရွာရေး စပ်စုပြလိုက်ရင် နိုပြည်သွားပြီ မဟုတ်လား။ ဇွတ်အတင်းကာရော ရေရှိရေး၊ ဒို့အရေးတွေ ခါတော်မီ လုပ်ပြတတ်ရင် အဖေ ရွာလူကြီး ဖြစ်နိုင်တာမှ ဖြစ်ဖြစ် ဖြစ်ဖြစ်လို့ မြည်နေဦးမယ်။

ဖြစ်ရမယ်လေ။ ကျွန်တော် စီစဉ်တာပဲ။ စီစဉ်ဆိုမှ ရွာသူကြီးက နေပူပူမှာ အရည်တမြိန်မြိန်ကြောင့် လေဖြန်းနေတော့ ရွာထဲမှာလည်း ရပ်ရေးရွာရေး ရေရှိရေးကို ဦးဆောင်မယ့်သူကို အလျင်လို နေကြပြီကော။ အိမ်ပြန်ရောက်တာနဲ့ ဒီကိစ္စ အရင်စ၊ရမှာပဲ။

❑

၂။

ချစ်ချစ်တောက် နေလုံးကြီးဆီကို အရောက်သွားတော့မယ့်အတိုင်း ထန်းပင်တွေ ထီးထီးကြီး ထိုးရပ်နေကြတယ်။ နေ့စဉ် လှည်းတစ်စီးနဲ့ သွားချည်ပြန်ချည် ရေအဝယ်ထွက်ရတာဟာ တစ်အိမ်ထောင် လူတစ်ယောက် တခြား ဘာအလုပ်မှ မလုပ်ရဘဲ အလုပ်မည်နေတယ်။ ကြဲခင်းရွာကတော့ မိုးမရွာလို့ တောင်ယာ အဆင်မပြေပေမဲ့ မြေကြီးက ရေထွက်တာမို့ မလှမ်းမကမ်းက ကျွန်တော်တို့ ရွာဆီကနေ ငွေတွေ ရှောခနဲ၊ ရှောခနဲ ဦးဝင်နေတယ်။ ပြီးခဲ့တဲ့ နှစ် နှစ်ကျော်ကျော်ကတည်းက သူတို့ရွာကို အစိုးရကလောကိုယ်စားကိုယ်ထနဲ့ကော အစိုးတွင်းတွေ ဟာချလောင်းဆို သလို တူးဖော်သွားပေဲ့ ကျွန်တော်တို့ ရွာကတော့ ရေကြော မရှိဘူးတဲ့လေ။ ထွေးရင်းပြုရင်းနဲ့ လှည်းပေါ်က ရေဘူးတွေကို ခြံဝန်းထဲက ရေစည်အိုးထဲထည့်ဖို့ လုပ်နေတုန်း မိအပို ရောက်လာတယ်။ အမေ့ဆီမှာ ထုံးစံအတိုင်း ရေလာဝယ်ရင်းနဲ့ မျက်လုံးတွေက ကျွန်တော့်ဆီကို စပ်စုစုစု အကဲခတ်နေတယ်။

'အရီးလေးရေ ဟိုက လူ ပို့တဲ့ ပိုက်ဆံကလည်း ရေစဉ်ရေဖိုးနဲ့ ပြန်ကုန်သလောက်ပါပဲပဲ။ ရေတောင်မှ တစ်ပတ်တစ်ခါ မချိုးရက် ချိုးရက်ပဲပဲ။ သူ့ခမျာ တစ်နယ်တခြား တိုင်းတစ်ပါး သွားရှာရတာ မိန်းမနဲ့ ကလေးဆီက တစ်လမှ တစ်ခါလောက် ဖုန်းဆက်နိုင်တယ်။ သူ့အ

www.burmeseclassic.com

www.burmeseclassic.com

ဆီတောင် ဆက်တာမဟုတ်ဘူး။ ကျုပ်မှာလည်း သူ့အမေနဲ့အဖေကို နိုင်သလောက် ချက် ပြုတ် ကျွေးမွေးရ၊ ကလေးကို ပြုစုရနဲ့ ဖျပ်ဖျပ်လူးနေတာပါပဲ။ သူ့ သွား စရိတ်ကလည်း မနေ့တစ်နေ့ကမှ ကျတာ။ သူ့အမေကတော့ သူ့သား နိုင်ငံခြား ထွက်ဖို့စရိတ်နဲ့ ရေဖိုးအတွက်တင် ယာတွေ၊ နွားကလေးတွေ ရောင်းလိုက်ရလို့ ငိုကြီးချက်မ ဖြစ်နေခဲ့ရတာ မဟုတ်လား။ အခုတော့ ငွေလေး ပို့နိုင်ပြီဆိုတော့ အသက်ရှူချောင်လာပါပြီ။ ဒီတစ်ခေါက် မိုးဝင်လို့ မိုးပေါက်လေး နည်းနည်းလောက်ကျရင်တော့ ယာလေးဘာလေး၊ သီးနှံပေါ်ကောင်းပါရဲ့တော်'

အမေက မိအိပို့ရဲ့ စကား တစ်သီကြီးကို ခေါင်းတဆတ်ဆတ် နားထောင်နေရာမှ စကားပြန်ထောက်တယ်။

'မိုးကလည်း ကျဉ်းမှပဲ အိုရေ၊ ကာလသားမပြောနဲ့ ကာလသမီးတွေပါ မြို့တက်ကြိုရာကျပန်း လုပ်နေရတော့ ရွာမှာ လူအိုချည်းပဲ ကျန်နေပြီ။ အိမ်ကကောင်များ ရွာမှာ ဒီလောက် မိုးခေါင်ရေရှားလို့ ဘာမှ လုပ်စားမဖြစ်တာ သိသိလျက်နဲ့အေ၊ ဒီပြန်လာတာ အံ့ရောတော်။ သွားစရိတ်နဲ့ အချိန်တွေမှ အားမနာ'

'ဝင်းကြိုင်က ဘာလို့ ပြန်လာရတာလဲ အရီးလေး။ လက်ထဲလည်း ပိုက်ဆံအိုး မပါဘူးဆို'

'အိုကွယ်၊ တကယ်သာ မိဘတွေကို လုပ်ကျွေးဦးမယ် ဒီလိုသိတတ်ရင် ပြန်မလာဘဲ ကုတ်ကတ် ကြိုးစားမှာပေါ့အေ'

'ကို အေးခိုင်တို့အဖွဲ့ တောင် ဝင်းကြိုင်တို့နောက်မှ သွားကြတာ။ မြို့ချင်း မတူပေမဲ့ အဆင်ပြေတော့ ပြေသင့်သလောက် ပြေကြတာပဲလေ'

မိအိပို မိအိပို သင်းက တော့လား။ အမေကမှ ရွာလှည့်ပြီး ပြောစရာမရှိ ရွာပြန်လာတဲ့ ကျွန်တော့်အကြောင်းကို စီကာပတ်ကုံး မကျေမချမ်း ပြောနေပါတယ်ဆို၊ သင်းက လေပင့်အောင် ယပ်ခတ်ကူနေသေးတယ်။ ငယ်ငယ်က သောက်ကျင့်အတိုင်း စပ်စုတာက မသေနိုင်ဘူး။ အဲ့ဒီ စပ်စုတတ်တာနဲ့ ကျွန်တော့်အပေါ် အယုံအကြည်နည်းတတ်တာကြောင့်ပဲ ကျွန်တော်နဲ့ ကြိုက်နေတုန်း ကိုအေးခိုင်နဲ့ ဘာလိုလို ညာလိုလို ပူးပူးကပ်ကပ် ဖြစ်ဖြစ်နေခဲ့တာ။ ကျွန်တော်လည်း မလေးရှားကိုအသွား၊ မိအိပို့လည်း ကိုအေးခိုင်နဲ့ ပြောင်းကြိုက်ပါရော။ အစကတည်းက မှ ကိုအေးခိုင်က ရုပ်ရည်မှ အားမနာ၊ အရိုးရောအသားရော ကိုက်ချင်နေတာ မဟုတ်လား။ ကိုအေးခိုင်က စိတ်အရိုးခံလေးတော့ ကောင်းပါရဲ့။ အခြောက်တို့ က် ကျွန်တော့်ကို မယုံကြည်တာ စွပ်စွဲတတ်တာကတော့ ကြီးခင်းရွာကျောင်းမှာ အလယ်တန်းအထိ ကျောင်းတက်တုန်းကတည်းကပဲ။ လက်ထဲမှာ ကိုယ်ပိုင်ငွေ မရှိပေမဲ့ ကျွန်တော့်မိဘတွေက သူတို့ ထက်တော့ ရှိရိုးအမှန်ပဲ။ ခြံဝန်းကျယ်ထဲမှာ နှစ်ထပ်ပျဉ်ထောင်နဲ့ နေတာလေ။ နောက်ပြီး ယာတွေက အဖေတဖြတ်ဖြတ် ခြမ်းရောင်းတာတောင် နှစ်ကွက်လောက် ကျန်သေးတယ်။ ဒါနဲ့များ ကျွန်တော့်ကို စွပ်စွဲရဲတယ်။ ဘာတဲ့၊ ကျွန်တော့်ကို...။

'ဟဲ့ ဝင်းကြိုင်' လို့ အခေါ်မှာ ကျွန်တော့်အတွေးတွေက လူခနဲ လွင့်သွားတယ်။

'ငါ ခုနက ရေလာထမ်းတော့ အရီးကို ပိုက်ဆံထုတ်အရှင်း ပိုက်ဆံငါး ထောင်တန် ကျကျန်ခဲ့တယ်။ အဲ့တာ နင်တွေ့တယ်မလား'

ပြောပုံကိုက ကြည့်ပါလား။ အဲဒီလို အချိုးမပြေ ပျာယီးပျာယာကြောင့်ပဲ သူ ရေပုံးထမ်း ပြန်သွားတော့ တောင် ကျွန်တော် သူ့ကို နှေ့နှေ့ကြည့်ပြီး ခပ်မြိန်မြိန် ပြုံးလိုက်သေးတယ်။ သူငါး ထောင်တန်လေး ကျပျောက်တာများ သက်သေမရှိဘဲ ကျွန်တော့်ကို အိမ်ဝိုင်းထဲ အထိ စော်ကားမော်ကားပြောရဲတယ်။ ကျွန်တော်လည်း မိအိပို့ကို မြင်ပြင်းကတ်ကတ်နဲ့ ဖျပ်ဖျပ်လူးအောင် လက်ကို မာန်ချိုပြီး ခါပြလိုက်တယ်။ စွန့်ပစ်ပြီး သား ပါးပြင်တွေကို အရင်လို မို့မို့မောက်မောက် သိပ်လှတာပဲလို့ ပြောနေရမယ့် ကကွက်ထဲမှာမှ သူနဲ့ ကျွန်တော်မှ မရှိကြတော့တာ။ မိအိပို့ကို လှည့်မကြည့်ဘဲ လှေကား အတိုင်း တက်သွားတော့ အမေကတောင် မိအိပို့ဘက်က ကူအော် ပြောနေသေးတယ်။

'ဒီကလေးလေး တွေ့ရင်လည်း ပြန်ပေးလိုက်၊ မတွေ့ရင်လည်း သေချာ ပြန်ပြောပါရောလား။ မိုဂိုခမျာ ခေါင်းချစ်ချစ်တောက်နေတော့မယ်။ ရာသီကမှ ပူပါတယ်ဆိုအေ'

ပူစပ်စပ် အုံအိုက်အိုက် ညနေစောင်းတွေကို မသိကျိုး ကျွန် ပြုလိုက်တယ်။ ညမှောင်မှောင် ခြင်ထူထူတွေထဲ ခပ်ပေါ့ပေါ့ အိပ်ပစ်လိုက်တယ်။ ချွေးစေးတွေကတော့ အပူဒဏ်ထဲ မျောလို့နေတာပေါ့။

❑

၃။

'ဟဲ့ နင့်အဖေက ရွာလူကြီး လုပ်မှာလား။ ရွာဦးက ဘုန်းဘုန်းဘုရားကရော နင့်အဖေကို ထောက်ခံမှာလား။ ထောက်ခံစရာကတော့ နင့်အဖေပဲရှိပါတယ်အေ။ တခြား လုပ်နိုင်မယ့်သူလည်း ငါ့ မျက်စိထဲ မမြင်မိပါဘူး။ ပြောလို့သာပြောတယ်၊ ရွာလူကြီးကလည်း အရင်လို သောထိုးလေးတွေ သိပ်မရွှင်တော့ မက်စရာ မရှိတော့ပါဘူး။ သူကြီးကတော် အခေါ်ပဲ ရှာကြံမက်ရမလားပါအေ'

မုန့်ဆီကြော်က ဘယ်ဆီမှန်းမသိ၊ အမေက နှုတ်ခမ်းကို နာပြနေပြီ။ ဒီကြားထဲ ကြားရတဲ့သတင်းက မကောင်း။ ဘာတဲ့။ ဦးစောဒယ်နီရယ် ကြီးက ရွာသူကြီး ဖြစ်မယ်တဲ့။ ကျွန်တော့်မှာ ယုံကို မယုံနိုင်ဘူး။ ဒီကရင်ကြီးက ကျွန်တော်တို့ ရွာမွေးခြံပေါက်မှ မဟုတ်တာ။ ကျွန်တော် လူမှန်းသိစအရွယ်မှာ ကရင်ကြီးက ရွာကို ကုန်ရောင်းကုန်ဝယ် လာရာက ရွာတောင်ပိုင်း

www.burmeseclassic.com

က ဒေါ်ထွေးမေနဲ့ ညားကြပြီး ဆံထုံးနောက် သျှောင်ပါအခြေပြုလာနေခဲ့တာ။ နေလာတဲ့တစ်လျှောက် ရွာသားတွေက ကရင်ကြီးကို ချီးမွမ်းခန်းဖွင့်ခဲ့ကြတယ်။ အခုလည်း ပြောကြပြန်ပြီ။ ကရင်ကြီးက ရိုးသားတယ်၊ စီးပွားရေး ကူးသန်းရေး အမြင်ကျယ်တယ်၊ တစ်ရွာသားဆိုပေမဲ့ ရွာအပေါ်သံယောဇဉ် မကင်းဘူးတဲ့။ အိုဗျာ တစ်ရွာသားက တစ်ရွာသားပေါ့။ ဘာတွေ စီရီဖွဲ့နွဲ့နေသေးလဲ။ နောက်ပြီး မဖြစ်နိုင်တာကလည်း သက်သက်ကြီး ရှိနေသေးတယ်။ အဲ့ဒါဘာလဲဆို ကရင်ကြီးက ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဘာကိုးကွယ်သလဲဆို လက်ဆုပ်လက်ကိုင် မပြုနိုင်တဲ့ နတ်တွေကို ကိုးကွယ်တာ။ အိုဗျာ ...မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒါလုံးဝ မဖြစ်နိုင်ဘူး။ အနော်ရထာမင်းတောင် နတ်တွေကို မီးရှို့သတ်ခဲ့သေးတာ မဟုတ်လား။ အခု သူကိုးကွယ်တာကလည်း ဘယ်နတ်မှန်းတောင် မရေမရာတဲ့ သူတို့ဒေသစွဲနတ်တဲ့။ ကြားရိုးကြားစဉ် အတွင်းအပြင် နတ်တွေထဲတောင် ဟုတ်ပုံမရ။

ဒီနည်းနဲ့ ကျွန်တော်က အစပျိုး စိုးရွံ့ပြတော့ ငုပ်လျှိုးနေတဲ့ စိတ်တွေက ကန်တက်လာပြီး ဟို ဘက် ဒီ ဘက် ထောက်ပြ ငြင်းခုံလာကြတယ်။ တချို့က ကရင်ကြီး၊ တချို့က ကျွန်တော့် အဖေဦးသာအောင်။ တစ်စတစ်စနဲ့ ငြင်းကြ၊ ခုံကြတာ သက်ကြီးဝိုင်းတွေပါ ပါလာလေရော။ ရေရရှိရေးကလည်း တစာစာဖြစ်နေကြပြီ။ ရွာဦးကျောင်းက ဘုန်းကြီး ဘုရားပါအသာမနေရဘဲ သဘောထားမဲပေးခိုင်းလာတယ်။ ရွာတောင်ဝိုင်းက ဒေါ်မြအေး၊ ဒေါ်ရွှေကြိုင်၊ ဦးကံကြီးတို့ အဖွဲ့ကလည်း ကရင်ကြီးက နတ်ကိုးကွယ်တာမို့ ကျောင်းရေး၊ ရပ်ရေး ဘာသာပွဲတွေ မသင့်လျော်ကြောင်း၊ ရွာကို နတ်ကိုးကွယ်တဲ့ ရွာအဖြစ် မခံနိုင်ကြောင်း၊ တစ်ရွာသား လက်မှာ ရွာကို အပျက်မခံနိုင်ကြောင်း စတဲ့ လက်မခံနိုင်ဘူး အပြောတွေ ဟိုဘက် ဒီဘက် သွင်သွင် အော်ငြင်းလာကြတယ်။ အရီးလေး ဒေါ်မဲတူမ၊ ဒေါ်အုန်းတင်နဲ့ အမျိုးရင်းတွေ ပြောတဲ့ စကားတွေထဲမှာ ကျွန်တော့် အဖေကသာ ဘုရားကျောင်းကန် ပုံမှန်တက်တဲ့ ဗုဒ္ဓဘာသာ သူတော်ကောင်းတဲ့။ တကယ်တော့ အဖေက တစ်နေ့တစ်ခါ ပုံမှန် ဘုရားရှိခိုးမအိပ်တာ အမေသာ အသိဆုံး။ သန်းတုပ်ဖော် အတင်းအုပ်ဖက် အရီးလေး ဒေါ်မဲတူမတို့ အဖွဲ့တောင် နှစ်ခြမ်းကွဲပြီး မျက်နှာချင်းဆိုင်မရဖြစ်သွားတာပဲ ကြည့်ပါဦး။ ကရင်ကြီးဘက်က လူတွေကလည်း အဖေ့ ငယ်ကျိုးငယ်နာကို အစ ပြန်ဖော်ပြောနေပြီ။ အမေ့ညီမနဲ့ ရွှပ်ရွှပ်ယှက်ယှက် ဖြစ်ဖူးတာ။ တောင်ယာ အလုပ်ကို အမေက ဦးစီးလုပ်ရသလို အမေ့ဘက်က အမွေတွေကြောင့် ထမင်းမငတ်တာ။ စကားပြောရှည်ကာ ကတ်တီးကတ်ဖဲနဲ့ လူကြီး ဘယ်လိုလုပ်မလဲ စတာတွေ သို့လောသို့လော စကားတွေ ကားလာတယ်။ ကရင်ကြီး ဘက်က တစ်မျိုး၊ အဖေ ဘက်က တစ်ဖုံနဲ့ ရွာမှာ ဂိုဏ်းနှစ်ဂိုဏ်း ဖြန်းခနဲ ကွဲထွက်သွားပါပြီ။ တချို့ လင်မယားချင်းကို သဘောမတည့်ချင်တော့။ သူတို့တွေ အပြန်အလှန် ချေပဂိုး စကားတွေထဲမှာ အဖေ့ကို အစွဲပြုပြီး ကျွန်တော့်အကြောင်း ပါ၊ ပါနေမလား။ မလေးရှားမှာ ကျန်နေခဲ့တဲ့ အတူသွား ရွာသားတွေဆီက ကျွန်တော့် အကြောင်း ဘာမှမကြားဘဲ နေပါ့မလား။ အို...ဆက်သွယ်ရေးက ဖုန်းဘေလ် ဒီလောက်ကုန်တာ။ ရွာထဲမှာ လူတိုင်းလည်း ဖုန်းမကိုင်နိုင်ပါဘူး။ ဖုန်းအားသွင်းဖို့တောင် မီးစက်က မလွယ်တာ ကျွန်တော့်အကြောင်း၊ အပိုထည့်ပြောနေဖို့အကြောင်း မသင့်လွန်းပါဘူးလို့ အိုက်စပ်စပ် တွေးရင်း လေပူတွေကို ယပ်ခတ်ယူလိုက်တယ်။

❑

၄။

အားကုန်ပစ်ရိုက်နေတဲ့ ချစ်ချစ်တောက် အပူတွေ အကြားမှာ တစိမ့်စိမ့် ယိုကျနေတဲ့ ချွေးစက်တွေကို သပ်ချလိုက်ရင်း ခွေခေါင်ခေါင်မှာ ထန်းရည်တမြမြ သောက်နေလိုက်တယ်။ အမေပေးတဲ့ ရေဖိုးထဲက ခြစ်စုထားတာ လေးတွေနဲ့ အခုမှပဲ သန်ရာဖြေသိမ့် ဖြစ်မခံရတယ်။ အားကုန် မူးချင်ပေမဲ့ ကာလသားတွေကို ဒီနေ့၊ ဒီအချိန် ဆော်သြထားတာက ရှိနေသေးတယ်။ များမကြာပါဘူး။ ရွာထိပ်မှာ ကာလသားတွေ စုဝေးဖို့ တကြော်ကြော် အော်နေပါပြီ။ ကျွန်တော်တို့ အုတ်ဖိုတောင်ရွာနဲ့ သပြေကုန်းရွာကြားမှာ ဝိုင်းအုံနေတဲ့ လူအုပ်ကြီးတွေ အလယ်မှာ နယ်လှည့် ရေပေးဝေရေး ဂါလန်ကားကြီးတွေ ရောက်လို့နေပြီ။ အိမ်အလိုက် လူဦးရေအလိုက် ရေခွဲဝေပေးနေတော့ ကျွန်တော်လည်း ကိုယ်မြန်မြန်ရ၊ မြန်မြန်ပြန်ရေး တိုးဝှေ့ရပါတယ်။ ဒါပေမဲ့ ကိုယ့်အတွက်ကိုယ် ရေယူပြီးလည်း မပြီးသေးပါဘူး။ ရွာမှာ လူငယ်လူလွတ်တွေ မြို့တက် ငွေရှာနေရလို့ သက်ကြီးရွယ်အိုကျန် အိမ်တချို့အတွက်လည်း ကာလသားတွေက ကူဂဲ့ လုပ်ကိုင်ပေးရ မယ်လို့ လျှာထားခံ ရွာလူကြီး ဦးစောဒယ်နီရယ်က အမိန့်ထုတ်ထားတယ်။ ရွာထဲမှာ အဲဒီလို သက်ကြီးကျန် အိမ် မျိုးတွေ အိမ်နှစ်ဆယ်လောက် ရှိတာနဲ့ ရှားရှားပါးပါး လူငယ်လူလွတ် ယောကျ်ားသား ဆယ်ယောက်လောက်ကို စုလိုက်ကြတယ်။

သတ်မှတ်အိမ်တွေဆီ ကျွန်တော့်ဝေပုံကျ ရေဂျလံ ကို ဖြည့် ပေးရင်း ဒေါ်ခွေးမ အိမ်ရှေ့ကို အဖြတ် ဒေါ်ခွေးမတစ်ယောက် ဂါလန်ကားတွေနားမှာ စုစု ရပ်နေတာ ကျွန်တော် ပြန်သတိထားမိလိုက်တယ်။ ဒေါ်ခွေးမရဲ့သားက အရွယ်တစ်ခု သားတစ်ခုဖြစ်သော် ကျွန်တော်နဲ့ မလေးမှာ အတူသွားခဲ့ကြတဲ့ အဖွဲ့ထဲက တစ်ယောက်လည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တယ်။ မလေးရှားရဲ့ တောမြို့အစွန်က ဆိတ်ခြဲထဲမှာ လုပ်ဖော်ကိုင်ဖက်တွေပေါ့။ ရွာမှာနွားကျောင်းပျင်းပါတယ်ဆိုနိုင်ခြားလာ ဆိတ်ကျောင်းရတဲ့ ငါတို့ဘဝလို့ အမြဲညည်းတတ်တဲ့ ဒေါ်ခွေးမရဲ့သား အောင်ထွန်းမြင့်ကို ကျွန်တော် ကောက်ကာငင်ကာ သတိရမိတယ်။ တစ်ဦးတည်းသော အမေအတွက် ခြစ်ခြစ်ကုတ်ကုတ် စုပို့တတ်တဲ့ သားလိမ္မာပဲ။ ကျွန်တော် ရွာပြန်လာရတော့ ဖုန်းမကိုင်တတ်တဲ့ သူ့အမေအတွက် သူသုံးနေတဲ့ ဟမ်းဆက်နဲ့ စုထားတဲ့ ပိုက်ဆံတွေတောင် ထည့်ပေးလိုက်သေးတယ်။ အဲဒီတုန်းက ရန်ကုန်မှာ ငွေလဲပေးရလို့ ကြားက ကိုယ့်အတွက်တောင် ပိုပိုသာသာ ရလိုက်သေးတာ ပြန်တွေးမိတော့ ကျွန်တော့်စိတ်ရိုင်းတွေ သောက်ထားတဲ့ အရည်ရဲ့ တန်ခိုးနဲ့အတူ တမူးမူး တရိပ်ရိပ်တက်လာပြန်တယ်။ ယိုင်ချင်ချင်ခြေလှမ်းတွေက အိမ်ဝိုင်းအနီးဆီ တရွေ့ရွေ့ လျှောက်ပြီးသား ဖြစ်လာတယ်။ ခပ်အစ်အစ် မျက်လုံးတွေနဲ့ လူသူခြောက်ကပ်နေတဲ့ ဒေါ်ခွေးမရဲ့ အိမ်ပုလေးကို ဝေ့ကာဝိုက်ကာ အကြည့်မပျက်။ ရွာအစွန်တစ်ခုလုံး လူသူ ခြောက်ခန်းနေပြီမို့ ကျွန်တော့် ခြေထောက်တွေ သွေးဆိုးဖို့ တွန်းပို့နေသလို ဖြစ်သွားတယ်။ တံတွေးကို ဂလုခနဲ မျိုချလိုက်ရင်း...။

တဒင်္ဂ် အတွေးစတွေ အောက်မှာ ယက်ကန်ယက်ကန် ရွေ့နေရင်း ကျွန်တော် အကြည့်တွေဟာ သက်ငယ် အိမ်ပုအမည်းလေးထဲ ကျီးကြည့် ကြောင်ကြည့် ရောက်လို့နေပြီ။ ခြေလှမ်းတွေ တွန်းထိုးတိုးရွေ့နေသလို လက်ချောင်းတွေက လှန်ကာလှောကာနဲ့ ဖြစ်နေတယ်။ တံတွေးတမျိုမျို လည်ချောင်းကလည်း အဆက်မပြတ် အလုပ်လုပ်နေရတယ်။ အဲဒီအချိန်မှာ ရေစည်ထည့်သံကြားလိုက်ရလို့ တံခနဲရပ်သွားတဲ့ ကျွန်တော့် ခန္ဓာကိုယ်က အိမ်ထောင်လေးမှာရှိတဲ့ ဖျာလိပ်တွေအကြား ခြေဖော့ပြေးဝင်ပုန်းလိုက်ရာက ဖျာလိပ်လဲသံ ဖြူးခနဲ ထွက်ကျသွားတယ်။ တဒိန်းဒိန်းနဲ့နှလုံးခုန်သံတွေ တဆတ်ဆတ်ဖြစ်လာပြီး ဖျာလိပ်နှစ်ခုကိုအမြန်ထောင်ပြီး ပုန်းလိုက်တယ်။ ဒါပေမဲ့ အိမ်ထဲဝင်လာတဲ့ ခြေသံ တရုပ်ရုပ်က ဖျာလိပ်တွေအနားမှာ ရပ်သွားတယ်။ အသက်ရှူ ရဲရဲမမှိုက်ဝံ့အောင် ကျွန်တော့်ရင်ဘတ်က တုံ့ဆိုင်းနေပြီ။ တံတွေးကို ခိုးမျိုချမိဆဲ 'ကိုညီကြီးရေ' ဆိုတဲ့ ခေါ်သံတစ်ခုကြောင့် ခြေသံတွေက အိမ်အပြင် ပြန်ထွက်သွားတယ်။ ဒီတော့မှ ကျွန်တော် အသက်ကိုအားပါးတရ ရှူရတော့တယ်။ ဖရိုဖရဲဖြစ်နေတဲ့ သေတ္တာတွေကို ပြန်ပိတ်ပေးပြီးတွေ့သမျှ ပိုက်ဆံလေးတွေနဲ့ ကျွန်တော်သဘောအကျကြီးကျနေတဲ့ အောင်ထွန်းမြင့်ရဲ့ ဟမ်းဆက် အဖြူလေးကို ပုဆိုးခါးပုံစထဲ ထည့်လိုက်တယ်။ တံခါးဝ,ကနေ ခေါင်းလေးကို အသာလေးပြူကြည့်ပြီး တစ္ဆေစွေ့ ခြေလှမ်းတွေ ခပ်လုံလုံ ဖော့အချမှာတံခါးအနောက်ဆီက အရိပ်တစ်ခု ဘွားခနဲပေါ်လာတယ်။ ဒိတ်ခနဲ နှလုံးခုန်ရပ်သွားသလို ဂွတ်ခနဲ အသံက ကျွန်တော့် ခေါင်းပေါ်တည့်တည့် ကျလာပါရော။

သိပ်မကြာခင်မှာဘဲ တဂူးဂူး၊ တဝါးဝါး အော်သံတွေကြားမှာ ခြေထောက်ပေါင်း မြောက်မြားစွာက ကဲကွာ၊ ကဲကွာဆိုပြီး ယောက်မတကာကြားက ထမနဲလို ညက်ညက်ကြေလောက် အောင် ကျွန်တော့်ကို ကန်ခတ်ထုထောင်းလာကြတယ်။ နာကျင်မှုထက် ဆဲရေးစကားတွေကြောင့် ဒေါသတလိပ်လိပ်က မာန်ဖီချင်လာတယ်။ ဒါပေမဲ့ ရုက်စိတ်တဖြန်းဖြန်းက ဒေါသရဲ့အစွယ်ကို ရိုက်ချိုးပစ်လိုက်ပြီ။ ခေါင်း၊ နဖူး၊ နှာခေါင်းတွေဆီမှ သွေးတွေ ထွက်ကျလာပါတယ်။ အမေ မတွေ့ပါစေနဲ့၊ အဖေ မတွေ့ပါစေနဲ့ဆိုတဲ့ စိုးရွံ့မှုက ယိမ်းထိုးနေသလို ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် ကြောက်ပါပြီ၊ ကျွန်တော်နောက်မလုပ်တော့ပါဘူး ဆိုတဲ့စကားတွေက ခပ်အက်အက် ဖြစ်လာတယ်။ ငယ်ပေါင်းတွေရဲ့စက်ဆုပ်မှုအောက်မှာ အထိန်းအကွပ်မဲ့ ငိုကြီးချက်မဖြစ်လာရပါပြီ။ နောက်တော့ သူတို့က ကျွန်တော့်ကို ရာဇဝတ်သားလို ကြိုးတုပ်ချည်နှောင်ထားလိုက်တယ်။ အဲဒီ အပြင် ကျွန်တော့်လည်ပင်းမှာ အရှက်ခွဲ ချိတ်ဆွဲပေးဖို့အတွက် စက္ကူပြားဆိုင်းဘုတ်တစ်ခု ကြိုးဆွဲပေးလိုက်ကြတယ်။

'သူခိုး၊ ကြမ်းပိုး အောက်တန်းစား အချောင်သမား' တဲ့။

ကလေးငယ်တွေ လက်ညှိုးထိုးပြီး ကျွန်တော့်ကို လှောင်ရယ်နေကြတယ်။ ဖုန်းရှိတဲ့သူတွေက တဖျပ်ဖျပ် ဓာတ်ပုံ ရိုက်ယူနေကြတာကို ကျွန်တော့်အာရုံမှာ ဆွဲယူဖမ်းတားချင်စိတ်တွေ တရုန်းရုန်း တက်လာတယ်။ ကျွန်တော့်ကို ဓာတ်ပုံရိုက်ခွင့် သူတို့မှာ မရှိဘူးလို့ ကျွန်တော် ယူဆတယ်။ ဒါပေမဲ့ သူတို့နားမလည်ဘူး။ သူတို့သိတာ ဓာတ်ပုံရိုက်ဖို့ တစ်ခုပဲ။

ဒေါ်ခွေးမကိုမှ လုပ်ရက်လေခြင်းကွာ၊ ရွာသူရွာသားချင်းကွာဆိုတဲ့ တောက်တခေါက်ခေါက်အသံတွေ နံဘေးမှာ ညံနေဆဲပဲ။ အချိန်တွေ ကြာလာတာနဲ့အမျှ ခါးထောက်ကြည့်နေတဲ့သူတွေ တိုးပိုးတဖွဲ့ စည်ကားလာတယ်။ မိအပို့လည်း အကြည့်တစ်စုးစုံးနဲ့ လက်ပိုက်ကြည့်နေတာ ရိပ်မခဲ့တွေ့လိုက်ရတယ်။ နောက်ဘယ်သူတွေ ရှိဦးမလဲဆိုတဲ့ ကျွန်တော့် အမြင်တွေ မကြည့်ဝံ့သာ ခေါင်းငုံ့ထားမိတယ်။ အဖေနဲ့အမေ ဘယ်လိုမျက်နှာနဲ့ လာကြည့်ကြမလဲ ကျွန်တော် တွေးပူလာတယ်။ ရွာလူကြီးလုပ်ဖို့ လျာထားခံနေရတဲ့ အဖေ ကျွန်တော့်ကို သတ်ပစ်ချင်နေမလား။ ဒါမှမဟုတ် အဖေ သူကိုယ်သူ သတ်သေမလား။ ကျွန်တော့်လုပ်ရပ်ကြောင့် ဝေးကွာသွားတဲ့ အမေရဲ့ ကျွန်တော့်အပေါ် ထားတဲ့ မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားပြီလား။

www.burmeseclassic.com

၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက်နေ့အထိ

(၁) မျိုးသည်မင်း *ကျွဲး* ၊မန္တလေး၊ (၂) ကျောက်စက်ရဲမွန် *နေဝင်မီးစာ* ၊မွန်ပြည်နယ်၊ (၃) ကိတ်မုန့် *ချစ်ချစ် ခင်ခင် အောင်အောင်မြင်မြင်* ၊မန္တလေး၊ (၄) ထွန်းဝင်းလတ် *ဒေါက်တာ* ၊စစ်ကိုင်း၊ (၅) စံထိုက်သူ *နန်းကျဘုရင်မ* ၊ရန်ကုန်၊ (၆)စံထိုက်သူ *အိပ်မက်များ၏ ဂုဏ်သိက္ခာ* ၊ရန်ကုန်၊ (၇) လင်းသန့်စင်(ပဲခူး) *ပဂ္ဂလိကတရွေ* ၊ပဲခူး၊ (၈) မောင်ခရေ *ရွှေဝါလေးရေ* ၊ရန်ကုန်၊ (၉) လင်းနန္ဒာဦး *တစ်နေ့ရာစာ* ၊ရန်ကုန်၊ (၁၀)ခရမ်းပြာ *အမွှားတစ်ယောက် ရဲ့ လက်ဖက်သုပ်* ၊မန္တလေး၊ (၁၁) မှူး One Man Two Lives ၊E-mail၊ (၁၂) စိမ်းသော် *အဖော်ဆရာ* ၊ရန်ကုန်၊ (၁၃)ပတ္တမြားနီနီ *ပုတူး* ၊ရန်ကုန်၊ (၁၄) ခိုင်လေး(ရွှေတောင်) *တိတ်တိတ်လေး ပြီးဆုံးသွားခဲ့လေပြီ* ၊E-mail၊ (၁၅) အေကေဆောင်း *သက်တံပေါ်က နှင်းဆီ* ၊စစ်ကိုင်း၊ (၁၆) စံရတီ *နှလုံးသားပဝါကြားအပ်မှ စိမ့်ထွက်လာတဲ့ ထူးမခြား နှား ပတ်ပျိုး* ၊ရန်ကုန်၊ (၁၇) စံရတီ *ဖွေးစိန်မစားပါနဲ့* ၊ရန်ကုန်၊ (၁၈) မောင်ဗလ *မြို့ပြဝိုးမွှားများ* ၊ရန်ကုန်၊ (၁၉) ဘိုဘိုသန့်ဇင်(မြို့ငှက်) *ဝက်ပါထောင်ချောက်* ၊ရန်ကုန်၊ (၂၀) ဘိုဘိုသန့်ဇင်(မြို့ငှက်) *မြေဇာမြက်တို့၏ ဝိုညည်းမှိုက်သံ* ၊ရန်ကုန်၊ (၂၁) ဘိုဘိုသန့်ဇင်(မြို့ငှက်) *အညိုကဲသော အဖြူ ကာလာ* ၊ရန်ကုန်၊ (၂၂) သီတာကြည် *ပန်းကလေးများ မွှေးပါစေ* ၊ဧရာဝတီတိုင်း၊ (၂၃) ကိုသျှဲ(ဒီပဲယင်း) *ဆည်မန့်ဝိုင်တဲ့ စုန်ရေ* ၊ဒီပဲယင်းမြို့၊ (၂၄) ညိုပြင်းရှ *တိုင်တည်တေး* ၊မန္တလေး၊ (၂၅) ကိတ်မုန့် *ပန်းခြောက်* ၊မန္တလေး၊ (၂၆) နေသန့် *အမာရွတ်* ၊ရန်ကုန်၊ (၂၇) ခေတ်သွန်လူ *ပြိုကွဲညာ* ၊မိတ္ထီလာ၊ (၂၈) ခေတ်သွန်လူ *မျှော်တလင့်လင့် ထိုနေ့လေးတွေ* ၊မိတ္ထီလာ၊ (၂၉) ခေတ်သွန်လူ *စီးချင်းထိုး ဒွီဟဝေနာ* ၊မိတ္ထီလာ၊ (၃၀) မိုးသက်ဆွေ *လရောင် မသိလိုက်တဲ့ ကြယ်ကြွေသံ* ၊မြစ်ကြီးနား၊ (၃၁) ဒေးဗစ် မောင်မောင် *အချစ်ဦးသို့တမ်းချစ်* ၊မကွေး၊

အေးမြတ်မြတ်ချို ပြုစုသည်။

အတွေးတွေ ထိုးတက်နေတာ ပြန်ဆင်းမကျတော့ဘူး။ ကျွန်တော် တိတ်တဆိတ် ယူခဲ့တာ သူများချွေးစက်နဲ့ မျက်ရည်ဖြစ်ပေမဲ့ ပြစ်ဒဏ်က တူညီမျှတတဲ့ အရှက်ရစေမှု ဟုတ်ရဲ့လားလို့ ကိုယ့်ဘာသာ မေးခွန်းတွေ အကြိမ်ကြိမ် ပြန်မေးနေမိတယ်။ ရဲလက်အပ်ပေးပါတော့လို့ မတန်ဘူးထင်တဲ့ စိတ်တွေက တစာစာ တောင်းဆိုမိလာတယ်။

ဒီလို အဖြစ်ဟာ ကျွန်တော့်ဘဝရဲ့ ပထမဆုံး အတွေ့အကြုံတော့ မဟုတ်ပါဘူး။ ကျွန်တော် မလေးရှားမှာတုန်းက ဆိတ်ခြံကြီးကြပ်ရေးမှူးရဲ့ ဖုန်းလေးကို သဘောကျလွန်းလို့ တိတ်တိတ်လေး ယူခဲ့ဖူးတယ်။ ဖုန်းလှလှတွေဆို ကျွန်တော် ဟန်မဆောင်နိုင်ဘူး။ အဲဒီတုန်းက သိမ်းဂုက်ထားတဲ့ ကြားက မျက်မြင်သက်သေနဲ့ ဖျစ်ညှစ်မေးလို့ ဝန်ခံခဲ့ရတယ်။ ကျွန်တော့်ကို ရဲလက်ထဲပဲ တန်းတန်းမတ်မတ် အပ်လိုက်ကြတယ်။ အချုပ်ထဲမှာ သုံးရက်လောက် အိပ်ပြီးမှ အမှုပိတ်ပေးလို့ ပြန်ထွက်ခဲ့ရတာပါ။ ဝန်ခံကတိနဲ့ အလုပ်မှာ ဆက်ထားပေမဲ့ မျက်နှာမပြရဲတဲ့အဆုံး ရွာပြန်ခဲ့ရတာပါပဲ။

ဘယ်တဲ့ပြန်မှက အပြစ်ရှိသူတစ်ယောက်အတွက် မှုကန်မလဲ ထပ်တလဲလဲ ပြန်မေးနေရင်း မျက်လုံးတွေ ပြန်မပွင့်အောင် ဇွတ်အတင်း ကာရော ဖိပိတ်ထားလျက် နားတွေ တဒင်္ဂိကန်းချင်လာတယ်။ ဒီအရေးက လွတ်မြောက်လာရင် ကျွန်တော် ရှက်လွန်းလို့ ကိုယ့်ကိုယ်ကို သတ်သေမိမလား။ အဲဒီလို အကြီးလေးဆုံး နောက်ဆက်တွဲ ပြစ်ဒဏ်တွေ ဆက်ယူနေရမှာလားလို့ ကျွန်တော် ချောက်ချားလာတယ်။ ဒီအခိုက်အတန့်မှာ ဦးစောဒယ်နီရယ်ကြီး ရောက်လာတယ်။ ရွာသားတွေနဲ့ အပြစ်ပေးပုံစနစ်အကြောင်း အပြန်အလှန် ငြင်းခုံနေကြရင်း နောင်ကြဉ် အောင် လုပ်ချင်တဲ့ ရွာသားတွေရဲ့ဆန္ဒကို တရားနည်းလမ်းတကျဆိုတဲ့ စကားနဲ့ ဦးစောဒယ်နီရယ်ကြီးက အနိုင်ယူလိုက်ပါတယ်။ ဦးစောဒယ်နီရယ်ဆီမှာ အပြစ်ဒဏ်နဲ့ လူရှေ့ရေး မျှော်ပေးတွေးခေါ်တတ်မှု၊ ဦးဆောင်ပဲ့ကိုင်တတ်မှု၊ ကိုယ်ချင်းစာနားလည်တတ်မှု စတာတွေ ရှိနေမှန်း ကျွန်တော်မေ့ပစ်ထားခဲ့တယ်။

တုပ်နှောင်ထားတဲ့ ကြိုးတွေ ဖြေလျှော့လိုက်ပေမဲ့ ခဏတာ အမှားတစ်ခုရဲ့အပြစ်ဒဏ်ရာထက် ကြီးလေးတဲ့ဝန်တွေ ကျွန်တော့်ဘဝ ပခုံးပေါ်ပိလို့နေတယ်။ ဒီဝန်တွေက ကျွန်တော်တစ်ယောက်တည်း အပေါ်ကျရောက်နေတာကော ဟုတ်ပါ့မလား။ ဦးစောဒယ်နီရယ်ရဲ့အနောက်မှာ ရပ်နေတဲ့ အရောင်ခပ်ဖျော့ဖျော့ အမွေမျက်လုံးတွေက အရင်လို ရွာရိုးကိုးပတ်မလည်ဝံ့တော့တာ ပြနေသယောင်။ ဒီလို ဆိုအဖေ့မျက်နှာ ခပ်သျိုးသျိုးက ရော…။

■

ကိတ်မုန့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၁။

ကားဆရာလေးကတော့ သူ့ကားကို
ညာညာတာတာလေး ဖြည်းဖြည်းချင်း
မောင်းနေရှာတယ်။ ဒါပေါ့လေ၊ သူ မကျွမ်းကျင်တဲ့
ဒေသစိမ်းဆိုတော့ ဖြည်းဖြည်းမောင်းတာ
မှန်တာပေါ့။ မအိကတော့ မြင်မြင်သမျှ စိမ်းစိုနေတဲ့
မြင်ကွင်းတွေကို အစိမ်းရောင်တော်နေသူမို့
တကယ့်ကို ငေါင်ငေါင်မွတ်မွတ်၊ တမ်းတမ်းတတ
ကြည့်နေမိတော့တာ။

မအိတို့ ရန်ကုန်မှာ
အထူးသဖြင့်

ဘုရင်ပျံ ပုဂံဝယ်

နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

မအိတို့နေတဲ့ အိမ်ခြေစိပ်ပြီး လူဦးရေ များတဲ့ ရန်ကုန်မြို့ရဲ့ လူနေရပ်ကွက်တစ်ခုမှာ ဒီလို မျိုး အစိမ်းရောင်တွေနဲ့ အေးမြခြင်းဆိုတာ ဝေးနေခဲ့ရတာ ကြာပေါ့။ ဟိုးအရင်တုန်းက လို ပြောရမယ့် မအိတို့ ငယ်စဉ်ကာလ ဒီလောက် အိမ်ခြေတွေ မကျပ်ခင်ကတော့ ကလေးသဘာဝ ပြေးလွှားဆော့ကစားစရာ နေရာတွေ များများပါးပါးသေးဘူး။ ပြီးတော့ သစ်ပင်ပန်းမန် စိမ်းစိမ်းစိုစို လည်း ရှိဖူးပါရဲ့။

ဒါပေမဲ့ အချိန်တွေဟာ လှည့်ကြည့်လိုက်ရင်၊ ပြန်တွေးလိုက်ရင် တစ်ခဏလေး လိုပဲ။ အိမ်ခြေတွေ တရိပ်ရိပ်နဲ့ တိုးလာတယ်။ လူတွေ အသစ် အသစ်တွေ များလာတယ်။ အဲဒီအတွက် လူတွေ နေတဲ့အရပ်မှာ သစ်ပင်တွေ မနေရလို့များ အမြဲနီးထုတ်ထား သလား အောက်မေ့ရ။ သစ်ပင်ကြီးငယ် စိမ်းစိမ်းစိုစိုတွေ ရှားသထက် ရှားလာခဲ့ပြီး မအိတို့လည်း အရွယ်တွေ ရလာခဲ့ပေါ့။ အချိန်ကာလ ယန္တရားကြီးဟာ ကြောက်စရာ ကောင်းအောင် မြန်လှချည့်လို့ အခု အသက်ပိုင်းမှာ ခဏခဏ တွေးဖြစ်လာတယ်။ ထို့အတူပဲ တိတ်ဆိတ်ခြင်း၊ စိမ်းစိုခြင်း၊ ကျယ်ပြန့်ခြင်း၊ လွတ်လပ်ခြင်း ဒါတွေကို ပိုပို မက်မောတတ်လာတယ်။ ဒါ ဘာခံစားမှု ခေါ်မလဲ။ မအိနဲ့ ရွယ်တူတန်းတူတွေရော ဒီလို ဖြစ်ကြလား မသိနိုင်ဘူး။ ကိုယ်တွေကတော့ ဒီခံစားမှု ဟာ ဒီရေလို တရိပ်ရိပ် မြင့်တက်လာတာ သေချာလှပါတယ်။

ငွေရောင်ဆံပင်တွေ ဖွေးဖွေး လက်နေတဲ့ ပါးရေနားရေ တွန့်နေတဲ့ အဘွားအို တစ်ယောက်ရဲ့ သူ လက်ခံသော ချစ်ခြင်းမေတ္တာ မအိရင်ထဲ ဆို့လို့ လှိုက်ဖိုလာတယ် မအိသာ ပန်းချီဆရာ တစ်ယောက်ဆိုရင် အသက်ဝင်လွန်း နေတဲ့ အဘွားအိုကို ချက်ချင်း ကောက်ကြောင်း ဖော်လိုက် မိတော့မှာ

တကယ်တော့ မအိ ပင်ကိုစိတ်ခံက တောရိပ်တောင်ရိပ်ကို နှစ်သက်သူလို့ ပြောလို့ရတယ်။ ဒါဖြင့် မင်းက တောရိပ်တောင်ရိပ်မှာ နေခဲ့ဖူးလို့လား လို့ မေးလာရင် ဟင့်အင်း ဖြေရမှာပဲ။ မအိ နေခဲ့ဖူးတာက နယ်မြို့လေးတွေမှာပဲ နေဖူးတာပါ။ ဒီတော့ နယ်ရိပ်၊ ရွာရိပ်လို့ ပြင်ပြောမှ မှန်မယ်ထင်ရဲ့။ အဘိုးတို့ အဘွားတို့နဲ့ အတူနေခဲ့ဖူးတဲ့ နယ်မြို့သေးသေးလေးက ရေနံချေး၀, နေတဲ့ နှစ်ထပ်အိမ် အိမ်မည်းမည်းကြီးဆိုရင် မအိ ရင်ထဲ အသည်းနှလုံးထဲမှာ အမြဲရှိနေခဲ့တာ။ အခု အရွယ်မှာ အလုပ်ကိစ္စရှိလို့ နယ်မြို့တွေကို သွားဖြစ်လာဖြစ်တဲ့ အခါမှာလည်း ဒေသရန်သင်းနေတဲ့ အိမ်ကြီးတွေ၊ အိမ်သေးတွေမှန်သမျှ မအိ နှစ်သက်နေခဲ့တတ်တယ်။ ငယ်အလွမ်းနဲ့ ထင်ပါရဲ့။

ငယ်ငယ်ကဆို မအိတို့က အဘိုးအဘွားတွေဆီ သွားလည်ရင် သွားရေးလာရေးမှာ အဓိက အားထားရတာက ရထားခရီးစဉ်ပဲ။ ဒီလို ရထားစီးပြီး သွားရတာကိုလည်း နှလုံးသည်းပွတ်ထဲက ကို သဘောကျတာ။ ရထားပြတင်းပေါက်က ခေါင်းထုတ်ပြီး ဆံပင်တွေ တလူလူ၊ တလွင့်လွင့်ဖြစ်အောင် ခံစားလို့ မြင်သမျှ ရထားလမ်းဘေး ပတ်ဝန်းကျင်က ရွာငယ်လေးတွေ၊ တဲအိမ်ပိစိလေးတွေကို သဘောကျ ငေးကြည့်ရင်း သူတို့နေထိုင်မှုဘဝကိုလည်း စိတ်ဖျက်စရာ၊ စိတ်ညစ်စရာလို့ တစ်ခါမှ မမြင်မိ မတွေးမိဖူးဘူး။ ဒီအိမ်သေးသေးလေးတွေရဲ့ဘေးက ကျယ်ဝန်းပြန့်ပြောနေတဲ့ ဝန်းကျင်ကို ကြည်နူးနှစ်ခြိုက်ခြင်းကြီးစွာနဲ့ အားကျနေမိတတ်တယ်။ သူတို့တဲ့ အိမ်သေးသေးလေးတွေအစား 'ဟယ် သူတို့တွေရဲ့ ပတ်ဝန်းကျင်က အကျယ်ကြီးပဲ' ဆိုတာမျိုး ခံစား သဘောကျနေမိတာလေ။ ငါသာဆို ဒီဝန်းကျင် ကျယ်ကြီးမှာ တစ်ချိန်လုံး ပြေးလွှားခုန်ပေါက်ကစားနေမှာပဲလို့ စိတ်ကူးယဉ်မိတာလည်း ပါတာပေါ့။ ငယ်သေးတဲ့ အချိန်ဆိုတော့ သူတို့တွေဘေးက ကျယ်ပြောတဲ့ ဝန်းကျင်ဟာ သူတို့ ပိုင်ဆိုင်တယ်လို့ ထင်မှတ်နေမိတာလည်း ပါ၊ ပါတယ်။ ပြီးတော့ သူတို့ရဲ့ဆင်းရဲခြင်းတွေကိုလည်း မမြင်တတ်၊ မတွေးတတ်သေးတာလည်း ပါမယ် ထင်ပါတယ်။

ဘူတာရုံရှိတဲ့ မြို့လေးတွေမှာ ရထားဆိုက်ပြီ ဆိုပြန်တော့လည်း အတက်အဆင်း ပုံရိပ်တွေ၊ ဘူတာလေးရဲ့ မြင်ကွင်း၊ မြို့နာမည်လေး ရေးထားတဲ့ ဘူတာဆိုင်းဘုတ်လေး၊ အဆင်းအတက် တဲ့ တာပြ နူတ်ဆက်ကြတဲ့ မြင်ကွင်း ဒါတွေကိုလည်း ပန်းချီကား တစ်ချပ်လို တစိမ့်စိမ့် ကြည့်ပြီး မြတ်နိုးနေခဲ့တော့တာ။ ရထားကြီး ဘူတာကို အဝင် မြင်ရတဲ့ မြင်ကွင်းက နေ ရထားထွက်သွားပြီး ဘူတာလေး ကျန်ခဲ့တဲ့အထိ အားလုံးကို ရှုမောမဆုံး မလွတ်တမ်း ငေးကြည့်ဖြစ်တယ်။ အသက်ရှူဖို့တောင် မေ့ပါတယ်ဆိုရင် ပိုတယ်လို့ မထင်စေချင်ဘူး။

တစ်ခါတလေ ရထားအဖြတ်မှာ ရထားလမ်း မလွတ်တဲ့ ဖြတ်သွားဖြတ်လာ လမ်းလေးတွေ ခဏ ပိတ်ထားရတာမျိုး ရှိတယ် မလား။ ဒါဆို ရထားကြီးက တဂျုန်းဂျုန်း ဖြတ်၊ သူတို့ကား ဆိုက်ကားကိုယ်စီ၊ မြင်းလှည်းကိုယ်စီ၊ စက်ဘီးကိုယ်စီ။ တချို့ကလည်း အသေ တွေ ထုံးစံအတိုင်း လမ် လျှောက်သမားတွေ ကလေ ဆွဲသူဆွဲ၊ တောင်းရွက်ဆွဲ အမျိုးမျိုးပေါ့လေ။ သူတို့ ရထားကြီး ဖြတ်အပြီးကို ရ

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေကြရင်း ဘာရယ်မဟုတ် မျှော်ကြည့်နေကြတာကို မအိက ရထားပြတင်းကနေ ကြည့်ပြီး ဘဝအဆက်ဆက် ကွဲသွားတဲ့ ဆွေမျိုးတွေကို လက်ပြန္နတ်ဆက်သလို အားပါးတရ လက်ပြန္နတ်ဆက်တတ်လွန်းလို့ မိဘတွေက ရယ်တတ်ကြသေးတယ်။ ငယ်သေးတယ် ဆိုပေမဲ့ လူရယ်စရာဖြစ်မှာစိုးလို့သာ မအိ လူကြီးတွေကို ဖွင့်မပြောဖြစ်တာ။ ဒီလိုအချိန်တွေဆိုတဲ့ပေါ်က ခုန်ဆင်းပြီး အဲဒီမြို့လေးတွေမှာ နေပစ်ခဲ့ချင်တဲ့ အထိ စိတ်မှာ ဖြစ်တာပါဆို။ ကဲ ဒါမျိုး ဘယ်သူ ခံစားဖြစ်ပါ့မလဲနော်။ ဒါကြောင့် မအိ ပြောတာပါ။ မအိ ပင်ကိုနှလုံးသားက တောရိပ် တောင်ရိပ်ပဲပြောပြော၊ နယ်ရိပ် ရွာရိပ်ပဲ ပြောပြော အဲဒီအရောင် သန်းပါတယ်လို့ဆို။

ဘဝမှာ ဘဝတစ်ဆစ်ချိုး အကွေ့အပြောင်းလို့ ဆိုနိုင်တဲ့ ဆယ်တန်းအောင် စာရင်းတွေ ထွက်တုန်းကလည်း မအိ အိမ်နဲ့ အတိုက်အခံ ဖြစ်ဖူးသေးတယ်။ တောရွာလေးတွေမှာ ကျောင်းဆရာမ သွားလုပ်ချင်ပါတယ်လို့ မိဘတွေဆီ ခွင့်တောင်းခဲ့လို့လေ။ မိဘတွေဆိုတာ တကယ့်ကို ရှောခ်ဖြစ်သွားတယ်လို့ ပြောရမယ်။ စကားတောင် ပြန်မပြောနိုင်လောက်အောင် အမေဆိုတာ ပါးစပ်အဟောင်းသားနဲ့ရယ်။ ဒါပေမဲ့ အဖေနှုတ်က ထွက်လာတဲ့ 'ဘာ စိတ်ကူးကြီးလဲ' လို့ဆိုတဲ့ စကားတစ်ခွန်းရဲ့ နောက်မှာတော့ မအိဟာ ကိုယ့်စကားကိုယ် မပြောဖြစ်ခဲ့သလို မေ့ဖျောက်ပစ်လိုက်ရတာပါပဲ။ အဖေ့အလုပ်အခြေအနေအရ နယ်မြို့တွေမှာ အနေများခဲ့ရတဲ့ အဖေဟာ ဒီလို ရန်ကုန်မြို့ကို ပြန်လည်ပြောင်းရွှေ့ခွင့်ရဖို့ စိတ်ရော၊ လူရော ဘယ်လောက် ကြိုးစားလှုပ်ရှားထားရလဲဆိုတာ အားလုံး သိနေခဲ့ကြတာပဲ။ အဲဒီတော့ မအိ စိတ်ကူးဟာ မိဘတွေ အမြင်မှာတော့ အဖေပြောသလို ဘာစိတ်ကူးကြီးလဲပေါ့လေ။ သူတို့ မမှားလောက်ပါဘူး။ မအိပဲ မှားတာနေမှာပါ။

နောက် တော့ လည်း တက္ကသိုလ်တက်၊ ပညာတွေသင်၊ အလုပ်ရတော့လည်း မြို့ပေါ်မှာဆိုတော့ မအိ ငယ်စိတ်ကူးတွေက လေနှင်ရာလို ဟိုး အဝေးကို အဝေးကိုပေါ့။ ဒါပေမဲ့ အနေနီးစပ်သူတွေသိကြတယ်။ ဆန်းသစ်ခေတ်မီတဲ့ တိုက်တာ အိမ်ခြံမြေကြီးတွေကို မြင်ရင် တစ်ချက်ကနေ နှစ်ချက် လှည့်မကြည့်တတ်တဲ့ မအိက သူ့ခြံ၊ သူ့ဝင်းလေးမှာ သစ်သားအိမ်လေးတွေ သပ်သပ်ရပ်ရပ် ဆောက်ထားတာ မြင်ရင်၊ နယ်ဆန်တဲ့ အိမ်လေးမြင်ရင် သေသေချာချာကို ရပ်ကြည့်ငေးမောတတ် သေးတာ လက်ကျန်ခံစားမှုလေးတွေ ထင်ပါရဲ့။ စိတ်ကူးထဲ အဲဒီမြင်နေရတဲ့သစ်သားအိမ်လေးတွေကို ရေနုံချေးမည်းမည်းလေးတွေပါ သုတ်ပေးနေမိတတ်တဲ့ စိတ္တဇကရှိသေးတယ် အဟုတ်။

'ဆရာမတို့ ရောက်ပါပြီ၊ ဆင်းကြပါ ခင်ဗျာ' ဟော ရောက်လေပြီ။ လာကြိုတဲ့ ဒေသခံအမျိုးသားလေးရဲ့ဆရာမတို့ဆိုတဲ့ အသုံးအနှုန်းလေးကို စိတ်ထဲ ပြုံးချင်ချင်ဖြစ်သေးရဲ့။ ဆရာမဆိုတဲ့ အခေါ်အဝေါ်က မအိနဲ့ အစိမ်းသား။ တကယ်တော့ မအိနဲ့ အတူပါလာတဲ့ စာရေးဆရာမကို ဆရာမခေါ် ကြိုဆိုချင်တာမို့ ကိုယ့်လည်း ဒီလိုပဲ ရောခေါ်လိုက်တယ် ထင်ပါတယ်လေ။ စာရေးဆရာမက 'လာ ညီမ' ဆိုပြီး မအိကို ဦးဆောင်လို့ သူက ခပ်သွက်သွက် ဆင်းတယ်။ ထွက်ကြိုနေကြတဲ့ အိမ်ရှင်အဖွဲ့တွေကတော့ မအိတို့ ဆင်းတယ်ဆိုတာနဲ့ပဲ ပါလာတဲ့ အိတ်တွေကို တစ်ယောက် တစ်ထုပ် သယ်ပြီး အိမ်အပေါ်ထပ်ကို တင်ကြတော့တာပဲ။ ကြည့်ရတာ အပေါ်ထပ်မှာ စတည်းချရမယ့် သဘောထင်တယ်။

စာရေးဆရာမရော မအိရော ဒေသခံအဖွဲ့တွေနဲ့ ခဏစကားထိုင်ပြောဖြစ်တယ်။ မိတ်ဆက်ပေးပြီးတဲ့အချိန် သူတို့ မှတ်ချက်ကြောင့် ရယ်ရသေးတယ်။ သူတို့က ကားပေါ်က ဆင်းလာတဲ့ ပုံတွေကြည့်ပြီး စာရေးဆရာမကို အလင်းဖြူ လူငယ်ပရဟိတအဖွဲ့ရဲ့ ကိုယ်စားပြုထင်ပြီး မအိကိုကျ စာရေးဆရာမထင် နေကြတာတဲ့လေ။ နောက်တော့ စာရေးဆရာမနဲ့ စာပေဟောပြောပွဲ အတွက် စီစဉ်နေကြတဲ့ အဖွဲ့က စကားလမ်းကြောင်းတစ်ခု၊ ရန်ကုန်က အလင်းဖြူ လူငယ်ပရဟိတအဖွဲ့ကို ကိုယ်စားပြုလာတဲ့ မအိနဲ့ ဒီက ဒေသခံ အလင်းဖြူ လူငယ်ပရဟိတအဖွဲ့က စကားလမ်းကြောင်းတစ်ခု ဖြစ်သွားကြတယ်။ တစ်ချက်တစ်ချက်မှာ စကားဝိုင်းဖွဲ့နေတဲ့ နောက်နားဆီက စကားထောက်သံလေးတွေ ဝင်ပြောနေသံတွေလည်း ကြားရတယ်။ ဧည့်ခန်းအပြည့်နီးပါး စားပွဲအပြည့်၊ လူအပြည့် ပြောနေကြရင်းက နောက်နားက အသံရှင်ကို ဘယ်သူလဲဆိုတာ သိချင် နှုတ်ဆက်ချင်ပေမဲ့ မအိ ထိုင်နေတဲ့နေရာက လှည့်ကြည့် ပြောရမယ်ဆိုလည်းလိမ် ဇက်စောင်း အနေအထားပြောမှ ရမယ့်ပုံမျိုး။ အဲတော့ စကားဝင်ဝင်ပြော ဝင်ဝင်ထောက်ပေးနေတဲ့ အသံရှင်တွေကို အသံသာကြားရ၊ လူမမြင်ရဆိုတဲ့ အနေအထား ဖြစ်နေခဲ့တယ် ပြောရမှာပဲ။

မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ အဖွဲ့ထဲက တစ်ယောက်ကတော့ 'အရီးခင်ရဲ့...ဟာ မကြီးတင့်ရဲ့' နဲ့ စကားပြန် ပြောလေတော့ ဘယ်ဟာ အရီးခင်မှန်းမသိ၊ ဘယ်ဟာ မကြီးတင့်မှန်းတော့ မသဲကွဲသေးသော်ငြား ဒီအိမ်ရဲ့ အိမ်ရှင်တွေပဲဆိုတာတော့ သူတို့ ပြောရိပ်ဆိုရိပ် ကြည့်ပြီး သတိထားမိလိုက်ပါတယ်။ ပြောရင်း ပြောရင်း စကားဝိုင်းက ကိုယ့်လမ်းကြောင်းနဲ့ကိုယ် အရှိန်တက်သွားကြပြီး နှစ်နာရီလောက် ကြာသွားတော့ ဘယ်သူက စန္ဒီးဆော်လိုက်သလဲ မသိဘူး 'ဆရာမတွေ နားချင်မှာပေါ့' ဆိုတဲ့ အသံကြားမှပဲ ဟုတ်တယ်၊ နားချင်ပြီဆိုတဲ့ အတွေး ဝင်ဖြစ်ရဲ့။ ဒီလိုနဲ့ ဆရာမနဲ့ မအိ ကိုးယောက်တွေ

www.burmeseclassic.com

အတွက် နေရာချပေးတဲ့ အပေါ်ထပ်ဆီကို တက်လာကြတာပေါ့။

အပေါ်ထပ်တက်ဖို့ လှည့်လိုက်တဲ့ အချိန်ရောက်မှ အခုနက မအိ သိချင်နေတဲ့ အသဲရှင်တွေကို သေချာ တွေ့လိုက်ရတယ်။ အသက် ခုနစ်ဆယ် တော်တော်ကျော် လောက်ရှိမယ့် အဘွားဟာ အရီးခင်ဆိုတာ ဖြစ်မှာပေါ့။ ဘေးက အသားညိုညို မျက်နှာလုံးလုံးနဲ့ အစ်မကြီး ကတော့ မကြီးတင့် နေမှာပေါ့လို့ပဲ တွေးယူရင်း ပြုံးပြနှုတ်ဆက်ဖြစ်တယ်။ နှစ်ယောက်လုံးက ပင်ကိုစိတ်ရင်း အပြုံးချိုချို မျက်နှာတွေနဲ့ လိုတာ ပြောဖို့၊ နားနားနေနေကြဖို့ တစ်ယောက်တစ်ခွန်း အကြားအလပ်မရှိ ပြောကြတယ်။ အကြားအလပ်မရှိလို့ သုံးတာက တကယ့် ကို အကြားအလပ် မရှိလို့ကို သုံးလိုက်တာ။ တကယ်ဆို စကားပြောဆိုတဲ့ နေရာမှာ တစ်ယောက်ပြီးမှတစ်ယောက် ပြောကြတာ ထုံးတမ်းစဉ်လာ တစ်ခုလေ။ အရီးခင်နဲ့ မကြီးတင့်ကတော့ ဒီလိုအစဉ်အလာ ရှိပုံ မရဘူး။ တစ်ယောက် စကား မဆုံးသေးခင်တစ်ယောက် ဝင်ပြောနေကြတာဆိုတာ ဆရာမနဲ့ မအိ ခဏလေး အတွင်းမှာ အတော် နားထောင်ယူလိုက်ရတာ။ အိမ်သာက ဘယ်မှာ၊ ရေချိုးခန်းက ဘယ်မှာ၊ အိပ်ရာအတွက် ဘယ်လို စီစဉ်ထားတယ်၊ စားဖို့သောက်ဖို့က ဘယ့်နယ် စသဖြင့် မနားတမ်း တစ်ယောက် ပြောပြီး သား တစ်ယောက်က ထပ်ပြော၊ မေနေတာကို ထပ်ထည့်... အိုး တီတီတာတာ ရှိလှချည့်လို့ မအိ တွေးမိတယ်။ ဒါမျိုး လှပတဲ့ စရိုက်လေးတွေကို ဒီလိုနယ်မြို့တွေ မှာသာ မြင်ရ ကြားရတာ မဟုတ်ပါလား။ မအိတို့ ငယ်ငယ်တုန်းကဆို လည်း အဘွားတို့ဆီ သွား လည်တုန်းက ဒါမျိုးတွေ မြင်ရ ကြားရပေါ့။

အိမ်သာရင် ဧည့်လာ တယ်ဆိုတဲ့ စကားကို နှစ်ခြိုက်စွာ လက်ခံတတ်ကြတဲ့ နယ်သူနယ်သားတွေ ထုံးစံအတိုင်း အဘွားရော အဘွား ရဲ့ညီမ မအိတို့ အဘွားလေးရော ဧည့်သည်များ လာပြီဆိုပျာနေအောင် ကြိုတတ်ကြတာရော။ စကားမျိုးစုံ အစားမျိုးစုံနဲ့ ဧည့်သည်ကို မရိုးနိုင်အောင် ဧည့်ခံကြတော့တာ။ ဧည့်ခံမှာပေါ့။ မအိတို့မှ မရှိ၊ တခြား ဧည့်သည်မှ မလာရင် အဘွားတို့အိမ်က ခြောက်ကပ်သွားတော့တာကို း။ အဘိုးက ဟိုးဘက်အိမ်ရှေ့ ဆောင်မှာ သူဟာသူ ခုတင် တစ်လုံးနဲ့အိပ်၊ အဘွားတို့ ညီအစ်မက အလယ်ဆောင်ကြီးမှာ ခုတင်ချင်း ကပ်လျက်အိပ်။ ပြီးရင် အဘွားက ညမှ မမှောင်သေးဘူး ဝါးခနဲ ဝါးခနဲ တဝါးဝါး ဝမ်းခေါင်းခြစ် သမ်းတော့တာ။ ဒါဆို ဒီဘက်ခုတင်က ဘွားလေးက 'အာ မမရယ်၊ နင့်ဟာကလည်း လွန်လွန်းတယ်။ မိုးမချုပ်သေးဘူး သမ်းနေပြီ၊ အသဲကြီးကလဲ' လို့ ရန်စစရာ မရှိ ရန်စတယ်။ ဒါဆို ဘွားဘွားကလည်း သမ်းတာ တောင် လွတ်လွတ်လပ်လပ် မသမ်းရတာတွေ၊ ဘယ်သူ ခွင့်ပြုချက် ယူနေရမလဲ ဆိုတာတွေ ပြန်ရစ်ပါလေရော။ ဒီလိုနဲ့ ဟိုဘက် ခုတင်၊ ဒီဘက် ခုတင် အပြန်အလှန် ရစ်ရင်း သူတို့ ညီအစ်မနှစ်ယောက် သူတို့ညတွေကို ပျော်အောင် ဖန်တီးရတော့တာလေ။ လွမ်းပါပေ့ကွယ်။ အရီးခင်နဲ့ မကြီးတင့်ကို နှုတ်ဆက်ရင်း စိတ်ထဲ အဘွားတို့ ပုံရိပ်တွေကို လွမ်းပေါ့။ အရီးခင်နဲ့ မကြီးတင့်ကတော့ လေကားအောက်ကနေ စကားတွေ အမျှင်မပြတ်အောင် ပြောရင်း လိုတာရှိ ပြောဆိုတဲ့ စကားကို မထပ်တမ်းပြောလို့ ကျန်ခဲ့ကြလေရဲ့။

ဇာတ်လမ်းက အဲဒီမှာ စ,ပြီလို့ ပြောရမယ်ထင်တယ်။ အလွမ်းတွေ အလွမ်းတွေ၊ တော်တော်ကြာ ကွယ်ပျောက်နေတဲ့ ကျွန်မရဲ့ အလွမ်းတွေ အပေါ်ထပ်ဆီ တက်မယ့် လေကားလက်တန်းလေးတွေ ကိုင်ပြီး ဖြည်းဖြည်းချင်း တက်ရင်းက ငယ်အလွမ်းတွေ တရိပ်ရိပ် တက်လာတာကို သိနေမိတယ်။ ရာသီရဲ့ အပူရှိန်က ပြင်းလာတာမို့ လေကားတက်နေရင်းနဲ့ကို အပူငွေ့တွေ တရှိန်းရှိန်း တက်လာနေတော့တာ။ အိုး ပူပုံပူနည်းက အဘွားတို့ရဲ့ ရေနွေးငွေ့,နေတဲ့ အိမ်မည်းမည်းကြီး ပူပုံအတိုင်းပါလား။ ဟုတ်တယ်၊ အဘွားတို့ အိမ်မှာလည်း ဒီလို အပေါ်ထပ်ကြီး ရှိတယ်။ ပူလွန်းလို့ ဘယ်သူမှ မနေနိုင်လို့ မနေကြဘူး။ ဒါ့အပြင် နေစရာ လူလည်း မရှိဘူးလို့ ပြောရမှာပေါ့။ အိမ်မှာ ရှိတာက အဘိုးရယ်၊ အဘွားရယ်၊ ဘွားလေးရယ်ပဲ ရှိတဲ့ဟာ။ အိမ်အပေါ်ထပ် ဘယ်သူတက်နေစရာ လိုမှာတဲ့လဲ။ လူသာ မနေတယ်၊ အပေါ်ထပ်မှာ ဘုရားစင်တစ်ခု သတ်သတ်ထားသေးတာရယ်။ တကယ်တော့ အောက်ထပ်မှာလည်း ဘုရားစင်တစ်ခု ရှိသေးတာကို အပေါ်ထပ် ဘယ့်နယ်ကြောင့် ဘုရားစင်တစ်ခု ထပ်ထားသလဲ မသိဘူး။ မအိတို့လည်း မမေးဖြစ်ဘူး။ ဖုန်တွေ၊ သဲတွေကတော့ မနိုင်ဘူး တရှပ်ရှပ်ပဲ။ ခြေရာတွေများဆို အထင်းလိုက် အကွင်းလိုက် နင်းပြီးတာနဲ့ ကျန်ခဲ့တော့တာ။

တစ်ခါလား အပျော်ဆိုပြီး မအိတို့ မြေးတွေ အပေါ်ထပ် တက်အိပ်ဖူးတယ်။ လေတိုက်လိုက်တိုင်း သွပ်မိုးပေါ် တရဲရဲ၊ တရှပ်ရှပ် လာတွန်းတိုက်နေတဲ့ သစ်ခက်သံတွေကြားပြီး သရဲထင်လို့ ဘယ်လို မိုးလင်းသွားမှန်းတောင် မသိဘူး။ ကြောက်လွန်းလို့ကို အောက်ထပ်ဆင်းဖို့ ဘယ်သူမှ စ,ခြေလှမ်းမချရဲတော့ တစ်ညလုံး ဝဋ်ခံကြောက်နေခဲ့ ရတာလေ။ အဘွားက မနက်ကျတော့ မအိတို့ ပြောတာ ကြားပြီး ရယ်လိုက်တာ သွားကျိုးသွားကျဲတွေကို ပေါ်လို့ရယ်။ တစ်ခါပါပဲ။ နောက်များ ယောင်လို့တောင် အဲဒီအပေါ်ထပ်ကို မတက်တော့ဘူး။ ဒါပေမဲ့ အထပ်တော်တော်များတဲ့

www.burmeseclassic.com

www.burmeseclassic.com

လေ့ကားထစ်တွေပေါ်မှာတော့ ဆင်းလိုက်၊ တက်လိုက်၊ ပြေးလွှား ဆော့ကစားဖြစ်တာ အကြိမ်ကြိမ်ပါ။ အစ်ကိုတွေနဲ့ ကစားရင် စစ်တိုက်တမ်း ကစားတဲ့အခါ လေ့ကားအမြင့်က ပစ်လို့ ခတ်လို့ တယ်ကောင်းတာကိုး။ ဒါပေမဲ့ ကစားပြီးပြီဆိုရင်တော့ လူတစ်ကိုယ်လုံး ချွေးကို ရွဲကရောပဲ။ သွပ်မိုးရဲ့ အပူရှိန်က အပေါ်ထပ်တက်တဲ့ ဒီလေ့ကားလေးထိ တရှိန်းရှိန်း ပူနေတာဆိုတော့ ချွေးထုတ်ပြီး သား ဖြစ်နေတော့တာလေ။ အခု အဲလို အပူရှိန်မျိုး မအိပြန်ခံစားလိုက်ရတာ ငယ်အလွမ်းကို ပြန်ဖြစ်စေတယ် ပြောရမှာပဲ။

'ပူလိုက်တာနော် ညီမ'

စာရေးဆရာမရဲ့ အသံက မအိကို အတိတ်ကနေ ပြန်ဆွဲခေါ်လိုက်သလိုပဲ။

'တို့တွေ ခဏတော့ အိပ်လိုက်မှထင်တယ်'

'ဟုတ် ဆရာမ အိပ်မယ်လေ၊ မအိလည်း အိပ်မှာ၊ အိပ်ချင်နေတယ်'

'အယ် ဒီမှာတော့ ပူတယ်၊ အိပ်နိုင်မယ် မထင်ဘူး။ အစ်မ အောက်က ကွပ်ပျစ်မှာ ခဏ သွားလဲဦးမယ်၊ ညီမ လိုက်မလား'

'ရတယ် ဆရာမ၊ မအိက ဒီအပူလောက်တော့ အေးဆေး ခံနိုင်တယ် ဟင်း ဟင်း'

ဆရာမက တအံ့တသြ တန်လေးနဲ့ ရယ်ပြုံးရင်း အောက်ထပ်ကို ဆင်းသွားတယ်။ မအိကတော့ အပေါ်ထပ်မှာ တစ်ယောက်တည်း လဲကျန်ခဲ့ရင်း ပူတာကို ပူတာထို့ မှတ်နေလည်း ဖြစ်ပါတယ်လို့ တွေးရင်းပေါ့။ ဒါပေမဲ့ မှတ်နေရင်းက ငါ့ဘေးမှာ မီးဖိုတွေ၊ ဘာတွေများ ရှိနေလား မသိဘူးရယ်လို့ မျက်လုံးဖွင့် ဖွင့်ကြည့်မိတာ နှစ်ခါလောက်ရှိရဲ့။ ပူတာမှ မီးဖိုဘေး ကပ်အိပ်နေသလို တရှိန်ရှိန် တက်နေတော့တာလေ။ မအိ အိပ်မပျော်ပါဘူး။ ကွေးကွေးလေး လဲရင်း အပူနဲ့ အလွမ်းကို ရောယှက်သုံးဆောင်ရင်း ခဏတော့ မျက်လုံးမှိတ်အနားယူဖြစ်တယ်။ နောက်တော့လည်း အိပ်မပျော်တဲ့အတူ ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ ဘာတွေများ မြင်ရမလဲ စူးစမ်းလိုက်တော့ အခုနက အရီးခင်တို့၊ မကြီး တင့်တို့ ဦးစီးပြီး ချက်ပြုတ်နေကြတဲ့ မြင်ကွင်း တွေ့လိုက်ရတာပဲ။

သူတို့ ချက်ပြုတ်ပုံက အဆန်း။ ဒေသထုံစံလား၊ မီးဘေးကြောက်လို့လားတော့ မသိဘူး။ မြေကြီးကို တွင်းခပ်နက်နက်ဖြစ်အောင် တူးလို့ အဲဒီတွင်းထဲ မီးဖိုရော၊ လုပါဆင်းပြီး ချက်ပြုတ်နေကြတာ။ ပြောလိုက်ဆိုလိုက် ချက်လိုက်ပြုတ်လိုက် လုပ်နေကြတဲ့ အဖွဲ့ကို ကြည့်ပြီး ပျော်သလိုလို ဖြစ်လာတယ်။ အပေါ်စီးက ကြည့်လို့လား မသိဘူး၊ အရီးခင်ပုံစံက အဘွားနဲ့တောင် တူနေသလိုလို။ ဟင်းအိုးကို မွှေလိုက်၊ မြည်းလိုက် လုပ်နေတဲ့ပုံက ဝိတူသေးတယ်။

မအိတို့ အဘွားဆိုလည်း မနက်လင်းတာနဲ့ အရသာရှိတဲ့ အမျိုးမျိုးသော ဟင်းလျာတွေကို မီးဖိုသုံးလုံးနဲ့ ပြိုင်ချက်တော့တာ။ တကယ်တော့ ခုခေတ်အမြင်နဲ့ဆို အဘွားဟာ ဖြုန်းတီးလွန်းသူ တစ်ယောက်လို့ ဆိုရမယ်ထင်တယ်။ ထင်းမီးဖို တစ်ဖို့တည်း ထားလို့ရသားနဲ့ သုံးဖို ပြိုင်ချက်တတ်တယ်။ တစ်ဖို့က ဟင်းချက်နေရင်း နောက်တစ်ဖို့က ဟင်းရံချက်တယ်။ နောက်တစ်ဖို့က သစ်သီးယို အမျိုးမျိုးကို မထပ်အောင် ထိုးနေတတ်တယ်။ ယိုထိုးတာကလည်း အိမ်မှာ စားဖို့ထက် ဘုရားကို ယိုအမျိုးမျိုးနဲ့ ကပ်ချင်တာ အဘွား ရည်ရွယ်ချက်ပဲ။ ဘုရားဆွမ်းတော်ကျပြန်တော့ ဒီယိုတွေဟာ စားမယ့်သူ မရှိဘဲ ဝက်စာအိုးထဲ ရောက်ရပြန်တယ်။ ညနေတိုင်း ညနေတိုင်း ဝက်မွေးတဲ့ ဦးကျော်ဆိုတဲ့ လူကြီးက အဘွားရဲ့ စားကြွင်းစားကျန်မှန်သမျှ သူ့ဝက်တွေအတွက် လာယူတတ်တာကိုး။ အဘွားနဲ့ ဦးကျော်မှာလည်း အပေးအယူ ရှိတယ်။ အဘွားက ဝက်စာအတွက် ရက်ရက်ရောရော ပေးတတ်သလို ဦးကျော်ကလည်း မနက်ဆို ရေထမ်းတဲ့အမှု ပြုလေတော့ အဘွားက ရေလိုပြီဆိုတာနဲ့ ချက်ချင်း မနေး လာပို့တတ်တယ်။ မအိတို့ နွေရာသီ သွားလည်တဲ့အချိန်ဆို အဘွား အိမ်က ရေပိုကုန်တယ်။ မြေးတွေက ကန်ထဲကရေ ချိုးလို့ မဆုံး တပြုံးပြုံး လုပ်တတ်ကြတာကိုး။ အဲ ရေတွင်းမှာ ရေထမ်းသမား သွားခေါ်ရတဲ့ တာဝန်ကျတော့ နှုတ်သွက်လျှာသွက် မအိတာဝန် ဖြစ်သွားပါလေရော။ သိပ်မဝေးလှတဲ့ ရေတွင်းနားသွားပြီး အဲဒီနားမှာ ရေထမ်းသမားတွေ စုစု စုစု ရှိနေကြတဲ့အထဲက မအိက 'ဦးကျော်' လို့ အသံပေးလိုက်တာနဲ့ ဦးကျော်က ငွေအိုင်ပိအိမ်ကဆိုတာ သဘောပေါက်တယ်။ ချက်ချင်း ထ,လိုက်လာတော့တာပဲ။ ဒါ အဘွားနဲ့ ဦးကျော်ကြားထဲက အပေးအယူပဲ။

ပြတင်းပေါက်က ငေးကြည့်ရင်း အတွေးပွားနေတဲ့ အချိန်မှာပဲ တိုင်ကပ်နာရီက ငါးနာရီထိုးကြောင်း အချက်ပြအသံပေးလာတယ်။ ဒီအချိန်ဆို ရေချိုးဖို့ သင့်ပြီ။ နေလည်း အေးနေပြီ။ အောက်ထပ်က စာရေးဆရာ အစ်မလည်း မောမောနဲ့ အိပ်ပျော်နေတယ်ထင်ပါရဲ့။ သူ့ကိုလည်း နှိုးဦးမှ။ စာပေဟောပြောပွဲက ခုနစ်နာရီ စ,မှာဆိုတော့ ပြင်မှာဆင်မှာ၊ စားမှာသောက်မှာနဲ့ဆို ဒီအချိန်စ, ထားမှ အတော်လောက်ဖြစ်မှာလို့ တွေးရင်း အောက်ထပ်ကို ပြန်ဆင်းလာဖြစ်တယ်။ မအိ အောက်ထပ်ဆင်းလာတာ မြင်တော့ အရီးခင်နဲ့ မကြီးတင့်က ထုံးစံအတိုင်း သူ့ထက်ငါ အလုအယက် စကားတွေနဲ့ ကြိုကြပြန်တယ်။ သူတို့ မေတ္တာစကားတွေကို အပြုံးလှိုင်လှိုင်နဲ့ ဖြတ်ရင်း အိမ်သာနေရာမေး၊ ညွှန်ပြတဲ့ဘက်ကို ခပ်သွက်သွက် ထွက်လာမိတယ်။

ခက်လေပြီ။ အိမ်သာက ခပ်သေးသေးရယ်ပါလား။

www.burmeseclassic.com

မအိ အမေးကို သွက်သွက်လက်လက် ခေါင်းညိတ်ပြရင်း အိမ်ဘေးကို ပြန်ပြေးလို့ အော်ပါလေရော။ 'မေမေ သား ဒီအန်တီကို ရွာထဲ လိုက်ပြလိုက်ဦးမယ်' တဲ့။ ကလေး စကားအဆုံးမှာ ရယ်မောသံ၊ မှာကြားသံတွေ မသဲမကွဲထွက်လာပြီး မအိ လည်း ကလေးလက်ကို ဆွဲလို့ အိမ်ဝိုင်းထဲက ထွက်လာတယ်။ ရွာထဲက အိမ်အားလုံးဟာ အားလုံးလိုလို ခိုင်ခိုင်ခဲ့ခဲ့၊ ကောင်းကောင်းမွန်မွန်လေးတွေပါပဲ။ ခြံဝင်းထဲရဲ့တွေကို တော့ ဝါးကပ်တွေနဲ့ပဲ ကာထားကြလေရဲ့။ ရွာလမ်းကတော့ မြေလမ်းမို့ လေမွှေ့ရင် ဖုန်ထူမယ့်သဘောပဲ။ အိမ်ခြေကတော့ သိပ်မများဘူး။ အိမ်ခြေရဲ့အဆုံးမှာတော့ ရွှေမျှော်တိုင်း လယ်ကွင်းတွေချည်း။ လယ်ကွင်းတွေကို ဖြတ်တိုက်လာတဲ့ လတ်ဆတ်လွန်းတဲ့ လေကို အသဲထွက်အောင် ရှူသွင်းနေမိတဲ့ မအိကို ကလေးက တအုံတသြ ကြည့်နေတယ်။ သူတို့ နေတိုင်း ပုံမှန်ရှူသွင်းနေတဲ့ လေကို ဒီအန်တီကြီးက ဘာတွေတကူးတကဟန်နဲ့ ရှူနေလေတာ့ ကလေး နားလည်သွားမယ် မထင်ဘူး။ အန်တီမြို့မှာ လေကောင်းလေသန့်ရှားတယ် သားရယ်လို့ ရှင်းချင်ပေမဲ့ ကလေး နားနေသွားမှာစိုးလို့ မပြောဖြစ်ဘူး။

ရွာတစ်ပတ် ပတ်ပြီးအချိန်မှာတော့ အိမ်ဝိုင်းပြန်ဝင်လာတဲ့အချိန် ထဲဝိုင်းကြီး ဟည်းနေသေးပြီး မအိကို ဘေးခြင်းစောင့်နေကြလေရဲ့။ ဆရာလေ ကား အထစ်လေး ကို သတိနဲ့ ဖြတ်ပြီး အိမ်သာပေါ် တက်တော့ ခါးကိုင်း ခေါင်းငဲ့ထားတာကိုပဲ ဒိုင်းဆို နဖူးနဲ့ တိုင်နဲ့ ပြေးဆောင့်သေးတယ်။ ထိုင်လိုက်တော့ အိမ်သာထဲကနေ အပြင်ဘက်ကို နှစ်လက်မစာလောက် ကွာဟမြင်နေရတယ်။ ကိုယ်တောင် အပြင်မြင်နေရသေးတာ၊ အပြင်ကလည်း ကိုယ့်ကိုမြင်နိုင်တယ် ဆိုတာ သဘောပေါက်တော့ အိမ်သာတံခါးကို တင်းတင်းဆွဲရင်း အဆင်ပြေအောင် လုပ်ယူရတယ်။ ခက်ခက်ခဲခဲ ကိစ္စပြီးသွားပြီးမှ ပြန်လည်ထွက်ရော ဘေးဘက်ကို မျက်လုံးအဝေ့ သေချင်လိုက်တာ မှလေ။ ဘေးမှာက တကယ့် အိမ်သာ သန့်သန့်ပြန့်ပြန့် ကျယ်ကျယ်ဝင်းဝင်းကြီးတစ်ခု ရှိနေပါရောလား။ သေစမ်း၊ ခင်မြတ်အိရေ သေစမ်း။ ကိုယ့်အဖြစ်ကို တစ်ယောက်ယောက်များ မြင်တွေ့သွားသေးလားမသိ။ ကလန်ကလားအရပ်နဲ့ အိမ်သာသေးသေးလေးထဲ မရမက ဖြဉ်တိုးသွားတဲ့အဖြစ်က အတော့်ကို ရယ်စရာကောင်းနေမှာ အမှန်။ နို့...ဒီအိမ်သာသေးသေးလေးက ဘယ်အတွက် ကြောင့်များ တည်ဆောက်ထားတယ်မသိ။ ဒါပေမဲ့ မြင်တဲ့သူရှိလည်း မြင်ရတာအားနာတာနဲ့ မမြင်ချင်ယောင်ဆောင်ပေးမှာပါလို့ စိတ်ဖြေတွေးရင်း ဟန်ကိုယ့်ဘို့လုပ် ပြန်ထွက်လာခဲ့ရတော့တယ်။

ပြန်အထွက်မှာ ကွပ်ပျစ်လေးမှာ ကွေးကွေးလေး အိပ်မောကျနေတဲ့ စာရေးဆရာမကို အသာနှိုးရင်း သူလည်း

အချစ်ဆိုတာတွေ ဘာတွေကာ ဖွင့်ပြောစရာမ မလိုတာ ကလေးမရယ် လူကြား ကောင်းအောင် လျှောက်ပြော ရတာပေါ့ တကယ်တမ်း အရေးကြီးတာက သစ္စာရယ် သံယောဇဉ်ရယ်ပါ

ရေခိုးချိုး၊ ကိုယ်လည်း ရေခိုးချိုး အလှတွေပြင်လို့ရယ်ပေါ့။ မအိကတော့ ထူးပြင်စရာ မရှိပါဘူး။ ဟောမယ့်ပြောမယ့် သူမှ မဟုတ်တာ။ မိတ်ကပ်လေး ခပ်ပါးပါးပုတ်၊ ပါဖိလေး ခပ်ပါးပါး ထပ်ရိုက်တော်ရုံဝတ်ပြီးပြီပဲဟာ။ ဟောပြောပွဲမှာ ဟောရပြောရမယ့် ဆရာမကတော့ လိုတာပေါ့လေ။ ပြင်တာဆင်တာ မအိက အရင်ပြီးနေတော့ 'အောက်ဆင်းလို့ ဦးမယ် နော် ဆရာမ' ဆိုပြီး မအိ အောက်ပြန်ဆင်းလာခဲ့တယ်။

အရီးခင်နဲ့ မကြီးတင့်တို့အဖွဲ့က သူတို့အာရုံနဲ့သူတို့ မအိကို မမြင်ကြဘူး။ မအိလည်း အသာလေး ခပ်တိတ်တိတ်ပဲ ထွက်လာပြီး အိမ်ရှေ့သစ်သားကွပ်ပျစ်လေးမှာ ထိုင်ရင်း ရွာလေးရဲ့ ညနေခင်းရှုခင်းကို ငေးမောထိုင်ကြည့်ဖြစ်တယ်။ ရောက်ကတည်းက အသေအချာ မကြည့်ရသေးတဲ့ အိမ်နဲ့ဝန်းကျင်ကို ခံစားရင်းပေါ့။ ချစ်ဖို့ကောင်းလိုက်တာ။ အိမ်အဝင်ဝင်းခြံမှာ ဘာပန်းရယ်လို့ အမျိုးအစား မခွဲတတ်တဲ့ ပန်းလေးတွေက နွယ်လိုခွေယှက် ပွင့်နေကြတာ ရန်ကုန် မင်္ဂလာဆောင်တွေမှာ သတို့သား သတို့သမီးအထွက်မှာ အလှထားတဲ့ ပန်းတိုင်လေးတွေကျနေတာပဲ။

'ဒိုင်း ဒိုင်း'

ပလတ်စတစ် သေနတ်လေးနဲ့ မအိကို တဒိုင်းဒိုင်း လာပစ်နေတဲ့ ကလေး လေးတစ်ယောက် ဘေးကို ရုတ်တရက် ရောက်လာတယ်။ လူစိမ်းသူစိမ်းမို့ လာအကဲစမ်း နှုတ်ဆက်တဲ့သဘောဖြစ်မှာပေါ့လေ။ သနပ်ခါးပါးကွက်ကျားလေးနဲ့ အသားဖြူဖြူ ရုပ်ရည်သန့်ပြန့်လွန်းတဲ့ ကလေးလေးက တကယ် ချစ်စရာလေး။ မအိ အသာလက်ယပ်ခေါ်လိုက်တော့ အနား ရောက်လာတယ်။ စကား အပြန်အလှန် ပြောကြည့်တော့ သူ့မေမေက ချက်ရေးပြုတ်ရေး လာကူတဲ့အဖွဲ့ထဲ ပါတယ်ထင်ပါရဲ့။

'သားလေး...ရွာထဲလျှောက်ကြည့် ရအောင် အန်တီ့ကို လိုက်ပြမလား'

www.burmeseclassic.com

www.burmeseclassic.com

ကလည်း ပြင်ပြီးဆင်ပြီးတဲ့ပုံနဲ့ ကျက်သရေရှိရှိ လှနေတယ်။ တခြားမြို့ကနေ မြို့ကူးပြီး လာဟောပြောမယ့် နောက် စာရေးဆရာတစ်ဦးလည်း ရောက်လာပြီဆိုတော့ မြို့ခံ စာပေချစ်သူအဖွဲ့တွေလည်း ဝင်းထဲမှာ စုရုံး စုရုံးနဲ့ပေါ့။ ထမင်းဝိုင်းစ၊ လိုက်တော့ ကြက်သားတွေ၊ ငါးတွေဆို တာ မြို့မှာလည်း ရိုးနေပြီမို့ ဆရာမရော၊ မအိရော လက်ချင်းဆုံ အထူးအဆန်းဖြစ်နေ ကြတာက စုံပလုံစိအောင် ချက်ထားတဲ့ အရံဟင်းလျာ တွေပါပဲ။ ဒါ ဘာလဲဟင်လို့ မေးလိုက်တိုင်း မမောနိုင် မပန်းနိုင် ရှင်းပြကြတဲ့ အရီး ခင်နဲ့ မကြီးတင့် အသံက တက်တက်ကြွကြွ ဝေဝေဆာဆာ။ စိတ်မြန်ပုံရတဲ့ မကြီးတင့်ကလည်း ရှင်းပြရုံနဲ့တင် အားမရဘဲ ဖျတ်ဆို အိမ်ပိုင်းရှေ့ ထွက်သွား၊ အရွက်တွေ အသီးတွေ ခူးလာပြီး သက်သေ သာဓက ပြလိုက်သေးတာ။ အားလုံးဟာ အော်ဂဲနစ် စစ်စစ် ဟင်းသီးဟင်းရွက်တွေနဲ့တင် လျှာလည်ရတဲ့ ထမင်းဝိုင်းလေး ဖြစ်သွားတော့တာပါပဲ။

ထမင်းဝိုင်းပြီးလို့ စာရေးဆရာနဲ့ စာရေးဆရာမက အချိန်နီးနေပြီဖြစ်တဲ့ ဟောပြောပွဲဆီကို ထွက်ဖို့ ပြင်ကြတယ်။

"ညီမလည်း တစ်ခါတည်း လိုက်ခဲ့လေ၊ အားပေးမယ် မလား"

"အားပေးမှာပေါ့ ဆရာမရဲ့။" ဆရာရော၊ ဆရာမရော မအိကြိုက်တဲ့ စာရေးဆရာတွေပဲဟာ။ ဒါပေမဲ့ အချိန်နီးမှ လိုက်လာမယ်။ ဒီက လူငယ်အဖွဲ့ အခုပဲ လာမယ်ပြောလို့ သူတို့ကို စောင့်လိုက်ဦးမယ်"

စာရေးဆရာတွေ ထွက်သွားတော့ မအိလည်း ခုနက ထိုင်နေကျ ကွပ်ပျစ်လေးဆီ ပြန်ထွက်လာရင်း တစ်ယောက်တည်း ရှိနေတုန်း အနားကို အရီးခင် တရွေ့ရွေ့နဲ့ ရောက်လာတော့တာပဲ။ လက်ထဲမှာလည်း ရှောက်ပျားရည်ဖန်ခွက်လေး ကိုင်လို့။

"သောက် သမီး သောက် ကောင်းတယ်။ အိမ်က အဘိုးကြီး အကျင့်လုပ်ပေးထားတာလေ။ ထမင်းစားပြီးရင် ရှောက်ပျားဖျော်ရည်သောက်တာ အဆီကျတယ်။ ကိုယ်တွင်း အဆိပ်ပြေတယ်။ ဘေးကင်းတယ်ဆိုပဲ သောက်ကြည့်"

ဖျော်ရည်လို ဖျော်ထားတဲ့ ရှောက်ပျားရည်အအေးက တကယ့်ကို ရင်ထဲထိ စိမ့်သွားတာပါပဲ။ အရီးခင် ကိုယ်တိုင်လည်း သူ့အတွက် ဖျော်ရည်ကို နောက်ထပ် သွားယူလာရင်း မအိအနား ပြန်လာထိုင်လို့ သောက်နေလေရဲ့။ မှောင်စပျိုးနေတဲ့ နေဝင်ရီတရော အချိန်မှာ နေ့ခင်းက ပူထားတဲ့ အပူရှိန်တွေ အကုန် ပျောက်လို့ လေပြည်အေးလေးက တဝေ့ဝေ့ သော့လာတယ်။ သောက်နေတဲ့ ချိုမြိန်အေးမြတဲ့ အအေးကြောင့်လား၊ ရာသီအနေအထားကြောင့်လား၊ အလင်းအမှောင်ဖမ်းစားမှုကြောင့်လား မသိဘူး။ လူက ခပ်ဆွေးဆွေး ခံစားမှုကို ခံစားလိုက်ရသလိုပဲ။ ဒါထက် အရီးခင် နှုတ်ခမ်းများက ထွက်လာတဲ့ လွှမ်းမောဖွယ် စကားသံတွေက စိတ်ကို ပိုဆွေးသွားစေတော့တယ်။

"ဘာပဲလုပ်လုပ်၊ ဘယ်နေရာပဲကြည့်ကြည့် သူ့အငွေ့အသက်နဲ့ကို မကင်းပါဘူး သမီးရယ်။ ဘယ်ကင်းမလဲ ဘာမှ ကြာသေးတာမှ မဟုတ်ဘဲကိုး။ မနှစ်က ဒီလို အချိန်ဆုံးတာလေ။ အကောင်းကြီး တကယ့်အကောင်းကြီး။ မယ်ခင် ငါ ဘုရားဘက်သွားလိုက်ဦးမယ်ဆိုပြီး စက်ဘီးစီး ထွက်သွားတာ။ ပြန်လာတော့ စက်ဘီးရော လူရော သူများ လိုက်ပို့မှ အိမ်ပြန်ရောက်တော့တာလေ။ အမောတွေကို ဖောက်လို့။ စကားမေးတောင် ပြန်မဖြေနိုင်ရှာဘူးရယ်"

ပြောနေတဲ့ အသံက ပြောရင်းကို တိမ်ဝင်သွားတယ်။ ခေါင်းလေး တဆတ်ဆတ်ညိတ်လို့ သူ့စိတ်သူ ထိန်းတဲ့ပုံနဲ့ ခဏတော့ ငြိမ်သွားလေရဲ့။ ထပ်တူ လိုက်ခံစားမိရင်း စကားထောက်ဖြစ်တယ်။

"ဩော် အရီးခင် အမျိုးသားက မနှစ်ကမှ ဆုံးတာလား။ ဟုတ်တာပေါ့၊ ကြာမှ မကြာသေးတာပဲနော်။ ဘယ်လိုလုပ်မေ့နိုင်မှာလဲ အရီးရယ်"

ကိုယ်ချင်းစာနာမှုနဲ့ အတူ ဖေးဖေးမမ ပြောလိုက်မိတဲ့ မအိစကားကို အရီးခင်က တုန်ယင်ပေမဲ့ ကြားသာတဲ့ အသံနဲ့ တုံ့ပြန်လာတယ်။

ရုပ်သပ်ရှုမောရအောင် မြဲမြံသော ချစ်ခြင်းတရားနဲ့ ရိုးမြေကျ သစ္စာစကားတွေ···။

"မကြာသေးလို့ မမေ့တာ မဟုတ်ပါဘူးလေ၊ ဘယ်တော့မှ မမေ့မှာ။ အရီး တစ်သက် အဘိုးကြီးကို ဘယ်တော့မှ မေ့မှာ မဟုတ်တာ။ ဘယ်လို မေ့မရလဲ သမီးရယ်၊ အရီးအတွက်ဆို ခင်ပွန်းကောင်း ပီသလိုက်တာဆိုတာလေ။ ဟော သားသမီးတွေအတွက်ကျလည်း တကယ့်ကို မားမားမတ်မတ် ဖခင်ကောင်းပီသခဲ့တာ။ ကြည့် သမီး ကြည့်၊ အရီးတို့ အိမ်လေး ဘယ်လိုလုပ် တောအိမ်ပြောမလဲ။ လာလည်တဲ့ သူတွေအားလုံး ပြောကြတယ်။ တကယ့်မြို့ကအိမ်ကို ရောက်သွားသလိုပဲတဲ့။ အဲဒါ အားလုံး သူစီမံခဲ့တာ။ ဟိုမယ်လေ အဝင်က ပန်းရံလေး လှတယ်မဟုတ်လား။ အဲဒါ သူလက်ရာ။ ဟောဟို မယ် ရေချိုးခန်း ဘယ်လောက် ရှိးကျလဲ၊ မြို့ဆန်လဲ။ ဒါလည်း သူစိတ်ကူးပဲ။ အရီး ခုတင် ဘေးကအခန်းမှာ အိမ်သာတစ်လုံးရှိတယ်။ ဘိုထိုင်နဲ့တော့။ အဲဒါ မင်းအသက်ကြီးပြီ၊ အပေါ့အပါး သွားရင် ညည အပြင်ထွက်နေရမှာစိုးလို့တဲ့ သူလုပ်တာ။ တစ်နေ့ တစ်နေ့ တလှုပ်လှုပ်နဲ့ ဘယ်သူ့အတွက် ဘာစီမံပေးရမလဲ ဆိုတာပဲ စဉ်းစားနေတာ။ သူ တိမ်းပါးသွားတော့ အရီးလေ ဘယ်လိုမှ မနေသာတာ။ ရွှေတောင်ကြီး ပြီတယ်လို့ကို ခံစားရတာ။ တကယ် ခံစားရတဲ့ အချိန် ဘယ်လောက် ဘုရားတရား အသံ

www.burmeseclassic.com

ရှိရှိ အကုန်လွတ်တာနော်။ အရှုးလိုက်ို ဖြစ်သွားတော့တာ။ ဘယ်နေရာကြည့်ကြည့် သူပဲ မြင်နေမိတာလေ။ ကိုယ့်ကိုယ်တစ်ခြမ်း မရှိတော့သလိုလို ခံစားရတာ သမီးရေ'

ဒွေးရောင်ဆပင်တွေ ဖွေးဖွေးလက်နေတဲ့၊ ပါးရေနားရေတွန့်နေတဲ့ အဘွားအိုတစ်ယောက်ရဲ့ သူ လက်ခံသောချစ်ခြင်းမေတ္တာ မအိရင်ထဲ ဆို့လို့ လှိုက်ဖိုလာတယ်။ မအိသာ ပန်းချီဆရာတစ်ယောက် ဆိုရင် အသက်ဝင်လွန်းနေတဲ့ အဘွားအို ကို ချက်ချင်း ကောက်ကြောင်းဖော်လိုက်မိတော့မှာ။ စာရေးဆရာတစ်ယောက် ဖြစ်ခဲ့ရင်လည်း အရီးခင်ရဲ့ ချစ်ခြင်းမေတ္တာကို အများခံစားနိုင်အောင် ရေးဖွဲ့ပစ်လိုက်မှာ။ မအိ အရီးကို ငေးကြည့်ပြီး ရင်ထဲ လှိုက်ဆို့လာတယ်။ အဲဒါ အရီးအတွက်ချည်းပဲ မဟုတ်ဘူး၊ မအိအတွက်လည်း ပါတယ်။ ဒီအရွယ်ထိ တိုင်ခဲ့ပြီဖြစ်တဲ့ မိန်းမတစ်ယောက်အနေနဲ့ ဒီလို ချစ်ခြင်းမေတ္တာမျိုး ပိုင်ဆိုင်ခွင့် မကြုံတာဟာ မအိမှာတာလား၊ လောကကြီးမှာနေတာလား။ ဟောစကားကောင်းဆဲ အချိန်မှ ဒေသခံ လူငယ်အဖွဲ့ရောက်လာပြီ။ ရန်ကုန်က လှူလိုက်တဲ့ အလှူငွေလွှဲအပ်ဖို့ ကိစ္စတွေ၊ ဒေသရဲ့ လိုအပ်ချက်လေးတွေ မအိ မေးရမြန်းရဦးမယ်။ ဒီအသိကြောင့်ပဲ ဝဲဝဲနေတဲ့ မျက်ရည်စကို နာနာမျက်တောင်ခတ် ပုတ်ထုတ်လိုက်တော့ စက္ကန့်ပိုင်းအတွင်း နေသားတကျဖြစ်လို့ သူတို့ကို ဟန်မပျက် ကြိုနိုင်သွားတော့တယ်။

မအိတို့ ပရဟိတစကားဝိုင်း၊ ငွေအလွှဲအပြောင်း စာရင်းအင်း လုပ်ချက် ဆွေးနွေးမှုတွေက ဘယ်လောက်မှ မကြာပါဘူး။ အားလုံး ပြီးစီးသွားတဲ့အခါ ဒီလူငယ်တွေနဲ့အတူပဲ ဟောပြောပွဲရှိရာ ဘုန်းကြီးကျောင်းဝင်းကို သွားဖို့ပြင်တော့ မကြီးတင့်က သူလည်း သွားဖို့ ခြေလှမ်းတပြင်ပြင် အနေအထားနဲ့ အိမ်တံခါးပိတ်ဖို့ လုပ်နေလေရဲ့။

'ဟယ် မကြီးတင့်က ကျွန်မတို့ကို စောင့်နေရတာလား၊ အားနာလိုက်တာ။ အရီးခင်ရော'

'အမေက သွားနှင့်ပြီလေ၊ ရပါတယ် ညီမရယ်။ ဓာတ်စက်သံမှ မကြားရသေးတာ၊ ပွဲမစသေးပါဘူး'

ပြောရင်းဆိုရင်း အတူလျှောက်လာကြတော့ ကျောင်းဝင်းထဲ လည်းရောက်ရော အဖြစ်မဟုတ်ဘဲ တကယ့် စေတနာပါပါ စီစဉ်ထားတာပဲလို့ သဘောပေါက်လိုက်ပါရဲ့။ စင်မြင့်ကလည်း ခမ်းခမ်းနားနား၊ ဘေးမှာ မုန့်ဈေးတန်းကလေးလည်း စည်စည်ကားကား၊ သဘောကျစရာ အကောင်းဆုံးက စာအုပ်အရောင်းပွဲလေးလည်း စီစဉ်ထားသေးရဲ့။ ဒီက ဒေသခံလူငယ်တွေနဲ့ ရွာက ဘုန်းဘုန်းတွေ တက်ညီလက်ညီ စီစဉ်ထားကြတာကို အသိအမှတ်မပြုဘဲ မနေနိုင်တော့ဘူး။ ဟောပြောပွဲ တစ်လျှောက် အရီးခင်နဲ့ မကြီးတင့်ဘေးက ခုံမှာ ထိုင်ပြီး ဆရာနဲ့ ဆရာမ ဟောပြောတာတွေ နားထောင်ရင်း အရီးခင်ကို ခိုးပြီး အကဲခတ်လိုက်တော့ စင်မြင့်ထက်ဆီက ဟောပြောတာတွေ နားထောင်ပြီး သဘောတွေကျ ပြုံးနေတဲ့ မျက်နှာကို မြင်လိုက်ရရဲ့။ ငြိမ်းချမ်းပါစေ အရီးခင်ရေ။

❑

J။

မနက်ခင်းအလင်းရောင်ဟာ အပူရှိန်သက်ရောက်မှု မရှိသေးတာမို့ မနက်ခင်း အလင်းရဲ့ ဖြန့်ကြက်မှုနဲ့ ရွှာလေးဟာ သက်ဝင်လှုပ်နေတယ်။ နောက်ထပ် မြို့တစ်မြို့ကို ခရီးဆက်ကြဦးမယ့် စာရေးဆရာနဲ့ ဆရာမကတော့ အပြုံးကိုယ်စီ လက်ပြန္ဒတ်ဆက်မှု ကိုယ်စီနဲ့ လာကြိုတဲ့ ကားပေါ် ပါသွားကြပြီ။ မအိကတော့ ရန်ကုန်အပြန်ခရီးမို့ သူတို့နဲ့အတူ မထွက်ဖြစ်ဘဲ နောက်ထပ် လာကြိုမယ့် ကားကို စောင့်နေမိတယ်။ ရေနွေးကြမ်းတစ်အိုး အကြော်စုံပန်းကန်နဲ့ ငြိမ်ငြိမ်သက်သက်လေး ထိုင်စောင့်နေတဲ့ မအိအနားကို စောစောစီးစီး ရေမိုးချိုးသန့်ဝါးတွေ ဖုံအောင် လိမ်းထားတဲ့ ကျက်သရေရှိတဲ့ အဘွားအိုတစ်ဦးရဲ့ သွင်ပြင်နဲ့ အရီးခင် ရောက်လာတယ်။

'အရီးခင် လှလိုက်တာ၊ သန့်ဝါးတွေ ဖုံနေတာပဲ'

'ဟင်း ဟင်း မိန်းမဆိုတာ မနက်ခင်း ဒီလို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဖြစ်နေရမတဲ့ သမီးရေ၊ အဘိုးကြီးပြောတာလေ အဘိုးကြီး။ သူက ကျုပ်ကို ဒီလိုနေမှ သဘောကျတာတော်'

ရှက်ပြုံးပြုံးကာ ပြောပြနေတဲ့ အရီးကို ကြည့်ပြီး ငယ်ငယ်တုန်းက ဘယ်လောက်တောင် ချောလိမ့်မလဲဆိုတာ မအိ ခန့်မှန်းလိုက်နိုင်တယ်။ ဒီအရွယ် ဒီကျက်သရေမျိုး ကျန်ဖို့ တော်ရုံ ရုပ်အခံ ဘယ် ဖြစ်နိုင်လိမ့်မတုံး။ အရီးခင်ကို ငေးကြည့်ရင်းပဲ စိတ်ထဲ သိချင်နေတာလေး လွတ်ခနဲ ထွက်သွားတယ်။

'အရီးနဲ့ အရီးအမျိုးသားက ငယ်ချစ်တွေလား ဟင်'

ပါးစပ်ကို လက်နဲ့အုပ်ပြီး အသံထွက် ခပ်တိုးတိုး ရယ်လိုက်ပြီးမှ ပြန်အဖြေးလာတယ်လေ။

'ငယ်ချစ်ဆိုတာ ဘာကို ခေါ်သတုံး ကလေးမရယ်။ သူက ဆယ့်ကိုး၊ အရီးက ဆယ့်ရှစ်မှာ သူ့မိဘများက လာတောင်းကြတာလေ။ သူ့မိဘများက ချမ်းသာတယ်။ သူတို့သား တော်ရုံနဲ့ သဘောမတူနိုင်ဘူး။ အရွေးမှားမှာ ကြောက်တယ်ဆိုတဲ့ သဘောပေါ့။ အရီးတော့ မျက်စိထဲ 'တွေ့' ထင်ပါတယ်။ လာတောင်းကြတာ။ အိမ်က မိဘများကလည်း ထ,မခုန်ခဲ့တစ်မည်ပေါ့။ သူတို့က မျက်နှာကြီးတွေကိုး။ သူတို့ ပိုင် လယ်တွေက လက်ညှိုးထိုး မလွဲဘဲဟာ။ ဒါနဲ့ပဲ အကြောင်းပါကြတာ ဆိုပါတော့။ သက်ဆုံးကို တိုင်ပါလေရောလား။ အချစ်ဆိုတာတွေ ဘာတွေက ဖွင့်ပြောစရာမှ မလိုတာ ကလေးမရယ်။ လူကြားကောင်းအောင် လျှောက်ပြောရတာတောင် တကယ်တမ်း အရေးကြီးတာက သစ္စာရယ်၊ လယ်ယာဦး

www.burmeseclassic.com

www.burmeseclassic.com

ရယ်ပါ'

အို ပြောနေသော အမယ်အိုဟာ စာဆို,ဆိုရင် ကမ္ဘာကျော်ပါပေါ့လား။ ပြောတတ်ပါ့ အရီးခင်ရယ်။

'အရီးခင်က အခုအသက်ဘယ်လောက် ရှိပြီလဲဟင်'

'အရီးက အခုတန်ခူးဆို ရှစ်ဆယ်ပြည့်ပြီ။ အဘိုးကြီးက ရှိမယ်ဆို ရှစ်ဆယ့်တစ်ပေါ့။ သူဆုံးတာက ရှစ်ဆယ်မှာ ဆုံးတာလေ။ အရီးလည်း သွားချင်ပြီ၊ တော်ပြီလေ။ ဒီလောက်နေ တော်ရောပေါ့။ သူလည်း မရှိတော့ဘူး။ သားတွေ သမီးတွေလည်း အားလုံး စိတ်ချနေရပြီပဲဟာ။ အခု အတူနေ သမီးအပျိုကြီးလည်း ပြောထားတယ်။ အမေမရှိတော့ရင် နှင့်မောင်နဲ့ သွားနေလို့။ သားငယ်က အခုနေပြည်တော်မှာ၊ သူလည်း အတော် အဆင်ပြေပါတယ်။ အရီးသွားမယ်ဆို သွားလို့ရ နေပြီကွယ် ဟုတ်ဖူးလား'

မအိ နားထဲမှာ အခုတလော ခေတ်စားနေတဲ့ တက်သစ်စ အဆိုတော်မလေးရဲ့ မောင်နောက်လိုက်ခဲ့မယ်ဆိုတဲ့ သီချင်းလေး ကြားယောင်လာတယ်။ အရီးခင်ရယ် သွားချင်တာလား၊ အရီးရဲ့ အဘိုးကြီးနောက်ကို လိုက်ချင်တာလား။ ဒီထက်များ ရင်းရင်းနှီးနှီး နေခွင့်ရမယ်ဆို အရီးခင်ကို ဖက်ပြီး အဲ့လို ကျီစယ်မေးခွန်း မေးမိဦးမှာ။ အခုတော့ တွေ့ကြုံရတဲ့ အချိန်ကာလတိုတွင်းမှာ မအိ ဒီလိုမေးလိုက်ရင် မအိရင်ထဲက ကြည်နူးချမ်းမြေ့အားကျစိတ်တွေနဲ့ ပြောလိုက်တဲ့ စကားတစ်ခွန်းကို အရီးအထင်လွဲသွားရင် မကောင်းဘူး မဟုတ်လား။

ကားလေးတစ်စီး အိမ်ဝိုင်းထဲကို ကွေ့ဝင်လာတယ်။ မအိကို ကားကွင်းလိုက်ပို့မယ့် အဖွဲ့ လာကြပြီပေါ့။ မအိ နေရာက ထ,လိုက်တော့ ကားသံကြောင့် ထင်တယ်၊ အလုပ်လုပ်နေတဲ့ မကြီးတင့်လည်း ပြေးထွက်လာတယ်။ ကားပေါ်ကို ခရီးဆောင်အိတ်တင်နေတဲ့ အချိန်မှာပဲ အရီးခင်ကိုရော မကြီးတင့်ကိုပါ မအိ နှုတ်ဆက်ဖြစ်တယ်။ နှစ်ယောက်လုံးက နောက်လာလည်ဦးနော်လို့ မထပ်တမ်း ဆိုကြရင်း မျက်နှာတွေ မကောင်းကြဘူး။ အရီးခင်ကတော့ လက်မောင်းက အကျီစနဲ့တောင် မျက်ရည်များကို တို့သုတ်နေသေးရဲ့။ ဒါ မအိတို့ ဘွားဘွား လုပ်တတ်တဲ့ စတိုင်။ မအိတို့ ဘွားဘွားလည်း သူမြေးတွေ ရန်ကုန်ပြန်ကြတော့မယ်ဆိုရင် ပြန်ခါနီးတိုင်း လက်မောင်းက အင်္ကျီစလေး တတို့တို့နဲ့ မျက်ရည်ကျ ကျန်တတ်တာရော။

ကျန် တဲ့ သူကလည်း ကားလေး ဝေးသွားတဲ့အထိ လက်ပြ ကျန်ခဲ့လို့ရယ်။ ကားပေါ်က မအိလည်း သူတို့ကို လည်ပြန် ငေးကြည့်နိုင်သမျှ ကြည့်ရင်း စိတ်တွေ အုံ့မှိုင်းလို့၊ ကျန်ခဲ့တယ် မအိစိတ်တွေ ချစ်စရာကောင်းတဲ့ ဒီရွာကလေးမှာ၊ လွတ်လပ်စိမ်းစို ကျယ်ပြောတဲ့ ဒီရေမြေမှာ။ အားကျတယ် အရီးခင်ရဲ့ ချစ်ခြင်းမေတ္တာဘွဲ့ကို။ ပြန်ရတော့မယ်... လေအတူ မေတ္တာအတူနဲ့ အချစ်တူတွေ ပေါများရာ၊ နေထိုင်ရာ အရပ်ဆီကို...။ ဘယ်တော့များမှ တောရိပ် တောင်ရိပ် မေတ္တာအစစ်ရိပ်မှာ ခိုခွင့်ရမလဲ မသိနိုင်ပါလေ။ ■

မိမိုး

www.burmeseclassic.com